နယ်စပ်ရေးရာဝန်ကြီးဌာန

(ခ) ဗိုလ်ချုပ်ဇော်ဝင်း — ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဂ) ဦးထွေးလှ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဃ) ဦးစိုးကိုကို — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(င) ဦးစံရွှေအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

(စ) ဦးဇော်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ
ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဆ) ဦးအောင်ကျော် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အဆင့်မြင့်)
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

(ဇ) ဦးသိန်းဌေးဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန (အခြေခံ)

(ဈ) ဦးစိုးလွင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ည) ဦးမြင့်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်/ယာ)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဋ) ဦးရဲနိုင် — အတွင်းရေးမှူး
ရုံးအဖွဲ့မှူး
နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး

၂။ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်ထောင်စုဝန်ကြီးရုံးနှင့်ဦးစီးဌာနများ ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းကိစ္စရပ်များ၊ အပြစ်ပေး အရေးယူခြင်းဆိုင်ရာကိစ္စရပ်များ၊ သက်သာချောင်ချိရေးဆိုင်ရာလုပ်ငန်းများကို ကော်မတီသို့တင်ပြစေ၍ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ရန်၊

(ခ) ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ ညှိနှိုင်းလာသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို ဆွေးနွေးဆုံးဖြတ်သွားရန်၊

(ဂ) နိုင်ငံတော်ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာလုပ်ငန်းများ၊ ဝန်ကြီးဌာနရန်ပုံငွေမှ သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းရပ်များ၊ အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပစ္စည်းများ (နိုင်ငံခြား/ပြည်တွင်း) ဝယ်ယူခြင်းကိစ္စများအား ဈေးနှုန်းများ စိစစ်ခြင်းလုပ်ငန်းများ၊ ရသုံးခန့်မှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံရခြင်းများနှင့်ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်ရေး ကြပ်မတ်ရန်၊

(ဃ) ပြည်ထောင်စုဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာ စိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊

(င) နိုင်ငံခြားတိုင်းပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရသော ကိစ္စရပ်များ၊ နိုင်ငံခြားငွေ သုံးစွဲမှုနှင့် အကျိုးဝင်သော ကိစ္စရပ်များ၊ လေလံတင်ရောင်းချရေး ကိစ္စရပ်များကို ကော်မတီသို့တင်ပြစေ၍ ကော်မတီက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေး စိစစ်ကြပ်မတ်ရန်၊

(စ) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များမှ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ နိုင်ငံတော်အကြီးအကဲများမှ တာဝန်ပေးအပ်ထားသည့် အထူးစီမံကိန်းဆိုင်ရာလုပ်ငန်းများ၊ မမျှော်လင့်ထားသော သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားရန်။

ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နယ်စပ်ရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

အမှတ် ၁၀/၂၀၁၃။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ထူးအား ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ သံတမန်ရေးရာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အဖြစ် ရာထူးတိုးမြှင့် ခန့်ထား လိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

အမှတ် ၂၆/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်စွဲပါ စာအမှတ်၊ ၁၁ ၂၁ ၀၂(၄၀၈၇) ပါ ရုံးအမိန့်အမှတ်၊ ၉၀၁/၂၀၁၂ ဖြင့် ထုတ်ပြန်ခဲ့သော နိုင်ငံရေးရာဦးစီး ဌာနမှ ဌာနစုမှူး (၁) ဒေါ်ထက်ထက်ကြိုင်အား မြန်မာသံရုံး၊ ပေကျင်းမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ထားခြင်းအား ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမှတ် ၂၇/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်ရှန်တီးလ်အား မြန်မာသံရုံး၊ ပေကျင်းမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထား လိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

အမှတ် ၄၄/၂၀၁၃ ။ ။ စင်ကာပူမြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဒေါ်ဇာဇာမင်းသော်အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၄၅/၂၀၁၃ ။ ။ နယူးဒေလီမြို့၊ မြန်မာသံရုံးမှ ဒုတိယအတွင်းဝန် ဒေါ်ကေဇာသန်းအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဌာနစုမှူး (၁) အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၄၆/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ ဌာနစုမှူး (၂) ဦးမြတ်ညီညီဝင်းအား မြန်မာသံရုံး၊ စင်ကာပူမြို့သို့ တတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၄၇/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာ ဦးစီးဌာနမှ ဌာနစုမှူး (၂) ဦးရဲမြတ်စိုးအား မြန်မာသံရုံး၊ နယူးဒေလီမြို့သို့ တတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၅၀/၂၀၁၃ ။ ။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဦးဟန်မြင့်အား ပြည်ထောင်စု အစိုးရအဖွဲ့ရုံး၏ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်စွဲပါ စာအမှတ်၊ ၉/၁၀၅ ကူးပြောင်း/အဖရ (၂၀၁၂) အရလည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်စွဲပါ စာအမှတ်၊ ၅၅-လျှပ်စစ် ၁ (၁)/၃၂၃/၂၀၁၃ အရလည်းကောင်း ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သော ဦးဟန်မြင့်အား နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အဖြစ် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ခန့်ထားလိုက်သည်။

အမှတ် ၅၁/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အထက်အမိန့်ကြော်ငြာစာအမှတ် (၅၀/ ၂၀၁၃) ကို ရည်ညွှန်းလျက် ဦးဟန်မြင့်သည် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး အဖြစ် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ စတင်တာဝန်ထမ်းဆောင်သည်။

အမှတ် ၃ ။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၄၅၄/၁၅၆- ဖွဲ့စည်း/အဖရ (၂၀၁၁) ဖြင့် ညွှန်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို သတင်းထုတ်ပြန်နိုင်ရေးအတွက် "နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့" ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁၁ ၀၁ ၁၈ (၄၀၄၈) ဖြင့် ဖွဲ့စည်းခဲ့ခြင်းအား အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးသန့်ကျော် | ဒုတိယဝန်ကြီး | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးဇင်ယော် | ဒုတိယဝန်ကြီး | ကိုယ်စားခေါင်းဆောင် |
| (ဂ) | ဦးဟောက်ဒိုဆွမ်း | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်ထူး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးစိန်ဦး | ညွှန်ကြားရေးမှူး<br>ကောင်စစ်ရေးရာနှင့်<br>ဥပဒေရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးဝဏ္ဏဟန် | ဒုတိယညွှန်ကြားရေးမှူး<br>နိုင်ငံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဦးကောင်းစံလွင် | ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဇ) | ဦးစံလွင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန | အတွင်းရေးမှူး |

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် )

အမှတ် ၅၇/၂၀၁၃ ။ ။ ဘယ်လ်ဂျီယံနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးပေါ်လွင်စိန်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများ အပြင် နယ်သာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

အမှတ် ၇၂/၂၀၁၃ ။ ။ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် မက္ကဆီကိုပြည်ထောင်စုနိုင်ငံဆိုင်ရာ အထူး အာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ် လိုက်သည်။

အမှတ် ၇၃/၂၀၁၃ ။ ။ နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်တင်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် )

အမှတ် ၈၀/၂၀၁၃ ။ ။ ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးခင်ဇော်ဝင်းအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် )

အမှတ် ၉၆/၂၀၁၃ ။ ။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၃) ၏ သဘောတူခွင့်ပြုချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် မဟာဗျူဟာနှင့် မူဝါဒရေးရာလေ့လာရေးဦးစီးဌာနအား အရာထမ်းအင်အား (၃၅) နေရာ၊ အမှုထမ်းအင်အား (၆၀) နေရာ စုစုပေါင်းရာထူး (၉၅) နေရာဖြင့် ဖွဲ့စည်းလိုက်သည်။

အမှတ် ၉၇/၂၀၁၃ ။ ။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၃) ၏ သဘောတူခွင့်ပြုချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် အာဆီယံရေးရာဦးစီးဌာနအား အရာထမ်းအင်အား (၄၃) နေရာ၊ အမှုထမ်းအင်အား (၆၉) နေရာ စုစုပေါင်း ရာထူး (၁၁၂) နေရာဖြင့် တိုးချဲ့ဖွဲ့စည်းလိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက် )

အမှတ် ၁၂၄/၂၀၁၃ ။ ။ ဆိုးလ်မြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးဝေဇင်ထွန်းအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၂၅/၂၀၁၃ ။ ။ မော်စကိုမြို့၊ မြန်မာသံရုံးမှ ပထမအတွင်းဝန် ဦးတင်မောင်ဝင်းအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လက်ထောက်ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၂၆/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာနမှ ဌာနစုမှူး (၂) ဒေါ်ကြည်ကြည်သိန်းအား ကင်ဘာရာမြို့၊ မြန်မာသံရုံးသို့ တတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက် )

အမှတ် ၁၃၀/၂၀၁၃ ။ ။ ဆားဗီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ထွန်းအား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဆလိုဗက်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၄ ရက် )

အမှတ် ၁၄၁/၂၀၁၃ ။ ။ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ခင်စိုးအား အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ အထူး

အာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်သည်။

အမိန့်အရ

ဝဏ္ဏမောင်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက် )

အမှတ် ၁၀ ။ ။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၃) မှ သဘောတူညီချက်အရ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ညွှန်ကြားရေးမှူး (ထုတ်လုပ်) လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဦးအောင်စိုးမင်းအား နှစ်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို (၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်မှ ၂၀၁၃ ခုနှစ်၊ မေလ ၂၀ ရက်) နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၃ ခုနှစ်၊ မေလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နှစ်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**ဝန်ကြီးရုံး**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

အမှတ် ၁၁ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေ (၂၃) နှင့် (၂၄) အရလည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာနသည် ဗီဒီယိုလုပ်ငန်းများကို စိစစ်ကြီးကြပ်နိုင်ရန်အတွက် အောက်ဖော်ပြပါ ရှမ်းပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို ပြန်လည်ဖွဲ့စည်းလိုက်ပါသည် -

**ရှမ်းပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (က) | ဦးတူးမောင်<br>စည်ပင်သာယာရေးဝန်ကြီးဌာန | - | ဥက္ကဋ္ဌ |
| (ခ) | ဦးရဲနိုင်အောင်<br>ပြည်နယ်အုပ်ချုပ်ရေးမှူး<br>ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | - | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဗိုလ်မှူးကြီးမိုးမောင်သန်း<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ | - | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဃ) | ဦးမြင့်လွင်<br>ခရိုင်အုပ်ချုပ်ရေးမှူး<br>တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | - | အဖွဲ့ဝင် |
| (င) | ဦးကျော်ခိုင်စိုး<br>ခရိုင်အုပ်ချုပ်ရေးမှူး<br>လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | - | အဖွဲ့ဝင် |
| (စ) | ဦးခင်ဝင်း<br>ခရိုင်အုပ်ချုပ်ရေးမှူး<br>ကျိုင်းတုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | - | အဖွဲ့ဝင် |
| (ဆ) | ဦးတင်ထွန်းနိုင်<br>ညွှန်ကြားရေးမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | - | အဖွဲ့ဝင် |
| (ဇ) | ဦးစိုးသိန်း<br>လက်ထောက်အထွေထွေမန်နေဂျာ<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | - | အတွင်းရေးမှူး |
| (ဈ) | ဦးဂွမ်ဆိုင်းလီ (ခ) ဦးစိုင်းသန်းညွန့်<br>ပြည်နယ်ဥပဒေအရာရှိ<br>ရှမ်းပြည်နယ်ဥပဒေရုံး | - | အဖွဲ့ဝင် |
| (ည) | ဒေါ်ခင်စန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | - | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းဝမ်<br>ဥက္ကဋ္ဌ<br>ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ | - | အဖွဲ့ဝင် |
| (ဌ) | ဦးမိုးစည်သူ<br>ဌာနခွဲမှူး (လုပ်ငန်းစု)<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း (လုပ်ငန်းစုရုံး)<br>တောင်ကြီးမြို့ | - | အတွင်းရေးမှူး |
| (ဍ) | ဌာနခွဲမှူး<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း (လုပ်ငန်းစုရုံး)<br>ကျိုင်းတုံမြို့ | - | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဎ) | ဦးစောဝင်းနိုင်<br>ဌာနခွဲမှူး (လုပ်ငန်းစု)<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း (လုပ်ငန်းစုရုံး)<br>ကျိုင်းတုံမြို့ | - | တွဲဖက်အတွင်းရေးမှူး (၂) |

## ဝန်ကြီးရုံး

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

အမှတ် ၁၂။ ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၃) မှ သဘောတူညီချက်အရ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ဒုတိယညွှန်ကြားရေးမှူး၊ (ငွေစာရင်း) လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဦးကျော်ဇင်သန့်အား မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်) လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးသို့ ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၁၃။ ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၃) မှ သဘောတူညီချက်အရ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဦးအောင်ကျော်ဦးအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ၊ ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးသို့ ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၁၄။ ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် စာရေးဆရာကြီး ပီမိုးနင်း၏ "ဂနိုင်ကြော့" အခန်းဆက်ဝတ္ထု၌ ချင်းတိုင်းရင်းသားများအတွက် ထိခိုက်စေသော မသင့်လျော်သည့် အသုံးအနှုန်းပါဝင်သော အကြောင်းအရာများ ဖော်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရခြင်းနှင့်ပတ်သက်၍ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ ထောက်ခံတင်ပြချက်အရ ယင်းဖြစ်စဉ်တွင် အဓိကတာဝန်ရှိသူ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်အား ရာထူးတိုးမြှင့်ခြင်းကို တစ်နှစ် ရပ်ဆိုင်းလိုက်သည်။

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် )

အမှတ် ၁၅။ ။ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၄) ဖြင့် ဖွဲ့စည်းခဲ့သော **"ပြန်ကြားရေးဝန်ကြီးဌာန ပြည်တွင်းပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဦးပိုက်ထွေး - ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

(ခ) ဦးရဲထွန်း - ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် - အဖွဲ့ဝင်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

(ဃ) ညွှန်ကြားရေးမှူးချုပ် - အဖွဲ့ဝင်
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(င) ဦးဆောင်ညွှန်ကြားရေးမှူး - အဖွဲ့ဝင်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(စ) ဦးဆောင်ညွှန်ကြားရေးမှူး - အဖွဲ့ဝင်
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(ဆ) ဦးဆောင်ညွှန်ကြားရေးမှူး - အဖွဲ့ဝင်
မြန်မာ့ရုပ်ရှင်လုပ်ငန်း

(ဇ) ရုံးအဖွဲ့မှူး - အတွင်းရေးမှူး
ပြန်ကြားရေးဝန်ကြီးဌာန

အမှတ် ၁၆ ။ ။ အဆိုပါကော်မတီ၏လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

(က) ဝယ်ယူမည့်ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ အရေအတွက် မှန်ကန်မှု ရှိ/မရှိ စိစစ်ခြင်း၊

(ခ) ဝယ်ယူမည့်ပစ္စည်းများအတွက် ရန်ပုံငွေလျာထားချက် ရှိ/မရှိ စိစစ်ခြင်း၊

(ဂ) တင်သွင်းလာသည့် တင်ဒါများကို Technology ပိုင်း စစ်ဆေးစိစစ်သည့်အဖွဲ့နှင့် ဈေးနှုန်းကို စစ်ဆေးစိစစ်သည့် အဖွဲ့တို့ဖြင့် စစ်ဆေးစိစစ်၍ ပစ္စည်းအရည်အသွေး မှန်ကန်ပြီး ဈေးနှုန်း အနည်းဆုံးတင်သွင်းသည့်ကုမ္ပဏီကို ကုမ္ပဏီအားလုံး၏ ရှေ့မှောက်တွင် ကြေညာ၍ အခြားကုမ္ပဏီ များမှ ၎င်းပစ္စည်းအရည်အသွေးဈေးနှုန်းအတိုင်း ပေးသွင်းနိုင်ခြင်း ရှိ/မရှိ မေးမြန်းပြီး အခြား ကုမ္ပဏီများက ပေးသွင်းနိုင်ခြင်းမရှိပါက တင်ဒါအောင်မြင်သူကို ဈေးနှုန်း စိစစ်ညှိနှိုင်း အစည်း အဝေးတွင် ကြေညာပေးခြင်း၊

(ဃ) တင်ဒါတင်သွင်းသည့် ကုမ္ပဏီများက နောက်ဆုံးစိစစ်လျှော့ချပေးသည့်ဈေးနှုန်းသည် တူညီနေပြီး ဌာနက လိုအပ်သည့် သတ်မှတ်အရည်အသွေး (Specifications)၊ Brand၊ Country of Origin များ၊ ကုမ္ပဏီခိုင်မာမှုရှိခြင်းများ တူညီနေပါက ကော်မတီဝင်များသည် လျှို့ဝှက်ဆန္ဒမဲများ ပေးပြီး ဆန္ဒမဲအများဆုံးရသည့် ကုမ္ပဏီမှ ဝယ်ယူရန် ရွေးချယ်သတ်မှတ်ပေးခြင်း၊

(င) ရွေးချယ်မှုအဆင့်ဆင့် နောက်ဆုံးရွေးချယ်သည့် ကုမ္ပဏီ၊ ပစ္စည်း၊ ဈေးနှုန်းများကို ပြန်ကြားရေး ဝန်ကြီးဌာန Website တွင် ထုတ်ပြန်ပေးခြင်း၊

(စ) အထက်ပါပစ္စည်း ဝယ်ယူရေးဆောင်ရွက်ချက်အဆင့်ဆင့်ကို အနီးဆုံးကျင်းပသည့် ပြန်ကြားရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဆ) ကော်မတီက ရွေးချယ်သည့်ကုမ္ပဏီနှင့် ပစ္စည်းဝယ်ယူသည့်ဌာနတို့ ပစ္စည်းဝယ်ယူရေး စာချုပ် ချုပ်ဆိုပြီးသည့်အခါ ပစ္စည်းများရောက်ရှိပါက ကုန်ဝယ်စာချုပ်ပါ အချက်အလက်များ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ စိစစ်စေခြင်း၊

(ဇ) ကော်မတီသည် လိုအပ်လျှင် လိုအပ်သလို အခါအားလျော်စွာ သီးသန့်အစည်းအဝေးထိုင်ပြီး နိုင်ငံတော်မှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများ လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ကြပ်မတ်ဆောင်ရွက်၍ ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြအဆုံးအဖြတ် ခံယူခြင်း။

အမှတ် ၁၇ ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၉၆) ဖြင့် ဖွဲ့စည်းခဲ့သော **"ပြန်ကြားရေးဝန်ကြီးဌာန အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဦးပိုက်ထွေး - ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ပြန်ကြားရေးဝန်ကြီးဌာန

| | | | |
|---|---|---|---|
| (ခ) | ဦးရဲထွန်း<br>ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | - | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား | - | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | - | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း | - | အဖွဲ့ဝင် |
| (စ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | - | အဖွဲ့ဝင် |
| (ဆ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း | - | အဖွဲ့ဝင် |
| (ဇ) | ရုံးအဖွဲ့မှူး<br>ပြန်ကြားရေးဝန်ကြီးဌာန | - | အတွင်းရေးမှူး |

အမှတ် ၁၈ ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းကော်မတီ၏တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဖြစ်စေရေးအတွက် ကြီးကြပ်ကွပ်ကဲရမည်။

(ခ) လိုအပ်လျှင် လိုအပ်သလို လုပ်ငန်းကော်မတီအစည်းအဝေးများ အခါအားလျော်စွာ ကျင်းပပြီး အစည်းအဝေးဆုံးဖြတ်ချက်များနှင့်တကွ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးသို့ တင်ပြ၍ အဆုံးအဖြတ်ခံယူရမည်။

(ဂ) ဆောက်လုပ်ရေးအတွက် တင်သွင်းလာသည့် တင်ဒါများကို Construction Design, Builder's Quantity (BQ) နှင့် ကိုက်ညီမှု ရှိ/မရှိ Technology နှင့် Quality ပိုင်း စစ်ဆေးသည့်အဖွဲ့ဖြင့် စိစစ်၍ လိုအပ်ချက်နှင့် ကိုက်ညီမှန်ကန်ပြီး ဈေးအနည်းဆုံးတင်သွင်းသည့် ကုမ္ပဏီကို ကုမ္ပဏီ အားလုံး၏ရှေ့မှောက်တွင် ကြေညာ၍ အခြားကုမ္ပဏီများမှ ၎င်း၏အဆောက်အအုံ အရည်အသွေး ဈေးနှုန်းအတိုင်း ပေးသွင်းနိုင်ခြင်း ရှိ/မရှိ မေးမြန်းပြီး အခြားကုမ္ပဏီများက ပေးသွင်းနိုင်ခြင်း မရှိပါက တင်ဒါအောင်မြင်သူကို ဈေးနှုန်းစိစစ်အစည်းအဝေးတွင် ကြေညာပေးရမည်။

(ဃ) တင်ဒါတင်သွင်းသည့် ကုမ္ပဏီများက နောက်ဆုံးစိစစ်လျှော့ချပေးသည့် ဈေးနှုန်းသည် တူညီနေပြီး ဌာနက လိုအပ်သည့် Construction Design, Builder's Quantity (BQ) နှင့် ကိုက်ညီခြင်း၊ ကုမ္ပဏီခိုင်မာမှုရှိခြင်းများ တူညီနေပါက ကော်မတီဝင်များသည် လျှို့ဝှက်ဆန္ဒမဲများပေးပြီး ဆန္ဒမဲ အများဆုံးရသည့်ကုမ္ပဏီအား လုပ်ငန်းအပ်နှံရန် ရွေးချယ်သတ်မှတ်ပေးခြင်း။

(င) ရွေးချယ်မှုအဆင့်ဆင့် နောက်ဆုံးရွေးချယ်သည့် ကုမ္ပဏီ၊ ဈေးနှုန်းများကို ပြန်ကြားရေးဝန်ကြီးဌာန Website တွင် ထုတ်ပြန်ပေးရမည်။

(စ) အထက်ပါဆောက်လုပ်ရေးတင်ဒါရွေးချယ်မှု ဆောင်ရွက်ချက်အဆင့်ဆင့်ကို အနီးဆုံးကျင်းပမည့် ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် တင်ပြအတည်ပြုချက် ရယူ ရမည်။

(ဆ) ရန်ပုံငွေဖြင့် ဆောက်လုပ်မည့် အဆောက်အအုံများအတွက် သတ်မှတ်ပေးထားသည့် ရန်ပုံငွေဖြင့် လောက်ငအောင် ဆောက်လုပ်ပြီးစီးရေး ကြပ်မတ်ရမည်၊ သတ်မှတ်ရန်ပုံငွေထက် ကျော်လွန် သုံးစွဲခြင်းကို ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၏ခွင့်ပြုချက် အတည်ပြုချက်မရရှိဘဲ ဆောက်ရွက်ခြင်းမပြုရ။

(ဇ) သတ်မှတ်ထားသည့်ဘဏ္ဍာရေးနှစ်အတွင်း အဆောက်အအုံ အချောသတ်ပြီးစီးအောင်ဆောင်ရွက်ရေး ကြပ်မတ်ရမည်၊ ဘဏ္ဍာရေးနှစ်ကျော်လွန်မည့် အခြေအနေမျိုးဖြစ်ပေါ်တွေ့ရှိပါက ထိုအခြေ အနေကို (၃) လမတိုင်မီ ကြိုတင်၍ အနီးဆုံးတွင် ကျင်းပမည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံ ခန့်ခွဲရေးကော်မတီ အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူရမည်။

(ဈ) အဆောက်အအုံများကို မူလသတ်မှတ် စံချိန်စံညွှန်းများအတိုင်း ကိုက်ညီခြင်း ရှိ/မရှိ ကျွမ်းကျင်သော အင်ဂျင်နီယာ၊ ပညာရှင်များပါဝင်သော အဆောက်အအုံ စစ်ဆေးရေးအဖွဲ့ သီးခြားတာဝန်ပေး စစ်ဆေးစေပြီး ထိုအဖွဲ့၏ သတ်မှတ်ချက်အတိုင်း ကိုက်ညီကြောင်း ထောက်ခံချက်ကို ရယူထား ရမည်။

(ည) နိုင်ငံတော်ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းများကို အထက် ဌာနသို့ တင်ပြ၍ ခွင့်ပြုချက်အတိုင်း ဆောင်ရွက်ရမည်။

## ဝန်ကြီးရုံး

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက် )

အမှတ် ၁၉ ။ ။ ဤဝန်ကြီးရုံး၏ ၂၀၁၂ ခုနှစ်၊ မတ်လ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းခဲ့သည့် ကချင်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီတွင် ဥက္ကဋ္ဌ ဦးမင်းချစ်ဦး၊ ပြည်နယ် အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန **(အစား)** ဥက္ကဋ္ဌ ဦးဇော်သိန်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဖြင့်လည်းကောင်း၊ အဖွဲ့ဝင် ဒုတိယရဲမှူးကြီးသူရသွင်ကိုကို၊ ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ **(အစား)** အဖွဲ့ဝင် ဒုတိယရဲမှူးကြီးခင်ကျော်၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဖြင့်လည်းကောင်း၊ အဖွဲ့ဝင် ဦးညဏ်မြင့်၊ ပြည်နယ်အခွန်ဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီး ဌာန**(အစား)** အဖွဲ့ဝင် ဦးအောင်ဝင်း၊ ပြည်နယ်အခွန်ဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာနဖြင့်လည်းကောင်း အဖွဲ့ဝင် ဦးသိန်းတင်၊ ပြည်နယ်ဥပဒေအရာရှိ၊ ကချင်ပြည်နယ် ဥပဒေရုံး**(အစား)** အဖွဲ့ဝင် ဒေါ်လှလှသွင်၊ ပြည်နယ်ဥပဒေအရာရှိ၊ ကချင်ပြည်နယ်ဥပဒေရုံးဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

## ဝန်ကြီးရုံး

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၄ ရက် )

အမှတ် ၂၀ ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ အဖွဲ့ခွဲ (၁) မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဝင်းသည် ၂၀၁၃ ခုနှစ်၊ မတ်လ ၂ ရက်နေ့ညတွင် ဌာနမှ တာဝန်အရ ထုတ်ပေးထားသည့် မော်တော် ယာဉ်နှင့် အားကစားသမား (၃) ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့ ထိခိုက်မှုဖြစ်ပွားခဲ့ရာ ဦးမျိုးဝင်းအနေဖြင့် ဖြစ်စဉ်အား အထက်အရာရှိထံ သတင်းပို့ရန် ပျက်ကွက်ခြင်း၊ ဌာနပိုင်ယာဉ်အား ပျက်စီး စေခြင်းတို့အပေါ် ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/ ၂၀၁၃) မှ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ အဖွဲ့ခွဲ (၁) မှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဦးမျိုးဝင်းအား လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း

(၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးသို့ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ (၃) နှစ် လျှော့ချလိုက်သည်။

အမှတ် ၂၁။ ။ မူလရာထူးဖြစ်သည့် ဒုတိယညွှန်ကြားရေးမှူးရာထူးသို့ ပြန်လည်ခန့်ထားသည့်အခါ ရာထူးလျှော့ချသည့်ကာလအတွင်း ရရန်ရှိသော နှစ်တိုးလစာများ ရွှေ့သွားခြင်းမရှိစေရ။

အမှတ် ၂၂။ ။ ပျက်စီးဆုံးရှုံးခဲ့သည့် နိုင်ငံပိုင်ယာဉ်၏ ပျက်စီးမှုတန်ဖိုးအတွက် ပြုပြင်စရိတ်တန်ဖိုး အားလုံးကို ဦးမျိုးဝင်းက အပြည့်အဝကျခံရမည်။

## ဝန်ကြီးရုံး

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက် )

အမှတ် ၂၃။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၅ ရက်စွဲပါ စာအမှတ်၊ ၆၀/၁၀၆ - ဝန်ထမ်းသစ်/အဖရ (၂၀၁၂) ၏ ခွင့်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရွေးချယ်ပေးခဲ့သည့် အောက်ဖော်ပြပါ ပြင်ပပုဂ္ဂိုလ် (၂) ဦးအား ပြန်ကြားရေး ဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာ၌ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည် -

| စဉ် | အမည် | ခန့်ထားသည့် ရာထူး/လစာနှုန်း |
|---|---|---|
| ၁။ | ဒေါ်သူဇာထွန်း | လက်ထောက်မန်နေဂျာ (ငွေစာရင်း) (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) |
| ၂။ | ဒေါ်စိမ်းမို့မို့ | လက်ထောက်မန်နေဂျာ (ငွေစာရင်း) (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) |

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက် )

အမှတ် ၂၄။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၇ ရက်စွဲပါ စာအမှတ်၊ ၅၇၇/၂၅၂-ပြောင်းရွှေ့/အဖရ (၂၀၁၃) ကို ရည်ညွှန်းလျက် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး (အသံလွှင့်) ဦးဝင်းအောင်အား အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးရာထူးတွင် တာဝန်ထမ်းဆောင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးလိုက်ပါသည်။

အမှတ် ၂၅။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၇ ရက်စွဲပါ စာအမှတ်၊ ၅၇၇/၂၅၂-ပြောင်းရွှေ့/အဖရ (၂၀၁၃) ကို ရည်ညွှန်းလျက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ပြန်/ဆက်) ဦးမြင့်ဆွေအား ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ ညွှန်ကြားရေးမှူးရာထူးတွင် တာဝန် ထမ်းဆောင်ရန်အတွက် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးလိုက်ပါသည်။

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက် )

အမှတ် ၂၆ ။ ။ ၁၉၉၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ရုပ်ရှင်ဥပဒေပုဒ်မ (၁၀) (က) နှင့် (ခ) အရလည်းကောင်း၊ ရုပ်ရှင်နည်းဥပဒေအပိုဒ် (၁၉) နှင့် (၂၀) အရလည်းကောင်း ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော "ရုပ်ရှင်ဆင်ဆာအဖွဲ့" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| ၁။ | ဦးသိန်းအောင်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း | ဥက္ကဋ္ဌ |
| ၂။ | ဦးမြင့်ဝေ<br>ညွှန်ကြားရေးမှူး (ပြသ)<br>အတွင်းရေးမှူး<br>ဗီဒီယိုဆင်ဆာအဖွဲ့<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း | အဖွဲ့ဝင် |
| ၃။ | ဦးဝင်းသူ<br>ညွှန်ကြားရေးမှူး (စက်မှု)<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း | အဖွဲ့ဝင် |
| ၄။ | ဒုတိယရဲမှူးကြီးဝင်းကြည်<br>သတင်းတပ်ဖွဲ့<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၅။ | ဒေါ်ဝါဝါ<br>ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ<br>ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| ၆။ | ဒေါ်မြကြည်<br>ဒုတိယညွှန်ကြားရေးမှူး<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၇။ | ဦးဇော်ဌေး<br>ဒုတိယပါမောက္ခချုပ် (သင်ကြား)<br>အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ၈။ | ဒေါ်ကြူကြူသင်း<br>မြန်မာနိုင်ငံစာရေးဆရာအသင်း | အဖွဲ့ဝင် |
| ၉။ | ဦးလွင်မြင့်<br>မြန်မာနိုင်ငံဂီတအစည်းအရုံး | အဖွဲ့ဝင် |

၁၀။ ဦးမျိုးဇော်အောင် — အဖွဲ့ဝင်
ဒါရိုက်တာ
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

၁၁။ ဆုသြချယ် — အဖွဲ့ဝင်
ဇာတ်ညွှန်း
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

၁၂။ ဦးခင်မောင်ချင်း — အဖွဲ့ဝင်
သရုပ်ဆောင်
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

၁၃။ ဦးတင်ငြိမ်း — အဖွဲ့ဝင်
တည်းဖြတ်
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

၁၄။ ဦးကျော်ဝဏ္ဏ — အဖွဲ့ဝင်
ရုပ်ရှင်ထုတ်လုပ်ရေး
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

၁၅။ ဦးသိန်းထွန်းအောင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး)
မြန်မာ့ရုပ်ရှင်လုပ်ငန်း

အမှတ် ၂၇ ။ ။ ရုပ်ရှင်ဆင်ဆာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

၁။ ရုပ်ရှင်ဥပဒေ အခန်း (၄) ပုဒ်မ (၁၀) အရ ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်ဆင်ဆာအဖွဲ့ကို ဖွဲ့စည်းနိုင်ပါသည်။

၂။ ရုပ်ရှင်နည်းဥပဒေ အခန်း (၅) နည်းဥပဒေ (၁၉) အရ ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်ရှင်ဆင်ဆာအဖွဲ့ကို အဖွဲ့ဝင် (၁၁) ဦးမှ (၁၅) ဦးအထိ ပါဝင်ဖွဲ့စည်းနိုင်ပါသည်။

၃။ ရုပ်ရှင်ဥပဒေ အခန်း (၅) ပုဒ်မ (၁၂) အရ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် ချမှတ်ထားသောမူဝါဒနှင့်အညီ -

(က) ရုပ်ရှင်ကား စတင်ရိုက်ကူးခြင်းမပြုမီ တင်ပြလာသောဇာတ်လမ်းကို စိစစ်ရမည်။

(ခ) ဇာတ်လမ်းကို ရုပ်ရှင်ရိုက်ကူးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ဇာတ်လမ်းကို လိုအပ်သလို ပြင်ဆင်ရေးသားတင်ပြစေပြီး ရုပ်ရှင်ရိုက်ကူးခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄။ ရုပ်ရှင်ဥပဒေ အခန်း (၄) ပုဒ်မ (၁၃) အရ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် ရိုက်ကူးပြီး တင်ပြလာသော မြန်မာရုပ်ရှင်ကားများကိုလည်းကောင်း၊ ပြည်ပမှတင်သွင်းလာသော ရုပ်ရှင်ကားများကိုလည်းကောင်း ရုပ်ရှင်ဆင်ဆာလက်မှတ် လျှောက်ထားလာသည့်အခါ ယင်းရုပ်ရှင်ကားကို ချမှတ်ထားသော မူဝါဒနှင့် ညီညွတ်ခြင်း ရှိ မရှိ ကြည့်ရှုစစ်ဆေးပြီးနောက် -

(က) အများပြည်သူအားဖြစ်စေ၊ သီးသန့်ပရိသတ်အားဖြစ်စေ ပြသခွင့်ပြုနိုင်ပါသည်။

(ခ) မြန်မာရုပ်ရှင်ကားတွင် အများပြည်သူအား ပြသရန်မသင့်သော အစိတ်အပိုင်းကို ဖြတ်တောက်ခြင်း၊ ပြုပြင်ခြင်း ပြုလုပ်စေ၍ ပြသခွင့်ပြုနိုင်သည်။ ဖြတ်တောက်သည့်အစိတ်အပိုင်းကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်းပြုနိုင်သည်။

(ဂ) ပြည်ပမှတင်သွင်းလာသော ရုပ်ရှင်ကားတွင် အများပြည်သူအား ပြသရန်မသင့်သော အစိတ်အပိုင်းကို ဖြတ်တောက်၍ ပြသခွင့်ပြုနိုင်သည်။ ဖြတ်တောက်သည့်အစိတ်အပိုင်းကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်းပြုနိုင်သည်။

(ဃ) မြန်မာရုပ်ရှင်ကားကို အများပြည်သူအား ပြသခွင့်မပြုဟု ပိတ်ပင်နိုင်သည်။ ယင်းရုပ်ရှင်ကားကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်းပြုနိုင်သည်။

(င) ပြည်ပမှတင်သွင်းလာသော ရုပ်ရှင်ကားကို အများပြည်သူအား ပြသခွင့်မပြုဟု ပိတ်ပင်နိုင်သည်။ ယင်းရုပ်ရှင်ကားကို ပြန်လည်ပေးပို့စေခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း ပြုနိုင်သည်။

(စ) ရုပ်ရှင်ကားကို အများပြည်သူအား ပြသခွင့်ပြုလျှင် သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေ၍ ရုပ်ရှင်ဆင်ဆာလက်မှတ် ထုတ်ပေးရမည်။

၅။ ရုပ်ရှင်ဥပဒေ အခန်း (၄) ပုဒ်မ (၁၆) အရ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် မည်သည့်ရုပ်ရှင်ကားကိုမဆို ကြည့်ရှုရန် ဆင့်ဆိုနိုင်သည်။

၆။ ရုပ်ရှင်ဥပဒေ အခန်း (၄) ပုဒ်မ (၁၇) အရ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် -

(က) ခိုင်လုံသောအကြောင်းရှိလျှင် မည်သည့်ရုပ်ရှင်ဆင်ဆာလက်မှတ်ကိုမဆို ရုပ်သိမ်းနိုင်သည်။

(ခ) ရုပ်ရှင်ဆင်ဆာလက်မှတ် ရုပ်သိမ်းခြင်းခံရသော -

(၁) မြန်မာရုပ်ရှင်ကားကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုနိုင်သည်။

(၂) ပြည်ပမှတင်သွင်းလာသည့် ရုပ်ရှင်ကားကို ပြန်လည်ပေးပို့စေခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း ပြုနိုင်သည်။

၇။ ရုပ်ရှင်နည်းဥပဒေ အခန်း (၅) နည်းဥပဒေ (၂၃) အရ ရုပ်ရှင်ဆင်ဆာအဖွဲ့သည် ရုပ်ရှင်ကားရိုက်ကူးရန် တင်ပြလာသောဇာတ်လမ်းအား အောက်ဖော်ပြပါအချက်များကို အခြေခံ၍ စိစစ်ရမည် -

(က) နိုင်ငံတော်၏မူဝါဒကို ထိခိုက်စေနိုင်ခြင်း ရှိ-မရှိ၊

(ခ) ကိုးကွယ်သည့်ဘာသာကို ထိခိုက်စေနိုင်ခြင်း ရှိ-မရှိ၊

(ဂ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်ခြင်း ရှိ-မရှိ၊

(ဃ) အမျိုးသားယဉ်ကျေးမှုကို ထိခိုက်ပျက်ပြားစေနိုင်ခြင်း ရှိ-မရှိ၊

(င) ပြည်သူတို့၏ အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေနိုင်ခြင်း ရှိ-မရှိ၊

(စ) တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေးကို ထိခိုက်စေနိုင်ခြင်း ရှိ-မရှိ၊

(ဆ) ညစ်ညမ်းသော ရက်စက်ကြမ်းကြုတ်သော ကာမရာဂကို လှုံ့ဆော်သော အပြုအမူများ ပါဝင်ခြင်း ရှိ-မရှိ၊

(ဇ) ကလေးသူငယ်များ၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကို ထိခိုက်စေနိုင်ခြင်း ရှိ-မရှိ၊

(ဈ) ဇာတ်လမ်းသည် ပြည်သူအတွက်လည်းကောင်း၊ နိုင်ငံတော်အတွက်လည်းကောင်း အကျိုးပြုနိုင်ခြင်း၊ အထောက်အကူပြုနိုင်ခြင်း ရှိ-မရှိ။

အမှတ် ၂၈ ။ ။ ၁၉၉၆ ခုနှစ်၊ရုပ်မြင်သံကြားနှင့်ဗီဒီယိုဥပဒေ အခန်း (၇)၊ အပိုဒ် ၂၂ (က) နှင့် (ခ) တို့အရ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော "ဗီဒီယိုဆင်ဆာအဖွဲ့" ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

၁။ ဦးသိန်းအောင် ဥက္ကဋ္ဌ
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ရုပ်ရှင်လုပ်ငန်း

၂။ ဦးသိန်းထွန်းအောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး)
အတွင်းရေးမှူး
ရုပ်ရှင်ဆင်ဆာအဖွဲ့
မြန်မာ့ရုပ်ရှင်လုပ်ငန်း

၃။ ဦးဝင်းသူ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (စက်မှု)
မြန်မာ့ရုပ်ရှင်လုပ်ငန်း

၄။ ဒုတိယရဲမှူးကြီးဝင်းကြည် — အဖွဲ့ဝင်
သတင်းတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

၅။ ဒေါ်ဝါဝါ — အဖွဲ့ဝင်
ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိ
ရန်ကုန်တိုင်းဒေသကြီးဥပဒေချုပ်ရုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

၆။ ဦးစံသင်းလှိုင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန

၇။ ဦးစုအောင် — အဖွဲ့ဝင်
ပါမောက္ခ/ဌာနမှူး (ရုပ်ရှင်နှင့်ပြဇာတ်)
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)
ယဉ်ကျေးမှုဝန်ကြီးဌာန

၈။ ဒေါ်ကြူကြူသင်း — အဖွဲ့ဝင်
မြန်မာနိုင်ငံစာရေးဆရာအသင်း

၉။ ဦးလွင်မြင့် — အဖွဲ့ဝင်
မြန်မာနိုင်ငံဂီတအစည်းအရုံး

၁၀။ ဦးမျိုးဇော်အောင် — အဖွဲ့ဝင်
ဒါရိုက်တာ
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

၁၁။ ဆုသြချယ် — အဖွဲ့ဝင်
ဇာတ်ညွှန်း
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

၁၂။ ဦးခင်မောင်ချင်း — အဖွဲ့ဝင်
သရုပ်ဆောင်
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

၁၃။ ဦးတင်ငြိမ်း — အဖွဲ့ဝင်
တည်းဖြတ်
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

၁၄။ ဦးကျော်လင်းထွန်း — အဖွဲ့ဝင်
ဗီဒီယိုထုတ်လုပ်ရေး
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

၁၅။ ဦးမြင့်ဝေ — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (ပြသ)
မြန်မာ့ရုပ်ရှင်လုပ်ငန်း

အမှတ် ၂၉ ။ ။ ဗီဒီယိုဆင်ဆာအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

၁။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၇) ပုဒ်မ (၂၂) အရ ပြန်ကြားရေးဝန်ကြီးဌာနသည် ဗီဒီယိုဆင်ဆာအဖွဲ့ကို ဖွဲ့စည်းနိုင်ပါသည်။

၂။ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေ အခန်း (၇) နည်းဥပဒေ (၂၆) အရ ပြန်ကြားရေးဝန်ကြီးဌာနသည် ဗီဒီယိုဆင်ဆာအဖွဲ့ကို ဖွဲ့စည်းရာတွင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် သင့်လျော်သောနိုင်ငံသားများဖြင့် အဖွဲ့ဝင် (၁၁) ဦးမှ (၁၅) ဦးအထိ ပါဝင်ဖွဲ့စည်းနိုင်ပြီး အဖွဲ့၏ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ်ပေးရမည်ဖြစ်ပါသည်။

၃။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၇) ပုဒ်မ (၂၄) အရ ဗီဒီယိုဆင်ဆာအဖွဲ့သည် ရိုက်ကူးတင်ပြလာသော မြန်မာဗီဒီယိုတိပ်ခွေများကိုလည်းကောင်း၊ ပြည်ပမှတင်သွင်းလာသော သို့မဟုတ် ယူဆောင်လာသော ဗီဒီယိုတိပ်ခွေများကိုလည်းကောင်း ဗီဒီယိုဆင်ဆာလက်မှတ် လျှောက်ထားလာသည့်အခါ ယင်းဗီဒီယိုတိပ်ခွေကို ချမှတ်ထားသောမူဝါဒနှင့် ညီညွတ်ခြင်း ရှိ-မရှိ ကြည့်ရှုစစ်ဆေးပြီးနောက် -

(က) အများပြည်သူအား ပြသရန်ဖြစ်စေ၊ မိသားစုကြည့်ရှုရန်ဖြစ်စေ ခွင့်ပြုနိုင်သည်။

(ခ) ဗီဒီယိုတိပ်ခွေကို အများပြည်သူအား ပြသခွင့်မပြုဟု ပိတ်ပင်နိုင်သည်။ ယင်းဗီဒီယိုတိပ်ခွေကို သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ပြုနိုင်ပါသည်။

(ဂ) အများပြည်သူအား ပြသရန် သို့မဟုတ် မိသားစု ကြည့်ရှုရန်မသင့်သော ဗီဒီယိုတိပ်ခွေတွင် ပါရှိသည့် အစိတ်အပိုင်းကို ဖြတ်တောက်ခြင်း၊ ပြုပြင်ခြင်း၊ ဖျက်ခြင်း ပြုလုပ်စေ၍ ပြသရန် သို့မဟုတ် ကြည့်ရှုရန် ခွင့်ပြုနိုင်သည်။

(ဃ) ဗီဒီယိုတိပ်ခွေကို အများပြည်သူအား ပြသရန် သို့မဟုတ် မိသားစု ကြည့်ရှုရန် ခွင့်ပြုလျှင် သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေ၍ ဗီဒီယိုဆင်ဆာလက်မှတ် ထုတ်ပေးရမည်။

၄။ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ အခန်း (၇)၊ ပုဒ်မ (၂၆) အရ ဗီဒီယိုဆင်ဆာအဖွဲ့သည် -

(က) ဗီဒီယိုတိပ်ခွေကြည့်ရှုစစ်ဆေးခြင်းအတွက် သတ်မှတ်ထားသောအခကြေးငွေကို သက်ဆိုင်သူထံမှ ကောက်ခံရယူရမည်။

(ခ) ဗီဒီယိုဆင်ဆာလက်မှတ် ထုတ်ပေးထားသော ဗီဒီယိုတိပ်ခွေကို လိုအပ်လျှင် ထပ်မံကြည့်ရှုစစ်ဆေးနိုင်သည်။

(ဂ) ခိုင်လုံသောအကြောင်းရှိလျှင် မည်သည့် ဗီဒီယိုဆင်ဆာလက်မှတ်ကိုမဆို ရုပ်သိမ်းနိုင်သည်။

၅။ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေ အခန်း (၇) နည်းဥပဒေ (၂၉) အရ ဗီဒီယိုဆင်ဆာအဖွဲ့သည် ရိုက်ကူးတင်ပြလာသော မြန်မာဗီဒီယိုတိပ်ခွေများကိုလည်းကောင်း၊ ပြည်ပမှတင်သွင်းလာသော သို့မဟုတ် သယ်ဆောင်လာသော ဗီဒီယိုတိပ်ခွေများကိုလည်းကောင်း အောက်ဖော်ပြပါ အချက်များကို အခြေခံ၍ စစ်ဆေးရမည် -

(က) နိုင်ငံတော်၏မူဝါဒကို ထိခိုက်စေနိုင်ခြင်း ရှိ-မရှိ၊

(ခ) ကိုးကွယ်သည့်ဘာသာကို ထိခိုက်စေနိုင်ခြင်း ရှိ-မရှိ၊

(ဂ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်ခြင်း ရှိ-မရှိ၊

(ဃ) အမျိုးသားယဉ်ကျေးမှုကို ထိခိုက်ပျက်ပြားစေနိုင်ခြင်း ရှိ-မရှိ၊

(င) ပြည်သူတို့၏ အကျင့်စာရိတ္တကို ထိခိုက်ပျက်ပြားစေနိုင်ခြင်း ရှိ-မရှိ၊

(စ) တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေးကို ထိခိုက်စေနိုင်ခြင်း ရှိ-မရှိ၊

(ဆ) ညစ်ညမ်းသော ရက်စက်ကြမ်းကြုတ်သော ကာမရာဂကို လှုံ့ဆော်သော အပြုအမူများ ပါဝင်ခြင်း ရှိ-မရှိ၊

(ဇ) ကလေးသူငယ်များ၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကို ထိခိုက်စေနိုင်ခြင်း ရှိ-မရှိ၊

(ဈ) ဇာတ်လမ်းသည် ပြည်သူအတွက်လည်းကောင်း၊ နိုင်ငံတော်အတွက်လည်းကောင်း အကျိုးပြုနိုင်ခြင်း၊ အထောက်အကူပြုနိုင်ခြင်း ရှိ-မရှိ။

**ဝန်ကြီးရုံး**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက် )

အမှတ် ၃၀ ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဂန့်ဂေါခရိုင်ရုံးမှ ဦးစီးအရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ဦးခင်ဝင်းအား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို (၂၀၁၃ ခုနှစ်၊ မေလ ၇ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့အထိ) ခံစားခွင့်ပြုပြီး ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**ဝန်ကြီးရုံး**

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက် )

အမှတ် ၃၁ ။ ။ ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၈/၂၀၁၃) မှ သဘောတူညီချက်အရ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စာပေဗိမာန်မှ စာတည်းမှူးချုပ် လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ဦးမျိုးထွန်းအား ၂၀၁၃ ခုနှစ်၊ မေလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ယင်း၏ဆန္ဒအရ ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

ဦးအောင်ကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးဝန်ကြီးဌာန

### ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

အမှတ် ၆၀ ။ ။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၇/၂၀၁၂) ၏ သဘောတူခွင့်ပြုချက်အရ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ဖွဲ့စည်းပုံတွင် ဦးစီးအရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ကြီးကြပ်အုပ်ချုပ်သော နေပြည်တော်ကောင်စီနယ်မြေတွင် မြို့နယ်သာသနာရေးမှူးရုံး ၈ ရုံး (ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်း၊ ဇမ္ဗူသီရိ၊ ဥတ္တရသီရိ၊ ဒက္ခိဏသီရိ၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိ) တို့ကို အရာထမ်း ၁ နေရာ၊ အမှုထမ်း ၁ နေရာ၊ ပေါင်း ၂ နေရာစီတို့ဖြင့် တိုးချဲ့ဖွဲ့စည်းသည့်အတွက် သာသနာရေးဦးစီးဌာန၏ဖွဲ့စည်းပုံကို အရာထမ်း ၁၄၃ နေရာ၊ အမှုထမ်း ၁၀၄၈ နေရာ၊ စုစုပေါင်း ၁၁၉၁ နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

### ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက် )

အမှတ် ၁ ။ ။ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ စာမေးပွဲဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးအား လုပ်ငန်းလိုအပ်ချက်အရ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ပြည်တွင်းသာသနာပြုဌာနခွဲတွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

### ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် )

အမှတ် ၂။ ။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၃) ၏ သဘောတူညီချက်အရ သာသနာရေးဦးစီးဌာန၊ ရှမ်းပြည်နယ်သာသနာရေးမှူးရုံးခွဲ (ကျိုင်းတုံ) မှ ဦးစီးအရာရှိ ဦးအောင်နိုင်ဆွေအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှစ၍ ယင်းရာထူး၌ (အမြဲတမ်း) အတည်ပြုခန့်ထားလိုက်သည်။

### ဝန်ကြီးရုံး

အမှတ် ၃ ။ ။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ကျင်းပသော သာသနာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၃) ၏ သဘောတူညီချက်အရ သာသနာရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း ၅ ဦးအား လုပ်ငန်းလိုအပ်ချက်အရ ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါ ရုံး/ဌာနများအသီးသီးသို့ အလုပ်ဝတ္တရားများ လွှဲပြောင်း/လက်ခံသည့်ရက်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည်/ရာထူး | မူလတာဝန်ချထားသည့်ရုံး | ပြောင်းရွှေ့တာဝန်ချထားသည့်ရုံး |
|---|---|---|---|
| (က) | ဦးဝင်းသိန်း<br>လက်ထောက်<br>ညွှန်ကြားရေးမှူး | ပဲခူးတိုင်းဒေသကြီး<br>သာသနာရေးမှူးရုံးခွဲ (ပြည်) | ရှမ်းပြည်နယ် သာသနာရေးမှူးရုံးခွဲ (လားရှိုး) |

| စဉ် | အမည်/ရာထူး | မူလတာဝန်ချထားသည့်ရုံး | ပြောင်းရွှေ့တာဝန်ချထားသည့်ရုံး |
|---|---|---|---|
| (ခ) | ဦးထွန်းမြင့်ဦး လက်ထောက်ညွှန်ကြားရေးမှူး | ရှမ်းပြည်နယ်သာသနာရေးမှူးရုံးခွဲ (လားရှိုး) | ပဲခူးတိုင်းဒေသကြီး သာသနာရေးမှူးရုံးခွဲ (ပြည်) |
| (ဂ) | ဦးချိုသိန်း လက်ထောက်ညွှန်ကြားရေးမှူး | စီမံခန့်ခွဲရေးဌာနခွဲ (ဌာနစု-၁၃/၁၄) | ခန္တီးခရိုင် သာသနာရေးမှူးရုံး |
| (ဃ) | ဦးကျော်လွင် လက်ထောက်ညွှန်ကြားရေးမှူး | ခန္တီးခရိုင်သာသနာရေးမှူးရုံး | မြင်းခြံခရိုင် သာသနာရေးမှူးရုံး |
| (င) | ဦးရဲထွန်း လက်ထောက်ညွှန်ကြားရေးမှူး | မြင်းခြံခရိုင်သာသနာရေးမှူးရုံး | စီမံခန့်ခွဲရေးဌာနခွဲ (ဌာနစု-၁၃/၁၄) |

သူရဦးမြင့်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးဝန်ကြီးဌာန

## ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )

အမှတ် ၄ ။ ။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၃) ၏ သဘောတူညီချက်အရ သာသနာရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်သာသနာရေးမှူးရုံးမှ ကျောက်ဖြူခရိုင်သာသနာရေးမှူးရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသော ဦးစီးအရာရှိ ဦးစိန်လင်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှစ၍ ယင်းရာထူး၌ (အမြဲတမ်း) အတည်ပြုခန့်ထားလိုက်သည်။

## ဝန်ကြီးရုံး

အမှတ် ၅ ။ ။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၃) ၏ သဘောတူညီချက်အရ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ပရိယတ္တိမဟာဌာနမှ အောက်ဖော်ပြပါ လက်ထောက်ကထိက ဆရာတော် ၅ ပါးတို့အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှစ၍ ယင်းရာထူး၌ (အမြဲတမ်း) အတည်ပြုဆက်ကပ်အပ်နှင်းအပ်ပါသည် -

| စဉ် | ဘွဲ့တော် | ဌာန |
|---|---|---|
| (က) | ဘဒ္ဒန္တဝိမလ | ဝိနည်းဌာန၊ ပရိယတ္တိမဟာဌာန |

| စဉ် | ဘွဲ့တော် | ဌာန |
|---|---|---|
| (ခ) | ဘဒ္ဒန္တပဏ္ဍာဝံသ | သုတ္တန်ဌာန၊ ပရိယတ္တိမဟာဌာန |
| (ဂ) | ဘဒ္ဒန္တဃောသိတ | အဘိဓမ္မာဌာန၊ ပရိယတ္တိမဟာဌာန |
| (ဃ) | ဘဒ္ဒန္တဝရဉာဏ | သမထဌာန၊ ပရိယတ္တိမဟာဌာန |
| (င) | ဘဒ္ဒန္တစန္ဒမုခ | ဝိနည်းဌာန၊ ပရိယတ္တိမဟာဌာန |

## ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် )

အမှတ် ၆ ။ ။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၃) ၏ သဘောတူညီချက်အရ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ အောက်ဖော်ပြပါ နည်းပြ ၄ ဦးတို့အား ယင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော မြို့နယ်သာသနာရေးမှူး လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့မှစ၍ တစ်နှစ်အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဦးကျော်ကျော်လွင် | နည်းပြ | မြို့နယ်သာသနာရေးမှူး<br>မိုးနဲမြို့နယ်သာသနာရေးမှူးရုံး၊<br>ရှမ်းပြည်နယ် |
| (ခ) | ဦးညီညီအောင် | နည်းပြ | မြို့နယ်သာသနာရေးမှူး<br>မိုင်းပန်မြို့နယ်သာသနာရေးမှူးရုံး၊<br>ရှမ်းပြည်နယ် |
| (ဂ) | ဦးမြင့်ထွန်း | နည်းပြ | မြို့နယ်သာသနာရေးမှူး<br>မချမ်းဘောမြို့နယ်သာသနာရေးမှူးရုံး၊<br>ကချင်ပြည်နယ် |
| (ဃ) | ဦးမင်းသိဒ္ဓိအောင် | နည်းပြ | မြို့နယ်သာသနာရေးမှူး<br>မိုင်းယောင်းမြို့နယ်သာသနာရေးမှူးရုံး၊<br>ရှမ်းပြည်နယ် |

## ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

အမှတ် ၇ ။ ။ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ ရှမ်းပြည်နယ်၊ မိုင်းယောင်းမြို့နယ်သာသနာရေးမှူးရုံးမှ မြို့နယ်သာသနာရေးမှူး ဦးမင်းသိဒ္ဓိအောင်အား ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်သာသနာရေးမှူးရုံးသို့ လစာနှုန်းတူ/အဆင့်တူဖြင့် ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

ဒေါက်တာမောင်မောင်ဌေး၊
ဒုတိယဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၄ ရက် )

အမှတ် ၈ ။ ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၃) ၏ သဘောတူခွင့်ပြုချက်အရ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန ဖွဲ့စည်းပုံတွင် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ကြီးကြပ်အုပ်ချုပ်သော ဒက္ခိဏခရိုင်သာသနာရေးမှူးရုံးနှင့် ဥတ္တရခရိုင်သာသနာရေးမှူးရုံးတို့ကို အရာထမ်း ၁ နေရာ၊ အမှုထမ်း ၅ နေရာ၊ ပေါင်း ၆ နေရာစီတို့ဖြင့် တိုးချဲ့ဖွဲ့စည်းသည့်အတွက် သာသနာရေးဦးစီးဌာန၏ဖွဲ့စည်းပုံကို အရာထမ်း ၁၄၅ နေရာ၊ အမှုထမ်း ၁၀၅၈ နေရာ၊ စုစုပေါင်း ၁၂၀၃ နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

**ဝန်ကြီးရုံး**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၅ ရက် )

အမှတ် ၉ ။ ။ ၂၀၁၃ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော သာသနာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၁၃) ၏ သဘောတူညီချက်အရ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနကူးပြောင်းတာဝန်ထမ်းဆောင်လာသော ဦးစီးအရာရှိ ဦးအောင်သူမင်းအား မော်လိုက်ခရိုင် သာသနာရေးမှူးရုံးတွင် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ၁ နှစ် အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၁၀ ။ ။ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူမင်းအား လုပ်ငန်းလိုအပ်ချက်အရ ဝန်ကြီးရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

ဦးဆန်းဆင့်၊

ပြည်ထောင်စုဝန်ကြီး၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊

သာသနာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သမဝါယမဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

**သမဝါယမဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီနှင့် ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

သမဝါယမဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေမှ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပစ္စည်းများဝယ်ယူရာတွင်လည်းကောင်း စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရေး၊ အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီစေရေးနှင့် ကြီးကြပ်စစ်ဆေးဆောင်ရွက်နိုင်ရန်အတွက် **"သမဝါယမဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီနှင့် ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ"** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

**(က) သမဝါယမဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးသန်းထွန်း | ဒုတိယဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | ဦးအောင်ဖြူ | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးကျော်ငွေ | ညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးလှမိုး | ဦးဆောင်ညွှန်ကြားရေးမှူး<br>သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း | အဖွဲ့ဝင် |
| (၅) | ဦးသောင်းနိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးမြသန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးဦးတင်သိန်း | အထွေထွေမန်နေဂျာ<br>သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း | အဖွဲ့ဝင် |
| (၈) | ဒေါက်တာသိန်းထွန်း | ဒုတိယပါမောက္ခချုပ်<br>သမဝါယမတက္ကသိုလ် (သန်လျင်) | အဖွဲ့ဝင် |
| (၉) | ဒေါက်တာရီရီဝင်း | ဒုတိယပါမောက္ခချုပ်<br>သမဝါယမတက္ကသိုလ် (စစ်ကိုင်း) | အဖွဲ့ဝင် |
| (၁၀) | ဦးဇော်မျိုး | ရုံးအဖွဲ့မှူး<br>သမဝါယမဝန်ကြီးရုံး | အတွင်းရေးမှူး |

**(ခ) သမဝါယမဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

(၁) ဆောင်ရွက်လိုသည့် တည်ဆောက်ရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုကို ရရှိမည့် အကျိုးသက်ရောက်မှုဖြင့် နှိုင်းယှဉ်လေ့လာစိစစ်သွားရန်။

(၂) ဝန်ကြီးဌာနနှင့် ဦးစီးဌာန/လုပ်ငန်းများ၏ တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆဲစည်းမျဉ်း ညွှန်ကြားချက်များနှင့်အညီ စိစစ်ရန်။

(၃) တည်ဆောက်ရေးလုပ်ငန်းများ၏နည်းစနစ်၊ လုပ်ငန်းအစီအစဉ်နှင့် တိုးတက်မှုအခြေအနေများကို သုံးသပ်ရန်။

(၄) တည်ဆောက်ရေးလုပ်ငန်းများအတွက် ဦးစားပေးအဆင့် အတည်ပြုသတ်မှတ်ပေးရန်။

(၅) ဦးစီးဌာန/လုပ်ငန်းများက ဆောင်ရွက်ရန် တင်ပြသော တည်ဆောက်ရေးလုပ်ငန်းများကို နည်းပညာနှင့်ဒီဇိုင်းများ၊ ခေတ်မီ၍ စံချိန်စံညွှန်းပြည့်မီစွာ ဆောက်လုပ်နိုင်ရေး၊ ကုန်ကျစရိတ်သက်သာစေရေး စိစစ်ပေးရန်။

(၆) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အဆိုပြုတင်ပြသည့်နေရာများကို စိစစ်ရန်။

(၇) ဆောင်ရွက်လိုသည့် တည်ဆောက်ရေးလုပ်ငန်းများအား နေရာ၊ ဒေသပတ်ဝန်းကျင် အခြေအနေနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ပေးရန်။

(၈) ဦးစီးဌာန/လုပ်ငန်းများမှ တင်ပြလာသော တည်ဆောက်ရေးလုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ဦးတည်ချက်များနှင့်အညီ ဦးစားပေးကဏ္ဍအလိုက် အတည်ပြုခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြင်ဆင်အတည်ပြုခြင်း စသည်တို့အား ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် စိစစ်တင်ပြရန်။

(၉) တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း ရှိ/မရှိနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘုတ်အဖွဲ့ဖြင့် ရွေးချယ်၍ လုပ်ငန်းအပ်နှံခြင်း ရှိ/မရှိကို စစ်ဆေးရန်။

(၁၀) တင်ဒါခေါ်၍ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘုတ်အဖွဲ့ဖြင့် ရွေးချယ်ထားပြီးဖြစ်သော်လည်း ဝန်ကြီးဌာနစီမံခန့်ခွဲရေးကော်မတီ (EC) သို့ တင်ပြအတည်ပြုချက်ရယူထားခြင်း ရှိ/မရှိ စစ်ဆေးရန်။

(၁၁) စီမံခန့်ခွဲရေးကော်မတီမှ အိတ်ဖွင့်တင်ဒါခေါ်ယူရန် ခွင့်ပြုပါက တင်ဒါတွင် ထည့်သွင်းပေးရမည့် လိုအပ်သည့် အချက်အလက်များ၊ Specification များကို ဦးစီးဌာန/ လုပ်ငန်းများမှ တောင်းယူ၍ သတင်းစာများမှ ကြော်ငြာပြီး အိတ်ဖွင့်တင်ဒါခေါ်ယူရေး ကြီးကြပ်ဆောင်ရွက်ရန်။

(၁၂) တင်ဒါတင်သွင်းသည့် ကုမ္ပဏီစာရင်းများကို ပြုစုပြီး တင်ဒါတင်သွင်းလွှာများကို သက်ဆိုင်ရာ ဦးစီးဌာန/လုပ်ငန်းသို့ပေးပို့၍ လိုအပ်ချက်နှင့် ကိုက်ညီမှု ရှိ/မရှိ၊ Specification နှင့် ညီညွတ်မှု ရှိ/မရှိ၊ Country of Origin မှန်/မမှန်၊ Technology ပိုင်း စစ်ဆေးရေးအဖွဲ့များနှင့် စိစစ်ရေးကြီးကြပ်ကွပ်ကဲရန်။

(၁၃) တည်ဆောက်ရေးလုပ်ငန်းများကို တင်ပြရာတွင် တင်ပြထားသည့် (Estimate) နှင့် ကိုက်ညီမှု ရှိ/မရှိ၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီး လုပ်ငန်းများအား တင်ပြထားသည့်အတိုင်း ဆောက်လုပ်ထားခြင်း ရှိ/မရှိကို စစ်ဆေးရန်။

(၁၄) အဆောက်အဦများအား ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်ရာတွင် ဈေးနှုန်းများမှန်ကန်မှု ရှိ/မရှိ၊ သုံးစွဲသည့် ပစ္စည်းအရည်အသွေး မှန်ကန်မှု ရှိ/မရှိ စိစစ်ရန်။

(၁၅) ကော်မတီ၏ အထက်ပါကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်များအရ လုပ်ငန်းညွှန်ကြားချက်များ ထုတ်ပြန်ရန်။

**(ဂ) သမဝါယမဝန်ကြီးဌာန၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (၁) ဦးသန်းထွန်း | ဒုတိယဝန်ကြီး | ဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| (၂) | ဦးအောင်ဖြူ | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးကျော်ငွေ | ညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးလှမိုး | ဦးဆောင်ညွှန်ကြားရေးမှူး<br>သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း | အဖွဲ့ဝင် |
| (၅) | ဦးသောင်းနိုင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးမြသန်း | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးဦးတင်သိန်း | အထွေထွေမန်နေဂျာ<br>သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း | အဖွဲ့ဝင် |
| (၈) | ဒေါက်တာသိန်းထွန်း | ဒုတိယပါမောက္ခချုပ်<br>သမဝါယမတက္ကသိုလ် (သန်လျင်) | အဖွဲ့ဝင် |
| (၉) | ဒေါက်တာရီရီဝင်း | ဒုတိယပါမောက္ခချုပ်<br>သမဝါယမတက္ကသိုလ် (စစ်ကိုင်း) | အဖွဲ့ဝင် |
| (၁၀) | ဦးဇော်မျိုး | ရုံးအဖွဲ့မှူး<br>သမဝါယမဝန်ကြီးရုံး | အတွင်းရေးမှူး |

**(ဃ) သမဝါယမဝန်ကြီးဌာန၏ ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

(၁) ပစ္စည်းဝယ်ယူရေးနှင့်ပတ်သက်၍ စိစစ်ခြင်းလုပ်ငန်းများအတွက် ပြည်ထောင်စုဝန်ကြီးကို တာဝန်ခံရပါမည်။

(၂) သမဝါယမဝန်ကြီးဌာနရှိ ဝန်ကြီးရုံး/ဦးစီးဌာန/လုပ်ငန်းတို့၏ ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေများမှ လျာထားသည့် စက်ကိရိယာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူရေးအတွက် ခွင့်ပြုရန်ပုံငွေအတွင်းမှ ပစ္စည်းအမျိုးအစားဈေးနှုန်းများ မှန်ကန်စွာဝယ်ယူခြင်းရှိ/မရှိ ကြီးကြပ် ဆောင်ရွက်ရန်။

(၃) ဝန်ကြီးရုံး၊ ဦးစီးဌာန/လုပ်ငန်းများစုပေါင်း၍ ပစ္စည်းများဝယ်ယူရေးအတွက် သတင်းစာတွင် အိတ်ဖွင့်တင်ဒါခေါ်ယူရေး ကြီးကြပ်ဆောင်ရွက်ရန်။

(၄) ပစ္စည်းများဝယ်ယူရေးအတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် သတင်းစာမှခေါ်ယူပြီး တင်သွင်းလာသည့် တင်ဒါများကို Technology ပိုင်းစစ်ဆေးစိစစ်သည့်အဖွဲ့၊ ဈေးနှုန်းစိစစ်သည့်အဖွဲ့တို့ဖြင့် စစ်ဆေးစိစစ်၍ ပစ္စည်းအရည်အသွေးမှန်ကန်ပြီး ဈေးနှုန်းအနည်းဆုံးတင်သွင်းသော တင်ဒါအောင်မြင်သည့် ကုမ္ပဏီကို ရွေးချယ်ရေး ကြီးကြပ်ဆောင်ရွက်ရန်။

(၅) ရွေးချယ်သည့်ကုမ္ပဏီ၊ ပစ္စည်း၊ ဈေးနှုန်းများကို သမဝါယမဝန်ကြီးဌာန Website တွင် ထုတ်ပြန်ရန်။

(၆) အထက်ပါ ပစ္စည်းဝယ်ယူရေး ဆောင်ရွက်ချက်အဆင့်ဆင့်ကို သမဝါယမဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီသို့ တင်ပြအတည်ပြုချက် ရယူရန်။

(၇) ကော်မတီသည် အခါအားလျော်စွာ သီးသန့်အစည်းအဝေးပြုလုပ်ပြီး နိုင်ငံတော်မှ ထုတ်ပြန်သည့် စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ကြပ်မတ်ဆောင်ရွက်၍ သမဝါယမဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြ အဆုံးအဖြတ်ခံယူရေးကို ကြီးကြပ်ဆောင်ရွက်ရန်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် )

သမဝါယမဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ဖော်ပြပါ ဌာနစုမှူး (ဦးစီးအရာရှိ) လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) (၃) ဦးတို့အား ဌာနခွဲမှူး (လက်ထောက်ညွှန်ကြားရေးမှူး) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးသို့ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

၁။ ဒေါ်ဝေဝေသန်း

၂။ ဦးရဲထွန်း

၃။ ဒေါ်ခိုင်သဇင်

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် ရက်စွဲပါ စာအမှတ်၊ ၄၅၄/၃၅၆-ဖွဲ့စည်း/အဖရ (၂၀၁၁) ဖြင့် ညွှန်ကြားချက်အရ သမဝါယမဝန်ကြီးဌာန၏ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၂/၂၀၁၁ ဖြင့် ဖွဲ့စည်းထားသည့် **"သမဝါယမဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

(က) ဦးလှမိုး၊ ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ခေါင်းဆောင်
သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း

(ခ) ဦးဇော်မျိုး၊ ရုံးအဖွဲ့မှူး — အဖွဲ့ဝင်
သမဝါယမဝန်ကြီးဌာန၊ ဝန်ကြီးရုံး

(ဂ) ဦးဆွေတင့်၊ ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

(ဃ) ဦးရဲထွန်း၊ ဌာနခွဲမှူး — အဖွဲ့ဝင်
သမဝါယမဝန်ကြီးဌာန၊ ဝန်ကြီးရုံး

(င) ဦးမြင့်အောင်၊ ဒုတိယညွှန်ကြားရေးမှူး — အတွင်းရေးမှူး
သမဝါယမဦးစီးဌာန

၂။ ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၆ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၃-၂၀၁၆ ခုနှစ်အတွက် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၏ နာယကအဖွဲ့ကို ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ (၃) နှစ်တာကာလအတွက် တာဝန်ပေးအပ်လိုက်သည် -

**နာယကအဖွဲ့**

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးဝင်းမြင့်<br>ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | နာယက |
| ၂။ | ဦးဝင်းအောင်<br>ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် | နာယက |

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၃။ | ဦးချစ်ခိုင်<br>ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် | နာယက |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၃

### မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၆ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၃-၂၀၁၆ ခုနှစ်အတွက် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအဖြစ် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ (၃) နှစ်တာကာလအတွက် တာဝန်ပေးအပ်လိုက်သည် -

### ဗဟိုအလုပ်အမှုဆောင်အဖွဲ့

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၁) | ဦးတင်ဝင်း<br>ဆန်စက်ပိုင်၊ ဒေးဒရဲမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (၂) | ဦးကိုကိုကြီး<br>ဆန်စက်ပိုင်၊ တောင်ငူမြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးထွေး<br>ဆန်စက်ပိုင်၊ သုံးခွမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | ဒုတိယဥက္ကဋ္ဌ |
| (၄) | ဦးတင့်အောင်<br>ဆန်စက်ပိုင်၊ ကျိုက်လတ်မြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | ဒုတိယဥက္ကဋ္ဌ |
| (၅) | ဦးသောင်းဝင်း<br>ဆန်စက်ပိုင်၊ လှိုင်သာယာမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အထွေထွေအတွင်းရေးမှူး |
| (၆) | ဦးဝင်းအေးဖေ<br>ဆန်စက်ပိုင်၊ ကဝမြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | တွဲဖက်အတွင်းရေးမှူး (၁) |
| (၇) | ဦးအောင်ကျော်စိုး<br>ဆန်စက်ပိုင်၊ မှော်ဘီမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | တွဲဖက်အတွင်းရေးမှူး (၂) |
| (၈) | ဦးခင်မောင်ချို<br>ဆန်စက်ပိုင်၊ အုတ်ဖိုမြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | တွဲဖက်အတွင်းရေးမှူး (၃) |

| စဉ် | အမည် | တာဝန် |
| --- | --- | --- |
| (၉) | ဦးသန့်ဇင်<br>ဆန်စက်ပိုင်၊ မြောင်းမြမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | ဘဏ္ဍာရေးမှူး |
| (၁၀) | ဦးနိုင်လင်း<br>ဆန်စက်ပိုင်၊ ခရမ်းမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | စာရင်းစစ် |
| (၁၁) | ဦးမျိုးဝေ<br>ဆန်စက်ပိုင်၊ ပုသိမ်မြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၁၂) | ဦးသိန်းဇော်<br>ဆန်စက်ပိုင်၊ ကွမ်းခြံကုန်းမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၁၃) | ဦးဟန်စိန်<br>ဆန်စက်ပိုင်၊ ညောင်တုန်းမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၁၄) | ဦးကင်ချိန်း<br>ဆန်စက်ပိုင်၊ မုဒုံမြို့နယ်<br>မွန်ပြည်နယ် | ဗဟိုအလုပ်အမှုဆောင် |
| (၁၅) | ဦးလှမြင့်<br>ဆန်စက်ပိုင်၊ ဟင်္သာတမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၁၆) | ဦးမြင့်ဦး<br>ဆန်စက်ပိုင်၊ မအူပင်မြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၁၇) | ဦးသိန်းရီ<br>ဆန်စက်ပိုင်၊ ထန်းတပင်မြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၁၈) | ဦးအောင်သိန်း<br>ဆန်စက်ပိုင်၊ ရွှေပြည်သာမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၁၉) | ဦးမြင့်ဝမ်း<br>ဆန်စက်ပိုင်၊ မတ္တရာမြို့နယ်<br>မန္တလေးတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၂၀) | ဦးလှပေါ<br>ဆန်စက်ပိုင်၊ ရွှေဘိုမြို့နယ်<br>စစ်ကိုင်းတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၂၁) | ဦးသန်းရွှေ<br>ဆန်စက်ပိုင်၊ စစ်တွေမြို့နယ်<br>ရခိုင်ပြည်နယ် | ဗဟိုအလုပ်အမှုဆောင် |
| (၂၂) | ဦးစိုးဝင်း<br>ဆန်စက်ပိုင်၊ ပုသိမ်မြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၂၃) | ဦးလှမိုး (ခ) ဦးထိုင်ထိုင်<br>ဆန်စက်ပိုင်၊ ပြည်မြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၂၄) | ဦးငွေအောင်<br>ဆန်စက်ပိုင်၊ ပုသိမ်ကြီးမြို့နယ်<br>မန္တလေးတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၂၅) | ဦးကျော်အေး<br>ဆန်စက်ပိုင်၊ တောင်ကြီးမြို့နယ်<br>ရှမ်းပြည်နယ် | ဗဟိုအလုပ်အမှုဆောင် |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၃

## မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၆ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၃-၂၀၁၆ ခုနှစ်အတွက် မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များအဖြစ် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ (၃) နှစ်တာကာလအတွက် တာဝန်ပေးအပ်လိုက်သည် -

### အလုပ်အမှုဆောင်အဖွဲ့

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၁) | ဦးလှထွန်း<br>ဆန်စက်ပိုင်၊ လှိုင်သာယာမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂) | ဦးသောင်းလွင်<br>ဆန်စက်ပိုင်၊ မိုးညှင်းမြို့နယ်<br>ကချင်ပြည်နယ် | အလုပ်အမှုဆောင် |
| (၃) | ဦးခင်ဝင်း<br>ဆန်စက်ပိုင်၊ တောင်ငူမြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄) | ဦးတင်ဖေ<br>ဆန်စက်ပိုင်၊ မြောင်းမြမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၅) | ဦးအေးကြိုင်<br>ဆန်စက်ပိုင်၊ ဖျာပုံမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၆) | ဦးအောင်မျိုးသန့်<br>ဆန်စက်ပိုင်၊ ဟင်္သာတမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၇) | ဦးထွန်းမြင့်စိုး<br>ဆန်စက်ပိုင်၊ ညောင်လေးပင်မြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၈) | ဦးသိန်းထွန်း<br>ဆန်စက်ပိုင်၊ ကြို့ပင်ကောက်မြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၉) | ဦးကျော်မိုးခိုင်<br>ဆန်စက်ပိုင်၊ လက်ပံတန်းမြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၁၀) | ဒေါ်မြင့်မြင့်သောင်း<br>ဆန်စက်ပိုင်၊ ဇီးကုန်းမြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၁၁) | ဦးလှသိန်းထွန်း<br>ဆန်စက်ပိုင်၊ ပေါင်းတည်မြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၁၂) | ဒေါ်သန်းသန်းဌေး<br>ဆန်စက်ပိုင်၊ ပန်းတောင်းမြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၁၃) | ဦးတင်ဌေး<br>ဆန်စက်ပိုင်၊ လှိုင်သာယာမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၁၄) | ဦးမျိုးသူရအေး<br>ဆန်စက်ပိုင်၊ ဒေါပုံမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၁၅) | ဦးသန်းညွန့်<br>ဆန်စက်ပိုင်၊ ရမည်းသင်းမြို့နယ်<br>မန္တလေးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၁၆) | ဦးစိုးလှိုင်<br>ဆန်စက်ပိုင်၊ စကုမြို့နယ်<br>မကွေးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၁၇) | ဦးတင်မြင့်<br>ဆန်စက်ပိုင်၊ တန့်ဆည်မြို့နယ်<br>စစ်ကိုင်းတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၁၈) | ဦးဇော်လွင်<br>ဆန်စက်ပိုင်၊ ထားဝယ်မြို့နယ်<br>တနင်္သာရီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၁၉) | ဦးမင်းဇော်<br>ဆန်စက်ပိုင်၊ မိုင်းတုံမြို့နယ်<br>ရှမ်းပြည်နယ် | အလုပ်အမှုဆောင် |
| (၂၀) | ဦးစောလှဦး<br>ဆန်စက်ပိုင်၊ အမ်းမြို့နယ်<br>ရခိုင်ပြည်နယ် | အလုပ်အမှုဆောင် |
| (၂၁) | ဦးပေါ်ထွန်း<br>ဆန်စက်ပိုင်၊ ဘားအံမြို့နယ်<br>ကရင်ပြည်နယ် | အလုပ်အမှုဆောင် |
| (၂၂) | ဦးမောင်မောင်ဇော်<br>ဆန်စက်ပိုင်၊ ကံကြီးဒေါင့်မြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂၃) | ဦးမောင်မောင်ဝင်း<br>ဆန်စက်ပိုင်၊ ပုသိမ်မြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂၄) | ဦးသန့်ဇော်ထူး<br>ဆန်စက်ပိုင်၊ မြောင်းမြမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂၅) | ဦးမောင်မောင်ဝင်း<br>ဆန်စက်ပိုင်၊ မြောင်းမြမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂၆) | ဒေါ်လှမြင့်သိန်း<br>ဆန်စက်ပိုင်၊ ရေကြည်မြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂၇) | ဦးမြင့်<br>ဆန်စက်ပိုင်၊ ပဲခူးမြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂၈) | ဦးဝင်းဂိုတ်<br>ဆန်စက်ပိုင်၊ ပဲခူးမြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၂၉) | ဦးမြတ်ထွန်း<br>ဆန်စက်ပိုင်၊ ပေါင်းတည်မြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၀) | ဦးထင်ဇော်လှိုင်<br>ဆန်စက်ပိုင်၊ ပြည်မြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၁) | ဦးကြည်အုန်း<br>ဆန်စက်ပိုင်၊ ပုသိမ်ကြီးမြို့နယ်<br>မန္တလေးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၂) | ဦးကံညိမ်း<br>ဆန်စက်ပိုင်၊ ပုသိမ်ကြီးမြို့နယ်<br>မန္တလေးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၃) | ဦးဝင်းဌေး<br>ဆန်စက်ပိုင်၊ မတ္တရာမြို့နယ်<br>မန္တလေးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၄) | ဦးခိုင်ဦး<br>ဆန်စက်ပိုင်၊ မော်လမြိုင်မြို့နယ်<br>မွန်ပြည်နယ် | အလုပ်အမှုဆောင် |
| (၃၅) | ဦးအုန်းဟန်<br>ဆန်စက်ပိုင်၊ ဖျာပုံမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၆) | ဦးမောင်မောင်တာ<br>ဆန်စက်ပိုင်၊ ဘိုကလေးမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၇) | ဦးထွန်းမြင့်အောင်<br>ဆန်စက်ပိုင်၊ ဒေးဒရဲမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၈) | ဦးနေလင်း<br>ဆန်စက်ပိုင်၊ ဝါးခယ်မမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၉) | ဦးကျော်ဝင်းသန်း<br>ဆန်စက်ပိုင်၊ ဖျာပုံမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၀) | ဦးဇေယျာမျိုး<br>ဆန်စက်ပိုင်၊ ကျိုက်လတ်မြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၄၁) | ဦးနေလင်းဇင်<br>ဆန်စက်ပိုင်၊ လှိုင်သာယာမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၂) | ဦးထွေးမောင်<br>ဆန်စက်ပိုင်၊ ကွမ်းခြံကုန်းမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၃) | ဦးတင်အောင်လေး<br>ဆန်စက်ပိုင်၊ ကော့မှူးမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၄) | ဦးဌေးကြွယ်<br>ဆန်စက်ပိုင်၊ တွံတေးမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၅) | ဦးတင်ဦး<br>ဆန်စက်ပိုင်၊ ဒလမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၆) | ဒေါ်သီတာဝင်း<br>ဆန်စက်ပိုင်၊ အင်းစိန်မြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၇) | ဦးရာဇာမျိုး<br>ဆန်စက်ပိုင်၊ လှိုင်သာယာမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၈) | ဦးစိုးမိုးကျော်<br>ဆန်စက်ပိုင်၊ သုံးခွမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၃

### မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ နာယကအဖွဲ့ ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၆ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၃-၂၀၁၆ ခုနှစ်အတွက် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ နာယကအဖွဲ့ကို ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ (၃) နှစ်တာကာလအတွက် တာဝန်ပေးအပ်လိုက်သည် -

**နာယကအဖွဲ့**

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၁) | ဦးကျင်အောင်<br>အောင်မိသားစုဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | နာယက |

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၂) | ဦးအုန်းငွေ<br>ငွေကမ္ဘာဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | နာယက |
| (၃) | ဦးအောင်မင်း<br>ပွင့်ဦး (၁) ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | နာယက |

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၁၃**

**မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၆ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၃-၂၀၁၆ ခုနှစ်အတွက် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအဖြစ် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ (၃) နှစ်တာကာလအတွက် တာဝန်ပေးအပ်လိုက်သည် -

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၁) | ဦးအောင်သန်းဦး<br>ပင်လယ်ကိုးသွယ်ကုမ္ပဏီ | ဥက္ကဋ္ဌ |
| (၂) | ဦးမောင်မောင်အေး<br>ရဲရင့်အောင်ဆန်ရောင်းဝယ်ရေး<br>ဘုရင့်နောင်၊ ရန်ကုန်တိုင်းဒေသကြီး | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ဦးမျိုးအောင်ကျော်<br>ထူးကဲဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) | ဦးစိုးမောင်<br>အောင်စိုးပိုင်ဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | ဒုတိယဥက္ကဋ္ဌ (၃) |
| (၅) | ဦးကျော်ဝင်း<br>ဇမ္ဗူကျော်ဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | ဒုတိယဥက္ကဋ္ဌ (၄) |
| (၆) | ဦးမြင့်ဝင်း<br>မြင့်ဆန်ပွဲရုံ၊ အောင်မြေသာဇံမြို့နယ်<br>မန္တလေးတိုင်းဒေသကြီး | ဒုတိယဥက္ကဋ္ဌ (၅) |
| (၇) | ဦးအောင်မြင့်<br>ဆင်မင်းဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | အထွေထွေအတွင်းရေးမှူး |

| စဉ် အမည် | တာဝန် |
| --- | --- |
| (၈) ဦးလူမော်မြင့်မောင်<br>မနောမြေဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | တွဲဖက်အတွင်းရေးမှူး (၁) |
| (၉) ဦးကျော်ကိုဆန်း<br>ဆန်ရောင်းဝယ်ရေး၊ ဗဟန်းဈေး<br>ရန်ကုန်တိုင်းဒေသကြီး | တွဲဖက်အတွင်းရေးမှူး (၂) |
| (၁၀) ဒေါ်ချိုချို<br>မြရွှေစင်ဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | တွဲဖက်အတွင်းရေးမှူး (၃) |
| (၁၁) ဒေါ်နွယ်နွယ်ဝင်း<br>ရွှေမြင်းပျံဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | ဘဏ္ဍာရေးမှူး (၁) |
| (၁၂) ဒေါ်ဝင်းဝင်းမော်<br>အိုကေဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | ဘဏ္ဍာရေးမှူး (၂) |
| (၁၃) ဦးတင်ဝင်း<br>ပထမဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီ<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | စာရင်းစစ် (၁) |
| (၁၄) ဒေါ်ချိုချို<br>အိုကေဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | စာရင်းစစ် (၂) |
| (၁၅) ဦးထွေးမြင့်<br>ဟေလာဆန်ပွဲရုံ၊ ချမ်းအေးသာဇံမြို့နယ်<br>မန္တလေးတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၁၆) ဦးမောင်မောင်ဇော်<br>ဆန်ကုန်သည်၊ ပုသိမ်မြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၁၇) ဦးမောင်မောင်ကျော်<br>ဆန်ကုန်သည်၊ တောင်ငူမြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၁၈) ဦးဇော်လွင်ဦး<br>သီတာရေစင်ဆန်စက်၊ နတ်တလင်းမြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၁၉) ဦးတင်မြင့်ဦး<br>ဆန်ကုန်သည်၊ မော်လမြိုင်မြို့နယ်<br>မွန်ပြည်နယ် | ဗဟိုအလုပ်အမှုဆောင် |

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၂၀) | ဦးဦးဘိုးသိန်း<br>အင်းပေါက်ဝဆန်ရောင်းဝယ်ရေး<br>စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ဗဟိုအလုပ်အမှုဆောင် |
| (၂၁) | ဦးချစ်လွင်<br>ရွှေထိုက်စိုးပွဲရုံ၊ မြစ်ကြီးနားမြို့နယ်<br>ကချင်ပြည်နယ် | ဗဟိုအလုပ်အမှုဆောင် |
| (၂၂) | ဦးဉာဏ်ဝင်း<br>ဝင်းဆန်ရောင်းဝယ်ရေး၊ တာမွေမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၂၃) | ဦးတင်မြ<br>မြရွှေဝါဆန်စက်၊ သန်လျင်မြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၂၄) | ဦးတင်ဦး<br>စိုးဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၂၅) | ဦးမြင့်ဝင်း<br>သိန်းဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၂၆) | ဦးဝင်းဦး<br>ဆန်ကုန်သည်၊ သနပ်ပင်မြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၂၇) | ဦးမောင်နိုင်<br>အောင်မြတ်ကျော်ဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၂၈) | ဦးထင်အောင်<br>အောင်ဘောဂဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၂၉) | ဦးအောင်သန်းထွန်း<br>မြတ်သုခဆန်ပွဲရုံ၊ ချမ်းအေးသာဇံမြို့နယ်<br>မန္တလေးတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၃၀) | ဦးတင်ရီ<br>နေလဆန်ပွဲရုံ၊ ဟင်္သာတမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၃၁) | ဦးဝင်းလှိုင် (ခ) ဦးညို<br>ဆန်ကုန်သည်၊ ကျိုက်လတ်မြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |

| စဉ် | အမည် | တာဝန် |
| --- | --- | --- |
| (၃၂) | ဦးသိန်းတန်<br>ဆန်ကုန်သည်၊ မကွေးမြို့နယ်<br>မကွေးတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၃၃) | ဦးလှပေါ<br>သိင်္ဂီရတနာရောင်းဝယ်မှုကုမ္ပဏီ၊ ရွှေဘိုမြို့နယ်<br>စစ်ကိုင်းတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၃၄) | မောင်ထွေးဝေ<br>ဆန်ကုန်သည်၊ မြိတ်မြို့နယ်<br>တနင်္သာရီတိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၃၅) | ဦးနေလင်း<br>ထူးသစ်ဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၃၆) | ဦးငွေဦး<br>ဆန်ကုန်သည်၊ သာကေတမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၃၇) | ဦးဇော်ခိုင်<br>သစ္စာမဏ္ဍိုင်ဆန်ပွဲရုံ၊ မြောက်ဥက္ကလာပမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၃၈) | ဦးမျိုးနိုင်<br>ဆန်ကုန်သည်၊ ကြည့်မြင်တိုင်မြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၃၉) | ဦးသန်းဦး<br>ဆန်ကုန်သည်၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၄၀) | ဒေါ်သီတာဝင်း<br>ဆန်စက်၊ အင်းစိန်မြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၄၁) | ဦးတိုးဆွေ<br>ဆန်ကုန်သည်၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၄၂) | ဒေါ်တင်တင်မော်<br>၉၉၉ ဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၄၃) | ဦးခင်မောင်စိုး<br>ကျားခေါင်းဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၄၄) | ဒေါ်ခင်အုန်း<br>သစ်လွင်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |
| (၄၅) | ဦးရဲကျော်ညွန့်<br>ဆန်ကုန်သည်၊ ပုဇွန်တောင်မြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | ဗဟိုအလုပ်အမှုဆောင် |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၁၃**

**မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၆ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၃-၂၀၁၆ ခုနှစ်အတွက် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များအဖြစ် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ (၃) နှစ်တာကာလအတွက် တာဝန်ပေးအပ်လိုက်သည် -

**အလုပ်အမှုဆောင်အဖွဲ့**

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၁) | ဦးရောင်စိန်<br>ရွှေမီးအိမ်ဆန်ပွဲရုံ၊ လမ်းမတော်မြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂) | ဦးလှမြင့်<br>လသာဆန်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃) | ဦးမင်းလွင်<br>ရွှေလင်းယုန်ဆန်ရောင်းဝယ်ရေး၊ အင်းစိန်မြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄) | ဦးအောင်တင့်ကျော်<br>ဆန်ကုန်သည်၊ ပခုက္ကူမြို့နယ်<br>မကွေးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၅) | ဦးတင်မြင့်<br>လက်ရွေးစင်ပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၆) | ဦးလင်းအောင်သက်<br>ဆန်ကုန်သည်၊ လွိုင်ကော်မြို့နယ်<br>ကယားပြည်နယ် | အလုပ်အမှုဆောင် |
| (၇) | ဦးစိုးမြင့်<br>ဆန်ကုန်သည်၊ ဘားအံမြို့နယ်<br>ကရင်ပြည်နယ် | အလုပ်အမှုဆောင် |

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၈) | ဦးစိုးခန့်<br>ဆန်ကုန်သည်၊ စစ်တွေမြို့နယ်<br>ရခိုင်ပြည်နယ် | အလုပ်အမှုဆောင် |
| (၉) | ဦးအောင်သန်း<br>အောင်မြင့်မိုရ်ဆန်ပွဲရုံ၊ ပခုက္ကူမြို့နယ်<br>မကွေးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၁၀) | ဦးဘဟိန်း<br>ဆန်ကုန်သည်၊ ဖျာပုံမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၁၁) | ဦးကျင်ထွန်း<br>ဆန်ကုန်သည်၊ သာယာဝတီမြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၁၂) | ဦးတင်စိုးကြွယ်<br>စပါယ်ဦးဆန်ပွဲရုံ၊ မုံရွာမြို့နယ်<br>စစ်ကိုင်းတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၁၃) | ဦးစိုးမင်း<br>ဆန်ကုန်သည်၊ မော်လမြိုင်မြို့နယ်<br>မွန်ပြည်နယ် | အလုပ်အမှုဆောင် |
| (၁၄) | ဦးသန်းအောင်<br>ဆန်ကုန်သည်၊ မော်လမြိုင်မြို့နယ်<br>မွန်ပြည်နယ် | အလုပ်အမှုဆောင် |
| (၁၅) | ဦးဝင်းမောင်<br>ဆန်ကုန်သည်၊ တောင်ကြီးမြို့နယ်<br>ရှမ်းပြည်နယ် | အလုပ်အမှုဆောင် |
| (၁၆) | ဦးတင်ထွန်းအောင်<br>ဆန်ကုန်သည်၊ တောင်ကြီးမြို့နယ်<br>ရှမ်းပြည်နယ် | အလုပ်အမှုဆောင် |
| (၁၇) | ဦးစိုင်းတို<br>ဆန်ကုန်သည်၊ ကျိုင်းတုံမြို့နယ်<br>ရှမ်းပြည်နယ် | အလုပ်အမှုဆောင် |
| (၁၈) | ဦးရဲထွန်း<br>ဆန်ကုန်သည်၊ ရပ်စောက်မြို့နယ်<br>ရှမ်းပြည်နယ် | အလုပ်အမှုဆောင် |
| (၁၉) | ဦးနိုင်လွင်လတ် (ခ) နိုင်းနိုင်း<br>ဆန်ကုန်သည်၊ ထားဝယ်မြို့နယ်<br>တနင်္သာရီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၂၀) | ဦးယဉ်ထွေး<br>ဆန်ကုန်သည်၊ တောင်ငူမြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂၁) | ဦးအောင်မြင့်<br>ဆန်ကုန်သည်၊ ဒိုက်ဦးမြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂၂) | ဦးသိုက်စိုး<br>ဆန်ကုန်သည်၊ ကဝမြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂၃) | ဦးဝင်းကိတ်<br>ဆန်ကုန်သည်၊ တောင်ငူမြို့နယ်<br>ပဲခူးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂၄) | ဦးစိန်အေးမောင်<br>ဆန်ကုန်သည်၊ မကွေးမြို့နယ်<br>မကွေးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂၅) | ဦးသံချောင်း<br>ဆန်ကုန်သည်၊ မကွေးမြို့နယ်<br>မကွေးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂၆) | ဦးမျိုးလွင်ဦး<br>လွင်လွင်ဦးဆန်ဆိုင်၊ ပခုက္ကူမြို့နယ်<br>မကွေးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂၇) | ဦးတင်ကိုကို<br>ဆန်ကုန်သည်၊ ချမ်းအေးသာဇံမြို့နယ်<br>မန္တလေးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂၈) | ဦးကံညွန့်<br>ဆန်ကုန်သည်၊ ချမ်းအေးသာဇံမြို့နယ်<br>မန္တလေးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၂၉) | ဦးထွန်းထွန်းနိုင်<br>ဆန်ကုန်သည်၊ ချမ်းအေးသာဇံမြို့နယ်<br>မန္တလေးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၀) | ဦးခင်မောင်လတ်<br>ဆန်ကုန်သည်၊ ချမ်းအေးသာဇံမြို့နယ်<br>မန္တလေးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၁) | ဒေါ်မြတ်သီတာ<br>သူရိယပွဲရုံ၊ ဘုရင့်နောင်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၃၂) | ဦးညွန့်ဝင်း<br>ဆန်စက်ပိုင်၊ ပုသိမ်ကြီးမြို့နယ်<br>မန္တလေးတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၃) | ဦးညီညီထွန်း<br>ငွေစံပါယ်ဆန်ပွဲရုံ၊ မော်လမြိုင်မြို့နယ်<br>မွန်ပြည်နယ် | အလုပ်အမှုဆောင် |
| (၃၄) | ဦးသိန်းဇံ<br>ဆန်ကုန်သည်၊ ကမာရွတ်မြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၅) | ဦးအုန်းမြင့်မောင်<br>ဆန်ကုန်သည်၊ မြောက်ဒဂုံမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၆) | ဦးစောပိုမှူး<br>ဆန်ကုန်သည်၊ လှိုင်မြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၇) | ဦးလှကြည်<br>ဆန်ကုန်သည်၊ ဒဂုံဆိပ်ကမ်းမြို့နယ်<br>ရန်ကုန်တိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၈) | ဦးခင်မောင်အေး<br>ဆန်ကုန်သည်၊ ပုသိမ်မြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၃၉) | ဦးသစ်လှိုင်<br>ဆန်ကုန်သည်၊ ပုသိမ်မြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၀) | ဦးသိန်းစိုးဦး<br>ဆန်ကုန်သည်၊ ပုသိမ်မြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၁) | ဦးအောင်ကျော်မင်း<br>ဆန်ကုန်သည်၊ မအူပင်မြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၂) | ဦးမြင့်သိန်း<br>ဆန်ကုန်သည်၊ ဖျာပုံမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၃) | ဦးသိန်းထွန်း<br>ဆန်ကုန်သည်၊ မြောင်းမြမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |

| စဉ် | အမည် | တာဝန် |
|---|---|---|
| (၄၄) | ဦးဇော်လင်းထွန်း<br>ဆန်ကုန်သည်၊ ကျိုက်လတ်မြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၅) | ဦးစည်သူခိုင်<br>ဆန်ကုန်သည်၊ ဒေးဒရဲမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၆) | ဦးလှသိန်း<br>ဆန်ကုန်သည်၊ ရွှေဘိုမြို့နယ်<br>စစ်ကိုင်းတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၇) | ဦးကျော်စိုး<br>ရွှေလယ်ယာပွဲရုံ၊ ရွှေဘိုမြို့နယ်<br>စစ်ကိုင်းတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၈) | ဦးမင်းအောင်<br>ပြည်ရွှေဘိုဆန်ပွဲရုံ၊ ရွှေဘိုမြို့နယ်<br>စစ်ကိုင်းတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၄၉) | ဦးကိုကိုနိုင်<br>ဆန်ကုန်သည်၊ မုံရွာမြို့နယ်<br>စစ်ကိုင်းတိုင်းဒေသကြီး | အလုပ်အမှုဆောင် |
| (၅၀) | ဦးတင်ဝင်း<br>ဆန်ကုန်သည်၊ ဘိုကလေးမြို့နယ်<br>ဧရာဝတီတိုင်းဒေသကြီး | အလုပ်အမှုဆောင် |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၃

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၅ ရက် )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ စွမ်းအင်ဝန်ကြီးဌာနနှင့် နိုင်ငံခြားကုမ္ပဏီများအကြား အကျိုးတူဆောင်ရွက်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာလုပ်ငန်းများအတွက် စွမ်းအင်ဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသုံးပစ္စည်းကိရိယာများအား ပြည်ပမှတင်သွင်းခြင်းနှင့် လုပ်ငန်းပြီးဆုံး၍ ပြည်ပသို့ ပြန်လည်တင်ပို့ခြင်းများအတွက် ပို့ကုန်/သွင်းကုန်လိုင်စင် လျှောက်ထားခြင်းမှ ကင်းလွတ်ခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၃

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၃) ၏ သဘောတူညီချက်အရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို အရာထမ်းရာထူး (၆၇၈) နေရာ၊ အမှုထမ်းရာထူး (၄၄၃၃) နေရာ၊ စုစုပေါင်းရာထူး (၅၁၁၁) နေရာဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီးရုံး
Office of the Minister

(ခ) ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
Directorate of Trade

(ဂ) ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာန
Department of the Commerce and Consumer Affairs

(ဃ) ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန
Trade Promotion Department

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၃

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၃) ၏ သဘောတူညီချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကို အရာထမ်းရာထူး (၁၆၀) နေရာ၊ အမှုထမ်း ရာထူး (၆၀၇) နေရာ၊ စုစုပေါင်းရာထူး (၇၆၇) နေရာဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) စီမံရေးရာဌာနခွဲ

(ခ) ငွေစာရင်းဌာနခွဲ

(ဂ) စီမံကိန်းနှင့်စာရင်းအင်းဌာနခွဲ

(ဃ) WTO နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဌာနခွဲ

(င) ASEAN နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများဌာနခွဲ

(စ) ကုန်သွယ်မှုမူဝါဒဌာနခွဲ

(ဆ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ

(ဇ) သုတေသနနှင့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၃

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၃) ၏ သဘောတူညီချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနကို **ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန**အမည်ဖြင့် ပြောင်းလဲ၍ အရာထမ်းရာထူး (၂၆၆) နေရာ၊ အမှုထမ်းရာထူး (၂၀၃၄) နေရာ၊ စုစုပေါင်းရာထူး (၂၃၀၀) နေရာဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) စီမံရေးရာဌာနခွဲ

(ခ) ငွေစာရင်းဌာနခွဲ

(ဂ) ကုန်သွယ်မှုစာရင်းအင်းဌာနခွဲ

(ဃ) ပို့ကုန်လုပ်ငန်းဌာနခွဲ

(င) သွင်းကုန်လုပ်ငန်းဌာနခွဲ

(စ) ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုဌာနခွဲ

(ဆ) ဒေသတွင်းကုန်သွယ်မှုဌာနခွဲ

(ဇ) ယှဉ်ပြိုင်မှုမူဝါဒဌာနခွဲ

(ဈ) စားသုံးသူရေးရာဌာနခွဲ

(ည) ကုန်သွယ်မှုဆိုင်ရာညှိနှိုင်းကွပ်ကဲရေးဌာနခွဲ

(ဋ) နယ်စခန်းများ

(ဌ) တိုင်းဒေသကြီးများ/ပြည်နယ်ရုံးများ

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၃

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၃) ၏ သဘောတူညီချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးကို **ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန**အမည်ဖြင့် ပြောင်းလဲ၍ အရာထမ်းရာထူး (၂၃၃) နေရာ၊ အမှုထမ်းရာထူး (၁၇၆၅) နေရာ၊ စုစုပေါင်းရာထူး (၁၉၉၈) နေရာဖြင့် အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) စီမံရေးရာဌာနခွဲ

(ခ) ငွေစာရင်းဌာနခွဲ

(ဂ) မူဝါဒလေ့လာရေးနှင့်စီမံကိန်းစာရင်းအင်းဌာနခွဲ

(ဃ) ပြည်တွင်းကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ

(င) အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ

(စ) သုတေသနဖွံ့ဖြိုးရေးနှင့်နည်းပညာပေးရေးဌာနခွဲ

(ဆ) တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်ရုံးများ

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၃

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၀ ရက် )

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၃) ၏ သဘောတူညီချက်အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်ရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးကို **ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန**အမည်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့သဖြင့် ရာထူးအခေါ်အဝေါ်များကို ပူးတွဲပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်။

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ -၃-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၁၃ ပူးတွဲစာရင်း

| စဉ် | လစာနှုန်း | လက်ရှိရာထူးအခေါ်အဝေါ် | ပြင်ဆင်သတ်မှတ်သည့် ရာထူးအခေါ်အဝေါ် |
|---|---|---|---|
| ၁ | ၂၁၀၀၀၀-၂၀၀၀-၂၂၀၀၀၀ | ဦးဆောင်ညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူးချုပ် |
| ၂ | ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | အထွေထွေမန်နေဂျာ | ဒုတိယညွှန်ကြားရေးမှူးချုပ် |
| ၃ | ၁၆၀၀၀၀-၂၀၀၀-၁၇၀၀၀၀ | ဒုတိယအထွေထွေမန်နေဂျာ | ညွှန်ကြားရေးမှူး |
| ၄ | ၁၄၀၀၀၀-၂၀၀၀-၁၅၀၀၀၀ | လက်ထောက်အထွေထွေမန်နေဂျာ | ဒုတိယညွှန်ကြားရေးမှူး |
| ၅ | ၁၂၀၀၀၀-၂၀၀၀-၁၃၀၀၀၀ | မန်နေဂျာ/အင်ဂျင်နီယာမှူး | လက်ထောက်ညွှန်ကြားရေးမှူး |
| ၆ | ၁၀၀၀၀၀-၂၀၀၀-၁၁၀၀၀၀ | လက်ထောက်မန်နေဂျာ/ လက်ထောက်အင်ဂျင်နီယာ/ စက်ရုံမှူး | ဦးစီးအရာရှိ |
| ၇ | ၆၅၀၀၀-၁၀၀၀-၇၀၀၀၀ | ရုံးအုပ်/ကြီးကြပ်ရေးမှူး/စက်မှု ကျွမ်းကျင်-၁/စာရင်းကိုင်-၁ | ရုံးအုပ်/ ဦးစီးမှူး/စက်မှု ကျွမ်းကျင်-၁/စာရင်းကိုင်-၁ |
| ၈ | ၅၉၀၀၀-၁၀၀၀-၆၄၀၀၀ | အငယ်တန်းလက်ထောက်/ အငယ်တန်းအင်ဂျင်နီယာ-၂/ ဌာနခွဲစာရေး/စာရင်းကိုင်-၂/ စက်မှုကျွမ်းကျင်-၂/ဒုကြီးကြပ် ရေးမှူး/ဓာတ်ခွဲကျွမ်းကျင်-၂/ လျှပ်စစ်ကျွမ်းကျင်-၂ | ဒုဦးစီးမှူး/ဌာနခွဲစာရေး/ စာရင်းကိုင်-၂/စက်မှု ကျွမ်းကျင်-၂/ဒုကြီးကြပ်ရေးမှူး/ ဓာတ်ခွဲကျွမ်းကျင်-၂/လျှပ်စစ် ကျွမ်းကျင်-၂ |
| ၉ | ၅၃၀၀၀-၁၀၀၀-၅၈၀၀၀ | ဒုအငယ်တန်းလက်ထောက်/ အငယ်တန်းအင်ဂျင်နီယာ-၃/ အကြီးတန်းစာရေး/လက်ထောက် ကြီးကြပ်ရေးမှူး/စက်မှုကျွမ်းကျင် -၃/စာရင်းကိုင်-၃/ဓာတ်ခွဲ ကျွမ်းကျင်-၃/ယာဉ်မောင်း-၃/ လျှပ်စစ်ကျွမ်းကျင်-၃/ဘွိုင်လာ ထိန်း -၃/ဂဟေဆက်-၃ | အကြီးတန်းစာရေး/စက်မှု ကျွမ်းကျင်-၃/လက်ထောက် ဦးစီးမှူး/စာရင်းကိုင်-၃/ ဓာတ်ခွဲကျွမ်းကျင်-၃/လျှပ်စစ် ကျွမ်းကျင်-၃/ယာဉ်မောင်း-၃ |
| ၁၀ | ၄၇၀၀၀-၁၀၀၀-၅၂၀၀၀ | အငယ်တန်းစာရေး/စာရင်းကိုင်-၄ ဓာတ်ခွဲကျွမ်းကျင်-၄/ဒုလက်ထောက် ကြီးကြပ်ရေးမှူး/ဓာတ်ခွဲ ကျွမ်းကျင်-၄/စက်မှုကျွမ်းကျင်-၄/ ယာဉ်မောင်း-၄/လျှပ်စစ်ကျွမ်းကျင် -၄/ဘွိုင်လာထိန်း-၄/လုံခြုံရေး-၄ | အငယ်တန်းစာရေး/ စာရင်းကိုင်-၄/ဓာတ်ခွဲ ကျွမ်းကျင်-၄/ဒုလ/ထ ဦးစီးမှူး/စက်မှုကျွမ်းကျင်-၄/ လုံခြုံရေး-၄/ယာဉ်မောင်း-၄/ လျှပ်စစ်ကျွမ်းကျင်-၄ |
| ၁၁ | ၄၁၀၀၀-၁၀၀၀-၄၆၀၀၀ | စာတွဲထိန်း/အမှုတွဲထိန်း/စက်မှု ကျွမ်းကျင်-၅ | ရုံးအကူမှူး/စက်မှုကျွမ်းကျင်-၅ |
| ၁၂ | ၃၅၀၀၀-၁၀၀၀-၄၀၀၀၀ | ရုံးအကူ/အစောင့်/သန့်ရှင်းရေး အကူ | ရုံးအကူ |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက် )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ (၄)၊ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အစိုးရဝန်ကြီးဌာနများ၏အမည်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရယူရန်မလိုဘဲ တင်ပို့တင်သွင်းခွင့်ပြုသော ပစ္စည်းများအား သတ်မှတ်သည့်အမိန့်ကို ထုတ်ပြန်လိုက်သည်။

**ပို့ကုန်သွင်းကုန်လိုင်စင်လျှောက်ထားရယူရန်မလိုဘဲ တင်ပို့တင်သွင်းခွင့်ပြုသည့်အမိန့်**

၂။ ပို့ကုန်သွင်းကုန်ဥပဒေအရ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့၌ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၃) တွင် ဖော်ပြထားသော ပို့ကုန်ပစ္စည်း (၁၅၂) မျိုး၊ သွင်းကုန်ပစ္စည်း (၁၆၆) မျိုးတို့အား အစိုးရဝန်ကြီးဌာနများ၏အမည်ဖြင့် တင်ပို့တင်သွင်းရာတွင် ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားရယူရန်မလိုဘဲ တင်ပို့တင်သွင်းခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၃**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက် )

၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၃) မှ သဘောတူခွင့်ပြုချက်အရ ပြင်ပစီးပွားရေးပညာရှင် ဒေါက်တာမောင်အောင် [၁၂/ကမရ (နိုင်) ၀၂၄၇၄၆] အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် လစဉ် ချီးမြှင့်ငွေ (၁၀၀,၀၀၀/-) တိတိဖြင့် အကြံပေးပုဂ္ဂိုလ်အဖြစ် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့ ညနေပိုင်းအထိ (ဒုတိယအကြိမ်) တစ်နှစ် တာဝန်ပေးခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အားကစားဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် )

၁။ အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၀/၂၀၁၁) ဖြင့် ဖွဲ့စည်းခဲ့သော "အားကစားဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့" ကို အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးသောင်းထိုက် | ဒုတိယဝန်ကြီး<br>အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးမျိုးလှိုင် | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့်ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးထွန်းမြင့်ဦး | ရုံးအဖွဲ့မှူး<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးနော်တောင် | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့်ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးအုန်းမြင့်ဦး | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့်ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးကျော်ဦး | ဒုတိယရုံးအဖွဲ့မှူး<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဆ) | ဦးသက်လွင် | ညွှန်ကြားရေးမှူး<br>အားကစားနှင့်ကာယပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဌေးအောင် | ညွှန်ကြားရေးမှူး<br>အားကစားနှင့်ကာယပညာဦးစီးဌာန | အတွင်းရေးမှူး |

၂။ အားကစားဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အားကစားဝန်ကြီးဌာန၏ မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ မြန်မာနိုင်ငံ၌ ပြည်တွင်း/ပြည်ပ အားကစားပြိုင်ပွဲ ယှဉ်ပြိုင်မှုများ၊ မြန်မာအားကစားအဖွဲ့ နိုင်ငံတကာပြိုင်ပွဲများတွင် ယှဉ်ပြိုင်မှုများ၊ အားကစားနည်းဆိုင်ရာ အချက်အလက်များ၊ အားကစားနှင့်ပညာပေးဆိုင်ရာ ဆောင်ရွက်မှုများကို ပြည်သူများ စိတ်ဝင်စားလာစေရန်အတွက် မှန်ကန်ပြီး အကျိုးရှိမည့် သတင်းများကို လက်ဦးမှုရှိအောင် ထုတ်ပြန်ပေးရန်၊

(ခ) မီဒီယာလုပ်ငန်းများ ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သင့်သည့် အချက်အလက်များကို နိုင်ငံတော်အဆင့် ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့သို့ တင်ပြပေးရန်နှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ ထိုးနှက်ချက်များကို Re-active လုပ်ရေး သက်ဆိုင်ရာဌာနများသို့ ကူညီပံ့ပိုးပေးရန်၊

(ဂ) သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ပေးရန်၊

(ဃ) အခါအားလျော်စွာ ဌာနတွင်းအသိပေးရမည့် အကြောင်းအရာကိစ္စများရှိပါက ရှင်းလင်းပွဲများ ပြုလုပ်၍ အသိပေးဆောင်ရွက်ရန်၊

(င) အားကစားဝန်ကြီးဌာနနှင့် ပတ်သက်ဆက်စပ်နေသည့် မီဒီယာလုပ်ငန်းများအား လိုအပ်သလို ထိန်းကျောင်းလမ်းညွှန်ပေးရန်၊

(စ) သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းထုတ်ပြန်မှုလုပ်ငန်းများတွင် ဝန်ကြီးဌာနအသီးသီးမှ အထောက်အကူပေးနိုင်ရေးအတွက် လိုအပ်သလို ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရန်၊

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၃)**
နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၇ ရက် )

အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားကွင်း/အားကစားရုံဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ဦးသန်းဦးအား ၂၀၁၃ ခုနှစ်၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲပြီးဆုံးသည်အထိ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် (ရန်ကုန်) တွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၃)**
နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၈ ရက် )

အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ လူထုအားကစားနှင့်ပညာပေးဌာနခွဲတွင် ဒုတိယညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်လျက်ရှိသည့် ဦးရဲမြင့်ထွန်းအား ၂၀၁၃ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) သို့ တိုးမြှင့်ခန့်အပ်လိုက်ပြီး အားကစားနှင့်ပညာရေးပေါင်းစပ်လေ့ကျင့်ရေးဌာနခွဲတွင် တာဝန်ထမ်းဆောင်စေလိုက်သည်။

ဦးတင့်ဆန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
**ပညာရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်
( ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက် )

အမှတ် ၆၄ ။ ။ ဤဝန်ကြီးရုံး၏ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအရ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ပြောင်းရွှေ့

ခန့်ထားခဲ့သည့် အောက်ပါဖော်ပြပါ ဒုတိယပါမောက္ခချုပ်တို့သည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ယှဉ်တွဲပါ နေ့ရက်များမှ စတင်ထမ်းဆောင်သည် -

| စဉ် | အမည် | ပြောင်းရွှေ့ တက္ကသိုလ်/ဒီဂရီကောလိပ် | တာဝန် ထမ်းဆောင်သည့်နေ့ (နံနက်ပိုင်း) |
|---|---|---|---|
| ၁။ | ဒေါက်တာဝင်းနိုင် | မုံရွာတက္ကသိုလ် (စစ်ကိုင်းတက္ကသိုလ်မှ ရာထူးရယူလျက်) | ၁၂-၁၁-၂၀၁၂ |
| ၂။ | ဒေါက်တာဒေါ်တင့်တင့် | မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် | ၈-၁၁-၂၀၁၂ |
| ၃။ | ဒေါက်တာကြည်ရွှင် | ဗန်းမော်တက္ကသိုလ် | ၁၅-၁၁-၂၀၁၂ |
| ၄။ | ဒေါက်တာစိန်ထွန်း | မန္တလေးအဝေးသင်တက္ကသိုလ် | ၁၉-၁၁-၂၀၁၂ |
| ၅။ | ဒေါက်တာအောင်မင်းဝင်း | မိုးညှင်းဒီဂရီကောလိပ် (တောင်ကြီးတက္ကသိုလ်မှ ရာထူးရယူလျက်) | ၁၂-၁၁-၂၀၁၂ |

## ဝန်ကြီးရုံး

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက် )

အမှတ် ၁ ။ ။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၇/၂၀၁၂) မှ သဘောတူညီချက် အရ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) အောက်တွင် မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၌ "မန္တလာကောလိပ်" ကို (၂) နှစ်သင်ကောလိပ်အဖြစ် ဖွင့်လှစ်ခွင့်ပြုလိုက်သည်။

## ဝန်ကြီးရုံး

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

အမှတ် ၂ ။ ။ ဤဝန်ကြီးရုံး၏ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအရ အဆင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) အောက်ရှိ တက္ကသိုလ်များတွင် တိုးမြှင့်ပြောင်းရွှေ့ခန့်ထားခဲ့သည့် အောက်ဖော်ပြပါ ပါမောက္ခတို့သည် ၎င်းတို့၏တာဝန်ဝတ္တရားများကို ယှဉ်တွဲပါနေ့ရက်များမှ စတင်ထမ်းဆောင်သည် -

| စဉ် | အမည် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ဒီဂရီကောလိပ်/တက္ကသိုလ် | စတင်ထမ်းဆောင်သည့်နေ့ |
|---|---|---|---|
| ၁။ | ဒေါက်တာဥက္ကာမြ | ဗန်းမော်တက္ကသိုလ် | ၃-၁၂-၂၀၁၂ (နံနက်ပိုင်း) |
| ၂။ | ဒေါက်တာတင်တင်ဦး | မိတ္ထီလာတက္ကသိုလ် | ၂၆-၁၁-၂၀၁၂ (ညနေပိုင်း) |
| ၃။ | ဒေါက်တာဒေါ်မော်သီရိုန် | လွိုင်ကော်တက္ကသိုလ် | ၃၀-၁၁-၂၀၁၂ (နံနက်ပိုင်း) |
| ၄။ | ဒေါက်တာဒေါ်စိုးစိုးဦး | ကျိုင်းတုံတက္ကသိုလ် | ၂၆-၁၁-၂၀၁၂ (နံနက်ပိုင်း) |
| ၅။ | ဒေါက်တာဒေါ်ဆွေဆွေဦး | လားရှိုးတက္ကသိုလ် | ၂၇-၁၁-၂၀၁၂ (နံနက်ပိုင်း) |

| စဉ် | အမည် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ဒီဂရီကောလိပ်/တက္ကသိုလ် | စတင်ထမ်းဆောင်သည့်နေ့ |
|---|---|---|---|
| ၆။ | ဒေါက်တာရီရီရွှေ | ကလေးတက္ကသိုလ် | ၃၀-၁၁-၂၀၁၂ (နံနက်ပိုင်း) |
| ၇။ | ဒေါက်တာစိုးစိုးသန်း | လားရှိုးတက္ကသိုလ် | ၂၇-၁၁-၂၀၁၂ (နံနက်ပိုင်း) |
| ၈။ | ဒေါက်တာဒေါ်စိန်မိ | ပင်လုံတက္ကသိုလ် | ၃-၁၂-၂၀၁၂ (နံနက်ပိုင်း) |
| ၉။ | ဒေါက်တာမာလာညို | ရွှေဘိုတက္ကသိုလ် | ၇-၁၂-၂၀၁၂ (နံနက်ပိုင်း) |
| ၁၀။ | ဒေါက်တာမြင့်မြင့်ခိုင် | ဗန်းမော်တက္ကသိုလ် | ၃-၁၂-၂၀၁၂ (နံနက်ပိုင်း) |
| ၁၁။ | ဒေါက်တာချိုချိုလွင် | ကျိုင်းတုံတက္ကသိုလ် | ၃-၁၂-၂၀၁၂ (နံနက်ပိုင်း) |
| ၁၂။ | ဒေါက်တာ ဒေါ်ခင်စန်းစန်းဝင်း | ပင်လုံတက္ကသိုလ် | ၃-၁၂-၂၀၁၂ (နံနက်ပိုင်း) |
| ၁၃။ | ဒေါက်တာဒေါ်နီနီယဉ် | ကလေးတက္ကသိုလ် | ၃၀-၁၁-၂၀၁၂ (နံနက်ပိုင်း) |

**ဝန်ကြီးရုံး**

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )

အမှတ် ၃ ။ ။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်စွဲပါ အမိန့်အမှတ် (၄၁)၊ အမှတ်စဉ် (၃) ဖြင့် ပဲခူးတက္ကသိုလ်မှ ရန်ကုန်ပညာရေးတက္ကသိုလ်သို့ ပြောင်းရွှေ့ခန့်ထားခဲ့သော ရုက္ခဗေဒဌာန တွဲဖက်ပါမောက္ခ၊ ဒေါ်နုရီ၏ရာထူးနေရာအား မြိတ်တက္ကသိုလ်၊ ရုက္ခဗေဒဌာနမှ တွဲဖက်ပါမောက္ခရာထူးကို ရယူလျက် ရန်ကုန် ပညာရေးတက္ကသိုလ် ရုက္ခဗေဒဌာန၊ တွဲဖက်ပါမောက္ခအဖြစ် ခန့်ထားသည်ဟု ပြင်ဆင်လိုက်သည်။

**ဝန်ကြီးရုံး**

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက် )

အမှတ် ၄ ။ ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည့် ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၃) မှ သဘောတူဆုံးဖြတ်ချက်အရ အမှတ် (၁) အခြေခံပညာဦးစီးဌာနအောက်ရှိ ဧရာဝတီတိုင်းဒေသကြီး၊ ပညာရေးညွှန်ကြားရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး (စီမံ+ဘဏ္ဍာ) ဦးမင်းနိုင်အား ဧရာဝတီတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) အဖြစ် တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာမြအေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် )

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၆/၂၀၁၂) မှ သဘောတူညီချက်အရ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးနှင့်သွေးကြောခွဲစိတ်ကုဌာနမှ အထူးကုဆရာဝန်ကြီး (နှလုံးမေ့ဆေး) ဒေါက်တာဦးမိုးမြင့်အား ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့၊ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် (လစဉ်ထောက်ပံ့ငွေ ၄၀၀၀၀၀/-) ဖြင့် တစ်နှစ် တာဝန်ပေးခန့်ထားလိုက်သည်။

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် )

အမှတ် ၁။ ။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့စွဲပါ စာအမှတ်၊ ၃မက (က) ၂၀၁၃/၂-၂ ဖြင့် ကျန်းမာရေးဦးစီးဌာနမှ လွှဲပြောင်းပေးအပ်လာသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၂) ၏ သဘောတူဆုံးဖြတ်ချက်အရ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် အမည်နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| **အမည်/ရာထူး/ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး/ဌာန** |
|---|---|
| ဒေါက်တာသီတာကြူ (ဆမ-၁၀၇၃၃)<br>ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်း)<br>လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀)<br>ကျန်းမာရေးဦးစီးဌာန | ညွှန်ကြားရေးမှူး (စီမံခန့်ခွဲရေး)<br>လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀)<br>တိုင်းရင်းဆေးပညာဦးစီးဌာန |

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် )

အမှတ် ၂။ ။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၃) ၏ သဘောတူညီချက်အရ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၊ အာဟာရဓာတ်သုတေသနဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး (သုတေသန) ဒေါက်တာသိဂီသွင် (ဆမ-၁၀၃၇၄) အား ညွှန်ကြားရေးမှူး (သုတေသန) လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၃။ ။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၃) ၏သဘောတူညီချက်အရ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) မှ ဒုတိယညွှန်ကြားရေးမှူး (သုတေသန) ဒေါက်တာကျော်ဦး (ဆမ-၈၇၁၅) အား ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) တွင် ညွှန်ကြားရေးမှူး (လူမှုဆေးသုတေသန) လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးသို့ တိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက် )

အမှတ် ၄ ။ ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၃) ၏ သဘောတူညီချက်အရ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) မှ အောက်ဖော်ပြပါ သုတေသနမှူးများနှင့်သုတေသနအရာရှိတို့အား အမည်နှင့်ယှဉ်တွဲဖော်ပြပါ ရာထူး/ဌာနသို့ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/ရာထူး/ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန |
|---|---|---|
| ၁။ | ဒေါက်တာကိုကိုဇော် (ဆမ-၁၂၄၈၁)<br>သုတေသနမှူး<br>ဆေးဘက်ဆိုင်ရာစာရင်းအင်းဌာနခွဲ | ဒုတိယညွှန်ကြားရေးမှူး (သုတေသန)<br>အာဟာရဓာတ်သုတေသနဌာနခွဲ<br>လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၂။ | ဒေါက်တာဥမ္မာ (ဆမ-၁၃၆၆၈)<br>သုတေသနမှူး<br>ကူးစက်ရောဂါဗေဒသုတေသနဌာနခွဲ | ဒုတိယညွှန်ကြားရေးမှူး (သုတေသန)<br>ကူးစက်ရောဂါဗေဒသုတေသနဌာနခွဲ<br>လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၃။ | ဒေါက်တာစောစော (ဆမ-၁၄၀၄၇)<br>သုတေသနမှူး<br>ကျန်းမာရေးစနစ်သုတေသနဌာနခွဲ | ဒုတိယညွှန်ကြားရေးမှူး (သုတေသန)<br>ဇီဝကမ္မဗေဒသုတေသနဌာနခွဲ<br>လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) |
| ၄။ | ဒေါက်တာယဉ်သက်နုဦး (ဆမ-၁၆၀၆၄)<br>သုတေသနအရာရှိ<br>ကျန်းမာရေးစနစ်သုတေသနဌာနခွဲ | သုတေသနမှူး<br>ကျန်းမာရေးစနစ်သုတေသနဌာနခွဲ<br>လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) |

## ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့
## အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၃

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက် )

## ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့သည် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ည) နှင့် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်လိုက်သည် -

၁။ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီ။**
ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွဲ့စည်းပုံ

| | | |
|---|---|---|
| (၁) | လူမှုရေးဝန်ကြီး<br>တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ | ဥက္ကဋ္ဌ |
| (၂) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |

(၃) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အင်ဂျင်နီယာမှူးကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း — အဖွဲ့ဝင်

(၄) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး ပြည်တွင်းအခွန်များဦးစီးဌာန — အဖွဲ့ဝင်

(၅) ညွှန်ကြားရေးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ — အဖွဲ့ဝင်

(၆) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သင့်လျော်သော ဆေးရုံအုပ်ကြီးတစ်ဦး — အဖွဲ့ဝင်

(၇) ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်းခွဲ — အဖွဲ့ဝင်

(၈) ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းခွဲ — အဖွဲ့ဝင်

(၉) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကျန်းမာရေးဦးစီးဌာန — အတွင်းရေးမှူး

(ခ) လုပ်ငန်းတာဝန်များ

(၁) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ကို တာဝန်ခံခြင်း၊

(၂) နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၃) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်းလိုင်စင် လျှောက်ထားသူများကို ဗဟိုအဖွဲ့၏ အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ အဖွဲ့ဖြင့် စစ်ဆေး၍ လိုင်စင်ထုတ်ပေးခြင်း၊

(၄) ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း လိုင်စင်လျှောက်ထားမှုများကို မြို့နယ်/ခရိုင်ကြီးကြပ်ရေးကော်မတီများက စိစစ်တင်ပြလာပါက အဖွဲ့ဖြင့်စစ်ဆေးပြီး သဘောထားမှတ်ချက်နှင့်တကွ ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၅) လိုင်စင်ခွင့်ပြုပြီး ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းများက လိုင်စင်သက်တမ်းတိုး လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ကာ သက်တမ်းတိုးမြှင့်ပေးခြင်း၊

(၆) လိုင်စင်ခွင့်ပြုပြီး ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများက ၎င်းတို့၏လိုင်စင်သက်တမ်း တိုးမြှင့်ပေးနိုင်ပါရန် လျှောက်ထားလာခြင်းအပေါ် သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ကာ ဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြခြင်း၊

(၇) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်း တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက်လျှောက်ထားမှုအပေါ် စိစစ်ပြီး ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း၊

(၈) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက် လျှောက်ထားမှုအပေါ် သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၉) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင် လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းကိစ္စရပ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊ ဗဟိုအဖွဲ့၏ ညွှန်ကြားချက်အရ လိုက်နာဆောင်ရွက်ခြင်း၊

(၁၀) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့များနှင့် ပူးပေါင်း ညှိနှိုင်း၍ စံချိန်စံညွှန်းကျင့်စဉ်များ စိစစ်ခြင်း၊ စစ်ဆေးခြင်း၊ ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် လိုအပ်ချက်များရှိပါက ဗဟိုအဖွဲ့၏ အတည်ပြုချက်ရယူ၍ ညွှန်ကြားခြင်း၊ ကြီးကြပ်ကွပ်ကဲ ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(၁၁) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်းလိုင်စင်ရရှိသူက လိုင်စင်စည်းကမ်းများ လိုက်နာရန် ပျက်ကွက်ပါက သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်က ဥပဒေပြဋ္ဌာန်းချက်ပါ ၎င်း၏ တာဝန်ဝတ္တရားများ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လိုင်စင်ရရှိသူအား စီမံခန့်ခွဲရေး ဆိုင်ရာ အမိန့်များဖြစ်သည့် သတိပေးခြင်း၊ သတ်မှတ်ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းနှင့်လိုအပ်ပါက လိုင်စင်ကိုပယ်ဖျက်ခြင်း၊

(၁၂) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်း ကျန်းမာရေးစောင့်ရှောက်မှုပေးသူက ဥပဒေ ပြဋ္ဌာန်းချက်ပါ ၎င်း၏တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာမြန်မာနိုင်ငံဆေးကောင်စီ၊ သွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီ သို့မဟုတ် သူနာပြုနှင့်သားဖွားဆိုင်ရာကောင်စီသို့ အကြောင်း ကြားခြင်း၊

(၁၃) နှစ်အလိုက် ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလိုင်စင် ခွင့်ပြုမှု၊ သက်တမ်းတိုးမှု အခြေအနေတို့အား ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၁၄) ဘဏ္ဍာရေးနှစ်အလိုက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ လိုင်စင်ကြေးရရှိမှုနှင့် သက်တမ်းတိုး လိုင်စင်ကြေးရရှိမှုအခြေအနေတို့အား ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၁၅) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကျန်းမာရေးစာရင်းအင်းများ ရရှိနိုင်ရေး လိုအပ် သည်များ ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(၁၆) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့က အခါအားလျော်စွာ ပေးအပ်လာသော တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၂။ **နေပြည်တော် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီ။** ဖွဲ့စည်းပုံနှင့် လုပ်ငန်း တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွဲ့စည်းပုံ

| | | |
|---|---|---|
| (၁) | နေပြည်တော်ကောင်စီဝင်၊ နေပြည်တော်ကောင်စီ | ဥက္ကဋ္ဌ |
| (၂) | နေပြည်တော်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (၃) | နေပြည်တော်အင်ဂျင်နီယာမှူး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၄) | နေပြည်တော်အခွန်ဦးစီးဌာနမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ကိုယ်စားလှယ်တစ်ဦး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၆) | နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သင့်လျော်သော ဆေးရုံအုပ်ကြီးတစ်ဦး | အဖွဲ့ဝင် |
| (၇) | ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်းခွဲ | အဖွဲ့ဝင် |

(၈) ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းခွဲ အဖွဲ့ဝင်

(၉) နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှူး အတွင်းရေးမှူး

(ခ) လုပ်ငန်းတာဝန်များ

(၁) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ကို တာဝန်ခံခြင်း၊

(၂) နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၃) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်းလိုင်စင် လျှောက်ထားသူများကို ဗဟိုအဖွဲ့၏ အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ အဖွဲ့ဖြင့် စစ်ဆေး၍ လိုင်စင်ထုတ်ပေးခြင်း၊

(၄) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း လိုင်စင်လျှောက်ထားမှုများကို မြို့နယ်ကြီးကြပ်ရေးကော်မတီများက စိစစ်တင်ပြလာပါက အဖွဲ့ဖြင့်စစ်ဆေးပြီး သဘောထားမှတ်ချက်နှင့်တကွ ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၅) လိုင်စင်ခွင့်ပြုပြီး ပုဂ္ဂလိက အထွေထွေရောဂါကုဆေးခန်းများက လိုင်စင်သက်တမ်းတိုး လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ကာ သက်တမ်းတိုးမြှင့်ပေးခြင်း၊

(၆) လိုင်စင်ခွင့်ပြုပြီး ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများက ၎င်းတို့၏ လိုင်စင်သက်တမ်း တိုးမြှင့်ပေးနိုင်ပါရန် လျှောက်ထားလာခြင်းအပေါ် သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ကာ ဗဟိုအဖွဲ့သို့ ဆက်လက်တင်ပြခြင်း၊

(၇) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်း တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ်ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက်လျှောက်ထားမှုအပေါ် စိစစ်ပြီး ကြိုတင်ခွင့်ပြုချက်ထုတ်ပေးခြင်း၊

(၈) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း တစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက် လျှောက်ထားမှုအပေါ် သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၉) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင် လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်းကိစ္စရပ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊ ဗဟိုအဖွဲ့၏ ညွှန်ကြားချက်အရ လိုက်နာဆောင်ရွက်ခြင်း၊

(၁၀) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း အရည်အသွေးထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်း၍ စံချိန်စံညွှန်းကျင့်စဉ်များ စိစစ်ခြင်း၊ စစ်ဆေးခြင်း၊ ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် လိုအပ်ချက်များရှိပါက ဗဟိုအဖွဲ့၏ အတည်ပြုချက်ရယူ၍ ညွှန်ကြားခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(၁၁) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်းလိုင်စင် ရရှိသူက လိုင်စင်စည်းကမ်းများ လိုက်နာရန် ပျက်ကွက်ပါက သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်က ဥပဒေပြဋ္ဌာန်းချက်ပါ ၎င်း၏ တာဝန်ဝတ္တရားများ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လိုင်စင်ရရှိသူအား စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်များဖြစ်သည့် သတိပေးခြင်း၊ သတ်မှတ်ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းနှင့်လိုအပ်ပါက လိုင်စင်ကို ပယ်ဖျက်ခြင်း၊

(၁၂) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်း ကျန်းမာရေးစောင့်ရှောက်မှုပေးသူက ဥပဒေပြဋ္ဌာန်းချက်ပါ ၎င်း၏တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ မြန်မာနိုင်ငံဆေးကောင်စီ၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ သို့မဟုတ် သူနာပြုနှင့်သားဖွားဆိုင်ရာကောင်စီသို့ အကြောင်းကြားခြင်း၊

(၁၃) နှစ်အလိုက် ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလိုင်စင် ခွင့်ပြုမှု၊ သက်တမ်းတိုးမှု အခြေအနေတို့အား ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၁၄) ဘဏ္ဍာရေးနှစ်အလိုက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ လိုင်စင်ကြေးရရှိမှုနှင့် သက်တမ်းတိုးလိုင်စင်ကြေးရရှိမှုအခြေအနေတို့အား ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၁၅) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကျန်းမာရေးစာရင်းအင်းများ ရရှိနိုင်ရေး လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(၁၆) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့က အခါအားလျော်စွာ ပေးအပ်လာသော တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၃။ **ခရိုင်ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီ။** ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွဲ့စည်းပုံ

| | | |
|---|---|---|
| (၁) | ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | ခရိုင်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (၃) | ခရိုင်အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာနက တာဝန်ပေးအပ်သည့်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ပေးအပ်သည့်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၆) | ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်းခွဲ | အဖွဲ့ဝင် |
| (၇) | ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်းခွဲ | အဖွဲ့ဝင် |
| (၈) | ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး၊ ခရိုင်ကျန်းမာရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) လုပ်ငန်းတာဝန်များ

(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီကို တာဝန်ခံခြင်း၊

(၂) နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင် မြို့နယ်ကြီးကြပ်ရေးကော်မတီအား ကြီးကြပ်ဆောင်ရွက်ခြင်း၊

(၃) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်းလိုင်စင် လျှောက်ထားသူများကို ဗဟိုအဖွဲ့၏ အမိန့်၊ ညွှန်ကြားချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ အဖွဲ့ဖြင့် စစ်ဆေး၍ လိုင်စင်ထုတ်ပေးနိုင်ရန် သဘောထားမှတ်ချက်နှင့်တကွ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(၄) ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြားပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း လိုင်စင်လျှောက်ထားမှုများကို မြို့နယ်ကြီးကြပ်ရေးကော်မတီများက စိစစ်တင်ပြလာပါက အဖွဲ့ဖြင့်စစ်ဆေးပြီး သဘောထားမှတ်ချက်နှင့်တကွ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(၅) လိုင်စင်ခွင့်ပြုပြီး ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းများက လိုင်စင်သက်တမ်းတိုး လျှောက်ထားလာပါက သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ကာ သက်တမ်း တိုးမြှင့်ပေးနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း ဆိုင်ရာကြီးကြပ်ရေးကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(၆) လိုင်စင်ခွင့်ပြုပြီး ပုဂ္ဂလိကအထွေထွေရောဂါကုဆေးခန်းလုပ်ငန်းမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများက ၎င်းတို့၏လိုင်စင်သက်တမ်း တိုးမြှင့်ပေးနိုင်ပါရန် လျှောက်ထား လာခြင်းအပေါ် သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ကာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီသို့ ဆက်လက် တင်ပြခြင်း၊

(၇) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများအတွက် အဆောက်အအုံသစ်များ ဆောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်ခြင်းကိစ္စရပ်များကို ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ အခန်း (၆)၊ အခန်း (၇)၊ အခန်း (၈) အရ စိစစ်ကြီးကြပ်စစ်ဆေး၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီသို့ သဘောထားမှတ်ချက်နှင့် တကွ တင်ပြခြင်း၊

(၈) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့များနှင့် ပူးပေါင်း ညှိနှိုင်း၍ စံချိန်စံညွှန်းကျင့်စဉ်များ စိစစ်ခြင်း၊ စစ်ဆေးခြင်း၊ ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် လိုအပ်ချက်များရှိပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း ဆိုင်ရာ ကြီးကြပ်ရေးကော်မတီ၏ အတည်ပြုချက်ရယူ၍ ညွှန်ကြားခြင်း၊ ကြီးကြပ်ကွပ်ကဲ ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊

(၉) မြို့နယ်ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီမှ ပုဂ္ဂလိကကျန်းမာရေး ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များနှင့် ညီညွတ်မှု ရှိ/မရှိ စိစစ်ခြင်း၊ ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊

(၁၀) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ပြဿနာများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီသို့ တင်ပြကာ လမ်းညွှန်မှုအရ ဆက်လက်ဆောင်ရွက်ခြင်း၊

(၁၁) ဗဟိုအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီတို့က အခါအားလျော်စွာ ပေးအပ်လာသော တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

၄။ **မြို့နယ်ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီ။** ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန် များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဖွဲ့စည်းပုံ

| | | |
|---|---|---|
| (၁) | မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (၂) | မြို့နယ်ရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (၃) | မြို့နယ်အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | အဖွဲ့ဝင် |

(၄) မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန အဖွဲ့ဝင်

(၅) အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အဖွဲ့ဝင်

(၆) ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်းခွဲ အဖွဲ့ဝင်

(၇) မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန အတွင်းရေးမှူး

( ခ ) လုပ်ငန်းတာဝန်များ

(၁) သက်ဆိုင်ရာ ခရိုင်ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီကို တာဝန်ခံခြင်း၊

(၂) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင်လျှောက်လွှာများအား သတ်မှတ်ချက်များအတိုင်း စိစစ်လက်ခံ၍ သဘောထားမှတ်ချက်နှင့်တကွ ခရိုင်ကြီးကြပ်ရေးကော်မတီသို့ တင်ပြခြင်း၊

(၃) ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ၏ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်း၊ လိုင်စင်သက်တမ်းတိုးမြှင့်ကြေးများကို စိစစ်ခြင်း၊ နိုင်ငံတော်သို့ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ပေးသွင်းခြင်း၊ စာရင်းဇယားထိန်းသိမ်းခြင်း၊

(၄) ဘဏ္ဍာရေးနှစ်အလိုက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ လိုင်စင်ကြေးရရှိမှုနှင့် သက်တမ်းတိုးလိုင်စင်ကြေးရရှိမှုအခြေအနေတို့အား တင်ပြခြင်း၊

(၅) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင် သက်တမ်းတိုးလျှောက်ထားလာမှုအပေါ် စိစစ်ကာ ခရိုင်ကြီးကြပ်ရေးကော်မတီမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီသို့ တင်ပြခြင်း၊

(၆) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ခရိုင်ကြီးကြပ်ရေးကော်မတီများ၏ ညွှန်ကြားချက်အရ ကြီးကြပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးထိန်းသိမ်းခြင်း၊

(၇) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ခွင့်ပြုချက်လျှောက်ထားမှုအပေါ် စိစစ်ပြီး သဘောထားမှတ်ချက်နှင့်တကွ ခရိုင်ကြီးကြပ်ရေးကော်မတီမှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီသို့ တင်ပြခြင်း၊

(၈) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာပြဿနာများအား ခရိုင်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီများသို့ တင်ပြကာ လမ်းညွှန်မှုအရ ဆက်လက်ဆောင်ရွက်ခြင်း၊

(၉) ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကျန်းမာရေးစာရင်းအင်းများ ရရှိနိုင်ရေး လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးခြင်း၊

(၁၀) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ခရိုင် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီတို့က အခါအားလျော်စွာ ပေးအပ်လာသော တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

ဒေါက်တာဖေသက်ခင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သတ္တုတွင်းဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော သတ္တုတွင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ၏ (၁/၂၀၁၃) ကြိမ်မြောက် ရာထူးတိုးမြှင့်ရေး အစည်းအဝေးဆုံးဖြတ်ချက်အရ ဘူမိဗေဒ လေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ အောက်ပါ အရာထမ်း (၂) ဦးအား ယှဉ်တွဲဖော်ပြပါ ရာထူး နေရာများသို့ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး/ လစာနှုန်း/ဌာန | ခန့်ထားမည့်ရာထူး/ လစာနှုန်း/ဌာန |
|---|---|---|---|
| (၁) | ဦးညွန့်ဝေ | လက်ထောက်ညွှန်ကြားရေးမှူး (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ညွှန်ကြားရေးမှူးရုံး (ရန်ကုန်) | ဒုတိယညွှန်ကြားရေးမှူး (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ညွှန်ကြားရေးမှူးရုံး (မန္တလေး) |
| (၂) | ဦးကီးဖေ | ဘူမိဗေဒအရာရှိ (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ညွှန်ကြားရေးမှူးရုံး (ရန်ကုန်) | ဒုတိယညွှန်ကြားရေးမှူး (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ညွှန်ကြားရေးမှူးရုံး (ရန်ကုန်) |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက် )

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်စွဲပါစာအမှတ်၊ ၄၅၄/၃၅၆/ ဖွဲ့စည်း/အဖရ (၂၀၁၁) ဖြင့် ညွှန်ကြားချက်အရ သတ္တုတွင်းဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည့် ဓာတ်သတ္တုဖွံ့ဖြိုးရေးရာကိစ္စများ၊ ဓာတ်သတ္တုထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲ နွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြည်သူများအတွက် မှန်ကန်ပြီး အကျိုးရှိမည့်သတင်း များကို သတင်းထုတ်ပြန်ပေးနိုင်ရန်အတွက် **"သတ္တုတွင်းဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့်သတင်း ထုတ်ပြန်ရေးအဖွဲ့"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ညွှန်ကြားရေးမှူးချုပ် | သတ္တုတွင်းဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒုတိယညွှန်ကြားရေးမှူးချုပ် | သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ် | ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယရုံးအဖွဲ့မှူး | ဝန်ကြီးရုံး | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူး (ဓာတ်သတ္တုဖွံ့ဖြိုးရေး) | သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (စ) | ညွှန်ကြားရေးမှူး (စီမံ) | အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး (ထုတ်လုပ်) | အမှတ် (၂) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး | အမှတ် (၃) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး (ရန်ကုန်) | မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ည) | အထွေထွေမန်နေဂျာ | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဋ) | အထွေထွေမန်နေဂျာ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (ဌ) | ဒုတိယလက်ထောက် ညွှန်ကြားရေးမှူး၊ ရောင်းဝယ်ရေးဌာန (ကျောက်စိမ်း) | မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း | အတွင်းရေးမှူး |

၂။ ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဓာတ်သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များမှ စိတ်ဝင်စား၍ ပါဝင်လုပ်ကိုင်လာစေရန်၊ မှန်ကန်ပြီး အကျိုးရှိမည့် သတင်းများကို လက်ဦးမှုရှိအောင် ထုတ်ပြန်ပေးရန်။

(ခ) ဝန်ကြီးဌာန၊ သတင်းထုတ်ပြန်ချက်များကို မီဒီယာလုပ်ငန်းများနှင့် ဆက်သွယ်ပူးပေါင်း၍ အချိန်မီ ထုတ်ပြန်ပေးရေးအတွက် ဆောင်ရွက်ရန်။

(ဂ) ဌာနတွင်းအသိပေးရမည့် သတင်းရေးရာကိစ္စရပ်များရှိပါက သတင်းရေးရာရှင်းလင်းပွဲများ ပြုလုပ်၍ အသိပေးရန်။

(ဃ) လုပ်ငန်းဦးစီးဌာနများအလိုက် ထုတ်ပြန်ရမည့်သတင်းများရှိပါက ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေး အဖွဲ့ဝင်များမှ သက်ဆိုင်ရာဌာနအကြီးအကဲများထံ တင်ပြ၍ ပြည်ထောင်စုဝန်ကြီး၏ အတည်ပြုချက် ရယူပြီး အချိန်မီသတင်းထုတ်ပြန်ရေးနှင့်အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ရန်။

(င) သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ပေးရန်။

(စ) သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစုဆောင်းထုတ်ပြန်မှု လုပ်ငန်းများတွင် ဝန်ကြီးဌာနအသီးသီးမှ အထောက်အကူပေးနိုင်ရေးအတွက် လိုအပ်သလို ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရန်။

၃။ ဝန်ကြီးရုံး၏ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၈/၂၀၁၁) အား ဤအမိန့်စာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် )

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်းမှ အထွေထွေမန်နေဂျာ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဦးမျိုးလွင်အား အသက် (၆၀)

နှစ်ပြည့်ပြီး နောက်တစ်နေ့ဖြစ်သည့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် နံနက်ပိုင်းမှစ၍ မြို့ပြဝန်ထမ်း စည်းမျဉ်းဥပဒေအပိုဒ် (၄၅၈) အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

၂။ ဦးမျိုးလွင်အား ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရ အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၃) ဆုံးဖြတ်ချက်အရ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၌ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် လစဉ် ချီးမြှင့်ငွေကျပ် (၄၀,၀၀၀/-) ဖြင့် တစ်နှစ်တာဝန်ပေးခန့်ထား လိုက်သည်။

၃။ ဦးမျိုးလွင်အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်မပြုဘဲ ငြင်းပယ် ခဲ့ခြင်းကြောင့်လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်စေခြင်းကြောင့်လည်းကောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၉၈၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ နေ့စွဲပါ စာအမှတ်၊ ဘ-၂ (၁/၅၀) (၈၃) အရ ငြင်းပယ်ထားသော ကြိုတင် ပြင်ဆင်ခွင့် (၄) လအတွက် ခွင့်လစာများကို တစ်လုံးတစ်ခဲတည်း ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်စွဲပါ အမိန့်အမှတ် (၆/၂၀၁၃) အရ ဦးသန်းထွန်းအောင်အား သတ္တုတွင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခဲ့ပါသဖြင့် ယခင်ဖွဲ့စည်းထားသော သတ္တုတွင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သတ္တုတွင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>သတ္တုတွင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (စ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၂) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဆ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၃) သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| (ဇ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |

(ဈ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

(ည) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း
ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

(ဋ) ရုံးအဖွဲ့မှူး — အတွင်းရေးမှူး
သတ္တုတွင်းဝန်ကြီးဌာန

၂။ သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၁ ခုနှစ်၊ ဧပြီလ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၄၈/၂၀၁၁) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာမြင့်အောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သတ္တုတွင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ်စဉ် (၁/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

**မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သော ပျူရှေးဟောင်းမြို့ (၃) မြို့အား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းရန်နှင့် ကာကွယ်စောင့်ရှောက်ရန်အတွက် ပျူရှေးဟောင်းမြို့များ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ၊ ပျူရှေးဟောင်းမြို့ (၃) မြို့တွင် ဒေသအလိုက် ပူးပေါင်းဆောင်ရွက်နိုင်ရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ပျူရှေးဟောင်းမြို့ (၃) မြို့အား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများအား ထိထိရောက်ရောက်ကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ စာအမှတ်၊ ၄/၂၀၇-ကော်မတီ/ အဖရ (၂၀၁၃) အရ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၅/၂၀၁၂) ဖြင့် ဖွဲ့စည်းခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သော ပျူရှေးဟောင်းမြို့ (၃) မြို့အား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းရန်နှင့်ကာကွယ်စောင့်ရှောက်ရန် ဒေသဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီများကို အောက်ပါအတိုင်း ဖြည့်စွက်ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**ပျူရှေးဟောင်းမြို့များ ကြီးကြပ်ညှိနှိုင်းရေးကော်မတီ**

**(PYU Cities Coordination Committee)**

(၁) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
ယဉ်ကျေးမှုဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ် — ဒုတိယဥက္ကဋ္ဌ
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) ခရိုင်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘိုခရိုင်
စစ်ကိုင်းတိုင်းဒေသကြီး

(၄) ခရိုင်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးခရိုင်
မကွေးတိုင်းဒေသကြီး

(၅) ခရိုင်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ခရိုင်
ပဲခူးတိုင်းဒေသကြီး

(၆) ကျောင်းအုပ်ကြီး — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်)
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန

(၇) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန

(၈) ဒုတိယညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
တူးဖော်၊ ရှေးပစ္စည်း၊ ကမ္ပည်းကျောက်စာဌာနခွဲ (နေပြည်တော်)
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန

**ပျူရှေးဟောင်းမြို့ (၃) မြို့တွင် ဒေသအလိုက်ပူးပေါင်းဆောင်ရွက်နိုင်ရေးလုပ်ငန်းကော်မတီ**

**(က) သရေခေတ္တရာမြို့ဟောင်းလုပ်ငန်းကော်မတီ**

(၁) ခရိုင်အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ခရိုင်
ပဲခူးတိုင်းဒေသကြီး

(၂) ဒုတိယညွှန်ကြားရေးမှူး — ဒုတိယဥက္ကဋ္ဌ
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန၊ ပြည်ဌာနစု
ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) မြို့နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့နယ်

(၄) မြို့နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်မြို့နယ်

(၅) အမှုဆောင်အရာရှိ — အဖွဲ့ဝင်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်မြို့နယ်

(၆) မြို့နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ပြည်မြို့နယ်

(၇) မြို့နယ်သာသနာရေးမှူး — အဖွဲ့ဝင်
မြို့နယ်သာသနာရေးဦးစီးဌာန၊ ပြည်မြို့နယ်

(၈) မြို့နယ်အင်ဂျင်နီယာ — အဖွဲ့ဝင်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပြည်မြို့နယ်

(၉) မြို့နယ်ဦးစီးမှူး — အဖွဲ့ဝင်
မြို့နယ်သစ်တောဦးစီးဌာန၊ ပြည်မြို့နယ်

(၁၀) မြို့နယ်ဥပဒေအရာရှိ — အဖွဲ့ဝင်
ပြည်မြို့နယ်

(၁၁) ကျေးရွာအုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
မှော်ဇာကျေးရွာအုပ်စု၊ ပြည်မြို့နယ်

(၁၂) ရပ်ကွက်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
သရေခေတ္တရာမြို့သစ်ရပ်ကွက်၊ ပြည်မြို့နယ်

(၁၃) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
ရွှေဘုန်းပွင့်ပြတိုက်၊ ပြည်မြို့

(၁၄) လက်ထောက်ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန၊ ပြည်ဌာနစု၊ ယဉ်ကျေးမှုဝန်ကြီးဌာန

**(ခ) ဗိဿနိုးမြို့ဟောင်းလုပ်ငန်းကော်မတီ**

(၁) ခရိုင်အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မကွေးခရိုင်
မကွေးတိုင်းဒေသကြီး

(၂) ဒုတိယညွှန်ကြားရေးမှူး — ဒုတိယဥက္ကဋ္ဌ
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန၊ မကွေးဌာနခွဲ
ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) မြို့နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်တွင်းကြီးမြို့နယ်

(၄) မြို့နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တောင်တွင်းကြီးမြို့နယ်

(၅) အမှုဆောင်အရာရှိ — အဖွဲ့ဝင်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ တောင်တွင်းကြီးမြို့နယ်

(၆) မြို့နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ တောင်တွင်းကြီးမြို့နယ်

(၇) မြို့နယ်သာသနာရေးမှူး — အဖွဲ့ဝင်
မြို့နယ်သာသနာရေးဦးစီးဌာန၊ တောင်တွင်းကြီးမြို့နယ်

(၈) မြို့နယ်အင်ဂျင်နီယာ — အဖွဲ့ဝင်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တောင်တွင်းကြီးမြို့နယ်

(၉) မြို့နယ်ဦးစီးမှူး — အဖွဲ့ဝင်
မြို့နယ်သစ်တောဦးစီးဌာန၊ တောင်တွင်းကြီးမြို့နယ်

(၁၀) မြို့နယ်ဥပဒေအရာရှိ — အဖွဲ့ဝင်
တောင်တွင်းကြီးမြို့နယ်

(၁၁) ကျေးရွာအုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
အင်းရွာကြီးကျေးရွာအုပ်စု၊ တောင်တွင်းကြီးမြို့နယ်

(၁၂) ကျေးရွာအုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
ကုက္ကိုရွာကျေးရွာအုပ်စု၊ တောင်တွင်းကြီးမြို့နယ်

(၁၃) လက်ထောက်ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန၊
ဗိဿနိုးဌာနစု၊ ယဉ်ကျေးမှုဝန်ကြီးဌာန

**(ဂ) ဟန်လင်းမြို့ဟောင်းလုပ်ငန်းကော်မတီ**

(၁) ခရိုင်အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘိုခရိုင်
စစ်ကိုင်းတိုင်းဒေသကြီး

(၂) ဒုတိယညွှန်ကြားရေးမှူး — ဒုတိယဥက္ကဋ္ဌ
ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်
စာကြည့်တိုက်ဦးစီးဌာန၊
စစ်ကိုင်းဌာနခွဲ၊ ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) မြို့နယ်အုပ်ချုပ်ရေးမှူး — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဝက်လက်မြို့နယ်

(၄) မြို့နယ်ရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဝက်လက်မြို့နယ်

(၅) အမှုဆောင်အရာရှိ — အဖွဲ့ဝင်
မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဝက်လက်မြို့နယ်

(၆) မြို့နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ဝက်လက်မြို့နယ်

(၇) မြို့နယ်သာသနာရေးမှူး — အဖွဲ့ဝင်
မြို့နယ်သာသနာရေးဦးစီးဌာန၊ ဝက်လက်မြို့နယ်

(၈) မြို့နယ်အင်ဂျင်နီယာ — အဖွဲ့ဝင်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဝက်လက်မြို့နယ်

(၉) မြို့နယ်ဦးစီးမှူး — အဖွဲ့ဝင်
မြို့နယ်သစ်တောဦးစီးဌာန၊ ဝက်လက်မြို့နယ်

(၁၀) မြို့နယ်ဥပဒေအရာရှိ ဝက်လက်မြို့နယ် — အဖွဲ့ဝင်

(၁၁) ကျေးရွာအုပ်ချုပ်ရေးမှူး ဟန်လင်းကျေးရွာအုပ်စု၊ ဝက်လက်မြို့နယ် — အဖွဲ့ဝင်

(၁၂) လက်ထောက်ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရွှေဘို-ဟန်လင်းဌာနခွဲ၊ ယဉ်ကျေးမှုဝန်ကြီးဌာန — အတွင်းရေးမှူး

၂။ **လုပ်ငန်းတာဝန်များ။** ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြို့ဟောင်းများတွင် လက်ရှိရှိနေသော ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှုမဖြစ်စေရန်နှင့် မပျောက်ပျက်အောင် ဒေသအလိုက်ပူးပေါင်းထိန်းသိမ်းရန်၊ မှတ်တမ်းတင်ရန်။

(ခ) မြို့ပြဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၊ စီမံချက်များကြောင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မထိခိုက်စေရေး စောင့်ကြည့်ညှိနှိုင်းဆောင်ရွက်ရန်။

(ဂ) UNESCO နှင့် အပြည်ပြည်ဆိုင်ရာသတ်မှတ်ချက်များ၊ အကြံပြုချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဃ) မြို့ဟောင်းဒေသများရှိ လူမှုအဖွဲ့အစည်းများ တစ်ခုနှင့်တစ်ခု ဆက်စပ်ပြီး ယဉ်ကျေးမှုအမွေအနှစ်များ ပြန့်ပွားစေရန်နှင့် စီးပွားရေးနှင့်လူမှုရေးအကျိုးအမြတ်များရရှိအောင် သတင်းအချက်အလက်များ ဖလှယ်၍ ညှိနှိုင်းဆောင်ရွက်နိုင်ရန်။

(င) ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်၍ အနာဂတ်မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန်။

(စ) ရှေးဟောင်းယဉ်ကျေးမှုများ မထိခိုက်စေရန် ကာကွယ်ထိန်းသိမ်းရာ၌ အမျိုးသားအဆင့်တွင် ဆက်စပ်ဌာနများ ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်အောင် အခြေခံအဆင့်လုပ်ငန်းစဉ်နှင့် စီမံချက်များ ရေးဆွဲဆောင်ရွက်ရန်။

(ဆ) ဒေသခံများကို Do's and Don't များ၊ ကန့်သတ်ချက်များ၊ စည်းကမ်းများလိုက်နာစေရန် ပညာပေးခြင်း၊ ဟောပြောခြင်း၊ အနီးကပ်ကြီးကြပ်ခြင်း စသည်တို့ကို ဆောင်ရွက်ရန်။

(ဇ) UNESCO မှ သတ်မှတ်ထားသော ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး "မူ" များ၊ လုပ်ငန်းစဉ်များအား ဒေသရှိဌာနများနှင့် ဒေသခံများ လိုက်နာဆောင်ရွက်စေရေး ပညာပေးရန်၊ ကြီးကြပ်ရန်။

(ဈ) ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ စီမံခန့်ခွဲနိုင်ရန် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူလူထုပါ ပါဝင်လာအောင် ဆောင်ရွက်ရန်။

(ည) ယဉ်ကျေးမှုအမွေအနှစ်များရှိသော နေရာ၊ ကြားခံနေရာများနှင့်ပတ်သက်၍ လိုက်နာရမည့် အချက်များကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံများ လိုက်နာစေရန် ကြီးကြပ်မှုပေးရန်၊ အသိပညာပေးရန်၊ ဟောပြောပို့ချရန်၊ ပူးပေါင်းပါဝင်အောင် လှုံ့ဆော်မှုဆောင်ရွက်ရန်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် )

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာဖြင့် ဖွဲ့စည်းခဲ့သော "ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေး အဖွဲ့" ကို အောက်ပါအတိုင်း ပြန်လည်ဖွဲ့စည်းလိုက်သည်-

| စဉ် | အမည်/ရာထူး/ဌာန | တာဝန် |
|---|---|---|
| (က) | ဦးညွန့်ဝင်း<br>ညွှန်ကြားရေးမှူး<br>အနုပညာဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဦးကျော်ညွန့်<br>ညွှန်ကြားရေးမှူး<br>ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်<br>စာကြည့်တိုက်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒေါ်စန်းစန်း<br>ညွှန်ကြားရေးမှူး<br>သမိုင်းသုတေသနဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးမင်းအေးကို<br>ဒုတိယညွှန်ကြားရေးမှူး<br>ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |

ယဉ်ကျေးမှုဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်း တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး စိတ်ဝင်စားလာစေရေးအတွက် မှန်ကန်ပြီး အကျိုးရှိမည့် သတင်းများကို အချိန်မီလက်ဦးမှုရရှိအောင် ထုတ်ပြန်ပေးရန်၊

(ခ) မီဒီယာလုပ်ငန်းများ၌ ဆက်သွယ်ဆောင်ရွက်နိုင်ရန် မျက်မှောက်ခေတ်ကာလ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများအပေါ် သုံးသပ်ပြီး ကြိုတင်ဆောင်ရွက်သင့်သည့် Pro-active Media ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် Pre-active Media လုပ်သင့်သည်များကို နိုင်ငံတော်အဆင့် ပြောရေးဆိုခွင့်နှင့်သတင်းထုတ်ပြန်ရေးအဖွဲ့သို့ သတင်းအချက်အလက် (Data) များ ပေးရန်နှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ ထိုးနှက်ဝင်ရောက်မှုများကို Re-active လုပ်နိုင်ရန် စသည့် လုပ်ငန်းစဉ်များကို အောင်မြင်အောင်ဆောင်ရွက်ရန်နှင့် ပံ့ပိုးကူညီမှုပေးရန်၊

(ဂ) အခါအားလျော်စွာ ဌာနအတွင်း အသိပေးရမည့်အကြောင်းအရာကိစ္စများရှိပါက ရှင်းလင်းပွဲများ ပြုလုပ်၍ အသိပေးဆောင်ရွက်ရန်၊

(ဃ) သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစုဆောင်းထုတ်ပြန်မှုလုပ်ငန်းများတွင် ဝန်ကြီးဌာနအသီးသီးမှ အထောက်အကူပေးနိုင်ရေးအတွက် လိုအပ်သလို ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရန်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၁၉ ရက် )

၁။ ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ အခန်း (၃) ပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၃) ၏ သဘောတူညီချက်ဖြင့် ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ်၊ သရေခေတ္တရာမြို့ဟောင်းအတွင်း ရှေးဟောင်းနေရာတည်ရှိရာ ဇုန်၊ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်နှင့် ကာကွယ်ထိန်းသိမ်းထားသော ဇုန်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

| စဉ် | ဇုန်အမျိုးအစား | နယ်နိမိတ်/နယ်မြေဒေသ | မှတ်ချက် |
|---|---|---|---|
| ၁ | ရှေးဟောင်းနေရာ တည်ရှိရာဇုန် ဇုန်အမှတ် (၁) | ဇုန်ပန္နက်အမှတ် A.Z - A မှ A.Z - B ထိ၊ A.Z - B မှ A.Z - C ထိ၊ A.Z - C မှ A.Z - D ထိ၊ A.Z - D မှ A.Z - E ထိ၊ A.Z - E မှ A.Z - F ထိ၊ A.Z - F မှ A.Z - G ထိ၊ A.Z - G မှ A.Z - H ထိ၊ A.Z - H မှ A.Z - I ထိ၊ A.Z - I မှ A.Z - J ထိ၊ A.Z - J မှ A.Z - K ထိ၊ A.Z - K မှ A.Z - L ထိ၊ A.Z - L မှ A.Z - M ထိ၊ A.Z - M မှ A.Z - N ထိ၊ A.Z - N မှ A.Z - O ထိ၊ A.Z - O မှ A.Z - A အတွင်းရှိ ဧရိယာအားလုံး။ | |
| ၂ | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် ဇုန်အမှတ် (၁) | ဇုန်ပန္နက်အမှတ် MZ - 1A မှ MZ - 1B ထိ၊ MZ - 1B မှ MZ - 1C ထိ၊ MZ - 1C မှ MZ - 1D ထိ၊ MZ - 1D မှ MZ - 1E ထိ၊ MZ - 1E မှ MZ - 1F ထိ၊ MZ - 1F မှ MZ - 1A အတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၂) | ဇုန်ပန္နက်အမှတ် MZ - 2A မှ MZ - 2B ထိ၊ MZ - 2B မှ MZ - 2C ထိ၊ MZ - 2C မှ MZ - 2D ထိ၊ MZ - 2D မှ MZ - 2Aအတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၃) | ဇုန်ပန္နက်အမှတ် MZ - 3A မှ MZ - 3B ထိ၊ MZ - 3B မှ MZ - 3C ထိ၊ MZ - 3C မှ MZ - 3D ထိ၊ MZ - 3D မှ MZ - 3E ထိ၊ MZ - 3E မှ MZ - 3F ထိ၊ MZ - 3F မှ MZ - 3G ထိ၊ MZ - 3G မှ MZ - 3H ထိ၊ MZ - 3H မှ MZ - 3I ထိ၊ MZ - 3I မှ MZ - 3J ထိ၊ MZ - 3J မှ MZ - 3K ထိ၊ | |

| စဉ် | ဇုန်အမျိုးအစား | နယ်နိမိတ်/နယ်မြေဒေသ | မှတ်ချက် |
|---|---|---|---|
| | | MZ - 3K မှ MZ - 3L ထိ၊ MZ - 3L မှ MZ - 3M ထိ၊ MZ - 3M မှ MZ - 3N ထိ၊ MZ - 3N မှ MZ - 3O ထိ၊ MZ - 3O မှ MZ - 3P ထိ၊ MZ - 3P မှ MZ - 3Q ထိ၊ MZ - 3Q မှ MZ - 3R ထိ၊ MZ - 3R မှ MZ - 3S ထိ၊ MZ - 3S မှ MZ - 3T ထိ၊ MZ - 3T မှ MZ - 3U ထိ၊ MZ - 3U မှ MZ - 3A အတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၄) | ဇုန်ပန္နက်အမှတ် MZ - 4A မှ MZ - 4B ထိ၊ MZ - 4B မှ MZ - 4C ထိ၊ MZ - 4C မှ MZ - 4D ထိ၊ MZ - 4D မှ MZ - 4A အတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၅) | ဇုန်ပန္နက်အမှတ် MZ - 5A မှ MZ - 5B ထိ၊ MZ - 5B မှ MZ - 5C ထိ၊ MZ - 5C မှ MZ - 5D ထိ၊ MZ - 5D မှ MZ - 5E ထိ၊ MZ - 5E မှ MZ - 5F ထိ၊ MZ - 5F မှ MZ - 5A အတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၆) | ဇုန်ပန္နက်အမှတ် MZ - 6A မှ MZ - 6B ထိ၊ MZ - 6B မှ MZ - 6C ထိ၊ MZ - 6C မှ MZ - 6D ထိ၊ MZ - 6D မှ MZ - 6E ထိ၊ MZ - 6E မှ MZ - 6F ထိ၊ MZ - 6F မှ MZ - 6G ထိ၊ MZ - 6G မှ MZ - 6H ထိ၊ MZ - 6H မှ MZ - 6I ထိ၊ MZ - 6I မှ MZ - 6J ထိ၊ MZ - 6J မှ MZ - 6A အတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၇) | ဇုန်ပန္နက်အမှတ် MZ - 7A မှ MZ - 7B ထိ၊ MZ - 7B မှ MZ - 7C ထိ၊ MZ - 7C မှ MZ - 7D ထိ၊ MZ - 7D မှ MZ - 7E ထိ၊ MZ - 7E မှ MZ - 7F ထိ၊ MZ - 7F မှ MZ - 7G ထိ၊ MZ - 7G မှ MZ - 7A အတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၈) | ဇုန်ပန္နက်အမှတ် MZ - 8A မှ MZ - 8B ထိ၊ MZ - 8B မှ MZ - 8C ထိ၊ MZ - 8C မှ MZ - 8D ထိ၊ MZ - 8D မှ MZ - 8E ထိ၊ MZ - 8E မှ MZ - 8A အတွင်းရှိ ဧရိယာအားလုံး။ | |

| စဉ် | ဇုန်အမျိုးအစား | နယ်နိမိတ်/နယ်မြေဒေသ | မှတ်ချက် |
|---|---|---|---|
| | ဇုန်အမှတ် (၉) | ဇုန်ပန္နက်အမှတ် MZ - 9A မှ MZ - 9B ထိ၊ MZ - 9B မှ MZ - 9C ထိ၊ MZ - 9C မှ MZ - 9D ထိ၊ MZ - 9D မှ MZ - 9E ထိ၊ MZ - 9E မှ MZ - 9F ထိ၊ MZ - 9F မှ MZ - 9A အတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၁၀) | ဇုန်ပန္နက်အမှတ် MZ - 10A မှ MZ - 10B ထိ၊ MZ - 10B မှ MZ - 10C ထိ၊ MZ - 10C မှ MZ - 10D ထိ၊ MZ - 10D မှ MZ - 10E ထိ၊ MZ - 10E မှ MZ - 10A အတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၁၁) | ဇုန်ပန္နက်အမှတ် MZ - 11A မှ MZ - 11B ထိ၊ MZ - 11B မှ MZ - 11C ထိ၊ MZ - 11C မှ MZ - 11D ထိ၊ MZ - 11D မှ MZ - 11E ထိ၊ MZ - 11E မှ MZ - 11F ထိ၊ MZ - 11F မှ MZ - 11G ထိ၊ MZ - 11G မှ MZ - 11A အတွင်းရှိ ဧရိယာအားလုံး။ | |
| ၃ | ကာကွယ်ထိန်းသိမ်းထားသောဇုန် | ဇုန်ပန္နက်အမှတ် P.Z - A မှ P.Z - B ထိ၊ P.Z - B မှ P.Z - C ထိ၊ P.Z - C မှ P.Z - D ထိ၊ P.Z - D မှ P.Z - E ထိ၊ P.Z - E မှ P.Z - F ထိ၊ P.Z - F မှ P.Z - G ထိ၊ P.Z - G မှ P.Z - H ထိ၊ P.Z - H မှ P.Z - I ထိ၊ P.Z - I မှ P.Z - J ထိ၊ P.Z - J မှ P.Z - K ထိ၊ P.Z - K မှ P.Z - L ထိ၊ P.Z - L မှ P.Z - M ထိ၊ P.Z - M မှ P.Z - N ထိ၊ P.Z - N မှ P.Z - O ထိ၊ P.Z - O မှ P.Z - A အတွင်းရှိ ဧရိယာအားလုံး။ | |

၂။ အပိုဒ် ၁ ပါ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်သည် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အမှုတွဲအမှတ်၊ ၂/ ၃-၁/၂၀၁၂ (၅၁၅၈) ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပါရှိသည့် မြေပုံနှင့်စာရင်းဇယားများပါ အသေးစိတ်ဖော်ပြချက် မြေပုံများအတိုင်း ဖြစ်ပါသည်။

၃။ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၃)

၁။ ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ အခန်း (၃) ပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၃/၂၀၁၃) ၏ သဘောတူညီချက်ဖြင့် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဗိဿနိုး မြို့ဟောင်းအတွင်း ရှေးဟောင်းနေရာတည်ရှိရာ ဇုန်၊ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာ ဇုန်နှင့် ကာကွယ်ထိန်းသိမ်းထားသောဇုန်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

| စဉ် | ဇုန်အမျိုးအစား | နယ်နိမိတ်/နယ်မြေဒေသ | မှတ်ချက် |
|---|---|---|---|
| ၁ | ရှေးဟောင်းနေရာ တည်ရှိရာဇုန် | ဇုန်ပန္နက်အမှတ် A.Z - A မှ A.Z - B ထိ၊ A.Z - B မှ A.Z - C ထိ၊ A.Z - C မှ A.Z - D ထိ၊ A.Z - D မှ A.Z - E ထိ၊ A.Z - E မှ A.Z - F ထိ၊ A.Z - F မှ A.Z - G ထိ၊ A.Z - G မှ A.Z - H ထိ၊ A.Z - H မှ A.Z - I ထိ၊ A.Z - I မှ A.Z - J ထိ၊ A.Z - J မှ A.Z - K ထိ၊ A.Z - K မှ A.Z - L ထိ၊ A.Z - L မှ A.Z - M ထိ၊ A.Z - M မှ A.Z - N ထိ၊ A.Z - N မှ A.Z - O ထိ၊ A.Z - O မှ A.Z - P ထိ၊ A.Z - P မှ A.Z - Q ထိ၊ A.Z - Q မှ A.Z - R ထိ၊ A.Z - R မှ A.Z - S ထိ၊ A.Z - S မှ A.Z - T ထိ၊ A.Z - T မှ A.Z - U ထိ၊ A.Z - U မှ A.Z - V ထိ၊ A.Z - V မှ A.Z - W ထိ၊ A.Z - W မှ A.Z - A အတွင်းရှိ ဧရိယာ အားလုံး။ | |
| ၂ | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် ဇုန်အမှတ် (၁) | ဇုန်ပန္နက်အမှတ် M.Z - 1A မှ M.Z - 1B ထိ၊ M.Z - 1B မှ M.Z - 1C ထိ၊ M.Z - 1C မှ M.Z - 1D ထိ၊ M.Z - 1D မှ M.Z - 1A အတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၂) | ဇုန်ပန္နက်အမှတ် M.Z - 2A မှ M.Z - 2B ထိ၊ M.Z - 2.B မှ M.Z - 2.C ထိ၊ M.Z - 2C မှ M.Z - 2D ထိ၊ M.Z - 2D မှ M.Z - 2E ထိ၊ M.Z - 2E မှ M.Z- 2F ထိ၊ M.Z - 2F မှ M.Z - 2G ထိ၊ M.Z - 2G မှ M.Z - 2H ထိ၊ M.Z - 2H မှ M.Z - 2I ထိ၊ M.Z - 2I မှ M.Z - 2J ထိ၊ M.Z - 2J မှ M.Z - 2K ထိ၊ M.Z - 2K မှ M.Z - 2L ထိ၊ M.Z - 2L မှ M.Z - 2M ထိ၊ M.Z - 2M မှ M.Z - 2N ထိ၊ M.Z - 2N မှ M.Z - 2O ထိ၊ M.Z - 2O မှ M.Z - 2P ထိ၊ M.Z - 2P မှ M.Z - 2Q ထိ၊ M.Z - 2Q မှ M.Z - 2R ထိ၊ M.Z - 2R မှ M.Z - 2S ထိ၊ M.Z - 2S မှ M.Z - 2T ထိ၊ M.Z - 2T မှ M.Z - 2U ထိ၊ M.Z - 2U မှ | |

| စဉ် | ဇုန်အမျိုးအစား | နယ်နိမိတ်/နယ်မြေဒေသ | မှတ်ချက် |
|---|---|---|---|
| | | M.Z - 2V ထိ၊ M.Z - 2V မှ M.Z - 2W ထိ၊ M.Z - 2W မှ M.Z - 2X ထိ၊ M.Z - 2X မှ M.Z - 2Y ထိ၊ M.Z - 2Y မှ M.Z - 2Z ထိ၊ M.Z - 2AA မှ M.Z - 2BB ထိ၊ M.Z - 2BB မှ M.Z - 2CC ထိ၊ M.Z - 2CC မှ M.Z - 2DD ထိ၊ M.Z - 2DD မှ M.Z - 2EE ထိ၊ M.Z - 2EE မှ M.Z - 2FF ထိ၊ M.Z - 2FF မှ M.Z - 2GG ထိ၊ M.Z - 2GG မှ M.Z - 2HH ထိ၊ M.Z - 2HH မှ M.Z - 2II ထိ၊ M.Z - 2II မှ M.Z - 2JJ ထိ၊ M.Z - 2JJ မှ M.Z - 2KK ထိ၊ M.Z - 2KK မှ M.Z - 2LL ထိ၊ M.Z - 2LL မှ M.Z - 2MM ထိ၊ M.Z - 2MM မှ M.Z - 2NN ထိ၊ M.Z - 2NN မှ M.Z - 2OO ထိ၊ M.Z - 2OO မှ M.Z - 2PP ထိ၊ M.Z - 2PP မှ M.Z - 2QQ ထိ၊ M.Z - 2QQ မှ M.Z - 2RR ထိ၊ M.Z - 2RR မှ M.Z - 2SS ထိ၊ M.Z - 2SS မှ M.Z - 2TT ထိ၊ M.Z - 2TT မှ M.Z - 2UUထိ၊ M.Z - 2UU မှ M.Z - 2VV ထိ၊ M.Z - 2VV မှ M.Z - 2WW ထိ၊ M.Z - 2WW မှ M.Z - 2XXထိ၊ M.Z - 2XX မှ M.Z - 2YY ထိ၊ M.Z - 2YY မှ M.Z - 2ZZ ထိ၊ အတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၃) | ဇုန်ပန္နက်အမှတ် M.Z - 3A မှ M.Z - 3B ထိ၊ M.Z - 3B မှ M.Z - 3C ထိ၊ M.Z - 3C မှ M.Z - 3D ထိ၊ M.Z - 3D မှ M.Z - 3E ထိ၊ M.Z - 3E မှ M.Z - 3A အတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၄) | ဇုန်ပန္နက်အမှတ် M.Z - 4A မှ M.Z - 4B ထိ၊ M.Z - 4B မှ M.Z - 4C ထိ၊ M.Z - 4C မှ M.Z - 4D ထိ၊ M.Z - 4D မှ M.Z - 4A အတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၅) | ဇုန်ပန္နက်အမှတ် M.Z - 5A မှ M.Z - 5B ထိ၊ M.Z - 5B မှ M.Z - 5C ထိ၊ M.Z - 5C မှ M.Z - 5D ထိ၊ M.Z - 5D မှ M.Z - 5E ထိ၊ M.Z - 5E မှ M.Z - 5F ထိ၊ M.Z - 5F မှ M.Z - 5G ထိ၊ M.Z - 5G မှ M.Z - 5H ထိ၊ M.Z - 5H မှ M.Z - 5I ထိ၊ M.Z - 5I မှ M.Z - 5J ထိ၊ M.Z - 5J မှ M.Z - 5K ထိ၊ M.Z - 5K မှ M.Z - 5L ထိ၊ M.Z - 5L မှ M.Z - 5M ထိ၊ M.Z - 5M မှ M.Z - 5A အတွင်းရှိ ဧရိယာအားလုံး။ | |

| စဉ် | ဇုန်အမျိုးအစား | နယ်နိမိတ်/နယ်မြေဒေသ | မှတ်ချက် |
|---|---|---|---|
| | ဇုန်အမှတ် (၆) | ဇုန်ပန္နက်အမှတ် M.Z - 6A မှ M.Z - 6B ထိ၊ M.Z - 6B မှ M.Z - 6C ထိ၊ M.Z - 6C မှ M.Z - 6D ထိ၊ M.Z - 6D မှ M.Z - 6A အတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၇) | ဇုန်ပန္နက်အမှတ် M.Z - 7A မှ M.Z - 7B ထိ၊ M.Z - 7B မှ M.Z - 7C ထိ၊ M.Z - 7C မှ M.Z - 7D ထိ၊ M.Z - 7D မှ M.Z - 7A အတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၈) | ဇုန်ပန္နက်အမှတ် M.Z - 8A မှ M.Z - 8B ထိ၊ M.Z - 8B မှ M.Z - 8C ထိ၊ M.Z - 8C မှ M.Z - 8D ထိ၊ M.Z - 8D မှ M.Z - 8A အတွင်းရှိ ဧရိယာအားလုံး။ | |
| ၃ | ကာကွယ်ထိန်းသိမ်းထားသောဇုန် | ဇုန်ပန္နက်အမှတ် P.Z - A မှ P.Z - B ထိ၊ P.Z - B မှ P.Z - C ထိ၊ P.Z - C မှ P.Z - D ထိ၊ P.Z - D မှ P.Z - E ထိ၊ P.Z - E မှ P.Z - F ထိ၊ P.Z - F မှ P.Z - G ထိ၊ P.Z - G မှ P.Z - H ထိ၊ P.Z - H မှ P.Z - I ထိ၊ P.Z - I မှ P.Z - J ထိ၊ P.Z - J မှ P.Z - K ထိ၊ P.Z - K မှ P.Z - L ထိ၊ P.Z - L မှ P.Z - M ထိ၊ P.Z - M မှ P.Z - N ထိ၊ P.Z - N မှ P.Z - O ထိ၊ P.Z - O မှ P.Z - P ထိ၊ P.Z - P မှ P.Z - Q ထိ၊ P.Z - Q မှ P.Z - R ထိ၊ P.Z - R မှ P.Z - A အတွင်းရှိ ဧရိယာအားလုံး။ | |

၂။ အပိုဒ် ၁ ပါ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်သည် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အမှုတွဲအမှတ်၊ ၂/၃-၁၈/၂၀၁၂ (၅၁၅၈) ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပါရှိသည့် မြေပုံနှင့်စာရင်းဇယားများပါ အသေးစိတ်ဖော်ပြချက် မြေပုံများအတိုင်း ဖြစ်ပါသည်။

၃။ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၀၂ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၂) ကို ဤ အမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၃)

၁။ ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ အခန်း (၃) ပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ဟန်လင်းမြို့ဟောင်းရှိ ရှေးဟောင်းနေရာတည်ရှိရာ ဇုန်၊ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်နှင့် ကာကွယ်ထိန်းသိမ်းထားသောဇုန်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည် -

| စဉ် | ဇုန်အမျိုးအစား | နယ်နိမိတ်/နယ်မြေဒေသ | မှတ်ချက် |
|---|---|---|---|
| ၁ | ရှေးဟောင်းနေရာ တည်ရှိရာဇုန် ဇုန်အမှတ် (၁) | ဇုန်ပန္နက်အမှတ် A.Z - A မှ A.Z - B ထိ၊ A.Z - B မှ A.Z - C ထိ၊ A.Z - C မှ A.Z - D ထိ၊ A.Z - D မှ A.Z - E ထိ၊ A.Z - E မှ A.Z - F ထိ၊ A.Z - F မှ A.Z - G ထိ၊ A.Z - G မှ A.Z - H ထိ၊ A.Z - H မှ A.Z - I ထိ၊ A.Z - I မှ A.Z - J ထိ၊ A.Z - J မှ A.Z - K ထိ၊ A.Z - K မှ A.Z - L ထိ၊ A.Z - L မှ A.Z - M ထိ၊ A.Z - M မှ A.Z - N ထိ၊ A.Z - N မှ A.Z - O ထိ၊ A.Z - O မှ A.Z - P ထိ၊ A.Z - P မှ A.Z - Q ထိ၊ A.Z - Q မှ A.Z - R ထိ၊ A.Z - R မှ A.Z - S ထိ၊ A.Z - S မှ A.Z - T ထိ၊ A.Z - T မှ A.Z - U ထိ၊ A.Z - U မှ A.Z - V ထိ၊ A.Z - V မှ A.Z - A အတွင်းရှိ ဧရိယာအားလုံး။ | |
| ၂ | ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် ဇုန်အမှတ် (၁) | ဇုန်ပန္နက်အမှတ် M.Z - 1(A) မှ M.Z - 1(B) ထိ၊ M.Z - 1(B) မှ M.Z - 1(C) ထိ၊ M.Z - 1(C) မှ M.Z - 1(D) ထိ၊ M.Z - 1(D) မှ M.Z - 1(E) ထိ၊ M.Z - 1(E) မှ M.Z - 1(F) ထိ၊ M.Z - 1(F) မှ M.Z - 1(G) ထိ၊ M.Z - 1(G) မှ M.Z - 1(H) ထိ၊ M.Z - 1(H) မှ M.Z - 1(I) ထိ၊ M.Z - 1(I) မှ M.Z - 1(J) ထိ၊ M.Z - 1(J) မှ M.Z - 1(K) ထိ၊ M.Z - 1(K) မှ M.Z - 1(L) ထိ၊ M.Z - 1(L) မှ M.Z - 1(M) ထိ၊ M.Z - 1(M) မှ M.Z - 1(N) ထိ၊ M.Z - 1(N) မှ M.Z - 1(O) ထိ၊ M.Z - 1(O) မှ M.Z - 1(P) ထိ၊ M.Z - 1(P) မှ M.Z - 1(Q) ထိ၊ M.Z - 1(Q) မှ M.Z - 1(R) ထိ၊ M.Z - 1(R) မှ M.Z - 1(S) ထိ၊ M.Z - 1(S) မှ M.Z - 1(T) ထိ၊ M.Z - 1(T) မှ M.Z - 1(U) ထိ၊ M.Z - 1(U) မှ M.Z - 1(V) ထိ၊ M.Z - 1(V) မှ M.Z - 1(W) ထိ၊ M.Z - 1(W) မှ M.Z - 1(X) ထိ၊ M.Z - 1(X) မှ M.Z - 1(A) အတွင်းရှိ ဧရိယာအားလုံး။ | |

| စဉ် | ဇုန်အမျိုးအစား | နယ်နိမိတ်/နယ်မြေဒေသ | မှတ်ချက် |
|---|---|---|---|
| | ဇုန်အမှတ် (၂) | ဇုန်ပန္နက်အမှတ် M.Z - 2(A) မှ M.Z - 2(B) ထိ၊ M.Z - 2(B) မှ M.Z - 2(C) ထိ၊ M.Z - 2(C) မှ M.Z - 2(D) ထိ၊ M.Z - 2(D) မှ M.Z - 2(E) ထိ၊ M.Z - 2(E) မှ M.Z - 2(F) ထိ၊ M.Z - 2(F) မှ M.Z - 2(G) ထိ၊ M.Z - 2(G) မှ M.Z - 2(H) ထိ၊ M.Z - 2(H) မှ M.Z - 2(A) အတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၃) | ဇုန်ပန္နက်အမှတ် M.Z - 3(A) မှ M.Z - 3(B) ထိ၊ M.Z - 3(B) မှ M.Z - 3(C) ထိ၊ M.Z - 3(C) မှ M.Z - 3(D) ထိ၊ M.Z - 3(D) မှ M.Z - 3(A) အတွင်းရှိ ဧရိယာအားလုံး။ | |
| | ဇုန်အမှတ် (၄) | ဇုန်ပန္နက်အမှတ် M.Z - 4(A) မှ M.Z - 4(B) ထိ၊ M.Z - 4(B) မှ M.Z - 4(C) ထိ၊ M.Z - 4(C) မှ M.Z - 4(D) ထိ၊ M.Z - 4(D) မှ M.Z - 4(E) ထိ၊ M.Z - 4(E) မှ M.Z - 4(A) အတွင်းရှိ ဧရိယာအားလုံး။ | |
| ၃ | ကာကွယ်ထိန်းသိမ်းထားသောဇုန် | ဇုန်ပန္နက်အမှတ် P.Z - A မှ P.Z - B ထိ၊ P.Z - B မှ P.Z - C ထိ၊ P.Z - C မှ P.Z - D ထိ၊ P.Z - D မှ P.Z - E ထိ၊ P.Z - E မှ P.Z - F ထိ၊ P.Z - F မှ P.Z - G ထိ၊ P.Z - G မှ P.Z - H ထိ၊ P.Z - H မှ P.Z - I ထိ၊ P.Z - I မှ P.Z - J ထိ၊ P.Z - J မှ P.Z - K ထိ၊ P.Z - K မှ P.Z - L ထိ၊ P.Z - L မှ P.Z - M ထိ၊ P.Z - M မှ P.Z - N ထိ၊ P.Z - N မှ P.Z - O ထိ၊ P.Z - O မှ P.Z - P ထိ၊ P.Z - P မှ P.Z - Q ထိ၊ P.Z - Q မှ P.Z - R ထိ၊ P.Z - R မှ P.Z - S ထိ၊ P.Z - S မှ P.Z - T ထိ၊ P.Z - T မှ P.Z - U ထိ၊ P.Z - U မှ P.Z - V ထိ၊ P.Z - V မှ P.Z - A အတွင်းရှိ ဧရိယာအားလုံး။ | |

၂။ အပိုဒ် ၁ ပါ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်သည် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အမှုတွဲအမှတ်၊ ၂/၃-၁၈/၂၀၁၂ (၅၁၅၈) ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ပါရှိသည့် မြေပုံနှင့်စာရင်းဇယားများပါ အသေးစိတ်ဖော်ပြချက် မြေပုံများအတိုင်း ဖြစ်ပါသည်။

၃။ ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၀၈ ခုနှစ်၊ ဇွန်လ ၁၃ ရက်စွဲပါ၊ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈) ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက် )

ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသည့် ဒုတိယရုံးအဖွဲ့မှူး (ညွှန်ကြားရေးမှူး) လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးသို့ ဝန်ကြီးရုံး၊ အဖွဲ့ခွဲ (၁) မှ ဒုတိယညွှန်ကြားရေးမှူး (အဖွဲ့ခွဲမှူး) လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဦးမင်းအေးကိုအား ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

အေးမြင့်ကြူ
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၁၀၁/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် )

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ၁၈၇၀ ပြည့်နှစ်၊ ရုံးခွန်အက်ဥပဒေ ပုဒ်မ ၃၅ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၃) မှ သဘောတူခွင့်ပြုချက်အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂၃/၂၀၁၂ ဖြင့် ထုတ်ပြန်ခဲ့သည့် ရုံးခွန်အက်ဥပဒေနှုန်းထား ဇယား (၁) အမှတ်စဉ် (၁) ကို အောက်ဖော်ပြပါအတိုင်း အစားထိုးလိုက်သည် -

**COURT - FEES**

**SCHEDULE 1.**

**Advalorem fees**

| Number | - | Proper fee |
|---|---|---|
| 1. Plaint, written statement pleading a set-off or counter-claim or memorandum of appeal (not otherwise provided for in this Act) or of cross objection presented to any Civil Court or Revenue authority except those mentioned in section 3. | - | - 0.5 per centum on the amount or value specified in such document.<br>- provided that the maximum fee leviable shall be kyat 1,500,000. |

၃။ ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

နောက်ဆက်တွဲ (က)

## အခွန်ကျသင့်မှု နှိုင်းယှဉ်ချက်ဇယား

၁၉၉၀ ပြည့်နှစ်၊ ကျသင့်ရုံးခွန်နှုန်းထား၊ ၂၀၁၂ ခုနှစ်၊ ကျသင့်ရုံးခွန်နှုန်းထားနှင့် လက်ရှိပြင်ဆင်ချက်အရ ကျသင့်မည့် ရုံးခွန်နှုန်းထားနှိုင်းယှဉ်ချက်တို့အား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

| အမှုတန်ဖိုး | ၁၉၉၀ ပြည့်နှစ် ကျသင့်ရုံးခွန် (ကျပ်) | ၂၀၁၂ ခုနှစ်၊ ကျသင့်ရုံးခွန် (ကျပ်) | လက်ရှိပြင်ဆင်ချက်အရ ၀. ၅%ဖြင့် ကျသင့်မည့် ရုံးခွန် (ကျပ်) |
|---|---|---|---|
| ကျပ် ၁ သိန်းထိ | ၄၉၅၀ | ၅၀၀၀ | ၅၀၀ |
| ကျပ် ၂ သိန်းထိ | ၅၉၅၀ | ၆၀၀၀ | ၁၀၀၀ |
| ကျပ် ၁၀ သိန်းထိ | ၁၃၉၅၀ | ၁၄၀၀၀ | ၅၀၀၀ |
| ကျပ် ၁၁ သိန်း ၅ သောင်းထိ | ၁၅၀၀၀ | ၁၅၅၀၀ | ၅၇၅၀ |
| ကျပ် သိန်း ၁၀၀ ထိ | ၁၅၀၀၀ | ၁၀၄၀၀၀ | ၅၀၀၀၀ |
| ကျပ် သိန်း ၂၀၀ ထိ | ၁၅၀၀၀ | ၂၀၄၀၀၀ | ၁၀၀၀၀၀ |
| ကျပ် သိန်း ၃၀၀ ထိ | ၁၅၀၀၀ | ၃၀၄၀၀၀ | ၁၅၀၀၀၀ |
| ကျပ် သိန်း ၅၀၀ ထိ | ၁၅၀၀၀ | ၅၀၄၀၀၀ | ၂၅၀၀၀၀ |
| ကျပ် သိန်း ၆၀၀ ထိ | ၁၅၀၀၀ | ၆၀၄၀၀၀ | ၃၀၀၀၀၀ |
| ကျပ် သိန်း ၇၀၀ ထိ | ၁၅၀၀၀ | ၇၀၄၀၀၀ | ၃၅၀၀၀၀ |
| ကျပ် သိန်း ၈၀၀ ထိ | ၁၅၀၀၀ | ၈၀၄၀၀၀ | ၄၀၀၀၀၀ |
| ကျပ် သိန်း ၁၀၀၀ ထိ | ၁၅၀၀၀ | ၁၀၀၄၀၀၀ | ၅၀၀၀၀၀ |
| ကျပ် သိန်း ၁၂၀၀ ထိ | ၁၅၀၀၀ | ၁၂၀၄၀၀၀ | ၆၀၀၀၀၀ |
| ကျပ် သိန်း ၁၄၉၆ ထိ | ၁၅၀၀၀ | ၁၅၀၀၀၀၀ | ၇၄၈၀၀၀ |
| ကျပ် သိန်း ၁၅၀၀ ထိ | ၁၅၀၀၀ | ၁၅၀၀၀၀၀ | ၇၅၀၀၀၀ |
| ကျပ် သိန်း ၁၈၀၀ ထိ | ၁၅၀၀၀ | ၁၅၀၀၀၀၀ | ၉၀၀၀၀၀ |
| ကျပ် သိန်း ၂၀၀၀ ထိ | ၁၅၀၀၀ | ၁၅၀၀၀၀၀ | ၁၀၀၀၀၀၀ |
| ကျပ် သိန်း ၂၂၀၀ ထိ | ၁၅၀၀၀ | ၁၅၀၀၀၀၀ | ၁၁၀၀၀၀၀ |
| ကျပ် သိန်း ၃၀၀၀ ထိ | ၁၅၀၀၀ | ၁၅၀၀၀၀၀ | ၁၅၀၀၀၀၀ |
| ကျပ် သိန်း ၅၀၀၀ ထိ | ၁၅၀၀၀ | ၁၅၀၀၀၀၀ | ၁၅၀၀၀၀၀ |
| ကျပ် သိန်း ၇၀၀၀ ထိ | ၁၅၀၀၀ | ၁၅၀၀၀၀၀ | ၁၅၀၀၀၀၀ |

မှတ်ချက်။ ကျပ်သိန်း ၃၀၀၀ နှင့်အထက် အမှုတန်ဖိုးများအတွက် မည်မျှပင်ဖြစ်စေကာမူ ကျသင့်ရုံးခွန်မှာ အမြင့်ဆုံး ကျပ် ၁,၅၀၀,၀၀၀ (ကျပ် တစ်ဆယ့်ငါးသိန်း) အထိသာဖြစ်ပါသည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၈၆/၂၀၁၃**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် )

**ဒေသစရိတ်ခံစားခွင့်ရှိသည့်မြို့နယ်များ ပြင်ဆင်သတ်မှတ်ခြင်းကိစ္စ**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ လူမှုရေးခက်ခဲသော မြို့နယ်များတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၂ ခုနှစ်၊ မတ်လ ၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၁/၂၀၁၂ ဖြင့် ဒေသစရိတ်ခံစားခွင့်များ ခွင့်ပြုပေးခဲ့ပါသည်။

၂။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြမှုများအရ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများအား လေ့လာစိစစ်ပြီး ထပ်မံဖြည့်စွက်၍ ဒေသစရိတ်ခံစားခွင့်ရှိသော မြို့နယ်၊ မြို့နယ်ခွဲများအဖြစ် အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်ပါသည် -

(က) ဒေသစရိတ် ခံစားခွင့်ရှိသည့် လူမှုရေးခက်ခဲသော မြို့နယ်၊ မြို့နယ်ခွဲများ -

**ကချင်ပြည်နယ်**

(၁) အင်ဂျန်းယန်မြို့နယ်
(၂) ဆော့လော်မြို့နယ်
(၃) ဆွမ်ပရာဘွမ်မြို့နယ်
(၄) ခေါင်လန်ဖူးမြို့နယ်
(၅) နောင်မွန်းမြို့နယ်
(၆) ပန်နန်းဒင်မြို့နယ်ခွဲ
(၇) တနိုင်းမြို့နယ်
(၈) ရှင်ဗွေယန်မြို့နယ်ခွဲ
(၉) ချီဖွေမြို့နယ်
(၁၀) ပန်ဝါမြို့နယ်ခွဲ
(၁၁) မချမ်းဘောမြို့နယ်
(၁၂) ပူတာအိုမြို့နယ်
(၁၃) မန်စီမြို့နယ်
(၁၄) ဆင်ဘိုမြို့နယ်ခွဲ
(၁၅) မြို့လှမြို့နယ်ခွဲ
(၁၆) ဒေါ့ဖုန်းယန်မြို့နယ်ခွဲ
(၁၇) ကန်ပိုက်တီးမြို့နယ်ခွဲ
(၁၈) လွယ်ဂျယ်မြို့နယ်ခွဲ
(၁၉) ဆဒုံးမြို့နယ်ခွဲ

**ကယားပြည်နယ်**

(၂၀) ရှားတောမြို့နယ်
(၂၁) မယ်စဲ့မြို့နယ်
(၂၂) ဖားဆောင်းမြို့နယ်
(၂၃) ဘောလခဲမြို့နယ်

(၂၄) ရွာသစ်မြို့နယ်ခွဲ
(၂၅) ဒီမောဆိုမြို့နယ်
(၂၆) ဖရူဆိုမြို့နယ်

**ကရင်ပြည်နယ်**

(၂၇) ဖာပွန်မြို့နယ်
(၂၈) သံတောင်ကြီးမြို့နယ်
(၂၉) ဘောဂလိမြို့နယ်ခွဲ
(၃၀) လိပ်သိုမြို့နယ်ခွဲ
(၃၁) ကြာအင်းဆိပ်ကြီးမြို့နယ်
(၃၂) ဘုရားသုံးဆူမြို့နယ်ခွဲ
(၃၃) ကျိုက်ဒုံမြို့နယ်ခွဲ
(၃၄) ရှမ်းရွာသစ်မြို့နယ်ခွဲ
(၃၅) စုကလိမြို့နယ်ခွဲ
(၃၆) ဝေါလေမြိုင်မြို့နယ်ခွဲ
(၃၇) ကမမောင်းမြို့နယ်ခွဲ
(၃၈) ပိုင်ကျုံမြို့နယ်ခွဲ

**ချင်းပြည်နယ်**

(၃၉) တွန်းဇံမြို့နယ်
(၄၀) ကျီးခါးမြို့နယ်ခွဲ
(၄၁) ထန်တလန်မြို့နယ်
(၄၂) မတူပီမြို့နယ်
(၄၃) ရေဇွာမြို့နယ်ခွဲ
(၄၄) ဖလမ်းမြို့နယ်
(၄၅) ရိခေါ်ရ်ဒါရ်မြို့နယ်ခွဲ
(၄၆) ဟားခါးမြို့နယ်
(၄၇) တီးတိန်မြို့နယ်
(၄၈) မင်းတပ်မြို့နယ်
(၄၉) ပလက်ဝမြို့နယ်
(၅၀) ကန်ပက်လက်မြို့နယ်

**စစ်ကိုင်းတိုင်းဒေသကြီး**

(၅၁) လေရှီးမြို့နယ်
(၅၂) မိုပိုင်းလွတ်မြို့နယ်ခွဲ
(၅၃) လဟယ်မြို့နယ်
(၅၄) ထန်ပါခွေမြို့နယ်ခွဲ
(၅၅) နန်းယွန်းမြို့နယ်
(၅၆) ဒုံဟီးမြို့နယ်ခွဲ
(၅၇) ပန်ဆောင်မြို့နယ်ခွဲ
(၅၈) ပင်လည်ဘူးမြို့နယ်
(၅၉) ဖောင်းပြင်မြို့နယ်
(၆၀) ဟုမ္မလင်းမြို့နယ်

(၆၁) ခန္တီးမြို့နယ်
(၆၂) ဖန်းမောက်မြို့နယ်
(၆၃) မြို့သစ်မြို့နယ်ခွဲ

**တနင်္သာရီတိုင်းဒေသကြီး**

(၆၄) ကျွန်းစုမြို့နယ်
(၆၅) ဘုတ်ပြင်းမြို့နယ်
(၆၆) ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ
(၆၇) ကရသူရိမြို့နယ်ခွဲ

**ရခိုင်ပြည်နယ်**

(၆၈) မာန်အောင်မြို့နယ်
(၆၉) မောင်တောမြို့နယ်
(၇၀) တောင်ပြိုလက်ဝဲမြို့နယ်ခွဲ

**ရန်ကုန်တိုင်းဒေသကြီး**

(၇၁) ကိုကိုးကျွန်းမြို့နယ်

**ရှမ်းပြည်နယ်**

(၇၂) မက်မန်းမြို့နယ်
(၇၃) ပန်ဆန်းမြို့နယ်
(၇၄) မန်ကန်မြို့နယ်ခွဲ
(၇၅) နားဖန်းမြို့နယ်
(၇၆) ပန်ဝိုင်မြို့နယ်
(၇၇) မိုင်းမောမြို့နယ်
(၇၈) လင်းခေးမြို့နယ်
(၇၉) ဟိုမိန်းမြို့နယ်ခွဲ
(၈၀) မောက်မယ်မြို့နယ်
(၈၁) မိုင်းပန်မြို့နယ်
(၈၂) မိုင်းယန်းမြို့နယ်
(၈၃) မိုင်းပေါက်မြို့နယ်ခွဲ
(၈၄) မိုင်းလားမြို့နယ်
(၈၅) မိုင်းဆတ်မြို့နယ်
(၈၆) မိုင်းခုတ်မြို့နယ်ခွဲ
(၈၇) မိုင်းတုံမြို့နယ်
(၈၈) မုံးထမြို့နယ်ခွဲ
(၈၉) ပုံပါကျင်မြို့နယ်ခွဲ
(၉၀) မဘိမ်းမြို့နယ်
(၉၁) မန်တုံမြို့နယ်
(၉၂) ကုန်းကြမ်းမြို့နယ်
(၉၃) မော်ထိုက်မြို့နယ်ခွဲ
(၉၄) ကျေးသီးမြို့နယ်
(၉၅) မိုင်းနောင်မြို့နယ်ခွဲ

(၉၆) မိုင်းကိုင်မြို့နယ်
(၉၇) မိုင်းခတ်မြို့နယ်
(၉၈) မိုင်းရှူးမြို့နယ်
(၉၉) မိုင်းစံမြို့နယ်ခွဲ
(၁၀၀) မိုးမိတ်မြို့နယ်
(၁၀၁) မိုင်းယောင်းမြို့နယ်
(၁၀၂) ကျိုင်းတောင်းမြို့နယ်ခွဲ
(၁၀၃) မိုင်းယုမြို့နယ်ခွဲ
(၁၀၄) ပန်လုံမြို့နယ်ခွဲ
(၁၀၅) မုန်းကိုးမြို့နယ်ခွဲ

**မကွေးတိုင်းဒေသကြီး**

(၁၀၆) ဂန့်ဂေါမြို့နယ်
(၁၀၇) ထီးလင်းမြို့နယ်
(၁၀၈) ဆောမြို့နယ်
(၁၀၉) ကျောက်ထုမြို့နယ်ခွဲ

(ခ) အထက်ပါ လူမှုရေးခက်ခဲသော မြို့နယ်၊ မြို့နယ်ခွဲများတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများအတွက် လက်ရှိ လစဉ်ထုတ်ယူရရှိနေသောလစာနှင့်ညီမျှသည့်ငွေကို ဒေသစရိတ်အဖြစ် သတ်မှတ်ခံစားခွင့်ပြုလိုက်ပါသည်။

၃။ ဤအမိန့်ကြော်ငြာစာအရ ထပ်မံသတ်မှတ်ပေးသော မြို့နယ်၊ မြို့နယ်ခွဲများတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများအတွက် ဒေသစရိတ်ခံစားခွင့်များကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ခံစားခွင့်ရှိစေရမည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် ၄၈၉/၂၀၁၃**
နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၀ ရက် )

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် လွှဲပြောင်းပေးထားသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ကြည်း ၁၉၄၉၉ ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းအောင်အား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူး၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့ရက်မှစ၍ ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် ၄၉၀/၂၀၁၃**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ ဖြင့် လွှဲပြောင်းပေးထားသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) မောရဝတီရေတပ်စခန်းဌာနချုပ်မှ ရေ ၃၅၄၂ ဒုတိယဗိုလ်မှူးကြီး ဝင်းဇော်သွင်အား ဘဏ္ဍာရေးနှင့်အခွန်

ဝန်ကြီးဌာန၊ မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းတွင် လက်ထောက်အထွေထွေမန်နေဂျာ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူး၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့ရက်မှစ၍ ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၅၄၂/၂၀၁၃

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက် )

၁။ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၃) မှ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ - ၃၈၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ပြည်ပထွက်ခွာမည့် နိုင်ငံသားများအားလုံး (အခွန်ကြွေးကျန်ရှိသူများမှအပ) ဝင်ငွေခွန်ဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) ပြဋ္ဌာန်းချက်ပါ အခွန်ပေးဆောင်ရန် တာဝန်မရှိတော့ကြောင်း သို့မဟုတ် တာဝန်ရှိသည့်အခွန်ပေးဆောင်ရန် စီမံပြီးကြောင်း သက်သေခံလက်မှတ်ရယူရန် မလိုအပ်ကြောင်း ခြွင်းချက်ပြု သတ်မှတ်လိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၃ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၅၄၃/၂၀၁၃

၁။ ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က) အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၃ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၃) မှ သဘောတူခွင့်ပြုချက်အရ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်၏ အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ဆင်းသက်လာသည့် လေယာဉ်များကို ဒေသတွင်းနိုင်ငံများ၏ ဈေးနှုန်းများနှင့် ကွာခြားမှုမရှိစေဘဲ ရောင်းချနိုင်ရန်အတွက်လည်းကောင်း၊ ပြည်တွင်းလေယာဉ်များအနေနှင့်လည်း ဂျက်လေယာဉ်ဆီကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ခြင်းဖြင့် သယ်ယူပို့ဆောင်ရေးစရိတ် သက်သာပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍ ပိုမိုအဆင်ပြေချောမွေ့လာစေရေးအတွက်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန်ဥပဒေဇယား ၆ ခြွင်းချက်အရ ကုန်စည်ဝယ်ယူရောင်းချမှုအတွက် ပေးဆောင်ရမည့်ကုန်သွယ်လုပ်ငန်းခွန်အား ခုနှိမ်ခွင့်မပြုသည့်ကုန်စည်များစာရင်းပါ ဂျက်လေယာဉ်ဆီကို ဝယ်ယူရောင်းချမှုအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ခွင့်ပြုလိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ စတင်အကျိုးသက်ရောက်စေရမည်။

ဝင်းရှိန်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် )

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏သင်းဖွဲ့မှတ်တမ်းနှင့်**
**သင်းဖွဲ့စည်းမျဉ်းတို့အား ပြင်ဆင်ခြင်း**

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသည် ၁၉၅၀ ပြည့်နှစ်၊ အထူးကုမ္ပဏီ အက်ဥပဒေအရ ၁၉၉၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂၁/၁၉၉၁) ဖြင့် ဘဏ်လုပ်ငန်းများဆောင်ရွက်ရန် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၂၇၄/၁၉၉၁-၁၉၉၂ ဖြင့် မှတ်ပုံတင်ပေးခဲ့သည့် မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ရေးသားထားသည့် သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတို့အား ဤအမိန့်ကြော်ငြာစာဖြင့် အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည် -

**သင်းဖွဲ့မှတ်တမ်းအပိုဒ် - ၆ (မြန်မာ)**

ကုမ္ပဏီ၏ ခွင့်ပြုမတည်ငွေရင်းသည် ကျပ် ၇၅,၀၀၀,၀၀၀,၀၀၀/- (ကျပ် သန်း ခုနစ်သောင်း ငါးထောင်) ဖြစ်၍ ထိုငွေရင်းကို တစ်စုလျှင် ကျပ် ၁၀၀,၀၀၀/- (ကျပ် တစ်သိန်း) တန်သော အစုရှယ်ယာ ပေါင်း ၇၅၀,၀၀၀ (ခုနစ်သိန်း ငါးသောင်း) အဖြစ် ခွဲဝေပိုင်းခြားထားသည်။ အစုရှယ်ယာ ၇၅၀,၀၀၀ (ခုနစ်သိန်း ငါးသောင်း) အနက်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများက လက်မှတ်ရေးထိုး၍ ယူနိုင်သည့် အစုရှယ်ယာများ ၄၁၂,၅၀၀ (လေးသိန်း တစ်သောင်း နှစ်ထောင့် ငါးရာ) ကို "က" အစုရှယ်ယာဟု ခေါ်ရမည်။ အများပြည်သူလက်မှတ်ရေးထိုး၍ ယူနိုင်သည့် အစုရှယ်ယာ ၃၃၇,၅၀၀ (သုံးသိန်း သုံးသောင်း ခုနစ်ထောင့် ငါးရာ) ကို "ခ" အစုရှယ်ယာဟု ခေါ်ရမည်။ ဆိုခဲ့သည့် မတည်ငွေရင်းကို မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုးမြှင့်ခြင်း (သို့မဟုတ်) လျှော့ပေါ့ခြင်း (သို့မဟုတ်) ပြောင်းလဲပြင်ဆင်ခြင်း ပြုလုပ်နိုင်သည်။

**သင်းဖွဲ့မှတ်တမ်းအပိုဒ် - ၆ (အင်္ဂလိပ်)**

The capital of the Company is K.75,000,000,000/- (Kyats Seventy Five Billion) divided into 750,000 (Seven Hundred and Fifty Thousand) Shares of K. 100,000 (Kyats One Hundred Thousand) each; of 750,000 Shares up to 412,500 (Four Hundred Twelve Thousand and Five Hundred) shares that can be subscribed by organizations under the Ministry of Commerce, shall be called "A" shares. The remaining 337,500 (Three Hundred and Thirty Seven Thousand and Five Hundred) shares that can be subscribed by the public shall be called "B" shares. The said capital may be increased, reduced or altered in conformity with the provisions of the Myanmar Compaines Act.

**သင်းဖွဲ့စည်းမျဉ်းအပိုဒ် - ၆ (မြန်မာ)**

ကုမ္ပဏီ၏ခွင့်ပြုမတည်ငွေရင်းသည် ကျပ် ၇၅,၀၀၀,၀၀၀,၀၀၀/- (ကျပ် သန်း ခုနစ်သောင်း ငါးထောင်) ဖြစ်ပြီး၊ တစ်စုလျှင် ကျပ် ၁၀၀,၀၀၀/- (ကျပ် တစ်သိန်း) တန် "က" အစုရှယ်ယာ ၄၁၂,၅၀၀

(လေးသိန်းနှင့် တစ်သောင်း နှစ်ထောင့်ငါးရာ) နှင့် ကျပ် ၁၀၀,၀၀၀/- (ကျပ်တစ်သိန်း) တန် "ခ" အစုရှယ်ယာ ၃၃၇,၅၀၀ (သုံးသိန်း သုံးသောင်း ခုနစ်ထောင့် ငါးရာ) အဖြစ် ခွဲဝေပိုင်းခြားထားသည်။ သူတစ်ဦးတစ်ယောက် ဝယ်ယူနိုင်သည့် "ခ" အစုရှယ်ယာအရေအတွက်ကို ၅၀၀ (ငါးရာ) ကျပ် ၅၀,၀၀၀,၀၀၀/- (ကျပ်သန်းငါးဆယ်) အဖြစ်လည်းကောင်း အဖွဲ့အစည်းတစ်ခု ဝယ်ယူနိုင်သည့် "ခ" အစုရှယ်ယာအရေအတွက်ကို ဒါရိုက်တာအဖွဲ့က ခွင့်ပြုသည့်အတိုင်း ဝယ်ယူနိုင်သည်။

## သင်းဖွဲ့စည်းမျဉ်းအပိုဒ် - ၆ (အင်္ဂလိပ်)

The authorized capital of the Company is K.75,000,000,000/- (Kyats Seventy Five Billion) divided into 412,500 (Four Hundred Twelve Thousand Five Hundred) "A" shares and 337,500 (Three Hundred Thirty Seven Thousand and Five Hundred) "B" shares of K.100,000/- (Kyats One Hundred Thousand) each. The maximum number of "B" shares that can be purchased by any single person shall be limited to 500 (Five Hundred) shares Kyats 50,000,000/- and the maximum number of "B" shares that can be purchased by any organization shall be the number fixed by the Board of Directors.

## သင်းဖွဲ့စည်းမျဉ်းအပိုဒ် - ၉၇ (မြန်မာ)

ဥက္ကဋ္ဌကို "က" ဒါရိုက်တာများအနက်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ခန့်အပ်ရမည်။

## သင်းဖွဲ့စည်းမျဉ်းအပိုဒ် - ၉၇ (အင်္ဂလိပ်)

The Chairman shall be appointed by the Ministry of Commerce from among the "A" Share Directors.

## သင်းဖွဲ့စည်းမျဉ်းအပိုဒ် - ၁၁၂ (မြန်မာ)

ကုမ္ပဏီ၏အုပ်ချုပ်မှုဒါရိုက်တာကို "က" ဒါရိုက်တာများအနက်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတ်မှတ်ထားသော ကာလအပိုင်းအခြားအတွက် ခန့်ထားနိုင်သည်။ ထိုသို့ ခန့်ထားသည့်အခါ ဒါရိုက်တာအဖွဲ့၏ ယေဘုယျ ကြီးကြပ်ကွပ်ကဲမှုကိုခံယူလျက် အုပ်ချုပ်မှုဒါရိုက်တာသည် ကုမ္ပဏီ၏အလုပ်ကိစ္စအရပ်ရပ်ကို စီမံအုပ်ချုပ်ရမည်။

## သင်းဖွဲ့စည်းမျဉ်းအပိုဒ် - ၁၁၂ (အင်္ဂလိပ်)

The Managing Director of the Company may be appointed by the Ministry of Commerce on such terms and conditions and for such period determined and on such appointment, the management of the affairs of the Company shall be in the hands of the Managing Director, subject to the general control and supervision of the Board of Directors.

(ပုံ) ဒေါက်တာကံဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၃၁ ရက် )

**ကုမ္ပဏီများမှတ်ပုံတင်ရာတွင် လုပ်ငန်းအမျိုးအစားခွဲခြားသတ်မှတ်ခြင်းနှင့်**

**သက်တမ်းတိုးကာလ သတ်မှတ်ထားခြင်းအား ပြင်ဆင်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၂၈-၂-၂၀၁၃) ရက်စွဲပါ စာအမှတ်၊ ၂၀/၂၅၇/အဖရ (၈/၂၀၁၃) နှင့် ၂၂/၂၅၇/အဖရ (၈/၂၀၁၃)

အမှတ် ၁။ ။ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီများမှတ်ပုံတင်ခြင်းအား အောက်ပါအတိုင်း လုပ်ငန်းအမျိုးအစား (၈) မျိုး ခွဲခြားမှတ်ပုံတင်ပေးခဲ့ပါသည် -

(က) ရောင်းဝယ်ရေးလုပ်ငန်း

(ခ) ဝန်ဆောင်မှုလုပ်ငန်း

(ဂ) စက်မှုလက်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်း

(ဃ) ဟိုတယ်လုပ်ငန်း

(င) ခရီးသွားလုပ်ငန်း

(စ) ကျောက်မျက်လုပ်ငန်း

(ဆ) ဆောက်လုပ်ရေးလုပ်ငန်း

(ဇ) ဘဏ်လုပ်ငန်း

အမှတ် ၂။ ။ ကုမ္ပဏီများ၏သက်တမ်းကိုလည်း ယခင်က တစ်ကြိမ်လျှင် (၂) နှစ် သတ်မှတ်၍ သတ်မှတ်သက်တမ်းကာလစေ့ရောက်တိုင်း ထပ်မံသက်တမ်းတိုးစေခဲ့ရာမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်စွဲပါ စာအမှတ်၊ ၅၂၃/၃၁၂-သက်တမ်းတိုး/အဖရ (၂၀၁၁) အရ ကုမ္ပဏီများ၏သက်တမ်းကို (၂) နှစ်မှ (၃) နှစ်သို့ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။

အမှတ် ၃။ ။ နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အပိုကုန်ကျစရိတ်များ လျော့နည်း သက်သာစေရေးနှင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ ကုမ္ပဏီမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၈/၂၀၁၃) ကြိမ်မြောက် အစည်းအဝေး၏ဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်ကြောင်း သိရှိနိုင်ပါရန် အသိပေး အကြောင်းကြားအပ်ပါသည် -

(က) ကုမ္ပဏီများအား မှတ်ပုံတင်ရာတွင် လုပ်ငန်းအမျိုးအစားခွဲခြားမှတ်ပုံတင်ခြင်းမပြုဘဲ သင်းဖွဲ့မှတ်တမ်းတွင် မိမိတို့လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းများကို တိကျစွာထည့်သွင်းဖော်ပြ၍ မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ပါသည်။ ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍မူ မြန်မာနိုင်ငံငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေပုဒ်မ ၃ (က) နှင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအခန်း ၁၀-က၊ အပိုဒ် ၂၇၇ နှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရန်ဖြစ်ပါသည်။

(ခ) ကုမ္ပဏီများ၏သက်တမ်းကိုလည်း လက်ရှိသတ်မှတ်ထားသည့် (၃) နှစ်မှ (၅) နှစ်သို့ တိုးမြှင့်သတ်မှတ်ပေးလိုက်ပါသည်။

ဒေါက်တာဒေါ်ခင်စန်းရီ၊
ဒုတိယဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန**
**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ (က) အရ အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရန်အတွက် ခုံသမာဓိအဖွဲ့အား ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၈/၂၀၁၂) မှ သဘောတူညီချက်အရ ဖွဲ့စည်းခဲ့သည့် မကွေးတိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့၏ အတွင်းရေးမှူး ဒေါ်ခိုင်စိုးအေးအား အစားထိုးပြောင်းလဲဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| **စဉ်** | **အမည်၊ ရာထူး၊ ဌာန** | **တာဝန်** |
|---|---|---|
| (က) | ဦးခင်မောင်ထွန်း<br>ခရိုင်တရားသူကြီး(ငြိမ်း)<br>တရားလွှတ်တော်ရှေ့နေ၊ ရေနံချောင်းမြို့ | ဥက္ကဋ္ဌ |
| (ခ) | ဦးမောင်မောင်ကြည်<br>အထွေထွေမန်နေဂျာ<br>မန်းရေနံမြေ၊ မင်းဘူးမြို့ | အဖွဲ့ဝင် |
| (ဂ) | ဦးအောင်မျိုးခိုင်<br>ဒုတိယအထွေထွေမန်နေဂျာ<br>အမှတ် (၁၃) အကြီးစားစက်ရုံ၊ မကွေးမြို့ | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်ဝင်း<br>အထွေထွေမန်နေဂျာ<br>ချောက်ရေနံမြေ | အဖွဲ့ဝင် |
| (င) | ဦးခင်မောင်ရီ<br>စတုတ္ထအင်ဂျင်နီယာ (စက်မှု)၊ စက်မှုအင်ဂျင်နီယာဌာန<br>မန်းရေနံမြေ၊ မင်းဘူးမြို့ | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (စ) | ဦးမျိုးညွန့်အောင်<br>အလုပ်ရုံမှူး၊ ရေနံဓာတုဗေဒစက်ရုံစု<br>မန်းသံပုရာကန်၊ မင်းလှမြို့ | အဖွဲ့ဝင် |
| (ဆ) | ဦးလွှမ်းတိုး<br>အလုပ်ရုံစုမှူး<br>အမှတ် (၁၃) အကြီးစားစက်ရုံ၊ မကွေးမြို့ | အဖွဲ့ဝင် |
| (ဇ) | ဒေါ်ကြင်နု<br>တိုင်းဦးစီးမှူး၊ မကွေးတိုင်းဒေသကြီး<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဝင်းနောင်<br>ခရိုင်တရားသူကြီး(ငြိမ်း)<br>ပခုက္ကူမြို့ | အဖွဲ့ဝင် |
| (ည) | ဦးစိန်ငွေ<br>ပိုင်ရှင်<br>ကောင်းမွန်စုပါမားကက်၊ မကွေးမြို့ | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ခိုင်စိုးအေး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>မကွေးတိုင်းဒေသကြီး | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၁၃)

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ (က) အရ အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရန်အတွက် ခုံသမာဓိအဖွဲ့အား ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၀/၂၀၁၂) မှ သဘောတူညီချက်အရ ဖွဲ့စည်းခဲ့သည့် ရှမ်းပြည်နယ် အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့၏ အတွင်းရေးမှူး ဒေါ်ဝင်းမာဦးအား အစားထိုးပြောင်းလဲဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးတင်ဦး<br>အငြိမ်းစားလက်ထောက်ပြည်နယ်ဥပဒေအရာရှိ | ဥက္ကဋ္ဌ |
| (ခ) | ဦးမြင့်သိန်း<br>ဒါရိုက်တာ၊ Dragon Cement Co.Ltd<br>နဂါးဘိလပ်မြေစက်ရုံ (တီကျစ်) | အဖွဲ့ဝင် |
| (ဂ) | ဦးမျိုးသန့်ဇင်<br>စက်ရုံမှူး<br>အောင်ကြာဖူးကုမ္ပဏီလီမိတက်၊ အေးသာယာစက်မှုဇုန် | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဃ) | ဦးခင်မောင်တိုး<br>အထူးအရာရှိ-၁၊ ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက် | အဖွဲ့ဝင် |
| (င) | ဦးဝင်းနိုင်<br>ကြီးကြပ်ရေးမှူး၊ ဒေင်သတ္တုမိုင်းစက်ရုံ၊ တီကျစ် | အဖွဲ့ဝင် |
| (စ) | ဦးဖြိုးပြည့်စုံလင်း<br>ကြီးကြပ်ရေးမှူး၊ စိန်ငွေမြအစာစက်ရုံ၊<br>အေးသာယာစက်မှုဇုန် | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်ရွှေ<br>ကြီးကြပ်ရေးမှူး၊ တောင်ကြီးဟိုတယ်၊<br>တောင်ကြီးမြို့ | အဖွဲ့ဝင် |
| (ဇ) | ဦးအိမ်ကြီးမောင်<br>ဦးစီးအရာရှိ၊<br>အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊<br>(ပြည်နယ်ရုံး)၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ | အဖွဲ့ဝင် |
| (ဈ) | ဦးသောင်းရွှေ<br>ညွှန်ကြားရေးမှူး(ငြိမ်း)၊<br>လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးစိုင်းအုန်းခေါင်<br>ရှမ်းတောင်သတ္တုတူးဖော်ရေး | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ဝင်းမာဦး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၃)

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ (က) အရ အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရန်အတွက် ခုံသမာဓိအဖွဲ့အား ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၉/၂၀၁၂) မှ သဘောတူညီချက်အရ ဖွဲ့စည်းခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့၏ အတွင်းရေးမှူး ဦးဇော်မင်းဦးအား အစားထိုးပြောင်းလဲဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးထွန်းကြည်<br>ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ထားဝယ်မြို့ | ဥက္ကဋ္ဌ |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ခ) | ဦးအောင်သူ<br>မန်နေဂျာ<br>ဖိုးသီးချိုမီးလင်းရေး၊ ထားဝယ်မြို့ | အဖွဲ့ဝင် |
| (ဂ) | ဦးနေမျိုးအောင်<br>မန်နေဂျာ<br>ထူးထူးတိုးကုမ္ပဏီ၊ မြိတ်မြို့ | အဖွဲ့ဝင် |
| (ဃ) | ဦးတိုးဝင်းသိန်း<br>မန်နေဂျာ<br>တိုးတက်အောင်မွေးမြူရေး သ/မ၊ ကော့သောင်းမြို့ | အဖွဲ့ဝင် |
| (င) | ဦးကြည်ရှိန်<br>ငွေစာရင်းတာဝန်ခံ၊ ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး<br>ထားဝယ်မြို့ | အဖွဲ့ဝင် |
| (စ) | ဦးစိုးမြင့်ထွန်း<br>ထုတ်လုပ်ရေးမှူး<br>အဆောင်ကောင်းကုမ္ပဏီ(အယ်ဒယ်မန်)၊ မြိတ်မြို့ | အဖွဲ့ဝင် |
| (ဆ) | ဦးသန်းစိုး<br>လုပ်သားစုမှူး<br>ပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး<br>ကော့သောင်းမြို့ | အဖွဲ့ဝင် |
| (ဇ) | ဦးသန်းမြင့်<br>ဒုတိယညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ထားဝယ်မြို့ | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာယုစိန်<br>ရှေ့နေ၊ ဘာဖြစ်လုပ်ငန်း၊ ထားဝယ်မြို့ | အဖွဲ့ဝင် |
| (ည) | ဦးသန်းစိန်<br>ရှေ့နေ၊ ဘာဖြစ်လုပ်ငန်း၊ ထားဝယ်မြို့ | အဖွဲ့ဝင် |
| (ဋ) | ဦးဇော်မင်းဦး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>တနင်္သာရီတိုင်းဒေသကြီး | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၃)

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ (က) အရ အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရန်အတွက် ခုံသမာဓိအဖွဲ့အား ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၆/၂၀၁၂) မှ သဘောတူညီချက်အရ ဖွဲ့စည်းခဲ့သည့် ဇရာဝတီ

တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့၏ အတွင်းရေးမှူး ဒေါ်ခင်စောသီအား အစားထိုးပြောင်းလဲဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးမြကြိုင်<br>ဒုတိယညွှန်ကြားရေးမှူး<br>ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့<br>ပုသိမ်မြို့ | ဉက္ကဋ္ဌ |
| (ခ) | ဦးအောင်မြင့်<br>ရွှေမြင့်မိုရ်စက်မှုလက်မှုလုပ်ငန်း<br>ပုသိမ်မြို့ | အဖွဲ့ဝင် |
| (ဂ) | ဦးညီညီထွန်း<br>မန်နေဂျာ၊ Win & Win Co.Ltd<br>အမှတ် (၄) အထပ်သားစက်ရုံ | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးသူရ<br>လက်ထောက်အထွေထွေမန်နေဂျာ<br>ယုဇနအအေးခန်းစက်ရုံ | အဖွဲ့ဝင် |
| (င) | ဦးမြင့်သိန်း<br>အလုပ်သမားကြီးကြပ်ရေးမှူး<br>အမှတ် (၄)၊ အထပ်သားစက်ရုံ | အဖွဲ့ဝင် |
| (စ) | ဦးငွေးဝင်း<br>အလုပ်သမားကြီးကြပ်ရေးမှူး၊ ပုသိမ်မှန်စက်ရုံ | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်မင်းဦး<br>ငါးအစာတောင့်လုပ်ငန်း<br>တာဝန်ခံအင်ဂျင်နီယာဌာန<br>ယုဇနအအေးခန်းစက်ရုံ | အဖွဲ့ဝင် |
| (ဇ) | ဒေါ်ကြည်အေး<br>ဦးစီးအရာရှိ (စီမံ-၃)<br>အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန<br>ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့ | အဖွဲ့ဝင် |
| (ဈ) | ဦးမျိုးဝေ<br>ဦးချိုဆန်စက်ပိုင်ရှင် | အဖွဲ့ဝင် |
| (ည) | ဦးစိုင်း<br>ရွှေချိန်ခွင်ဆားစက်ပိုင်ရှင် | အဖွဲ့ဝင် |
| (ဋ) | ဒေါ်ခင်စောသီ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့ | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၃)

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၆ (က) အရ အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရန်အတွက် ခုံသမာဓိအဖွဲ့အား ၂၀၁၂ ခုနှစ်၊ မေလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၀/၂၀၁၂) မှ သဘောတူညီချက်အရ ဖွဲ့စည်းခဲ့သည့် ပဲခူးတိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးခုံသမာဓိအဖွဲ့၏ အတွင်းရေးမှူး ဒေါ်အေးအေးသန်းအား အစားထိုးပြောင်းလဲ ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးမောင်မောင်စိုး<br>ဒုတိယညွှန်ကြားရေးမှူး<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့ | ဥက္ကဋ္ဌ |
| (ခ) | ဦးနိုင်ထွန်းကျော်<br>မန်နေဂျင်းဒါရိုက်တာ<br>အင်းလေးဖိနပ်စက်ရုံ၊ ပဲခူးမြို့ | အဖွဲ့ဝင် |
| (ဂ) | ဦးကျော်ဝင်း<br>မန်နေဂျင်း<br>မြန်စတားအထည်ချုပ်စက်ရုံ၊ ပဲခူးမြို့ | အဖွဲ့ဝင် |
| (ဃ) | ဦးသိန်းငွေ<br>အထွေထွေမန်နေဂျာ<br>ယန်စီကျန်အထည်ချုပ်စက်ရုံ၊ ပဲခူးမြို့ | အဖွဲ့ဝင် |
| (င) | ဒေါ်မြသီတာ<br>လုပ်သား<br>ဝင်းမေဘယ်လ်အထည်ချုပ်စက်ရုံ၊ ပဲခူးမြို့ | အဖွဲ့ဝင် |
| (စ) | ဦးစိုးနိုင်<br>လုပ်သား<br>အင်းလေးဖိနပ်စက်ရုံ၊ ပဲခူးမြို့ | အဖွဲ့ဝင် |
| (ဆ) | ဒေါ်စကားဝါ<br>လုပ်သား<br>ယန်စီကျန်အထည်ချုပ်စက်ရုံ၊ ပဲခူးမြို့ | အဖွဲ့ဝင် |
| (ဇ) | ဒေါ်မြင့်မြင့်ဝေ<br>တိုင်းဒေသကြီးဦးစီးမှူး<br>သမဝါယမဦးစီးဌာန<br>ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့ | အဖွဲ့ဝင် |
| (ဈ) | ဦးစိုးလှိုင်<br>သစ်သီးခြံလုပ်ငန်း၊ ပဲခူးမြို့ | အဖွဲ့ဝင် |
| (ည) | ဦးခင်သောင်း<br>ဉသျှာကျော်သစ်စက်၊ ပဲခူးမြို့ | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဠ) | ဒေါ်အေးအေးသန်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန<br>ပဲခူးတိုင်းဒေသကြီးရုံး၊ ပဲခူးမြို့ | အတွင်းရေးမှူး |

ဦးမောင်မြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန။

**[ ယခင်အပတ် ၂၀၁၃-၂၀၁၄ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း) မှအဆက် ]**

၁၉။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **ကုန်သွယ်မှုကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) ပို့ကုန်တိုးမြှင့်ရေးဦးစားပေးဆောင်ရွက်ရေး၊

(၂) တန်ဖိုးမြှင့်ထုတ်ကုန်များအား ကုန်ချောများအဖြစ် တိုးချဲ့ထုတ်လုပ်တင်ပို့ရောင်းချရေး၊

(၃) ကုန်ထုတ်လုပ်မှုနှင့်ကူးသန်းရောင်းဝယ်မှုတိုးတက်စေရန် ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေး။

(ခ) **ရည်မှန်းချက်များ**

(၁) နယ်စပ်ကုန်သွယ်ရေး ထွက်ပေါက်များ၌ ကုန်စည်ဒိုင်စျေးကွက်များ ဖြစ်ပေါ်လာရေးနှင့် ပြည်တွင်းကုန်စည်ဒိုင်များ၊ ကုန်စည်ထွက်ရှိရာ ဇုန်များ၊ စက်မှုဇုန်များနှင့် တိုက်ရိုက် ချိတ်ဆက်၍ ကူးသန်းရောင်းဝယ်မှု စွမ်းဆောင်ရည် မြှင့်တင်ဆောင်ရွက်ရန်၊

(၂) တစ်ဖက်နိုင်ငံ စျေးကွက်အသီးသီးနှင့် ကဏ္ဍအလိုက် အသင်းအဖွဲ့၊ ကုမ္ပဏီလုပ်ငန်းရှင်များ ချိတ်ဆက်ရှာဖွေ ထိုးဖောက်ရောင်းဝယ်ခြင်းဖြင့် ကုန်သွယ်မှုပမာဏတိုးတက်လာစေရေး ဆောင်ရွက်ရန်၊

(၃) ကုန်ကြမ်းအတိုင်း တင်ပို့ရောင်းချရာမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့ရောင်းချ နိုင်ရေး၊ နယ်စပ်ဒေသများ၌ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ (SME) ဖွံ့ဖြိုး တိုးတက်လာရေး ဆောင်ရွက်ရန်နှင့် နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ပို့ကုန် သွင်းကုန်များ တိုးမြှင့်စေရန် ကြိုးပမ်းဆောင်ရွက်ရာ၌ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ထိခိုက်မှုမရှိစေရေး ထိန်းညှိဆောင်ရွက်ရန်၊

(၄) နယ်စပ်ဒေသကုန်သွယ်မှု ကဏ္ဍအလိုက် တိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင် ကူးသန်းရောင်းဝယ်မှု လျော့နည်းပပျောက်စေပြီး လမ်းကြောင်းမှန်ပေါ်မှ ကုန်သွယ်မှု ထိရောက်စွာ မြှင့်တင်နိုင်ရန် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ရန်၊

(၅) နိုင်ငံတော်မှ ရသင့်ရထိုက်သောအခွန်အခများ အပြည့်အဝရရှိစေရန်နှင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိပြီး ထိုက်သင့်သော အကျိုးအမြတ်ဖြစ်ထွန်းစေရန်၊

(၆) ပုဂ္ဂလိကကဏ္ဍ၏ မှန်ကန်သော ကူးသန်းရောင်းဝယ်မှုဖြင့် စျေးကွက်ဝင်ရောက်ယှဉ်ပြိုင် နိုင်စွမ်းရှိစေရန်အတွက် ကုန်သွယ်မှုအတားအဆီးများ လျော့နည်းစေရေး၊ ကုန်သွယ်မှု

လျင်မြန်ချောမွေ့စေရေးဆောင်ရွက်ခြင်းဖြင့် ရေရှည်ကုန်သွယ်မှုကို မြင့်မားတိုးတက်အောင် ဆောင်ရွက်ရန်၊

(၇) နယ်စပ်ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကအကြား သတင်းအချက်အလက်ဖလှယ်ခြင်း၊ အသိပညာပေးခြင်းတို့ဖြင့် ကုန်သွယ်မှုမြင့်မားတိုးတက်ရေးကို ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) တရားဝင်နယ်စပ်ကုန်သွယ်ရေး ပို့ကုန်၊ သွင်းကုန်ဆောင်ရွက်ခွင့်ရှိသော တိုင်းရင်းသား လုပ်ငန်းရှင်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊

(၂) နယ်စပ်ကုန်သွယ်ရေးတွင် သက်ဆိုင်ရာနယ်စပ်အလိုက် ဆောင်ရွက်ခွင့်ပြုထားသောငွေကြေး များအရသာ ဆောင်ရွက်ခွင့်ပြုခြင်း၊

(၃) နိုင်ငံခြားငွေဖြင့် ဆောင်ရွက်ရသည့် ပို့ကုန်တန်ဖိုးငွေ ၁၀၀ ရာခိုင်နှုန်းကို သက်ဆိုင်ရာ ဘဏ်သို့ ပေးသွင်းစေခြင်း၊

(၄) တင်ပို့ခွင့်လျှောက်ထားမှုကို စိစစ်ရာတွင် ပို့ကုန်အမျိုးအစား၊ ဝိသေသအလိုက် ပူးတွဲပါရှိ ရမည့် ခွင့်ပြုမိန့်များ၊ ထောက်ခံချက်များ၊ သက်သေခံလက်မှတ်များ၊ နမူနာပစ္စည်းများ၊ ဆက်စပ်အထောက်အထားများ ပြည့်စုံစွာပါရှိစေခြင်း၊

(၅) ငွေပေးချေမှုစနစ် သတ်မှတ်ထားသော ပို့ကုန်များအတွက် သတ်မှတ်ခွင့်ပြုငွေပေးချေမှု စနစ်အရ ခွင့်ပြုခြင်း၊

(၆) ပို့ကုန်လိုင်စင်သက်တမ်း ၃ လကျော်က ပထမအကြိမ် နှစ်လ၊ ဒုတိယအကြိမ် တစ်လ၊ စုစုပေါင်း ၃ လ သက်တမ်းတိုးခွင့်ပြုခြင်း၊

(၇) နယ်စပ်စခန်းများတွင် ပို့ကုန်အတွက် ပြည်တွင်းအခွန်သို့ ပေးဆောင်ရန်ရှိသည့် အခွန်များ ပေးဆောင်ပြီးမှသာ လိုင်စင်ခွင့်ပြုထုတ်ပေးခြင်း။

## အခန်း (၅)
## အထွေထွေ

၂၀။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင် အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၂၁။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေအရလိုအပ်သည့် နည်းဥပဒေများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ခွင့်ရှိသည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာဝန်ကြီးက ထုတ်ပြန်ခွင့်ရှိသည်။

**တနင်္သာရီတိုင်းဒေသကြီး၏**
**ပဉ္စမကာလတိုင်ငါးနှစ် ဒေသန္တရစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်)**
**ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | ကဏ္ဍ | ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် (မတ်လကုန်) (အခြေခံနှစ်) | | ပြည်ထောင်စုလွှတ်တော်မှအတည်ပြုပြီးရည်မှန်းချက်များ | | | | | | | | | အခြေခံနှစ်အပေါ် ဖြစ်ပေါ်လာသည့်အဆ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | | | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | | | |
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | လယ်ယာ | ၇၈၇၂၁၉.၃ | ၅၈.၃ | ၈၆၇၅၀၇.၂ | ၅၈.၅ | ၁၀.၂ | ၉၀၃၀၅၃.၅ | ၅၆.၉ | ၄.၁ | ၉၆၆၀၅၇.၈ | ၅၆.၇ | ၇.၀ | ၁.၄၀ |
| ၂ | စက်မှု | ၁၈၇၈၈၅.၁ | ၁၄.၀ | ၂၀၃၇၆၉.၃ | ၁၃.၇ | ၈.၅ | ၂၂၇၅၂၆.၀ | ၁၄.၄ | ၁၁.၇ | ၂၃၈၇၇၁.၂ | ၁၄.၀ | ၄.၉ | ၁.၈၈ |
| ၃ | ဝန်ဆောင်မှု | ၃၇၄၀၁၅.၁ | ၂၇.၇ | ၄၁၂၄၉၂.၄ | ၂၇.၈ | ၁၀.၃ | ၄၅၅၀၆၉.၃ | ၂၈.၇ | ၁၀.၃ | ၄၉၈၂၁၇.၄ | ၂၉.၃ | ၉.၅ | ၁.၅၀ |
| ၄ | **အသားတင်ထုတ်လုပ်မှုတန်ဖိုး** | **၁၃၄၉၁၁၉.၅** | **၁၀၀.၀** | **၁၄၈၃၇၆၈.၉** | **၁၀၀.၀** | **၁၀.၀** | **၁၅၈၅၆၄၈.၈** | **၁၀၀.၀** | **၆.၉** | **၁၇၀၃၀၄၆.၄** | **၁၀၀.၀** | **၇.၄** | **၁.၄၉** |

တနင်္သာရီတိုင်းဒေသကြီး၏
ပဉ္စမကာလတိုင်းနှစ် ဒေသန္တရစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်)
ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် (မတ်လကုန်) (အခြေခံနှစ်) | | ပြည်ထောင်စုလွှတ်တော်မှအတည်ပြုပြီးရည်မှန်းချက်များ | | | | | | | | | အခြေခံနှစ်အပေါ် ဖြစ်ပေါ်လာသည့်အဆ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | | | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | | | |
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၉၇၅၁၀၄.၄** | **၇၂.၃** | **၁၀၇၁၂၇၆.၅** | **၇၂.၂** | **၉.၉** | **၁၁၃၀၅၇၉.၅** | **၇၁.၃** | **၅.၅** | **၁၂၀၄၈၂၉.၀** | **၇၀.၇** | **၆.၆** | **၁.၄၉** |
| | ၁ | လယ်ယာ | ၂၄၆၉၀၆.၆ | ၁၈.၃ | ၂၉၆၂၄၉.၉ | ၂၀.၀ | ၂၀.၀ | ၃၀၀၉၂၄.၅ | ၁၉.၀ | ၁.၆ | ၃၁၀၀၄၅.၁ | ၁၈.၂ | ၃.၁ | ၁.၃၂ |
| | ၂ | သားငါး | ၅၃၂၉၁၁.၂ | ၃၉.၅ | ၅၆၂၅၅၉.၇ | ၃၇.၉ | ၅.၆ | ၅၉၃၃၇၄.၁ | ၃၇.၄ | ၅.၅ | ၆၄၇၅၄၀.၂ | ၃၈.၀ | ၉.၁ | ၁.၄၄ |
| | ၃ | သစ်တော | ၇၄၀၁.၅ | ၀.၅ | ၈၆၉၇.၆ | ၀.၆ | ၁၇.၅ | ၈၇၅၄.၉ | ၀.၅ | ၀.၇ | ၈၃၇၂.၅ | ၀.၅ | -၄.၄ | ၁.၁၀ |
| | ၄ | စွမ်းအင် | ၅၀၅၄.၆ | ၀.၄ | ၄၈၂၆.၀ | ၀.၃ | -၄.၅ | ၅၉၇၂.၁ | ၀.၄ | ၂၃.၇ | ၅၆၆၉.၁ | ၀.၃ | -၅.၁ | ၁.၁၈ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၉၀၆.၀ | ၀.၆ | ၈၅၆၀.၂ | ၀.၆ | ၈.၃ | ၁၀၅၀၇.၄ | ၀.၇ | ၂၂.၇ | ၉၄၃၇.၆ | ၀.၆ | -၁၀.၂ | ၁.၅၉ |
| | ၆ | စက်မှုလက်မှု | ၇၆၆၉၃.၆ | ၅.၇ | ၈၂၂၈၂.၆ | ၅.၅ | ၇.၃ | ၈၉၈၆၉.၁ | ၅.၇ | ၉.၂ | ၉၈၄၄၁.၆ | ၅.၈ | ၉.၅ | ၁.၇၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၄၄၃၃၇.၀ | ၃.၃ | ၄၈၅၆၆.၃ | ၃.၃ | ၉.၅ | ၅၂၄၁၅.၄ | ၃.၃ | ၇.၉ | ၅၆၇၁၂.၈ | ၃.၃ | ၈.၂ | ၂.၀၀ |
| | ၈ | ဆောက်လုပ်မှု | ၅၃၈၉၃.၉ | ၄.၀ | ၅၉၅၃၄.၂ | ၄.၀ | ၁၀.၅ | ၆၈၇၆၂.၀ | ၄.၃ | ၁၅.၅ | ၆၈၅၁၀.၁ | ၄.၀ | -၀.၄ | ၂.၁၀ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၁၄၄၅၀.၉** | **၈.၅** | **၁၂၇၄၉၀.၉** | **၈.၆** | **၁၁.၄** | **၁၅၆၃၈၇.၇** | **၉.၉** | **၂၂.၇** | **၁၇၈၃၈၃.၈** | **၁၀.၅** | **၁၄.၁** | **၁.၈၈** |
| | ၁ | ပို့ဆောင်ရေး | ၅၇၆၅၇.၉ | ၄.၃ | ၆၈၈၀၅.၇ | ၄.၆ | ၁၉.၃ | ၇၈၅၃၉.၄ | ၄.၉ | ၁၄.၁ | ၈၄၈၄၂.၀ | ၅.၀ | ၈.၀ | ၁.၆၀ |
| | ၂ | ဆက်သွယ်ရေး | ၈၈၃၃.၇ | ၀.၇ | ၉၅၂၇.၆ | ၀.၇ | ၇.၉ | ၂၃၃၁၆.၁ | ၁.၅ | ၁၄၄.၇ | ၃၁၂၅၅.၁ | ၁.၈ | ၃၄.၀ | ၅.၁၇ |
| | ၃ | ငွေရေးကြေးရေး | ၈၂၃.၀ | ၀.၁ | ၈၉၆.၀ | ၀.၁ | ၈.၉ | ၉၈၀.၀ | ၀.၁ | ၉.၄ | ၁၂၆၇.၉ | ၀.၁ | ၂၉.၄ | ၁.၃၄ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၆၄၄၈.၄ | ၁.၂ | ၁၂၁၉၂.၀ | ၀.၈ | -၂၅.၉ | ၁၂၂၅၂.၅ | ၀.၈ | ၀.၅ | ၁၄၉၅၅.၈ | ၀.၉ | ၂၂.၁ | ၁.၀၆ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၃၀၆၈၇.၉ | ၂.၂ | ၃၆၀၆၉.၆ | ၂.၄ | ၁၇.၅ | ၄၁၂၉၉.၇ | ၂.၆ | ၁၄.၅ | ၄၆၀၆၃.၀ | ၂.၇ | ၁၁.၅ | ၁.၉၂ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၂၅၉၅၆၄.၂** | **၁၉.၂** | **၂၈၅၀၀၁.၅** | **၁၉.၂** | **၉.၈** | **၂၉၈၆၈၁.၆** | **၁၈.၈** | **၄.၈** | **၃၁၉၈၃၃.၆** | **၁၈.၈** | **၇.၁** | **၁.၃၃** |
| ၄ | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၃၄၉၁၁၉.၅** | **၁၀၀.၀** | **၁၄၈၃၇၆၈.၉** | **၁၀၀.၀** | **၁၀.၀** | **၁၅၈၅၆၄၈.၈** | **၁၀၀.၀** | **၆.၉** | **၁၇၀၃၀၄၆.၄** | **၁၀၀.၀** | **၇.၄** | **၁.၄၉** |

# ၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ (မူကြမ်း)

## ( ၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်   ။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော်     ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ    ရက် )

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် တနင်္သာရီတိုင်းဒေသကြီး တစ်ဝန်းလုံးတွင် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂

### တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

### အခန်း (၁)

### ရငွေများနှင့်သုံးငွေများ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသောရငွေများအနက် ပြည်ပအကူအညီရငွေနှင့် ချေးယူရငွေတို့အတွက် လျာထားရန် အကြောင်းပေါ်ပေါက်လာပါက ယင်းသို့ရရှိသောငွေ များဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားခြင်းမရှိသေးသောသုံးငွေများကို သုံးစွဲရန်ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့်ငွေသည် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသတ်မှတ် ထားသည့်ငွေထက် မပိုစေရ။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန် စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံ နိုင်သည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သောအခွန်ငွေများ အပြည့်အဝ ရရှိစေရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသောသုံးငွေများအတွင်း ငွေစာရင်း ခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ စိစစ်ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့က သုံးစွဲရန်ခွင့်ပြုသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း များတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ် သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

## အခန်း (၂)

## ငွေချေးယူခြင်း

၅။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီး၏ လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ တိုင်းဒေသကြီး၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်တွင်းမှလည်းကောင်း၊ ပြည်ပမှလည်းကောင်း ချေးငွေရယူခြင်း၊ အရင်းနှင့်အတိုးပြန်ဆပ်ခြင်း သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ တာဝန်ယူစီမံခန့်ခွဲမှုအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။

၆။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက်ဖြစ်စေ၊ တိုင်းဒေသကြီးအစိုးရ ဌာနတစ်ခုခုအတွက်ဖြစ်စေ ပြည်ပမှ ငွေချေးယူခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုပြီးသော ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်နိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

## အခန်း (၁)

## ရငွေနှင့်သုံးငွေများ

၇။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဆောင်ရွက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ အတွက် လိုအပ်သည့် သာမန်အသုံးစရိတ်များသုံးစွဲမှုကို ပြည်ထောင်စုဘဏ္ဍာရေးနှင့် အခွန် ဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ကြွေးမြီပြန်လည် ပေးဆပ်ရန် အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၈။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်း ပြုစုရန်အလို့ငှာ တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၉။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် တိုင်းဒေသကြီး အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်များ

၁၀။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသောရငွေများ တိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့်ကြွေးမြီသုံးငွေများတွင် ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်း စီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုပြီးသော ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်နိုင်သည်။

ဇယား (၁)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | အခြား သာမန်ရငွေများ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အစိုးရအဖွဲ့ရုံး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၀၃၃.၅၈၃ | | | ၁၀၀၀.၀၀၀ | | | |
| ၂ | လွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တရားရုံး | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၁.၅၁၅ | | | | | | |
| ၄ | ဥပဒေရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၁၃၇ | | | | | | |
| ၅ | စာရင်းရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၀၆၄ | | | | | | |
| | ပေါင်း | | | | ၁၀၄၅.၂၉၉ | | | ၁၀၀၀.၀၀၀ | | | |

ဇယား (၂)
(ကျပ်သိန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | အစိုးရအဖွဲ့ရုံး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၄၉၄.၆၈၆ | | ၁၀၀၀.၀၀၀ | ၄၆၆၁.၃၃၀ | | | |
| ၂ | လွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၉၅.၂၀၁ | | | | | | |
| ၃ | တရားရုံး | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၂၃၃.၃၄၀ | | | ၅၁၃.၉၉၁ | | | |
| ၄ | ဥပဒေရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၁၆၇.၉၂၂ | | | | | | |
| ၅ | စာရင်းရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၃၇၇.၃၇၅ | | | ၁၀၅.၅၅၈ | | | |
| | ပေါင်း | | ၂၄၀၈.၅၂၄ | | ၁၀၀၀.၀၀၀ | ၅၂၈၀.၈၇၉ | | | |

ဇယား (၃)

(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထုတ်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ကတာဝန်ပေးသူ | **၁၃၄. ၁၃၀** | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၁၃၄. ၁၃၀ | | | | | | | | |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက်** | ၎င်း | **၇၅၀. ၅၀၅** | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၅၁၉. ၂၀၇ | | | | | | | | |
| | ၂ | တာတမံခွန် | | ၀. ၀၅၁ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၂၅. ၁၈၅ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၀. ၈၃၂ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၁၀၅. ၂၃၀ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့် အခွန်** | ၎င်း | **၃၂၆. ၈၇၆** | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၂၇၆. ၉၁၅ | | | | | | | | |
| | ၂ | ဘီးခွန် | | ၄၉. ၉၆၁ | | | | | | | | |
| ၄ | | **တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ** | ၎င်း | | ၁၆၈. ၈၇၉ | | | | | | | |

ဇယား (၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ရငွေများ - တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ရငွေများ - အခြား သာမန်ရငွေ | ရငွေများ - အတိုးရငွေ | ရငွေများ - ငွေလုံးငွေရင်း ရငွေ | ရငွေများ - ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ရငွေများ - ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ရငွေများ - ကြွေးမြီ - ချေးယူရငွေ | ရငွေများ - အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၆.၄၇၀ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၆.၄၅၅ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀.၀၁၅ | | | | | | |
| ၆ | | **သမဝါယမ** | ရင်း | | | ၀.၃၄၀ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၀.၃၄၀ | | | | | | |
| ၇ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ရင်း | | | ၀.၆၂၀ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၀.၅၅၅ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၀.၀၆၅ | | | | | | |
| ၈ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ရင်း | | | ၄၈.၅၄၀ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၄၇.၅၅၆ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၀.၉၈၅ | | | | | | |
| ၉ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ရင်း | | | ၁၆.၃၀၅ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၆.၃၀၅ | | | | | | |
| ၁၀ | | **ဘဏ္ဍာရေးနှင့်အခွန်** | ရင်း | | | ၀.၀၀၆ | | | ၂၇၃၉၉.၄၅၂ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၀.၀၀၆ | | | ၂၇၃၉၉.၄၅၂ | | | |
| ၁၁ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ရင်း | | | ၀.၀၀၄ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀.၀၀၄ | | | | | | |
| ၁၂ | | **ဆောက်လုပ်ရေး** | ရင်း | | | ၅.၉၃၄ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀.၃၃၄ | | | | | | |
| | ၂ | အဆောက်အဦ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၅.၆၀၀ | | | | | | |
| ၁၃ | | **စည်ပင်သာယာရေးအဖွဲ့များ** | ရင်း | | | ၂၀၄၅.၇၉၈ | | | | | | |
| | | ပေါင်း | | ၁၂၁၀.၅၁၀ | ၁၆၈.၈၇၉ | ၂၂၂၄.၀၇၉ | | | ၂၇၃၉၉.၄၅၂ | | | |

ဇယား (၄)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၂၀၆. ၁၁၇ | | ၁၅. ၀၀၀ | ၈၄၇. ၄၀၈ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၂၁၁၃. ၇၄၇ | | ၁၅. ၀၀၀ | ၆၁၃. ၁၉၂ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၉၂. ၃၇၀ | | | ၂၃၄. ၂၁၆ | | | |
| ၂ | | **သမဝါယမ** | ၎င်း | ၂၀၇. ၇၈၉ | | | ၃၃. ၅၀၀ | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၂၀၇. ၇၈၉ | | | ၃၃. ၅၀၀ | | | |
| ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | ၆၈၃. ၁၉၂ | | | ၇၀. ၈၃၆ | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၆၄. ၅၈၇ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၄၀၇. ၇၀၂ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၁၀. ၉၀၃ | | | ၇၀. ၈၃၆ | | | |
| ၄ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | ၃၄၀. ၆၄၉ | | | ၇၇. ၅၆၀ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၃၀. ၃၆၁ | | | ၇၇. ၅၆၀ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၀၉. ၂၈၈ | | | | | | |
| ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၎င်း | ၄၈၁. ၉၅၀ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၄၈၁. ၉၅၀ | | | | | | |
| ၆ | | **အားကစား** | ၎င်း | ၁၅၁. ၅၁၅ | | | ၂၁၄. ၁၈၀ | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၁၅၁. ၅၁၅ | | | ၂၁၄. ၁၈၀ | | | |
| ၇ | | **ဘဏ္ဍာရေးနှင့်အခွန်** | ၎င်း | ၄၆. ၈၄၈ | | | ၅. ၂၇၀ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၆. ၈၄၈ | | | ၅. ၂၇၀ | | | |
| ၈ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | ၁၇၄. ၄၁၄ | | | ၅. ၁၇၀ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၇၄. ၄၁၄ | | | ၅. ၁၇၀ | | | |
| ၉ | | **ဆောက်လုပ်ရေး** | ၎င်း | ၁၅၇၂. ၀၁၇ | | | ၁၄၇၀၀. ၉၄၃ | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၉၉. ၈၉၈ | | | ၂၆၁၄. ၅၂၃ | | | |
| | ၂ | အဆောက်အဦ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၁၄၇၂. ၁၁၉ | | | ၁၂၀၈၆. ၄၂၀ | | | |
| ၁၀ | | **အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး** | ၎င်း | ၁၀. ၇၃၆ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၁၀. ၇၃၆ | | | | | | |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | ၁၂၀၈. ၃၆၁ | | | ၁၃၆၃. ၀၄၄ | | | |
| | | ပေါင်း | | ၇၀၈၃. ၅၈၈ | | ၁၅. ၀၀၀ | ၁၇၃၁၇. ၉၁၁ | | | |

ဇယား (၅)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **မြန်ကြားရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ** | | | **၁၁. ၉၄၁** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၁၁. ၉၄၁ | | | | | | |
| ၂ | | **ဆောက်လုပ်ရေး** | **ရင်း** | | | **၁၃၅၆၀. ၅၃၉** | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၁၃၅၆၀. ၅၃၉ | | | | | | |
| | | ပေါင်း | | | | ၁၃၅၇၂. ၄၈၀ | | | | | | |

ဇယား (၆)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **မြန်ကြားရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ** | **၁၃. ၈၀၃** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၁၃. ၈၀၃ | | | | | | |
| ၂ | | **ဆောက်လုပ်ရေး** | **ရှင်း** | **၁၃၁၃၆. ၈၇၆** | | | **၁၉၆. ၂၀၀** | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၁၃၁၃၆. ၈၇၆ | | | ၁၉၆. ၂၀၀ | | | |
| | | ပေါင်း | | **၁၃၁၅၀. ၆၇၉** | | | **၁၉၆. ၂၀၀** | | | |

# တနင်္သာရီတိုင်းဒေသကြီး၊
# ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ (မူကြမ်း)
# ( ၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၄ ခုနှစ်၊ လ ရက်
( ၂၀၁၃ ခုနှစ်၊ လ ရက် )

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် တနင်္သာရီတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(ဃ) **ကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ တိုင်းဒေသကြီးအတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် စပ်လျဉ်း၍ စနစ်တကျကြီးကြပ်ဆောင်ရွက်နိုင်ရန်အလို့ငှာ အစိုးရအဖွဲ့က ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော တနင်္သာရီတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီကို ဆိုသည်။

(စ) **ကော်မတီရုံး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအတွင်း ကော်မတီ၏လုပ်ငန်းများဆောင်ရွက်ရန် တည်ထောင်ထားသည့်ရုံးကို ဆိုသည်။

(ဆ) **လက်အောက်ဌာနခွဲ**ဆိုသည်မှာ ကော်မတီမှ ဖွဲ့စည်းတာဝန်ပေးအပ်သော ခရိုင်အဆင့်၊ မြို့နယ် အဆင့် လက်အောက်ဌာနခွဲများကို ဆိုသည်။

(ဇ) **ရုံးအကြီးအကဲ**ဆိုသည်မှာ ကော်မတီရုံး၏ဝန်ထမ်းအကြီးအကဲကို ဆိုသည်။

(ဈ) **ရေယာဉ်**ဆိုသည်မှာ စက်စွမ်းအားဖြင့်သော်လည်းကောင်း၊ အခြားစွမ်းအင်တစ်မျိုးမျိုးဖြင့်သော် လည်းကောင်း ရေပြင်တွင် မောင်းနှင်သွားလာနိုင်သည့်ယာဉ်ကို ဆိုသည်။

(ည) **ပုဂ္ဂလိကရေယာဉ်**ဆိုသည်မှာ လူတစ်ဦးတစ်ယောက် သို့မဟုတ် တစ်ဦးထက်ပိုသောသူများ၊ အဖွဲ့ အစည်း သို့မဟုတ် ကုမ္ပဏီများက ပိုင်ဆိုင်သောရေယာဉ်ကို ဆိုသည်။

(ဋ) **ရေယာဉ်လိုင်း**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအတွင်း ကမ်းရိုးတန်းတစ်လျှောက် မြစ်၊ ချောင်း၊ မြောင်းများအပါအဝင် မြို့တစ်မြို့မှ အခြားမြို့တစ်မြို့၊ ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ သွားလာပြေးဆွဲနေသည့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပြီး ပုဂ္ဂလိကရေယာဉ်များဖြင့် ဖွဲ့စည်းထားသောရေယာဉ်လိုင်းကို ဆိုသည်။

(ဌ) **ရေယာဉ်အသင်း**ဆိုသည်မှာ တိုင်းဒေသကြီးအတွင်း ခရီးသည်ပို့ဆောင်ခြင်း၊ ကုန်စည်ပို့ဆောင်ခြင်း၊ ကမ်းနီးငါးဖမ်းခြင်း၊ ကမ်းဝေးငါးဖမ်းခြင်း၊ ရေထွက်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်း

တစ်ခုခုသော်လည်းကောင်း၊ တစ်ခုထက်ပို၍သော်လည်းကောင်း ဆောင်ရွက်မည့် ပုဂ္ဂလိကရေယာဉ်များဖြင့် ဖွဲ့စည်းထားသောရေယာဉ်အသင်းကို ဆိုသည်။

(ဎ) **ရေယာဉ်ပိုင်ရှင်**ဆိုသည်မှာ ဥပဒေနှင့်အညီ ပုဂ္ဂလိကရေယာဉ်အား တရားဝင်ပိုင်ဆိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီကို ဆိုသည်။

(ပ) **ရေယာဉ်လုပ်သား**ဆိုသည်မှာ ပုဂ္ဂလိကရေယာဉ်တွင် လုပ်ကိုင်ဆောင်ရွက်နေသော သက်ဆိုင်ရာဌာနမှ အသိအမှတ်ပြုထားသည့် ရေယာဉ်မှူး၊ စက်ခန်းအုပ် အပါအဝင် ရေယာဉ်တွင် တာဝန်ထမ်းဆောင်နေသူများကို ဆိုသည်။

(ဏ) **နည်းဥပဒေများ**ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများကို ဆိုသည်။

## အခန်း (၂)

## တိုင်းဒေသကြီးရေကြောင်းသယ်ယူပို့ဆောင်ရေးကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၃။ အစိုးရအဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီးရေကြောင်းသယ်ယူပို့ဆောင်ရေးကြီးကြပ်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီးဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| (င) | တိုင်းဒေသကြီးဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | တိုင်းဒေသကြီးဦးစီးမှူး၊ ရေအရင်းအမြစ်နှင့်<br>မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီးဆိပ်ကမ်းအရာရှိ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီးဦးစီးမှူး၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | တိုင်းဒေသကြီးဦးစီးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

## အခန်း (၃)

## တိုင်းဒေသကြီးပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

၄။ ကြီးကြပ်ရေးအဖွဲ့သည် တိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ရေယာဉ်ပိုင်ရှင်များက နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ကော်မတီဝင် အနည်းဆုံး ၅ ဦးမှ အများဆုံး ၉ ဦးအထိ ပါဝင်ဖွဲ့စည်းရမည်၊

(ဂ) ပုဒ်မခွဲ (က) အရ ရွေးချယ်ခံရသူများက ၎င်းတို့အထဲမှ ကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို ရွေးချယ်ရမည်၊

(ဃ) ကော်မတီသည် တိုင်းဒေသကြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့အား တာဝန်ခံရမည်၊

(င) ကော်မတီ၏သက်တမ်းမှာ (၃) နှစ်ဖြစ်သည်၊

(စ) ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

## အခန်း (၄)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၅။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည် -

(က) ခရီးသည်များ၊ ကုန်စည်များ၊ သယ်ယူပို့ဆောင်သည့် ရေယာဉ်များနှင့် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များကို ကော်မတီ၏ စီမံခန့်ခွဲမှုအရ ဆောင်ရွက်စေခြင်း၊

(ခ) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေစေရန်အတွက် ရေယာဉ်လိုင်းများ သတ်မှတ်ခြင်း၊ ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းတို့ကိုလည်းကောင်း ရေယာဉ်စီးရေပြောင်းလဲခြင်း၊ ရေယာဉ်အမျိုးအစား ပြောင်းလဲခြင်း၊ ရေယာဉ်အသင်းများ ဖွဲ့စည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းတို့ကို တိုင်းဒေသကြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(ဂ) ရေယာဉ်ဆိုက်ကပ်သည့်ဆိပ်ကမ်းများ အသစ်တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်သိမ်းခြင်းတို့ကို တိုင်းဒေသကြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(ဃ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်ကို လက်ရှိရေယာဉ်လိုင်းမှ အခြားရေယာဉ်လိုင်းသို့ ပြောင်းရွှေ့ပေးနိုင်ရန်အတွက် တိုင်းဒေသကြီး ရေကြောင်းသယ်ယူပို့ဆောင်ရေး ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(င) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရန်ပုံငွေများ သုံးစွဲခြင်း။

## အခန်း (၅)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၆။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကော်မတီရုံးနှင့် လက်အောက်ဌာနခွဲများကို ကြီးကြပ်ခြင်း၊

(ခ) ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများနှင့် ဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာကိစ္စရပ်များတွင် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) ကော်မတီ၏စီမံခန့်ခွဲမှုအောက်ရှိ ဌာနခွဲများ၊ ဝန်ထမ်းများ၊ ရေယာဉ်လိုင်းများ၊ ရေယာဉ်အသင်းများ၊ ရေယာဉ်များ၊ ရေယာဉ်လုပ်သားများ လိုက်နာရန် စည်းမျဉ်းများ၊ အမိန့်များ သတ်မှတ်ပေးခြင်း၊

(ဃ) ဝန်ထမ်းခန့်ထားခြင်း၊ ဝန်ထမ်းရေးရာကိစ္စများကို စီမံခန့်ခွဲခြင်း၊

(င) အစိုးရအဖွဲ့က အခါအားလျော်စွာအပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၆)
## ဘဏ္ဍာရေး

၇။ ကော်မတီသည် -

(က) မိမိ၏ရန်ပုံငွေဖြင့်သာ ရပ်တည်ရမည်၊

(ခ) ရန်ပုံငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်၍ ကော်မတီ၏လုပ်ငန်းများအတွက် သုံးစွဲရမည်၊

(ဂ) နိုင်ငံခြားငွေများကို သီးခြားဘဏ်စာရင်းဖွင့်လှစ်၍ တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်၊

(ဃ) ရန်ပုံငွေရရှိစေရန် ဤဥပဒေနှင့် နည်းဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်၊

(င) နှစ်စဉ်ရငွေသုံးငွေစာရင်းကို တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

## အခန်း (၇)
## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စာရင်းစစ်ဆေးခြင်း

၈။ ကော်မတီသည် ရုံးအကြီးအကဲက စာရင်းများကို နည်းလမ်းတကျထိန်းသိမ်းထားရှိရန်နှင့် စစ်ဆေးရန်အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းသတ်မှတ်ရမည်။

၉။ ရုံးအကြီးအကဲသည် -

(က) ကော်မတီက သတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစုထိန်းသိမ်းထားရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ပြုစုထားသည့်စာရင်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှ တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၈)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၀။ ကော်မတီသည် -

(က) လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုရေးဆွဲထားရမည်၊

(ခ) ဝန်ထမ်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခန့်ထားနိုင်သည်။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၁။ ကော်မတီသည် ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူ၊ ရေယာဉ်၊ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်လိုင်း သို့မဟုတ် ရေယာဉ်အသင်းအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) အနည်းဆုံး ငွေကျပ် ၃၀၀၀၀ မှ အများဆုံး ငွေကျပ် ၁၅၀၀၀၀ ထိ ဒဏ်ကြေးငွေ ချမှတ်ခြင်း၊

(ဂ) လုပ်ငန်းလိုင်စင် သို့မဟုတ် ရေယာဉ်လိုင်း ပြေးဆွဲခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုရန်လိုအပ်ပါက ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

၁၂။ ပုဒ်မ (၁၁) အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

## အခန်း (၁၀)
## အယူခံဝင်ခြင်း

၁၃။ (က) ကော်မတီကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို အမိန့်ချမှတ်သည့်နေ့မှ ၃၀ ရက်အတွင်း ကြီးကြပ်ရေးအဖွဲ့သို့ အယူခံဝင်နိုင်သည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီက ချမှတ်သောအမိန့်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်၊

(ဂ) ကြီးကြပ်ရေးအဖွဲ့က ချမှတ်သောအမိန့်ကို ၃၀ ရက်အတွင်း အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်၊

(ဃ) အစိုးရအဖွဲ့က ချမှတ်သောအမိန့်သည် အပြီးအပြတ်နှင့်အတည်ဖြစ်သည်။

## အခန်း (၁၁)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၄။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေဒဏ်ကျပ် ၅၀၀၀၀ မှ အများဆုံး ငွေဒဏ်ကျပ် ၂၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၂)
## အထွေထွေ

၁၅။ ပုဒ်မ ၁၄ အရ အရေးယူသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၁၆။ ကော်မတီသည် မိမိလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိလက်အောက်ရှိ ဌာနခွဲတစ်ခုခုကိုဖြစ်စေ၊ ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၁၇။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးသည် ရာထူးအလျောက် ကော်လိတ္တော်အရာရှိ ဖြစ်သည်။

၁၈။ ကော်မတီဝင်များသည် နည်းဥပဒေအရ သတ်မှတ်သည့်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၁၉။ ပုဒ်မ ၁၄ အရ တရားစွဲဆိုရာတွင် ကြီးကြပ်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၂၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ (မူကြမ်း)
## ( ၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ် ။ )

၁၃၇၄ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် **တနင်္သာရီတိုင်းဒေသကြီး**တစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီးအစိုးရအဖွဲ့**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဝန်ကြီးချုပ်**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးကို ဆိုသည်။

(င) **စည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(စ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဆ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြို့နယ်စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ဇ) **ဝန်ထမ်းအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းအဖွဲ့ကို ဆိုသည်။

(ဈ) **အမှုဆောင်အရာရှိ**ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ရုံးဝန်ထမ်းအဖွဲ့အား ကြီးကြပ်သူကို ဆိုသည်။

(ည) **ကော်လိတ္တော်အရာရှိ**ဆိုသည်မှာ ဝန်ကြီးကအမိန့်ထုတ်ပြန်ရန် အခွင့်အာဏာအပ်နှင်းခြင်းခံရသူကို ဆိုသည်။

(ဋ) **စည်းကမ်းများ**ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ ထုတ်ပြန်သော စည်းကမ်းများကို ဆိုသည်။

(ဌ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း**ဆိုသည်မှာ လုပ်ငန်းသဘာဝအရလည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရလည်းကောင်း၊ လူ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော၊ ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သောလုပ်ငန်းကို ဆိုသည်။

(ဍ) **အခွန်**ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့် အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အခ၊ အကောက်နှင့် ဒဏ်ကြေးတို့လည်း ပါဝင်သည်။

(ဎ) **ဝန်ဆောင်ခွန်**ဆိုသည်မှာ လျှပ်စစ်မီးပေးဝေခြင်း၊ ရေပေးဝေခြင်းနှင့် ရေလိုင်းဆက်သွယ်ပေးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် စည်းကြပ်

ကောက်ခံသော အခွန်များ ပါဝင်သည်။ ယင်းစကားရပ်တွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝန်ဆောင်ခွန်အဖြစ် ဖြည့်စွက်သတ်မှတ်သော အခွန်များလည်း ပါဝင်သည်။

(ဏ) **ရေခွန်**ဆိုသည်မှာ ကော်မတီက ရေဖြန့်ဝေပေးခြင်းအတွက် ကောက်ခံသည့်အခွန်ကို ဆိုသည်၊

(တ) **မီးခွန်**ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းများ၊ တံတားများတွင် မီးထွန်းစရိတ်ကျခံနိုင်စေရန် စည်းကြပ်ကောက်ခံသော အခွန်ကို ဆိုသည်။

(ထ) **အမှိုက်နှင့်အညစ်အကြေးခွန်**ဆိုသည်မှာ အမှိုက်နှင့်အညစ်အကြေးများ စုစည်းသိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများရှင်းလင်းခြင်းတို့အတွက် ဆောင်ရွက်ရသည့် စရိတ်များအား ကျခံနိုင်စေရန် စည်းကြပ်သည့်အခွန်ကို ဆိုသည်။

( ဒ ) **နှစ်စဉ်စံငှားရမ်းခတန်ဖိုး**ဆိုသည်မှာ ပစ္စည်းခွန်စည်းကြပ်မည့် မြေနှင့်အဆောက်အအုံကို မည်သည့်အသုံးအဆောင်ပရိဘောဂမျှ မပါဝင်ဘဲ ငှားရမ်းပါက တစ်နှစ်အတွက် ရရှိနိုင်မည်ဟု မျှော်မှန်းထားသော တန်ဖိုးငွေကို ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းခွန် စည်းကြပ်မည့်မြေနှင့် အဆောက်အအုံ၏ တန်ဖိုးအပေါ် ကော်မတီက အခါအားလျော်စွာ သတ်မှတ်ပေးသည့်ရာခိုင်နှုန်းအရ ရရှိလာမည့် တန်ဖိုးငွေလည်း ပါဝင်သည်။

( ဓ ) **အငှားယာဉ်**ဆိုသည်မှာ ခရီးသည် ကုန်ပစ္စည်းသယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူပို့ဆောင်ခြင်း၊ ရမ်းငှားခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုသည်။

( န ) **အငှားယာဉ်မောင်းသူ**ဆိုသည်မှာ အငှားယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူတို့ကို ဆိုသည်။

( ပ ) **ကူးတို့လုပ်ငန်း**ဆိုသည်မှာ မြစ်ချောင်း သို့မဟုတ် အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗန်၊ စက်တပ်ရေယာဉ်၊ သင်္ဘော စသည်တို့ဖြင့် သယ်ယူပို့ဆောင်သည့် အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်ရသောလုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့၊ တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်း ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ စည်ပင်သာယာရေးအဖွဲ့များ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့ရွာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

( ခ ) စည်ပင်သာယာရေးနှင့်ဆိုင်သည့် အခွန်အရပ်ရပ်အား အပြည့်အဝရရှိစေရန်၊

( ဂ ) ရရှိသော အခွန်များနှင့် မြို့ရွာဖွံ့ဖြိုးမှုလုပ်ငန်းများအား တည်ဆဲဥပဒေ စည်းကမ်းများနှင့်အညီ စနစ်တကျအသုံးပြုစေရန်၊

(ဃ) အများပြည်သူထံမှ ရရှိသည့် အခွန်အခများသည် အများပြည်သူအတွက်သာ ဖြစ်သည်ဟူသော ခံယူချက်ဖြင့် ဦးတည်ဆောင်ရွက်စေရန်။

## အခန်း (၃)
## စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) မြို့နယ်နှင့် မြို့နယ်ခွဲအသီးသီးတွင် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် စည်ပင်သာယာရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် မြို့နယ်နှင့် မြို့နယ်ခွဲ နယ်နိမိတ်အတွင်း မြို့ပြစည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်ရန် မြို့စည်ပင်သာယာရေးနယ်နိမိတ်ကို သတ်မှတ်ခြင်း။

## အခန်း (၄)
## ကော်မတီဖွဲ့စည်းခြင်း

၅။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီးအတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | မြို့မိမြို့ဖများမှ ရွေးချယ်သောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | လူမှုရေး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ် ၁ ဦး | အဖွဲ့ဝင် |
| (ဂ) | သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင် ပညာအခြေပြု အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁ ဦး | အဖွဲ့ဝင် |
| (ဃ) | မြို့မိမြို့ဖကိုယ်စားလှယ် ၁ ဦး | အဖွဲ့ဝင် |
| (င) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဦးစီးမှူး၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အတွင်းရေးမှူး |

၆။ ဝန်ကြီးဌာနသည် ကော်မတီ၏ဥက္ကဋ္ဌကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၇။ ဝန်ကြီးဌာနသည် ကော်မတီ ဖွဲ့စည်းခြင်း မပြုနိုင်သည့်အခါတွင်ဖြစ်စေ၊ ဖွဲ့စည်းထားသည့် ကော်မတီသည် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်စွမ်းမရှိသည့်အခါတွင်ဖြစ်စေ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်စေရန် အမှုဆောင်အရာရှိ သို့မဟုတ် သင့်လျော်သော နိုင်ငံသားတစ်ဦးကို အမိန့်ထုတ်ပြန်၍ ကာလအကန့်အသတ်ဖြင့် တာဝန်ပေးအပ်နိုင်သည်။

၈။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့်ရှိသည်။

## အခန်း (၅)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၉။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာရေးအဖွဲ့များ၏ အောက်ပါလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းတို့ကိုပြုရမည် -

(က) မြို့ပြစီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) ရေပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဃ) အမှိုက်သိမ်းဆည်းခြင်း၊ အမှိုက်စွန့်ပစ်ခြင်းများကို စနစ်တကျဆောင်ရွက်ခြင်း၊

(င) မိလ္လာလုပ်ငန်းအား မြို့ပြနှင့်ကျေးလက်တို့တွင် ခေတ်မီမိလ္လာကန်၊ ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲစေခြင်း၊

(စ) ရေစီးရေလာနှင့် ရေဆိုးထုတ်စနစ်များ ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊

(ဆ) လမ်းမီးပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပေါင်းစပ်ဆောင်ရွက်စေခြင်း၊

(ဇ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဈ) ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ည) ကျွဲ၊ နွား၊ ပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဋ) လမ်းဘေးဈေးဆိုင်များ၊ ကြီးကြပ်ခြင်း၊

(ဌ) မုန့်ဖိုများ၊ စားသောက်ဆိုင်များ ကြီးကြပ်ခြင်း၊

(ဍ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ ကြီးကြပ်ခြင်း၊

(ဎ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဏ) သားသတ်ရုံများ တည်ထောင်ခြင်း၊ စားသုံးရန်ခြေလေးချောင်း တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းတို့ကို ကြီးကြပ်ခြင်း၊

(တ) ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ထ) အပေါင်ဆိုင်လုပ်ငန်းများ ကြီးကြပ်ခြင်း၊

(ဒ) အနေ့ယာဉ်များ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ဓ) လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(န) လမ်းစည်းကမ်းနှင့် လမ်းအသုံးချမှု သတ်မှတ်ခြင်း၊ လမ်းအမည် သတ်မှတ်ခြင်း၊ အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊

(ပ) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဖ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဗ) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ ကျေးလက်ဒေသတို့တွင် နယ်နိမိတ်ပိုင်းခြား သတ်မှတ်၍ ယင်းနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဘ) ကျူးကျော်အဆောက်အအုံများ ဖျက်သိမ်းခြင်း၊

(မ) တည်းခိုခန်းများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ယ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းတို့ကို ကြီးကြပ်ခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းစေခြင်း၊

(ရ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသူများကို ဖမ်းဆီး၍ သက်ဆိုင်ရာသို့ အပ်နှံခြင်း၊

(လ) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ရှင်းလင်းခြင်း၊ ဖမ်းဆီးထိန်းသိမ်း စီမံခန့်ခွဲခြင်း၊

(ဝ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(သ) သုသာန်များ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သင်္ဂြိုဟ်စက်များ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဟ) နိဗ္ဗာန်ယာဉ်နှင့် နာရေးပို့ဆောင်မည့်လမ်းကြောင်းများ သတ်မှတ်ပေးခြင်း၊

(ဠ) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုသာန်များဖျက်သိမ်းခြင်း၊

(အ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ကက) တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်ခြင်း

(ခခ) ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်ရပ်နားစခန်းများ တည်ထောင်ဖွင့်လှစ်စီမံခန့်ခွဲခြင်း၊

(ဂဂ) မြို့သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့်ပျိုးဥယျာဉ်များ တည်ထောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃဃ) ပြည်သူ့ကျန်းမာရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ငင) ပွဲရုံလုပ်ငန်းများ၊ ကုန်စည်ဒိုင်များလုပ်ကိုင်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊

(စစ) ကုန်စည်ပြပွဲများ၊ ဈေးရောင်းပွဲတော်နှင့် အရောင်းပြခန်းများ ကျင်းပရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဆဆ) စည်ပင်သာယာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာများအား စစ်ဆေးခြင်း၊

(ဇဇ) စီးပွားရေးကြော်ငြာဆိုင်းဘုတ်များကို သတ်မှတ်ပေးသည့်အတိုင်း စိုက်ထူစေခြင်း။

## အခန်း (၆)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၁၀။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း (Bye-Laws) နှင့်အညီ စည်ပင်သာယာရေးလုပ်ငန်း များနှင့် သက်ဆိုင်သော အခွန်အမျိုးအစားနှင့် နှုန်းထားသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း၊

(ခ) လိုင်စင်လုပ်ငန်းများအား တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရောင်းချခြင်း၊

(ဂ) တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ ငွေချေးယူခြင်း၊ အထောက်အပံ့များရယူခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်း၊ ပြည်ပ ပုဂ္ဂိုလ်တို့နှင့်ဆက်သွယ်၍ စည်ပင် သာယာရေးအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(င) အဆောက်အအုံများ ငှားရမ်း၍ဖြစ်စေ၊ မြေများငှားရမ်း၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေရရှိသည့် နိုင်ငံခြားငွေ အပါအဝင် ရငွေများကို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင် သာယာရေးလုပ်ငန်းများအတွက် သုံးစွဲခြင်း၊

(စ) နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့် သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ နိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း တို့နှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို တင်ပြခြင်း။

၁၁။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများ ရေးဆွဲခြင်း၊

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏လုပ်ငန်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများအလိုက် အဖွဲ့ငယ်များ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ခေတ်မီတိုးတက်သည့် နည်းလမ်းများ၊ စနစ်များဖြင့် ဆောင်ရွက်ခြင်း၊

(င) တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အခါအားလျော်စွာအပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း၊

(စ) မြို့စည်ပင်သာယာရေးအဖွဲ့ပိုင် မြေများတွင် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာများ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဆ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ သတ်မှတ်ထားသော လမ်းနယ်နိမိတ်များအတွင်း မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ ကျူးကျော်ဆောက်လုပ်ခြင်းမရှိစေရန် စစ်ဆေး ကြပ်မတ်ခြင်းနှင့် တားမြစ်ခြင်း၊

(ဇ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဖွဲ့မှစိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်များ၊ မြေယာ ရှုခင်းအလှများကို ခွင့်ပြုချက်မရှိဘဲ ချိုးဖဲ့ခြင်း၊ တူးဆွခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ခုတ်လှဲခြင်းမပြုရန် စစ်ဆေးခြင်းနှင့် တားမြစ်ခြင်း။

၁၂။ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီကို စည်းကမ်းသေဝပ်စွာ တာဝန်ထမ်းဆောင်နိုင်ရန် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကော်မတီအစည်းအဝေးများကို သတ်မှတ်ချက်နှင့်အညီ အချိန်မှန်ကျင်းပခြင်း၊ သဘာပတိတာဝန် ထမ်းဆောင်ခြင်း၊

(ဂ) ဝန်ကြီး၏သဘောတူညီချက်ဖြင့် ကော်မတီဝင်အသီးသီး၏ တာဝန်ကို ခွဲဝေသတ်မှတ်ခြင်း၊

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားငွေသုံးစွဲခြင်းကိစ္စများကို တာဝန်ယူကြီးကြပ် ခြင်းနှင့် ရန်ပုံငွေများကို အကျိုးရှိစွာသုံးစွဲနိုင်အောင် ဆောင်ရွက်ခြင်း၊

(င) ဝန်ကြီးထံသို့ အစီရင်ခံစာတင်ပြခြင်း၊

(စ) နည်းဥပဒေတွင် သီးခြားပြဋ္ဌာန်းထားခြင်းမရှိသော စည်ပင်သာယာရေးဆိုင်ရာအခြားကိစ္စရပ် များနှင့်ပတ်သက်၍ စည်းကမ်းချက်များ ထုတ်ပြန်နိုင်ရန် ဝန်ကြီးထံ တင်ပြခြင်း။

၁၃။ မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥက္ကဋ္ဌက ပေးအပ်သောတာဝန်ကို ထမ်းဆောင်ခြင်း၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဥက္ကဋ္ဌအား အကြံဉာဏ်ပေးခြင်းနှင့် အကူအညီ ပေးခြင်း၊

(ဂ) ဥက္ကဋ္ဌတာဝန်မထမ်းဆောင်နိုင်သည့်အခါ ယင်း၏တာဝန်ကို ယာယီထမ်းဆောင်ခြင်း၊

(ဃ) အစည်းအဝေးများတွင် လုပ်ငန်းဆိုင်ရာများကို တင်ပြခြင်း၊

(င) အစည်းအဝေးမှတ်တမ်းများကို မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်း၊

(စ) ငွေစာရင်းများပြုစုခြင်း၊ စနစ်တကျထိန်းသိမ်းခြင်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲခြင်းနှင့် တာဝန်ခံစီမံဆောင်ရွက်ခြင်း၊

(ဆ) အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်၍ ကော်မတီအစည်းအဝေးများ၌ တင်ပြခြင်း၊

(ဇ) ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် အခြားတာဝန်များထမ်းဆောင်ခြင်း။

## အခန်း (၇)
## အခွန်စည်းကြပ်ကောက်ခံခြင်း

၁၄။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် သက်ဆိုင်ရာစည်ပင်သာယာရေးနယ်နိမိတ်တွင် အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံနိုင်သည် -

(က) အဆောက်အအုံခွန်နှင့်မြေခွန်၊

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန်၊

(ဂ) ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးများအပေါ် ကောက်ခံသည့်အခွန်၊

(ဃ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပြင်ပမှ ဝင်ရောက်ရပ်နားသောယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(င) မြေ၊ အဆောက်အအုံ၊ ယာဉ်နှင့်လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းများ ငှားရမ်းခြင်းလုပ်ငန်း၊

(စ) ဓာတ်ပုံ၊ မိတ္တူ၊ စတူဒီယိုလုပ်ငန်း၊

(ဆ) ဤဥပဒေကခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

၁၅။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အောက်ပါတို့ကို အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်း ပြုရမည် -

(က) အဆောက်အအုံခွန်နှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် နှစ်စဉ်ငှားရမ်းခတန်ဖိုး၏ တစ်ဆယ် ရာခိုင်နှုန်းထက်မပိုစေဘဲ စည်းကြပ်ရန်၊

(ခ) ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ်မျှတစေရန်၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်၊

(ဃ) အဆောက်အအုံခွန်နှင့် မြေခွန်တို့ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိနေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်။

၁၆။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အဆောက်အအုံခွန်နှင့်မြေခွန်၊ ဝန်ဆောင်ခွန်များ စည်းကြပ်ကောက်ခံရန် အဆောက်အအုံနှင့်မြေ၏ နှစ်စဉ်ငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

၁၇။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာရေးဆိုင်ရာ လိုင်စင်ခများ၊ အဖွဲ့ပိုင် ဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်များနှင့်ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်၊ အဖွဲ့ပိုင်မြေနှင့် အဆောက်အအုံများငှားရမ်းခတို့ကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်း ပြုနိုင်သည်။

၁၈။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ခိုင်လုံသောအကြောင်းရှိပါက အခွန်တစ်ရပ်ရပ်ကို နှုန်းထားပြင်ဆင်ခြင်း၊ ခေတ္တရပ်ဆိုင်းထားခြင်း၊ ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော်ပစ်ခြင်းနှင့်ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၁၉။ အမှုဆောင်အရာရှိသည် အခွန်ကြွေးကျန်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ ကိစ္စဆောင်ရွက်ရန် အလို့ငှာတည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၈)

## စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း

၂၀။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာရေးအဖွဲ့ပိုင်မြေနှင့်စပ်လျဉ်း၍ ပြည်သူလူထုအား တိုက်ရိုက်အကျိုးပြုမည့် လုပ်ငန်းများဆောင်ရွက်ရန် အဖွဲ့ပိုင်မြေများအတွင်း မြေအငှားချထားခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အအုံ၊ မြေတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားခြင်းများပြုနိုင်သည် -

(က) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိဘဲဖြစ်စေ အဆောက်အအုံဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကိုရပ်ဆိုင်းထားစေခြင်း၊ ပြန်လည်ပြုပြင်စေခြင်း သို့မဟုတ် ဖြိုဖျက်စေခြင်း၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံ စသည်များအပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်စေ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း၊

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတားတည်ဆောက်ခြင်း ပြင်ဆင်မွမ်းမံခြင်းပြုရာတွင် မလွတ်ကင်းသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏အစိတ်အပိုင်းကို ဖယ်ရှားစေခြင်း၊

(ဃ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားစေခြင်း၊

(င) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေးသုတ်စေခြင်း၊

(စ) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊

(ဆ) တရားဝင်မြေပိုင်ဆိုင်မှုတင်ပြနိုင်ခြင်းမရှိသော မြေအား ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကျူးကျော်ခတ်ခြင်း၊ ပိတ်ဆို့ခြင်းအား တားမြစ်ခြင်း၊

(ဇ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံပင်များကို ခုတ်ထွင်ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း၊

(ဈ) နေထိုင်ရန် အိမ်ခြံမြေကွက် သို့မဟုတ် မြေပေးအမိန့်ရရှိပြီး မြေကွက်တွင် သတ်မှတ်စည်းကမ်းနှင့်အညီ အဆောက်အအုံဆောက်လုပ်စေခြင်း။

၂၁။ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (င) (စ) နှင့် (ဇ) တို့အရ လိုက်နာဆောင်ရွက်ရန် လက်ရှိနေထိုင်သူအားညွှန်ကြားလျှင် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန်တာဝန်ရှိစေရမည်။

၂၂။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊

(ခ) ကျန်းမာရေးနှင့် မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင် စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှ စီးဆင်းသည့် ရေကြောင့် အများပြည်သူနှင့် သက်ဆိုင်သောလမ်းနှင့် အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း၊ ရေဆိုးထုတ်ပိုက်စသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းမွန်စွာ ထုတ်ပစ်နိုင်ရန် မြေကို ပြုပြင်စေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှမြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်၊ အမှိုက်စွန့်ပစ်မှုစနစ် စသည်တို့ကို စီမံထားရှိစေခြင်း၊

(စ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဆ) မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦး ပိုင်ဆိုင်သည့် ဆက်စပ်နေသော မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊

(ဇ) မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် ကော်မတီက သတ်မှတ်သည့် သင့်လျော်သော လျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအား ပေးစေခြင်း၊

(ဈ) ကျန်းမာရေးနှင့်မညီညွတ်ကြောင်းတွေ့ရှိရသည့် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို အသုံးပြုခြင်းမှ ပိတ်ထားစေခြင်း၊

(ည) အမှိုက်များနှင့်နံ့စော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ထည့်ထားရန် သင့်လျော်သော အမှိုက်ပုံးများ စီမံထားရှိစေခြင်း၊

(ဋ) တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန် ဆောင်ရွက်စေခြင်း၊

(ဌ) အများပြည်သူ ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့် အဆောက်အအုံတို့ကို ကျန်းမာသန့်ရှင်းရေးတို့နှင့် ညီညွတ်စေရန်လည်းကောင်း၊ မီးဘေးလုံခြုံစေရန်လည်းကောင်း ဆောင်ရွက်စေရန်၊

(ဍ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲနေစေခြင်း သို့မဟုတ် ပြင်ဆင်စီမံဆောင်ရွက်စေခြင်း။

၂၃။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ သတ်မှတ်သည့် စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်စေရန် လုပ်ငန်းရှင် သို့မဟုတ် ယာဉ်ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သူအား ညွှန်ကြားနိုင်သည် -

(က) ဆောက်လုပ်ရေး သို့မဟုတ် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် စက်ယန္တရားများ သယ်ဆောင်ခြင်း၊ အုတ်၊ သဲ၊ ကျောက်၊ မြေ ထုံး၊ သစ်နှင့် အခြားပစ္စည်းများ သယ်ယူပို့ဆောင်သော မည်သည့်ယာဉ်အမျိုးအစားကိုမဆို သတ်မှတ်လမ်းကြောင်းအတိုင်းသာ မောင်းနှင်စေခြင်း၊

(ခ) မည်သည့်သယ်ယူပို့ဆောင်သည့် ယာဉ်အမျိုးအစားမဆို လုပ်ငန်းသုံးပစ္စည်းများကို လုံခြုံစွာ ဖုံးအုပ်၍ တင်ဆောင်သယ်ပို့စေခြင်း၊

(ဂ) အများပြည်သူဆိုင်ရာ လမ်းများပေါ်သို့ လုပ်ငန်းသုံးပစ္စည်းများ လွင့်စဉ်ယိုဖိတ်ကျရောက်ခြင်းဖြင့် မလိုလားအပ်သည့် ယာဉ်အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိခိုက်နှောင့်ယှက်မှုများ၊ မြို့သန့်ရှင်းရေး ထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် ချက်ချင်းပြန်လည်သိမ်းဆည်း ဖယ်ရှားရှင်းလင်း ဆောင်ရွက်ထားစေခြင်း။

၂၄။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အသုံးပြုရန်မသင့်လျော်သည့် မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ သုသာန်မြေနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သည့်အဖွဲ့အစည်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ညွှန်ကြားနိုင်သည် -

(က) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊

(ခ) သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း။

## အခန်း (၉)
## အငှားယာဉ်များ စီမံခန့်ခွဲခြင်း

၂၅။ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် အငှားယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အငှားယာဉ်အမျိုးအစားအလိုက် စည်းကမ်းများ ရေးဆွဲတင်ပြခြင်း၊

(ခ) အငှားယာဉ်လိုင်စင်ခများ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) အငှားယာဉ်မောင်းလိုင်စင်ခများ စည်းကြပ်ကောက်ခံခြင်း၊

(ဃ) အငှားယာဉ်လိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(င) အငှားယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) အငှားယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) အငှားယာဉ်မောင်းသူများအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဇ) အငှားယာဉ်လိုင်စင် သက်တမ်းတိုးခြင်း။

၂၆။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပေးသောလိုင်စင်ရရှိသူသာ အငှားယာဉ်တည်ထောင် လုပ်ကိုင်ခွင့်ရှိသည်။

၂၇။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပေးသောလိုင်စင်ရရှိသူသာ အငှားယာဉ် မောင်းခွင့်ရှိသည်။

၂၈။ အငှားယာဉ်ပိုင်ရှင်နှင့် အငှားယာဉ်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၀)
## ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း

၂၉။ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့များသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် ယင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်း သတ်မှတ်ခြင်း၊

(င) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေ သတ်မှတ်ခြင်း၊

(ဆ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ဇ) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၀။ ညွှန်ကြားရေးမှူးသည် ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် မြို့နယ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုမိုသော မြို့နယ်များနှင့်ဆက်စပ်နေသော ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်ပါသည် -

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်းနယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည့် စည်ပင်သာယာရေးအဖွဲ့များသို့ ကူးတို့လုပ်ငန်းဝင်ငွေများကို အချိုးကျခွဲဝေသတ်မှတ်ပေးခြင်း၊

(စ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ဆ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သော အမှုဆောင်အရာရှိအား ခန့်ထားခြင်း၊

(ဇ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဈ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ည) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဋ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကိုလျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၁။ အမှုဆောင်အရာရှိသည် ကော်မတီ၏ခွင့်ပြုချက်ဖြင့် ကူးတို့လုပ်ငန်း အုပ်ချုပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ကူးတို့လုပ်ငန်းကိုအုပ်ချုပ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့်ရောင်းချခြင်း၊

(ဂ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် အစီအစဉ်များ ပြုလုပ်စေခြင်း၊

(ဃ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့လုပ်ငန်းလိုင်စင်များကို ပြန်လည်ရောင်းချခြင်း။

၃၂။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်တစ်ခုအတွင်း ကူးတို့လုပ်ငန်းလိုင်စင်ကို လုပ်ကိုင်ခွင့်ရှိသည်။

၃၃။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ပြင်ဆင်ထိန်းသိမ်းရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၄။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၅။ ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်းသည့် နယ်မြေသတ်မှတ်ချက် အငြင်းပွားမှုပေါ်ပေါက်ပါကတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

၃၆။ ပုဒ်မ ၃၁၊ ၃၃၊ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကူးတို့လုပ်ငန်း အုပ်ချုပ်သူက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။

၃၇။ (က) ပုဒ်မ ၂၉၊ ၃၀၊ ၃၆ အရ ညွှန်ကြားရေးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၃၀ ရက်အတွင်း စည်ပင်သာယာရေးဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) စည်ပင်သာယာရေးဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## သားသတ်လုပ်ငန်းများကို စီမံခန့်ခွဲခြင်း

၃၈။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို အများပြည်သူစားသုံးရန်အလို့ငှာ စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းများနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

၃၉။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် အများပြည်သူစားသုံးရန်မှအပ ဘာသာရေးကိစ္စများအတွက် ကျွဲ၊ နွားသတ်ဖြတ်ခွင့်အမိန့်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ခွင့်ပြုနိုင်သည်။

၄၀။ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကျွဲ၊ နွား၊ တိရစ္ဆာန်များ သတ်ဖြတ်ခွင့် ပြုလုပ်ရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွား၊ တိရစ္ဆာန်များ ပြုန်းတီးမှုမရှိစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၁။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ပုဒ်မ ၃၈ ပါ သားသတ်လုပ်ငန်း၊ အသားရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်ပါက စည်ပင်သာယာရေးဝန်ကြီး၏ ခွင့်ပြုချက်အရ ဆောင်ရွက်ရန်ဖြစ်သည်။

၄၂။ ပုဒ်မ ၃၈ အရ ခွင့်ပြုချက်ရှိသူသာလျှင် -

(က) ကျွဲ၊ နွားကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့်သားရေကို လက်ဝယ်ထားရှိခြင်း ပြုနိုင်သည်၊

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း ပြုနိုင်သည်၊

## အခန်း (၁၂)
## ကြီးကြပ်ခြင်း

၄၃။ စည်ပင်သာယာရေးဝန်ကြီးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ အဆုံးအဖြတ် သို့မဟုတ် ဆောင်ရွက်ချက်များကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၄။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) မြို့နယ်စည်ပင်သာယာရေးကော်မတီများက ရေးဆွဲတင်ပြသော နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို စိစစ်၍ ဝန်ကြီးထံတင်ပြခြင်း၊

(ခ) အရအသုံးခန့်မှန်းခြေငွေစာရင်းကြီးကြပ်မှုကို ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာ၌ ပိုမိုချောမွေ့အဆင်ပြေစေရန် ဝန်ကြီးက ခွဲဝေပေးသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း၊

(ဃ) စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ အဆောက်အအုံများ၊ မြေများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ဝန်ကြီးထံ တင်ပြခြင်း၊

(င) မြို့နယ်စည်ပင်သာယာရေးကော်မတီက ချမှတ်သော ဆုံးဖြတ်ချက်၊ အမိန့်၊ ဆောင်ရွက်ချက် သို့မဟုတ် ညွှန်ကြားချက်များသည် ဥပဒေ၊ နည်းဥပဒေနှင့်အညီဖြစ်စေရန် လိုအပ်ပါက ဝန်ကြီးထံ တင်ပြခြင်း။

## အခန်း (၁၃)
## အယူခံဝင်ခြင်း

၄၅။ ပုဒ်မ ၁၆၊ ၂၀၊ ပုဒ်မခွဲ (ဂ)၊ (င)၊ (စ)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (ဆ)၊ (ဈ)၊ (ည)၊ (ဋ)၊ ပုဒ်မ ၂၄ ပုဒ်မခွဲ (က) တို့အရ မြို့နယ်စည်ပင်သာယာရေးကော်မတီကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။

၄၆။ ပုဒ်မ ၄၅ အရ ညွှန်ကြားရေးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၃၀ ရက်အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၄၇။ အယူခံဝင်ရောက်မှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ၊

(ခ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၄)
## ဘဏ္ဍာရေး

၄၈။ ဝန်ကြီးသည် စည်ပင်သာယာရေးအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဥပဒေနှင့်အညီ အတည်ပြုရမည်။ အတည်ပြုထားသော အရအသုံးခန့်မှန်းခြေငွေစာရင်းအား ဥပဒေနှင့်အညီ ကောက်ခံသုံးစွဲနိုင်သည်။

၄၉။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် -

(က) အမှုဆောင်အရာရှိက တင်ပြလာသော နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို စိစစ်ပြီး ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးထံသို့ တင်ပြရမည်။

(ခ) နှစ်စဉ်ဘဏ္ဍာရေးနှင့် စာရင်းစစ်ဆေးရေးလုပ်ငန်းများ၏ အခြေအနေကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

(ဂ) အတည်ပြုပြီးသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ရသုံးမှန်းခြေငွေစာရင်းနှင့် လုပ်ငန်းများကို ကြီးကြပ်ရမည်။

၅၀။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မိမိရန်ပုံငွေကို သီးခြားဘဏ်စာရင်းထားရှိ၍ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲပိုင်ခွင့်ရှိသည်။

၅၁။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။

## အခန်း (၁၅)
## ဝန်ထမ်းဖွဲ့စည်းပုံ

၅၂။ ဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့တစ်ဖွဲ့စီ၏ လုပ်ငန်းတာဝန်များနှင့် ဝင်ငွေပမာဏကို အခြေခံလျက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သောဝန်ထမ်းဖွဲ့စည်းပုံကိုရေးဆွဲ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက် ရယူရမည်။ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲရာတွင် လိုအပ်ပါက စည်းကမ်းထိန်းသိမ်းရေးဝန်ထမ်းများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၅၃။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်းတို့ကို တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းပုံအတွင်း ဆောင်ရွက်ခွင့်ရှိသည်။ သင့်လျော်သည့် ဝန်ထမ်းအဆင့်များနှင့်စပ်လျဉ်း၍ ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိအား ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။

၅၄။ ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် နှစ်စဉ်ရရှိသောဝင်ငွေ၏ သုံးဆယ်ရာခိုင်နှုန်းထက် ကျော်လွန်ခြင်း မရှိစေရ။

၅၅။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်မည့် ဝန်ထမ်းများကို အခြားဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ လွှဲပြောင်းရယူခန့်ထားနိုင်သည်။

## အခန်း (၁၆)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၅၆။ ဝန်ကြီးဌာနသည် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီများ၏ ငွေစာရင်းများကို စနစ်တကျ ထိန်းသိမ်းထားနိုင်ရန်နှင့် စစ်ဆေးခြင်းပြုလုပ်ရန် ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ညှိနှိုင်း၍သတ်မှတ်ရမည်။ သတ်မှတ်ထားရှိသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းများကို ပြုစုထားရှိစေရမည်။

၅၇။ ကော်မတီက ထိန်းသိမ်းထားရှိသည့်စာရင်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးအပ်ခြင်းခံရသူ၏ စစ်ဆေးခြင်းကို ခံယူစေရမည်။

## အခန်း (၁၇)

## တားမြစ်ချက်များ

၅၈။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့် ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံတစ်ခုခုပေါ်တွင် ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်းမပြုရ၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခုပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ချိတ်ဆွဲထားခြင်းမပြုရ။

၅၉။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ ညွှန်ကြားချက်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အများပြည်သူသွားလာသည့်လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ၊

(ခ) အများပြည်သူဆိုင်ရာနေရာများတွင် မဖွယ်မရာပြုခြင်း၊ ညစ်ညမ်းစေသောဆောင်ရွက်ခြင်းမပြုရ၊

(ဂ) လမ်းပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း၊ လူသွားစင်္ကြံပေါ်တွင်လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းထားရှိခြင်း၊ ဈေးရောင်းချခြင်းမပြုရ၊

(ဃ) အမှိုက်၊ မိလ္လာအညစ်အကြေးစသည်တို့ကို လမ်း၊ မြေနှင့် လူသွားစင်္ကြံပေါ် သို့မဟုတ် မြစ်၊ ချောင်းနှင့် စွန့်ပစ်ရန် သတ်မှတ်မထားသော နေရာတွင် စွန့်ပစ်ခြင်းမပြုရ၊

(င) ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရ၊

(စ) ဝင်ထွက်နိုင်သော လမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများဆောက်လုပ်ခြင်း မပြုရ။

၆၀။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့် ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း မပြုရ၊

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို ရယူသုံးစွဲခြင်းမပြုရ၊

(ဂ) ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ဃ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၆၁။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့် ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) လူသေအလောင်းကို သတ်မှတ်သည့်ကာလထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲ ထားခြင်းမပြုရ၊

(ခ) ကူးစက်တတ်သောရောဂါကြောင့်သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲ ထားခြင်း မပြုရ၊

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း မပြုရ။

၆၂။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့် ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) တည်းခိုခန်း၊ ဘော်ဒါဆောင် တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ခ) စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းမပြုရ၊

(ဂ) စားသောက်ဖွယ်ရာမုန့်မျိုးစုံထုတ်လုပ်သည့်လုပ်ငန်း တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

၆၃။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့် ဖြစ်စေ ညီညွတ်မှုမရှိလျှင် ဥပစာတစ်ခုအတွင်း -

(က) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ၊

(ခ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းကို ရောင်းချခြင်း၊ သိုလှောင်ခြင်းမပြုရ။

၆၄။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့် ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်းမပြုရ၊

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းများဖြင့် သုတ်သင်ရှင်းလင်းခြင်းမပြုရ။

၆၅။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) ကိုယ်ပိုင်ဈေးကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီးသော ဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏ မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်းမပြုရ၊

(ခ) မမှန်ကန်သည့် အလေးချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရ၊

(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်းမပြုရ၊

(ဃ) ကျွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်းမပြုရ၊

(င) ရေခဲ၊ အချိုရည်စက်ရုံများ၊ အအေးခန်းစက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ၊

(စ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၆၆။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း -

(က) ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းကမ်းများအရ မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တာဝန်အရ နေ့အချိန် ဝင်ရောက်သည့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေး

ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်းမပြုရ၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စာချုပ် ချုပ်ဆိုထားသည့်အဖွဲ့ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဦးအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်းနှင့်ဆက်နွှယ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်း မပြုရ။

## အခန်း (၁၈)
## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်း

၆၇။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ပုဒ်မ ၇၂ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်နိုင်သည်။

၆၈။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ပုဒ်မ ၇၃ တွင် မည်သို့ပင်ပြဋ္ဌာန်းစေကာမူ ပထမအကြိမ် ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၃၀၀၀ မှ အများဆုံး ကျပ် ၃၀၀၀၀ အထိ ချမှတ်နိုင်သည်။

၆၉။ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်သည့် အမှုအတွက် တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်း မပြုရ။

၇၀။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အဖြစ်ချမှတ်သည့် ဒဏ်ကြေးငွေဆောင်ရန် ပျက်ကွက်ပါက ထိုဒဏ်ကြေး ငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၇၁။ စည်ပင်သာယာရေးဝန်ကြီးသည် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်သည့် နည်းလမ်းများကို သတ်မှတ်ရမည်။

## အခန်း (၁၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၇၂။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၂၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၀ (င) | အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေးသုတ်စေခြင်း၊ |
| ၂၀ (စ) | ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံမြေကို ပြုပြင်စေခြင်း၊ |
| ၂၀ (ဆ) | တရားဝင်မြေပိုင်ဆိုင်မှုတင်ပြနိုင်ခြင်းမရှိသော မြေအား ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကျူးကျော် ခတ်ခြင်း၊ ပိတ်ဆို့ခြင်းအား တားမြစ်ခြင်း၊ |
| ၂၀ (ဇ) | သစ်ပင်၊ ချုံပင်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကိုမြေဖို့စေခြင်း၊ |
| ၂၂ (က) | အန္တရာယ်ရှိသော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၂ (ခ) | ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေအိုင်တို့ကို ဆေးကြောပြုပြင်စေခြင်း၊ ရေဖြည့်ဖုံးအုပ်စေခြင်း၊ |
| ၂၂ (ဆ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊ |
| ၂၂ (ည) | အမှိုက်များ စွန့်ပစ်ရန် အမှိုက်ပုံးများ ထားရှိစေခြင်း၊ |
| ၂၂ (ဋ) | ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုမည့် အဆောက်အအုံကိုသတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၂၆ | အနေ့းယာဉ်လိုင်စင်မရှိဘဲ အနေ့းယာဉ်တည်ထောင်လုပ်ကိုင်ခြင်း၊ |
| ၂၇ | အနေ့းယာဉ်မောင်းလိုင်စင်မရှိဘဲ အနေ့းယာဉ်မောင်းနှင်ခြင်း၊ |
| ၂၈ | အနေ့းယာဉ်ပိုင်ရှင်နှင့် အနေ့းယာဉ်မောင်းသူတို့အား သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာစေခြင်း၊ |
| ၅၈ (ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများ ဖြန့်ထားခြင်း၊ ဆွဲထားခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၅၉ (က) | လမ်းပေါ်တွင် ကစားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၅၉ (ခ) | မဖွယ်မရာပြုခြင်း၊ ညစ်ညမ်းစေသောဆောင်ရွက်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၅၉ (ဂ) | လမ်းနှင့် လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများ ခင်းကျင်းဈေးရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၅၉ (ဃ) | အမှိုက်၊ မိလ္လာ၊ အညစ်အကြေးတို့ကို လမ်းပေါ် သို့မဟုတ် သတ်မှတ်မထားသောနေရာတွင် စွန့်ပစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၀ (ခ) | စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို စည်းကမ်းများနှင့် ညီညွတ်မှုမရှိဘဲ ရယူသုံးစွဲခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၄ (က) | တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅ (ခ) | မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅ (ဂ) | စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းခြင်းမပြုရန် တားမြစ်ခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၇၃။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ်

ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၄၀၀၀၀ မှ ကျပ် ၄၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၁၁ (စ) | အဖွဲ့ပိုင်မြေ မကျူးကျော်ရ၊ |
| ၁၁ (ဆ) | လမ်းနယ်နိမိတ်အတွင်း မည်သည့်ပုဂ္ဂလိကအဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ လမ်းမြေအား မကျူးကျော်ရ၊ |
| ၁၁ (ဇ) | စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်များ၊ မြေယာရှုခင်းအလှများကို တူးဆွခြင်း၊ ချိုးဖဲ့ခြင်း၊ ခုတ်လှဲခြင်း၊ ရွှေ့ပြောင်းခြင်း မပြုရ၊ |
| ၂၂ (ဂ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှ စီးဆင်းသည့် ရေကြောင့် အများပြည်သူလမ်းနှင့် ပစ္စည်းများ ပျက်စီးခြင်းမရှိစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း၊ ရေဆိုးထုတ်ပိုက် တို့ကို ပြုလုပ်စေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၂ (ဃ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းစွာ ထုတ်ပစ်ရန် မြေကို ပြုပြင်စေခြင်း၊ |
| ၂၂ (င) | စက်ရုံ၊ အလုပ်ရုံတွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်၊ အမှိုက်စွန့်ပစ်မှု စနစ် စသည်တို့ကို စီမံထားရှိစေခြင်း၊ |
| ၂၂ (စ) | ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို ပိတ်ထားစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၂ (ဇ) | မိလ္လာပိုက်၊ မိလ္လာကန်ကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ရခြင်းကြောင့် နစ်နာမှု လျော်ကြေးငွေ ပေးစေခြင်း၊ |
| ၂၂ (ဈ) | ကျန်းမာရေးနှင့်မညီညွတ်သော ရေပေးရေးလုပ်ငန်းကို ပိတ်ထားစေခြင်း၊ |
| ၂၂ (ည) | တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို သတ်မှတ်စည်းကမ်းများနှင့် အညီ ဆောင်ရွက်စေခြင်း၊ |
| ၂၄ (က) | အသုံးပြုရန် မသင့်သည့် သုသာန်မြေကို ပိတ်သိမ်းထားစေခြင်း၊ |
| ၄၂ (ခ) | မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း အသားရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၅၉ (င) | ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၀ (ဂ) | ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၀ (ဃ) | အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင် ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၁ (က) | လူသေအလောင်းကိုသတ်မှတ်သည့်ကာလထက် ကျော်လွန်၍ မထားရန် တားမြစ်ခြင်း၊ |
| ၆၁ (ခ) | ကူးစက်ရောဂါဖြင့်သေဆုံးသည့် လူသေအလောင်းကို (၁၂) နာရီကျော်လွန်၍ ထားခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၁ (ဂ) | သုသာန်မြေအဖြစ် သတ်မှတ်ထားသည့် နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းမပြုလုပ်ရန် တားမြစ်ခြင်း၊ |
| ၆၂ (က) | တည်းခိုခန်း၊ ဘော်ဒါဆောင် တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၆၂(ခ) | စားသောက်ဆိုင် ဖွင့်လှစ်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၂(ဂ) | စားသောက်ဖွယ်ရာ မုန့်မျိုးစုံထုတ်လုပ်သည့်လုပ်ငန်း လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅(က) | ကိုယ်ပိုင်ဈေးကို ဖွင့်လှစ်ခြင်း၊ ဈေးနေရာပြောင်းရွှေ့ခြင်း၊ ပြန်လည်ဖွင့်လှစ်ခြင်း၊ ဈေးဧရိယာ တိုးချဲ့ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅(ဃ) | ကွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅(င) | ရေခဲနှင့်အချိုရည်စက်ရုံများ၊ အအေးခန်းစက်ရုံများ ဖွင့်လှစ်တည်ထောင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅(စ) | အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၇၄။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀၀ အထိဖြစ်စေ၊ (၂) နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၀(က) | စည်းကမ်းနှင့်ညီညွတ်မှုမရှိဘဲ အဆောက်အအုံဆောက်လုပ်သည်ကို ရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်ခြင်း၊ ဖြိုဖျက်စေခြင်း၊ |
| ၂၀(ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံစသည်များပေါ်တွင် အဆောက်အအုံ ကျူးကျော်ဆောက်လုပ်ခြင်းကို ဖယ်ရှားခြင်း၊ |
| ၂၀(ဂ) | လမ်း၊ တံတားတည်ဆောက်ပြင်ဆင်ရာတွင် မလွတ်ကင်းသောအဆောက်အအုံကို ဖယ်ရှားစေခြင်း၊ |
| ၂၀(ဃ) | အန္တရာယ်ရှိသော အဆောက်အအုံကို ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဖယ်ရှား စေခြင်း၊ |
| ၂၀(ဈ) | မြေပေးအမိန့်ရရှိပြီး မြေကွက်တွင် သတ်မှတ်စည်းကမ်းနှင့် အညီ အဆောက်အအုံ ဆောက်လုပ် စေခြင်း၊ |
| ၂၂(ဍ) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် အန္တရာယ်ရှိလာလျှင် လုပ်ငန်းနေရာကို အသုံးမပြုစေခြင်း၊ ပြင်ဆင်စီမံဆောင်ရွက်စေခြင်း၊ |
| ၂၄(ခ) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ဖျက်သိမ်းစေခြင်း၊ |
| ၅၈(က) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံပေါ်တွင် အဆောက်အအုံ ကျူးကျော် ဆောက်လုပ်ခြင်း မပြုရန် တားမြစ်ခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၅၉ ( စ ) | ဝင်ထွက်နိုင်သော လမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများဆောက်လုပ်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၀ (က) | အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ပြင်ဆင်တိုးချဲ့ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၃ (က) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၃ ( ခ ) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၄ ( ခ ) | တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီ သုတ်သင်ရှင်းလင်းစေခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၇၅။ မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မ ၃၁ နှင့် ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၄၀၀၀၀ မှ အများဆုံး ကျပ် ၄၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်။

၇၆။ မည်သူမဆို ပုဒ်မ ၇၂ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ဆက်လက်၍လိုက်နာရန် ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုလျှင် ယင်းနေ့ အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၁၀၀၀၀ ချမှတ်ခြင်းခံရမည်။

၇၇။ မည်သူမဆို ပုဒ်မ ၇၃ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ဆက်လက်၍လိုက်နာရန် ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုလျှင် ယင်းနေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၂၀၀၀၀ ချမှတ်ခြင်းခံရမည်။

၇၈။ မည်သူမဆို ပုဒ်မ ၇၄ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ဆက်လက်၍လိုက်နာရန် ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုလျှင် ယင်းနေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၃၀၀၀၀ ချမှတ်ခြင်းခံရမည်။

၇၉။ မည်သူမဆို ပုဒ်မ ၆၆ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးငွေဒဏ်ကျပ် ၅၀၀၀၀ မှ အများဆုံး ငွေဒဏ်ကျပ် ၅၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် တည်ဆဲဥပဒေများအရလည်း အရေးယူခြင်းခံရမည်။

၈၀။ (က) မည်သူမဆိုခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် ကျွဲ၊ နွား၏ အသား သို့မဟုတ် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ အနည်းဆုံး ငွေဒဏ်ကျပ် ၅၀၀၀၀ မှ ကျပ် ၅၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

(ခ) ဤဥပဒေအရ တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာ အာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏ အသားသည် တရားဝင်ခွင့်ပြုချက်ဖြင့် သတ်ဖြတ်သော သို့မဟုတ် အခြားအကြောင်းတစ်ခုခုဖြင့် သေဆုံးသော ကျွဲ၊ နွား၏အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၈၁။ (က) ပုဒ်မ ၃၉ အား ဆန့်ကျင်ဖောက်ဖျက်သည့်အတွက် စွဲဆိုသောအမှုများကို သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးက တရားစွဲဆိုရမည်။

(ခ) ပုဒ်မခွဲ (က) အရ စွဲဆိုသောအမှုများမှအပ ဤဥပဒေအရ စွဲဆိုထားသောအမှုများကို သက်ဆိုင်ရာကော်မတီ သို့မဟုတ် ကော်မတီက တာဝန်လွှဲအပ်သောပုဂ္ဂိုလ်က တရားစွဲဆို ရမည်။

၈၂။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ဤဥပဒေအရ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီ တောင်းခံရယူနိုင်သည်။ ယင်းကဲ့သို့ တောင်းခံပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လိုအပ်သော အကူအညီများပေးရမည်။

## အခန်း (၂၀)
## အထွေထွေ

၈၃။ စည်ပင်သာယာရေးလုပ်ငန်းတစ်ခုခုသည် စည်ပင်သာယာရေးအဖွဲ့နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက် ပိုသောအဖွဲ့များနှင့် ဆက်စပ်သည့်လုပ်ငန်းဖြစ်ပါက ယင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် သက်ဆိုင်သည့် စည်ပင်သာယာရေးအဖွဲ့နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက်ပိုသောအဖွဲ့များသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၈၄။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ယင်းအဖွဲ့ပိုင်ရန်ပုံငွေကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

၈၅။ နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက် အအုံများမှအပ အခြားနိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းသို့ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာမြို့နယ်စည်ပင် သာယာရေးကော်မတီသို့ ကြိုတင်အကြောင်းကြားရမည်။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးသည် အမှုဆောင် အရာရှိတစ်ဦးအား ကော်လိတ်တော်အရာရှိ၏အခွင့်အာဏာများကို ဆောင်ရွက်စေရန် အမိန့်ထုတ်ပြန် နိုင်သည်။

၈၇။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းများနှင့် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်နိုင်သည်။

## ၂၀၁၃-၂၀၁၄ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၉။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက် )

### နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ ပါ ပြဋ္ဌာန်းချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ အကျိုးသက်ရောက်သည့်ကာလနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၃-၂၀၁၄ ခုနှစ် **တနင်္သာရီတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း**ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ တနင်္သာရီတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာသက်ရောက်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ ကာလတစ်ရပ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာအရ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းထားသည့် အချက်အလက်များကို ဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ်တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုလိုသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ ၁၄ ခုကို လုပ်ငန်းသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့၍ အောက်ပါအတိုင်း သတ်မှတ်ထားခြင်းကို ဆိုလိုသည် -

(၁) လယ်ယာကဏ္ဍကြီးတွင် လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ ပါဝင်သည်။

(၂) စက်မှုကဏ္ဍကြီးတွင် စွမ်းအင်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ ပါဝင်သည်။

(၃) ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီးကုန်ကြမ်းများကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ရေး၊

(ခ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှုရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး၊

(ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ချမှတ်သော မူဝါဒများနှင့်အညီ တနင်္သာရီတိုင်းဒေသကြီး၏ စီမံကိန်းလျာထားချက်များကို အောက်ပါအတိုင်း ဆောင်ရွက်သည် -

(က) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၇. ၄ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၄၉ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို အခြေခံနှစ်အပေါ် ၅၈. ၃ ရာခိုင်နှုန်းမှ ၅၆. ၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို အခြေခံနှစ်အပေါ် ၁၄. ၀ ရာခိုင်နှုန်းမှ ၁၄. ၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို အခြေခံနှစ်အပေါ် ၂၇. ၇ ရာခိုင်နှုန်းမှ ၂၉. ၃ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေခြင်း၊

(ဂ) လယ်ယာကဏ္ဍကြီး၏တိုးတက်မှုနှုန်းကို ၇. ၀ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏တိုးတက်မှုနှုန်းကို ၄. ၉ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏တိုးတက်မှုနှုန်းကို ၉. ၅ ရာခိုင်နှုန်း အသီးသီး တိုးတက်စေခြင်း။

## အခန်း (၄)

## ကဏ္ဍအလိုက် မူဝါဒ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်

၆။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **လယ်ယာကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) သီးနှံမျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ရေး၊

(၂) လေ့ကျင့်ပညာပေးရေး၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်များ**

(၁) လယ်ယာကဏ္ဍဆိုင်ရာကိန်းဂဏန်းများ မှန်ကန်ရေးကို တိုးချဲ့ဆောင်ရွက်သွားရန်၊

(၂) စပ်မျိုးစပါးမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားရန်၊

(၃) ကျန်အဓိကစိုက်ပျိုးသီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၄) စက်မှုလယ်ယာကွက်များကို ဆက်လက်တိုးချဲ့ဖော်ထုတ်သွားရန်၊

(၅) အကျိုးပြု ဆည်မြောင်းတာတမံများအား ထိန်းသိမ်းပြုပြင်သွားရန်နှင့် လိုအပ်ချက်နှင့်အညီ တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(၆) အကျိုးပြုဧရိယာ ၆၅၀ ဧကနှင့် မြိတ်မြို့သစ် စက်မှုလုပ်ငန်းသုံး ရေချိုရရှိရေးအတွက် ပင်းအိုရေလှောင်တမံစီမံကိန်းတစ်ခုအား အကြိုတည်ဆောက်မှုလုပ်ငန်းဆောင်ရွက်သွားရန်၊

(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်၊

(၈) မြစ်ရေတင်လုပ်ငန်း ၁၁ ခု၏ အကျိုးပြုဧက ၂၁၀၀ ပြည့်မီရေးအတွက် ရည်မှန်းချက်ထား ဆောင်ရွက်သွားရန်၊

(၉) ဆီအုန်း၊ ရော်ဘာ၊ သီဟိုဠ်စိုက်ဧက တိုးချဲ့ရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေး တောင်သူများအား နည်းပညာများ ဖြန့်ဖြူးပေးနိုင်ရန်၊

(၁၀) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်း မှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်ခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုစာရင်းများ၊ အချိန်နှင့်တစ်ပြေးညီ မှန်ကန်စွာပြုစုခြင်း၊ မြေယာ အသုံးချမှုစာရင်းများ မှန်ကန်စွာပြုစုခြင်း၊ လယ်ယာမြေဥပဒေနှင့်အညီ တောင်သူလယ်သမား များ၏ ဥပဒေပါ အခွင့်အရေးများ ရရှိရေးနှင့် အကာအကွယ်ပေးနိုင်ရေးတို့ကို ဦးစားပေး ဆောင်ရွက်ခြင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကွင်းပေါင်း ၄၄ ကွင်း၊ ဧက ၂၄၇၃၃ တိုင်းတာ ဆောင်ရွက်ခြင်း၊

(၂) မြေအသုံးချဌာနခွဲမှ မြေဆီလွှာကောင်းအောင် ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ထုံးထည့်ခြင်း၊ စံပြကွက်၊ ကျောက်မှုန့်ထည့်ခြင်း၊ စမ်းသပ်ကွက်အရိုးမှုန့် မြေသြဇာထည့်ခြင်း၊ စံပြကွက်၊ ဆီအုန်းကြိတ်ဖတ် စံပြကွက်များပြုလုပ်၍ သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ စမ်းသပ်ကွက် များတွင် ဆားငန်ခံစပါးမျိုးစမ်းသပ်ကွက်၊ ရေမြုပ်ခံစပါးစမ်းသပ်ကွက်များ ဆောင်ရွက်ခြင်း၊

(၃) စိုက်ပျိုးရေးပညာပေးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် သီးနှံပိုးမွှား ကာကွယ်ရေးသင်တန်းများ၊ မိုးစပါးနည်းပညာပေးသင်တန်းများ တိုင်းဒေသကြီးအတွင်း ဖြန့်ကြက်ဆောင်ရွက်ခြင်း၊

(၄) အထူးအထွက်တိုးစပ်မျိုးစပါး ပုလဲသွယ်ကို ဒေသဆန်ဖူလုံမှု ပိုမိုရရှိလာအောင် ရည်ရွယ်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ငွေကြေးညှိနှိုင်းကာ ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ဝေဒီမျိုးသန့်ခြံတွင် ၅ ဧက စမ်းသပ်စိုက်ပျိုး ထုတ်လုပ်ရန် ဆောင်ရွက်ခြင်း၊

(၅) တိုင်းဒေသကြီးအတွင်း နွေစပါးနှင့် အခြားသီးနှံများ ရေပေးဝေရန်အတွက် ရေထိန်းတံခါး ပြင်ဆင်ခြင်း၊ ချောင်းပိတ်၊ မြောင်းပိတ်လုပ်ငန်းနှင့် ဌာနထိန်းရေငန်တားတမံများအား ပုံစံကျ ပြုပြင်ခြင်းလုပ်ငန်း၊ လယ်ယာမြေ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ရန်အတွက် ချောင်းကော မြောင်းကော တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၆) မြစ်ချောင်းများမှရေကို စိုက်ပျိုးရေပေးဝေရန်အတွက် ရေစုပ်စက်ဖြင့် စုပ်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၇) မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၁၁၀၉၇၅ သိန်းနှင့် ဆောင်းရာသီ စိုက်ပျိုး စရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၃၂၂၂ ထုတ်ချေးပေးရန် လျာထားခြင်း၊

(၈) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိုက်ပျိုးရေရရှိရေး အတွက် အကျိုးပြုဧက ၁၅၇၀ အတွက် လုပ်ငန်း ၄ မျိုး ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခြင်း။

၇။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **သားငါးကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ။** ငါးနှစ်စီမံကိန်း ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းတတိယနှစ် ၂၀၁၃-၂၀၁၄ ခုနှစ် လျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်များ**

(၁) ငါးထုတ်လုပ်မှုကို ကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်ထက် ၈.၈ ရာခိုင်နှုန်း တိုးတက် စေရန်၊

(၂) ပြည်တွင်းအသားစားသုံးမှုဖူလုံစေရန်နှင့် ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရန်၊

(၃) လယ်ယာကဏ္ဍ လိုအပ်ချက်နှင့်အညီ ခိုင်းကျွဲ၊ ခိုင်းနွားကောင်းများ ထုတ်လုပ်မွေးမြူ ထိန်းသိမ်းရန်၊

(၄) တိရစ္ဆာန်ကောင်ရေ အရင်းအမြစ်များ မပြုန်းတီးရေးနှင့် တိုးပွားရေး၊ ဒေသရေမြေ၊ ရာသီဥတုတို့နှင့်ကိုက်ညီသည့် မျိုးဗီဇရှိတိရစ္ဆာန်များ ဖော်ထုတ်ထိန်းသိမ်းမွေးမြူရန်၊

(၅) ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးမှုကို တစ်ပိုင်တစ်နိုင် မွေးမြူထုတ်လုပ်ဖွံ့ဖြိုးမှုအရ အထောက် အကူပြုရန်၊

(၆) မွေးမြူထုတ်လုပ်မှုများကို အရည်အသွေးအရ အိမ်နီးချင်းနိုင်ငံများ၏ ထုတ်လုပ်မှုအဆင့် အတန်းနှင့် ညီညွတ်မှုရှိရန်၊

(၇) အရင်းအနှီးတတ်နိုင်သူများအား စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေး အားပေးကူညီရန်နှင့် ရင်းနှီး မြှုပ်နှံမှုအတွက် စည်းရုံးဖိတ်ခေါ်ခြင်းကို တိုးတက်ဆက်သွယ်ဆောင်ရွက်ရန်၊

(၈) တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်နှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ တိရစ္ဆာန်ကျန်းမာရေး ဆိုင်ရာသတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိရန်၊

(၉) မွေးမြူကုန်ထုတ်မှုဆိုင်ရာလူမှုစီးပွားရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် ပြည်ပ ဆက်သွယ်ရေး တိုးမြှင့်ရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) နိုင်ငံခြားဝင်ငွေတိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါး၊ ပုစွန် တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်ခြင်း၊

(၂) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာသယံဇာတများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၃) ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနအနေဖြင့် အနုစိတ်ဓာတ်ခွဲခန်း များကို နယ်စပ်ထွက်ပေါက်အလိုက် တိုးချဲ့တည်ထောင်ဆောင်ရွက်ခြင်း၊

(၄) ပြည်တွင်းအသားစားသုံးမှုဖူလုံစေရန်နှင့် ပိုလျှံသည်များကို ပြည်ပသို့တင်ပို့ရန် -

(ကက) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များနှင့်အညီ အသား ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခခ) ပြည်တွင်းပြည်ပမှအရင်းအနှီးများ၊ နည်းပညာများရယူ၍ စီးပွားဖြစ်မွေးမြူ ထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံရန်၊ ပူးပေါင်း ဆောင်ရွက်ရန် အလားအလာကောင်းသော လုပ်ငန်းနယ်ပယ်များ ဆောင်ရွက် နိုင်မည့် အစီအစဉ်များကို ဆွေးနွေးပွဲများ ပြုလုပ်၍ ရရှိသည့်ဖော်ထုတ်ချက်များ အရ လုပ်ငန်းစဉ်များ ချမှတ်ကာ အားပေးကူညီခြင်း၊ အထူးသဖြင့် နို့စားနွား မွေးမြူခြင်းနှင့် အသားတိုးနွားမွေးမြူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂဂ) တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများ တင်ပို့မှုတွင် တင်ပို့သူများကိုယ်တိုင် မွေးမြူ ခြင်း၊ တင်ပို့သူများက မွေးမြူသူအစုအဖွဲ့များသို့ နည်းပညာနှင့်အရင်းအနှီးများ ဖြည့်ဆည်းထောက်ပံ့၍ ဝယ်ယူတင်ပို့ခြင်းစနစ်သို့ ရောက်ရှိလာစေရေး ဆက်သွယ် ဆောင်ရွက်ခြင်း၊

(ဃဃ) ပြည်ပဈေးကွက် ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ်လျှော့ချရေး၊ အရည်အသွေး ပြည့်မီရေး ဖြည့်ဆည်းဆောင်ရွက်ခြင်း၊

(ငင) မွေးမြူမှု၊ ပြုပြင်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုနှင့် စားသုံးမှုဆိုင်ရာအခြေခံ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေး ဆောင်ရွက်ခြင်း။

(၅) တိရစ္ဆာန်ကူးစက်ရောဂါများ၊ လူကိုကူးစက်နိုင်သော တိရစ္ဆာန်ရောဂါများ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်တွင်းပြည်ပသက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ရာတွင် -

(ကက) ရန်ပုံငွေရရှိမှုအခြေအနေအရ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း မရှိသေးသည့် ဒေသများတွင် ဦးစားပေးအစီအစဉ်အလိုက် ဓာတ်ခွဲခန်းများ တိုးချဲ့တည်ထောင်ခြင်း၊

(ခခ) ရောဂါရှာဖွေရေးနှင့် ကာကွယ်ဆေးထုတ်လုပ်ရေးဓာတ်ခွဲခန်းများ၏ အရည် အသွေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဂဂ) နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ရောဂါများ ကာကွယ်ထိန်းချုပ်ရေး၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်းတင်ပို့ခြင်းလုပ်ငန်းများ ပိုမိုစနစ်တကျရှိစေရေး အတွက် နယ်စပ်စစ်ဆေးရေးစခန်းများကို တိုးချဲ့ဖွင့်လှစ်ခြင်း။

(၆) အရည်အသွေးပြည့်မီ၍ ဘေးအန္တရာယ်ကင်းရှင်းသော တိရစ္ဆာန်ထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ရေး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့ဆောင်ရွက်ရာတွင် -

(ကက) မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုမြှင့်တင်ရေး ကောင်းမွန်သော မွေးမြူထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ လိုက်နာကျင့်သုံးရေးအတွက် အသိပညာဖြန့်ဖြူးခြင်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း၊

(ခခ) စံချိန်စံညွှန်းပြည့်မီသည့် သားသတ်ရုံများ၊ ကုန်ချောပြုပြင်ထုတ်လုပ်ရေးစက်ရုံ၊ အလုပ်ရုံများ၊ ကုန်စည်ပို့ဆောင်သည့်စနစ်များ ထူထောင်နိုင်ရေးအတွက် နည်းပညာအရ အားပေးကူညီဆောင်ရွက်ခြင်း၊

(ဂဂ) တိရစ္ဆာန်ဆေးပညာဆိုင်ရာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃဃ) တိရစ္ဆာန်မွေးမြူထုတ်လုပ်ရေးနှင့် ကျန်းမာရေးဆိုင်ရာသုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း။

(၇) စိုက်ပျိုးချိန်စောင့်ဆိုင်းနေဆဲကာလတွင် ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရန်ပေါင်းစည်းလယ်ယာစနစ်များ ပေါ်ထွက်လာစေရေး တွန်းအားပေးဆောင်ရွက်ခြင်း၊

(၈) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မွေးမြူရေးကဏ္ဍအတွက် ကုသရေးရုံးတစ်ရုံး တည်ဆောက်ခြင်း၊ မွေးမြူရေးခြံ ၅ ခြံ တည်ဆောက်ရန်စီစဉ်ဆောင်ရွက်ခြင်း။

၈။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **သစ်တောကဏ္ဍ**နှင့်စပ်လျဉ်းသည့်မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတု မျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊

(၂) ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊

(၃) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊

(၄) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး၊

(၅) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊

(၆) သစ်တောကဏ္ဍစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး။

(ခ) **ရည်မှန်းချက်။** သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်း၊

(၂) ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်ခြင်း၊

(၃) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေး အတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်ခြင်း၊

(၄) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားဖြစ်စိုက်ခင်းများ တည်ထောင်ခြင်း၊

(၅) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစားထိုး အခြား လောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်ခြင်း၊

(၆) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်း ပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ တည်ထောင်ခြင်း၊

(၇) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များဖြန့်ဝေပေးရန်နှင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၈) ကျွန်းနှင့်သစ်မာများကို နှစ်စဉ်သစ်တောထွက် Annual Allowable Cut - AAC အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်ခြင်း၊

(၉) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင် အတွင်းမှ ထုတ်ယူသုံးစွဲခြင်း၊

(၁၀) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအင်အားတိုးမြှင့်သွားရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့် သစ်ထုတ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်ခြင်း၊

(၁၁) သစ်ထုတ်လမ်းများ ဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊

(၁၂) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုသက်သာစေသော သစ်ထုတ်နည်းလမ်း များကို လိုက်နာဆောင်ရွက်ခြင်း၊

(၁၃) ရောင်းတန်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများကို တွဲဖက်ထုတ်လုပ်ခြင်း၊

(၁၄) သစ်တစ်ပင်လုံးအသုံးချနိုင်ရေးနှင့် သစ်မျိုးစုံအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၁၅) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက် လာစေရန် ဆောင်ရွက်ခြင်း၊

(၁၆) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သောသစ်လုံးကုန်ကြမ်း ရရှိရေး စီမံဆောင်ရွက်ခြင်း၊

(၁၇) ဖက်စပ်၊ ပုဂ္ဂလိကသစ်အခြေခံစက်ရုံများအတွက် လိုအပ်သော သစ်လုံး၊ ခွဲသား၊ ကုန်ကြမ်းများ ရောင်းချပေးရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(၁၈) သစ်အခြေခံစက်မှုလုပ်ငန်း ထွက်ကုန်အမည်သစ်များ ထုတ်လုပ်မည့် စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေခြင်း၊

(၁၉) လူသုံးနည်းပါးသောသစ်များကို နည်းပညာသစ်များ အသုံးပြု၍ အဆင့်မီကုန်ချောများ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၂၀) သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းများအပြင် ဘာသာရပ် ဆိုင်ရာသင်တန်းများကို လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသွားရန်နှင့် ပြည်တွင်း၊ ပြည်ပ

သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား တက်ရောက်စေခြင်း၊

(၂၁) သဘာဝပတ်ဝန်းကျင်ကို မပျက်စီးစေဘဲ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်သည့် အစိမ်းရောင်စီးပွားရေးကို ဦးတည်ဆောင်ရွက်ခြင်း၊

(၂၂) သစ်တောပြုန်းတီးခြင်း၊ သစ်တောအတန်းအစားနိမ့်ကျခြင်းမျိုး မဖြစ်စေရန်အတွက် ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်းလုပ်ငန်းကို ဦးစားပေးဆောင်ရွက်ခြင်း၊

(၂၃) ဒီရေတောထိန်းသိမ်းရေးနှင့် ပျက်စီးသွားသည့် ဒီရေတောများအား ဌာနနှင့်ပုဂ္ဂလိကတို့မှ ဒီရေတောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊

(၂၄) ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခဲ့ကြသော ရွာစု၊ အိမ်ထောင်စုများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ စာရင်းကောက်ယူပြီး ကျေးရွာသစ်များ ဖွဲ့စည်းနေရာချထားပေးခြင်း။

၉။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **စွမ်းအင်ကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) စွမ်းအင်အရင်းအမြစ်များဖြစ်သည့် ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ကို ပြည်တွင်းသုံးစွဲမှုဖူလုံရေး၊ ပြည်ပသို့ တိုးတက်တင်ပို့နိုင်မှုတို့အတွက် တိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(၂) စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို နိုင်ငံတကာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်။** ရေနံစိမ်းထုတ်လုပ်မှုကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အမေရိကန်စည်ထောင်ပေါင်း ၃၉၃၆ မှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် အမေရိကန်စည်ထောင်ပေါင်း ၃၅၄၅ ထုတ်လုပ်ရန်၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကုဗပေသန်း ၁၃၆၅၄၀ မှ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကုဗပေသန်း ၁၃၈၉၆၉ ထုတ်လုပ်ရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးချဲ့ရှာဖွေထုတ်လုပ်ရေးကို ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ရေနံမြေသစ်များ တိုးချဲ့ရှာဖွေထုတ်လုပ်ခြင်း၊

(၂) ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်စေခြင်း။

၁၀။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍ**နှင့် စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) နိုင်ငံတော်၏ဓာတ်သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရေးသို့ ရှေးရှုဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရန် အားပေးဆောင်ရွက်ရေး၊

(၃) ဓာတ်သတ္တုသယံဇာတပစ္စည်းများ သုံးစွဲရာတွင် ပြည်ပမှ တင်သွင်းရသည့် ဓာတ်သတ္တုများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်အစားထိုးရေး၊

(၄) နိုင်ငံတော်၏လုံခြုံရေးနှင့်စစ်ရေး၌ အရေးပါသည့် မဟာဗျူဟာမြောက် ဓာတ်သတ္တုများကို စနစ်တကျ ထုတ်လုပ်စုဆောင်းထားရှိသွားရေး၊

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့်ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှု မရှိစေရန် အလေးထားဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်များ**

(၁) နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက် သယံဇာတ ဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်၏အမျိုးသားဝင်ငွေ တိုးတက် စေရေး အထောက်အကူပြုဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်း ကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာပူးပေါင်းဆောင်ရွက်ရန်၊

(၃) သက်ဆိုင်ရာဌာန၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုး ကူညီခြင်း စသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၄) အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသည့် မြန်မာ့ပုလဲများကို တစ်နှစ်ထက်တစ်နှစ် တိုးမြှင့် ထုတ်လုပ်ပြီး တိုးတက်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်၊

(၅) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထားဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) သတ္တုကဏ္ဍနှင့် နိုင်ငံတော်၏စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း၊

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်း၊

(၃) မြေပေါ်မြေအောက်သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသားဝင်ငွေတိုးတက် စေရန် စီမံဆောင်ရွက်ခြင်း၊

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ များနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲဆောင်ရွက်ခြင်း၊

(၅) ခွင့်ပြုမိန့် ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေး ဆောင်ရွက်ခြင်း၊

(၆) ပုလဲအရည်အသွေး တိုးတက်ကောင်းမွန်လာစေရန် လေ့ကျင့်ရေးနှင့်သုတေသနလုပ်ငန်း များကို ဦးစားပေးလုပ်ကိုင်ဆောင်ရွက်ခြင်း။

၁၁။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **စက်မှုလက်မှုကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) တိုင်းဒေသကြီး၏စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကင်းစေသော စက်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် စွမ်းအင်အကျိုးသက်ရောက်မှုတို့ကို ထိရောက်စွာ သုံးစွဲရေးအတွက် တွန်းအားပေးဆောင်ရွက်ရေး၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေးအတွက် ပံ့ပိုးဆောင်ရွက်ရေး၊

(၅) စက်မှုလုပ်ငန်းနယ်ပယ်တွင် ကုန်ပစ္စည်းထုတ်လုပ်မှုနည်းစဉ်များမှ ရရှိသော ထုတ်လုပ်မှုနည်းစနစ်နှင့် အတွေ့အကြုံများကို သုတေသနလုပ်ငန်းများနှင့်ပေါင်းစပ်၍ အဆင့်မြင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖြစ်ထွန်းစေရေး။

(ခ) **ရည်မှန်းချက်များ**

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရန်၊

(၂) ပြည်တွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်းအမည်သစ်များ ထုတ်လုပ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်ရန်၊

(၃) အသုံးစရိတ်၊ ကုန်ကျစရိတ်များ လျော့နည်းစေရန်နှင့် လေလွင့်ပြုန်းတီးမှုမရှိစေရန်၊

(၄) ရုံးလုပ်ငန်းများ မြန်ဆန်သွက်လက်စေရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) ဒေသတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း၊

(၂) စက်မှုထုတ်ကုန်ပစ္စည်း အရည်အသွေးတိုးတက်လာရေးအတွက် စံချိန်စံညွှန်း ပြည့်မီလာအောင် နည်းလမ်းများ ချမှတ်ဆောင်ရွက်ခြင်း၊

(၃) စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၄) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာစက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ခြင်း၊

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများဖြစ်စေရန် ကြပ်မတ်စစ်ဆေးခြင်း။

၁၂။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **လျှပ်စစ်ဓာတ်အားကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားမရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်

ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ဓာတ်အားပေးစက်များ၏ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး၊

(၂) တိုင်းဒေသကြီး၏ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူး သုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဗို့အားအတိုင်းအတာနှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး၊

(၃) တနင်္သာရီတိုင်းဒေသကြီးတွင် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများအပြင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ မောင်းနှင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်နှင့် ဓာတ်ငွေ့တာဘိုင်စက်များ ကြံ့ခိုင်မှုကောင်းမွန်၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး။

(ခ) **ရည်မှန်းချက်။** ပဉ္စမကာလတို ၅ နှစ် စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေး အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်သွားရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကော့သောင်းမြို့၌ တည်ဆောက်ပြီးဖြစ်သော ၈ မဂ္ဂါဝပ် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံအား စမ်းသပ်လည်ပတ်ခြင်း၊ ၁၁ ကေဗွီ ခွဲရုံနှင့် လိုင်းများတည်ဆောက်ခြင်း၊ ကော့သောင်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများအထိ ဓာတ်အားလိုင်းများ တိုးချဲ့ခြင်း၊ ဓာတ်အားတိုးချဲ့ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂) ကံပေါက်-ထားဝယ် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း တည်ဆောက်ခြင်း၊

(၃) ထားဝယ်မြို့တွင် ၂၃၀/၆၆/၁၁ ကေဗွီ (၁၀၀ အမ်ဗွီအေ) ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်း၊

(၄) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စွမ်းအင်လုပ်ငန်း အတွက် အသေးစားရေအားလျှပ်စစ်စက်တစ်လုံးလျှင် ကီလိုဝပ်နာရီ တစ်သန်းရှိသော လုပ်ငန်းနှစ်ခု ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း။

၁၃။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းတွင် **ဆောက်လုပ်မှုကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် ပြည်ထောင်စုလမ်းမကြီးများဖြစ်သည့် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်လမ်းနှင့် မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်း များအား အဆင့်မြှင့်တင်ဖောက်လုပ်ခြင်း ဆောင်ရွက်ရေး၊

(၂) အရေးကြီးသော ပေ ၁၈၀ အထက် တံတား ၇ စင်း (တည်ဆောက်ဆဲ တံတား ၃ စင်း၊ တည်ဆောက်ရန် တံတား ၄ စင်း) ဆက်လက်ဆောင်ရွက်ရေး၊

(၃) နိုင်ငံတော်မှချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် ၈ ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် နိုင်ငံအဝန်း မြို့ပြဖွံ့ဖြိုး တိုးတက်ရေးမူဝါဒများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(၄) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ် နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့် မြို့ပြများ စနစ်တကျဖွံ့ဖြိုးလာရေးအတွက် အဓိကထားဆောင်ရွက်ရေး၊

(၅) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေး။

(ခ) **ရည်မှန်းချက်များ**

(၁) နိုင်ငံတကာနှင့် ဆက်သွယ်မည့် လမ်းများကို ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ နှစ်လမ်းသွား ကတ္တရာ ကွန်ကရစ်လမ်းအဆင့်နှင့် အဆိုပါလမ်းပေါ်ရှိ တံတားများအား အမြဲတမ်း ကွန်ကရစ် တံတားအဖြစ် ဆောင်ရွက်ရန်၊

(၂) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းများနှင့် တိုင်းဒေသကြီးလမ်းများအား ယာဉ်သွားလမ်း အကျယ် ၁၂ ပေ ကတ္တရာလမ်းနှင့် တံတားများကို ယာဉ်သွားလမ်းအကျယ် ၂၄ ပေ အမြဲတမ်း ကွန်ကရစ်တံတားများအဖြစ် ဆောင်ရွက်ရန်၊

(၃) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ် တိုးတက်မြင့်မားလာရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် မြို့ပြများ စနစ်တကျဖွံ့ဖြိုးပြီး ပြည်သူများ၏ စီးပွားရေးတိုးတက်ကောင်းမွန်ရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် စက်မှုဇုန်များ စီမံကိန်းရေးဆွဲတည်ဆောက်ခြင်း၊ အထူး စီးပွားရေးဇုန်များ ဖော်ထုတ်ရန် Master Plan များ ရေးဆွဲခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၄) တနင်္သာရီတိုင်းဒေသကြီး၏ အတိုင်းအတာအရ မြို့ပြနှင့် ကျေးလက်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်း မြင့်မားစေရေးဆောင်ရွက်ရန်၊

(၅) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသတွင်းလမ်းပန်း ဆက်သွယ်မှု လွယ်ကူလျင်မြန်စေရေးအတွက် ဒေသတွင်းဝေးလံ၍ သွားလာမှုခက်ခဲသော နေရာများအား ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးခြင်း၊ အထူးသဖြင့် နယ်စပ်ဒေသ တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးအတွင်း ပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ်တိုးတက် မြင့်မားရေး၊ လူမှုစီးပွားရေးဖွံ့ဖြိုးမှုရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ် ၈ ရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ နှစ်အလိုက် ဒေသန္တရဖွံ့ဖြိုးရေးအတွက် စီမံကိန်းများ ချမှတ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) နိုင်ငံတကာနှင့် ဆက်သွယ်သည့် လမ်းမကြီးများ၊ ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ၊ တိုင်းဒေသကြီးလမ်းများ ဆောင်ရွက်ခြင်း၊

(၂) အမြဲတမ်းကွန်ကရစ်တံတားကြီးငယ် စုစုပေါင်း ၈၈ စင်း ဆောင်ရွက်ရန်နှင့် ပေ ၁၈၀ အထက် တံတား ၇ စင်း၊ ပေ ၅၀ မှ ပေ ၁၈၀ အောက် တံတား ၁၁ စင်း၊ ပေ ၅၀ အောက် တံတား ၇၀ စင်း တည်ဆောက်ခြင်း၊

(၃) တနင်္သာရီတိုင်းဒေသကြီး၏ မြို့တော် ထားဝယ်မြို့ အပါအဝင် အခြားမြို့များ၏ ဖွံ့ဖြိုး တိုးတက်မှု အလားအလာများ၊ နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးတို့အတွက် အထောက်အပံ့ကောင်းဖြစ်နိုင်ခြေတို့ကို ဆန်းစစ်ပြီး နည်းပညာအကူအညီများ ရယူဆောင်ရွက်ခြင်း၊

(၄) တိုင်းဒေသကြီးအစိုးရက သီးခြားတာဝန်ပေးလာသော အထူးစီးပွားရေးဇုန်တည်ဆောက်ရေး စီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၅) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသတွင်း ဆက်သွယ်ရေး လမ်းများ အထူးသဖြင့် နယ်စပ်ဒေသများရှိ အခြားနိုင်ငံများနှင့် ပြည်ထောင်စုလမ်းမကြီးမှ တစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေး စီမံကိန်းချမှတ် အကောင်အထည်ဖော်လျက်ရှိရာ

ဇာဒက်ကြီးကျွန်းပတ်လမ်း အပါအဝင် ဒေသတွင်း၌ မြေသားလမ်းဖောက်လုပ်ခြင်းနှင့် မွမ်းမံခြင်း ၅၀ မိုင်၊ ကျောက်လမ်း ၂၀ မိုင် ဖောက်လုပ်ခြင်း၊

(၆) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တံတားလုပ်ငန်း ကဏ္ဍအတွက် ပေ ၅၀၀ အထက်တံတားတစ်စင်း၊ ပေ ၂၀၀ အထက် တံတားတစ်စင်း၊ ပေ ၁၀၀ အထက်တံတား ၈ စင်း၊ ပေ ၅၀ အထက် တံတား ၄ စင်း၊ ပေ ၅၀ အောက် တံတား ၁၂ စင်း တည်ဆောက်ခြင်း၊

(၇) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေရရှိရေးကဏ္ဍ အတွက် စက်ရေတွင်း လက်တူးရေတွင်းနှင့် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိပြီး လုပ်ငန်း ၈ ခု ဆောင်ရွက်ခြင်း၊

(၈) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ ၁၀ လုံး ဆောက်လုပ်ပေးခြင်း။

၁၄။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **ပို့ဆောင်ရေးကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) ပို့ဆောင်ရေးကဏ္ဍတွင် ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးအတွက် ရေယာဉ်များ အသစ်တည်ဆောက်ခြင်းနှင့် အစားထိုးဖြည့်တင်းဆောင်ရွက်ရေး၊

(၂) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဆိပ်ကမ်းများ၏ ပို့ကုန်၊ သွင်းကုန်များ လျင်မြန်သွက်လက် စေရေးနှင့် ခေတ်မီရေနက်ဆိပ်ကမ်းများ၊ ဆိပ်ခံတံတားများနှင့် ကုန်သေတ္တာစခန်းများ တည်ဆောက်နိုင်ရန် ဆောင်ရွက်ရေး၊

(၃) လေယာဉ်ကြီးများ ဆင်းတက်ပျံသန်းနိုင်ရန်အတွက် ခေတ်မီတိုးတက်သော နိုင်ငံတကာ အဆင့်မီ လေဆိပ်ကြီးအဖြစ် ထားဝယ်လေဆိပ်အား တိုးချဲ့တည်ဆောက်သွားရေး၊

(၄) ရေကြောင်း၊ လေကြောင်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ကို အမြင့်ဆုံးဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်သွားရေး၊

(၅) နိုင်ငံတော်အဝန်း အမျိုးသားမီးရထားပို့ဆောင်ရေးကွန်ရက် ဖြစ်ထွန်းလာစေရေး၊

(၆) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည် အသွေး မြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည်မြှင့်တက်လာရန် ဆောင်ရွက်ရေး၊

(၇) ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်၍ စနစ်တကျကြီးကြပ်ကွပ်ကဲရေး။

(ခ) **ရည်မှန်းချက်များ**

(၁) ရေကြောင်းနှင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍများတွင် ပြည်သူလူထု၊ ပုဂ္ဂလိကနှင့် ဖက်စပ် လုပ်ကိုင်မှုစနစ်အား နှစ်ဦးနှစ်ဖက်အကျိုးခံစားခွင့်ရရှိမှုနှင့်အညီ ဆောင်ရွက်သွားရန်၊

(၂) ဒေသအတွင်း ရေကြောင်း၊ လေကြောင်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏအား နိုင်ငံတော်မှ ချမှတ်သည့် နှစ်စဉ် ဂျီဒီပီတိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက် သွားရန်၊

(၃) တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် နိုင်ငံတော်အတွက် နှစ်စဉ်အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေပေးရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) ဒေသအတွင်းရှိ မြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းများ၊ ကမ်းပြို ကမ်းထိန်းလုပ်ငန်းများ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် မြစ်ရေတင်စနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂) ဆိပ်ကမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိပ်ခံတံတားများ ပြုပြင်ခြင်း၊ ရေနက်ဆိပ်ကမ်းများ တည်ဆောက်ခြင်း၊ ဆိပ်ခံဇောတံတားများ၊ ဇော်ယာများ အကြီးစား ပြုပြင်မွမ်းမံခြင်း၊ ထားဝယ်ရေနက် ဆိပ်ကမ်းပြီးစီးပါက နိုင်ငံခြားသင်္ဘောကြီးများ ဝင်၊ ထွက် သွားလာနိုင်ရေးအတွက် ရေလမ်းကြောင်း သောင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၃) တိုင်းဒေသကြီးအတွင်းရှိ လေဆိပ်များ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းများ၊ လေဆိပ်အဆောက်အဦ တိုးချဲ့ခြင်းလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(၄) ဒေသအတွင်း ရေကြောင်းတွင် ပို့ဆောင်လျက်ရှိသည့် စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ်များ၊ ဆိပ်ခံတွဲများ၊ တွဲရေယာဉ်များ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခြင်း၊

(၅) သင်္ဘောကျင်းများတွင် လက်ရှိရေယာဉ်များ ပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်းနှင့် ဈေးကွက်လိုအပ်ချက်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေယာဉ်များ တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ခြင်း၊

(၆) ရထားလမ်းဟောင်းများအား ဇလီဖားအသစ်လဲလှယ်ခြင်း၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်ခြင်း၊

(၇) ထားဝယ်-မြိတ်ရထားလမ်းပိုင်းရှိ ကျန်ရှိနေသောရထားလမ်းပိုင်းကို ဆက်လက်ဖောက်လုပ်ခြင်း။

၁၅။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **ဆက်သွယ်ရေးကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍအနေဖြင့် Public Private Partnership (PPP) ပုံစံဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းချက်ထားရှိပြီး ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်ရေး၊

(၂) ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲထားသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းနှင့် လိုက်နာကျင့်သုံးရေး၊

(၃) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး IT ကဏ္ဍတွင် နိုင်ငံသားနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအား အချိုးအစားမျှတစွာ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဆက်လက်ဖန်တီးပေးရေး၊

(၄) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(၅) မြန်နှုန်းဖြင့် အင်တာနက်အသုံးချနိုင်ရေးအတွက် ISP များ ထပ်မံတည်ဆောက်ခြင်းနှင့် နိုင်ငံတကာနှင့်ချိတ်ဆက်ထားသည့် International Bandwidth များ တိုးချဲ့သုံးစွဲနိုင်ရေး။

(ခ) **ရည်မှန်းချက်များ**

(၁) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၅. ၁၇ ဆ တိုးတက်ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၃၄. ၀ ရာခိုင်နှုန်း ဖြစ်ပေါ်စေရေး ဆောင်ရွက်ရန်၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်သွားပြီး တယ်လီဖုန်းသိပ်သည်းဆကို ၇၅ ရာခိုင်နှုန်းအထိ တိုးတက်စေရန်လည်းကောင်း၊ အင်တာနက် ထိုးဖောက်သုံးစွဲမှုကို ၅၀ ရာခိုင်နှုန်းအထိလည်းကောင်း တိုးတက်ဆောင်ရွက်ရန်၊

(၃) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆက်သွယ်ရေးကဏ္ဍအတွက် ဆက်သွယ်ရေးဆိုင်ရာအဆောက်အအုံများ ဆောက်လုပ်ပေးရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) မိုဘိုင်းတိုးချဲ့ရေးစီမံကိန်း ပထမနှစ် လိုင်း ၁. ၀၈ သိန်း စီမံကိန်းကို ပြီးစီးအောင်ဆောင်ရွက်ပြီး ဒုတိယနှစ် လိုင်း ၁. ၅ သိန်း စီမံကိန်းကို တစ်ဆက်တစ်စပ်တည်း ဆက်လက်ဆောင်ရွက်ခြင်း၊

(၂) အော်တိုတယ်လီဖုန်းစနစ်အား ပြည်သူသုံး တယ်လီဖုန်းကွန်ရက် အိတ်ချိန်းများဖြင့် အဆင့်မြင့်အိတ်ချိန်းများဖြစ်စေရန် အစားထိုးလဲလှယ်တပ်ဆင်ခြင်း၊

(၃) တိုးချဲ့ပြီးသော မိုဘိုင်းတယ်လီဖုန်းများမှ မြန်နှုန်းမြင့်အင်တာနက် သုံးစွဲနိုင်ရေးအတွက်ဆောင်ရွက်ခြင်း၊

(၄) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ် အမြန်ငွေပို့လွှာလုပ်ငန်းစနစ်အားတိုင်းဒေသကြီးအဆင့် စာတိုက်များ၌ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခြင်း၊

(၅) စာပို့တိုက်လုပ်ငန်း၏ ပြည်တွင်းပြည်ပ ချောပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများကို Public Private Partnership (PPP) ပုံစံဖြင့် ပုဂ္ဂလိကသို့ လုပ်ပိုင်ခွင့်များ ခွင့်ပြုပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊

(၆) ဖက်စ်ကြေးနန်း၊ ကွန်ပျူတာကြေးနန်းနှင့် အီလက်ထရောနစ်ကြေးနန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း၊

(၇) ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း လျာထားသည့် GSM အခြေစိုက်စခန်းများကိုဆက်လက်တည်ဆောက်ခြင်း၊

(၈) 96 Core Fiber ဆက်ကြောင်းအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ဒေသရှိ မိုဘိုင်းတယ်လီဖုန်းများ မြန်နှုန်းမြင့် အင်တာနက်အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ခြင်း။

၁၆။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **ငွေရေးကြေးရေးကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ။** နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာအထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပါဝင်ဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်များ**

(၁) နိုင်ငံတော်မှကျင့်သုံးလျက်ရှိသည့် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များအရလည်းကောင်း၊ နိုင်ငံတကာအဆင့်အတန်းနှင့်အညီ ဖြစ်စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ ဘဏ်များက လိုက်နာဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ရန်၊

(၂) ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) အီလက်ထရောနစ်ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၂) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၃) နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းရေးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ခြင်း၊

(၄) ပြည်တွင်း၊ ပြည်ပ ငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေးအတွက် လျင်မြန်သည့်နည်းစနစ် အသုံးပြုဆောင်ရွက်ခြင်း၊

(၅) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့အဆင်ပြေစေရေးအတွက် ဘဏ်သို့ လာရောက်သည့် Customer များအား ငွေသွင်းငွေထုတ်ကိစ္စရပ်များ၊ ချက်လက်မှတ်ဖြင့် စာရင်းလွှဲပြောင်းခြင်းပြုသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ အမြန်ဆုံးလွယ်ကူချောမွေ့စေရေး ဆောင်ရွက်ခြင်း၊

(၆) အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းထားရှိပြီး အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျရေရှည်ဆောင်ရွက်သွားနိုင်ရေး၊ ဥပဒေစည်းမျဉ်းနှင့်အညီ တရားဝင်ဖြစ်အောင် ဖွဲ့စည်းဆောင်ရွက်ရေးတို့ကို လိုင်စင်များ ထုတ်ပေးကာ ကြီးကြပ်ကွပ်ကဲခြင်း။

၁၇။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ**နှင့် စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) နိုင်ငံတော်၏ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) သဘာဝအရင်းအမြစ်မှရရှိသော စွမ်းအင်များကို အသုံးချ၍ သုတေသနလုပ်ငန်းများတိုးချဲ့ရေး၊

(၄) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

(၅) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(၆) တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီတိုးတက်ရရှိရေး၊

(၇) အလုပ်သမားများ ကျန်းမာမှုကောင်းမွန်တိုးတက်စေ၍ အလုပ်လုပ်နိုင်သည့် စွမ်းအားမြင့်မားပြီး ကုန်ထုတ်လုပ်မှုတိုးတက်စေရေး၊

(၈) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့်မိသားစု စားဝတ်နေရေးအတွက် ထောက်ပံ့မှုရရှိစေရေး၊

(၉) နိုင်ငံတော်အစိုးရ၏မူဝါဒနှင့် အကောင်အထည်ဖော်ရန်ရှိသည့် ရေတို၊ ရေရှည်လုပ်ငန်းများကို ပြည်သူများအား ပြန်ကြားပေးရေး၊

(၁၀) ၂၀၁၅ ခုနှစ်တွင် ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်မှ ချမှတ်ပေးသည့်အတိုင်း တက်ကြွစွာဖော်ဆောင်ရေး၊

(၁၁) အထက်ပါမူဝါဒများကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာဌာနများက ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) **ရည်မှန်းချက်များ**

(၁) ပညာရေးကဏ္ဍတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊

(၂) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပညာရေးလုပ်ငန်းအတွက် စာသင်ကျောင်းများ ဆောက်လုပ်ပေး၍ ပညာရေးကဏ္ဍ မြှင့်တင်ဆောင်ရွက်ပေးရန်၊

(၃) တိုင်းဒေသကြီးအတွင်းရှိ ကျန်းမာရေးစနစ် ပိုမိုဖွံ့ဖြိုးတိုးတက်ရန်၊

(၄) ကျန်းမာရေးအခြေခံအဆောက်အဦများ တိုးတက်ဖြည့်ဆည်းရန်၊

(၅) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျန်းမာရေးကဏ္ဍအတွက် ဆေးရုံဆေးပေးခန်းများ ဆောက်လုပ်ပေး၍ ကျန်းမာရေးဝန်ထမ်းများကို လိုအပ်ချက်အရ ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) ဥပဓိရုပ်မကောင်းသော အခြေခံပညာကျောင်းဆောင်များ ပြုပြင်ခြင်း၊ အန္တရာယ်ရှိသော အခြေခံပညာကျောင်းဆောင်များ ဖျက်သိမ်းပြီး အသစ်ဆောက်လုပ်ခြင်း၊ ကျောင်းသားနှင့် စာသင်ခန်းဦးရေ အချိုးမမျှတသော အခြေခံပညာကျောင်းများအတွက် ကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်း၊

(၂) ကျောင်းသားဦးရေ ၇၀ လျှင် သန့်စင်ခန်း တစ်ခန်းနှုန်းရှိစေရန် ရေလောင်းအိမ်သာများ ဆောက်လုပ်ပေးခြင်း၊

(၃) စာရေးခုံ၊ ထိုင်ခုံမလုံလောက်သော အခြေခံပညာကျောင်းများအတွက် စာရေးခုံ၊ ထိုင်ခုံ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊

(၄) သိပ္ပံခန်းမရှိသည့် အခြေခံပညာအထက်တန်းကျောင်းများအတွက် သိပ္ပံခန်းများ တပ်ဆင်ပေးခြင်း၊

(၅) ကွန်ပျူတာသင်ခန်းစာများ သင်ကြားနိုင်ရေးအတွက် ကွန်ပျူတာနှင့် လက်(ပ်)တော့များ ဖြည့်ဆည်းပေးခြင်း၊

(၆) ကိုယ့်အားကိုယ်ကိုး အခြေခံပညာကျောင်းများ၊ တွဲဖက်အခြေခံပညာကျောင်းများအား ကျောင်းအဆင့်တိုးမြှင့်ပေးခြင်း၊

(၇) ရာထူးအဆင့်ဆင့်တိုးမြှင့်ပေးသောကြောင့် လစ်လပ်ထွက်ပေါ်လာသော မူလတန်းပြနေရာတွင် ဒေသခံ နေ့စားဝန်ထမ်း မူလတန်းပြဆွဲခန့်ဆရာများ ဖြည့်ဆည်းခန့်ထားပေးခြင်း၊

(၈) လစ်လပ်လျက်ရှိသောကျောင်း၊ ရုံးဝန်ထမ်းများ၊ ဖြည့်စွက်ခန့်ထားပေးခြင်း၊

(၉) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပညာရေးလုပ်ငန်းအတွက် အခြေခံပညာမူလတန်းကျောင်း ၂၀ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း နှစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း ဆောက်လုပ်ရေးအတွက် စီစဉ်ဆောင်ရွက်ခြင်း၊

(၁၀) ဒေသပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်ခံယူမှု တိုးတက်ရရှိရေးအတွက် ကျန်းမာရေးဌာန ဖွဲ့စည်းပုံများ ဖြည့်ဆည်းပေးခြင်း၊

(၁၁) တိုက်နယ်ဆေးရုံများ ဆောက်လုပ်ပေးခြင်း၊

(၁၂) ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ ဆောက်လုပ်ပေးခြင်း၊

(၁၃) ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးခြင်း၊

(၁၄) နိုင်ငံတော်မှ ထောက်ပံ့သော ဆေးဝါးများအား လူနာများအခမဲ့ရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၁၅) နိုင်ငံတော်မှ ထောက်ပံ့သော ဆေးဝါးဝယ်ယူရေး အသုံးစရိတ်များဖြင့် အရေးပေါ် ဆေးရုံတက်ရောက်ကုသသော လူနာများနှင့် ဆင်းရဲနွမ်းပါးလူနာများအား အခမဲ့ဆေးဝါးများ ပံ့ပိုးရရှိနိုင်ရေး၊ ထားဝယ်နှင့်မြိတ် အထွေထွေရောဂါကုဆေးရုံကြီးများတွင် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၁၆) ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၁၇) လူမှုဖူလုံရေးဦးစီဌာနမှ ကော့သောင်းမြို့တွင် လူမှုဖူလုံရေးရုံး ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ခြင်း၊

(၁၈) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းအတွက် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၁၀ ရုံနှင့် ထုတ်လွှင့်စက်များ တပ်ဆင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် စာကြည့်တိုက်နှစ်ခု ဆောက်လုပ်ပေးနိုင်ရေး ဆောင်ရွက်ခြင်း၊

(၁၉) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သာသနာရေးလုပ်ငန်းအတွက် ဘုန်းကြီးကျောင်းနှစ်ကျောင်းနှင့် ဓမ္မာရုံတစ်ရုံ ဆောက်လုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း၊

(၂၀) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျန်းမာရေးလုပ်ငန်းအတွက် ၁၆ ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ ဆေးပေးခန်းတစ်ခန်း၊ ကျေးလက်ကျန်းမာရေးဌာနတစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၅ ခု ဆောက်လုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ခြင်း။

၁၈။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **ဝန်ဆောင်မှုကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) အာဆီယံစီးပွားရေးအသိုက်အဝန်းရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊

(၂) ကျွမ်းကျင်မှုဆိုင်ရာပညာအရည်အချင်းများကို အသိအမှတ်ပြုရေး၊

(၃) ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းဖြင့် တိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေး။

(ခ) **ရည်မှန်းချက်များ**

(၁) နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အခြားဝန်ဆောင်မှုကဏ္ဍများအတွက် လုပ်ငန်းကော်မတီ ၁၃ ခုဖြင့် ဆပ်ကော်မတီအလိုက် ဒေသန္တရ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရန်၊

(၂) သဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ အပါအဝင် ပြည်ပခရီးသွားလုပ်ငန်း မြှင့်တင်ဆောင်ရွက်ရန်၊

(၃) ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၄) ခရီးသွားလုပ်ငန်းအပေါ် အခြေပြုသည့် အလုပ်အကိုင်နှင့် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) ခရီးသွားလုပ်ငန်းတွင် အရေးပါသည့် ဧည့်လမ်းညွှန်ဝန်ဆောင်မှုလုပ်ငန်း၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂) ခရီးသည်ပို့ဆောင်ရေးနှင့် ခရီးသည်များ၏လုံခြုံရေးကိစ္စများ ဆောင်ရွက်ခြင်း၊

(၃) ကော့သောင်းနယ်စပ်မှ မြိတ်မြို့နှင့် ထားဝယ်မြို့သို့ လည်ပတ်လိုသည့် နိုင်ငံခြားသားများအတွက် ဗီဇာနှင့် ခွင့်ပြုချက်ပါမစ်များကို ဖြေလျှော့ပေးပြီး ဆိုက်ရောက်ဗီဇာခွင့်ပြုနိုင်ရေး ဆောင်ရွက်ခြင်း၊

(၄) ခရီးသွားများ တည်းခိုနေထိုင်ရေးအတွက် ဟိုတယ်များ တိုးချဲ့ဖွင့်လှစ်ရေးနှင့် အဆင့်မြှင့်တင်ရေးကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၁၉။ ၂၀၁၃-၂၀၁၄ ခုနှစ် တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းတွင် **ကုန်သွယ်မှုကဏ္ဍ**နှင့်စပ်လျဉ်းသည့် မူဝါဒများ၊ ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) **မူဝါဒများ**

(၁) ပို့ကုန်တိုးမြှင့်ရေးဦးစားပေးဆောင်ရွက်ရေး၊

(၂) တန်ဖိုးမြှင့်ထုတ်ကုန်များအား ကုန်ချောများအဖြစ် တိုးချဲ့ထုတ်လုပ်တင်ပို့ရောင်းချရေး၊

(၃) ကုန်ထုတ်လုပ်မှုနှင့်ကူးသန်းရောင်းဝယ်မှုတိုးတက်စေရန် ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေး။

(ခ) **ရည်မှန်းချက်များ**

(၁) နယ်စပ်ကုန်သွယ်ရေး ထွက်ပေါက်များ၌ ကုန်စည်ဒိုင်ဈေးကွက်များ ဖြစ်ပေါ်လာရေးနှင့် ပြည်တွင်းကုန်စည်ဒိုင်များ၊ ကုန်စည်ထွက်ရှိရာ ဇုန်များ၊ စက်မှုဇုန်များနှင့် တိုက်ရိုက်ချိတ်ဆက်၍ ကူးသန်းရောင်းဝယ်မှု စွမ်းဆောင်ရည် မြှင့်တင်ဆောင်ရွက်ရန်၊

(၂) တစ်ဖက်နိုင်ငံ ဈေးကွက်အသီးသီးနှင့် ကဏ္ဍအလိုက် အသင်းအဖွဲ့၊ ကုမ္ပဏီလုပ်ငန်းရှင်များ ချိတ်ဆက်ရှာဖွေ ထိုးဖောက်ရောင်းဝယ်ခြင်းဖြင့် ကုန်သွယ်မှုပမာဏတိုးတက်လာစေရေး ဆောင်ရွက်ရန်၊

(၃) ကုန်ကြမ်းအတိုင်း တင်ပို့ရောင်းချရာမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေး၊ နယ်စပ်ဒေသများ၌ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ (SME) ဖွံ့ဖြိုးတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ပို့ကုန်သွင်းကုန်များ တိုးမြှင့်စေရန် ကြိုးပမ်းဆောင်ရွက်ရာ၌ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ထိခိုက်မှုမရှိစေရေး ထိန်းညှိဆောင်ရွက်ရန်၊

(၄) နယ်စပ်ဒေသကုန်သွယ်မှု ကဏ္ဍအလိုက် တိုးတက်အောင်ဆောင်ရွက်ရာတွင် တရားမဝင် ကူးသန်းရောင်းဝယ်မှု လျော့နည်းပပျောက်စေပြီး လမ်းကြောင်းမှန်ပေါ်မှ ကုန်သွယ်မှု ထိရောက်စွာ မြှင့်တင်နိုင်ရန် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ရန်၊

(၅) နိုင်ငံတော်မှ ရသင့်ရထိုက်သောအခွန်အခများ အပြည့်အဝရရှိစေရန်နှင့် ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များ လုပ်သာကိုင်သာရှိပြီး ထိုက်သင့်သော အကျိုးအမြတ်ဖြစ်ထွန်းစေရန်၊

(၆) ပုဂ္ဂလိကကဏ္ဍ၏ မှန်ကန်သော ကူးသန်းရောင်းဝယ်မှုဖြင့် ဈေးကွက်ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန်အတွက် ကုန်သွယ်မှုအတားအဆီးများ လျော့နည်းစေရေး၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးဆောင်ရွက်ခြင်းဖြင့် ရေရှည်ကုန်သွယ်မှုကို မြင့်မားတိုးတက်အောင် ဆောင်ရွက်ရန်၊

(၇) နယ်စပ်ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကအကြား သတင်းအချက်အလက်ဖလှယ်ခြင်း၊ အသိပညာပေးခြင်းတို့ဖြင့် ကုန်သွယ်မှုမြင့်မားတိုးတက်ရေးကို ဆောင်ရွက်ရန်။

(ဂ) **လုပ်ငန်းစဉ်များ**

(၁) တရားဝင်နယ်စပ်ကုန်သွယ်ရေး ပို့ကုန်၊ သွင်းကုန်ဆောင်ရွက်ခွင့်ရှိသော တိုင်းရင်းသား လုပ်ငန်းရှင်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊

(၂) နယ်စပ်ကုန်သွယ်ရေးတွင် သက်ဆိုင်ရာနယ်စပ်အလိုက် ဆောင်ရွက်ခွင့်ပြုထားသောငွေကြေး များအရသာ ဆောင်ရွက်ခွင့်ပြုခြင်း၊

(၃) နိုင်ငံခြားငွေဖြင့် ဆောင်ရွက်ရသည့် ပို့ကုန်တန်ဖိုးငွေ ၁၀၀ ရာခိုင်နှုန်းကို သက်ဆိုင်ရာ ဘဏ်သို့ ပေးသွင်းစေခြင်း၊

(၄) တင်ပို့ခွင့်လျှောက်ထားမှုကို စိစစ်ရာတွင် ပို့ကုန်အမျိုးအစား၊ ဝိသေသအလိုက် ပူးတွဲပါရှိ ရမည့် ခွင့်ပြုမိန့်များ၊ ထောက်ခံချက်များ၊ သက်သေခံလက်မှတ်များ၊ နမူနာပစ္စည်းများ၊ ဆက်စပ်အထောက်အထားများ ပြည့်စုံစွာပါရှိစေခြင်း၊

(၅) ငွေပေးချေမှုစနစ် သတ်မှတ်ထားသော ပို့ကုန်များအတွက် သတ်မှတ်ခွင့်ပြုငွေပေးချေမှု စနစ်အရ ခွင့်ပြုခြင်း၊

(၆) ပို့ကုန်လိုင်စင်သက်တမ်း ၃ လကျော်က ပထမအကြိမ် နှစ်လ၊ ဒုတိယအကြိမ် တစ်လ၊ စုစုပေါင်း ၃ လ သက်တမ်းတိုးခွင့်ပြုခြင်း၊

(၇) နယ်စပ်စခန်းများတွင် ပို့ကုန်အတွက် ပြည်တွင်းအခွန်သို့ ပေးဆောင်ရန်ရှိသည့် အခွန်များ ပေးဆောင်ပြီးမှသာ လိုင်စင်ခွင့်ပြုထုတ်ပေးခြင်း။

## အခန်း (၅)
## အထွေထွေ

၂၀။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင် အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၂၁။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေအရလိုအပ်သည့် နည်းဥပဒေများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်ခွင့်ရှိသည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို သက်ဆိုင်ရာဝန်ကြီးက ထုတ်ပြန်ခွင့်ရှိသည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မြတ်ကို၊
ဝန်ကြီးချုပ်၊
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့။

**တနင်္သာရီတိုင်းဒေသကြီး၏**
**ပဉ္စမကာလတိုင်းနှစ် ဒေသန္တရစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်)**
**ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍ | ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် (မတ်လကုန်) (အခြေခံနှစ်) | | ပြည်ထောင်စုလွှတ်တော်မှအတည်ပြုပြီးရည်မှန်းချက်များ | | | | | | | | | အခြေခံနှစ်အပေါ်ဖြစ်ပေါ်လာသည့်အဆ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | | | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | | | |
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | လယ်ယာ | ၇၈၇၂၁၉.၃ | ၅၈.၃ | ၈၆၇၅၀၇.၂ | ၅၈.၅ | ၁၀.၂ | ၉၀၃၀၅၃.၅ | ၅၆.၉ | ၄.၁ | ၉၆၆၀၇၇.၈ | ၅၆.၇ | ၇.၀ | ၁.၄၀ |
| ၂ | စက်မှု | ၁၈၇၈၈၅.၁ | ၁၄.၀ | ၂၀၃၇၆၉.၃ | ၁၃.၇ | ၈.၅ | ၂၂၇၅၂၆.၀ | ၁၄.၄ | ၁၁.၇ | ၂၃၈၇၇၁.၂ | ၁၄.၀ | ၄.၉ | ၁.၈၈ |
| ၃ | ဝန်ဆောင်မှု | ၃၇၄၀၁၅.၁ | ၂၇.၇ | ၄၁၂၄၉၂.၄ | ၂၇.၈ | ၁၀.၃ | ၄၅၅၀၆၉.၃ | ၂၈.၇ | ၁၀.၃ | ၄၉၈၂၁၇.၄ | ၂၉.၃ | ၉.၅ | ၁.၅၀ |
| ၄ | **အသားတင်ထုတ်လုပ်မှုတန်ဖိုး** | ၁၃၄၉၁၁၉.၅ | ၁၀၀.၀ | ၁၄၈၃၇၆၈.၉ | ၁၀၀.၀ | ၁၀.၀ | ၁၅၈၅၆၄၈.၈ | ၁၀၀.၀ | ၆.၉ | ၁၇၀၃၀၄၆.၄ | ၁၀၀.၀ | ၇.၄ | ၁.၄၉ |

**တနင်္သာရီတိုင်းဒေသကြီး၏**
**ပဉ္စမကာလတိုင်းနှစ် ဒေသန္တရစီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်)**
**ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံသေစျေးနှုန်းများအရ)**

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် (မတ်လကုန်) (အခြေခံနှစ်) | | ပြည်ထောင်စုလွှတ်တော်မှအတည်ပြုပြီးရည်မှန်းချက်များ | | | | | | | | | အခြေခံနှစ် အပေါ် ဖြစ်ပေါ်လာသည့် အဆ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် | | | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် | | | |
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၉၇၅၁၀၄.၄** | **၇၂.၃** | **၁၀၇၁၂၇၆.၅** | **၇၂.၂** | **၉.၉** | **၁၁၃၀၅၇၉.၅** | **၇၁.၃** | **၅.၅** | **၁၂၀၄၈၂၉.၀** | **၇၀.၇** | **၆.၆** | **၁.၄၉** |
| | ၁ | လယ်ယာ | ၂၄၆၉၀၆.၆ | ၁၈.၃ | ၂၉၆၂၄၉.၉ | ၂၀.၀ | ၂၀.၀ | ၃၀၀၉၂၄.၅ | ၁၉.၀ | ၁.၆ | ၃၁၀၁၄၅.၁ | ၁၈.၂ | ၃.၁ | ၁.၃၂ |
| | ၂ | သားငါး | ၅၃၂၉၁၁.၂ | ၃၉.၅ | ၅၆၂၅၅၉.၇ | ၃၇.၉ | ၅.၆ | ၅၉၃၃၇၄.၁ | ၃၇.၄ | ၅.၅ | ၆၄၇၅၄၀.၂ | ၃၈.၀ | ၉.၁ | ၁.၄၄ |
| | ၃ | သစ်တော | ၇၄၀၁.၅ | ၀.၅ | ၈၆၉၇.၆ | ၀.၆ | ၁၇.၅ | ၈၇၅၄.၉ | ၀.၅ | ၀.၇ | ၈၃၇၂.၅ | ၀.၅ | -၄.၄ | ၁.၁၀ |
| | ၄ | စွမ်းအင် | ၅၀၅၄.၆ | ၀.၄ | ၄၈၂၆.၀ | ၀.၃ | -၄.၅ | ၅၉၇၂.၁ | ၀.၄ | ၂၃.၇ | ၅၆၆၉.၁ | ၀.၃ | -၅.၁ | ၁.၁၈ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၉၀၆.၀ | ၀.၆ | ၈၅၆၀.၂ | ၀.၆ | ၈.၃ | ၁၀၅၀၇.၄ | ၀.၇ | ၂၂.၇ | ၉၄၃၇.၆ | ၀.၆ | -၁၀.၂ | ၁.၅၉ |
| | ၆ | စက်မှုလက်မှု | ၇၆၆၉၃.၆ | ၅.၇ | ၈၂၂၈၂.၆ | ၅.၅ | ၇.၃ | ၈၉၈၆၉.၁ | ၅.၇ | ၉.၂ | ၉၈၄၄၁.၆ | ၅.၈ | ၉.၅ | ၁.၇၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၄၄၃၃၇.၀ | ၃.၃ | ၄၈၅၆၆.၃ | ၃.၃ | ၉.၅ | ၅၂၄၁၅.၄ | ၃.၃ | ၇.၉ | ၅၆၇၁၂.၈ | ၃.၃ | ၈.၂ | ၂.၀၀ |
| | ၈ | ဆောက်လုပ်မှု | ၅၃၈၉၃.၉ | ၄.၀ | ၅၉၅၃၄.၂ | ၄.၀ | ၁၀.၅ | ၆၈၇၆၂.၀ | ၄.၃ | ၁၅.၅ | ၆၈၅၁၀.၁ | ၄.၀ | -၀.၄ | ၂.၁၀ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၁၄၄၅၀.၉** | **၈.၅** | **၁၂၇၄၉၀.၉** | **၈.၆** | **၁၁.၄** | **၁၅၆၃၈၇.၇** | **၉.၉** | **၂၂.၇** | **၁၇၈၃၈၃.၈** | **၁၀.၅** | **၁၄.၁** | **၁.၈၈** |
| | ၁ | ပို့ဆောင်ရေး | ၅၇၆၅၇.၉ | ၄.၃ | ၆၈၈၀၅.၇ | ၄.၆ | ၁၉.၃ | ၇၈၅၃၉.၄ | ၄.၉ | ၁၄.၁ | ၈၄၈၄၂.၀ | ၅.၀ | ၈.၀ | ၁.၆၀ |
| | ၂ | ဆက်သွယ်ရေး | ၈၈၃၃.၇ | ၀.၇ | ၉၅၂၇.၆ | ၀.၇ | ၇.၉ | ၂၃၃၁၆.၁ | ၁.၅ | ၁၄၄.၇ | ၃၁၂၅၅.၁ | ၁.၈ | ၃၄.၀ | ၅.၁၇ |
| | ၃ | ငွေရေးကြေးရေး | ၈၂၃.၀ | ၀.၁ | ၈၉၆.၀ | ၀.၁ | ၈.၉ | ၉၈၀.၀ | ၀.၁ | ၉.၄ | ၁၂၆၇.၉ | ၀.၁ | ၂၉.၄ | ၁.၃၄ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၆၄၄၈.၄ | ၁.၂ | ၁၂၁၉၂.၀ | ၀.၈ | -၂၅.၉ | ၁၂၂၅၂.၅ | ၀.၈ | ၀.၅ | ၁၄၉၅၅.၈ | ၀.၉ | ၂၂.၁ | ၁.၀၆ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၃၀၆၈၇.၉ | ၂.၂ | ၃၆၀၆၉.၆ | ၂.၄ | ၁၇.၅ | ၄၁၂၉၉.၇ | ၂.၆ | ၁၄.၅ | ၄၆၀၆၃.၀ | ၂.၇ | ၁၁.၅ | ၁.၉၂ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၂၅၉၅၆၄.၂** | **၁၉.၂** | **၂၈၅၀၀၁.၅** | **၁၉.၂** | **၉.၈** | **၂၉၈၆၈၁.၆** | **၁၈.၈** | **၄.၈** | **၃၁၉၈၃၃.၆** | **၁၈.၈** | **၇.၁** | **၁.၃၃** |
| ၄ | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၃၄၉၁၁၉.၅** | **၁၀၀.၀** | **၁၄၈၃၇၆၈.၉** | **၁၀၀.၀** | **၁၀.၀** | **၁၅၈၅၆၄၈.၈** | **၁၀၀.၀** | **၆.၉** | **၁၇၀၃၀၄၆.၄** | **၁၀၀.၀** | **၇.၄** | **၁.၄၉** |

# ၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၀။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက် )

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁

### အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေသည် ၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် တနင်္သာရီ တိုင်းဒေသကြီး တစ်ဝန်းလုံးတွင် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက် စေရမည်။

### အပိုင်း ၂

### တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

### အခန်း (၁)

### ရငွေများနှင့်သုံးငွေများ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူ သုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံ ခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့် များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေ နိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသောရငွေများအနက် ပြည်ပအကူအညီရငွေနှင့် ချေးယူရငွေတို့အတွက် လျာထားရန် အကြောင်းပေါ်ပေါက်လာပါက ယင်းသို့ရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားခြင်းမရှိသေးသောသုံးငွေများကို သုံးစွဲရန်ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့်ငွေသည် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသတ်မှတ်ထားသည့်ငွေထက် မပိုစေရ။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သောအခွန်ငွေများ အပြည့်အဝ ရရှိစေရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသောသုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ စိစစ်ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က သုံးစွဲရန်ခွင့်ပြုသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

## အခန်း (၂)

## ငွေချေးယူခြင်း

၅။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီး၏ လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ တိုင်းဒေသကြီး၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက်ဖြစ်စေ၊ ပြည်တွင်းမှလည်းကောင်း၊ ပြည်ပမှလည်းကောင်း ချေးငွေရယူခြင်း၊ အရင်းနှင့်အတိုးပြန်ဆပ်ခြင်း သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ တာဝန်ယူစီမံခန့်ခွဲမှုအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။

၆။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက်ဖြစ်စေ၊ တိုင်းဒေသကြီးအစိုးရဌာနတစ်ခုခုအတွက်ဖြစ်စေ ပြည်ပမှ ငွေချေးယူခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုပြီးသော ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူဆောင်ရွက်နိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ

## အခန်း (၁)

## ရငွေနှင့်သုံးငွေများ

၇။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဆောင်ရွက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် သာမန်အသုံးစရိတ်များသုံးစွဲမှုကို ပြည်ထောင်စုဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ကြွေးမြီပြန်လည်ပေးဆပ်ရန် အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၈။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၉။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည်။

## အခန်း (၂)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်များ

၁၀။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသောရငွေများ တိုးခြင်း၊ လျှော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ဤဥပဒေ၏ ဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့်ကြွေးမြီသုံးငွေများတွင် ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်း စီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအတွက် လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း၊ ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုပြီးသော ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မြတ်ကို၊
ဝန်ကြီးချုပ်၊
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့။

ဇယား (၁)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | အခြား သာမန်ရငွေများ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အစိုးရအဖွဲ့ရုံး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၀၃၃. ၅၈၃ | | | ၁၀၀၀. ၀၀၀ | | | |
| ၂ | လွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တရားရုံး | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၁. ၅၁၅ | | | | | | |
| ၄ | ဥပဒေရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၁၄၇ | | | | | | |
| ၅ | စာရင်းရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၀၅၄ | | | | | | |
| | ပေါင်း | | | | ၁၀၄၅. ၂၉၉ | | | ၁၀၀၀. ၀၀၀ | | | |

ဇယား (၂)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | အစိုးရအဖွဲ့ရုံး | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၄၉၄.၆၈၆ | | ၁၀၀၀.၀၀၀ | ၄၆၆၀.၃၃၀ | | | |
| ၂ | လွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၉၅.၂၀၁ | | | | | | |
| ၃ | တရားရုံး | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၂၇၃.၃၄၀ | | | ၅၁၃.၉၉၁ | | | |
| ၄ | ဥပဒေရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၁၆၇.၉၂၂ | | | | | | |
| ၅ | စာရင်းရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၃၇၇.၃၇၅ | | | ၁၀၅.၅၅၈ | | | |
| | ပေါင်း | | ၂၄၀၈.၅၂၄ | | ၁၀၀၀.၀၀၀ | ၅၂၈၀.၈၇၉ | | | |

ဇယား (၃)

(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထုတ်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီး ဝန်ကြီးချုပ်ကတာဝန်ပေးသူ | **၁၃၄. ၁၃၀** | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၁၃၄. ၁၃၀ | | | | | | | | |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက်** | ၎င်း | **၇၅၀. ၅၀၅** | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၅၁၉. ၂၀၇ | | | | | | | | |
| | ၂ | တာတမံခွန် | | ၀. ၀၅၁ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁၂၅. ၁၈၅ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၀. ၈၃၂ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၁၀၅. ၂၃၀ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့် အခွန်** | ၎င်း | **၃၂၆. ၈၇၆** | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၂၇၆. ၉၁၅ | | | | | | | | |
| | ၂ | ဘီးခွန် | | ၄၉. ၉၆၁ | | | | | | | | |
| ၄ | | **တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ** | ၎င်း | | ၁၆၈. ၈၇၉ | | | | | | | |

ဇယား (၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီး ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၆. ၄၇၀ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၆. ၄၅၅ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၁၅ | | | | | | |
| ၆ | | **သမဝါယမ** | ၎င်း | | | ၀. ၃၄၁ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၀. ၃၄၁ | | | | | | |
| ၇ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | | | ၀. ၆၂၀ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၀. ၅၅၅ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၀. ၀၆၅ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | | | | | | | |
| ၈ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | | | ၄၈. ၅၄၁ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၄၇. ၅၅၆ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၀. ၉၈၅ | | | | | | |
| ၉ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၎င်း | | | ၁၆. ၃၁၅ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၆. ၃၁၅ | | | | | | |
| ၁၀ | | **အားကစား** | ၎င်း | | | | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | | | | | | | |
| ၁၁ | | **ဘဏ္ဍာရေးနှင့်အခွန်** | ၎င်း | | | ၀. ၀၀၆ | | | ၂၃၉၉၉· ၄၅၂ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၀. ၀၀၆ | | | ၂၃၉၉၉· ၄၅၂ | | | |
| ၁၂ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | | | ၀. ၀၁၄ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၀၁၄ | | | | | | |
| ၁၃ | | **ဆောက်လုပ်ရေး** | ၎င်း | | | ၅· ၉၃၄ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀. ၃၃၄ | | | | | | |
| | ၂ | အဆောက်အဦ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၅. ၆၀၀ | | | | | | |
| ၁၄ | | **အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး** | ၎င်း | | | | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | | | | | | | | | |
| ၁၅ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | | ၂၁၄၅· ၇၉၈ | | | | | | |
| | | ပေါင်း | | ၁၂၁၁. ၅၁၁ | ၁၆၈. ၈၇၉ | ၂၂၂၄· ၀၃၉ | | | ၂၃၉၉၉· ၄၅၂ | | | |

ဇယား (၄)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၂၂၀၆. ၁၁၇** | | **၁၅. ၀၀၀** | **၈၄၇. ၄၀၈** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၂၁၁၃. ၇၄၇ | | ၁၅. ၀၀၀ | ၆၁၃. ၁၉၂ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၉၂. ၃၇၀ | | | ၂၃၄. ၂၁၆ | | | |
| ၂ | | **သမဝါယမ** | ရှင်း | **၂၀၇. ၇၈၉** | | | **၃၃. ၅၀၀** | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၂၀၇. ၇၈၉ | | | ၃၃. ၅၀၀ | | | |
| ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ရှင်း | **၆၈၃. ၁၉၂** | | | **၇၀. ၈၃၆** | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၆၄. ၅၈၇ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၄၀၇. ၇၀၂ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၁၀. ၉၀၃ | | | ၇၀. ၈၃၆ | | | |
| ၄ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ရှင်း | **၃၄၀. ၆၄၉** | | | **၇၇. ၅၆၀** | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၃၁. ၃၆၁ | | | ၇၇. ၅၆၀ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၀၉. ၂၈၈ | | | | | | |
| ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ရှင်း | **၄၈၁. ၉၅၀** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၄၈၁. ၉၅၀ | | | | | | |
| ၆ | | **အားကစား** | ရှင်း | **၁၅၁. ၅၁၅** | | | **၂၁၄. ၁၈၀** | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၁၅၁. ၅၁၅ | | | ၂၁၄. ၁၈၀ | | | |
| ၇ | | **ဘဏ္ဍာရေးနှင့်အခွန်** | ရှင်း | **၄၆. ၈၄၈** | | | **၅. ၂၇၀** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၆. ၈၄၈ | | | ၅. ၂၇၀ | | | |
| ၈ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ရှင်း | **၁၇၄. ၄၁၄** | | | **၅. ၁၇၀** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၇၄. ၄၁၄ | | | ၅. ၁၇၀ | | | |
| ၉ | | **ဆောက်လုပ်ရေး** | ရှင်း | **၁၅၇၂. ၀၁၇** | | | **၁၄၇၀၀. ၉၄၃** | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၉၉. ၈၉၈ | | | ၂၆၁၄. ၅၂၃ | | | |
| | ၂ | အဆောက်အဦ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၁၄၇၂. ၁၁၉ | | | ၁၂၀၈၆. ၄၂၀ | | | |
| ၁၀ | | **အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး** | ရှင်း | **၁၀. ၇၃၆** | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၁၀. ၇၃၆ | | | | | | |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | ရှင်း | **၁၂၀၈. ၃၆၁** | | | **၁၃၆၃. ၀၄၄** | | | |
| | | ပေါင်း | | ၇၀၈၃. ၅၈၈ | | ၁၅. ၀၀၀ | ၁၇၃၁၇. ၉၁၁ | | | |

ဇယား (၅)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **မြန်ကြားရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ** | | | ၁၁. ၉၄၁ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၁၁. ၉၄၁ | | | | | | |
| ၂ | | **ဆောက်လုပ်ရေး** | **၎င်း** | | | **၁၃၅၆၀. ၅၃၉** | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၁၃၅၆၀. ၅၃၉ | | | | | | |
| | | ပေါင်း | | | | ၁၃၅၇၂. ၄၈၀ | | | | | | |

ဇယား (၆)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **မြန်ကြားရေး** | **တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ** | **၁၃. ၈၀၃** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၁၃. ၈၀၃ | | | | | | |
| ၂ | | **ဆောက်လုပ်ရေး** | **၎င်း** | **၁၃၁၃၆. ၈၇၆** | | | **၁၉၆. ၂၀၀** | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၁၃၁၃၆. ၈၇၆ | | | ၁၉၆. ၂၀၀ | | | |
| | | **ပေါင်း** | | **၁၃၁၅၀. ၆၇၉** | | | **၁၉၆. ၂၀၀** | | | |

# တနင်္သာရီတိုင်းဒေသကြီး၊ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ ( ၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၁။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက် )

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို တနင်္သာရီတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် တနင်္သာရီတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကို ဆိုသည်။

(ဃ) **ကြီးကြပ်ရေးအဖွဲ့**ဆိုသည်မှာ တိုင်းဒေသကြီးအတွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် စပ်လျဉ်း၍ စနစ်တကျကြီးကြပ်ဆောင်ရွက်နိုင်ရန်အလို့ငှာ အစိုးရအဖွဲ့က ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော တနင်္သာရီတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက ရေယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီကို ဆိုသည်။

(စ) **ကော်မတီရုံး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအတွင်း ကော်မတီ၏လုပ်ငန်းများဆောင်ရွက်ရန် တည်ထောင်ထားသည့်ရုံးကို ဆိုသည်။

(ဆ) **လက်အောက်ဌာနခွဲ**ဆိုသည်မှာ ကော်မတီမှ ဖွဲ့စည်းတာဝန်ပေးအပ်သော ခရိုင်အဆင့်၊ မြို့နယ်အဆင့် လက်အောက်ဌာနခွဲများကို ဆိုသည်။

(ဇ) **ရုံးအကြီးအကဲ**ဆိုသည်မှာ ကော်မတီရုံး၏ဝန်ထမ်းအကြီးအကဲကို ဆိုသည်။

(ဈ) **ရေယာဉ်**ဆိုသည်မှာ စက်စွမ်းအားဖြင့်သော်လည်းကောင်း၊ အခြားစွမ်းအင်တစ်မျိုးမျိုးဖြင့်သော် လည်းကောင်း ရေပြင်တွင် မောင်းနှင်သွားလာနိုင်သည့်ယာဉ်ကို ဆိုသည်။

(ည) **ပုဂ္ဂလိကရေယာဉ်**ဆိုသည်မှာ လူတစ်ဦးတစ်ယောက် သို့မဟုတ် တစ်ဦးထက်ပိုသောသူများ၊ အဖွဲ့ အစည်း သို့မဟုတ် ကုမ္ပဏီများက ပိုင်ဆိုင်သောရေယာဉ်ကို ဆိုသည်။

(ဋ) **ရေယာဉ်လိုင်း**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအတွင်း ကမ်းရိုးတန်းတစ်လျှောက် မြစ်၊ ချောင်း၊ မြောင်းများအပါအဝင် မြို့တစ်မြို့မှ အခြားမြို့တစ်မြို့၊ ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ သွားလာပြေးဆွဲနေသည့် ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပြီး ပုဂ္ဂလိကရေယာဉ်များဖြင့် ဖွဲ့စည်းထားသောရေယာဉ်လိုင်းကို ဆိုသည်။

(ဌ) **ရေယာဉ်အသင်း**ဆိုသည်မှာ တိုင်းဒေသကြီးအတွင်း ခရီးသည်ပို့ဆောင်ခြင်း၊ ကုန်စည်ပို့ဆောင်ခြင်း၊ ကမ်းနီးငါးဖမ်းခြင်း၊ ကမ်းဝေးငါးဖမ်းခြင်း၊ ရေထွက်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်း

တစ်ခုခုသော်လည်းကောင်း၊ တစ်ခုထက်ပို၍သော်လည်းကောင်း ဆောင်ရွက်မည့် ပုဂ္ဂလိကရေယာဉ်များဖြင့် ဖွဲ့စည်းထားသောရေယာဉ်အသင်းကို ဆိုသည်။

(ဎ) **ရေယာဉ်ပိုင်ရှင်**ဆိုသည်မှာ ဥပဒေနှင့်အညီ ပုဂ္ဂလိကရေယာဉ်အား တရားဝင်ပိုင်ဆိုင်ခွင့်ရှိသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကုမ္ပဏီကို ဆိုသည်။

(ဏ) **ရေယာဉ်လုပ်သား**ဆိုသည်မှာ ပုဂ္ဂလိကရေယာဉ်တွင် လုပ်ကိုင်ဆောင်ရွက်နေသော သက်ဆိုင်ရာဌာနမှ အသိအမှတ်ပြုထားသည့် ရေယာဉ်မှူး၊ စက်ခန်းအုပ် အပါအဝင် ရေယာဉ်တွင် တာဝန်ထမ်းဆောင်နေသူများကို ဆိုသည်။

(တ) **နည်းဥပဒေများ**ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများကို ဆိုသည်။

## အခန်း (၂)

## တိုင်းဒေသကြီးရေကြောင်းသယ်ယူပို့ဆောင်ရေးကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၃။ အစိုးရအဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီးရေကြောင်းသယ်ယူပို့ဆောင်ရေးကြီးကြပ်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီးဦးစီးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန | အဖွဲ့ဝင် |
| (င) | တိုင်းဒေသကြီးဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | တိုင်းဒေသကြီးဦးစီးမှူး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီးဆိပ်ကမ်းအရာရှိ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီးဦးစီးမှူး၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | တိုင်းဒေသကြီးဦးစီးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အတွင်းရေးမှူး |

## အခန်း (၃)

## တိုင်းဒေသကြီးပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်း

၄။ ကြီးကြပ်ရေးအဖွဲ့သည် တိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ရေယာဉ်ပိုင်ရှင်များက နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ကော်မတီဝင် အနည်းဆုံး ၅ ဦးမှ အများဆုံး ၉ ဦးအထိ ပါဝင်ဖွဲ့စည်းရမည်၊

(ဂ) ပုဒ်မခွဲ (က) အရ ရွေးချယ်ခံရသူများက ၎င်းတို့အထဲမှ ကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို ရွေးချယ်ရမည်၊

(ဃ) ကော်မတီသည် တိုင်းဒေသကြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့အား တာဝန်ခံရမည်၊

(င) ကော်မတီ၏သက်တမ်းမှာ (၃) နှစ်ဖြစ်သည်၊

(စ) ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

## အခန်း (၄)

## ကော်မတီ၏လုပ်ငန်းတာဝန်များ

၅။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည် -

(က) ခရီးသည်များ၊ ကုန်စည်များ၊ သယ်ယူပို့ဆောင်သည့် ရေယာဉ်များနှင့် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များကို ကော်မတီ၏ စီမံခန့်ခွဲမှုအရ ဆောင်ရွက်စေခြင်း၊

(ခ) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေစေရန်အတွက် ရေယာဉ်လိုင်းများ သတ်မှတ်ခြင်း၊ ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းတို့ကိုလည်းကောင်း ရေယာဉ်စီးရေပြောင်းလဲခြင်း၊ ရေယာဉ်အမျိုးအစား ပြောင်းလဲခြင်း၊ ရေယာဉ်အသင်းများ ဖွဲ့စည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းတို့ကို တိုင်းဒေသကြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(ဂ) ရေယာဉ်ဆိုက်ကပ်သည့်ဆိပ်ကမ်းများ အသစ်တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်သိမ်းခြင်းတို့ကို တိုင်းဒေသကြီး ရေကြောင်းသယ်ယူပို့ဆောင်ရေးကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူဆောင်ရွက်ခြင်း၊

(ဃ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ရေယာဉ်ကို လက်ရှိရေယာဉ်လိုင်းမှ အခြားရေယာဉ်လိုင်းသို့ ပြောင်းရွှေ့ပေးနိုင်ရန်အတွက် တိုင်းဒေသကြီး ရေကြောင်းသယ်ယူပို့ဆောင်ရေး ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(င) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရန်ပုံငွေများ သုံးစွဲခြင်း။

## အခန်း (၅)

## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၆။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကော်မတီရုံးနှင့် လက်အောက်ဌာနခွဲများကို ကြီးကြပ်ခြင်း၊

(ခ) ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများနှင့် ဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာကိစ္စရပ်များတွင် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) ကော်မတီ၏စီမံခန့်ခွဲမှုအောက်ရှိ ဌာနခွဲများ၊ ဝန်ထမ်းများ၊ ရေယာဉ်လိုင်းများ၊ ရေယာဉ်အသင်းများ၊ ရေယာဉ်များ၊ ရေယာဉ်လုပ်သားများ လိုက်နာရန် စည်းမျဉ်းများ၊ အမိန့်များ သတ်မှတ်ပေးခြင်း၊

(ဃ) ဝန်ထမ်းခန့်ထားခြင်း၊ ဝန်ထမ်းရေးရာကိစ္စများကို စီမံခန့်ခွဲခြင်း၊

(င) အစိုးရအဖွဲ့က အခါအားလျော်စွာအပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၆)

## ဘဏ္ဍာရေး

၇။ ကော်မတီသည် -

(က) မိမိ၏ရန်ပုံငွေဖြင့်သာ ရပ်တည်ရမည်၊

(ခ) ရန်ပုံငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်၍ ကော်မတီ၏လုပ်ငန်းများအတွက် သုံးစွဲရမည်၊

(ဂ) နိုင်ငံခြားငွေများကို သီးခြားဘဏ်စာရင်းဖွင့်လှစ်၍ တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်၊

(ဃ) ရန်ပုံငွေရရှိစေရန် ဤဥပဒေနှင့် နည်းဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်၊

(င) နှစ်စဉ်ရငွေသုံးငွေစာရင်းကို တိုင်းဒေသကြီး ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

## အခန်း (၇)
## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့်စာရင်းစစ်ဆေးခြင်း

၈။ ကော်မတီသည် ရုံးအကြီးအကဲက စာရင်းများကို နည်းလမ်းတကျထိန်းသိမ်းထားရှိရန်နှင့် စစ်ဆေးရန် အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းသတ်မှတ်ရမည်။

၉။ ရုံးအကြီးအကဲသည် -

(က) ကော်မတီက သတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစုထိန်းသိမ်းထားရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ပြုစုထားသည့်စာရင်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှ တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၈)
## ဝန်ထမ်းဖွဲ့စည်းပုံ

၁၀။ ကော်မတီသည် -

(က) လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုရေးဆွဲထားရမည်၊

(ခ) ဝန်ထမ်းများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခန့်ထားနိုင်သည်။

## အခန်း (၉)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၁။ ကော်မတီသည် ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူ၊ ရေယာဉ်၊ ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်လိုင်း သို့မဟုတ် ရေယာဉ်အသင်းအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) အနည်းဆုံး ငွေကျပ် ၃၀၀၀၀ မှ အများဆုံး ငွေကျပ် ၁၅၀၀၀၀ ထိ ဒဏ်ကြေးငွေ ချမှတ်ခြင်း၊

(ဂ) လုပ်ငန်းလိုင်စင် သို့မဟုတ် ရေယာဉ်လိုင်း ပြေးဆွဲခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုရန်လိုအပ်ပါက ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

၁၂။ ပုဒ်မ (၁၁) အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

## အခန်း (၁၀)

## အယူခံဝင်ခြင်း

၁၃။ (က) ကော်မတီကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို အမိန့်ချမှတ်သည့်နေ့မှ ၃၀ ရက်အတွင်း ကြီးကြပ်ရေးအဖွဲ့သို့ အယူခံဝင်နိုင်သည်၊

(ခ) ကြီးကြပ်ရေးအဖွဲ့သည် ကော်မတီက ချမှတ်သောအမိန့်ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်၊

(ဂ) ကြီးကြပ်ရေးအဖွဲ့က ချမှတ်သောအမိန့်ကို ၃၀ ရက်အတွင်း အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်၊

(ဃ) အစိုးရအဖွဲ့က ချမှတ်သောအမိန့်သည် အပြီးအပြတ်နှင့်အတည်ဖြစ်သည်။

## အခန်း (၁၁)

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၄။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေဒဏ်ကျပ် ၅၀၀၀၀ မှ အများဆုံး ငွေဒဏ်ကျပ် ၂၀၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၂)

## အထွေထွေ

၁၅။ ပုဒ်မ ၁၄ အရ အရေးယူသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၁၆။ ကော်မတီသည် မိမိလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိလက်အောက်ရှိ ဌာနခွဲတစ်ခုခုကိုဖြစ်စေ၊ ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၁၇။ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးသည် ရာထူးအလျောက် ကော်လိတ္တော်အရာရှိ ဖြစ်သည်။

၁၈။ ကော်မတီဝင်များသည် နည်းဥပဒေအရ သတ်မှတ်သည့်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၁၉။ ပုဒ်မ ၁၄ အရ တရားစွဲဆိုရာတွင် ကြီးကြပ်ရေးအဖွဲ့၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၂၀။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သောနည်းဥပဒေများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မြတ်ကို၊
ဝန်ကြီးချုပ်၊
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့။

# တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ် ၁၂။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက် )

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် **တနင်္သာရီတိုင်းဒေသကြီး**တစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီးအစိုးရအဖွဲ့**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဝန်ကြီးချုပ်**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးကို ဆိုသည်။

(င) **စည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(စ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဆ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြို့နယ်စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ဇ) **ဝန်ထမ်းအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းအဖွဲ့ကို ဆိုသည်။

(ဈ) **အမှုဆောင်အရာရှိ**ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ ရုံးဝန်ထမ်းအဖွဲ့အား ကြီးကြပ်သူကို ဆိုသည်။

(ည) **ကော်လိတ်တွော်အရာရှိ**ဆိုသည်မှာ ဝန်ကြီးက အမိန့်ထုတ်ပြန်ရန် အခွင့်အာဏာအပ်နှင်းခြင်းခံရသူကို ဆိုသည်။

(ဋ) **စည်းကမ်းများ**ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ ထုတ်ပြန်သော စည်းကမ်းများကို ဆိုသည်။

(ဌ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း**ဆိုသည်မှာ လုပ်ငန်းသဘာဝအရလည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရလည်းကောင်း၊ လူ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော၊ ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သောလုပ်ငန်းကို ဆိုသည်။

(ဍ) **အခွန်**ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့် အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အခ၊ အကောက်နှင့် ဒဏ်ကြေးတို့လည်း ပါဝင်သည်။

(ဎ) **ဝန်ဆောင်ခွန်**ဆိုသည်မှာ လျှပ်စစ်မီးပေးဝေခြင်း၊ ရေပေးဝေခြင်းနှင့် ရေလိုင်းဆက်သွယ်ပေးခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် စည်းကြပ်

ကောက်ခံသော အခွန်များ ပါဝင်သည်။ ယင်းစကားရပ်တွင် မြို့နယ်စည်ပင်သာယာရေး ကော်မတီက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝန်ဆောင်ခွန်အဖြစ် ဖြည့်စွက် သတ်မှတ်သော အခွန်များလည်း ပါဝင်သည်။

(ဏ) **ရေခွန်**ဆိုသည်မှာ ကော်မတီက ရေဖြန့်ဝေပေးခြင်းအတွက် ကောက်ခံသည့်အခွန်ကို ဆိုသည်။

(တ) **မီးခွန်**ဆိုသည်မှာ အများပြည်သူဆိုင်ရာလမ်းများ၊ တံတားများတွင် မီးထွန်းစရိတ်ကျခံနိုင်စေရန် စည်းကြပ်ကောက်ခံသော အခွန်ကို ဆိုသည်။

(ထ) **အမှိုက်နှင့်အညစ်အကြေးခွန်**ဆိုသည်မှာ အမှိုက်နှင့်အညစ်အကြေးများ စုစည်းသိမ်းဆည်းခြင်း၊ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများရှင်းလင်းခြင်းတို့ အတွက် ဆောင်ရွက်ရသည့် စရိတ်များအား ကျခံနိုင်စေရန် စည်းကြပ်သည့်အခွန်ကို ဆိုသည်။

( ဒ ) **နှစ်စဉ်စံငှားရမ်းခတန်ဖိုး**ဆိုသည်မှာ ပစ္စည်းခွန်စည်းကြပ်မည့် မြေနှင့်အဆောက်အအုံကို မည်သည့် အသုံးအဆောင်ပရိဘောဂမျှ မပါဝင်ဘဲ ငှားရမ်းပါက တစ်နှစ်အတွက် ရရှိနိုင်မည်ဟု မျှော်မှန်း ထားသော တန်ဖိုးငွေကို ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းခွန် စည်းကြပ်မည့်မြေနှင့် အဆောက် အအုံ၏ တန်ဖိုးအပေါ် ကော်မတီက အခါအားလျော်စွာ သတ်မှတ်ပေးသည့်ရာခိုင်နှုန်းအရ ရရှိ လာမည့် တန်ဖိုးငွေလည်း ပါဝင်သည်။

( ဓ ) **အငှားယာဉ်**ဆိုသည်မှာ ခရီးသည် ကုန်ပစ္စည်းသယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူပို့ဆောင်ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုသည်။

( န ) **အငှားယာဉ်မောင်းသူ**ဆိုသည်မှာ အငှားယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူတို့ကို ဆိုသည်။

( ပ ) **ကူးတို့လုပ်ငန်း**ဆိုသည်မှာ မြစ်ချောင်း သို့မဟုတ် အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗန်၊ စက်တပ်ရေယာဉ်၊ သင်္ဘော စသည်တို့ဖြင့် သယ်ယူ ပို့ဆောင်သည့် အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်ရသောလုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ် တွင် ကူးတို့၊ တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်း ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ စည်ပင်သာယာရေးအဖွဲ့များ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြို့ရွာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

( ခ ) စည်ပင်သာယာရေးနှင့်ဆိုင်သည့် အခွန်အရပ်ရပ်အား အပြည့်အဝရရှိစေရန်၊

( ဂ ) ရရှိသော အခွန်များနှင့် မြို့ရွာဖွံ့ဖြိုးမှုလုပ်ငန်းများအား တည်ဆဲဥပဒေ စည်းကမ်းများနှင့်အညီ စနစ်တကျအသုံးပြုစေရန်၊

(ဃ) အများပြည်သူထံမှ ရရှိသည့် အခွန်အခများသည် အများပြည်သူအတွက်သာ ဖြစ်သည်ဟူသော ခံယူချက်ဖြင့် ဦးတည်ဆောင်ရွက်စေရန်။

## အခန်း (၃)
## စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စည်ပင် သာယာရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) မြို့နယ်နှင့် မြို့နယ်ခွဲအသီးသီးတွင် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် စည်ပင် သာယာရေးအဖွဲ့များ ဖွဲ့စည်းခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် မြို့နယ်နှင့် မြို့နယ်ခွဲ နယ်နိမိတ်အတွင်း မြို့ပြစည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်ရန် မြို့စည်ပင်သာယာရေးနယ်နိမိတ်ကို သတ်မှတ်ခြင်း။

## အခန်း (၄)
## ကော်မတီဖွဲ့စည်းခြင်း

၅။ ဝန်ကြီးဌာနသည် တိုင်းဒေသကြီးအတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | မြို့မိမြို့ဖများမှ ရွေးချယ်သောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | လူမှုရေး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ် ၁ ဦး | အဖွဲ့ဝင် |
| (ဂ) | သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင် ပညာအခြေပြု အဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁ ဦး | အဖွဲ့ဝင် |
| (ဃ) | မြို့မိမြို့ဖကိုယ်စားလှယ် ၁ ဦး | အဖွဲ့ဝင် |
| (င) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဦးစီးမှူး၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အတွင်းရေးမှူး |

၆။ ဝန်ကြီးဌာနသည် ကော်မတီ၏ဥက္ကဋ္ဌကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

၇။ ဝန်ကြီးဌာနသည် ကော်မတီ ဖွဲ့စည်းခြင်း မပြုနိုင်သည့်အခါတွင်ဖြစ်စေ၊ ဖွဲ့စည်းထားသည့် ကော်မတီသည် ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်စွမ်းမရှိသည့်အခါတွင်ဖြစ်စေ ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်စေရန် အမှုဆောင်အရာရှိ သို့မဟုတ် သင့်လျော်သော နိုင်ငံသားတစ်ဦးကို အမိန့်ထုတ်ပြန်၍ ကာလအကန့်အသတ်ဖြင့် တာဝန်ပေးအပ်နိုင်သည်။

၈။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

## အခန်း (၅)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၉။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာရေးအဖွဲ့များ၏ အောက်ပါလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းတို့ကိုပြုရမည် -

(က) မြို့ပြစီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) ရေပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဃ) အမှိုက်သိမ်းဆည်းခြင်း၊ အမှိုက်စွန့်ပစ်ခြင်းများကို စနစ်တကျဆောင်ရွက်ခြင်း၊

(င) မိလ္လာလုပ်ငန်းအား မြို့ပြနှင့်ကျေးလက်တို့တွင် ခေတ်မီမိလ္လာကန်၊ ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲစေခြင်း၊

(စ) ရေစီးရေလာနှင့် ရေဆိုးထုတ်စနစ်များ ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊

(ဆ) လမ်းမီးပေးရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပေါင်းစပ်ဆောင်ရွက်စေခြင်း၊

(ဇ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဈ) ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ည) ကျွဲ၊ နွား၊ ပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဋ) လမ်းဘေးဈေးဆိုင်များ၊ ကြီးကြပ်ခြင်း၊

(ဌ) မုန့်ဖိုများ၊ စားသောက်ဆိုင်များ ကြီးကြပ်ခြင်း၊

(ဍ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ ကြီးကြပ်ခြင်း၊

(ဎ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဏ) သားသတ်ရုံများ တည်ထောင်ခြင်း၊ စားသုံးရန်ခြေလေးချောင်း တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းတို့ကို ကြီးကြပ်ခြင်း၊

(တ) ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ထ) အပေါင်ဆိုင်လုပ်ငန်းများ ကြီးကြပ်ခြင်း၊

(ဒ) အနေ့းယာဉ်များ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ဓ) လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(န) လမ်းစည်းကမ်းနှင့် လမ်းအသုံးချမှု သတ်မှတ်ခြင်း၊ လမ်းအမည် သတ်မှတ်ခြင်း၊ အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊

(ပ) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဖ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဗ) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ ကျေးလက်ဒေသတို့တွင် နယ်နိမိတ်ပိုင်းခြား သတ်မှတ်၍ ယင်းနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဘ) ကျူးကျော်အဆောက်အအုံများ ဖျက်သိမ်းခြင်း၊

(မ) တည်းခိုခန်းများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ယ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းတို့ကို ကြီးကြပ်ခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းစေခြင်း၊

(ရ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသူများကို ဖမ်းဆီး၍ သက်ဆိုင်ရာသို့ အပ်နှံခြင်း၊

(လ) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ရှင်းလင်းခြင်း၊ ဖမ်းဆီးထိန်းသိမ်း စီမံခန့်ခွဲခြင်း၊

(ဝ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(သ) သုသာန်များ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သင်္ဂြိုဟ်စက်များ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဟ) နိဗ္ဗာန်ယာဉ်နှင့် နာရေးပို့ဆောင်မည့်လမ်းကြောင်းများ သတ်မှတ်ပေးခြင်း၊

(ဠ) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုသာန်များဖျက်သိမ်းခြင်း၊

(အ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ကက) တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခခ) ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်ရပ်နားစခန်းများ တည်ထောင်ဖွင့်လှစ်စီမံခန့်ခွဲခြင်း၊

(ဂဂ) မြို့သန့်ရှင်း၊ သပ်ရပ်၊ သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့်ပျိုးဥယျာဉ်များ တည်ထောင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃဃ) ပြည်သူ့ကျန်းမာရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ငင) ပွဲရုံလုပ်ငန်းများ၊ ကုန်စည်ဒိုင်များလုပ်ကိုင်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊

(စစ) ကုန်စည်ပြပွဲများ၊ ဈေးရောင်းပွဲတော်နှင့် အရောင်းပြခန်းများ ကျင်းပရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဆဆ) စည်ပင်သာယာရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာများအား စစ်ဆေးခြင်း၊

(ဇဇ) စီးပွားရေးကြော်ငြာဆိုင်းဘုတ်များကို သတ်မှတ်ပေးသည့်အတိုင်း စိုက်ထူစေခြင်း။

## အခန်း (၆)

## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၁၀။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း (Bye-Laws) နှင့်အညီ စည်ပင်သာယာရေးလုပ်ငန်း များနှင့် သက်ဆိုင်သော အခွန်အမျိုးအစားနှင့် နှုန်းထားသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း၊

(ခ) လိုင်စင်လုပ်ငန်းများအား တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရောင်းချခြင်း၊

(ဂ) တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှ ငွေချေးယူခြင်း၊ အထောက်အပံ့များရယူခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်း၊ ပြည်ပ ပုဂ္ဂိုလ်တို့နှင့်ဆက်သွယ်၍ စည်ပင် သာယာရေးအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(င) အဆောက်အအုံများ ငှားရမ်း၍ဖြစ်စေ၊ မြေများငှားရမ်း၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေရရှိသည့် နိုင်ငံခြားငွေ အပါအဝင် ရငွေများကို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင် သာယာရေးလုပ်ငန်းများအတွက် သုံးစွဲခြင်း၊

(စ) နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့် သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ နိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း တို့နှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို တင်ပြခြင်း။

၁၁။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများ ရေးဆွဲခြင်း၊

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏လုပ်ငန်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများအလိုက် အဖွဲ့ငယ်များ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ခေတ်မီတိုးတက်သည့် နည်းလမ်းများ၊ စနစ်များဖြင့် ဆောင်ရွက်ခြင်း၊

(င) တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အခါအားလျော်စွာအပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း၊

(စ) မြို့စည်ပင်သာယာရေးအဖွဲ့ပိုင် မြေများတွင် မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ ကျူးကျော်မှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(ဆ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ သတ်မှတ်ထားသော လမ်းနယ်နိမိတ်များအတွင်း မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ ကျူးကျော်ဆောက်လုပ်ခြင်းမရှိစေရန် စစ်ဆေး ကြပ်မတ်ခြင်းနှင့် တားမြစ်ခြင်း၊

(ဇ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဖွဲ့မှစိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်များ၊ မြေယာ ရှုခင်းအလှများကို ခွင့်ပြုချက်မရှိဘဲ ချိုးဖျက်ခြင်း၊ တူးဆွခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းခြင်း သို့မဟုတ် ခုတ်လှဲခြင်းမပြုရန် စစ်ဆေးခြင်းနှင့် တားမြစ်ခြင်း။

၁၂။ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကော်မတီကို စည်းကမ်းသေဝပ်စွာ တာဝန်ထမ်းဆောင်နိုင်ရန် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကော်မတီအစည်းအဝေးများကို သတ်မှတ်ချက်နှင့်အညီ အချိန်မှန်ကျင်းပခြင်း၊ သဘာပတိတာဝန် ထမ်းဆောင်ခြင်း၊

(ဂ) ဝန်ကြီး၏သဘောတူညီချက်ဖြင့် ကော်မတီဝင်အသီးသီး၏ တာဝန်ကို ခွဲဝေသတ်မှတ်ခြင်း၊

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံခြားငွေသုံးစွဲခြင်းကိစ္စများကို တာဝန်ယူကြီးကြပ် ခြင်းနှင့် ရန်ပုံငွေများကို အကျိုးရှိစွာသုံးစွဲနိုင်အောင် ဆောင်ရွက်ခြင်း၊

(င) ဝန်ကြီးထံသို့ အစီရင်ခံစာတင်ပြခြင်း၊

(စ) နည်းဥပဒေတွင် သီးခြားပြဋ္ဌာန်းထားခြင်းမရှိသော စည်ပင်သာယာရေးဆိုင်ရာအခြားကိစ္စရပ် များနှင့်ပတ်သက်၍ စည်းကမ်းချက်များ ထုတ်ပြန်နိုင်ရန် ဝန်ကြီးထံ တင်ပြခြင်း။

၁၃။ မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥက္ကဋ္ဌက ပေးအပ်သောတာဝန်ကို ထမ်းဆောင်ခြင်း၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဥက္ကဋ္ဌအား အကြံဉာဏ်ပေးခြင်းနှင့် အကူအညီ ပေးခြင်း၊

(ဂ) ဥက္ကဋ္ဌတာဝန်မထမ်းဆောင်နိုင်သည့်အခါ ယင်း၏တာဝန်ကို ယာယီထမ်းဆောင်ခြင်း၊

(ဃ) အစည်းအဝေးများတွင် လုပ်ငန်းဆိုင်ရာများကို တင်ပြခြင်း၊

(င) အစည်းအဝေးမှတ်တမ်းများကို မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်း၊

(စ) ငွေစာရင်းများပြုစုခြင်း၊ စနစ်တကျထိန်းသိမ်းခြင်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းများ ရေးဆွဲခြင်းနှင့် တာဝန်ခံစီမံဆောင်ရွက်ခြင်း၊

(ဆ) အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်၍ ကော်မတီအစည်းအဝေးများ၌ တင်ပြခြင်း၊

(ဇ) ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် အခြားတာဝန်များထမ်းဆောင်ခြင်း။

## အခန်း (၇)
## အခွန်စည်းကြပ်ကောက်ခံခြင်း

၁၄။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် သက်ဆိုင်ရာစည်ပင်သာယာရေးနယ်နိမိတ်တွင် အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံနိုင်သည် -

(က) အဆောက်အအုံခွန်နှင့်မြေခွန်၊

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန်၊

(ဂ) ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးများအပေါ် ကောက်ခံသည့်အခွန်၊

(ဃ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပြင်ပမှ ဝင်ရောက်ရပ်နားသောယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(င) မြေ၊ အဆောက်အအုံ၊ ယာဉ်နှင့်လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းများ ငှားရမ်းခြင်းလုပ်ငန်း၊

(စ) ဓာတ်ပုံ၊ မိတ္တူ၊ စတူဒီယိုလုပ်ငန်း၊

(ဆ) ဤဥပဒေကခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

၁၅။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် အောက်ပါတို့ကို အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်း ပြုရမည် -

(က) အဆောက်အအုံခွန်နှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် နှစ်စဉ်ငှားရမ်းခတန်ဖိုး၏ တစ်ဆယ် ရာခိုင်နှုန်းထက်မပိုစေဘဲ စည်းကြပ်ရန်၊

(ခ) ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ်မျှတစေရန်၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်၊

(ဃ) အဆောက်အအုံခွန်နှင့် မြေခွန်တို့ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိနေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်။

၁၆။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အဆောက်အအုံခွန်နှင့်မြေခွန်၊ ဝန်ဆောင်ခွန်များ စည်းကြပ်ကောက်ခံရန် အဆောက်အအုံနှင့်မြေ၏ နှစ်စဉ်ငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

၁၇။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာရေးဆိုင်ရာ လိုင်စင်ခများ၊ အဖွဲ့ပိုင် ဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်များနှင့်ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်၊ အဖွဲ့ပိုင်မြေနှင့် အဆောက်အအုံများငှားရမ်းခတို့ကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်း ပြုနိုင်သည်။

၁၈။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ခိုင်လုံသောအကြောင်းရှိပါက အခွန်တစ်ရပ်ရပ်ကို နှုန်းထားပြင်ဆင်ခြင်း၊ ခေတ္တရပ်ဆိုင်းထားခြင်း၊ ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော်ပစ်ခြင်းနှင့်ပယ်ဖျက်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၁၉။ အမှုဆောင်အရာရှိသည် အခွန်ကြွေးကျန်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ ကိစ္စဆောင်ရွက်ရန် အလို့ငှာတည်ဆဲဥပဒေများအရ ကော်လိပ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၈)
## စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း

၂၀။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာရေးအဖွဲ့ပိုင်မြေနှင့်စပ်လျဉ်း၍ ပြည်သူလူထုအား တိုက်ရိုက်အကျိုးပြုမည့် လုပ်ငန်းများဆောင်ရွက်ရန် အဖွဲ့ပိုင်မြေများအတွင်း မြေအငှားချထားခြင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အအုံ၊ မြေတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားခြင်းများပြုနိုင်သည် -

(က) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိဘဲဖြစ်စေ အဆောက်အအုံဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကိုရပ်ဆိုင်းထားစေခြင်း၊ ပြန်လည်ပြုပြင်စေခြင်း သို့မဟုတ် ဖြိုဖျက်စေခြင်း၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံ စသည်များပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်စေ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း၊

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတားတည်ဆောက်ခြင်း ပြင်ဆင်မွမ်းမံခြင်းပြုရာတွင် မလွတ်ကင်းသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏အစိတ်အပိုင်းကို ဖယ်ရှားစေခြင်း၊

(ဃ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ၊ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားစေခြင်း၊

(င) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေးသုတ်စေခြင်း၊

(စ) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊

(ဆ) တရားဝင်မြေပိုင်ဆိုင်မှုတင်ပြနိုင်ခြင်းမရှိသော မြေအား ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကျူးကျော်ခတ်ခြင်း၊ ပိတ်ဆို့ခြင်းအား တားမြစ်ခြင်း၊

(ဇ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံပင်များကို ခုတ်ထွင်ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း၊

(ဈ) နေထိုင်ရန် အိမ်ခြံမြေကွက် သို့မဟုတ် မြေပေးအမိန့်ရရှိပြီး မြေကွက်တွင် သတ်မှတ်စည်းကမ်းနှင့်အညီ အဆောက်အအုံဆောက်လုပ်စေခြင်း။

၂၁။ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (င) (စ) နှင့် (ဇ) တို့အရ လိုက်နာဆောင်ရွက်ရန် လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရန်တာဝန်ရှိစေရမည်။

၂၂။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင်သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊

(ခ) ကျန်းမာရေးနှင့် မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင် စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အဦနှင့် မြေပေါ်မှ စီးဆင်းသည့် ရေကြောင့် အများပြည်သူနှင့်သက်ဆိုင်သောလမ်းနှင့် အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း၊ ရေဆိုးထုတ်ပိုက်စသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းမွန်စွာ ထုတ်ပစ်နိုင်ရန် မြေကို ပြုပြင်စေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှမြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်၊ အမှိုက်စွန့်ပစ်မှုစနစ် စသည်တို့ကို စီမံထားရှိစေခြင်း၊

(စ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဆ) မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦး ပိုင်ဆိုင်သည့် ဆက်စပ်နေသော မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊

(ဇ) မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင်နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် ကော်မတီက သတ်မှတ်သည့် သင့်လျော်သော လျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအား ပေးစေခြင်း၊

(ဈ) ကျန်းမာရေးနှင့်မညီညွတ်ကြောင်းတွေ့ရှိရသည့် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို အသုံးပြုခြင်းမှ ပိတ်ထားစေခြင်း၊

(ည) အမှိုက်များနှင့်နံစော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ထည့်ထားရန် သင့်လျော်သော အမှိုက်ပုံးများ စီမံထားရှိစေခြင်း၊

(ဋ) တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန် ဆောင်ရွက်စေခြင်း၊

(ဌ) အများပြည်သူ ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့် အဆောက်အအုံတို့ကို ကျန်းမာသန့်ရှင်းရေးတို့နှင့် ညီညွတ်စေရန်လည်းကောင်း၊ မီးဘေးလုံခြုံစေရန်လည်းကောင်း ဆောင်ရွက်စေရန်၊

(ဍ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲနေစေခြင်း သို့မဟုတ် ပြင်ဆင်စီမံဆောင်ရွက်စေခြင်း။

၂၃။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ သတ်မှတ်သည့် စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်စေရန် လုပ်ငန်းရှင် သို့မဟုတ် ယာဉ်ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သူအား ညွှန်ကြားနိုင်သည် -

(က) ဆောက်လုပ်ရေး သို့မဟုတ် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် စက်ယန္တရားများ သယ်ဆောင်ခြင်း၊ အုတ်၊ သဲ၊ ကျောက်၊ မြေ၊ ထုံး၊ သစ်နှင့် အခြားပစ္စည်းများ သယ်ယူပို့ဆောင်သော မည်သည့်ယာဉ်အမျိုးအစားကိုမဆို သတ်မှတ်လမ်းကြောင်းအတိုင်းသာ မောင်းနှင်စေခြင်း၊

( ခ ) မည်သည့်သယ်ယူပို့ဆောင်သည့် ယာဉ်အမျိုးအစားမဆို လုပ်ငန်းသုံးပစ္စည်းများကို လုံခြုံစွာ ဖုံးအုပ်၍ တင်ဆောင်သယ်ပို့စေခြင်း၊

( ဂ ) အများပြည်သူဆိုင်ရာ လမ်းများပေါ်သို့ လုပ်ငန်းသုံးပစ္စည်းများ လွင့်စဉ်ယိုဖိတ်ကျရောက်ခြင်းဖြင့် မလိုလားအပ်သည့် ယာဉ်အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိခိုက်နှောင့်ယှက်မှုများ၊ မြို့သန့်ရှင်းရေး ထိခိုက်မှုများ မဖြစ်ပေါ်စေရေးအတွက် ချက်ချင်းပြန်လည်သိမ်းဆည်း ဖယ်ရှားရှင်းလင်း ဆောင်ရွက်ထားစေခြင်း။

၂၄။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အသုံးပြုရန်မသင့်လျော်သည့် မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ သုသာန်မြေနှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သည့်အဖွဲ့အစည်းအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ညွှန်ကြားနိုင်သည် -

( က ) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊

( ခ ) သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း။

## အခန်း (၉)
## အငှားယာဉ်များ စီမံခန့်ခွဲခြင်း

၂၅။ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် အငှားယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

( က ) အငှားယာဉ်အမျိုးအစားအလိုက် စည်းကမ်းများ ရေးဆွဲတင်ပြခြင်း၊

( ခ ) အငှားယာဉ်လိုင်စင်ခများ စည်းကြပ်ကောက်ခံခြင်း၊

( ဂ ) အငှားယာဉ်မောင်းလိုင်စင်ခများ စည်းကြပ်ကောက်ခံခြင်း၊

( ဃ ) အငှားယာဉ်လိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

( င ) အငှားယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

( စ ) အငှားယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

( ဆ ) အငှားယာဉ်မောင်းသူများအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

( ဇ ) အငှားယာဉ်လိုင်စင် သက်တမ်းတိုးခြင်း။

၂၆။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပေးသောလိုင်စင်ရရှိသူသာ အငှားယာဉ်တည်ထောင် လုပ်ကိုင်ခွင့်ရှိသည်။

၂၇။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ထုတ်ပေးသောလိုင်စင်ရရှိသူသာ အငှားယာဉ် မောင်းခွင့်ရှိသည်။

၂၈။ အငှားယာဉ်ပိုင်ရှင်နှင့် အငှားယာဉ်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၀)
## ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း

၂၉။ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့များသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် ယင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

( က ) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်း သတ်မှတ်ခြင်း၊

(င) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေ သတ်မှတ်ခြင်း၊

(ဆ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ဇ) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၀။ ညွှန်ကြားရေးမှူးသည် ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် မြို့နယ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုမိုသော မြို့နယ်များနှင့်ဆက်စပ်နေသော ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်ပါသည် -

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်းနယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည့် စည်ပင်သာယာရေးအဖွဲ့များသို့ ကူးတို့လုပ်ငန်းဝင်ငွေများကို အချိုးကျခွဲဝေသတ်မှတ်ပေးခြင်း၊

(စ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ဆ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သော အမှုဆောင်အရာရှိအား ခန့်ထားခြင်း၊

(ဇ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့် မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဈ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ည) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဋ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကိုလျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၁။ အမှုဆောင်အရာရှိသည် ကော်မတီ၏ခွင့်ပြုချက်ဖြင့် ကူးတို့လုပ်ငန်း အုပ်ချုပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ပြီး ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ကူးတို့လုပ်ငန်းကိုအုပ်ချုပ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့်ရောင်းချခြင်း၊

(ဂ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် အစီအစဉ်များ ပြုလုပ်စေခြင်း၊

(ဃ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့လုပ်ငန်းလိုင်စင်များကို ပြန်လည်ရောင်းချခြင်း။

၃၂။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်တစ်ခုအတွင်း ကူးတို့လုပ်ငန်းလိုင်စင်ကို လုပ်ကိုင်ခွင့်ရှိသည်။

၃၃။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ပြင်ဆင်ထိန်းသိမ်းရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၄။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်း အုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၅။ ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်းသည့် နယ်မြေသတ်မှတ်ချက် အငြင်းပွားမှုပေါ်ပေါက်ပါကတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

၃၆။ ပုဒ်မ ၃၁၊ ၃၃၊ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကူးတို့လုပ်ငန်း အုပ်ချုပ်သူက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။

၃၇။ (က) ပုဒ်မ ၂၉၊ ၃၀၊ ၃၆ အရ ညွှန်ကြားရေးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၃၀ ရက်အတွင်း စည်ပင်သာယာရေးဝန်ကြီးထံ အယူခံဝင်နိုင်သည်။

(ခ) စည်ပင်သာယာရေးဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၁)
## သားသတ်လုပ်ငန်းများကို စီမံခန့်ခွဲခြင်း

၃၈။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို အများပြည်သူ စားသုံးရန်အလို့ငှာ စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ် ခြင်းနှင့် သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းများနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြုနိုင်သည်။

၃၉။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် အများပြည်သူစားသုံးရန်မှအပ ဘာသာရေးကိစ္စများအတွက် ကျွဲ၊ နွားသတ်ဖြတ်ခွင့်အမိန့်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့် အညီ ခွင့်ပြုနိုင်သည်။

၄၀။ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေး မှူးသည် ကျွဲ၊ နွား၊ တိရစ္ဆာန်များ သတ်ဖြတ်ခွင့် ပြုလုပ်ရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွား၊ တိရစ္ဆာန်များ ပြုန်းတီးမှုမရှိစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၁။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ပုဒ်မ ၃၈ ပါ သားသတ်လုပ်ငန်း၊ အသားရောင်းချခြင်း တို့နှင့်စပ်လျဉ်း၍ လိုအပ်ပါက စည်ပင်သာယာရေးဝန်ကြီး၏ ခွင့်ပြုချက်အရ ဆောင်ရွက်ရန်ဖြစ်သည်။

၄၂။ ပုဒ်မ ၃၈ အရ ခွင့်ပြုချက်ရှိသူသာလျှင် -

(က) ကျွဲ၊ နွားကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ အသားနှင့်သားရေကို လက်ဝယ်ထားခြင်း ပြုနိုင်သည်၊

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း ပြုနိုင်သည်။

## အခန်း (၁၂)
## ကြီးကြပ်ခြင်း

၄၃။ စည်ပင်သာယာရေးဝန်ကြီးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ အဆုံးအဖြတ် သို့မဟုတ် ဆောင်ရွက်ချက်များကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၄။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) မြို့နယ်စည်ပင်သာယာရေးကော်မတီများက ရေးဆွဲတင်ပြသော နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို စိစစ်၍ ဝန်ကြီးထံတင်ပြခြင်း၊

(ခ) အရအသုံးခန့်မှန်းခြေငွေစာရင်းကြီးကြပ်မှုကို ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာ၌ ပိုမိုချောမွေ့အဆင်ပြေစေရန် ဝန်ကြီးက ခွဲဝေပေးသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း၊

(ဃ) စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်သောလုပ်ငန်းများ၊ အဆောက်အအုံများ၊ မြေများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ဝန်ကြီးထံ တင်ပြခြင်း၊

(င) မြို့နယ်စည်ပင်သာယာရေးကော်မတီက ချမှတ်သော ဆုံးဖြတ်ချက်၊ အမိန့်၊ ဆောင်ရွက်ချက် သို့မဟုတ် ညွှန်ကြားချက်များသည် ဥပဒေ၊ နည်းဥပဒေနှင့်အညီဖြစ်စေရန် လိုအပ်ပါက ဝန်ကြီးထံ တင်ပြခြင်း။

## အခန်း (၁၃)
## အယူခံဝင်ခြင်း

၄၅။ ပုဒ်မ ၁၆၊ ၂၀၊ ပုဒ်မခွဲ (ဂ)၊ (င)၊ (စ)၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (ဆ)၊ (ဇ)၊ (ဈ) (ဍ)၊ ပုဒ်မ ၂၄ ပုဒ်မခွဲ (က) တို့အရ မြို့နယ်စည်ပင်သာယာရေးကော်မတီကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၁၅ ရက်အတွင်း ညွှန်ကြားရေးမှူးထံ အယူခံဝင်နိုင်သည်။

၄၆။ ပုဒ်မ ၄၅ အရ ညွှန်ကြားရေးမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ၃၀ ရက်အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၄၇။ အယူခံဝင်ရောက်မှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ၊

(ခ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၄)
## ဘဏ္ဍာရေး

၄၈။ ဝန်ကြီးသည် စည်ပင်သာယာရေးအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဥပဒေနှင့်အညီ အတည်ပြုရမည်။ အတည်ပြုထားသော အရအသုံးခန့်မှန်းခြေငွေစာရင်းအား ဥပဒေနှင့်အညီ ကောက်ခံသုံးစွဲနိုင်သည်။

၄၉။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် -

(က) အမှုဆောင်အရာရှိက တင်ပြလာသော နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို စိစစ်ပြီး ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးထံသို့ တင်ပြရမည်။

(ခ) နှစ်စဉ်ဘဏ္ဍာရေးနှင့် စာရင်းစစ်ဆေးရေးလုပ်ငန်းများ၏ အခြေအနေကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

(ဂ) အတည်ပြုပြီးသော မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ရသုံးမှန်းခြေငွေစာရင်းနှင့် လုပ်ငန်းများကို ကြီးကြပ်ရမည်။

၅၀။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မိမိရန်ပုံငွေကို သီးခြားဘဏ်စာရင်းထားရှိ၍ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲပိုင်ခွင့်ရှိသည်။

၅၁။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။

## အခန်း (၁၅)
## ဝန်ထမ်းဖွဲ့စည်းပုံ

၅၂။ ဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့တစ်ဖွဲ့စီ၏ လုပ်ငန်းတာဝန်များနှင့် ဝင်ငွေပမာဏကို အခြေခံလျက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သောဝန်ထမ်းဖွဲ့စည်းပုံကိုရေးဆွဲ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ တင်ပြအတည်ပြုချက် ရယူရမည်။ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲရာတွင် လိုအပ်ပါက စည်းကမ်းထိန်းသိမ်းရေးဝန်ထမ်းများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၅၃။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်းတို့ကို တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းပုံအတွင်း ဆောင်ရွက်ခွင့်ရှိသည်။ သင့်လျော်သည့် ဝန်ထမ်းအဆင့်များနှင့်စပ်လျဉ်း၍ ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိအား ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။

၅၄။ ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် နှစ်စဉ်ရရှိသောဝင်ငွေ၏ သုံးဆယ်ရာခိုင်နှုန်းထက် ကျော်လွန်ခြင်း မရှိစေရ။

၅၅။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်မည့် ဝန်ထမ်းများကို အခြားဝန်ကြီးဌာနများနှင့်ညှိနှိုင်း၍ လွှဲပြောင်းရယူခန့်ထားနိုင်သည်။

## အခန်း (၁၆)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၅၆။ ဝန်ကြီးဌာနသည် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီများ၏ ငွေစာရင်းများကို စနစ်တကျ ထိန်းသိမ်းထားနိုင်ရန်နှင့် စစ်ဆေးခြင်းပြုလုပ်ရန် ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ညှိနှိုင်း၍သတ်မှတ်ရမည်။ သတ်မှတ်ထားရှိသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းများကို ပြုစုထားရှိစေရမည်။

၅၇။ ကော်မတီက ထိန်းသိမ်းထားရှိသည့်စာရင်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးအပ်ခြင်းခံရသူ၏ စစ်ဆေးခြင်းကို ခံယူစေရမည်။

## အခန်း (၁၇)
## တားမြစ်ချက်များ

၅၈။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့် ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံတစ်ခုခုပေါ်တွင် ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်းမပြုရ၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခုပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ချိတ်ဆွဲထားခြင်းမပြုရ။

၅၉။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်း၊ ညွှန်ကြားချက်များနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အများပြည်သူသွားလာသည့်လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ၊

(ခ) အများပြည်သူဆိုင်ရာနေရာများတွင် မဖွယ်မရာပြုခြင်း၊ ညစ်ညမ်းစေသောဆောင်ရွက်ခြင်းမပြုရ၊

(ဂ) လမ်းပေါ်တွင်လည်းကောင်း လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း လူသွားစင်္ကြံပေါ်တွင်လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းထားရှိခြင်း၊ ဈေးရောင်းချခြင်းမပြုရ၊

(ဃ) အမှိုက်၊ မိလ္လာအညစ်အကြေးစသည်တို့ကို လမ်း၊ မြေနှင့် လူသွားစင်္ကြံပေါ် သို့မဟုတ် မြစ်၊ ချောင်းနှင့် စွန့်ပစ်ရန် သတ်မှတ်မထားသော နေရာတွင် စွန့်ပစ်ခြင်းမပြုရ၊

(င) ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရ၊

(စ) ဝင်ထွက်နိုင်သော လမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများဆောက်လုပ်ခြင်း မပြုရ။

၆၀။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသက်မှတ်ချက်များနှင့်ဖြစ်စေ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့် ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း မပြုရ၊

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို ရယူ သုံးစွဲခြင်းမပြုရ၊

(ဂ) ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ဃ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၆၁။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့် ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) လူသေအလောင်းကို သတ်မှတ်သည့်ကာလထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲ ထားခြင်းမပြုရ၊

(ခ) ကူးစက်တတ်သောရောဂါကြောင့်သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲ ထားခြင်း မပြုရ၊

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း မပြုရ။

၆၂။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့် ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) တည်းခိုခန်း၊ ဘော်ဒါဆောင် တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ခ) စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းမပြုရ၊

(ဂ) စားသောက်ဖွယ်ရာမုန့်မျိုးစုံထုတ်လုပ်သည့်လုပ်ငန်း တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

၆၃။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့် ဖြစ်စေ ညီညွတ်မှုမရှိလျှင် ဥပစာတစ်ခုအတွင်း -

(က) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ၊

(ခ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းကို ရောင်းချခြင်း၊ သိုလှောင်ခြင်းမပြုရ။

၆၄။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့် ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်းမပြုရ၊

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းများဖြင့် သုတ်သင်ရှင်းလင်းခြင်းမပြုရ။

၆၅။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) ကိုယ်ပိုင်ဈေးကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီးသော ဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏ မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်းမပြုရ၊

(ခ) မမှန်ကန်သည့် အလေးချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရ၊

(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်းမပြုရ၊

(ဃ) ကွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်းမပြုရ၊

(င) ရေခဲ၊ အချိုရည်စက်ရုံများ၊ အအေးခန်းစက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ၊

(စ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၆၆။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း -

(က) ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းကမ်းများအရ မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တာဝန်အရ နေ့အချိန် ဝင်ရောက်သည့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေး

ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်းမပြုရ၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စာချုပ် ချုပ်ဆိုထားသည့်အဖွဲ့ သို့မဟုတ် တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဦးအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်းနှင့်ဆက်နွှယ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်း မပြုရ။

## အခန်း (၁၈)

## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်း

၆၇။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ပုဒ်မ ၇၂ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်နိုင်သည်။

၆၈။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ပုဒ်မ ၇၃ တွင် မည်သို့ပင်ပြဋ္ဌာန်းစေကာမူ ပထမအကြိမ် ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာဒဏ်ကြေးငွေ အနည်းဆုံး ကျပ် **၃၀၀၀** မှ အများဆုံး ကျပ် **၃၀၀၀၀** အထိ ချမှတ်နိုင်သည်။

၆၉။ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်သည့် အမှုအတွက် တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်း မပြုရ။

၇၀။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အဖြစ်ချမှတ်သည့် ဒဏ်ကြေးငွေဆောင်ရန် ပျက်ကွက်ပါက ထိုဒဏ်ကြေးငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၇၁။ စည်ပင်သာယာရေးဝန်ကြီးသည် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်သည့် နည်းလမ်းများကို သတ်မှတ်ရသည်။

## အခန်း (၁၉)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၇၂။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် **၂၀၀၀၀** မှ အများဆုံး ကျပ် **၂၀၀၀၀၀** အထိ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၀ (င) | အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေးသုတ်စေခြင်း၊ |
| ၂၀ (စ) | ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံမြေကို ပြုပြင်စေခြင်း၊ |
| ၂၀ (ဆ) | တရားဝင်မြေပိုင်ဆိုင်မှုတင်ပြနိုင်ခြင်းမရှိသော မြေအား ခွင့်ပြုချက်မရှိဘဲ ခြံစည်းရိုးကျူးကျော် ခတ်ခြင်း၊ ပိတ်ဆို့ခြင်းအား တားမြစ်ခြင်း၊ |
| ၂၀ (ဇ) | သစ်ပင်၊ ချုံပင်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကိုမြေဖို့စေခြင်း၊ |
| ၂၂ (က) | အန္တရာယ်ရှိသော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၂ (ခ) | ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေအိုင်တို့ကို ဆေးကြောပြုပြင်စေခြင်း၊ ရေဖြည့်ဖုံးအုပ်စေခြင်း၊ |
| ၂၂ (ဆ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊ |
| ၂၂ (ည) | အမှိုက်များ စွန့်ပစ်ရန် အမှိုက်ပုံးများ ထားရှိစေခြင်း၊ |
| ၂၂ (ဋ) | ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုမည့် အဆောက်အအုံကိုသတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၂၆ | အနေ့းယာဉ်လိုင်စင်မရှိဘဲ အနေ့းယာဉ်တည်ထောင်လုပ်ကိုင်ခြင်း၊ |
| ၂၇ | အနေ့းယာဉ်မောင်းလိုင်စင်မရှိဘဲ အနေ့းယာဉ်မောင်းနှင်ခြင်း၊ |
| ၂၈ | အနေ့းယာဉ်ပိုင်ရှင်နှင့် အနေ့းယာဉ်မောင်းသူတို့အား သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာစေခြင်း၊ |
| ၃၈ (ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများ ဖြန့်ထားခြင်း၊ ဆွဲထားခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၃၉ (က) | လမ်းပေါ်တွင် ကစားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၃၉ (ခ) | မဖွယ်မရာပြုခြင်း၊ ညစ်ညမ်းစေသောဆောင်ရွက်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၃၉ (ဂ) | လမ်းနှင့် လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများ ခင်းကျင်းဈေးရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၃၉ (ဃ) | အမှိုက်၊ မိလ္လာ၊ အညစ်အကြေးတို့ကို လမ်းပေါ် သို့မဟုတ် သတ်မှတ်မထားသောနေရာတွင် စွန့်ပစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၀ (ခ) | စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို စည်းကမ်းများနှင့် ညီညွတ်မှုမရှိဘဲ ရယူသုံးစွဲခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၄ (က) | တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅ (ခ) | မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅ (ဂ) | စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်းမပြုရန် တားမြစ်ခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) **"ပြဋ္ဌာန်းချက်အကျဉ်း"** ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၇၃။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ်

ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် **၄၀၀၀၀** မှ ကျပ် **၄၀၀၀၀၀** အထိ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၁၁ (စ) | အဖွဲ့ပိုင်မြေ မကျူးကျော်ရ၊ |
| ၁၁ (ဆ) | လမ်းနယ်နိမိတ်အတွင်း မည်သည့်ပုဂ္ဂလိကအဖွဲ့အစည်း၊ ဌာနဆိုင်ရာမျှ လမ်းမြေအား မကျူးကျော်ရ၊ |
| ၁၁ (ဇ) | စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်များ၊ မြေယာရှုခင်းအလှများကို တူးဆွခြင်း၊ ချိုးဖဲ့ခြင်း၊ ခုတ်လှဲခြင်း၊ ရွှေ့ပြောင်းခြင်း မပြုရ၊ |
| ၂၂ (ဂ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှ စီးဆင်းသည့် ရေကြောင့် အများပြည်သူလမ်းနှင့် ပစ္စည်းများ ပျက်စီးခြင်းမရှိစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း၊ ရေဆိုးထုတ်ပိုက်တို့ကို ပြုလုပ်စေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၂ (ဃ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းစွာ ထုတ်ပစ်ရန် မြေကို ပြုပြင်စေခြင်း၊ |
| ၂၂ (င) | စက်ရုံ၊ အလုပ်ရုံတွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်၊ အမှိုက်စွန့်ပစ်မှုစနစ် စသည်တို့ကို စီမံထားရှိစေခြင်း၊ |
| ၂၂ (စ) | ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို ပိတ်ထားစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၂ (ဇ) | မိလ္လာပိုက်၊ မိလ္လာကန်ကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ရခြင်းကြောင့် နစ်နာမှုလျော်ကြေးငွေ ပေးစေခြင်း၊ |
| ၂၂ (ဈ) | ကျန်းမာရေးနှင့်မညီညွတ်သော ရေပေးရေးလုပ်ငန်းကို ပိတ်ထားစေခြင်း၊ |
| ၂၂ (ဋ) | တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို သတ်မှတ်စည်းကမ်းများနှင့် အညီ ဆောင်ရွက်စေခြင်း၊ |
| ၂၄ (က) | အသုံးပြုရန် မသင့်သည့် သုသာန်မြေကို ပိတ်သိမ်းထားစေခြင်း၊ |
| ၄၂ (ခ) | မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ မပြုရန် တားမြစ်ခြင်း၊ |
| ၅၉ (င) | ကိုယ်ပိုင်လမ်းဖောက်လုပ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၀ (ဂ) | ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၀ (ဃ) | အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ၊ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၁ (က) | လူသေအလောင်းကိုသတ်မှတ်သည့်ကာလထက် ကျော်လွန်၍ မထားရန် တားမြစ်ခြင်း၊ |
| ၆၁ (ခ) | ကူးစက်ရောဂါဖြင့်သေဆုံးသည့် လူသေအလောင်းကို (၁၂) နာရီကျော်လွန်၍ ထားခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၁ (ဂ) | သုသာန်မြေအဖြစ် သတ်မှတ်ထားသည့် နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းမပြုလုပ်ရန် တားမြစ်ခြင်း၊ |
| ၆၂ (က) | တည်းခိုခန်း၊ ဘော်ဒါဆောင် တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၆၂(ခ) | စားသောက်ဆိုင် ဖွင့်လှစ်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၂(ဂ) | စားသောက်ဖွယ်ရာ မုန့်မျိုးစုံထုတ်လုပ်သည့်လုပ်ငန်း လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅(က) | ကိုယ်ပိုင်ဈေးကို ဖွင့်လှစ်ခြင်း၊ ဈေးနေရာပြောင်းရွှေ့ခြင်း၊ ပြန်လည်ဖွင့်လှစ်ခြင်း ဈေးဧရိယာ တိုးချဲ့ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅(ဃ) | ကွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅(င) | ရေခဲနှင့်အချိုရည်စက်ရုံများ၊ အအေးခန်းစက်ရုံများ ဖွင့်လှစ်တည်ထောင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅(စ) | အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) **"ပြဋ္ဌာန်းချက်အကျဉ်း"** ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ် ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၇၄။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် **၅၀၀၀၀** မှ အများဆုံး ကျပ် **၅၀၀၀၀၀** အထိဖြစ်စေ၊ (၂) နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၀(က) | စည်းကမ်းနှင့်ညီညွတ်မှုမရှိဘဲ အဆောက်အအုံဆောက်လုပ်သည်ကို ရပ်ဆိုင်းစေခြင်း၊ ပြန်လည် ပြင်ဆင်ခြင်း၊ ဖြိုဖျက်စေခြင်း၊ |
| ၂၀(ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံစသည်များပေါ်တွင် အဆောက်အအုံ ကျူးကျော်ဆောက်လုပ်ခြင်းကို ဖယ်ရှားခြင်း၊ |
| ၂၀(ဂ) | လမ်း၊ တံတားတည်ဆောက်ပြင်ဆင်ရာတွင် မလွတ်ကင်းသောအဆောက်အအုံကို ဖယ်ရှားစေခြင်း၊ |
| ၂၀(ဃ) | အန္တရာယ်ရှိသော အဆောက်အအုံကို ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဖယ်ရှား စေခြင်း၊ |
| ၂၀(ဈ) | မြေပေးအမိန့်ရရှိပြီး မြေကွက်တွင် သတ်မှတ်စည်းကမ်းနှင့် အညီ အဆောက်အအုံ ဆောက်လုပ် စေခြင်း၊ |
| ၂၂(ဍ) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် အန္တရာယ်ရှိလာလျှင် လုပ်ငန်းနေရာကို အသုံးမပြုစေခြင်း၊ ပြင်ဆင်စီမံဆောင်ရွက်စေခြင်း၊ |
| ၂၄(ခ) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ဖျက်သိမ်းစေခြင်း၊ |
| ၅၈(က) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ လူသွားစင်္ကြံပေါ်တွင် အဆောက်အအုံ ကျူးကျော် ဆောက်လုပ်ခြင်း မပြုရန် တားမြစ်ခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၅၉ ( စ ) | ဝင်ထွက်နိုင်သော လမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများဆောက်လုပ်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၀ (က) | အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ပြင်ဆင်တိုးချဲ့ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၃ (က) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၃ ( ခ ) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၄ ( ခ ) | တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီ သုတ်သင်ရှင်းလင်းစေခြင်း။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) **"ပြဋ္ဌာန်းချက်အကျဉ်း"** ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၇၅။ မည်သူမဆို ပုဒ်မ ၃၀၊ ပုဒ်မ ၃၁ နှင့် ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် **၄၀၀၀၀** မှ အများဆုံး ကျပ် **၄၀၀၀၀၀** အထိ ချမှတ်ခြင်းခံရမည်။

၇၆။ မည်သူမဆို ပုဒ်မ ၇၂ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ဆက်လက်၍လိုက်နာရန် ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုလျှင် ယင်းနေ့ အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် **၁၀၀၀၀** ချမှတ်ခြင်းခံရမည်။

၇၇။ မည်သူမဆို ပုဒ်မ ၇၃ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ဆက်လက်၍လိုက်နာရန် ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုလျှင် ယင်းနေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် **၂၀၀၀၀** ချမှတ်ခြင်းခံရမည်။

၇၈။ မည်သူမဆို ပုဒ်မ ၇၄ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် ဆက်လက်၍လိုက်နာရန် ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုလျှင် ယင်းနေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် **၃၀၀၀၀** ချမှတ်ခြင်းခံရမည်။

၇၉။ မည်သူမဆို ပုဒ်မ ၆၆ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံးငွေဒဏ်ကျပ် **၅၀၀၀၀** မှ အများဆုံး ငွေဒဏ်ကျပ် **၅၀၀၀၀၀** အထိ ချမှတ်ခြင်းခံရမည့်အပြင် တည်ဆဲဥပဒေများအရလည်း အရေးယူခြင်းခံရမည်။

၈၀။ (က) မည်သူမဆိုခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် ကျွဲ၊ နွား၏ အသား သို့မဟုတ် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထိထောင်ဒဏ်ဖြစ်စေ အနည်းဆုံး ငွေဒဏ်ကျပ် **၅၀၀၀၀** မှ ကျပ် **၅၀၀၀၀၀** အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

(ခ) ဤဥပဒေအရ တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာ အာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏ အသားသည် တရားဝင်ခွင့်ပြုချက်ဖြင့် သတ်ဖြတ်သော သို့မဟုတ် အခြားအကြောင်းတစ်ခုခုဖြင့် သေဆုံးသော ကျွဲ၊ နွား၏အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၈၁။ (က) ပုဒ်မ ၃၉ အား ဆန့်ကျင်ဖောက်ဖျက်သည့်အတွက် စွဲဆိုသောအမှုများကို သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးက တရားစွဲဆိုရမည်။

(ခ) ပုဒ်မခွဲ (က) အရ စွဲဆိုသောအမှုများမှအပ ဤဥပဒေအရ စွဲဆိုထားသောအမှုများကို သက်ဆိုင်ရာကော်မတီ သို့မဟုတ် ကော်မတီက တာဝန်လွှဲအပ်သောပုဂ္ဂိုလ်က တရားစွဲဆို ရမည်။

၈၂။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ဤဥပဒေအရ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီ တောင်းခံရယူနိုင်သည်။ ယင်းကဲ့သို့ တောင်းခံပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လိုအပ်သော အကူအညီများပေးရမည်။

## အခန်း (၂၀)
## အထွေထွေ

၈၃။ စည်ပင်သာယာရေးလုပ်ငန်းတစ်ခုခုသည် စည်ပင်သာယာရေးအဖွဲ့နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက် ပိုသောအဖွဲ့များနှင့် ဆက်စပ်သည့်လုပ်ငန်းဖြစ်ပါက ယင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် သက်ဆိုင်သည့် စည်ပင်သာယာရေးအဖွဲ့နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက်ပိုသောအဖွဲ့များသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၈၄။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ယင်းအဖွဲ့ပိုင်ရန်ပုံငွေကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

၈၅။ နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက်အဦများမှအပ အခြားနိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းသို့ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာမြို့နယ်စည်ပင် သာယာရေးကော်မတီသို့ ကြိုတင်အကြောင်းကြားရမည်။

၈၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးသည် အမှုဆောင် အရာရှိတစ်ဦးအား ကော်လိတ္တော်အရာရှိ၏အခွင့်အာဏာများကို ဆောင်ရွက်စေရန် အမိန့်ထုတ်ပြန် နိုင်သည်။

၈၇။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်းများနှင့် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မြတ်ကို၊
ဝန်ကြီးချုပ်၊
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့။

# စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂၃။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၃၀ ရက် )

**နိဒါန်း**

၁။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၂။ ဤဥပဒေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်း၏ တတိယနှစ်အတွက် ဒေသန္တရစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ တိုင်းဒေသကြီး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်မျှတိုးတက်ရမည်ဆိုသည့် တိုင်းဒေသကြီးအစိုးအရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း တိုင်းဒေသကြီး၏ စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ မည်မျှ မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။

(ဃ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးအတွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ၉. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၄. ၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၁၀. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသဖြင့် သစ်တောကဏ္ဍတွင် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၇. ၈ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၅၆. ၂ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁၀၁. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၀. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၉. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၂. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၉. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၁၁၉. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၂၅. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၃. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇. ၃ ရာခိုင်နှုန်း တိုးတက်ရန်။

(ဂ) တိုင်းဒေသကြီး၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၆. ၆ ရာခိုင်နှုန်းမှ ၄၄. ၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၅. ၅ ရာခိုင်နှုန်းမှ ၂၆. ၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၇. ၉ ရာခိုင်နှုန်းမှ ၂၈. ၇ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(ဃ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တရားဝင်လူဦးရေစာရင်းအင်းဖြင့် တွက်ချက်ထားသော လူတစ်ဦးစီ၏ ပျမ်းမျှအသားတင်ထုတ်လုပ်မှုတန်ဖိုး (Per Capita GDP) မှာ ကျပ် ၈၅၉၃၀၀ မှ ကျပ် ၉၆၄၁၆၄ သို့ ဖြစ်ပေါ်လာစေရန်။

## အခန်း (၃)
## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

၅။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**(က) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း**

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) ရေမြေဒေသအခြေအနေနှင့် ကိုက်ညီပြီး အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသော သီးနှံမျိုးကောင်း မျိုးသန့် မျိုးစေ့များ ထုတ်လုပ်သုံးစွဲစိုက်ပျိုးရေးကို ဆောင်ရွက်ရေး၊

(ခခ) တောင်သူလယ်သမားများနှင့် ဝန်ထမ်းများအား စိုက်ပျိုးရေးနည်းပညာများ လေ့ကျင့်ပညာပေးခြင်း၊ စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးခြင်း၊ စိုက်ပျိုးရေးဘာသာရပ်အား တိုးချဲ့သင်ကြားပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရေး၊

(ဂဂ) လယ်ယာကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ (Research and Development) ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရေး၊

(ဃဃ) တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေး၊

(ငင) စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် ဈေးနှုန်းရရှိရန် ကူညီဆောင်ရွက်ရေး၊

(စစ) သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် ကုန်ကျစရိတ် လျှော့နည်းရေး၊ အရည်အသွေးမြင့်မားရေး၊ ဈေးကွက်ခိုင်မာရေးနှင့် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးတို့ကို ကူညီဆောင်ရွက်ရေး၊

(ဆဆ) လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး အားပေးဆောင်ရွက်ရေး၊

(ဇဇ) လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုသွားရေး။

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) လယ်ယာကဏ္ဍဆိုင်ရာကိန်းဂဏန်းများ မှန်ကန်ရေးကို တိုးချဲ့ဆောင်ရွက်ရန်၊

(ခခ) သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် စပ်မျိုးစပါး၊ စပ်မျိုးနေကြာ အပါအဝင် အဓိကသီးနှံများတွင် အထူးအထွက်တိုးမျိုးများ ပြောင်းလဲစိုက်ပျိုးရန်၊

(ဂဂ) စက်မှုလယ်ယာစနစ် လယ်ယာမြေကွက် (Mechanized Farm) များကို ဆက်လက်တိုးချဲ့ဖော်ထုတ်ရန်၊

(ဃဃ) တည်ဆောက်ပြီး ရေလှောင်ဆည်၊ ရေလှောင်တမံနှင့် လျှပ်စစ်မြစ်ရေတင် စသည့် ရေရရှိရေးလုပ်ငန်းများ စွမ်းဆောင်ရည် တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(ငင) ရေလှောင်ဆည်၊ ရေလှောင်တမံနှင့် လျှပ်စစ်မြစ်ရေတင်စသည့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စံချိန်စံညွှန်းများပြည့်မီရေး စနစ်တကျဆောင်ရွက်ရန်၊

(စစ) စိုက်ပျိုးရေး ဒီပလိုမာဘွဲ့ရများ လေ့ကျင့်မွေးထုတ်ရန်၊

(ဆဆ) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊

(ဇဇ) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(ကက) မြေကြီး၊ မြေပုံနှင့်မြေစာရင်း မှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများစာရင်း ကောက်ယူရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်ရန်၊

(ခခ) စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်ရန်နှင့် တိုင်းဒေသကြီးအတွင်း ဧက (၅၀) စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်သွားနိုင်ရေးအတွက် ဌာနအစီအစဉ်နှင့် တိုင်းဒေသကြီး၏ပံ့ပိုးမှုဖြင့် ဆောင်ရွက်သွားရန်၊

(ဂဂ) ဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်း (၄) ခုကို ရန်ပုံငွေကျပ် (၁၁၄၂၅) သန်းဖြင့် အကျိုးပြုဧက (၁၄၈၀၀) ရရှိရန် ဆောင်ရွက်ရန်၊

(ဃဃ) ဖြည့်စွက်လုပ်ငန်းစီမံကိန်း (၁၀) ခုကို မူလဆည်ရေသောက် ဧရိယာဧက (၄၀၆၂၄) ကို ရေသေချာစေမည်ဖြစ်သည့်အပြင် ခရိုင်ချင်းဆက်လမ်းများ ရေတိုက်စားမှုမှ ကာကွယ်ခြင်း၊ ဒေသနေပြည်သူများ သောက်သုံးရေရရှိရေးတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရေဘေးကာကွယ်ဧရိယာ ဧက (၄၂၁၄၆) ကို အကျိုးပြုနိုင်ရန်၊

(ငင) လုပ်ငန်းစီမံကိန်းသစ်များအနေဖြင့် စီမံကိန်းသစ် (၂) ခုနှင့် တူးမြောင်းများ ခေတ်မီအောင် ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း အပါအဝင် စုစုပေါင်း (၃) ခုကို ဆောင်ရွက်ရန်၊ အဆိုပါစီမံကိန်းသစ် (၂) ခုမှ ရေပေးဝေနိုင်မည့် ဧရိယာ (၇၈၅၀၀) ဧကကို အကျိုးပြုနိုင်ရန်နှင့် ဆည်ရေသောက်စနစ်များ ပြုပြင်ခြင်းအားဖြင့် လက်ရှိ ဆည်ရေပေးဝေနေသော လယ်မြေဧရိယာ (၅၂၆၂၃) ဧကကို ဆည်ရေပေးဝေနိုင်ရေး ဆောင်ရွက်ရန်၊

(စစ) မြစ်ရေတင်လုပ်ငန်းအနေဖြင့် လျှပ်စစ်/ဒီဇယ်မြစ်ရေတင်လုပ်ငန်း (၆၂) ခုမှ အကျိုးပြုဧက (၁၂၇၂၄၈) ကို ရေပေးဝေနိုင်ရေး ဆောင်ရွက်ရန်၊

(ဆဆ) မြေအောက်ရေရရှိရေးလုပ်ငန်းတွင် မုံရွာခရိုင်အတွင်းရှိ မြေအောက်ရေလျှပ်စစ်စက်ဝိုင်းများမှ အကျိုးပြုဧက (၁၅၇၁၀)၊ (၉၉) ကန်ရေလျှံတွင်းများမှ အကျိုးပြုဧက (၈၁၈၁)၊ အရာတော်ဒေသ တူးဖော်ပြီး ရေလျှံတွင်းများမှ (၁၃၂၅) ဧကနှင့် ကလေးရေလျှံတွင်းများမှ (၃၀၀) ဧက စုစုပေါင်းအကျိုးပြုဧက (၂၅၅၁၆) အား ရေပေးဝေနိုင်ရေး ဆောင်ရွက်ရန်၊

(ဇဇ) စက်မှုလယ်ယာစနစ်ကျ လယ်ကွက်များကို မြင်းမူ၊ ရွှေဘို၊ ဝက်လက်မြို့နယ်များတွင် ဧက (၁၀၀) စီဖြင့် စုစုပေါင်းဧက (၃၀၀) ဖော်ထုတ်ရန်၊

(ဈဈ) စိုက်ပျိုးရေးသိပ္ပံကျောင်းမှ ဒီပလိုမာဘွဲ့ (၅၅) ဦး မွေးထုတ်ရန်၊

(ညည) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ မြေတိုင်းပညာရပ် လေ့ကျင့်သင်ကြားခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဋဋ) စိုက်ပျိုးစရိတ်ငွေကြေး ကျပ် (၅၈၇၀၀) သန်း ထုတ်ချေးရန်။

၆။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**(က) မွေးမြူရေးနှင့်ရေလုပ်ငန်း**

(၁) မူဝါဒမှာ ငါးနှစ်စီမံကိန်းမူဝါဒများအရ သတ်မှတ်ထားသည့် စီမံကိန်း တတိယနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်ရေးဖြစ်သည်။

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) စီမံကိန်းကာလအတွင်း အသားထုတ်လုပ်မှုကို ၁၂.၃ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(ခခ) သားငါးကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပုံမှန်ဈေးနှုန်းအရ အခြေခံနှစ်အပေါ် (၁.၂၄) ဆ ဖြစ်ပေါ်ရန်နှင့် (၁၀.၈ ရာခိုင်နှုန်း) တိုးတက်ရေး ဆောင်ရွက်ရန်၊

(ဂဂ) ပဉ္စမကာလတို ငါးနှစ်စီမံကိန်း၏ တတိယနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပျားထွက်ပစ္စည်းထုတ်လုပ်မှုကို တစ်နှစ် (၈.၇ ရာခိုင်နှုန်း) တိုးတက်အောင် ဆောင်ရွက်ရန်၊

(ဃဃ) ပဉ္စမကာလတို ငါးနှစ်စီမံကိန်း၏ တတိယနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငါးပုစွန်ထုတ်လုပ်မှုကို (၈.၇ ရာခိုင်နှုန်း) တိုးတက်ရရှိစေရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(ကက) စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရန် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးနှင့်နည်းပညာများ ရယူနိုင်ရေးအတွက် ကူညီဆောင်ရွက်ရန်၊

(ခခ) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ် လျှော့ချပြီး အရည်အသွေးကောင်းမွန်သော ထွက်ကုန်များကို သွင်းကုန်အစားထိုးရေးနှင့် ပြည်ပဈေးကွက်ရရှိရေး ဆောင်ရွက်ရန်၊

(ဂဂ) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်း အချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေးနှင့် မွေးမြူထုတ်လုပ်မှု တိုးတက်စေရေးအတွက် ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃဃ) ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ပြီး၊ ပြည်တွင်းပြည်ပဈေးကွက် ပိုမိုတိုးချဲ့ဆောင်ရွက်ရန်၊

(ငင) နိုင်ငံခြားငွေတိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါးပုစွန်တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်ရန်၊

(စစ) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာ သယံဇာတများ စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း (Closed Area & Closed Season) ငါးလုပ်ငန်းဆိုင်ရာတည်ဆဲဥပဒေများ ကြီးကြပ်ကွပ်ကဲခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်၊

(ဆဆ) ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရန် သားငါးဆိုင်ရာ ခေတ်မီနည်းပညာသစ်များ သင်တန်းပို့ချပေးခြင်းဖြင့် ပေါင်းစည်းလယ်ယာစနစ် (Integrated Farming System) ပေါ်ထွက်လာစေရေး ကူညီဆောင်ရွက်ရန်၊

(ဇဇ) သုတေသန ခြံကွက်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်း၊ ခေတ်မီစက်ပစ္စည်းကိရိယာ၊ နည်းပညာလိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ ကျွမ်းကျင်ပညာရှင်များ လေ့ကျင့်မွေးထုတ်ခြင်း၊ နိုင်ငံတကာအကူအညီ ညှိနှိုင်းရယူခြင်းများကို ဆောင်ရွက်ရန်၊

(ဈဈ) ငါး၊ ပုစွန်၊ ပုစွန်ကျား၊ နွား၊ ဝက် စသည်ဖြင့် လိုအပ်သော တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များကို ဒေသအလိုက် လိုအပ်ချက်နှင့်အညီ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်။

၇။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ**

(၁) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊

(ခခ) သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊

(ဂဂ) ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊

(ဃဃ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊

(ငင) သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးနှင့် ပြည်သူလူထုမှ နေအိမ်များ ဆောက်လုပ်ရာတွင် လိုအပ်လျက်ရှိသော သစ်များကို ဖြည့်ဆည်းရောင်းချပေးနိုင်ရေး၊

(စစ) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊

(ဆဆ) သစ်တောကဏ္ဍစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး၊

(ဇဇ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ရေး။

(၂) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

(၃) လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည် -

(ကက) သဘာဝတောများထိန်းသိမ်းကာကွယ်ရန်၊

(ခခ) ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကို သစ်တောကဏ္ဍပင်မစီမံကိန်းပါ ရည်မှန်းချက်များနှင့်အညီ တိုးချဲ့ဖွဲ့စည်းသတ်မှတ်ရန်၊

(ဂဂ) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးသစ်တောစိုက်ခင်းများ တည်ထောင်ရန်၊

(ဃဃ) ကျေးလက်ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော သစ်တောထွက်ပစ္စည်းဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရန်၊

(ငင) မြေအခြေအနေပေးသော ကျေးရွာများ၊ မြို့များတွင် ထင်းစိုက်ခင်းများကို စီမံချက်ဖြင့် ပြည်သူလူထုကို စည်းရုံးစိုက်ပျိုးရန်၊

(စစ) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲ စိုက်ခင်းများ တည်ထောင်ရန်၊

(ဆဆ) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးရန်၊

(ဇဇ) သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဈဈ) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးနှင့် ထင်းအစား အခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ စွန့်ပစ်ပစ္စည်းများတိုးမြှင့်သုံးစွဲလာရေးအတွက် ထိထိရောက်ရောက် စည်းရုံးဆောင်ရွက်ရန်၊

(ညည) ကျွန်းနှင့်သစ်မာများကို နှစ်စဉ် တောထွက်အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်ရန်၊

(ဋဋ) ရောင်းတမ်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများကို တွဲဖက်ထုတ်လုပ်ရန်၊

(ဌဌ) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုကို လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု သက်သာစေသော သစ်ထုတ်နည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်။

၈။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**(က) စွမ်းအင်**

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) စွမ်းအင်အရင်းအမြစ်များဖြစ်သည့် ရေနံစိမ်းကို ပြည်တွင်း သုံးစွဲမှုဖူလုံရေး၊ ပြည်ပသို့ တင်ပို့နိုင်ရေးတို့အတွက် တိုးချဲ့ရှာဖွေထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရေး၊

(ခခ) စွမ်းအင်ဆိုင်ရာကိစ္စရပ်များကို ဒေသအတွင်း အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး။

(၂) ရည်မှန်းချက်များမှာ ရေနံစိမ်းထုတ်လုပ်မှုကို နှစ်စဉ် စီမံကိန်း ရည်မှန်းချက်နှင့်အညီ ထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) ရေနံစိမ်းတိုးချဲ့ရှာဖွေထုတ်လုပ်ရေးကို ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဖိတ်ခေါ်ပြီး ရေနံမြေသစ်များ တိုးချဲ့ရှာဖွေထုတ်လုပ်ရန်၊

(ခခ) ရေနံတွင်းသစ်များကို တိုးချဲ့ရှာဖွေသည့်နည်းတူ ရေနံတွင်းဟောင်းများကို ထုတ်လုပ်မှုလျော့နည်းခြင်း အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ရန်၊

(ဂဂ) ရေနံစိမ်းထုတ်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အလေးထား ဆောင်ရွက်ရန်။

၉။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**(က) သတ္တုတွင်း**

(၁) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည် -

(ကက) တိုင်းဒေသကြီး ဓာတ်သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြင့်တင်၍ လေလွင့်ဆုံးရှုံးမှုအနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရေး ရှေးရှုဆောင်ရွက်ရေး၊

(ခခ) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(ဂဂ) ကျယ်ပြန့်ထွန်းကားလာသည့် ဈေးကွက်စီးပွားရေးနှင့်အညီ ဓာတ်သတ္တုထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာဈေးကွက်များ ပြည်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့်ဈေးနှုန်းများ ရရှိရန် ကြိုးပမ်းရေး၊

(ဃဃ) ဓာတ်သတ္တုသယံဇာတပစ္စည်းများ သုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့် ဓာတ်သတ္တုများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်အစားထိုးရေး၊

(ငင) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့်ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှုမရှိစေရေး။

(၂) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) ဝန်ကြီးဌာန၏ နှစ်စဉ်စီမံကိန်းရည်မှန်းချက် အောင်မြင်ရေးအတွက် မြေပေါ်မြေအောက် သယံဇာတဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်၏အမျိုးသားဝင်ငွေ တိုးတက်စေရေးအထောက်အကူပြု ဆောင်ရွက်ရန်၊

(ခခ) နိုင်ငံတော်၏စီးပွားရေးရည်မှန်းချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရန်၊

(ဂဂ) ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင် ဓာတ်သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံး ခေတ်မီပစ္စည်းများ ပံ့ပိုးခြင်း စသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊

(ဃဃ) မြန်မာနိုင်ငံအတွင်း၌ပင် ဈေးကွက်ဖြစ်ထွန်းပေါ်ပေါက်၍ ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေပေးနိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်၊

(ငင) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထားဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) သတ္တုကဏ္ဍနှင့် နိုင်ငံတော်၏စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ကူးပြောင်း၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရန်၊

(ခခ) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်၊

(ဂဂ) မြေပေါ်မြေအောက် သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသားဝင်ငွေ တိုးတက်စေရေး စီမံဆောင်ရွက်ရန်၊

(ဃဃ) အကျိုးတူလုပ်ကိုင်သော ဖက်စပ်သတ္တုတွင်းများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ များနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရန်၊

(ငင) ခွင့်ပြုမိန့်ချထားပေးသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား နိုင်ငံတော်သို့ ပေးသွင်း ရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေးဆောင်ရွက်ရန်။

၁၀။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒများ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**(က) စက်မှုလက်မှုကဏ္ဍ**

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) ခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်းရေး၊ လယ်ယာအခြေခံစက်မှုလုပ်ငန်းများ၊ လယ်ယာလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ၊ တန်ဖိုးမြှင့်ထုတ်လုပ်သည့် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်တိုးတက်လာစေရေးနှင့် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ရေး၊

(ခခ) အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်စေပြီး အကြီးစားစက်မှုလုပ်ငန်းများအား ဆက်လက်ထူထောင်ခြင်းဖြင့် ပြည်ပသွင်းကုန် အစားထိုးထုတ်ကုန်နှင့် ပြည်ပပို့ကုန်များ တိုးမြှင့်ရန်အတွက် ဆောင်ရွက်ရေး၊

(ဂဂ) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုမြှင့်တင်ရေး၊

(ဃဃ) စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ၊ အတတ်ပညာနှင့်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊

(ငင) တိုင်းဒေသကြီးအတွင်းရှိ သယံဇာတ ကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုရန်နှင့် တိုင်းဒေသကြီးအတွင်းရှိ အခြေခံကုန်ကြမ်းများဖြင့် တန်ဖိုးမြှင့် ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရေး၊

(စစ) တိုင်းဒေသကြီး၏ စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေမည့် အစိမ်းရောင်စက်မှုလုပ်ငန်းများ ပိုမို တိုးတက်လာစေရေး။

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) ခေတ်မီစိုက်ပျိုးရေးကို အခြေခံသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့် စက်မှု လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအား အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန်၊

(ခခ) တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့် ရှိစေရန်၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ဝင်းမှတစ်ဆင့် လိုအပ်မည့် အကြီးစားစက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) စက်မှုလုပ်ငန်းများမှ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရန်၊

(ခခ) အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ရပ်တည်ရှင်သန်နိုင်ရန်နှင့် လုပ်ငန်း အောင်မြင်တိုးတက်စေရန် လျှောက်လှမ်းရမည့် လမ်းကြောင်းတွင် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသော ထပ်ဆင့်အခွန်စည်းကြပ်ခြင်းများကို လျှော့ချ၍ အခွန်ကင်းလွတ်ခွင့် (သို့) သက်သာခွင့်များ စီစဉ်ပေးရန်၊

(ဂဂ) နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ သမဝါယမပိုင်နှင့် စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများအား စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊

(ဃဃ) ကျွမ်းကျင်လုပ်သားများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပြီး အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု ကျွမ်းကျင်လုပ်သားများအဖြစ် ပျိုးထောင်ပေးရန်၊ နိုင်ငံတကာ အဆင့်မီ အရည်အချင်းရှိသူများဖြစ်သည်အထိ လေ့ကျင့်ပျိုးထောင်ပေးရန်၊

(ငင) ပြည်တွင်းသယံဇာတများ အခြေခံသည့် ကုန်ပစ္စည်းအမည်သစ်များ ထုတ်လုပ်ရေးနှင့် တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်၊

(စစ) ဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေသော ဒေသများတွင် အခြေခံစက်မှုလုပ်ငန်းများ အပါအဝင် အခြားစက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာစေရေးအတွက် ဒေသန္တရစက်မှု လုပ်ငန်းများကို အားပေးတည်ထောင်ပေးရန်။

၁၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**(က) လျှပ်စစ်စွမ်းအား**

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) လျှပ်စစ်ဓာတ်အား လုံလောက်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရရှိနိုင်သမျှ စွမ်းအင်အရင်းအမြစ်များ အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ရေး၊

(ခခ) တိုင်းဒေသကြီးတွင် အနာဂတ်စွမ်းအင် လုံလောက်မှုရှိပြီး အရန်စွမ်းအင်ထားရှိ စေရေးနှင့် ရေရှည်အသုံးပြုနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကို အကျိုးရှိရှိ အသုံးပြုနိုင်ရန် ဆောင်ရွက်ရေး၊

(ဂဂ) အရည်အသွေး ကောင်းမွန်သော လျှပ်စစ်ဓာတ်အားကို အန္တရာယ်ကင်းရှင်းစွာ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် ဦးတည်ဆောင်ရွက်ရေး၊

(ဃဃ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း လုပ်ငန်းများကို တိုးတက်လာသော ခေတ်မီ နည်းစနစ်များနှင့်အညီ ဆောင်ရွက်သွားရေး၊

(ငင) လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးမှုလုပ်ငန်းများကို သဘာဝပတ်ဝန်း ကျင်ထိခိုက်မှု အနည်းဆုံး နည်းလမ်းများဖြင့် ဆောင်ရွက်ရေး၊

(စစ) တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပို့လွှတ်၊ ဖြန့်ဖြူးပေးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရန်၊ ပြည်သူလူထုနှင့် ပုဂ္ဂလိကတို့က ကဏ္ဍအလိုက် ပါဝင်လာစေရန် ဆောင်ရွက်ပေးရေး။

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို တိုင်းအတွင်း ဓာတ်အားစနစ်မှ လက်ခံရရှိသော မြို့နယ်များသို့ သယ်ယူပို့လွှတ်နိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံများအား တည်ဆောက်ရန်နှင့် သုံးစွဲမည့် စက်မှုလုပ်ငန်းကြီးများနှင့် လုပ်သားပြည်သူများအား ဖြန့်ဖြူးနိုင်ရေးကိုလည်း စီမံချက်ဖြင့် ဆက်လက်ဆောင်ရွက်ရန်၊

( ခခ ) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရန်၊

( ဂဂ ) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်နှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်၊

(ဃဃ) စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်များသို့ ဓာတ်အားစနစ်နှင့် ချိတ်ဆက်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရန်၊

( ငင ) လျှပ်စစ်မီးရရှိသည့်ကျေးရွာများ အရေအတွက်ပိုမိုလာစေရေး ကြိုးပမ်းဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဓာတ်အားဖြန့်ဖြူးရေးလိုင်းများနှင့် ဓာတ်အားခွဲရုံများကို တိုးချဲ့အကောင်အထည်ဖော်တည်ဆောက်ရန်၊

( ခခ ) လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုစနစ်တွင် ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးအတွက် နည်းလမ်းကောင်းတစ်ခုဖြစ်သော ခေတ်မီနည်းပညာသုံး မီတာဖတ်စနစ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

( ဂဂ ) အရည်အသွေးကောင်းမွန်ပြီး ဓာတ်အားပျောက်ဆုံးမှုနည်းသော ထရန်စဖော်မာများ၊ အရည်အသွေးကောင်းမွန်သော ဓာတ်အားလိုင်းကြိုးများနှင့် ကြွေသီးများကို လဲလှယ်၍ တပ်ဆင်သုံးစွဲခြင်းဖြင့် ဓာတ်အားပို့လွှတ်ရေးနှင့် ဓာတ်အားဖြန့်ဖြူးရေးတို့တွင် ဓာတ်အားပျောက်ဆုံးမှု လျှော့ကျရန် ဆက်လက်ဆောင်ရွက်ရန်။

၁၂။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**(က) ဆောက်လုပ်ရေး**

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲလာသည့် နိုင်ငံရေးစနစ်နှင့်အညီ တိုင်းဒေသကြီးအတွင်းရှိလမ်းများကို နိုင်ငံတကာအဆင့်မီလမ်းမကြီးများအဖြစ် ပေါ်ပေါက်လာစေရေး၊

( ခခ ) လမ်းမကြီးများကို အဆင့်မြှင့်တင်ထားသည့် ယာဉ်သွားလမ်းအကျယ်အတိုင်း တံတားများကိုလည်း အမြဲတမ်းတံတားအဖြစ် တည်ဆောက်ရေး၊

(ဂဂ) ပြည်သူလူထုနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးတူပူပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ နိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ ဖောက်လုပ်ပြုပြင် အဆင့်မြှင့်တင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် လွှဲပြောင်းပေးခြင်းစနစ်ဖြင့် ပုဂ္ဂလိကပိုင်အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် နည်းပညာပိုင်းပံ့ပိုးခြင်း၊ အတတ်ပညာပိုင်း အကူအညီပေးခြင်း ရပိုင်ခွင့်များနှင့် လုပ်ပိုင်ခွင့်များ ကာကွယ်စောင့်ရှောက်ပေးသွားရေး၊

(ဃဃ) ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရည်မှန်းချက်ကို အထောက်အကူပြုနိုင်စေရန်အတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ထွန်းလာစေရန် လမ်းတံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး၊

(ငင) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒနှင့်၊ မြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(စစ) လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများ အဓိကထားဆောင်ရွက်ရေး။

(၂) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) နိုင်ငံတကာဆက်သွယ်မှုလမ်း (၄) လမ်းကို (၂၄) ပေအကျယ် ကတ္တရာလမ်းအဆင့် ရောက်ရှိရန်၊

(ခခ) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ (၁၁) လမ်း၊ လမ်းသစ် (၃) လမ်းတို့ကို (၁၂) ပေအကျယ် ကတ္တရာလမ်းအဆင့်ရောက်ရှိရန်၊

(ဂဂ) ၎င်းလမ်းမကြီးများပေါ်ရှိ တံတားကြီးငယ် စုစုပေါင်း (၇၉) စင်းကို နှစ်လမ်းသွား (၂၄) ပေအကျယ် သံကူကွန်ကရစ်တံတားများအဖြစ် တိုးမြှင့်ဆောင်ရွက်ရန်၊

(ဃဃ) ပြည်သူတို့၏လူနေမှုအဆင့်အတန်းမြင့်မားစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် အိမ်ရာစီမံကိန်းများ၊ စက်မှုဇုန်စီမံကိန်းများ ရေးဆွဲရန်၊

(ငင) မြို့များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတကာအဆင့်မီ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) (၁၂) ပေအကျယ်ကတ္တရာလမ်းမှ (၂၄) ပေအကျယ် ကတ္တရာလမ်းအဆင့် (၂ မိုင်) အဆင့်အဆင့် တိုးမြှင့်ဖောက်လုပ်ရန်၊ (ကလေး၀-ကျီကုန်း-တမူးလမ်း)

(ခခ) မြေလမ်း/အမာခံလမ်းအဆင့်မှ (၁၂) ပေအကျယ် ကတ္တရာလမ်းအဆင့် (၇၈ မိုင် ၅.၅ ဖာလုံ) အဆင့်ဆင့်တိုးမြှင့်ဖောက်လုပ်ရန်၊

(ဂဂ) နိုင်ငံတကာဆက်သွယ်မှုလမ်းပေါ်ရှိ တံတား (၂၁) စင်း၊ ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများပေါ်ရှိ တံတား (၄၈) စင်း၊ ဆောင်ရွက်ဆဲ လမ်းသစ်များပေါ်ရှိ တံတား (၁၀) စင်း၊ စုစုပေါင်း (၇၉) စင်းအား (၂၄) ပေအကျယ် သံကူကွန်ကရစ် တံတားများအဖြစ် အဆင့်တိုးမြှင့်တည်ဆောက်ရန်၊

(ဃဃ) တိုင်းဒေသကြီး၏ မြို့ကြီးတွင် ဝန်ထမ်းများအတွက် အငှားချအိမ်ရာစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

၁၃။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**(က) ပို့ဆောင်ရေး**

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) ပို့ဆောင်ရေးကဏ္ဍတွင် ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးအတွက် ရေယာဉ်များ အသစ်တည်ဆောက်ခြင်းနှင့် အစားထိုးဖြည့်တင်းဆောင်ရွက်ရေး၊

(ခခ) ဒေသအတွင်းရှိ ဆိပ်ကမ်းအသီးသီး၏ ကုန်တင်ကုန်ချလုပ်ငန်းများ လျင်မြန်သွက်လက်စေရေး။

(၂) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(ကက) ရေကြောင်းကဏ္ဍဆိုင်ရာ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရေး၊ စိစစ်ကြီးကြပ်ခြင်း၊ ရေကြောင်းသွားလာမှုအတတ်ပညာများ ပိုမိုတိုးတက်မြင့်မားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ကောင်းမွန်ရေးနှင့် ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ခခ) မြစ်ချောင်းများ၏ ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၊ စီမံကိန်းဝင်မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေလမ်းထိန်းသိမ်းခြင်းလုပ်ငန်းများ၊ မြစ်ရေတင်စက်များ ရေရရှိရေး ဆောင်ရွက်ရန်၊

(ဂဂ) မိုးလေဝသလုပ်ငန်းနှင့် ဇလဗေဒလုပ်ငန်းများအတွက် အခြေခံတိုင်းထွာရေးစခန်းများ၊ မုန်တိုင်းပြရေဒါစခန်း၊ ဂြိုဟ်တုတိမ်ပုံဖမ်းစခန်း၊ အထူးတိုင်းထွာရေးစခန်းများ၊ လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်ရေး ဆောင်ရွက်ရန်၊

(ဃဃ) ပြည်တွင်းရေကြောင်းရေယာဉ်များ ပြေးဆွဲလျက်ရှိသော မြစ်များတစ်လျှောက်ရှိ မြို့ကြီးများအကြား လူနှင့်ကုန်ပစ္စည်းများ ပို့ဆောင်ရေးအတွက် ကွန်ရက်စနစ်တည်ဆောက်ခြင်း၊ ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ရေယာဉ်များ၏ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရန်။

**(ခ) ရထားပို့ဆောင်ရေး**

(၁) မူဝါဒမှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ဝန်ဆောင်မှုကဏ္ဍနှင့် စက်မှုကဏ္ဍတို့၌ တိုးတက်အောင် ဆောင်ရွက်သွားရေးဖြစ်သည်။

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(ကက) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးဆိုင်ရာလိုအပ်ချက်များကို အထိရောက်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရန်၊

(ခခ) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်၊

(ဂဂ) မော်တော်ယာဉ်၊ ရေယာဉ်များဖြင့် စီးပွားရေးအလို့ငှာ သယ်ယူပို့ဆောင်ရေးဆိုင်ရာများ လုပ်ကိုင်ရာတွင် စနစ်တကျဖြစ်စေရန်၊

(ဃဃ) ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် အစဉ်အမြဲတိုးတက်နေစေရန် လေ့ကျင့်ဆောင်ရွက်ရန်၊

(ငင) မြန်မာ့မီးရထားစီးနင်းခနှင့် ကုန်စည်တန်ဆာခနှုန်းများကို တိုးမြှင့်ကောက်ခံမှုအပေါ် ပြည်သူမှ ယုံကြည်အားကိုးမှု အပြည့်အဝရရှိစေရန်၊ အကောင်းဆုံး ဝန်ဆောင်မှုများဖြင့် ဖြည့်ဆည်းဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်မှာ အောက်ပါအတိုင်းဖြစ်သည် -

(ကက) ရထားလမ်းဟောင်းများအား ဇလီဖား၊ ကျောက်ဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းဆက်စပ် ပစ္စည်းများနှင့် ကွန်ကရစ်ဇလီဖားများ၊ ကွန်ကရစ်တံတားဘောင်များ၊ သံမဏိတံတားဘောင်များ ထုတ်လုပ်ခြင်း၊ တိုးချဲ့လာသော ရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့်အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်ရန်၊

(ခခ) ကသာ-ဗန်းမော်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းအား ဆောင်ရွက်ရန်၊

(ဂဂ) တည်ဆောက်ပြီး၊ ကွန်ကရစ်ဇလီဖားစက်ရုံ (၁) ရုံမှ ကွန်ကရစ်ဇလီဖားများ ထုတ်လုပ်ပြီး ရထားလမ်းပိုင်းများ ထိန်းသိမ်းထားနိုင်ရေး လဲလှယ်ရန်။

၁၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**(က) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ**

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(ကက) လက်ရှိကျင့်သုံးနေသော စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းဆိုင်ရာဆက်သွယ်ရေး ဥပဒေ၊ နည်းဥပဒေများကို ခေတ်စနစ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲခြင်း အတည်ပြုခြင်းများ ဆောင်ရွက်ရေး၊

(ခခ) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းဆက်သွယ်ရေးကဏ္ဍ တည်ဆောက်မှုလုပ်ငန်းများကို ပြည်တွင်း/ပြည်ပ ကုမ္ပဏီများအား အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းမှု (Public Private Partnership-PPP) ပုံစံဖြင့် ပါဝင်ရင်းနှီးမြှုပ်နှံမှု ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကကဏ္ဍဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ပါဝင်ရေး၊

(ဂဂ) မိုဘိုင်းတယ်လီဖုန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြည်သူများသို့ အဆင့်ဆင့် ဈေးနှုန်းလျော့နည်း တပ်ဆင်ပေးနိုင်ရန်နှင့် ကျေးလက်နေပြည်သူများအထိ မိုဘိုင်းတယ်လီဖုန်းများ သုံးစွဲနိုင်ရန် ဆောင်ရွက်ရေး၊

(ဃဃ) ပြည်တွင်း/ပြည်ပ စာပို့တိုက်လုပ်ငန်းများကို သတင်းအချက်အလက် နည်းပညာဖြင့်လည်းကောင်း၊ ခေတ်မီစက်ပစ္စည်းကိရိယာများကို အသုံးပြု၍ ပြည်တွင်းစာပို့တိုက်လုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်း၍လည်းကောင်း၊ အစိုးရ/ပုဂ္ဂလိက ဖက်စပ်ကုမ္ပဏီ ထူထောင်၍လည်းကောင်း ဝန်ဆောင်မှုအရည်အသွေးကို တိုးမြှင့်ရေး။

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) ၂၀၁၃-၂၀၁၄ ခုနှစ် မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်း တိုးချဲ့တပ်ဆင်သွားမည်ဖြစ်ပြီး အင်တာနက်ထိုးဖောက်သုံးစွဲမှုကို တိုးတက်သုံးစွဲနိုင်ရေး ဆောင်ရွက်ရန်၊

(ခခ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် အင်တာနက်ဝန်ဆောင်မှုကို ပြည်သူများ စိတ်ကြိုက်ရွေးချယ်အသုံးပြုနိုင်သည်အထိ ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) Online Charging System (OCS) စနစ်တပ်ဆင်ခြင်းကို ဆောင်ရွက်ရန်၊

(ခခ) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ တယ်လီဖုန်းခေါ်ဆိုမှုတွင် လွယ်ကူချောမွေ့စေရန် အပြည်ပြည်ဆိုင်ရာအိတ်ချိန်းများ တိုးချဲ့ခြင်းကိုလည်း ဆောင်ရွက်ရန်၊

(ဂဂ) အင်တာနက်သုံးစွဲမှုတွင် လက်ရှိအသုံးပြုနေသော IPV4 စနစ်အား IPV6 စနစ်သို့ ပြောင်းလဲသုံးစွဲနိုင်ရေး ဆောင်ရွက်ရန်၊

(ဃဃ) ပြည်နယ်နှင့် တိုင်းဒေသကြီး၊ မြို့နယ်များအရ Fiber Cable ဆက်ကြောင်းများ တည်ဆောက်၍ လုံလောက်သော Bandwidth Capacity ရရှိရေး ဆောင်ရွက်မည့် အပြင် အရန်ဆက်ကြောင်းအဖြစ် GBE Micro ဆက်ကြောင်းများ တည်ဆောက်ရန်၊

(ငင) ကြေးနန်းရုံးအသစ်များဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း၊ E-Telegram ကြေးနန်းများ တိုးချဲ့ခြင်းကို ဆောင်ရွက်ရန်။

၁၅။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာအထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရေး။

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) နိုင်ငံတော်ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စနစ်တကျ ကြီးကြပ်ကွပ်ကဲမှုပြုနိုင်ရေးအတွက် နိုင်ငံတကာအဆင့်အတန်းနှင့်အညီ ဖြစ်စေရေး ဆောင်ရွက်ရန်၊

(ခခ) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဂဂ) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ဃဃ) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့ အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ငင) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်ရန်၊

(စစ) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းပေါ်ပေါက်ရေးနှင့် အဖွဲ့အစည်းများအား စနစ်တကျ ကြီးကြပ်ကွပ်ကဲမည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၊ အသေးစားငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ်တကျ ဖွဲ့စည်းကြပ်မတ်ဆောင်ရွက်ရန်။

၁၆။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**(က) ပညာရေး**

**(၁) အခြေခံပညာ**

(ကက) မူဝါဒများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- နိုင်ငံ့သားကောင်းများပြုစုပျိုးထောင်ပေးရေး၊
- မသင်မနေရ မူလတန်း ပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော်ရေး၊
- တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊

- တစ်သက်တာလေ့လာသင်ယူသော ပညာရေးစနစ်နှင့် လူ့အဖွဲ့အစည်းပေါ်ထွန်းရေး၊
- ကျွမ်းကျင်သော အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာများ ပေါ်ထွန်းရေး၊
- ဒီမိုကရေစီစနစ် ပြဌာန်းထွန်းကားရေး။

( ခ ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

- ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်း အခြေခံပညာကို ကောင်းစွာ တတ်မြောက်ပြီး ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် နိုင်ငံသားကောင်းများ ဖြစ်လာရန်၊
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးအတွက် အခြေခံကောင်းများရရှိလာစေရန်နှင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု၊ ချစ်ကြည်လေးစားမှုနှင့် ရိုင်းပင်းကူညီမှုများ တိုးတက်ဖြစ်ထွန်းလာစေရန်၊
- လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသက်မွေးဝမ်းကျောင်းပညာ အခြေခံများ သင်ကြားပေးရန်၊
- တက္ကသိုလ်ပညာကို ဆက်လက်သင်ယူနိုင်ရေးအတွက် ခိုင်မြဲသော ပညာအခြေခံ တည်ဆောက်ပေးရန်။

( ဂ ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- မသင်မနေရ မူလတန်းပညာရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊
- အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းနေမြဲရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်ရန်၊
- အခြေခံပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးရန်၊
- အခြေခံပညာမူလတန်းအဆင့်တွင် ကလေးဗဟိုပြု သင်ယူမှုချဉ်းကပ်နည်းဖြင့် ထိရောက်စွာအသုံးပြုသင်ကြားရန်၊
- ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအရ လွှမ်းခြုံမှုရှိစေရန်၊
- ဘက်စုံပညာထူးချွန်သူများ ရွေးချယ်ချီးမြှင့်ရေး၊ ကင်းထောက်အဖွဲ့နှင့် ကြက်ခြေနီ အသင်းများ ဖွဲ့စည်းဆောင်ရွက်ရန်၊
- ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက် နိုင်ရေးနှင့် အရည်အသွေးပြည့်မီသော ကိုယ်ပိုင်ကျောင်းများ ပေါ်ထွန်းလာရန်၊
- ပညာရေးစီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ် ဖွံ့ဖြိုးတိုးတက်စေရန်၊
- အခြေခံပညာသင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေးနှင့် လိုက်လျောညီထွေသည့် ပညာရည်စစ်ဆေးတိုင်းတာမှု စနစ် ပေါ်ထွန်းစေရန်၊
- သင်ကြားမှုအရည်အသွေး မြင့်မားရေးနှင့် စဉ်ဆက်မပြတ် အသင်မွေးဝမ်းကျောင်း ဆရာအတတ်ပညာဖွံ့ဖြိုးမှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရန်၊
- ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော်ရန်၊
- အခြေခံပညာကျောင်းများတွင် အရည်အသွေးမီ သင်ကြားသင်ယူမှုပတ်ဝန်းကျင် ဖြစ်ထွန်းစေရန်။

**(ခ) ကျန်းမာရေး**

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားလာစေရေး၊

(ခခ) ကျေးလက်ဒေသကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေး၊

(ဂဂ) ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ ပြည့်မီရေး၊

(ဃဃ) ကျန်းမာခြင်းအပေါ် အကျိုးသက်ရောက်မှုရှိသော လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆက်စပ်လျက်ရှိသော အခြေအနေများ တိုးတက်ကောင်းမွန်စွာ ဖြစ်ပေါ်လာစေရေး။

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) နိုင်ငံသားတိုင်း အရည်အသွေးပြည့်ဝသော ပြီးပြည့်စုံသည့် ကျန်းမာရေးစောင့်ရှောက်မှုကို သာတူညီမျှရရှိခံစားနိုင်စေရန်၊

(ခခ) တည်ဆဲကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့် ဥပဒေများကို လက်တွေ့လိုက်နာကျင့်သုံးရေး၊ ပြောင်းလဲလာသောအခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်ရေးနှင့် လိုအပ်သောမူဝါဒနှင့် ဥပဒေသစ်များ ရေးဆွဲနိုင်ရေးအတွက် အမြဲမပြတ် လေ့လာသုံးသပ် အကြံပြုဆောင်ရွက်ရန်၊

(ဂဂ) ကျန်းမာရေးမူဝါဒ၊ ကျန်းမာရေးစီမံခန့်ခွဲမှုနှင့် စီမံကိန်းများချမှတ်ရေးဆွဲ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုစေရေးအတွက် တိကျမှန်ကန်သော သတင်းစနစ်ကို အားဖြည့်ဆောင်ရွက်ရန်၊

(ဃဃ) မိခင်၊ မွေးကင်းစနှင့် ကလေးသူငယ်များ ဘဝသက်တမ်းတစ်လျှောက် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရန်၊

(ငင) အခြေခံအဓိကဆေးဝါးများ၊ ကာကွယ်ဆေးနှင့် တိုင်းရင်းဆေးဝါးများကို လုံလောက်စွာ ရရှိစေရေး ဆောင်ရွက်ရန်၊

(စစ) အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဘေးကင်းလုံခြုံစိတ်ချရေး၊ လုပ်ငန်းခွင်ကျန်းမာရေး၊ ပတ်ဝန်းကျင်ကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲခန်းလုပ်ငန်းများတိုးချဲ့ရေးကို ဆောင်ရွက်ရန်၊

(ဆဆ) ပြည်သူလူထု၏ ကျန်းမာရေးအဆင့်မြင့်တင်ရာတွင် ကျန်းမာရေးနှင့် နှီးနွယ်ဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်၊

(ဇဇ) နိုင်ငံတကာ ကျန်းမာရေးလုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(ကက) ပြည်သူလူထု၏ လိုအပ်ချက်အပေါ် အခြေခံ၍ ကဏ္ဍနှင့်ဒေသအလိုက် ကျန်းမာရေး စီမံကိန်း၊ စီမံချက်များ ညှိနှိုင်းရေးဆွဲဆောင်ရွက်ရန်၊

(ခခ) ကျေးလက်/နယ်စပ်ဒေသနှင့် မြို့ပြဆင်ခြေဖုံးဒေသများတွင် ပဏာမကျန်းမာရေး စောင့်ရှောက်မှုပေးရေးနှင့် လွှမ်းခြုံမှုမြှင့်တင်ရန်၊

(ဂဂ) မိခင်၊ မွေးကင်းစနှင့် ကလေးဘဝ ကာလများအပါအဝင် ဘဝသက်တမ်းတစ်လျှောက် ရောဂါဖြစ်ပွားမှု၊ မသန်စွမ်းမှုနှင့် သေဆုံးမှုများ လျော့နည်းကျဆင်းစေရန်၊

(ဃဃ) အရည်အသွေးပြည့်ဝသော တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ရေးနှင့် အစွမ်းထက်သော တိုင်းရင်းဆေးများ ဖော်ထုတ်အသုံးပြုရန်၊

(ငင) ဝင်ငွေနည်းပြည်သူလူထုအတွက် ပြည်သူလူထုအခြေပြု လူမှုကာကွယ်ရေး အစီအစဉ်များ ဆောင်ရွက်ရေး၊ ကျန်းမာရေးဖောင်ဒေးရှင်းများနှင့် အခြားသင့်လျော်သည့် အစီအစဉ်များ ဖြစ်ပေါ်လာစေရန် ကူညီဆောင်ရွက်ရန်၊

(စစ) ကျန်းမာရေးနှင့် နှီးနွှယ်ဆက်စပ်နေသည့် ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိကများနှင့် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရန်၊

(ဆဆ) ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန် ပြည်တွင်းပြည်ပ အကူအညီများအား စနစ်တကျအသုံးချရန်၊

(ဇဇ) ကျန်းမာရေးစွမ်းအားစုများအား အကျိုးရှိစွာအသုံးချရန်။

၁၇။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ဌားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒမှာ အာဆီယံစီးပွားရေးအသိုက်အဝန်း ရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန်အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာပညာအရည်အချင်းများကို အသိအမှတ်ပြုရေး၊ အခြေခံအဆောက်အဦများဖွံ့ဖြိုးတိုးတက်ရေး ဖြစ်သည်။

၁၈။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**(က) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး**

(၁) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ကုန်သွယ်ရေးမူဝါဒများကို စနစ်တကျရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(ခခ) ပြည်ပပို့ကုန် တိုးမြှင့်နိုင်ရေးအတွက် ပြည်တွင်းမှထုတ်လုပ်သော ထုတ်ကုန်အမျိုးမျိုး တိုးမြှင့်တင်ပို့ရေး၊

(ဂဂ) ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို အထောက်အကူပြုစေရေးအတွက် ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပိုလျှံမှုတို့အပေါ် မူတည်၍ ပို့ကုန်၊ သွင်းကုန်များကို ထိန်းညှိပေးရေး။

(၂) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) နိုင်ငံတွင်းကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်သည်နှင့်အမျှ ပြည်တွင်းဈေးကွက်တည်ငြိမ်စေရန်အတွက် အဆင်ပြေချောမွေ့စွာ ကူးသန်းရောင်းဝယ်ရန် ဖြေလျှော့မှုများ ဆောင်ရွက်ပေးခြင်း၊ ပြည်တွင်းစားသုံးမှု ပိုလျှံသည်များကို နိုင်ငံခြားဝင်ငွေတိုးတက်စေရန်၊ ပြည်ပသို့ တင်ပို့ရောင်းချခြင်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုစေနိုင်မည့် ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်း စသည်တို့ကို ဆောင်ရွက်ရန်။

(၃) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ကက) စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပေါ်ပေါက်လာရေး၊ ပြည်နယ်နှင့် တိုင်းဒေသအသီးသီးတွင် စားသုံးသူ ကာကွယ်ရေးအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်ရေး၊ စားသုံးသူပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရေး၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ခခ) ပြည်တွင်းပြည်ပဈေးကွက် သတင်းအချက်အလက်များ၊ ပို့ကုန်၊ သွင်းကုန်နှင့် ပြည်တွင်းကုန်သွယ်မှု စာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်စွာရရှိနိုင်ရေးအတွက် ခေတ်မီသတင်းအချက်အလက်နည်းပညာများ သုံးစွဲ၍ သတင်းကွန်ရက်

စနစ်တစ်ရပ် ချိတ်ဆက်တည်ဆောက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ ပါဝင်သော လုပ်ငန်းအဖွဲ့တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဂဂ) ပို့ကုန်အရည်အသွေး၊ မြှင့်တင်နိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍတွင် စိုက်ပျိုးရေးအခြေခံစက်မှုကုန်ထုတ်လုပ်ငန်းများ၊ ပဲခွဲစက်များ၊ ဆီစက်များ၊ တည်ထောင်နိုင်ရေးနည်းပညာနှင့် အရင်းအနှီးများရရှိရေးအတွက် ကူညီချိတ်ဆက်ပညာပေးဆောင်ရွက်ရန်၊

(ဃဃ) ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာအခြေခံနှင့်အဆင့်မြင့်သင်တန်းများ ဖွင့်လှစ်ပို့ချပေးနိုင်ရေးအတွက် ဝန်ကြီးဌာန၊ ရုံးချုပ်သို့ချိတ်ဆက်၍ သင်ရိုးညွှန်းတမ်းများနှင့် သင်တန်းအစီအစဉ်များအား ရေးဆွဲရေးဆောင်ရွက်ရန်၊

(ငင) ကုန်စည်ဒိုင်များ တိုးချဲ့ဖွဲ့စည်းရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက်တိုင်းအတွင်း ကုန်စည်ဈေးကွက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည့်အချက်အချာကျသော မြို့များ၌ ကုန်စည်ဒိုင်များ တိုးချဲ့ဖွင့်လှစ်ရန်၊

(စစ) အဓိကပို့ကုန်များဖြစ်သော ဆန်စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စက်မှုကုန်ကြမ်းသီးနှံများနှင့် အလားအလာကောင်းသော ပို့ကုန်များ ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေးအတွက်အသင်းအဖွဲ့များ၊ အများပိုင်ကုမ္ပဏီများ၊ အထူးပြုကုမ္ပဏီများ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဆဆ) အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာပေးအစီအစဉ်များ၊ ဈေးကွက်ချိတ်ဆက်ပေးမှုအစီအစဉ်များ၊ နည်းပညာနှင့် ငွေအရင်းအနှီးရရှိရေးအစီအစဉ်များအား လေ့လာ၍ သက်ဆိုင်ရာသို့တင်ပြချိတ်ဆက်ဆောင်ရွက်ရန်၊

(ဇဇ) ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ အသင်းအဖွဲ့များ၊ အခြားသောသက်ဆိုင်ရာတိုင်းဒေသကြီးတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဈဈ) ဈေးကွက်သတင်းအချက်အလက်များ၊ ပို့ကုန်သွင်းကုန်နှင့် ပြည်တွင်းကုန်သွယ်မှုစာရင်းဇယားကိန်းဂဏန်းများ တိကျမှန်ကန်စွာရရှိနိုင်ရေး၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ ချိတ်ဆက်ဆောင်ရွက်ရန်၊

(ညည) နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များ ကျယ်ပြန့်စွာနှင့်လွယ်ကူစွာ ပါဝင်လုပ်ကိုင်နိုင်ခွင့်ရှိရေး၊ တရားမဝင်ကုန်သွယ်မှု လျော့နည်းကျဆင်းရေးအတွက် ပုဂ္ဂိုလ်တစ်ဦးချင်းအား တစ်ဦးတည်းပိုင်လုပ်ငန်းများမှတ်ပုံတင်စေ၍ နယ်စပ်ကုန်သွယ်မှုလုပ်ကိုင်ခွင့်ရရှိအောင် ဆောင်ရွက်ရန်၊

(ဋဋ) ဆင်းရဲမှုလျှော့ချရေးအတွက် ကျေးလက်ဒေသ၊ စက်မှုလက်မှုလုပ်ငန်းငယ်များဖွံ့ဖြိုးလာရေး ကူညီအားပေးဆောင်ရွက်ရန်။

## အခန်း (၄)

## အထွေထွေ

၁၉။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၂၀။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံးဆောင်ရွက်ရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး၊
ဝန်ကြီးချုပ်၊
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့။

# စစ်ကိုင်းတိုင်းဒေသကြီး၏
# ၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
# ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
# (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး- ကျပ်သန်း)

| အမှတ်စဉ် | ကဏ္ဍကြီး | ၂၀၁၂-၂၀၁၃ ခုနှစ် | | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုးရာခိုင်နှုန်း | တန်ဖိုး | ပါဝင်မှုအချိုးရာခိုင်နှုန်း | တိုးတက်မှုနှုန်းရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | လယ်ယာ | ၂၄၅၈၀၄၆.၈ | ၄၆.၆ | ၂၅၈၇၀၆၁.၆ | ၄၄.၈ | ၅.၂ |
| ၂ | စက်မှု | ၁၃၄၄၀၁၀.၂ | ၂၅.၅ | ၁၅၃၀၀၀၂.၀ | ၂၆.၅ | ၁၃.၈ |
| ၃ | ဝန်ဆောင်မှု | ၁၄၇၃၇၇၇.၉ | ၂၇.၉ | ၁၆၅၈၀၁၉.၂ | ၂၈.၇ | ၁၂.၅ |
| ၄ | အသားတင်ထုတ်လုပ်မှုတန်ဖိုး | ၅၂၇၅၉၃၄.၉ | ၁၀၀.၀ | ၅၇၇၅၀၈၂.၈ | ၁၀၀.၀ | ၉.၅ |

**စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

(တန်ဖိုး- ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ခုနှစ် | | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုးရာခိုင်နှုန်း | တန်ဖိုး | ပါဝင်မှုအချိုးရာခိုင်နှုန်း | တိုးတက်မှုနှုန်းရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၈၀၂၁၅၇. ၀** | **၇၂. ၁** | **၄၁၁၇၀၆၃. ၆** | **၇၁. ၃** | **၈. ၃** |
| | ၁ | လယ်ယာ | ၂၀၈၃၇၄၆. ၄ | ၃၉. ၅ | ၂၁၇၉၁၁၄. ၆ | ၃၇. ၇ | ၄. ၆ |
| | ၂ | သားငါး | ၃၃၈၁၁၇. ၇ | ၆. ၄ | ၃၇၄၄၈၄. ၁ | ၆. ၅ | ၁၀. ၈ |
| | ၃ | သစ်တော | ၃၆၂၈၂. ၇ | ၀. ၇ | ၃၃၄၆၂. ၉ | ၀. ၆ | -၇. ၈ |
| | ၄ | စွမ်းအင် | ၈၁၄၁. ၂ | ၀. ၂ | ၃၅၆၂. ၅ | ၀. ၁ | -၅၆. ၂ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၉၀၈၆. ၉ | ၁. ၁ | ၁၁၉၂၃၄. ၇ | ၂. ၁ | ၁၀၁. ၈ |
| | ၆ | စက်မှုလက်မှု | ၁၁၉၀၂၀၂. ၄ | ၂၂. ၆ | ၁၃၁၀၄၁၂. ၈ | ၂၂. ၇ | ၁၀. ၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၂၁၆၉၈. ၉ | ၀. ၄ | ၂၃၈၄၇. ၃ | ၀. ၄ | ၉. ၉ |
| | ၈ | ဆောက်လုပ်မှု | ၆၄၈၈၀. ၈ | ၁. ၂ | ၇၂၉၄၄. ၇ | ၁. ၃ | ၁၂. ၄ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၄၈၃၄၄၂. ၅** | **၉. ၁** | **၅၉၅၀၃၆. ၁** | **၁၀. ၃** | **၂၃. ၁** |
| | ၁ | ပို့ဆောင်ရေး | ၂၃၀၁၈၀. ၇ | ၄. ၄ | ၂၅၁၅၄၂. ၇ | ၄. ၄ | ၉. ၃ |
| | ၂ | ဆက်သွယ်ရေး | ၆၄၄၀၂. ၆ | ၁. ၂ | ၁၄၁၁၃၃. ၄ | ၂. ၄ | ၁၁၉. ၁ |
| | ၃ | ငွေရေးကြေးရေး | ၁၉၂၉. ၁ | ၀. ၀၄ | ၂၄၁၆. ၆ | ၀. ၀၄ | ၂၅. ၃ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၁၁၉၄၃. ၈ | ၂. ၁ | ၁၁၆၂၆၇. ၅ | ၂. ၀ | ၃. ၉ |
| | ၅ | ငှားရမ်းခနှင့်အခြား ဝန်ဆောင်မှု | ၇၄၉၈၆. ၃ | ၁. ၄ | ၈၃၆၇၅. ၉ | ၁. ၄ | ၁၁. ၆ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၉၉၀၃၃၅. ၄** | **၁၈. ၈** | **၁၀၆၂၉၈၃. ၁** | **၁၈. ၄** | **၇. ၃** |
| **၄** | | **အသားတင်ထုတ်လုပ်မှုတန်ဖိုး** | **၅၂၇၅၉၃၄. ၉** | **၁၀၀. ၀** | **၅၇၇၅၀၈၂. ၈** | **၁၀၀. ၀** | **၉. ၅** |

**ဇယား။၃။**

**စစ်ကိုင်းတိုင်းဒေသကြီး၏**

**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**

**သီးနှံစိုက်ဧက ရည်မှန်းချက်**

| အမှတ်စဉ် | | သီးနှံအမည် | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| **၁** | | **နှံစားသီးနှံများ** | **ဧက** | **၃၀၅၇၄၅၀** | **၃၀၈၉၀၅၀** | **၁. ၀** |
| ၁ | | စပါး | ။ | ၂၃၀၇၇၅၀ | ၂၃၂၈၀၀၀ | ၀. ၉ |
| | ၁ | မိုးစပါး | ။ | ၁၈၄၁၆၀၀ | ၁၈၅၁၈၀၀ | ၀. ၆ |
| | ၂ | နွေစပါး | ။ | ၄၆၆၁၅၀ | ၄၇၆၂၀၀ | ၂. ၂ |
| ၂ | | ဂျုံ | ။ | ၁၉၂၀၀၀ | ၁၉၅၀၀၀ | ၁. ၆ |
| ၃ | | ပြောင်းဖူးပေါင်း | ။ | ၃၉၂၀၀၀ | ၄၀၀၀၀၀ | ၂. ၀ |
| | ၁ | အစေ့ထုတ်ပြောင်း | ။ | ၂၀၂၀၀၀ | ၂၀၅၀၀၀ | ၁. ၅ |
| | ၂ | ဖူးစားပြောင်း | ။ | ၁၉၀၀၀၀ | ၁၉၅၀၀၀ | ၂. ၆ |
| ၄ | | နှံစားပြောင်း | ။ | ၁၅၈၀၀၀ | ၁၅၈၃၀၀ | ၀. ၂ |
| ၅ | | အခြားနှံစားသီးနှံများ | ။ | ၇၇၀၀ | ၇၇၅၀ | ၀. ၆ |
| **၂** | | **ပဲအမျိုးမျိုး** | **။** | **၂၃၅၀၉၉၀** | **၂၃၇၆၂၆၀** | **၁. ၁** |
| ၁ | | မတ်ပဲ | ။ | ၁၆၁၀၀၀ | ၁၆၅၀၀၀ | ၂. ၅ |
| ၂ | | ပဲတီစိမ်း | ။ | ၅၃၉၂၉၀ | ၅၄၂၂၅၀ | ၀. ၅ |
| ၃ | | ထောပတ်ပဲ | ။ | ၃၃၀၅၀ | ၃၃၃၅၀ | ၀. ၉ |
| ၄ | | စွန်တာနီ | ။ | ၄၄၀၀ | ၄၅၀၀ | ၂. ၃ |
| ၅ | | စွန်တာပြာ | ။ | ၂၁၆၅၀၀ | ၂၁၈၇၀၀ | ၁. ၀ |
| ၆ | | ပဲပုပ် | ။ | ၃၄၂၀၀ | ၃၄၄၅၀ | ၀. ၇ |
| ၇ | | ကုလားပဲ | ။ | ၃၇၂၆၀၀ | ၃၇၇၆၀၀ | ၁. ၃ |
| ၈ | | ပဲလွမ်း | ။ | ၅၄၃၀၀ | ၅၄၅၅၀ | ၀. ၅ |
| ၉ | | ပဲစင်းငုံ | ။ | ၅၅၀၀၀၀ | ၅၅၅၀၀၀ | ၀. ၉ |
| ၁၀ | | ပဲယဉ်း | ။ | ၃၂၆၅၀ | ၃၂၉၀၀ | ၀. ၈ |
| ၁၁ | | ပဲဖြူကလေး | ။ | ၃၆၀၀ | ၃၇၀၀ | ၂. ၈ |
| ၁၂ | | ပဲကြီး | ။ | ၅၂၆၀၀ | ၅၄၇၀၀ | ၄. ၀ |
| ၁၃ | | ပဲကျား | ။ | ၇၉၀၀ | ၇၉၅၀ | ၀. ၆ |
| ၁၄ | | စားတော်ပဲ | ။ | ၅၈၆၀၀ | ၅၈၈၀၀ | ၀. ၃ |
| ၁၅ | | ပဲရာဇာ | ။ | ၄၀၀၀ | ၄၀၅၀ | ၁. ၃ |

**ဇယား။၃။အဆက်**
**စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**သီးနှံစိုက်ဧက ရည်မှန်းချက်**

| အမှတ်စဉ် | သီးနှံအမည် | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁၆ | ပဲနောက် | ဧက | ၁၆၅၀၀ | ၁၆၆၀၀ | ၀. ၆ |
| ၁၇ | အခြားပဲများ | ။ | ၂၀၉၈၀၀ | ၂၁၂၁၆၀ | ၁. ၁ |
| **၃** | **ဆီထွက်သီးနှံများ** | ။ | **၂၂၇၆၂၀၂** | **၂၂၉၇၉၀၂** | **၁. ၀** |
| ၁ | မြေပဲ | ။ | ၆၈၁၆၀၀ | ၆၈၄၆၅၀ | ၀. ၄ |
| ၁ | မိုးမြေပဲ | ။ | ၂၅၆၃၀၀ | ၂၅၉၃၀၀ | ၁. ၂ |
| ၂ | ဆောင်းမြေပဲ | ။ | ၄၂၅၃၀၀ | ၄၂၅၃၅၀ | ၀. ၀ |
| ၂ | နှမ်း | ။ | ၉၉၃၁၀၀ | ၁၀၀၈၂၀၀ | ၁. ၅ |
| ၁ | မိုးနှမ်း | ။ | ၄၅၈၀၀၀ | ၄၆၃၀၀၀ | ၁. ၁ |
| ၂ | ဆောင်းနှမ်း | ။ | ၄၈၁၀၀၀ | ၄၉၁၀၀၀ | ၂. ၁ |
| ၃ | နွေနှမ်း | ။ | ၅၄၁၀၀ | ၅၄၂၀၀ | ၀. ၂ |
| ၃ | မုန်ညင်းစေ့ | ။ | ၃၃၀၀၀ | ၃၃၃၀၀ | ၀. ၉ |
| ၄ | နေကြာ | ။ | ၄၅၇၅၀၀ | ၄၆၀၄၅၀ | ၀. ၆ |
| ၅ | ပန်းနှမ်း | ။ | ၁၀၄၀၀၀ | ၁၀၄၃၀၀ | ၀. ၃ |
| ၆ | အခြားဆီထွက်သီးနှံ | ။ | ၇၀၀၂ | ၇၀၀၂ | |
| ၁ | သစ်ဆိမ့် | ။ | ၆၄၃၈ | ၆၄၃၈ | |
| ၂ | ဆီသပြေ | ။ | ၅၆၄ | ၅၆၄ | |
| **၄** | **လျှော်ပင်များ** | ။ | **၁၅၁၈၆၄** | **၁၅၁၉၁၄** | **၀. ၀၃** |
| ၁ | ဝါ | ။ | ၁၄၉၈၅၀ | ၁၅၁၉၀၀ | ၁. ၄ |
| ၁ | ဝါကြီး | ။ | ၅၀၀၀ | ၅၀၀၀ | |
| ၂ | မလှိုင်ဝါ | ။ | ၁၅၀၀၀ | ၁၅၀၀၀ | |
| ၃ | ချည်မျှင်ရှည်ဝါ | ။ | ၁၂၉၈၅၀ | ၁၃၁၉၀၀ | ၁. ၆ |
| ၂ | ချဉ်ပေါင်လျှော် | ။ | | | |
| ၃ | ချဉ်ပေါင်လျှော် (မျိုးစေ့) | ။ | ၂၀၀၀ | | -၁၀၀. ၀ |
| ၄ | အခြားလျှော်ပင်များ | ။ | ၁၄ | ၁၄ | |

**ဇယား။၃။အဆက်**
**စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**သီးနှံစိုက်ဧက ရည်မှန်းချက်**

| အမှတ်စဉ် | | သီးနှံအမည် | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| **၅** | | **အခြားစက်မှုသုံးသီးနှံများ** | **ဧက** | **၈၆၃၀၈၇** | **၇၆၂၅၆၈** | **-၁၁. ၆** |
| ၁ | | ကြက်ပေါင်စေး | ။ | ၉၄၉၉ | ၁၀၅၄၉ | ၁၁. ၁ |
| ၂ | | ကြက်ဆူ | ။ | ၅၁၉၄၀၉ | ၄၁၆၈၄၀ | -၁၉. ၇ |
| | ၁ | ခြံစည်းရိုးကြက်ဆူ | ။ | ၅၁၂၈၈၉ | ၄၁၀၃၀၉ | -၂၀. ၀ |
| | ၂ | အစေ့ကြားကြက်ဆူ | ။ | ၆၅၂၀ | ၆၅၃၁ | ၀. ၂ |
| ၃ | | ကြံစုစုပေါင်း | ။ | ၃၁၁၃၇၉ | ၃၁၂၃၇၉ | ၀. ၃ |
| | | ကြံစုစုပေါင်း (ရင့်) | ။ | ၁၆၀၃၁၀ | ၁၆၀၃၁၀ | |
| | ၁ | ချက်ကြံ (ရင့်) | ။ | ၁၆၀၀၀၀ | ၁၆၀၀၀၀ | |
| | ၂ | စားကြံ (ရင့်) | ။ | ၃၁၀ | ၃၁၀ | |
| | | ကြံစုစုပေါင်း (နု) | ။ | ၁၅၁၀၆၉ | ၁၅၂၀၆၉ | ၀. ၇ |
| | ၁ | ချက်ကြံ (နု) | ။ | ၁၅၁၀၆၉ | ၁၅၂၀၆၉ | ၀. ၇ |
| | ၂ | စားကြံ (နု) | ။ | | | |
| ၄ | | ထန်း | ။ | ၂၂၈၀၀ | ၂၂၈၀၀ | |
| **၆** | | **ဆေးရွက်၊ကွမ်းသီးနှင့်ကွမ်း** | **။** | **၄၈၀၈** | **၄၉၄၀** | **၂. ၇** |
| ၁ | | မြန်မာဆေး | ။ | ၁၁၈၀ | ၁၂၀၀ | ၁. ၇ |
| ၂ | | ဗာဂျီးနီးယားဆေး | ။ | ၂၁၀ | ၂၂၀ | ၄. ၈ |
| ၃ | | ကွမ်းသီး | ။ | ၁၂၉၈ | ၁၃၀၀ | ၀. ၂ |
| ၄ | | ကွမ်းရွက် | ။ | ၂၁၂၀ | ၂၂၂၀ | ၄. ၇ |
| **၇** | | **ဟင်းခတ်အမွှေးအကြိုင်ပင်များ** | **။** | **၆၆၇၇၇** | **၆၉၄၀၇** | **၃. ၉** |
| ၁ | | ငရုတ်စုစုပေါင်း | | ၁၁၉၀၀ | ၁၂၁၂၀ | ၁. ၈ |
| | ၁ | ငရုတ်ခြောက်ပေါင်း | ။ | ၄၄၀၀ | ၄၅၂၀ | ၂. ၇ |
| | | - မိုး | ။ | ၆၀၀ | ၆၂၀ | ၃. ၃ |
| | | - ဆောင်း | ။ | ၃၈၀၀ | ၃၉၀၀ | ၂. ၆ |
| | ၂ | ငရုတ်စိုပေါင်း | ။ | ၇၅၀၀ | ၇၆၀၀ | ၁. ၃ |
| | | - မိုး | ။ | ၄၃၀၀ | ၄၃၅၀ | ၁. ၂ |
| | | - ဆောင်း | ။ | ၃၂၀၀ | ၃၂၅၀ | ၁. ၆ |

**ဇယား။၃။အဆုံး**
**စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**သီးနှံစိုက်ဧက ရည်မှန်းချက်**

| အမှတ်စဉ် | သီးနှံအမည် | တွက်ပုံ | ရေ ၂၀၁၂-၂၀၁၃ ခုနှစ် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | |
|---|---|---|---|---|---|
| | | | အရေအတွက် | အရေအတွက် | တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၂ | ကြက်သွန်နီ | ဧက | ၃၂၁၄၀ | ၃၄၂၅၀ | ၆. ၆ |
| | - မိုး | ။ | ၂၁၄၀ | ၂၂၅၀ | ၅. ၁ |
| | - ဆောင်း | ။ | ၃၀၀၀၀ | ၃၂၀၀၀ | ၆. ၇ |
| ၃ | ကြက်သွန်ဖြူ | ။ | ၉၇၀၀ | ၁၀၀၀၀ | ၃. ၁ |
| ၄ | အခြားဟင်းခတ် အမွှေးအကြိုင်ပင်များ | ။ | ၁၃၀၃၇ | ၁၃၀၃၇ | |
| ၁ | ငရုတ်ကောင်း | ။ | ၂၅၇ | ၂၅၇ | |
| ၂ | အခြား | ။ | ၁၂၇၈၀ | ၁၂၇၈၀ | |
| **၈** | **အခြားစားသုံးသီးပင်များ** | **။** | **၃၉၇၈၅၀** | **၃၉၈၀၅၀** | **၀. ၁** |
| ၁ | အာလူး | ။ | ၇၆၇၀ | ၇၇၅၀ | ၁. ၀ |
| ၁ | မိုး | ။ | ၆၀၀ | ၆၀၀ | |
| ၂ | ဆောင်း | ။ | ၇၀၇၀ | ၇၁၅၀ | ၁. ၁ |
| ၂ | ကော်ဖီ | ။ | ၅၄၂ | ၅၄၂ | |
| ၃ | လက်ဖက် | ။ | ၉၀၈၀ | ၉၁၂၃ | ၀. ၅ |
| ၄ | အုန်းသီး | ။ | ၈၈၅၅ | ၈၈၅၅ | |
| ၅ | ငှက်ပျော | ။ | ၁၉၄၅၀ | ၁၉၅၀၀ | ၀. ၃ |
| ၆ | ပီလောပီနံ | ။ | ၅၀၀၀ | ၅၀၂၇ | ၀. ၅ |
| ၇ | သစ်သီးပင်များ | ။ | ၉၃၁၂၃ | ၉၃၁၂၃ | |
| ၈ | ဟင်းသီးဟင်းရွက် | ။ | ၂၃၀၀၉၀ | ၂၃၀၀၉၀ | |
| ၉ | အထွေထွေစားသုံးသီးပင်များ | ။ | ၂၄၀၄၀ | ၂၄၀၄၀ | |
| **၉** | **ပရဆေးပင်များ** | **။** | **၁၆၇၀** | **၁၆၇၀** | |
| ၁ | ပရဆေးပင်များ | ။ | ၁၆၇၀ | ၁၆၇၀ | |
| **၁၀** | **အခြားမစားသုံးအပင်များ** | **။** | **၆၃၀၇၀၀** | **၆၃၀၈၀၀** | **၀. ၀၂** |
| ၁ | ကျွဲနွားစာ | ။ | ၅၀၀၇၀၀ | ၅၀၀၈၀၀ | ၀. ၀၂ |
| ၂ | အခြားမစားသုံးအပင်များ | ။ | ၁၃၀၀၀၀ | ၁၃၀၀၀၀ | |
| | **စုစုပေါင်း** | **ဧက** | **၉၈၀၁၃၉၈** | **၉၇၈၂၅၆၁** | **-၀. ၂** |

**ဇယား။၄။**
**စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**သီးနှံအထွက် ရည်မှန်းချက်**

(ထောင်ပေါင်း)

| အမှတ်စဉ် | | သီးနှံအမည် | တွက်ပုံ | ရေ ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| **၁** | | **နှံစားသီးနှံများ** | | | | |
| ၁ | | စပါး | တင်း | ၂၁၀၃၄၉ | ၂၁၅၁၅၅ | ၂.၃ |
| | ၁ | မိုးစပါး | ။ | ၁၆၅၇၄၄ | ၁၆၉၄၄၀ | ၂.၂ |
| | ၂ | နွေစပါး | ။ | ၄၄၆၀၅ | ၄၅၇၁၅ | ၂.၅ |
| ၂ | | ဂျုံ | ။ | ၃၈၄၀ | ၃၉၄၉ | ၂.၈ |
| ၃ | | ပြောင်းဖူးပေါင်း | ။ | | | |
| | ၁ | အစေ့ထုတ်ပြောင်း(အစေ့) | ။ | ၁၀၂၂၆ | ၁၀၆၃၉ | ၄.၀ |
| | | အစေ့ထုတ်ပြောင်း(ဖက်) | ပိဿာ | | | |
| | ၂ | ဖူးစားပြောင်း | ဖူးရေ | ၄၀၈၅၀၀၀ | ၄၁၉၂၈၀၆ | ၂.၆ |
| ၄ | | နှံစားပြောင်း | တင်း | ၂၇၃၀ | ၂၈၀၅ | ၂.၇ |
| ၅ | | အခြားနှံစား | ။ | ၉၄ | ၉၇ | ၂.၃ |
| **၂** | | **ပဲအမျိုးမျိုး** | | | | |
| ၁ | | မတ်ပဲ | တင်း | ၃၂၃၉ | ၃၄၅၉ | ၆.၈ |
| ၂ | | ပဲတီစိမ်း | ။ | ၉၃၅၇ | ၁၀၁၄၅ | ၈.၄ |
| ၃ | | ထောပတ်ပဲ | ။ | ၅၉၇ | ၆၄၅ | ၆.၉ |
| ၄ | | စွန်တာနီ | ။ | ၈၇ | ၉၂ | ၅.၇ |
| ၅ | | စွန်တာပြာ | ။ | ၃၇၀၈ | ၃၉၇၃ | ၇.၁ |
| ၆ | | ပဲပုပ် | ။ | ၅၅၇ | ၅၉၁ | ၆.၁ |
| ၇ | | ကုလားပဲ | ။ | ၈၀၂၅ | ၈၅၄၂ | ၆.၄ |
| ၈ | | ပဲလွမ်း | ။ | ၉၄၅ | ၉၉၂ | ၅.၀ |
| ၉ | | ပဲစင်းငုံ | ။ | ၁၀၆၀၈ | ၁၁၂၅၇ | ၆.၁ |
| ၁၀ | | ပဲယဉ်း | ။ | ၄၂၁ | ၄၅၃ | ၇.၆ |
| ၁၁ | | ပဲဖြူကလေး | ။ | ၅၉ | ၆၄ | ၅.၂ |
| ၁၂ | | ပဲကြီး | ။ | ၈၅၁ | ၉၂၈ | ၉.၀ |
| ၁၃ | | ပဲကျား | ။ | ၁၄၉ | ၁၅၈ | ၄.၅ |

**ဇယား။၄။အဆက်**
**စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**သီးနှံအထွက် ရည်မှန်းချက်**

(ထောင်ပေါင်း)

| အမှတ်စဉ် | သီးနှံအမည် | တွက်ပုံ | ရေ ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁၄ | စားတော်ပဲ | တင်း | ၉၈၅ | ၁၀၄၁ | ၄. ၀ |
| ၁၅ | ပဲရာဇာ | ။ | ၃၆ | ၃၈ | ၄. ၇ |
| ၁၆ | ပဲနောက် | ။ | ၁၆၅ | ၁၇၇ | ၅. ၇ |
| ၁၇ | အခြားပဲများ | ။ | ၃၇၆၁ | ၄၀၁၆ | ၆. ၈ |
| ၃ | **ဆီထွက်သီးနှံများ** | | | | |
| ၁ | မြေပဲ | တင်း | ၄၀၂၆၅ | ၄၁၃၉၈ | ၂. ၈ |
| ၁ | မိုးမြေပဲ | ။ | ၁၁၇၇၀ | ၁၂၄၇၄ | ၆. ၀ |
| ၂ | ဆောင်းမြေပဲ | ။ | ၂၈၄၉၅ | ၂၈၉၂၄ | ၁. ၅ |
| ၂ | နှမ်း | ။ | ၁၁၁၅၃ | ၁၁၉၄၀ | ၇. ၁ |
| ၁ | မိုးနှမ်း | ။ | ၃၂၅၉ | ၃၅၁၉ | ၈. ၀ |
| ၂ | ဆောင်းနှမ်း | ။ | ၆၈၆၆ | ၇၃၆၄ | ၇. ၃ |
| ၃ | နွေနှမ်း | ။ | ၁၀၂၈ | ၁၀၅၇ | ၂. ၈ |
| ၃ | မုန်ညင်းစေ့ | ။ | ၄၆၀ | ၄၈၃ | ၄. ၆ |
| ၄ | နေကြာ | ။ | ၁၂၂၉၂ | ၁၂၈၇၀ | ၄. ၇ |
| ၅ | ပန်းနှမ်း | ။ | ၁၃၁၇ | ၁၃၈၂ | ၄. ၉ |
| ၄ | **လျှော်ပင်များ** | | | | |
| ၁ | ဝါ | | | | |
| ၁ | ဝါကြီး | ပိဿာ | ၇၃၀ | ၇၀၀ | -၄. ၁ |
| ၂ | မလှိုင်ဝါ | ။ | ၁၅၅၅ | ၁၅၀၀ | -၃. ၅ |
| ၃ | ချည်မျှင်ရှည်ဝါ | ။ | ၇၄၅၆၈ | ၆၅၉၅၀ | -၁၁. ၆ |
| ၂ | ချဉ်ပေါင်လျှော် | ။ | | | |
| ၃ | ချဉ်ပေါင်လျှော် (မျိုးစေ့) | ။ | ၆ | | -၁၀၀. ၀ |
| ၄ | အခြားလျှော်ပင်များ | ။ | ၂ | ၂ | |

## ဇယား။၄။အဆက်

## စစ်ကိုင်းတိုင်းဒေသကြီး၏

## ၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်

## သီးနှံအထွက် ရည်မှန်းချက်

(ထောင်ပေါင်း)

| အမှတ်စဉ် | သီးနှံအမည် | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| **၅** | **အခြားစက်မှုသုံးသီးနှံများ** | | | | |
| ၁ | ကြက်ပေါင်စေး | ပေါင် | ၂၁ | ၃၀ | ၈၄. ၈ |
| ၂ | ကြက်ဆူစေ့ | တင်း | ၃၄၄ | ၃၄၆ | ၀. ၆ |
| ၁ | ခြံစည်းရိုးကြက်ဆူ | ။ | ၅၃ | ၅၃ | ၆. ၂ |
| ၂ | အစေ့ကြားကြက်ဆူ | ။ | ၂၉၁ | ၂၉၃ | ၀. ၄ |
| | ကြံစုစုပေါင်း (ရင့်) | တန်ရှည် | ၃၄၆၁ | ၃၄၆၂ | |
| ၁ | ချက်ကြံရင့် | ။ | ၃၄၅၆ | ၃၄၅၆ | |
| ၂ | စားကြံရင့် | ။ | ၅ | ၆ | ၇. ၂ |
| ၄ | ထန်းရည် | ပိဿာ | ၆၃၇၇၅၂ | ၆၃၇၇၅၂ | |
| **၆** | **ဆေးရွက်၊ ကွမ်းသီးနှင့်ကွမ်း** | | | | |
| ၁ | မြန်မာဆေး | ပိဿာ | ၆၀၁ | ၆၂၄ | ၃. ၈ |
| ၂ | ဗာဂျီးနီးယားဆေး | ။ | ၃၅၇ | ၃၇၀ | ၆. ၄ |
| ၃ | ကွမ်းသီး | ။ | ၄၁၄ | ၄၄၀ | ၅. ၀ |
| ၄ | ကွမ်းရွက် | ။ | ၉၈၆၁ | ၁၀၃၉၉ | ၅. ၅ |
| **၇** | **ဟင်းခတ်အမွှေးအကြိုင်ပင်များ** | | | | |
| ၁ | ငရုတ်စုစုပေါင်း | ပိဿာ | ၇၉၀၇ | ၈၈၂၇ | ၁၁. ၆ |
| ၁ | ငရုတ်ခြောက်ပေါင်း | ။ | ၁၄၀၈ | ၁၆၆၀ | ၁၇. ၉ |
| | - မိုး | ။ | ၁၉၂ | ၂၁၇ | ၁၂. ၁ |
| | - ဆောင်း | ။ | ၁၂၁၆ | ၁၄၄၃ | ၁၈. ၇ |
| ၂ | ငရုတ်စိုပေါင်း | ။ | ၆၄၉၉ | ၇၁၆၇ | ၁၀. ၃ |
| | - မိုး | ။ | ၃၄၅၉ | ၃၉၁၅ | ၂. ၂ |
| | - ဆောင်း | ။ | ၃၀၄၀ | ၃၂၅၂ | ၇. ၀ |
| ၂ | ကြက်သွန်နီ | ။ | ၁၄၁၇၄၁ | ၁၅၈၂၇၅ | ၁၁. ၇ |
| | - မိုး | ။ | ၆၇၄၁ | ၇၈၇၅ | ၁၆. ၈ |
| | - ဆောင်း | ။ | ၁၃၅၀၀၀ | ၁၅၀၄၀၀ | ၁၁. ၄ |

**ဇယား။၄။အဆုံး**
**စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**သီးနှံအထွက် ရည်မှန်းချက်**

(ထောင်ပေါင်း)

| အမှတ်စဉ် | သီးနှံအမည် | တွက်ပုံ | ရေ ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၃ | ကြက်သွန်ဖြူ | ပိဿာ | ၂၅၂၂၀ | ၂၈၀၀၀ | ၁၁.၀ |
| ၄ | အခြားဟင်းခတ် (ငရုတ်ကောင်း) | ။ | ၁ | ၁ | |
| **၈** | **အခြားစားသုံးသီးပင်များ** | | | | |
| ၁ | အာလူး | ။ | ၃၃၃၈၈ | ၃၄၇၈၃ | ၄.၂ |
| ၁ | မိုး | ။ | ၂၂၈၀ | ၂၃၇၅ | ၄.၂ |
| ၂ | ဆောင်း | ။ | ၃၁၁၀၈ | ၃၂၄၀၈ | ၄.၂ |
| ၂ | ကော်ဖီ(အစေ့) | ။ | ၉၁ | ၉၁ | |
| ၃ | လက်ဖက် | ။ | ၃၂၅၂ | ၃၃၀၂ | ၁.၅ |
| ၄ | အုန်းသီး | လုံးရေ | ၂၉၈၇၉ | ၂၉၉၇၄ | ၀.၃ |
| ၅ | ငှက်ပျော | ခိုင် | ၁၈၃၆၃ | ၁၉၅၀၃ | ၆.၂ |
| ၆ | ပီလောပီနံ | ပိဿာ | ၉၀၂၉ | ၉၅၃၅ | ၅.၆ |
| **၉** | **ပရဆေးပင်များ** | | | | |
| ၁ | ပရဆေးပင်များ | ။ | | | |
| **၁၀** | **အခြားမစားသုံးအပင်များ** | | | | |
| ၁ | ကျွဲနွားစာ | တန် | ၈၉၁၂၄၆ | ၈၉၆၄၃၂ | ၀.၆ |
| ၂ | ကောက်ရိုး | ။ | ၄၁၉၀ | ၄၂၈၆ | ၂.၃ |

**ဇယား။၅။**

**စစ်ကိုင်းတိုင်းဒေသကြီး၏**

**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**

**တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်ရန်ရည်မှန်းချက်** (ထောင်ပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | **စုစုပေါင်း** | | | | |
| ၁ | ခိုင်းကျွဲနွား | ကောင်ရေ | ၂၁၃၂ | ၂၁၃၃ | |
| ၂ | ကျွဲနို့၊ နွားနို့ | ပိဿာ | ၂၂၆၆၄၆ | ၂၅၄၅၂၅ | ၁၂. ၃ |
| ၃ | ကျွဲနွားသားရေ | ချပ်ရေ | ၄၀၄ | ၄၅၄ | ၁၂. ၄ |
| ၄ | သိုး၊ ဆိတ်သားရေ | ။ | ၈၈၈ | ၉၉၇ | ၁၂. ၃ |
| ၅ | အသားထုတ်လုပ်မှု | ပိဿာ | **၁၉၈၇၃၄** | **၂၂၃၁၅၂** | **၁၂. ၃** |
| ၁ | အမဲသား | ။ | ၂၈၁၃၀ | ၃၁၅၈၈ | ၁၂. ၃ |
| ၂ | ဆိတ်သား | ။ | ၅၉၁၂ | ၆၆၃၆ | ၁၂. ၂ |
| ၃ | ဝက်သား | ။ | ၆၀၁၀၂ | ၆၇၄၇၉ | ၁၂. ၃ |
| ၄ | ကြက်သား | ။ | ၁၀၂၆၈၈ | ၁၁၅၃၁၅ | ၁၂. ၃ |
| ၅ | ဘဲသား | ။ | ၁၁၈၅ | ၁၃၃၀ | ၁၂. ၂ |
| ၆ | ကြက်ဆင်၊ ဘဲငန်း စသည်များ | ။ | ၁၄၉ | ၁၆၇ | ၁၂. ၁ |
| ၇ | ငုံးသား | ။ | ၅၆၈ | ၆၃၇ | ၁၂. ၁ |
| ၆ | ဥထုတ်လုပ်မှု | လုံးရေ | **၁၁၇၀၅၂၁** | **၁၃၁၄၅၀၃** | **၁၂. ၃** |
| ၁ | ကြက်ဥ | ။ | ၁၁၃၅၆၄၀ | ၁၂၇၅၃၃၁ | ၁၂. ၃ |
| ၂ | ဘဲဥ | ။ | ၂၆၆၈၇ | ၂၉၉၇၀ | ၁၂. ၃ |
| ၃ | ငုံးဥ | ။ | ၈၁၉၄ | ၉၂၀၂ | ၁၂. ၃ |
| ၇ | ငှက်မွေး | ပေါင် | ၃၉၂ | ၄၄၀ | ၁၂. ၂ |
| ၈ | ပျားရည် | ။ | ၁၆၀၂ | ၁၇၄၂ | ၈. ၇ |
| ၉ | အသားတင်တိုးပွားလာမည့် တိရစ္ဆာန်များ | ကောင်ရေ | **၁၇၁၉** | **၁၉၃၁** | **၁၂. ၃** |
| ၁ | နွား | ။ | ၅၂ | ၅၉ | ၁၃. ၅ |
| ၂ | ကျွဲ | ။ | ၁၁ | ၁၂ | ၉. ၁ |
| ၃ | သိုး/ဆိတ် | ။ | ၃၅ | ၃၉ | ၁၁. ၄ |
| ၄ | ဝက် | ။ | ၇၂ | ၈၁ | ၁၂. ၅ |
| ၅ | ကြက် | ။ | ၁၄၅၄ | ၁၆၃၃ | ၁၂. ၃ |
| ၆ | ဘဲ | ။ | ၁၇ | ၁၉ | ၁၁. ၈ |
| ၇ | ကြက်ဆင်၊ ဘဲငန်း စသည်များ | ။ | ၃ | ၄ | ၃၃. ၃ |
| ၈ | ငုံး | ။ | ၇၅ | ၈၄ | ၁၂. ၀ |

## ဇယား။ ၅။ အဆက်
## စစ်ကိုင်းတိုင်းဒေသကြီး၏
## ၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်ရန်ရည်မှန်းချက်

(ထောင်ပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| **၁** | **နိုင်ငံပိုင်** | | | | |
| | ပျားရည် | ပေါင် | ၁၂၂ | ၁၂၈ | ၄.၉ |
| **၂** | **သမဝါယမပိုင်** | | | | |
| ၁ | အသားထုတ်လုပ်မှု | ပိဿာ | ၇၄၄ | ၈၁၀ | ၈.၉ |
| | ၁ အမဲသား | ။ | ၃၆ | ၃၈ | ၅.၆ |
| | ၂ ဆိတ်သား | ။ | ၂၆၈ | ၂၉၈ | ၁၁.၂ |
| | ၃ ဝက်သား | ။ | ၃၃၉ | ၃၆၅ | ၇.၇ |
| | ၄ ကြက်သား | ။ | ၁၀၁ | ၁၀၉ | ၇.၉ |
| ၂ | ဥထုတ်လုပ်မှု | လုံးရေ | ၂၆၇၃၀ | ၃၀၀၁၈ | ၁၂.၃ |
| | ၁ ကြက်ဥ | ။ | ၂၆၇၃၀ | ၃၀၀၁၈ | ၁၂.၃ |
| ၃ | အသားတင်တိုးပွားလာမည့် တိရစ္ဆာန်များ | ကောင်ရေ | ၂၆ | ၂၈ | ၇.၇ |
| | ၁ နွား | ။ | | | |
| | ၂ သိုး/ဆိတ် | ။ | ၄ | ၄ | |
| | ၃ ဝက် | ။ | ၂ | ၂ | |
| | ၄ ကြက် | ။ | ၂၀ | ၂၂ | ၁၀.၀ |

## ဇယား။ ၅။ အဆုံး
## စစ်ကိုင်းတိုင်းဒေသကြီး၏
## ၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်ရန်ရည်မှန်းချက်

(ထောင်ပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၃ | **ပုဂ္ဂလိကပိုင်** | | | | |
| ၁ | ခိုင်းကျွဲနွား | ကောင်ရေ | ၂၁၃၂ | ၂၁၃၃ | |
| ၂ | ကျွဲနို့၊ နွားနို့ | ပိဿာ | ၂၂၆၄၆ | ၂၅၄၅၂၅ | ၁၂.၃ |
| ၃ | ကျွဲနွားသားရေ | ချပ်ရေ | ၄၀၄ | ၄၅၄ | ၁၂.၄ |
| ၄ | သိုး၊ ဆိတ်သားရေ | ။ | ၈၈၈ | ၉၉၇ | ၁၂.၃ |
| ၅ | အသားထုတ်လုပ်မှု | ပိဿာ | ၁၉၇၉၉၀ | ၂၂၂၃၄၂ | ၁၂.၃ |
| ၁ | အမဲသား | ။ | ၂၈၀၉၄ | ၃၁၅၅၀ | ၁၂.၃ |
| ၂ | ဆိတ်သား | ။ | ၅၆၄၄ | ၆၃၃၈ | ၁၂.၃ |
| ၃ | ဝက်သား | ။ | ၅၉၇၆၃ | ၆၇၁၁၄ | ၁၂.၃ |
| ၄ | ကြက်သား | ။ | ၁၀၂၅၈၇ | ၁၁၅၂၀၆ | ၁၂.၃ |
| ၅ | ဘဲသား | ။ | ၁၁၈၅ | ၁၃၃၀ | ၁၂.၂ |
| ၆ | ကြက်ဆင်၊ ဘဲငန်းစသည်များ | ။ | ၁၄၉ | ၁၆၇ | ၁၂.၁ |
| ၇ | ငုံးသား | ။ | ၅၆၈ | ၆၃၇ | ၁၂.၁ |
| ၆ | ဥထုတ်လုပ်မှု | လုံးရေ | ၁၁၄၃၇၉၁ | ၁၂၈၄၄၈၅ | ၁၂.၃ |
| ၁ | ကြက်ဥ | ။ | ၁၁၀၈၉၁၀ | ၁၂၄၅၃၁၃ | ၁၂.၃ |
| ၂ | ဘဲဥ | ။ | ၂၆၆၈၇ | ၂၉၉၇၀ | ၁၂.၃ |
| ၃ | ငုံးဥ | ။ | ၈၁၉၄ | ၉၂၀၂ | ၁၂.၃ |
| ၇ | ငှက်မွေး | ပေါင် | ၃၉၂ | ၄၄၀ | ၁၂.၂ |
| ၈ | ပျားရည် | ။ | ၁၄၈၀ | ၁၆၁၄ | ၉.၁ |
| ၉ | အသားတင်တိုးပွားလာမည့်တိရစ္ဆာန်များ | ကောင်ရေ | ၁၆၉၃ | ၁၉၀၃ | ၁၂.၄ |
| ၁ | နွား | ။ | ၅၂ | ၅၉ | ၁၃.၅ |
| ၂ | ကျွဲ | ။ | ၁၁ | ၁၂ | ၉.၁ |
| ၃ | သိုး/ဆိတ် | ။ | ၃၁ | ၃၅ | ၁၂.၉ |
| ၄ | ဝက် | ။ | ၇၀ | ၇၉ | ၁၂.၉ |
| ၅ | ကြက် | ။ | ၁၄၃၄ | ၁၆၁၁ | ၁၂.၃ |
| ၆ | ဘဲ | ။ | ၁၇ | ၁၉ | ၁၁.၈ |
| ၇ | ကြက်ဆင်၊ ဘဲငန်းစသည်များ | ။ | ၃ | ၄ | ၃၃.၃ |
| ၈ | ငုံး | ။ | ၇၅ | ၈၄ | ၁၂.၀ |

## ဇယား၊၆။
## စစ်ကိုင်းတိုင်းဒေသကြီး၏
## ၂၀၁၂-၂၀၁၃ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## ငါးပုစွန်ထုတ်လုပ်ရန် ရည်မှန်းချက်

(ထောင်ပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခုနှစ် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | |
|---|---|---|---|---|---|
| | | | အရေအတွက် | အရေအတွက် | တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | **စုစုပေါင်း** | | | | |
| | **ရေချိုငါးထုတ်လုပ်မှု** | **ပိဿာ** | **၆၂၈၅၀** | **၆၈၃၃၈** | **၈.၇** |
| ၁ | မွေးမြူရေးငါး | ॥ | ၉၉၃၈ | ၁၀၇၇၈ | ၈.၅ |
| ၂ | အင်းလုပ်ငန်း | ॥ | ၂၀၅၃၁ | ၂၂၃၂၉ | ၈.၈ |
| ၃ | ဘုံငါးဖမ်းလုပ်ငန်း | ॥ | ၃၂၃၈၁ | ၃၅၂၃၁ | ၈.၈ |
| | **သမဝါယမပိုင်** | | | | |
| | ရေချိုငါးထုတ်လုပ်မှု | ပိဿာ | ၄၀၈ | ၄၀၀ | -၂.၀ |
| ၁ | မွေးမြူရေးငါး | ॥ | ၄၀၀ | ၄၀၀ | |
| ၂ | အင်းလုပ်ငန်း | ॥ | ၈ | | |
| | **ပုဂ္ဂလိကပိုင်** | | | | |
| | ရေချိုငါးထုတ်လုပ်မှု | ပိဿာ | ၆၂၄၄၂ | ၆၇၉၃၈ | ၈.၈ |
| ၁ | မွေးမြူရေးငါး | ॥ | ၉၅၃၈ | ၁၀၃၇၈ | ၈.၈ |
| ၂ | အင်းလုပ်ငန်း | ॥ | ၂၀၅၂၃ | ၂၂၃၂၉ | ၈.၈ |
| ၃ | ဘုံငါးဖမ်းလုပ်ငန်း | ॥ | ၃၂၃၈၁ | ၃၅၂၃၁ | ၈.၈ |

ဇယား။၇။

## စစ်ကိုင်းတိုင်းဒေသကြီး၏
## ၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်
## သစ်တောထွက်ပစ္စည်းထုတ်လုပ်ရန်ရည်မှန်းချက်

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| **စုစုပေါင်း** | | | | | |
| ၁ | ကျွန်း | ကုဗတန် | ၆၉၈၉၆ | ၆၀၀၀၀ | -၁၄. ၂ |
| ၂ | သစ်မာ | ။ | ၅၈၄၅၁၀ | ၅၃၃၂၁၂ | -၈. ၈ |
| ၃ | ကျွန်းနှင့်သစ်မာတိုင် လုံးရေ | | ၂၈၂၀၀ | ၂၈၄၅၀ | ၀. ၉ |
| ၄ | ကျွန်းနှင့်သစ်မာမျော | ။ | ၂၂၈၀၀ | ၂၃၀၀၀ | ၀. ၉ |
| ၅ | ထင်း | ကုဗတန် | ၃၃၂၃၃၀၆ | ၃၃၆၈၉၅၄ | ၁. ၄ |
| ၆ | မီးသွေး | ။ | ၃၂၂၀၀ | ၃၂၅၀၀ | ၀. ၉ |
| ၇ | ဝါး | လုံးရေ (၀၀၀) | ၂၅၁၀၃၅ | ၂၅၄၃၀၇ | ၁. ၃ |
| ၈ | ကြိမ် | ။ | ၇၃၉၄ | ၇၄၉၀ | ၁. ၃ |
| ၉ | ရှားစေး | ပိဿာ | ၂၅၁၅၀ | ၂၅၃၅၀ | ၀. ၈ |
| ၁၀ | သစ်ခေါက် | ။ | ၂၃၁၃၀၀ | ၂၃၃၇၅၀ | ၁. ၁ |
| ၁၁ | အင်တွဲ/ပွဲလျက် | ပိဿာ | ၁၇၆၀၀ | ၁၇၈၀၀ | ၁. ၁ |
| ၁၂ | လျှော် | ။ | ၁၀၅၃၉၉ | ၁၀၆၈၃၆ | ၁. ၄ |
| ၁၃ | သနပ်ခါး | ။ | ၂၇၆၆၅ | ၂၇၈၇၀ | ၀. ၇ |
| ၁၄ | ဓနိ-သက်ငယ် | ပျစ် (၀၀၀) | ၁၉၆၄၉၀ | ၁၉၉၂၀၁ | ၁. ၄ |
| ၁၅ | ပျားရည် | ပိဿာ | ၂၇၈၂၀ | ၂၉၁၉၀ | ၄. ၉ |
| ၁၆ | ပျားဖယောင်း | ။ | ၆၀၀ | ၆၀၃ | ၀. ၅ |
| ၁၇ | သစ်ဆေး | ။ | ၁၆၁၀၀ | ၁၆၂၅၀ | ၀. ၉ |
| ၁၈ | ဘုမ္မရာဇာ | ။ | ၂၅၁၅ | ၂၅၃၅ | ၀. ၈ |
| ၁၉ | ချိပ် | ။ | ၂၁၅၃၀ | ၂၁၇၀၀ | ၀. ၈ |
| ၂၀ | ကိုင်းဖျားကိုင်းနား | ကုဗတန် | ၆၉၈၉ | ၆၀၀၀ | -၁၄. ၂ |
| ၂၁ | လင်းနို့ချေး | ပိဿာ | ၁၀၀၆၀ | ၁၀၁၅၀ | |
| **နိုင်ငံပိုင်** | | | | | |
| ၁ | ကျွန်း | ကုဗတန် | ၆၉၈၉၆ | ၆၀၀၀၀ | -၁၄. ၂ |
| ၂ | သစ်မာ | ။ | ၃၇၉၁၃၂ | ၃၂၅၀၀၀ | -၁၄. ၃ |
| ၃ | ကိုင်းဖျားကိုင်းနား | ။ | ၆၉၈၉ | ၆၀၀၀ | -၁၄. ၂ |
| ၄ | ကျွန်းနှင့်သစ်မာတိုင် လုံးရေ | | | | |
| **သမဝါယမပိုင်** | | | | | |
| ၁ | သစ်မာ | ကုဗတန် | | | |
| ၂ | ဝါး | လုံးရေ (၀၀၀) | ၁၆၈၀ | ၁၆၉၀ | ၀. ၆ |
| ၃ | ကြိမ် | ။ | ၁၉၄ | ၂၀၆ | ၆. ၂ |

**ဇယား။၇။အဆုံး**
**စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**သစ်တောထွက်ပစ္စည်းထုတ်လုပ်ရန်ရည်မှန်းချက်**

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခုနှစ် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | |
|---|---|---|---|---|---|
| | | | အရေအတွက် | အရေအတွက် | တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၄ | ဓနိ-သက်ငယ် | ပျစ် (၀၀၀) | ၁၂၆ | ၁၃၄ | ၆. ၃ |
| ၅ | ပျားရည် | ပိဿာ | ၂၂၂၀၀ | ၂၃၅၂၀ | ၅. ၉ |
| **ပုဂ္ဂလိကပိုင်** | | | | | |
| ၁ | ကျွန်း | ကုဗတန် | | | |
| ၂ | သစ်မာ | ။ | | | |
| ၃ | ကျွန်းနှင့်သစ်မာတိုင် | လုံးရေ | ၂၈၂၀၀ | ၂၈၄၅၀ | ၀. ၉ |
| ၄ | ကျွန်းနှင့်သစ်မာမျော | ။ | ၂၂၈၀၀ | ၂၃၀၀၀ | ၀. ၉ |
| ၅ | ထင်း | ကုဗတန် | ၃၇၂၅၀ | ၃၇၅၅၀ | ၀. ၈ |
| ၆ | မီးသွေး | ။ | ၃၂၂၀၀ | ၃၂၅၀၀ | ၀. ၉ |
| ၇ | ဝါး | လုံးရေ (၀၀၀) | ၂၉၆၀၀ | ၂၉၈၃၀ | ၀. ၈ |
| ၈ | ကြိမ် | ။ | ၂၂၂၀ | ၂၂၃၅ | ၀. ၇ |
| ၉ | ရှားစေး | ပိဿာ | ၂၅၁၅၀ | ၂၅၃၅၀ | ၀. ၈ |
| ၁၀ | သစ်ခေါက် | ။ | ၂၃၁၃၀၀ | ၂၃၃၇၅၀ | ၁. ၁ |
| ၁၁ | အင်တွဲ/ပွဲလျက် | ။ | ၁၇၆၀၀ | ၁၇၈၀၀ | ၁. ၁ |
| ၁၂ | လျှော် | ။ | ၂၇၁၀ | ၂၇၃၀ | ၀. ၇ |
| ၁၃ | သနပ်ခါး | ။ | ၂၇၆၆၅ | ၂၇၈၇၀ | ၀. ၇ |
| ၁၄ | ဓနိ-သက်ငယ် | ပျစ် (၀၀၀) | ၁၂၅၅ | ၁၂၆၅ | ၀. ၈ |
| ၁၅ | ပျားရည် | ပိဿာ | ၅၆၂၀ | ၅၆၇၀ | ၀. ၉ |
| ၁၆ | ပျားဖယောင်း | ။ | ၆၀၀ | ၆၀၃ | ၀. ၅ |
| ၁၇ | သစ်ဆေး | ။ | ၁၆၁၀၀ | ၁၆၂၅၀ | ၀. ၉ |
| ၁၈ | ဘုမ္မရာဇာ | ။ | ၂၅၁၅ | ၂၅၃၅ | ၀. ၈ |
| ၁၉ | ချိပ် | ။ | ၂၁၅၃၀ | ၂၁၇၀၀ | ၀. ၈ |
| ၂၀ | လင်းနို့ချေး | ။ | ၁၀၀၆၀ | ၁၀၁၅၀ | ၀. ၉ |
| **ကိုယ်ပိုင်သုံး** | | | | | |
| ၁ | သစ်မာ | ကုဗတန် | ၂၀၅၃၇၈ | ၂၀၈၂၁၂ | ၁. ၄ |
| ၂ | ထင်း | ။ | ၃၂၈၆၀၅၆ | ၃၃၃၁၄၀၄ | ၁. ၄ |
| ၃ | ဝါး | လုံးရေ (၀၀၀) | ၂၁၉၇၅၅ | ၂၂၂၇၈၇ | ၁. ၄ |
| ၄ | ကြိမ် | ။ | ၄၉၈၀ | ၅၀၄၉ | ၁. ၄ |
| ၅ | လျှော် | ပိဿာ | ၁၀၂၆၈၉ | ၁၀၄၁၀၆ | ၁. ၄ |
| ၆ | ဓနိ-သက်ငယ် | ပျစ် (၀၀၀) | ၁၉၅၁၀၉ | ၁၉၇၈၀၂ | ၁. ၄ |

**ဇယား။ ၈။**

**စစ်ကိုင်းတိုင်းဒေသကြီး၏**

**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**

**ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ရန်ရည်မှန်းချက်**

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခုနှစ် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | |
|---|---|---|---|---|---|
| | | | အရေအတွက် | အရေအတွက် | တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| **၁** | **နိုင်ငံပိုင်** | | | | |
| | ၁ ရေနံစိမ်း | အမေရိကန်စည် (ထောင်ပေါင်း) | | | |
| **၂** | **သမဝါယမပိုင်** | | | | |
| | ၁ ရေနံစိမ်း | အမေရိကန်စည် (ထောင်ပေါင်း) | ၁၀. ၈၁ | ၁၂. ၆၀ | ၁၆. ၆ |
| **၃** | **ပုဂ္ဂလိကပိုင်** | | | | |
| | ၁ ရေနံစိမ်း | အမေရိကန်စည် (ထောင်ပေါင်း) | ၃၂၇. ၁၅ | ၁၄၂. ၇၀ | -၅၆. ၄ |

**ဇယား။ ၉။**
**စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**သတ္တုနှင့်တွင်းထွက်ပစ္စည်းများထုတ်လုပ်ရန်ရည်မှန်းချက်**

| အမှတ်စဉ် | | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခုနှစ် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | |
|---|---|---|---|---|---|---|
| | | | | အရေအတွက် | အရေအတွက် | တိုးတက်မှုနှုန်းရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ |
| **၁** | | **နိုင်ငံပိုင်** | | | | |
| ၁ | | ရွှေ | ထရိုင်အောင်စ | | | |
| ၂ | | ကျောက်မီးသွေး | တန်ရှည် | | | |
| ၃ | | မုံရွာမြေဖြူ | ။ | ၄၀၀၀ | ၄၂၀၀ | ၅. ၀ |
| ၄ | | ငွေစင် | ဖိုင်းအောင်စ | | | |
| ၅ | | ကျောက်စိမ်း | ကီလို (၀၀၀) | | | |
| **၂** | | **သမဝါယမပိုင်** | | | | |
| ၁ | | မုံရွာမြေဖြူ | တန်ရှည် | ၁၂၇၀၀ | ၆၁၀၀ | -၅၁. ၉ |
| ၂ | | လမ်းခင်းကျောက် | ကျင်း(၀၀၀) | | ၃၅၀ | |
| **၃** | | **ပုဂ္ဂလိကပိုင်** | | | | |
| ၁ | | မြေဖြူ မြေဝါ၊ မြေစေး မီးခံရွှံ့စေး | မက်ထရစ်တန် | ၁၁၁၃ | ၁၁၁၃ | |
| ၂ | | သလင်းကျောက်ဆိုဒ် | ။ | ၁၁၁၀ | ၁၁၁၀ | |
| ၃ | | မြေဖယောင်း | ။ | ၂၁၀၀ | ၂၇၀၀ | ၂၈. ၆ |
| ၄ | | ကြေးနီသတ္တုစင် | မက်ထရစ်တန် | ၂၅၀၀၀ | ၂၂၆၅၀ | -၉. ၄ |
| ၅ | | ဖယ်ရိုနီကယ် | ။ | | ၁၈၆၉ | |
| ၆ | | ရွှေ | ထရိုင်အောင်စ | ၂၂၆၅၀. ၀၀ | ၁၅၅၇၇. ၂၅ | -၃၁. ၂ |
| | ၁ | အမှတ် (၂) သတန | ။ | ၁၀၁၅၀. ၀ | ၁၅၅၇၇. ၂၅ | ၅၃. ၅ |
| | ၂ | လက်လုပ်လက်စား | ။ | ၁၂၅၀၀. ၀၀ | | |
| ၇ | | ကျောက်စိမ်း | ကီလို (၀၀၀) | ၁၁၅ | ၁၀၇ | -၇. ၀ |
| ၈ | | ကြေးနီသတ္တု(ရောရာ) | မက်ထရစ်တန် | ၅၇၀၀ | ၆၈၉၅. ၂၉ | ၂၁. ၀ |
| | ၁ | ပင်လယ်နေကြယ် | ။ | ၂၁၀၀ | ၃၂၄၅. ၆၁ | ၅၄. ၆ |
| | ၂ | ပင်လယ်ကြယ်ဝါ | ။ | ၂၄၀၀ | ၁၈၂၄. ၈၄ | -၂၄. ၀ |
| | ၃ | ဒုဋ္ဌဝတီ | ။ | ၁၂၀၀ | ၁၈၂၄. ၈၄ | ၅၂. ၁ |
| ၉ | | ကျောက်မီးသွေး | | | | |
| | ၁ | အမှတ် (၃) သတ္တုတွင်း | မက်ထရစ်တန် | ၁၂၅၀၀၀ | ၁၉၇၁၆၂ | ၅၇. ၇ |
| | ၂ | သတ္တုတွင်းဦးစီး | ။ | ၁၀၀ | ၅၀ | -၅၀. ၀ |
| | ၃ | စီးပွားရေးဦးပိုင် | တန် | ၅၀၀၀၀. ၀ | ၅၀၀၀၀. ၀ | |
| ၁၀ | | အခြားကျောက်နှင့် တွင်းထွက်ပစ္စည်းများတန်ဖိုး* | ကျပ်သန်း | ၈၂၄၉၇. ၀ | ၇၆၁၀၀. ၁ | -၇. ၈ |

*၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ဖြစ်ပါသည်။

**ဇယား။ ၁၀။**

**စစ်ကိုင်းတိုင်းဒေသကြီး၏**

**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက် နိုင်ငံပိုင်စက်မှုလက်မှုလုပ်ငန်းများ၏ ရွေးချယ်ထားသော ကုန်ပစ္စည်းများထုတ်လုပ်ရန်ရည်မှန်းချက်**

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | **အမှတ် (၁) စက်မှုဝန်ကြီးဌာန** | | | | |
| ၁ | စားသောက်ကုန်လုပ်ငန်း | | | | |
| ၁ | အသင့်စားခေါက်ဆွဲ | ထုပ် (၀၀၀) | | | |
| ၂ | ဂျုံမှုန့် | မက်ထရစ်တန် | | | |
| ၃ | ဗာဂျီးနီးယားပေါင်းတင်ဆေး | ။ | | | |
| ၂ | အထည်အလိပ်လုပ်ငန်း | | | | |
| ၁ | ချည်ပိတ်ကြမ်း | ကိုက် (၀၀၀) | ၂၇၆ | ၈၄၈ | ၂၀၇.၂ |
| ၂ | ပေါ်ပလင် | ။ | ၄၆၈၈ | ၆၇၁၂ | ၄၃.၂ |
| ၃ | အထည်ချော(ဆေးဆိုးပန်းရိုက်) | ။ | | | |
| ၄ | ချည်ခြင်ထောင်ဇာ | ။ | ၂၄၀ | | |
| ၅ | သက်နှင်းဒွိစုံ | စုံရေ (၀၀၀) | | | |
| ၆ | ချည်ခင် | မ/တန် (၀၀၀) | ၂.၄၇၉၅၂ | ၂.၇၃၅၆၀ | ၁၀.၃ |
| ၃ | ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း | | | | |
| ၁ | ပရိုဗီမင် (၁၀၀) ဝင်/ ၅၀၀ ဂရမ် | ဘူး (၀၀၀) | ၆၅၀.၀၀၀ | ၅၂၀.၀၀၀ | -၂၀.၀ |
| ၂ | ပရိုဗီမင် (၁၀၀) ဝင်/ ၂၅၀ ဂရမ် | ။ | | | |
| | **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | | | | |
| ၁ | ဝါနှင့်ပိုးချည်လုပ်ငန်း | | | | |
| ၁ | ချည်မျှင်ရှည်ဝါ | ဘေထုပ် (၀၀၀) | | | |
| | **တပ်မတော်ရေးရာဝန်ကြီးဌာန** | | | | |
| ၁ | သကြား | မက်ထရစ်တန် | ၂၇၀၀၀ | ၂၇၀၀၀ | |
| | **သစ်တောရေးရာဝန်ကြီးဌာန** | | | | |
| ၁ | သစ်လုပ်ငန်း | | | | |
| ၁ | ကျွန်းခွဲသား | ကုဗတန် | ၄၆၂ | ၄၆၂ | |
| ၂ | သစ်မာခွဲသား | ။ | ၃၈၁၀၀ | ၃၈၁၀၀ | |
| ၃ | အထပ်သား (သစ်မာ) | စ/ပေ (၀၀၀) | ၆၀၉၁ | ၉၃၅၁ | ၅၃.၅ |
| ၄ | သစ်ပါးလွှာ | ။ | ၂၃၀၀၀ | ၁၀၂၅၀ | ၃၁.၅ |

**ဇယား။၁၁။**

**စစ်ကိုင်းတိုင်းဒေသကြီး၏**

**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**

**လျှပ်စစ်ဓာတ်အားအသုံးပြုရန်ရည်မှန်းချက်**

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၂ ခုနှစ် အရေအတွက် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) အရေအတွက် | တိုးတက်မှုနှုန်းရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | **စုစုပေါင်းအသုံးပြုသော လျှပ်စစ်ဓာတ်အား** | **ကီလိုဝပ် နာရီ (၀၀၀)** | **၅၀၈၈၂၄** | **၅၂၉၁၀၅** | **၄.၀** |
| **၁** | **နိုင်ငံပိုင်** | **။** | **၃၈၃၉၁၉** | **၄၀၂၉၇၅** | **၅.၀** |
| ၁ | စက်ရုံသုံး | ။ | ၁၇၈၇၄၁ | ၁၇၅၂၃၈ | -၂.၀ |
| ၂ | အိမ်သုံး | ။ | ၁၄၆၀၂၁ | ၁၇၂၈၆၄ | ၁၈.၄ |
| ၃ | ဆေးရုံ၊ ရုံး၊ ကျောင်း စသည်များ | ။ | ၅၅၆၀၀ | ၄၉၃၆၈ | -၁၁.၂ |
| ၄ | အထွေထွေသုံး | ။ | ၃၅၅၇ | ၅၅၀၅ | ၅၄.၈ |
| **၂** | **သမဝါယမပိုင်** | **။** | **၅၂** | **၅၅** | **၅.၈** |
| **၃** | **ပုဂ္ဂလိကပိုင်** | **။** | **၁၂၄၈၅၃** | **၁၃၉၅၉၅** | **၁၁.၈** |

**ဇယား။ ၁၂။**

**စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**ပို့ဆောင်ရေးအဖွဲ့အစည်းများ၏ ပို့ဆောင်ပေးရန်ရည်မှန်းချက်**

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခုနှစ် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | |
|---|---|---|---|---|---|
| | | | အရေအတွက် | အရေအတွက် | တိုးတက်မှုနှုန်းရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | **နိုင်ငံပိုင်** | | | | |
| **၁** | **မြန်မာ့မီးရထား** | | | | |
| ၁ | ခရီးသည်မိုင် | ခရီးသည်မိုင် | ၅၆၁၅၄၅ | ၄၂၅၂၃၉ | -၂၄. ၃ |
| ၂ | ကုန်တန်မိုင် | တန်မိုင် | ၈၉၁၁၉ | ၈၆၇၃၆ | -၂. ၇ |
| **၂** | **ပြည်တွင်းရေကြောင်းပို့ဆောင်ရေး** | | | | |
| ၁ | ခရီးသည်မိုင် | ခရီးသည်မိုင် | ၂၇၀၁၄ | ၁၈၂၄၇ | -၃၂. ၅ |
| ၂ | ကုန်တန်မိုင် | တန်မိုင် | ၁၂၄၆၉ | ၇၈၃၆ | -၃၇. ၂ |
| **၃** | **ကုန်းလမ်းပို့ဆောင်ရေး** | | | | |
| ၁ | ကုန်တန်မိုင် | တန်မိုင် | ၁၆၈၆၆ | ၁၇၀၈၂ | ၁. ၃ |
| **၄** | **မြန်မာ့လေကြောင်း** | | | | |
| ၁ | ခရီးသည်မိုင် | ခရီးသည်မိုင် | ၃၉၇၈ | ၄၈၄၀ | ၂၁. ၇ |
| ၂ | ကုန်တန်မိုင် | တန်မိုင် | ၃. ၈၀ | ၃. ၄၁ | -၁၀. ၃ |
| | **သမဝါယမပိုင်** | | | | |
| **၁** | **မော်တော်ယာဉ်ဖြင့်ပို့ဆောင်ခြင်း** | | | | |
| ၁ | ခရီးသည်မိုင် | ခရီးသည်မိုင် | ၉၃၃ | ၁၄၇၂ | ၅၇. ၈ |
| ၂ | ကုန်တန်မိုင် | တန်မိုင် | ၄၈၉ | ၇၈၄ | ၆၀. ၃ |
| **၂** | **ရေယာဉ်ဖြင့်ပို့ဆောင်ခြင်း** | | | | |
| ၁ | ခရီးသည်မိုင် | ခရီးသည်မိုင် | ၃၅၅ | ၃၄၂ | -၃. ၇ |
| ၂ | ကုန်တန်မိုင် | တန်မိုင် | ၃၅ | ၃၅ | |

**ဇယား။၁၃။**

**စစ်ကိုင်းတိုင်းဒေသကြီး၏**

**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**

**ဆက်သွယ်ရေးကဏ္ဍ၏ ဝင်ငွေလျာထားချက်**

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခုနှစ် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | |
|---|---|---|---|---|---|
| | | | အရေအတွက် | အရေအတွက် | တိုးတက်မှုနှုန်းရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | စာပို့တိုက်ဝင်ငွေ | ကျပ်ထောင် | ၄၁၅၁၁ | ၁၂၆၈၉၂ | ၂၀၅. ၇ |
| ၂ | တယ်လီဖုန်းဝင်ငွေ | ။ | ၅၆၆၂၈၀၈၇ | ၄၈၃၄၄၅၀၈ | -၁၄. ၆ |
| ၃ | ကြေးနန်းဝင်ငွေ | ။ | ၁၃၇၂၉ | ၁၉၃၁၄ | ၄၀. ၇ |
| | | **စုစုပေါင်း** | **၅၆၆၈၃၃၂၇** | **၄၈၄၉၀၇၁၄** | **-၁၄. ၅** |

**ဇယား။၁၃။အဆုံး**
**စစ်ကိုင်းတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**
**အသစ်တပ်ဆင်မည့် တယ်လီဖုန်းများအခြေအနေ**

(လုံးရေ)

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ ခုနှစ် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | |
|---|---|---|---|---|
| | | အရေအတွက် | အရေအတွက် | တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | အော်တိုတယ်လီဖုန်း | ၁၅၀၀ | ၅၀၀ | -၆၆. ၇ |
| ၂ | GSM ၁၅ သိန်းတယ်လီဖုန်း | | | |
| ၃ | (CDMA-450) Mobile တယ်လီဖုန်း | | | |
| ၄ | WCDMA တယ်လီဖုန်း | | | |
| ၅ | Art to CDMA 800 တယ်လီဖုန်း | | | |
| ၆ | CDMA 800 (Mobile) ၅ သိန်း | | | |
| ၇ | CDMA - 450 (Mobile) ၅ သိန်း | | | |
| ၈ | GSM ၅ သိန်း | | | |
| ၉ | GSM (စီမံကိန်း) ၂. ၈၅ သိန်း | ၈၆၅၀၂ | | |
| ၁၀ | Mobile (GSM, CDMA) ၃ သိန်း | ၃၅၀၀ | | |
| ၁၁ | Mobile ၀. ၅ သိန်း | | ၂၀၈၀၁၈ | |
| | **စုစုပေါင်း** | **၉၁၅၀၂** | **၂၀၈၅၁၈** | **၁၂၇. ၉** |

**ဇယား။၁၄။**

**စစ်ကိုင်းတိုင်းဒေသကြီး၏**

**၂၀၁၃-၂၀၁၄ ခုနှစ်၊ နှစ်စဉ်စီမံကိန်းအတွက်**

**ငွေရေးကြေးရေးကဏ္ဍ၏ ဝင်ငွေလျာထားချက်**

| အမှတ်စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၁၂-၂၀၁၃ ခုနှစ် | ၂၀၁၃-၂၀၁၄ ခုနှစ် (နှစ်စဉ်စီမံကိန်းရည်မှန်းချက်) | |
|---|---|---|---|---|---|
| | | | အရေအတွက် | အရေအတွက် | တိုးတက်မှုနှုန်း ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | မြန်မာ့စီးပွားရေးဘဏ် | ကျပ်သန်း | ၂၇၂၅.၇ | ၂၉၁၃.၀ | ၆.၉ |
| ၂ | မြန်မာ့အာမခံလုပ်ငန်း | ״ | ၄၉၀.၇ | ၅၃၀.၇ | ၈.၄ |
| ၃ | မြန်မာ့အသေးစားချေးငွေလုပ်ငန်း | ״ | ၂၇၅.၄ | ၂၅၇.၁ | -၆.၆ |
| ၄ | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ״ | ၃၃၂၁.၇ | ၃၈၀၀.၀ | ၁၄.၄ |
| | **စုစုပေါင်း** | | **၆၈၁၃.၅** | **၇၅၀၁.၈** | **၁၀.၁** |

# ၂၀၁၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက် )

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁
## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး အဆင့် ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို ထိရောက်စွာစီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

၅။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁)၊ (၂)၊ (၃)၊ (၄) တို့တွင်ဖော်ပြထားသောရငွေများနှင့် သုံးငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးလုပ်ကိုင်ရန်သော်လည်းကောင်း၊ လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၆။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်နိုင်ရေးမူနှင့်အညီ လုပ်ငန်းများကို မိမိတို့၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဤဥပဒေ၏ ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး

လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

( င ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့်ငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း၊ ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်၊
ဝန်ကြီးချုပ်၊
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

ဇယား (၁)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန် ရငွေများ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | **တိုင်းဒေသကြီး အစိုးရအဖွဲ့** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃.၅၃၈ | | ၂၁၈၅.၇၂၆ | | | ၁၀၀၀.၀၀၀ | | | |
| ၂ | **လွှတ်တော်** | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | **တရားရုံးများ** | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၅၆.၈၉၂ | | | | | | |
| ၄ | **ဥပဒေရုံးများ** | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၂.၆၅၀ | | | | | | |
| ၅ | **စာရင်းစစ်ရုံးများ** | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၄၉၉ | | | | | | |
| | ပေါင်း | | ၃.၅၃၈ | | ၂၃၄၅.၇၆၇ | | | ၁၀၀၀.၀၀၀ | | | |

ဇယား (၂)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ပြည်ထောင်စုထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | **တိုင်းဒေသကြီး အစိုးရအဖွဲ့** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၆၅. ၆၂၂ | | ၃၁၈၅. ၇၂၆ | ၁၄၀၆. ၀၀၀ | | | |
| ၂ | **လွှတ်တော်** | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၉၃. ၀၁၀ | | | | | | |
| ၃ | **တရားရုံးများ** | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၉၉၆. ၆၇၂ | | | ၂၈၂. ၁၆၅ | | | |
| ၄ | **ဥပဒေရုံးများ** | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၅၁၉. ၉၀၁ | | | | | | |
| ၅ | **စာရင်းစစ်ရုံးများ** | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၉၀၅. ၇၇၁ | | | ၃၇. ၅၀၀ | | | |
| | ပေါင်း | | ၃၁၈၀. ၉၇၆ | | ၃၁၈၅. ၇၂၆ | ၁၇၂၅. ၆၆၅ | | | |

ဇယား (၃)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထုတ်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီး ဝန်ကြီးချုပ်ကတာဝန်ပေးသူ | **၂၇၄၆. ၈၀၀** | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၂၇၄၆. ၈၀၀ | | | | | | | | |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက်** | ၎င်း | **၂၀၂၈. ၇၆၇** | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၁၇၈၉. ၃၈၅ | | | | | | | | |
| | ၂ | ရေခွန်နှင့် တာတမံခွန် | | | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၈၄. ၇၇၇ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၁. ၀၈၀ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၁၄၃. ၅၂၅ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးကော်မတီနှင့် စည်ပင် သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | ၎င်း | **၈၅၈၆. ၈၈၄** | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၂၄၈၀. ၂၂၃ | | | | | | | | |
| | ၂ | ဘီးခွန် | | ၆၁၀၆. ၆၆၁ | | | | | | | | |
| ၄ | | **တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ** | ၎င်း | | ၅၈. ၁၃၃ | | | | | | | |
| ၅ | | **ပြည်ထဲရေး** | ၎င်း | | | **၁၇. ၇၀၄** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁၃. ၉၃၀ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၃. ၇၇၄ | | | | | | |
| ၆ | | **သမဝါယမ** | ၎င်း | | | **၃၇. ၅၀၈** | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၃၁. ၆၄၃ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၅. ၈၆၅ | | | | | | |

ဇယား (၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၇ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | **၁၇၂. ၅၀၉** | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၁၄၅. ၇၀၉ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၁၀. ၈၀၀ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁၆. ၀၀၀ | | | | | | |
| ၈ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | | | **၁၃၉. ၂၀၉** | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁၀၇. ၀၀၀ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၂၉. ၁၄၉ | | | | | | |
| | ၃ | ပျားလုပ်ငန်းဦးစီးဌာန | | | | ၃. ၀၆၀ | | | | | | |
| ၉ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၎င်း | | | **၄၃. ၁၃၅** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၄၃. ၁၃၅ | | | | | | |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | | | | | | | | | |
| ၁၀ | | **အားကစား** | ၎င်း | | | **၀. ၀၃၅** | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၀. ၀၃၅ | | | | | | |
| ၁၁ | | **ဘဏ္ဍာရေးနှင့်အခွန်** | ၎င်း | | | **၀. ၅၀၀** | | | **၂၇၁၀၉. ၀၈၀** | | **၄၈၉၁. ၅၃၃** | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၀. ၅၀၀ | | | ၂၇၁၀၉. ၀၈၀ | | ၄၈၉၁. ၅၃၃ | |
| ၁၂ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | | | **၀. ၀၂၂** | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၀၂၂ | | | | | | |
| ၁၃ | | **ဆောက်လုပ်ရေး** | ၎င်း | | | **၅၀. ၃၉၆** | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာ | | | | ၅. ၇၃၀ | | | | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၄၅. ၆၆၆ | | | | | | |
| ၁၄ | | **အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး** | ၎င်း | | | **၀. ၀၀၂** | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | | | ၀. ၀၀၂ | | | | | | |
| ၁၅ | | **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** | ၎င်း | | | ၁၄၂၅၆. ၉၁၃ | | ၁၆၉၄၉. ၆၀၀ | | | | |
| ၁၆ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | | ၈၃၈၀. ၅၀၀ | | | | | | |
| | | ပေါင်း | | ၁၃၃၆၂. ၄၅၁ | ၅၈. ၁၃၃ | ၂၃၀၉၉. ၄၃၃ | | ၁၆၉၄၉. ၆၀၀ | ၂၇၁၀၉. ၀၈၀ | | ၄၈၉၁. ၅၃၃ | |

ဇယား (၄)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) | **၅၉၁၈. ၈၅၅** | | **၁၅. ၀၀၀** | **၁၆၁၆. ၇၃၆** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၇၇၄. ၄၉၃ | | ၁၅. ၀၀၀ | ၁၅၉၆. ၉၇၆ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၄၄. ၃၆၂ | | | ၁၉. ၇၆၀ | | | |
| ၂ | | **သမဝါယမ** | ၎င်း | **၈၉၆. ၉၃၀** | | | **၅. ၁၀၀** | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၈၃၆. ၅၃၅ | | | ၂. ၉၂၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၆၀. ၃၉၅ | | | ၂. ၁၈၀ | | | |
| ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | **၄၇၇၀. ၃၈၁** | | | **၁၅. ၂၆၉** | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၂၅၈၅. ၃၃၈ | | | - | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၇၅၄. ၄၈၈ | | | ၁၅. ၂၆၉ | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၄၃၀. ၅၅၅ | | | - | | | |
| ၄ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | **၅၅၂. ၀၂၀** | | | **၁၁. ၇၉၄** | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၃၁. ၈၀၀ | | | ၁၁. ၇၉၄ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၂၃၉. ၁၀၄ | | | - | | | |
| | ၃ | ပျားလုပ်ငန်းဦးစီးဌာန | | ၈၁. ၁၁၇ | | | - | | | |
| ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၎င်း | **၁၈၁၇. ၂၈၇** | | | **၆. ၆၃၀** | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၁၂၀၀. ၃၅၀ | | | ၂. ၁၀၀ | | | |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန | | ၆၁၆. ၉၃၇ | | | ၄. ၅၃၀ | | | |
| ၆ | | **အားကစား** | ၎င်း | **၃၂၂. ၃၄၉** | | | **၃၃. ၃၀၀** | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၃၂၂. ၃၄၉ | | | ၃၃. ၃၀၀ | | | |

ဇယား (၄)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ မြို့တော်စည်ပင်သာယာရေးနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၇ | | **ဘဏ္ဍာရေးနှင့်အခွန်** | တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၄၉.၆၆၀** | | | **၄.၈၆၀** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၉.၆၆၀ | | | ၄.၈၆၀ | | | |
| ၈ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | **၅၅၅.၉၉၂** | | | **၈၃.၄၉၅** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၅၅၅.၉၉၂ | | | ၈၃.၄၉၅ | | | |
| ၉ | | **ဆောက်လုပ်ရေး** | ၎င်း | **၈၃၃၃.၈၇၈** | | | **၂၆၃၃.၇၂၀** | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၅၅.၃၂၃ | | | - | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများပြင်ဆင်ထိန်းသိမ်းခြင်း | | ၈၁၇၈.၅၅၅ | | | ၂၆၃၃.၇၂၀ | | | |
| ၁၀ | | **အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး** | ၎င်း | **၃၂.၄၇၉** | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၃၂.၄၇၉ | | | | | | |
| ၁၁ | | **မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ** | | **၂၀၈၈၃.၉၂၈** | | | **၁၆၆၈၅.၅၇၈** | | **၂၀၀.၀၀၀** | |
| ၁၂ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၂၆၄၂.၂၇၃** | | | **၁၂၇၀၇.၇၀၆** | | | |
| | | ပေါင်း | | ၄၆၇၇၆.၀၇၄ | | ၁၅.၀၀၀ | ၃၃၈၀၄.၁၈၉ | | ၂၀၀.၀၀၀ | |

ဇယား (၅)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **မြန်ကြားရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | **၁၁၄. ၉၂၁** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၁၁၄. ၉၂၁ | | | | | | |
| ၂ | | **သတ္တုတွင်း** | ၎င်း | | | **၁. ၂၀၀** | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | | | ၁. ၂၀၀ | | | | | | |
| ၃ | | **ဆောက်လုပ်ရေး** | ၎င်း | | | **၁၀၈၇၂. ၃၉၅** | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၁၀၈၇၂. ၃၉၅ | | | | | | |
| | | ပေါင်း | | | | **၁၀၉၈၈. ၅၁၆** | | | | | | |

ဇယား (၆)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **မြန်ကြားရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီးဝန်ကြီးချုပ်ကတာဝန်ပေးသူ | **၁၄၂.၉၈၅** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၁၄၂.၉၈၅ | | | | | | |
| ၂ | | **သတ္တုတွင်း** | ၎င်း | **၂.၁၄၈** | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | ၂.၁၄၈ | | | | | | |
| ၃ | | **ဆောက်လုပ်ရေး** | ၎င်း | **၁၀၇၈၉.၃၂၈** | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၁၀၇၈၉.၃၂၈ | | | | | | |
| | | ပေါင်း | | ၁၀၉၃၄.၄၆၁ | | | | | | |

# မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥပဒေအမှတ် ၃။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၈ ရက် )

### နိဒါန်း

နိုင်ငံတော်က ပြောင်းလဲကျင့်သုံးလျက်ရှိသော ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ စည်ပင်သာယာရေး နယ်နိမိတ်အတွင်း နေထိုင်ကြသည့် ပြည်သူတို့၏ စားဝတ်နေရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် မြို့နယ်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများကို ပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ရန် မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ နှင့် ဇယား (၂) ပါ ပြဋ္ဌာန်းချက်အရ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များဥပဒေ**ဟု ခေါ်တွင်စေရမည်။ ဤဥပဒေသည် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်မှအပ ကျန်တိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **စည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကော်မတီနှင့် ဝန်ထမ်းအဖွဲ့တို့ ပါဝင်သည်။

(ခ) **တိုင်းဒေသကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးကို ဆိုသည်။

(ဂ) **အစိုးရအဖွဲ့**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **ဝန်ကြီးချုပ်**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို ဆိုသည်။

(င) **ဝန်ကြီးဌာန**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဝန်ကြီး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန၊ ဝန်ကြီးကို ဆိုသည်။

(ဆ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဇ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ဈ) **ဝန်ထမ်းအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းအဖွဲ့ကို ဆိုသည်။

(ည) **အမှုဆောင်အရာရှိ**ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းအကြီးအမှူးကို ဆိုသည်။

(ဋ) **မြို့မိမြို့ဖအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ မြို့ပေါ်ရပ်ကွက်အသီးသီးရှိ အိမ်ထောင်စုကိုယ်စားလှယ်များက ရွေးချယ်ထားသော မြို့မိမြို့ဖအဖွဲ့ကို ဆိုသည်။

(ဌ) **မုန့်ဖို**ဆိုသည်မှာ ရောင်းချရန်ကိစ္စများအတွက်ဖြစ်စေ၊ အမြတ်အစွန်းရရှိရေးအတွက်ဖြစ်စေ ပေါင်မုန့်၊ ဘီစကစ်မုန့်၊ သကြားမုန့်၊ ကိတ်မုန့် သို့မဟုတ် သစ်သီးယို စသည့် အချိုအချဉ်များနှင့် မုန့်များဖုတ်သည့် သို့မဟုတ် ပြုလုပ်သည့်နေရာဌာနတစ်ခုခုကို ဆိုလိုသည်။

(ဍ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း**ဆိုသည်မှာ လုပ်ငန်းသဘာဝအရသော်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရသော်လည်းကောင်း၊ လူ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သောပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေတတ် သော လုပ်ငန်းကို ဆိုသည်။

(ဎ) **အခွန်**ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့် အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အခ၊ အကောက်နှင့် ဒဏ်ကြေးတို့လည်း ပါဝင်သည်။

(ဏ) **ဝန်ဆောင်ခွန်**ဆိုသည်မှာ လျှပ်စစ်မီးပေးဝေခြင်း၊ ရေပေးဝေခြင်း၊ ရေလိုင်းဆက်သွယ် ပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း စသည့် ဝန်ဆောင်မှုများအတွက် စည်းကြပ်ကောက်ခံသော အခွန်များကို ဆိုသည်။ ယင်းစကားရပ်တွင် စည်ပင်သာယာရေးကော်မတီက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝန်ဆောင်ခွန်အဖြစ် ဖြည့်စွက် သတ်မှတ်သော အခွန်များလည်း ပါဝင်သည်။

(တ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ ခွင့်ပြုသော လုပ်ငန်းတစ်ရပ်ရပ်အတွက် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကော်မတီက စည်းကမ်းချက်များထားရှိလျက် အခွန်ငွေပေးဆောင်စေပြီး ထုတ်ပေးသော လိုင်စင်တစ်မျိုးမျိုးကို ဆိုသည်။

(ထ) **အမှိုက်**ဆိုသည်မှာ အသုံးမဝင်သည့် စွန့်ပစ်ပစ္စည်းကို ဆိုသည်။

(ဒ) **အညစ်အကြေး**ဆိုသည်မှာ တိရစ္ဆာန်အသေကောင်၊ တိရစ္ဆာန်ချေး၊ ပုပ်စပ်နံစော်သည့် အရာဝတ္ထု၊ မနှစ်မြို့ဖွယ်ရာအသွေးအရည် သို့မဟုတ် စက်ဆုပ်ဖွယ်ရာပစ္စည်းအရပ်ရပ်ကို ဆိုသည်။

(ဓ) **အလောင်း**ဆိုသည်မှာ သူသေအလောင်းကိုဆိုသည်။ ယင်းစကားရပ်တွင် လူသေအလောင်း၏ အစိတ်အပိုင်းအရပ်ရပ်လည်း ပါဝင်သည်။

(န) **သုသာန်မြေ**ဆိုသည်မှာ လူသေအလောင်းကိုသင်္ဂြိုဟ်ရန် ကော်မတီက သတ်မှတ်ထားသော နေရာကို ဆိုသည်။

(ပ) **ကူးစက်ရောဂါ**ဆိုသည်မှာ လူအချင်းချင်းသော်လည်းကောင်း၊ တိရစ္ဆာန်မှ လူသို့သော်လည်းကောင်း ကူးစက်တတ်သောရောဂါကို ဆိုသည်။ ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ခုခံအားကျဆင်းမှုရောဂါ စသည်တို့အပြင် ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ အဓိကကူးစက်မြန်ရောဂါအဖြစ် သတ်မှတ်သောရောဂါများလည်း ပါဝင်သည်။

(ဖ) **လမ်း**ဆိုသည်မှာ လမ်းမကြီးများဥပဒေအရ ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသော လမ်းမကြီးမှအပ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အခြားလမ်းမကြီး၊ ဖို့မြေလမ်း၊ လမ်းငယ်၊ လမ်းသွယ်၊ လမ်းကြား၊ လူသွားစင်္ကြံလမ်း၊ နောက်ဖေးလမ်း၊ လမ်းနှင့်ဆက်စပ်လျက်ရှိသော နယ်နိမိတ်နှင့် လမ်းဘေးရေမြောင်းတို့ ပါဝင်သည်။

(ဗ) **လမ်းနယ်သတ်မှတ်မျဉ်းကြောင်း**ဆိုသည်မှာ လမ်းနှင့်ဆက်စပ်နေသည့် လမ်းနယ်နိမိတ်ပြမျဉ်းကြောင်းကို ဆိုသည်။

(ဘ) **ကိုယ်ပိုင်လမ်း**ဆိုသည်မှာ အများပြည်သူသွားလာအသုံးပြုရန်ဖြစ်စေ၊ ကိုယ်ပိုင်သွားလာအသုံးပြုရန်ဖြစ်စေ ကော်မတီ၏ခွင့်ပြုချက်အရ ပုဂ္ဂလိကပိုင်လမ်းအဖြစ် ဖောက်လုပ်ထားသည့်အပြင် စည်ပင်သာယာက အသုံးစရိတ်ကျခံ၍ ပြုပြင်ထိန်းသိမ်းရန် မလိုသောလမ်းကို ဆိုသည်။

( မ ) **အများပြည်သူဆိုင်ရာလမ်း**ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူအသုံးပြုရန် ကော်မတီကဖောက်လုပ်ပြီး ပြုပြင်ထိန်းသိမ်းထားသောလမ်းကို ဆိုလိုသည်။ ယင်းစကားရပ်တွင် ကိုယ်ပိုင်လမ်းကို အများပြည်သူဆိုင်ရာလမ်းအဖြစ်သို့ ပြောင်းလဲသတ်မှတ်သည့် လမ်းလည်း ပါဝင်သည်။

(ယ) **အဆောက်အအုံ**ဆိုသည်မှာ ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ဆောက်လုပ်ရေးပစ္စည်းဖြင့် တည်ဆောက်ထားသည့် အိမ်၊ တိုက်၊ တဲ၊ အမိုးနှင့် ယင်းတို့၏အစိတ်အပိုင်းကို ဆိုသည်။

( ရ ) **အဆောက်အအုံဆောက်လုပ်ခြင်း**ဆိုသည်မှာ အဆောက်အအုံများနှင့် ယင်းတို့၏ အစိတ်အပိုင်းများ ဆောက်လုပ်ခြင်းကို ဆိုသည်။

(လ) **အဆောက်အအုံပြင်ဆင်ခြင်း**ဆိုသည်မှာ အဆောက်အအုံ၏ မူလပုံသဏ္ဌာန်ကို မပြောင်းလဲဘဲ ထပ်မံတိုးချဲ့ခြင်း၊ မြှင့်ခြင်း၊ ရှေ့နောက်ဘေးဝဲယာတို့တွင် အဖီနှင့်အဆွယ်များ ထပ်မံတိုးချဲ့ ဆောက်လုပ်ခြင်းတို့ကို ဆိုသည်။ ယင်းအချက်တွင် မူလပုံသဏ္ဌာန်ပြောင်းလဲခြင်းမရှိသော အခြားအသေးစားပြင်ဆင်ခြင်းများ မပါဝင်။

( ဝ ) **ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်း**ဆိုသည်မှာ အဆောက်အအုံသစ်ဆောက်လုပ်ခွင့် ရရှိသူက အဆောက်အအုံဆောက်လုပ်ပေးရန်အတွက် လုပ်ငန်းအပ်နှံမှုခံရသည့်လုပ်ငန်းကို ဆိုသည်။

(သ) **တည်းခိုခန်း**ဆိုသည်မှာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားသော ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာတို့မှအပ ပြည်တွင်းခရီးသည်များ အခကြေးငွေပေး၍ တည်းခိုနိုင်ရန် တည်ထောင်ဖွင့်လှစ်ထားသော အဆောက်အအုံကို ဆိုသည်။

(ဟ) **ဘော်ဒါဆောင်**ဆိုသည်မှာ တစ်ဦးချင်းငှားရမ်းပြီး လစဉ်ငှားရမ်းခသတ်မှတ်ချက်ဖြင့် လူအများစုပေါင်းနေထိုင်နိုင်ရန် စီမံဆောက်လုပ်ထားသော အဆောက်အအုံကို ဆိုသည်။

( ဠ ) **အနေးယာဉ်**ဆိုသည်မှာ ခရီးသည်ဖြစ်စေ၊ ကုန်ပစ္စည်းဖြစ်စေ၊ ယင်းနှစ်ရပ်လုံးကိုဖြစ်စေ သယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူ ပို့ဆောင်ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသောဘီးတပ်ယာဉ်ကို ဆိုသည်။

(အ) **အနေးယာဉ်မောင်းသူ**ဆိုသည်မှာ အနေးယာဉ်ကို နင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူတို့ကို ဆိုသည်။

(က-၁) **ကူးတို့လုပ်ငန်း**ဆိုသည်မှာ မြစ်ချောင်း သို့မဟုတ် အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗန်၊ စက်တပ်ရေယာဉ်၊ သင်္ဘော စသည်တို့ဖြင့် သယ်ယူပို့ဆောင်သည့် အများပြည်သူနှင့်ဆိုင်ရာ ကူးတို့လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်း ပါဝင်သည်။

( ခ -၁) **ပုဂ္ဂလိကစီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ဤဥပဒေတွင် သတ်မှတ်ဖော်ပြထားသော ပုဂ္ဂလိကစီးပွားဖြစ် ဝန်ဆောင်မှုလုပ်ငန်းများအပြင် အခြားပုဂ္ဂလိက စီးပွားဖြစ် ဝန်ဆောင်မှု လုပ်ငန်းများလည်း ပါဝင်သည်။

( ဂ -၁) **စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး**ဆိုသည်မှာ ကော်မတီက ကြီးကြပ်အုပ်ချုပ်သော ဈေးတစ်စုံတစ်ရာကို ဆိုသည်။

(ဃ-၁) **ဈေး**ဆိုသည်မှာ သားငါး၊ သစ်သီးဝလံ၊ ဟင်းသီး၊ ဟင်းရွက်၊ တိရစ္ဆာန်၊ စားဖွယ်၊ သောက်ဖွယ်၊ စားကုန်၊ သောက်ကုန် သို့မဟုတ် အခြားလူသုံးကုန်ပစ္စည်းများကို အချိန်မှန် လူများစုဝေး ရောင်းချရန် သတ်မှတ်ထားသော မြေနေရာအဆောက်အအုံကို ဆိုသည်။

( င -၁) **ကိုယ်ပိုင်ဈေး**ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးမှတစ်ပါး မည်သူမဆို ပိုင်ဆိုင်သည့် ဈေးကို ဆိုသည်။ သို့ရာတွင် ထိုစကားရပ်၌ ဘုရားပရိဝုဏ်အတွင်းရှိ ဈေးများ မပါဝင်ပါ။

(စ -၁) **တိရစ္ဆာန်**ဆိုသည်မှာ လူမှတစ်ပါး အခြားသက်ရှိသတ္တဝါကို ဆိုသည်။

(ဆ-၁) **ကျွဲ၊ နွား၊ တိရစ္ဆာန်**ဆိုသည့်စကားရပ်၌ ကျွဲ၊ နွား၊ နွားနောက်၊ ဆင်၊ မြင်း၊ ဝက်၊ လား၊ သိုးနှင့် ဆိတ် စသည်တို့ ပါဝင်သည်။

(ဇ -၁) **သားသတ်ရုံ**ဆိုသည်မှာ ကျွဲ၊ နွား၊ နွားနောက်၊ သိုး၊ ဆိတ်၊ ဝက်များ သတ်ဖြတ်သော နေရာဌာနကို ဆိုသည်။

(ဈ -၁) **အလေး၊ ချိန်ခွင်**ဆိုသည်မှာ ခြင်တွယ်ရာတွင် အသုံးပြုသောဝန်ပစ္စည်း၏ အလေးချိန်ပမာဏကို ဖော်ပြသည့် အရာဝတ္ထုကို ဆိုသည်။

(ည-၁) **အပေါင်ဆိုင်လုပ်ငန်း**ဆိုသည်မှာ ကော်မတီက ထုတ်ပေးသည့်လိုင်စင်ဖြင့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းကို အာမခံအဖြစ်လက်ခံ၍ ကော်မတီကသတ်မှတ်ထားသည့် အတိုးနှုန်းဖြင့် ငွေထုတ်ချေးသောလုပ်ငန်းကို ဆိုသည်။

(ဋ -၁) **စည်ပင်သာယာရေးနယ်နိမိတ်**ဆိုသည်မှာ ဤဥပဒေပုဒ်မ ၃ အရ ဝန်ကြီးက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သော နယ်နိမိတ်ကို ဆိုလိုသည်။

## အခန်း (၂)
## စည်ပင်သာယာရေးနယ်နိမိတ်များသတ်မှတ်ဖွဲ့စည်းခြင်း

၃။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးအတွင်း စည်ပင်သာယာရေး နယ်နိမိတ်များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ အောက်ပါအတိုင်း သတ်မှတ်ဖွဲ့စည်းနိုင်သည် -

(က) **မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်။** မြို့နယ်တစ်ခုအတွင်းရှိ ကျေးရွာအုပ်စုများ၊ ရပ်ကွက်များ၊ မြို့များ၏ နယ်နိမိတ်အားလုံး စုပေါင်းထားသော နယ်နိမိတ်ကို မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အဖြစ် သတ်မှတ်နိုင်သည်။

(ခ) **မြို့စည်ပင်သာယာရေးနယ်နိမိတ်။** မြို့အဖြစ်သတ်မှတ်ကြေညာထားသော နယ်နိမိတ်ကိုသော် လည်းကောင်း၊ ယင်းနယ်နိမိတ်နှင့် တစ်ဆက်တစ်စပ်တည်းရှိသော ဒေသများကို ထည့်သွင်း၍သော် လည်းကောင်း မြို့စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ဖွဲ့စည်းနိုင်သည်။ ထို့အပြင် မြို့အသွင်ဖွံ့ဖြိုးတိုးတက်သော ကျေးရွာနယ်နိမိတ်ကိုလည်း မြို့စည်ပင်သာယာရေးနယ်နိမိတ် အဖြစ် သတ်မှတ်နိုင်သည်။ ယခင်က တည်ရှိခဲ့သော မြို့စည်ပင်သာယာရေးနယ်နိမိတ်များကို ဤဥပဒေအရ မြို့စည်ပင်သာယာရေး နယ်နိမိတ်အဖြစ် သတ်မှတ်ဖွဲ့စည်းသည်ဟု မှတ်ယူရမည်။

## အခန်း (၃)
## စည်ပင်သာယာရေးအဖွဲ့ ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးအတွင်းမြို့နယ်တစ်ခုကိုဖြစ်စေ၊ မြို့တစ်မြို့ကိုဖြစ်စေ၊ နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော မြို့နယ်များ သို့မဟုတ် မြို့များကို စုစည်း၍ဖြစ်စေ စည်ပင်သာယာရေးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း ပြုနိုင်သည်။

## အခန်း (၄)
## ကော်မတီဖွဲ့စည်းခြင်း

၅။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ဥက္ကဋ္ဌအပါအဝင်ကော်မတီဝင် (၇) ဦးဖြင့် ဖွဲ့စည်းရမည်။

(ခ) တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန် စည်ပင်သာယာရေးကော်မတီကို ဥက္ကဋ္ဌ (၁) ဦး၊ အတွင်းရေးမှူး (၁) ဦးနှင့် ကော်မတီဝင် (၅) ဦးဖြင့် ဖွဲ့စည်းရမည်။

(ဂ) ကော်မတီ၏ သက်တမ်းကာလမှာ ပုံမှန်အားဖြင့် (၅) နှစ် ဖြစ်သည်။

၆။ အစိုးရအဖွဲ့သည် ကော်မတီသက်တမ်းနှင့်ပတ်သက်၍ နည်းဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။

## အခန်း (၅)
## ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ခန့်ထားခြင်း

၇။ အစိုးရအဖွဲ့သည် ဤဥပဒေနှင့်အညီ အောက်ပါပုဂ္ဂိုလ်များဖြင့် စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | မြို့မိမြို့ဖများမှ ရွေးချယ်ထားသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | လူမှုရေး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဂ) | သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင် ပညာအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဃ) | မြို့မိမြို့ဖများမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (င) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဦးစီးမှူး၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အတွင်းရေးမှူး |

၈။ မြို့ပေါ်ရပ်ကွက်ရှိ အိမ်ထောင်စုကိုယ်စားလှယ်များသည် မြို့မိမြို့ဖအဖွဲ့ကို မိမိတို့ထဲမှ ရွေးချယ်၍ ဖွဲ့စည်းရမည်။ ထိုသို့ဖွဲ့စည်းရာတွင် ရပ်ကွက်တစ်ရပ်ကွက်လျှင် အနည်းဆုံး ကိုယ်စားလှယ်တစ်ဦးကျစီဖြင့် မြို့မိမြို့ဖဦးရေ အနည်းဆုံး (၁၅) ဦး ပါဝင်စေရမည်။ (၁၅) ရပ်ကွက်ထက်နည်းသောမြို့များတွင် ရပ်ကွက်လူဦးရေ အချိုးအစားအလိုက် မြို့မိမြို့ဖ ပြည့်မီအောင်ဖွဲ့စည်းရမည်။

၉။ မြို့မိမြို့ဖအရေအတွက်နှင့် ပါဝင်ရမည့်အချိုးအစားကို ဝန်ကြီးက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၁၀။ မြို့မိမြို့ဖများနှင့် ကော်မတီဝင်များရွေးချယ်ရာတွင် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသော ပုဂ္ဂိုလ်များကို ရွေးချယ်ရမည် -

(က) အသက် (၃၀) နှစ် ပြည့်ပြီးသူ၊

(ခ) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသူ၊

(ဂ) သက်ဆိုင်ရာ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အနည်းဆုံး (၁) နှစ်ကျော်ကစ၍ မိမိကိုယ်တိုင် သို့မဟုတ် မိမိ၏ ဇနီး/ခင်ပွန်း တစ်ဦးဦးအမည်ပေါက်လျက် ပိုင်ဆိုင်ထားခဲ့သော မြေနှင့်အိမ်တွင် သို့မဟုတ် တိုက်ခန်းတွင် နေထိုင်လျက်ရှိသူ၊

(ဃ) စားဝတ်နေရေးဖူလုံမှုရှိသူ၊

(င) ရပ်ရွာက ယုံကြည်လေးစားခံရပြီး သိက္ခာ၊ သမာဓိရှိသူ၊

(စ) ကျန်းမာရေးကောင်းမွန်ပြီး ပေးအပ်သည့်တာဝန်ကို ထမ်းဆောင်နိုင်စွမ်းရှိသူ၊

(ဆ) နိုင်ငံနှင့်ရပ်ရွာဒေသ၏အကျိုးကို စေတနာထက်သန်စွာဖြင့် တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိသူ၊

(ဇ) အတူနေမိသားစုဝင်များသည်လည်း အကျင့်စာရိတ္တကောင်းမွန်ပြီး ရိုးသားဖြောင့်မတ်သူ၊

(ဈ) အစိုးရဝန်ထမ်းမဟုတ်သူ၊

(ည) သင့်လျော်သောပညာအရည်အချင်းရှိသူ၊

(ဋ) သာသနာ့ဝန်ထမ်း မဟုတ်သူ၊

(ဌ) နိုင်ငံခြားသားမဟုတ်သူနှင့် နိုင်ငံခြားသားအဖြစ် ခံယူထားခြင်းမရှိသူ၊

(ဍ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခြင်းခံထားရသော အဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်ထားသော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်းများနှင့် ဆက်သွယ်မှုရှိကြောင်း ခိုင်လုံသော အထောက်အထားမရှိသူ။

မှတ်ချက်။ အထက်ဖော်ပြပါအရည်အချင်းများတူညီပါက မြို့နယ်စည်ပင်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု လုပ်ငန်းအတွေ့အကြုံရှိသူအား ဦးစားပေးရန် ဖြစ်သည်။

၁၁။ စည်ပင်သာယာရေးကော်မတီတွင် တာဝန်ပေးအပ်မည့် မြို့မိမြို့ဖရွေးချယ်နိုင်ရေးအတွက် ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်။ ထိုသို့ဖွဲ့စည်းရာတွင် သင့်လျော်သည့် မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအမှူးများ ပါဝင်သော အဖွဲ့ဝင် (၅) ဦးဖြင့် ဖွဲ့စည်းရမည်။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရမည်။ ကျန်အတွင်းရေးမှူး (၁) ဦးနှင့် အဖွဲ့ဝင် (၃) ဦးကို ဥက္ကဋ္ဌက သင့်လျော်သောပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရမည်။ ရွေးချယ်ရေးအဖွဲ့သည် မြို့မိမြို့ဖများ ရွေးချယ်ရာတွင်သော်လည်းကောင်း၊ ကော်မတီဝင်ရွေးချယ်ရာတွင်သော်လည်းကောင်း ကြီးကြပ်ရမည်။

၁၂။ ရွေးချယ်ရေးအဖွဲ့သည် ဝန်ကြီး၏ သဘောတူခွင့်ပြုချက်အရ မြို့မိမြို့ဖရွေးချယ်မည့် နေ့ရက်ကိုသတ်မှတ်ကြေညာရမည်။

၁၃။ ပုဒ်မ ၇၊ ပုဒ်မခွဲ (က) ပါ ဥက္ကဋ္ဌရွေးချယ်ရာတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူကို မြို့မိမြို့ဖအဖွဲ့က လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။ မဲအရေအတွက် တူညီနေပါက တစ်ဦးတည်းရရှိသည်အထိပြန်လည်ရွေးချယ်ရမည်။

၁၄။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ)၊ (ဂ) ပါ ကော်မတီအဖွဲ့ဝင်များကို ရွေးချယ်ရာတွင် သက်ဆိုင်ရာ အဖွဲ့အစည်းတစ်ဖွဲ့လျှင် ကိုယ်စားလှယ်တစ်ဦးကျစီကို ရွေးချယ်ရေးအဖွဲ့ကစိစစ်၍ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများကို မြို့မိမြို့ဖများက လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။ ရွေးချယ်ရေးအဖွဲ့က တင်ပြလာသည့် အဖွဲ့အစည်းစာရင်းကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

၁၅။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တွင် ဖော်ပြထားသော ကိုယ်စားလှယ်များအတွက် ဆန္ဒပြုသူမရှိပါက မြို့မိမြို့ဖထဲမှ ဆန္ဒမဲဖြင့် ရွေးချယ်နိုင်သည်။

၁၆။ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဃ) ပါ ကော်မတီအဖွဲ့ဝင်တစ်ဦး ရွေးချယ်ရာတွင် မြို့မိမြို့ဖများအတွင်းမှဆန္ဒပြုသူများကို မြို့မိမြို့ဖများက အထက်ပါပုဒ်မ ၁၄ ပါအတိုင်း လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ရမည်။

၁၇။ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်သည် နိုင်ငံရေးပါတီတစ်ခု၏ အဖွဲ့ဝင်ဖြစ်လျှင် စည်ပင်သာယာရေးကော်မတီဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိတာဝန်ထမ်းဆောင်နေသည့်သက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

## အခန်း (၆)

## ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်း၊ ထုတ်ပယ်ခြင်း၊ လစ်လပ်နေရာကို ထပ်မံဖြည့်စွက်ခြင်းနှင့် ကော်မတီတစ်ရပ်လုံးအား ယာယီရပ်သိမ်းခြင်း၊ ဖျက်သိမ်းခြင်း၊ ပြန်လည်ရွေးချယ်ခြင်းနှင့် ခန့်ထားခြင်း

၁၈။ ကော်မတီဝင်တစ်ဦးဦးသည် မိမိဆန္ဒအလျောက်ရာထူးမှ နုတ်ထွက်လိုလျှင် ကော်မတီမှတစ်ဆင့် ဝန်ကြီးဌာနသို့ စာဖြင့်ပေးပို့လျှောက်ထားရမည်။ ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယင်းကိစ္စကို သဘောတူကြောင်း ပြန်ကြားခဲ့လျှင် ၎င်းကော်မတီဝင်သည် ရာထူးမှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၉။ ကော်မတီဝင်တစ်ဦးဦးသည် အောက်ပါကိစ္စရပ်များပေါ်ပေါက်လျှင် ထိုကော်မတီဝင်၏ နေရာသည် ထိုအချိန်၌ လစ်လပ်သည်ဟု မှတ်ယူရမည် -

(က) ကွယ်လွန်ခြင်း၊

(ခ) မိမိ၏ ဆန္ဒအလျောက် ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုလျှင် နုတ်ထွက်ခွင့်ရရှိခြင်း၊

(ဂ) ကော်မတီဝင်အဖြစ်မှ ရပ်စဲခံရခြင်း၊

(ဃ) ဤဥပဒေအရထုတ်ပြန်ထားသည့် နည်းဥပဒေများကိုဖောက်ဖျက်၍ ကော်မတီအစည်းအဝေးများကို တက်ရောက်ရန်ပျက်ကွက်ခြင်း၊

(င) သက်ဆိုင်ရာစည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆက်လက်နေထိုင်ခြင်းမရှိဘဲ အခြားဒေသသို့ ရွှေ့ပြောင်းခြင်း၊

(စ) ကော်မတီဝင်အဖြစ် ဤဥပဒေအရ သတ်မှတ်ထားသော ရွေးချယ်ခန့်ထားပိုင်ခွင့် အရည်အချင်း ပျက်ယွင်းခြင်း။

၂၀။ ဥက္ကဋ္ဌရာထူး လစ်လပ်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ကော်မတီဥက္ကဋ္ဌ လစ်လပ်သည့်အခါ ကော်မတီ၏ဆုံးဖြတ်ချက်အရ အတွင်းရေးမှူးကဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦးကဖြစ်စေ၊ ယာယီဥက္ကဋ္ဌအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်စေရမည်။

(ခ) ကော်မတီအတွင်းရေးမှူး လစ်လပ်သည့်အခါ အမှုဆောင်အရာရှိတာဝန်၊ ယာယီတာဝန် ပေးအပ်ခြင်းခံရသူကို ယာယီအတွင်းရေးမှူးအဖြစ် ထမ်းဆောင်စေရမည်။

(ဂ) လစ်လပ်သည့်ကော်မတီဝင်ကို ဥပဒေနှင့်အညီ ဆောလျင်စွာ ပြန်လည်ရွေးချယ်ရမည်။

၂၁။ (က) အစိုးရအဖွဲ့သည် ကော်မတီဝင်တစ်ဦးဦးက မိမိ၏တာဝန်ကိုထမ်းဆောင်ရာတွင် အထက်ပါ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) အရ ပျက်ကွက်ခဲ့လျှင်ဖြစ်စေ၊ မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့် တာဝန်ကို အလွဲသုံးစားပြုလုပ်ခဲ့လျှင်ဖြစ်စေ စုံစမ်းစစ်ဆေးစေပြီးနောက် ပေါ်ပေါက်ပါက ၎င်းကော်မတီဝင်အား တာဝန်မှ ထုတ်ပယ်သည့်အမိန့်ချမှတ်နိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ကော်မတီတစ်ရပ်လုံးက မိမိ၏တာဝန်ကိုထမ်းဆောင်ရာတွင် အထက်ပါ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဃ) အရ ပျက်ကွက်ခဲ့လျှင်ဖြစ်စေ၊ မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့် တာဝန်ကို အလွဲသုံးစားပြုလုပ်ခဲ့လျှင်ဖြစ်စေ စုံစမ်းစစ်ဆေးပြီးနောက် ပေါ်ပေါက်ပါက ၎င်းကော်မတီတစ်ရပ်လုံးအား ဖျက်သိမ်းသည့်အမိန့် ချမှတ်နိုင်သည်။

၂၂။ ပုဒ်မ ၂၁ အရ ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီတစ်ရပ်လုံးကိုဖြစ်စေ အရေးယူလျှင် ထိုကော်မတီဝင် သို့မဟုတ် ထိုကော်မတီတစ်ရပ်လုံးအား ထုချေရှင်းလင်းရန် အခွင့်အရေးမပေးဘဲနှင့်

ထိုကော်မတီဝင် သို့မဟုတ် ထိုကော်မတီတစ်ရပ်လုံး၏ အကျိုးကို ထိခိုက်နစ်နာစေသော မည်သည့်အမိန့် တစ်စုံတစ်ရာကိုမျှ မချမှတ်ရ။

၂၃။ ပုဒ်မ ၂၂ အရ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၇)
## ကော်မတီ၏လုပ်ငန်းတာဝန်များ

၂၄။ ကော်မတီသည် စည်ပင်သာယာရေးအဖွဲ့၏ အောက်ပါလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည် -

(က) မြို့ပြနှင့် ကျေးလက်ဒေသဆိုင်ရာ စီမံကိန်းများရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) သောက်သုံးရေ ပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း -

(၁) သန့်ရှင်းရေး၊ သာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၂) မိလ္လာလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ဃ) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပြည်သူများ လျှပ်စစ်မီးလုံလောက်မှု ရရှိရေးအတွက် ဖြစ်နိုင်သရွေ့ ပါဝင်ကူညီဆောင်ရွက်ခြင်း၊

(င) ဈေးနှင့်စပ်လျဉ်းသည့်လုပ်ငန်းများ စီမံခန့်ခွဲခြင်း -

(၁) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(၂) ပုဂ္ဂလိကပိုင်ဈေးများကို တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(၃) တိရစ္ဆာန်ပွဲဈေးများကို တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊

(၄) လမ်းဘေးဈေးဆိုင်များကို ကြီးကြပ်ခြင်း။

(စ) မုန့်ဖိုများ၊ စားကုန်ပစ္စည်းများ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းများကို ကြီးကြပ်ခြင်း၊

(ဆ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများအား ကြီးကြပ်ခြင်း၊

(ဇ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဈ) တိရစ္ဆာန်များမွေးမြူရန် ခွင့်ပြုခြင်း၊ သတ်ဖြတ်ခွင့်ပြုခြင်းနှင့် ကြီးကြပ်ခြင်း -

(၁) ခြေနှစ်ချောင်း တိရစ္ဆာန်များအား စားသုံးရန် သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းကို ကြီးကြပ်ခြင်း၊

(၂) သားသတ်ရုံများ တည်ထောင်ခြင်း၊ ခြေလေးချောင်း တိရစ္ဆာန်များအား စားသုံးရန် သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းကို ကြီးကြပ်ခြင်း၊

(၃) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းကို ကြီးကြပ်ခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းစေခြင်း။

(ည) ကူးတို့လုပ်ငန်းများကို စီမံခန့်ခွဲခြင်း၊

(ရ) အပေါင်ဆိုင်လုပ်ငန်းများအား ကြီးကြပ်ခြင်း၊

(လ) အနေးယာဉ်များကို စီမံခန့်ခွဲခြင်း၊

(ဝ) ယာဉ်ရပ်နားစခန်းများသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ယာဉ်များသွားလာခြင်း၊ ရပ်နားခြင်းကို ကြီးကြပ်ခြင်း၊

(သ) လမ်းနှင့်စပ်လျဉ်းသည့်လုပ်ငန်းများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း -

(၁) လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(၂) လမ်းအသုံးချမှုသတ်မှတ်ခြင်း၊ လမ်းအမည်၊ လမ်းအမှတ်သတ်မှတ်ခြင်း။

(ဏ) အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်း -

(၁) စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(၂) စည်ပင်သာယာရေးအဖွဲ့ပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(၃) စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်အဆောက်အအုံများ ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းခွင့်ပြုခြင်း၊

(၄) အဆောက်အအုံအမှတ် သတ်မှတ်ခြင်း။

(တ) ကျူးကျော်အိမ်များ၊ ကျူးကျော်အဆောက်အအုံများ၊ ကျူးကျော်ရပ်ကွက်များ ဖျက်သိမ်းခြင်း၊

(ထ) တည်းခိုခန်းများ၊ အခန်းလိုက်ငှားရမ်းသော အဆောက်အအုံများ၊ ဘော်ဒါဆောင်များ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် စည်ပင်သာယာရေးဆိုင်ရာကိစ္စများနှင့် စပ်လျဉ်းသည့် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုခန်းများ စစ်ဆေးခြင်း၊

(ဒ) ဆိုင်းဘုတ်နှင့်ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ချိတ်ဆွဲခြင်း၊ ကပ်ထားခြင်းအား ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဓ) လေလွင့်သွားလာနေသော လူနှင့်တိရစ္ဆာန်များကို ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်း -

(၁) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသူများကို စောင့်ရှောက်နိုင်ခြင်းအလို့ငှာ သက်ဆိုင်ရာသို့ အပ်နှံခြင်း၊

(၂) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်း စီမံခန့်ခွဲခြင်း။

(န) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ပ) သုသာန်များနှင့် စပ်လျဉ်းသည့်ကိစ္စများကို ဆောင်ရွက်ခြင်း -

(၁) သုသာန်များကို သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သင်္ဂြိုဟ်စက်များ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(၂) အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုသာန်များကို ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းသည့် သုသာန်မြေကို အခြားနည်းအသုံးပြုခြင်း၊ အခြားနည်းအသုံးပြုစေခြင်း၊

(၃) သင်္ဂြိုဟ်လုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်သလို ကြီးကြပ်ခြင်း။

(ဖ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ ဆောင်ရွက်စေခြင်း၊

(ဗ) အစိုးရအဖွဲ့ သို့မဟုတ် ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဘ) ဤဥပဒေအရဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဆောင်ရွက်ရန်ရှိသည့် တာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၈)
## အစည်းအဝေးဖြင့်လုပ်ငန်းများ ဆောင်ရွက်ခြင်း

၂၅။ ကော်မတီသည် ဤဥပဒေအရ ပြဋ္ဌာန်းသည့်နည်းဥပဒေနှင့်အညီ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အစည်းအဝေးများကျင်းပခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာရမည် -

(က) ကော်မတီအစည်းအဝေးကို တစ်လလျှင် အနည်းဆုံး (၂) ကြိမ်ပြုလုပ်ရမည်။ ကော်မတီဝင်ဦးရေ ထက်ဝက်ကျော်သည့် ကော်မတီဝင်များက အစည်းအဝေးပြုလုပ်ပေးရန် စာဖြင့်တင်ပြလာလျှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးအပ်ထားသူက အစည်းအဝေးပြုလုပ်ပေးရမည်။

(ခ) ကော်မတီကပြုလုပ်သည့် အစည်းအဝေးတိုင်းသည် သာမန်အစည်းအဝေးသော်လည်းကောင်း၊ အထူးအစည်းအဝေးသော်လည်းကောင်း ဖြစ်စေရမည်။

(ဂ) ကော်မတီဝင် (၃) ပုံ (၂) ပုံပြည့်မီမှသာ အထူးအစည်းအဝေး အတည်ဖြစ်သည်ဟု မှတ်ယူရမည်။ ထို့ပြင် သာမန်အစည်းအဝေး အတည်ဖြစ်စေရန်အတွက်လည်း တက်ရောက်ရန်ဖြစ်သည့် ကော်မတီဝင်ဦးရေသည် (၄) ဦးထက်မလျော့စေရ။ အစည်းအဝေးအထမြောက်စေရန်အတွက် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်း ညီညွတ်စေရမည်။

(ဃ) သာမန်အစည်းအဝေးတွင်ဖြစ်စေ၊ အထူးအစည်းအဝေးတွင်ဖြစ်စေ၊ အစည်းအဝေးအတည်ဖြစ်စေရန် တက်ရောက်ရမည့် ကော်မတီဝင်ဦးရေ မပြည့်စုံလျှင် အစည်းအဝေးသဘာပတိသည် ယင်းအစည်းအဝေးကို သင့်လျော်သည့်နေ့ရက်သို့ ရွှေ့ဆိုင်းရမည်။

(င) ကော်မတီအစည်းအဝေးတိုင်းတွင် ကော်မတီဥက္ကဋ္ဌက သဘာပတိပြုလုပ်၍ ကြီးကြပ်ရမည်။

(စ) ကော်မတီဥက္ကဋ္ဌသည် အစည်းအဝေးသို့ မတက်ရောက်နိုင်လျှင် အတွင်းရေးမှူးသည် သဘာပတိပြုလုပ်၍ ယင်းအစည်းအဝေးကို ကြီးကြပ်ရမည်။ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမတက်ရောက်နိုင်ခဲ့လျှင် ကျန်ကော်မတီဝင်များသည် အစည်းအဝေးဖြစ်မြောက်စေရန် ကော်မတီဝင်တစ်ဦးကို သဘာပတိအဖြစ် ရွေးချယ်တင်မြှောက်၍ ကြီးကြပ်စေရမည်။

(ဆ) အစည်းအဝေးတိုင်း၌ ဆောင်ရွက်သည့်ကိစ္စရပ်များကို ကော်မတီဝင်များ၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။ မဲအရေအတွက်သည် နှစ်ဖက်ညီမျှနေလျှင် အစည်းအဝေးသဘာပတိ၏ ဆန္ဒမဲဖြင့် အဆုံးအဖြတ်ပြုရမည်။

(ဇ) အစိုးရအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြုလုပ်သည့် သာမန်အစည်းအဝေးများ၊ အထူးအစည်းအဝေးများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို နည်းဥပဒေ ထုတ်ပြန်သတ်မှတ်ရမည်။

## အခန်း (၉)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၂၆။ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကော်မတီသည် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အခွန်များကို စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း၊

(ခ) တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း အလို့ငှာ ပြည်ထောင်စုအစိုးရထံမှဖြစ်စေ၊ အစိုးရထံမှဖြစ်စေ၊ စည်ပင်သာယာရေးနှင့်သက်ဆိုင်သော

ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများထံမှဖြစ်စေ၊ ဥပဒေနှင့်အညီ တည်ထောင်ဖွင့်လှစ်ထားသော ဘဏ်များမှဖြစ်စေ ငွေချေးယူခြင်း၊ အထောက်အပံ့များရယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊

(ဂ) ပြည်တွင်း ပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်တွင်းပြည်ပပုဂ္ဂိုလ်တို့နှင့်ဆက်သွယ်၍ စည်ပင်သာယာရေးအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ နိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို ဝန်ကြီးထံ တင်ပြခြင်း၊

(င) ကော်မတီပိုင်အဆောက်အအုံနှင့်မြေများကို တင်ဒါ သို့မဟုတ် လေလံစနစ်ဖြင့် ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ စည်းကမ်းချက်ဖောက်ဖျက်သော ငှားရမ်းသူများအား ဥပဒေနှင့်အညီ ဖယ်ရှားခြင်း၊ ဥပဒေနှင့်အညီ တရားစွဲဆိုခြင်း။

၂၇။ ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းချက် ရေးဆွဲပြီး ဝန်ကြီးထံ တင်ပြခြင်း၊

(ခ) စည်ပင်သာယာရေးအဖွဲ့လုပ်ငန်းများကို တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊ ဆောင်ရွက်စေခြင်း၊

(ဂ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများအလိုက် အဖွဲ့ငယ်များ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊ ဆောင်ရွက်စေခြင်း၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရန် ခေတ်မီတိုးတက်သည့် နည်းလမ်းများ၊ စနစ်များဖြင့် ဆောင်ရွက်ခြင်း၊ လုပ်ငန်းရှင်များအား တင်ဒါစနစ်ဖြင့် ဆောင်ရွက်စေခြင်း၊

(င) လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော ဒေသများ၌ ဒေသန္တရစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်သော်လည်းကောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်သော်လည်းကောင်း သက်ဆိုင်ရာဒေသရှိ စည်ပင်သာယာရေးအဖွဲ့များနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ညှိနှိုင်းသဘောတူ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဆ) ဝန်ကြီးဌာနက အခါအားလျော်စွာအပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း။

၂၈။ ဥက္ကဋ္ဌသည် အောက်ပါအတိုင်း တာဝန်ယူ ဆောင်ရွက်ရမည် -

(က) စည်းကမ်းသေဝပ်စွာ တာဝန်ထမ်းဆောင်နိုင်ရန် ကော်မတီကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ကော်မတီအစည်းအဝေးများကို သတ်မှတ်ချက်နှင့်အညီ အချိန်မှန်ကျင်းပခြင်း၊ သဘာပတိတာဝန် ထမ်းဆောင်ခြင်း၊

(ဂ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ကော်မတီဝင်အသီးသီး၏ တာဝန်ကို ခွဲဝေသတ်မှတ်ခြင်း၊

(ဃ) အစိုးရ၏ သဘောတူညီချက်ဖြင့် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတစ်ရပ်ရပ်နှင့် သဘောတူစာချုပ် ချုပ်ဆိုခြင်း၊ တွဲဖက်လုပ်ကိုင်ခြင်း၊

(င) နိုင်ငံခြားငွေသုံးစွဲခြင်းကိစ္စများကို တာဝန်ယူ ကြီးကြပ်ခြင်းနှင့် ရန်ပုံငွေများကို အကျိုးရှိစွာ သုံးစွဲနိုင်အောင် ဆောင်ရွက်ခြင်း၊

(စ) အစိုးရအဖွဲ့ထံ လိုအပ်သလို အစီရင်ခံစာတင်ပြခြင်း၊

(ဆ) နည်းဥပဒေတွင် ပြဋ္ဌာန်းချက်မရှိသောကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ဆောင်ရန်ရှိပါက ညွှန်ကြားချက်ထုတ်ပြန်နိုင်ရန် ဝန်ကြီးထံတင်ပြခြင်း။

၂၉။ အတွင်းရေးမှူးသည် အောက်ပါအတိုင်း တာဝန်ယူဆောင်ရွက်ရမည် -

(က) ဥက္ကဋ္ဌက ပေးအပ်သောတာဝန်ကို ထမ်းဆောင်ခြင်း၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဥက္ကဋ္ဌအား အကြံဉာဏ်ပေးခြင်းနှင့် အကူအညီပေးခြင်း၊

(ဂ) ဥက္ကဋ္ဌတာဝန်မထမ်းဆောင်နိုင်သည့်အခါ ယင်း၏တာဝန်ကို ယာယီထမ်းဆောင်ခြင်း၊

(ဃ) အစည်းအဝေးများတွင် လုပ်ငန်းဆိုင်ရာများကို တင်ပြခြင်း၊

(င) အစည်းအဝေးမှတ်တမ်းများကို မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်း၊

(စ) ငွေစာရင်းများပြုစုခြင်း၊ စနစ်တကျထိန်းသိမ်းခြင်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းများရေးဆွဲခြင်း၊

(ဆ) အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ရှိ/မရှိ စိစစ်၍ ကော်မတီ အစည်းအဝေးများ၌ တင်ပြခြင်း၊

(ဇ) ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် အခြားတာဝန်ထမ်းဆောင်ခြင်း။

## အခန်း (၁၀)
## အခွန်စည်းကြပ်ကောက်ခံခြင်း

၃၀။ ကော်မတီသည် ဥပဒေနှင့်အညီ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံရမည် -

(က) အဆောက်အအုံနှင့်မြေခွန်၊

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ အများသုံးအိမ်သာခွန်၊

(ဂ) ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးနှင့်အခြားတိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(ဃ) ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်ရပ်နားသောယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(င) တည်ဆဲဥပဒေတစ်ရပ်ရပ်ကခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

၃၁။ ကော်မတီသည် အောက်ပါအချက်များအပေါ် အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်းပြုရမည် -

(က) အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် တစ်နှစ်ငှားရမ်းခတန်ဖိုး၏ တစ်ဆယ်ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန်၊

(ခ) ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ်မျှတစေရန်၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်၊

(ဃ) အဆောက်အအုံနှင့် မြေခွန်ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိနေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ အစိုးရအဖွဲ့ကဖြစ်စေ စီမံခန့်ခွဲသော ပုဂ္ဂလိကပိုင် အဆောက်အအုံနှင့် မြေခွန်တို့ကို စည်းကြပ်ရာတွင် ယင်းအဆောက်အအုံနှင့်မြေမှ ဝင်ငွေအားလုံး၏ (၇) ရာခိုင်နှုန်းထက် မပိုစေဘဲ ပိုင်ရှင်ထံမှ စည်းကြပ်ရန်၊

(စ) ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ အစိုးရအဖွဲ့ကဖြစ်စေ စီမံခန့်ခွဲသောဌာနဆိုင်ရာပိုင် အဆောက်အအုံနှင့် မြေခွန်တို့ကို စည်းကြပ်ရာတွင် ယင်းအဆောက်အအုံနှင့်မြေမှ ဝင်ငွေအားလုံး၏ (၅) ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန်။

၃၂။ ကော်မတီသည် အဆောက်အအုံနှင့်မြေခွန်၊ ဝန်ဆောင်ခွန်များ စည်းကြပ်ကောက်ခံရန် အဆောက်အအုံနှင့်မြေ၏ တစ်နှစ်ငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

၃၃။ ကော်မတီသည် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်း လိုင်စင်ခများ၊ အဖွဲ့ပိုင် ဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်များနှင့်ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်ခတို့ကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်း ပြုနိုင်သည်။

၃၄။ ကော်မတီသည် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော့ပစ်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) စည်းကြပ်သော အခွန်တစ်ရပ်ရပ်ကိုဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ဖျက်သိမ်းခြင်း သို့မဟုတ် နှုန်းထားပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်း၊

(ခ) ခိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦး ပေးဆောင်ရန်ရှိသော အခွန်ကို ကင်းလွတ်ခွင့်ပြုခြင်း သို့မဟုတ် လျှော့ပစ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ပေးဆောင်ပြီးသောအခွန်ကို ပြန်လည်ထုတ်ပေးခြင်း။

၃၅။ အမှုဆောင်အရာရှိသည် အခွန်ကြွေးကျန်တို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ ကိစ္စဆောင်ရွက်ရန်အလို့ငှာ တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၁၁)
## စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း

၃၆။ ကော်မတီသည် မီးဘေးအန္တရာယ်ကာကွယ်ရေးနှင့်ပတ်သက်၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) အထပ်မြင့်အဆောက်အအုံများ၊ အများနှင့်သက်ဆိုင်သော အဆောက်အဦများနှင့် ပုဂ္ဂလိကအဆောက်အဦများ ဆောက်လုပ်ရာတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစနစ်များ ပြည့်စုံစွာထည့်သွင်းစေခြင်း၊

(ခ) မြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်ရေငုတ်များ တပ်ဆင်ခြင်း၊

(ဂ) မီးသတ်ကားများ ရေဖြည့်ရန်နေရာ သတ်မှတ်ဆောင်ရွက်ပေးခြင်း၊

(ဃ) မီးအသုံးပြုမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းပြီး စည်းကမ်းချက်များ သတ်မှတ်ထုတ်ပြန်ခြင်း၊

(င) မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေးလုပ်ငန်းများကို စေတနာ့ဝန်ထမ်းဆောင်ရွက်နေသော အဖွဲ့အစည်းများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ဆောင်ရွက်စေခြင်း။

၃၇။ ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အအုံ၊ မြေတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားခြင်း သို့မဟုတ် ဆောင်ရွက်ခြင်းပြုနိုင်သည် -

(က) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိဘဲဖြစ်စေ အဆောက်အအုံ ဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကိုရပ်ဆိုင်းထားစေခြင်း၊ ပြန်လည် ပြင်ဆင်စေခြင်း သို့မဟုတ် ဖြိုဖျက်စေခြင်း၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်၊ စသည်များပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်စေ ကျူးကျော် ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း၊

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတားတည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းပြုရာတွင် မလွတ်ကင်းသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းကို အများပြည်သူ အကျိုးငှာ ဖယ်ရှားစေခြင်း၊ ညှိနှိုင်းဆောင်ရွက်စေခြင်း၊

(ဃ) ဆောက်လုပ်ခွင့်ပြုခဲ့သော အဆောက်အအုံကို စစ်ဆေးရာတွင် ခွင့်ပြုထားသော အဆောက်အအုံ ပုံစံနှင့်အညီ ဆောက်လုပ်ထားကြောင်းနှင့် အဆောက်အအုံဆောက်လုပ်ခြင်းဆိုင်ရာ စည်းကမ်း ချက်များ ဖောက်ဖျက်မှုမရှိကြောင်း စိစစ်တွေ့ရှိရပါက နေထိုင်အသုံးပြုခွင့်ပေးခြင်း၊

(င) အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်အလို့ငှာ စည်းကမ်းအရ သတ်မှတ် ထားသော အရည်အချင်းနှင့်ပြည့်စုံသူများအား သတ်မှတ်ထားသော အာမခံငွေ တင်သွင်းစေ၍ ကန်ထရိုက်တာအဖြစ် မှတ်ပုံတင်စေပြီး လိုင်စင်ထုတ်ပေးခြင်း၊

(စ) အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်နှင့် ကြီးကြပ်ဆောင်ရွက်နိုင်ရန် သတ်မှတ်ထားသော အရည်အချင်းနှင့် ကျွမ်းကျင်မှုရှိသူများကို လိုင်စင်ရ အင်ဂျင်နီယာအဖြစ် မှတ်ပုံတင်စေပြီး လိုင်စင်ထုတ်ပေးခြင်း၊

(ဆ) စည်ပင်သာယာရေးအဖွဲ့ပိုင်လမ်းများ၊ ဓာတ်အားပေးတိုင်များ၊ တယ်လီဖုန်းတိုင်များ၊ တံတားများ ပေါ်တွင်ဖြစ်စေ၊ အစိုးရဌာနအဖွဲ့အစည်းဆိုင်ရာမြေကွက်များ၊ ပုဂ္ဂလိကပိုင် မြေကွက်များ သို့မဟုတ် တိုက်နံရံများ၊ အိမ်နံရံများ၊ ခြံစည်းရိုးများပေါ်တွင်ဖြစ်စေ၊ စည်ပင်သာယာရေးနယ်နိမိတ် အတွင်း ပြေးဆွဲနေသော ယာဉ်များတွင်ဖြစ်စေ၊ ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်း၊ တပ်ဆင်ခြင်း၊ ကြော်ငြာကပ်ခြင်း၊ ချိတ်ဆွဲခြင်း၊ ရေးဆွဲခြင်း ပြုလုပ်လိုသူအား ဤဥပဒေအရ ရေးဆွဲထားသော စည်းကမ်းချက်များနှင့်အညီ စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်မှုပြုခြင်း၊

(ဇ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သည့် မြို့အင်္ဂါရပ်နှင့် မညီညွတ်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ၊ စုံစမ်းစစ်ဆေးခြင်း၊ ဥပဒေနှင့်အညီ ဆုံးဖြတ်၍ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း သို့မဟုတ် ဖြိုဖျက်ခြင်း၊ ဖယ်ရှားခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားစေခြင်း။

(ဈ) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံး သုတ်စေခြင်း၊

(ည) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊

(ဋ) မိမိခြံဝင်းအတွင်းနှင့်ခြံဝင်းဥပစာရှိ အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံပင်များကို ကော်မတီ၏ ညွှန်ကြားချက်နှင့်အညီ ခုတ်ထွင် ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း၊

၃၈။ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ဈ) (ည) နှင့် (ဋ) တို့အရ လိုက်နာဆောင်ရွက်ရန် လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ လက်ရှိနေထိုင်သူသည် အိမ်ငှားဖြစ်လျှင် ထိုကုန်ကျစရိတ်ကို အိမ်ရှင်ထံမှ တောင်းခံခွင့် သို့မဟုတ် ငှားရမ်းခမှ ခုနှိမ်ခွင့်ရှိသည်။

၃၉။ ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာအညစ်အကြေးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊

(ခ) ကျန်းမာရေးနှင့် မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင် စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် စီးပွားရေးလုပ်ငန်းတစ်ခုခုတို့မှ စီးဆင်းသည့် ရေကြောင့် အများပြည်သူနှင့် သက်ဆိုင်သောလမ်းနှင့် အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာကောင်းစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်းစသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် စီးပွားရေးလုပ်ငန်းတစ်ခုခုတို့မှ စွန့်ထုတ်သည့် ရေဆိုးများအား ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန် ကော်မတီမှ သတ်မှတ်ထားသောနေရာတွင် စနစ်တကျသန့်စင်ပြီး စွန့်ပစ်စေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို စီမံထားရှိစေခြင်း၊

(စ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဆ) ရေဆိုးရေညစ်များကို လူနေအိမ်ရပ်ကွက်များ၊ လူအများအသုံးပြုသောချောင်း၊ ရေတွင်း၊ ရေကန်များ၊ စိုက်ခင်းများ၊ ရေမြောင်းနှင့် ရေပိုက်များ သို့မဟုတ် တိရစ္ဆာန်များ သောက်သုံးသည့် ရေကန်နှင့် ရေမြောင်းများသို့ မရောက်ရှိစေရန် တားမြစ်ခြင်း။

၄၀။ ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အမှိုက်များနှင့်နံ့စော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ထည့်ထားရန် သင့်လျော်သော အမှိုက်ပုံး၊ အမှိုက်အိတ်များ စီမံထားရှိစေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်ကြောင်းတွေ့ရှိရသည့် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို အသုံးပြုခြင်းမှ ပိတ်ထားစေခြင်း၊

(ဂ) တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ သို့မဟုတ် ဘော်ဒါဆောင်များကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ်စေရန် ဆောင်ရွက်စေခြင်း၊

(ဃ) အများပြည်သူ ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့် အဆောက်အအုံတို့ကို ကျန်းမာသန့်ရှင်းရေးတို့နှင့် ညီညွတ်စေရန်သော်လည်းကောင်း၊ မီးဘေးလုံခြုံရေးရှိစေရန်သော်လည်းကောင်း ဆောင်ရွက်စေခြင်း၊

(င) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက် အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲနေစေခြင်း သို့မဟုတ် ပြင်ဆင်ဆောင်ရွက်စေခြင်း။

၄၁။ ကော်မတီသည် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အသုံးပြုရန်မသင့်လျော်သည့် သုသာန်မြေနှင့် စပ်လျဉ်း၍ အမိန့်ကြော်ငြာစာထုတ်ပြန်၍ အောက်ပါအတိုင်းဆောင်ရွက်စေရမည် -

(က) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊

(ခ) သုသာန်ကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း။

## အခန်း (၁၂)
## အငှားယာဉ်များ စီမံခန့်ခွဲခြင်း

၄၂။ ကော်မတီသည် အငှားယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အငှားယာဉ်အမျိုးအစားအလိုက် စည်းကမ်းချက်များရေးဆွဲ၍ ဝန်ကြီးထံတင်ပြခြင်း၊

(ခ) အငှားယာဉ်လိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) အငှားယာဉ်မောင်းလိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဃ) အငှားယာဉ်တည်ထောင်ခွင့်လိုင်စင် ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(င) အငှားယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) အငှားယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) အငှားယာဉ်မောင်းသူများအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

၄၃။ အငှားယာဉ်ပိုင်ရှင်နှင့် အငှားယာဉ်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၁၃)
## ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း

၄၄။ ကော်မတီသည် မိမိစည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ဂ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်း လမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေ သတ်မှတ်ခြင်း၊

(ဆ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ဇ) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ယာဉ်များ၊ တိရစ္ဆာန်များနှင့် ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ ကင်းလွတ်ခွင့်ပေးခြင်း၊

(ည) ကော်မတီသည် ကူးတို့လုပ်ငန်းကို ဌာနဆိုင်ရာအနေဖြင့်ဖြစ်စေ၊ လေလံစနစ်ဖြင့်ဖြစ်စေ၊ တင်ဒါစနစ်ဖြင့်ဖြစ်စေ ဆောင်ရွက်ခွင့်ပြုခြင်း။

၄၅။ ညွှန်ကြားရေးမှူးသည် ဝန်ကြီး၏ ညွှန်ကြားချက်နှင့်အညီ မြို့နယ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုမိုသော မြို့နယ်များနှင့်ဆက်စပ်နေသော ကူးတို့လုပ်ငန်များနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ဂ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်းနယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည့် စည်ပင်သာယာရေးအဖွဲ့သို့ ကူးတို့လုပ်ငန်းဝင်ငွေများကို အချိုးကျခွဲဝေသတ်မှတ်ပေးခြင်း၊

(စ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ဆ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သော အမှုဆောင်အရာရှိအား ခန့်ထားခြင်း၊

(ဇ) စည်းကမ်းချက်ဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေသတ်မှတ်ခြင်း၊

(ဈ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ည) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဋ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကိုလျှော့ပေါ့ပေးခြင်း၊ ကင်းလွတ်ခွင့်ပေးခြင်း။

၄၆။ ကော်မတီ၏သဘောတူညီချက်ဖြင့် အမှုဆောင်အရာရှိသည် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ကူးတို့လုပ်ငန်းကိုအုပ်ချုပ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့်ရောင်းချခြင်း၊

(ဂ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် အစီအစဉ်များ ပြုလုပ်စေခြင်း၊

(ဃ) စည်းကမ်းချက်ဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့လုပ်ငန်းလိုင်စင်များကို ပြန်လည်ရောင်းချခြင်း။

၄၇။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူမှအပ ကူးတို့နယ်နိမိတ်တစ်ခုအတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခြင်း မရှိစေရ။

၄၈။ ကော်မတီသည် ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူအား ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြင်ဆင်ထိန်းသိမ်းရန် ညွှန်ကြားနိုင်သည်။

၄၉။ ကော်မတီသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍သော်လည်းကောင်း ယင်းနှင့် သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍သော်လည်းကောင်း ဆက်လက်အသုံးမပြုရန် ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူအား ညွှန်ကြားနိုင်သည်။

၅၀။ ဝန်ကြီးသည် တိုင်းဒေသကြီးတစ်ခုနှင့်တစ်ခုအကြား ကူးတို့လုပ်ငန်းတည်ရှိရာဒေသနှင့်စပ်လျဉ်း၍ အပြောင်းအလဲ သို့မဟုတ် ကူးတို့လုပ်ငန်းဝင်ငွေများ အချိုးကျခွဲဝေပေးခြင်းများအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်။

၅၁။ ကော်မတီသည် ကူးတို့လိုင်စင်စည်းကမ်းချက် ဖောက်ဖျက်သူကို စုံစမ်းစစ်ဆေးစေလျက် အောက်ပါ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) အချိန်ကာလသတ်မှတ်၍ လုပ်ငန်းရပ်ဆိုင်းခြင်း၊

(ဂ) ဒဏ်ငွေပေးဆောင်စေခြင်း၊

(ဃ) လိုင်စင်ကို ရုပ်သိမ်းခြင်း။

၅၂။ ပုဒ်မ ၅၁ ပါ အမိန့်နှင့်ပတ်သက်၍ နစ်နာသူသည် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးထံ အယူခံဝင်ရောက်ခွင့်ရှိသည်။ ထို့ပြင် ဝန်ကြီး၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေ ရမည်။

## အခန်း (၁၄)

## ယာဉ်ရပ်နားစခန်းများ သတ်မှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း

၅၃။ ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ယာဉ်ရပ်နားစခန်းများနှင့်ပတ်သက်၍ သန့်ရှင်းသပ်ရပ်စနစ်တကျဖြစ်စေရန် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

(က) ယာဉ်ရပ်နားစခန်းဆိုင်ရာ စည်းကမ်းချက်များရေးဆွဲခြင်း၊ အခွန်၊ အခများ စည်းကြပ်ကောက်ခံခြင်း၊

(ခ) မော်တော်ယာဉ်အမျိုးအစားအလိုက် ရပ်နားနိုင်သည့် ယာဉ်ရပ်နားစခန်းများအား ဤဥပဒေအရ ရေးဆွဲထားသော စည်းကမ်းချက်များနှင့်အညီ သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဂ) စည်ပင်သာယာရေးနယ်နိမိတ်အတွင်း (၃) တန်အထက် ကုန်တင်ယာဉ်များ၊ ကုန်သေတ္တာတင် နောက်တွဲယာဉ်များ၊ ညအိပ်ရပ်နားမည့်နေရာကို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဃ) လမ်းပိတ်ဆို့မှုများ မဖြစ်စေရန်နှင့်ယာဉ်ထိခိုက်မှုအန္တရာယ် ကာကွယ်တားဆီးနိုင်ရန် ကုန်တင် ယာဉ်များ၊ ကုန်သေတ္တာတင် နောက်တွဲယာဉ်များ မဝင်ရလမ်းနှင့် ဝင်ခွင့်ပြုလမ်းများ သတ်မှတ် ပေးခြင်း၊

(င) ကုန်တင်ယာဉ်စခန်းများကို လိုအပ်သလို တည်ဆောက်ဖွင့်လှစ်ခြင်း၊

(စ) ခရီးသည်တင် ယာဉ်ရပ်နားစခန်းများကို လိုအပ်သလို တည်ဆောက်ဖွင့်လှစ်ခြင်း၊

(ဆ) ခရီးသည်တင်ချ ပြုလုပ်သည့်နေရာ၊ မော်တော်ယာဉ်လက်မှတ်ရောင်းရန်နေရာ သို့မဟုတ် မော်တော်ယာဉ်များ ဝင်ထွက်ရပ်နားဂိတ်ထိုးရန်နေရာ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း။

## အခန်း (၁၅)
## တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း

၅၄။ ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကျန်းမာရေးနှင့်ညီညွတ်သော ကျွဲ၊ နွား၊ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို အများပြည်သူ စားသုံးရန်အတွက် ရောင်းချရန်အလို့ငှာ စည်ပင်သာယာရေး အဖွဲ့ပိုင် သားသတ်ရုံများတွင် စည်းကမ်းချက်များနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းချက်များနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြုခြင်း၊ လိုင်စင်ထုတ်ပေးခြင်း ပြုနိုင်သည်။

၅၅။ ကော်မတီသည် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အများပြည်သူများစားသုံးရန်မှအပ ဘာသာရေး နှင့်အခြားကိစ္စရပ်များအတွက် ကျွဲ၊ နွား၊ ဝက်သတ်ဖြတ်ခွင့်ကို သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုနိုင်သည်။

၅၆။ ကော်မတီသည် ကျွဲ၊ နွား၊ တိရစ္ဆာန်များ သတ်ဖြတ်ခွင့် ပြုလုပ်ရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွား၊ တိရစ္ဆာန်များ ပြုန်းတီးမှုမရှိစေရန် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၅၇။ ပုဒ်မ ၅၄ အရ ခွင့်ပြုချက် သို့မဟုတ် လိုင်စင်ရရှိသူသာလျှင် -

(က) ကျွဲ၊ နွားကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ ရောင်းချရန်အသားနှင့်သားရေကို လက်ဝယ် ထားခြင်း ပြုနိုင်သည်။

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း ပြုနိုင်သည်။

(ဂ) အထက်ပါ ပုဒ်မ ၅၅၊ ၅၇ ပြဋ္ဌာန်းချက်သည် အစ္စလာမ်ဘာသာဝင်များ၏ ဘက္ကရီအစ်ပွဲအတွက် သတ်ဖြတ်သော ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့နှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း (၁၆)
## ကြီးကြပ်ခြင်း

၅၈။ ဝန်ကြီးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူး သို့မဟုတ် ကော်မတီ၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို ဥပဒေနှင့်အညီ စိစစ်ဆေးလျက် အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၉။ ညွှန်ကြားရေးမှူးသည် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို စိစစ်ပြီး ဝန်ကြီးထံ တင်ပြရမည်။

၆၀။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းပေးရမည်။

၆၁။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက် ရမည် -

(က) စည်ပင်သာယာရေးအဖွဲ့များက ရေးဆွဲတင်ပြလာသော နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို စိစစ်၍ ဝန်ကြီးထံတင်ပြခြင်း၊

(ခ) အရအသုံးခန့်မှန်းခြေငွေစာရင်းကြီးကြပ်မှုကို ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာ၌ ချောမွေ့ အဆင်ပြေစေရန် ဝန်ကြီးက ခွဲဝေပေးသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း၊

(ဃ) စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်သော လုပ်ငန်းများ၊ အဆောက်အအုံများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို စစ်ဆေးခြင်း၊ စစ်ဆေးစေခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ဝန်ကြီးထံတင်ပြခြင်း၊

(င) ဥပဒေနှင့်မညီညွတ်သောကော်မတီ၏ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို စိစစ်တွေ့ရှိလျှင် ဝန်ကြီးထံ ဆောလျင်စွာတင်ပြခြင်း။

## အခန်း (၁၇)
## အယူခံဝင်ခြင်း

၆၂။ ပုဒ်မ ၃၂၊ ပုဒ်မ ၃၇၊ ပုဒ်မခွဲ (ဂ)၊ (ဈ)၊ (ည)၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (ခ)၊ (င)၊ ပုဒ်မ ၄၁၊ ပုဒ်မခွဲ (က) တို့အရ ကော်မတီကချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၈)
## ဘဏ္ဍာရေး

၆၃။ ကော်မတီသည် -

(က) အမှုဆောင်အရာရှိက တင်ပြလာသော နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းကို စိစစ်၍ အမှုဆောင်အရာရှိသည် ညွှန်ကြားရေးမှူးမှတစ်ဆင့် ဝန်ကြီးထံ တင်ပြရမည်။

(ခ) နှစ်စဉ်ဘဏ္ဍာရေးနှင့် စာရင်းစစ်ဆေးရေးလုပ်ငန်းများ၏အခြေအနေကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း (၆၀) အတွင်း ဝန်ကြီးထံ တင်ပြရမည်။

၆၄။ ကော်မတီသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ကောက်ခံခြင်း၊ သုံးစွဲခြင်း ပြုရမည်။

၆၅။ ဝန်ကြီးသည် စည်ပင်သာယာရေးအဖွဲ့၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရမည်။

## အခန်း (၁၉)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၆၆။ ဝန်ကြီးဌာနသည် အမှုဆောင်အရာရှိက ငွေစာရင်းများကို စနစ်တကျ ထိန်းသိမ်းထားနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန် ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီး စာရင်းစစ်ချုပ်နှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။ တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းများ ပြုစုထားရှိစေရမည်။

၆၇။ အမှုဆောင်အရာရှိက ထိန်းသိမ်းထားရှိသည့် စာရင်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးအပ်ခြင်းခံရသူ၏ စစ်ဆေးခြင်းကို ခံယူစေရမည်။ ထို့အပြင် ဝန်ကြီးဌာန၏ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း (၂၀)
## ဝန်ထမ်းဖွဲ့စည်းပုံ

၆၈။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စည်ပင်သာယာရေးအဖွဲ့တစ်ဖွဲ့စီ၏ လုပ်ငန်းတာဝန်များနှင့် ဝင်ငွေပမာဏကို အခြေခံလျက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သောဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲအတည်ပြုထားရှိရမည်။ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲရာတွင် လိုအပ်ပါက စည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၆၉။ ဝန်ကြီးဌာနသည် ဝန်ထမ်းများ ခန့်ထားရာတွင် တည်ဆဲစည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းပုံအတွင်း ခန့်ထားနိုင်ခွင့်ရှိသည်။ သင့်လျော်သည့် ဝန်ထမ်းအဆင့်များနှင့်စပ်လျဉ်း၍ ဝန်ထမ်းရေးရာ ကိစ္စရပ်များ ဆောင်ရွက်ရန် အမှုဆောင်အရာရှိအား ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များ သတ်မှတ်ပေးနိုင်သည်။

၇၀။ ဝန်ကြီးဌာနသည် စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် မိမိတိုင်းဒေသကြီး အဆင့်မှ ခန့်ထားနိုင်သည့် ဝန်ထမ်းနေရာများတွင် အခြားဝန်ကြီးဌာနရှိ ဝန်ထမ်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လွှဲပြောင်းရယူခန့်ထားနိုင်သည်။ လိုအပ်ပါက ကျွမ်းကျင်ပညာရှင်များကိုလည်း ခန့်ထားနိုင်သည်။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝန်ထမ်းများ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးမြှင့်ခြင်း များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၂၁)
## တားမြစ်ချက်များ

၇၁။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း -

(က) အများပြည်သူဆိုင်ရာနေရာများတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း၊ ကျရောက်စေခြင်း၊ ပြန့်ကျဲအောင် ပြုလုပ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်း၊ ပီကေထွေးခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်းများ မပြုလုပ်ရ၊

(ခ) မောင်းနှင်စီးနင်းသွားလာနေသော သို့မဟုတ် ရပ်တန့်ထားသော ယာဉ်တစ်မျိုးမျိုးပေါ်မှ အမှိုက် တစ်စုံတစ်ရာကို စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ ကြဲချခြင်း မပြုရ၊

(ဂ) ယာဉ်များသွားလာသည့်လမ်းများနှင့် လူသွားစင်္ကြံလမ်းများပေါ်တွင် အမှိုက်အညစ်အကြေးများကို စုပုံခြင်း၊ သွန်ချခြင်းမပြုရ၊

(ဃ) အမှိုက်ကန်၊ အမှိုက်ပုံးသို့ သွားရောက်သည့်လမ်းကြောင်းတွင် မည်သည့်အမှိုက်မျှ စွန့်ပစ်ခြင်း မပြုရ၊

(င) ကော်မတီက သတ်မှတ်ပေးထားသော အမှိုက်ကန်၊ အမှိုက်ပုံး၊ ယာယီအမှိုက်စုပုံရန်နေရာနှင့် အမှိုက်သိမ်းဆည်းသည့်ယာဉ်တို့မှအပ မည်သည့်နေရာတွင်မျှ အမှိုက်စွန့်ပစ်ခြင်း မပြုရ၊

(စ) သဘာဝပတ်ဝန်းကျင်ပျက်စီးစေမည့် မြေထုညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်သည့် မည်သည့်အရာမျှ မပြုလုပ်ရ၊

(ဆ) ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများအတွင်းသို့ အမှိုက်များ စွန့်ပစ်ခြင်း မပြုရ။

၇၂။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခုပေါ်တွင် ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်း၊ မြေဖို့ခြင်း၊ စင်္ကြံခင်းခြင်း၊ ကွန်ကရစ်ခင်းခြင်း မပြုရ၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် တစ်ခုခုပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ဆွဲထားခြင်း မပြုရ၊

(ဂ) လမ်းပေါ်နှင့်လမ်းဘေးတွင် ယာဉ်များကို ရေဆေးခြင်း၊ ပြင်ဆင်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ညအိပ် ရပ်နားခြင်း မပြုရ၊

(ဃ) ဆိုင်းဘုတ်နှင့်ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်း မပြုရ။

၇၃။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) အများပြည်သူသွားလာသည့်လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ၊

(ခ) လမ်းပေါ်တွင်သော်လည်းကောင်း လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်သော်လည်းကောင်း ရေပေးရေး ပိုက်ပေါ်တွင်သော်လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ဈေးရောင်းခြင်းမပြုရ၊

(ဂ) အမှိုက်၊ မိလ္လာအညစ်အကြေး၊ ရေဆိုး စသည်တို့ကို စွန့်ပစ်ရန် သတ်မှတ်မထားသော နေရာတွင် စွန့်ပစ်ခြင်းမပြုရ၊

(ဃ) လမ်းဧရိယာအတွင်း ခွင့်ပြုချက်မရှိဘဲ လမ်းပြင်ဆင်ခြင်းမပြုရ။ ကိုယ်ပိုင်လမ်း ဖောက်လုပ်ခြင်း မပြုရ၊

(င) ဝင်ထွက်နိုင်သော လမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများဆောက်လုပ်ခြင်း မပြုရ၊

(စ) ယာဉ်ရပ်နားစခန်းများ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ၊

(ဆ) သာယာလှပရေးအလို့ငှာ ဆောင်ရွက်ထားသော ပန်းခုံ၊ ပန်းဝိုင်း၊ မြေယာရှုခင်းများ၊ ဆိုင်းဘုတ်များ၊ ပန်းအလှပင်များအား ဖျက်ဆီးခြင်း၊ ရွှေ့လျားအောင်ပြုလုပ်ခြင်းများ မပြုရ။

၇၄။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သက်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့် ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း မပြုရ၊

(ခ) ဆောက်လုပ်ပြီးအဆောက်အအုံတွင် လူနေထိုင်ခြင်း၊ အသုံးပြုခြင်း မပြုရ၊

(ဂ) အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန်အလို့ငှာ ဆောက်လုပ်ရေး ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ၊

(ဃ) အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကော်မတီက တာဝန်ပေးအပ်သည့် အင်ဂျင်နီယာ သို့မဟုတ် ကော်မတီက ခွင့်ပြုထားသော ဤဥပဒေအရ ရေးဆွဲထားသည့် စည်းကမ်းချက်များနှင့် အညီ တရားဝင်လိုင်စင်ရ အင်ဂျင်နီယာမှအပ မည်သူမျှ ကြီးကြပ်ဆောင်ရွက်ခြင်း မပြုရ၊

(င) အဆောက်အအုံတစ်ခုခုကိုဖြစ်စေ၊ မြေနေရာကိုဖြစ်စေ၊ ခြံစည်းရိုးအလို့ငှာ ဝါး၊ သစ်၊ အုတ်ဖြင့် ကာရံခြင်း၊ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း မပြုရ။

၇၅။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသက်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင်-

(က) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို ရယူ သုံးစွဲခြင်း မပြုရ၊

(ခ) ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ဂ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၇၆။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) လူသေအလောင်းကိုသတ်မှတ်သည့် ကာလထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲ ထားခြင်း မပြုရ၊

(ခ) ကူးစက်တတ်သောရောဂါကြောင့်သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲ ထားခြင်း မပြုရ၊

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့် နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း၊ ဂူသွင်းခြင်း မပြုရ။

၇၇။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) အငှားယာဉ် တည်ထောင်လုပ်ကိုင်ခြင်း မပြုရ၊

(ခ) အငှားယာဉ် မောင်းနှင်ခြင်း မပြုရ၊

(ဂ) ကူးတို့လုပ်ငန်း တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။

၇၈။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) တည်းခိုခန်းနှင့် အခန်းလိုက်ငှားသော အဆောက်အအုံနှင့် ဘော်ဒါဆောင်တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ၊

(ခ) စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ နို့အရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်း မပြုရ၊

(ဂ) ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်နှင့် ယိုမျိုးစုံလုပ်ငန်း၊ စားကုန်ပစ္စည်းများ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ။

၇၉။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ၊

(ခ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရ။

၈၀။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) တိရစ္ဆာန်များ ထားရှိခြင်း၊ မွေးမြူခြင်းမပြုရ၊

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းဖြင့် သုတ်သင်ရှင်းလင်းခြင်းမပြုရ၊

(ဂ) လမ်းများပေါ်တွင် ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ စသည့် တိရစ္ဆာန်များကို မောင်းနှင်ခြင်း၊ စည်းကမ်းမဲ့လွှတ်ကျောင်းခြင်း၊ ကြိုးချည်ထားခြင်း၊ အပျော်စီးနင်းခြင်း၊ ယင်းတိရစ္ဆာန်အသေကောင်များကို မသင့်မလျော်သယ်ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုရ။ အနံ့ဆိုးများကြောင့် အများပြည်သူလူထု၏ ကျန်းမာရေးကို ထိခိုက်စေခြင်း မဖြစ်စေရ။

၈၁။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းချက်များနှင့်ဖြစ်စေ ညီညွတ်မှု မရှိလျှင် -

(က) ကိုယ်ပိုင်ဈေးကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကို တစ်နေရာမှ အခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီးသော ဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏ မူလဧရိယာအကျယ်အဝန်းကို တိုးချဲ့ခြင်း စသည်တို့ကို မပြုရ၊

(ခ) မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရ၊

(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းချက်ဖောက်ဖျက်၍ ဈေးရောင်းခြင်းမပြုရ၊

(ဃ) တိရစ္ဆာန်ပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်းမပြုရ၊

(င) ကော်မတီမှ သတ်မှတ်ထားသော သားသတ်လိုင်စင်နယ်နိမိတ်ပြင်ပမှ ကျွဲ၊ နွား၊ မြင်း၊ ဆိတ်၊ သိုး၊ ဝက် အသားများ ဖြတ်သန်းသယ်ယူခြင်း မပြုရ၊

(စ) ယာဉ်ရပ်နားစခန်းများ၊ ခရီးသည်တင်ချပြုလုပ်သည့်နေရာ၊ မော်တော်ယာဉ်လက်မှတ်ရောင်းရန် နေရာ သို့မဟုတ် မော်တော်ယာဉ်များ ဝင်/ထွက် ရပ်နားဂိတ်ထိုးရန်နေရာ တည်ထောင် ဖွင့်လှစ်ခြင်းမပြုရ၊

(ဆ) ရေခဲ၊ အချိုရည်နှင့် ရေသန့်စက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ၊

(ဇ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

(ဈ) ဤဥပဒေနှင့်ဆန့်ကျင်သော အခြားပုဂ္ဂလိက စီးပွားဖြစ် ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင် ဖွင့်လှစ်ခြင်း မပြုရ။

၈၂။ (က) ကော်မတီဝင်တစ်ဦးဦးသည် သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသည် ကော်မတီနှင့် ပဋိညာဉ်ပြုလုပ် ချုပ်ဆိုသော လုပ်ငန်းတွင်သော်လည်းကောင်း၊ ကော်မတီက လွှဲအပ်သည့် လုပ်ငန်းတွင်သော် လည်းကောင်း မိမိ၏ ပုဂ္ဂိုလ်ရေးအကျိုးစီးပွားအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်ခြင်းမရှိစေရ၊

(ခ) ကော်မတီဝင် တစ်ဦးဦးသည် သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသည် တရားဝင်ဖွဲ့စည်းထားသော အစုစပ်ကုမ္ပဏီလုပ်ငန်း၊ အဖွဲ့အစည်းများတွင် အစုရှယ်ယာပါဝင်ရုံမျှဖြင့် ယင်းကုမ္ပဏီ၏ လုပ်ငန်း၊ အဖွဲ့အစည်းတို့နှင့် ပဋိညာဉ်ချုပ်ဆိုသည့် လွှဲအပ်သောလုပ်ငန်းတွင် အကျိုးသက်ဆိုင် သည်ဟု မှတ်ယူနိုင်မည်မဟုတ်သော်လည်း ယင်းပုဂ္ဂိုလ်သည် မိမိရှယ်ယာပါဝင်ထားသည့် ကိစ္စကို ကော်မတီအား ကြိုတင်အသိပေးပြောကြားရမည်။ ယင်းသို့ ကြိုတင်အသိပေး ပြောကြားခြင်းမရှိလျှင် ထိုပုဂ္ဂိုလ်သည် ယင်းကုမ္ပဏီလုပ်ငန်းနှင့် အဖွဲ့အစည်းတွင် ငွေရေး ကြေးရေးနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သည်ဟု မှတ်ယူရမည်၊

(ဂ) ယင်းသို့သက်ဆိုင်သည့်ကုမ္ပဏီလုပ်ငန်းအဖွဲ့အစည်းတွင် ရှယ်ယာပါဝင်သူသည် အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်မရရှိလျှင် ကော်မတီနှင့် ထိုကုမ္ပဏီလုပ်ငန်း အဖွဲ့အစည်းတို့ သဘောတူ ဆောင်ရွက်မည့် မည်သည့်ကိစ္စတွင်မျှ ပါဝင်ခြင်းမရှိစေရ။

၈၃။ ကော်မတီဝင်တစ်ဦးဦး သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသည် ကော်မတီက တင်ဒါစနစ်၊ လေလံစနစ်၊ အခြားနည်းလမ်းတို့ဖြင့် နှစ်စဉ်လွှဲအပ်ရောင်းချသည့် ကော်မတီပိုင် စီးပွားရေးလုပ်ငန်းများကို ကိုယ်တိုင်ဖြစ်စေ၊ အခြားသူမှ တစ်ဆင့်ဖြစ်စေ လေလံဆွဲဝယ်ခြင်းသော်လည်းကောင်း၊ ယင်းပစ္စည်းတွင် အကျိုးသက်ဆိုင်ခွင့် ရယူခြင်း သို့မဟုတ် ထိုသို့ရယူရန် ကြံစည်အားထုတ်ခြင်းသော်လည်းကောင်း မပြုရ။

၈၄။ မည်သူမျှ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း -

(က) ဤဥပဒေ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းကမ်းချက်များအရ လုပ်ထုံးလုပ်နည်းနှင့်အညီ တာဝန်ဝတ္တရား ဆောင်ရွက်ရန်မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ နေ့အချိန် ဝင်ရောက်မည့် ကော်မတီကိုဖြစ်စေ၊ ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာ လွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်းမပြုရ၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကော်မတီနှင့် စာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်းနှင့်ဆက်နွှယ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေနှင့်အညီမဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်း မပြုရ။

## အခန်း (၂၂)
## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်း

၈၅။ ကော်မတီသည် ပုဒ်မ ၉၀ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုသော်လည်းကောင်း လိုက်နာရန် ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်နိုင်သည်။

၈၆။ ကော်မတီသည် ပုဒ်မ ၈၅ တွင် ဖော်ပြထားသော စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရာ၌ ပထမအကြိမ် ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ ချမှတ်နိုင်သည်။

၈၇။ ပုဒ်မ ၈၆ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များချမှတ်သည့် ပြစ်မှုအတွက် တရားရုံးတွင် ထပ်မံ၍ တရားစွဲဆိုခြင်း မပြုရ။

၈၈။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်အဖြစ်ချမှတ်သည့် ဒဏ်ကြေးငွေဆောင်ရန် ပျက်ကွက်ပါက ထိုဒဏ်ကြေးငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၈၉။ ဝန်ကြီးဌာနသည် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်ရမည့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ရမည်။

## အခန်း (၂၃)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၉၀။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုသော်လည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ်

ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် အနည်းဆုံး ငွေဒဏ်ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၃၇ (င) | အဆောက်အအုံဆောက်လုပ်ခြင်းအတွက် သတ်မှတ်အရည်အချင်းပြည့်သူအား သတ်မှတ်ထားသော အာမခံငွေ တင်သွင်းစေ၍ ကန်ထရိုက်တာအဖြစ် မှတ်ပုံတင်စေပြီး လိုင်စင်ထုတ်ပေးခြင်း၊ |
| ၃၇ (စ) | အဆောက်အအုံဆောက်လုပ်ခြင်းအတွက် သတ်မှတ်အရည်အချင်းနှင့် ကျွမ်းကျင်မှုရှိသူများအား လိုင်စင်ရ အင်ဂျင်နီယာအဖြစ် မှတ်ပုံတင်စေခြင်း၊ |
| ၃၇ (ဈ) | အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံး သုတ်စေခြင်း၊ |
| ၃၇ (ည) | ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း၊ |
| ၃၇ (ဋ) | သစ်ပင်၊ ချုံပင်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း၊ |
| ၃၉ (က) | အန္တရာယ်ရှိသော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၃၉ (ခ) | ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်တို့ကို ဆေးကြော ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊ |
| ၃၉ (ဂ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် စီးပွားရေးလုပ်ငန်းတစ်ခုခုမှ စီးဆင်းသည့် ရေကြောင့် အများပြည်သူလမ်းနှင့် ပစ္စည်းများ ပျက်စီးခြင်းမရှိစေရန် ရေတံလျှောက် ရေဆင်းပိုက်၊ ရေမြောင်းတို့ကို ပြုလုပ်စေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၃၉ (စ) | ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို ပိတ်ထားစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ ပြောင်းလဲပြင်ဆင်စေခြင်း၊ |
| ၃၉ (ဆ) | ရေဆိုးရေညစ်များကို လူနေအိမ်ရပ်ကွက်များ၊ လူအများအသုံးပြုသောချောင်း၊ ရေတွင်း၊ ရေကန်များ၊ စိုက်ခင်းများ၊ ရေမြောင်းနှင့် ရေပိုက်များ သို့မဟုတ် တိရစ္ဆာန်များ သောက်သုံးသည့် ရေကန်နှင့် ရေမြောင်းများသို့ မရောက်ရှိစေရန် တားမြစ်ခြင်း၊ |
| ၄၀ (က) | အမှိုက်များနှင့်နံစော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ထည့်ထားရန် သင့်လျော်သော အမှိုက်ပုံး၊ အမှိုက်အိတ်များ စီမံထားရှိစေခြင်း၊ |
| ၄၀ (ဃ) | ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုမည့်အဆောက်အအုံကို သတ်မှတ်စည်းကမ်းချက်နှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၄၃ | အနှေးယာဉ်ပိုင်ရှင်နှင့် အနှေးယာဉ်မောင်းသူတို့အား သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာစေခြင်း၊ |
| ၇၁ (က) | စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ပစ်ခြင်း၊ ပီကေထွေးခြင်း၊ |
| ၇၁ (ခ) | ယာဉ်များပေါ်မှ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ ကြဲချခြင်း၊ |
| ၇၁ (ဂ) | ယာဉ်များလမ်း၊ လူသွားလမ်းများပေါ်တွင် အမှိုက်အညစ်အကြေးများစုပုံခြင်း၊ သွန်ချခြင်းမပြုရ၊ |
| ၇၁ (ဆ) | ရေစီးရေလာကောင်းမွန်စေရန် ရေနုတ်မြောင်းများအတွင်းသို့ အမှိုက်များ စွန့်ပစ်ခြင်း မပြုလုပ်ရ။ |
| ၇၂ (ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများဖြန့်ထားခြင်း၊ ဆွဲထားခြင်း မပြုလုပ်ရ။ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၇၂(ဂ) | လမ်းပေါ်နှင့်လမ်းဘေးများတွင် ယာဉ်များကို ရေဆေးခြင်း၊ ပြင်ဆင်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ညအိပ်ရပ်နားခြင်း မပြုရ၊ |
| ၇၃(က) | လမ်းပေါ်တွင် ကစားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၇၃(ခ) | လမ်းနှင့် လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများ ခင်းကျင်းဈေးရောင်းခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၇၃(ဂ) | အမှိုက်၊ မိလ္လာအညစ်အကြေး၊ ရေဆိုးတို့ကို သတ်မှတ်မထားသော နေရာတွင် စွန့်ပစ်ခြင်းမပြုရ၊ |
| ၇၅(က) | စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှ ရေကို ရယူသုံးစွဲခြင်း မပြုရ၊ |
| ၇၇(က) | အငှားယာဉ်တည်ထောင်ခွင့်လိုင်စင်မရှိဘဲ အငှားယာဉ်ကို တည်ထောင်လုပ်ကိုင်ခြင်း၊ |
| ၇၇(ခ) | အငှားယာဉ်မောင်းလိုင်စင်မရှိဘဲ အငှားယာဉ်မောင်းနှင်ခြင်း၊ |
| ၈၀(က) | တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၈၁(ခ) | မမှန်ကန်သည့်အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်း မပြုရ၊ |
| ၈၁(ဂ) | စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းချက်ဖောက်ဖျက်၍ ဈေးရောင်းခြင်း မပြုရ။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) **"ပြဋ္ဌာန်းချက်အကျဉ်း"** ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၉၁။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုသော်လည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် အနည်းဆုံးငွေဒဏ်ကျပ် ၃၀၀၀၀ မှ အများဆုံး ငွေဒဏ်ကျပ် ၁၀၀၀၀၀ ထိ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၃၇(က) | စည်းကမ်းနှင့်ညီညွတ်မှုမရှိဘဲ အဆောက်အအုံဆောက်လုပ်သည်ကို ရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ |
| ၃၇(ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် အဆောက်အအုံ ကျူးကျော်ဆောက်လုပ်ခြင်းကို ဖယ်ရှားစေခြင်း၊ |
| ၃၇(ဂ) | လမ်း၊ တံတားတည်ဆောက်ပြင်ဆင်ရာတွင် မလွတ်ကင်းသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ အစိတ်အပိုင်းကို ဖယ်ရှားစေခြင်း၊ ညှိနှိုင်းဆောင်ရွက်စေခြင်း၊ |
| ၃၇(ဃ) | အန္တရာယ်ရှိသော အဆောက်အအုံကို ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဖယ်ရှားစေခြင်း၊ |
| ၃၉(ဃ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် စီးပွားရေးလုပ်ငန်းတစ်ခုခုတို့မှ စွန့်ထုတ်သည့် ရေဆိုးများအား ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန် ကော်မတီက သတ်မှတ်ထားသောနေရာတွင် စနစ်တကျ သန့်စင်ပြီး စွန့်ပစ်စေခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၃၉ ( င ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို စီမံထားရှိစေခြင်း၊ |
| ၄၀ ( ခ ) | ကျန်းမာရေးနှင့်မညီညွတ်သော ရေပေးရေးလုပ်ငန်းကို ပိတ်ထားစေခြင်း၊ |
| ၄၀ ( ဂ ) | တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ သို့မဟုတ် ဘော်ဒါဆောင်ကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၄၁ (က) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ပိတ်ထားစေခြင်း၊ |
| ၇၁ ( စ ) | သဘာဝပတ်ဝန်းကျင်ပျက်စီးစေမည့် မြေထု၊ ရေထု၊ လေထုညစ်ညမ်းမှု ဖြစ်စေသည့် မည်သည့်အရာမျှ မပြုလုပ်ရ၊ |
| ၇၂ (က) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်း၊ မြေဖို့ခြင်း၊ ကွန်ကရစ်ခင်းခြင်း မပြုရ၊ |
| ၇၂ (ဃ) | ဆိုင်းဘုတ်နှင့်ကြော်ငြာဆိုင်းဘုတ်များ စိုက်ထူခြင်း မပြုရ။ |
| ၇၃ (ဃ) | လမ်းဧရိယာအတွင်း လမ်းပြင်ဆင်ခြင်းမပြုရ၊ ကိုယ်ပိုင်လမ်း ဖောက်လုပ်ခြင်း မပြုရ၊ |
| ၇၃ ( င ) | ဝင်ထွက်နိုင်သော လမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများဆောက်လုပ်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၇၃ ( စ ) | ယာဉ်ရပ်နားစခန်းများ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ၊ |
| ၇၄ (က) | အဆောက်အအုံဆောက်လုပ်ခြင်း၊ ပြင်ဆင်တိုးချဲ့ခြင်း မပြုရ၊ |
| ၇၄ ( ခ ) | ဆောက်လုပ်ပြီးအဆောက်အအုံတွင် လူနေထိုင်ခြင်း၊ အသုံးပြုခြင်း မပြုရ၊ |
| ၇၄ ( ဂ ) | အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများ စီမံခန့်ခွဲနိုင်ရန်အလို့ငှာ ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်းလုပ်ကိုင်ခြင်း မပြုရ၊ |
| ၇၄ (ဃ) | အဆောက်အအုံ ဆောက်လုပ်ရာတွင် ကော်မတီက တာဝန်ပေးအပ်သည့် သို့မဟုတ် ဥပဒေအရ ရေးဆွဲထားသော စည်းကမ်းချက်များနှင့်အညီ တရားဝင်လိုင်စင်ရ အင်ဂျင်နီယာမှအပ မည်သူမျှ ကြီးကြပ်ဆောင်ရွက်ခြင်း မပြုရ၊ |
| ၇၄ ( င ) | အဆောက်အအုံတစ်ခုခုကိုဖြစ်စေ၊ မြေနေရာကိုဖြစ်စေ၊ ခြံစည်းရိုးအလို့ငှာ ဝါး၊ သစ်၊ အုတ်ဖြင့် ကာရံခြင်း၊ ပြင်ဆင်ခြင်း၊ တိုးချဲ့ခြင်း မပြုရ၊ |
| ၇၅ ( ခ ) | ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊ |
| ၇၅ ( ဂ ) | အများပြည်သူအတွက် စခန်းချရာနေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။ |
| ၇၆ (က) | လူသေအလောင်းကိုသတ်မှတ်သည့် ကာလထက်ကျော်လွန်၍ မထားရ၊ |
| ၇၆ ( ခ ) | ကူးစက်ရောဂါဖြင့် သေဆုံးသည့် လူသေအလောင်းကို (၁၂) နာရီထက်ကျော်လွန်၍ ထားခြင်း မပြုရ၊ |
| ၇၆ ( ဂ ) | သုသာန်မြေအဖြစ် သတ်မှတ်ထားသည့် နေရာမှအပ လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း၊ ဂူသွင်းခြင်း မပြုရ၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၇၇(ဂ) | ကူးတို့လုပ်ငန်း တည်ထောင်လုပ်ကိုင်ခြင်း မပြုရ၊ |
| ၇၈(က) | တည်းခိုခန်းနှင့် အခန်းလိုက်ငှားသော အဆောက်အအုံနှင့် ဘော်ဒါဆောင် တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ၊ |
| ၇၈(ခ) | စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ နို့အရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်း မပြုရ၊ |
| ၇၈(ဂ) | ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်နှင့် ယိုမျိုးစုံထုတ်လုပ်ငန်း၊ စားကုန်ပစ္စည်းများ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်း တည်ထောင်ခြင်းမပြုရ၊ |
| ၈၀(ဂ) | တိရစ္ဆာန်များလမ်းမပေါ်တွင် မောင်းနှင်ခြင်း၊ အပျော်စီးခြင်း၊ ကြိုးချည်ထားခြင်း၊ တိရစ္ဆာန်အသေကောင်များကို မသင့်မလျော်သယ်ဆောင်ခြင်း မပြုလုပ်ရ၊ |
| ၈၁(က) | ကိုယ်ပိုင်ဈေး ဖွင့်လှစ်ခြင်း၊ ဈေးနေရာပြောင်းရွှေ့ခြင်း၊ ပြန်လည်ဖွင့်လှစ်ခြင်း၊ ဈေးဧရိယာ တိုးချဲ့ခြင်းမပြုရ၊ |
| ၈၁(ဃ) | တိရစ္ဆာန်ပွဲဈေးများ တည်ထောင်ဖွင့်လှစ်၊ ရောင်းချခြင်းမပြုရ၊ |
| ၈၁(င) | သားသတ်လိုင်စင်နယ်နိမိတ်ပြင်ပမှ ကျွဲ၊ နွား၊ မြင်း၊ ဆိတ်၊ သိုး၊ ဝက် အသားများ ဖြတ်သန်း သယ်ယူခြင်း မပြုရ၊ |
| ၈၁(စ) | ယာဉ်ရပ်နားစခန်း၊ ခရီးသည်တင်ချပြုလုပ်သည့်နေရာ၊ လက်မှတ်ရောင်းချသည့်နေရာ၊ ယာဉ်များ ဝင်/ထွက် ဂိတ်ထိုးရန်နေရာများ တည်ထောင်ခြင်းမပြုရ၊ |
| ၈၁(ဆ) | ရေခဲ၊ အချိုရည်နှင့် ရေသန့်စက်ရုံများ ဖွင့်လှစ်တည်ထောင်ခြင်းမပြုရ၊ |
| ၈၁(ဇ) | အပေါင်ဆိုင်လုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊ |
| ၈၁(ဈ) | ဤဥပဒေနှင့်ဆန့်ကျင်သော အခြားပုဂ္ဂလိက စီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင် ဖွင့်လှစ်ခြင်းမပြုရ။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) **"ပြဋ္ဌာန်းချက်အကျဉ်း"** ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၉၂။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုသော်လည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် အနည်းဆုံးငွေဒဏ်ကျပ် ၅၀၀၀၀ မှ အများဆုံး ငွေဒဏ်ကျပ် ၂၀၀၀၀၀ ထိဖြစ်စေ၊ (၂) လအထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၄၀(င) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် အန္တရာယ်ရှိလာလျှင် လုပ်ငန်းနေရာကို အသုံးမပြုစေခြင်း၊ ပြင်ဆင်စီမံဆောင်ရွက်စေခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၄၁ ( ခ ) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ |
| ၇၉ (က) | အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ၊ |
| ၇၉ ( ခ ) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများ ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရ၊ |
| ၈၀ ( ခ ) | တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်နှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းဖြင့် သုတ်သင် ရှင်းလင်းခြင်းမပြုရ။ |

**ရှင်းလင်းချက်။** အထက်ဖော်ပြပါ ဇယားစာတိုင် (၂) **"ပြဋ္ဌာန်းချက်အကျဉ်း"** ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ် ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၉၃။ မည်သူမဆို ပုဒ်မ ၄၇ ပါ တားမြစ်ချက်၊ ပုဒ်မ ၄၈ နှင့် ပုဒ်မ ၄၉ ပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူသည် အနည်းဆုံးငွေဒဏ်ကျပ် ၂၀၀၀၀ မှ အများဆုံးငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိ ချမှတ်ခြင်း ခံရမည်။

၉၄။ မည်သူမဆို ပုဒ်မ ၉၀ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုသော်လည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၅၀၀၀ ချမှတ်ခြင်းခံရမည်။

၉၅။ မည်သူမဆို ပုဒ်မ ၉၁ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုသော်လည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၁၀၀၀၀ ချမှတ်ခြင်းခံရမည်။

၉၆။ မည်သူမဆို ပုဒ်မ ၉၂ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုသော်လည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်ဒဏ်ထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့် နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၂၀၀၀၀ ချမှတ်ခြင်းခံရမည်။

၉၇။ ကော်မတီဝင်ကဖြစ်စေ၊ ဝန်ထမ်းကဖြစ်စေ ပုဒ်မ ၈၂၊ ၈၃ တွင် ဖော်ပြထားသည့် တားမြစ်ချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား (၁) နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၉၈။ မည်သူမဆို ပုဒ်မ ၈၄ တွင်ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် အနည်းဆုံးငွေဒဏ်ကျပ် ၅၀၀၀ မှ အများဆုံး ငွေဒဏ်ကျပ် ၂၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်။

၉၉။ (က) မည်သူမဆိုခွင့်ပြုချက်မရှိဘဲ ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် ကျွဲ၊ နွား၏ အသား သို့မဟုတ် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် (၂) လအထိထောင်ဒဏ်ဖြစ်စေ အနည်းဆုံး ငွေဒဏ်ကျပ် ၁၀၀၀၀ မှ အများဆုံး ငွေဒဏ်ကျပ် ၃၀၀၀၀၀ ထိဖြစ်စေ ချမှတ်ခြင်းခံရမည်။

(ခ) မည်သူမဆိုခွင့်ပြုချက်မရှိဘဲ မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ကြောင်း၊ အသား ရောင်းချကြောင်း၊ အသားနှင့် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူသည် (၁) လအထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေဒဏ်ကျပ် ၅၀၀၀၀ မှ အများဆုံး ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိဖြစ်စေ ချမှတ်ခြင်းခံရမည်။

(ဂ) ဤပုဒ်မအရ တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် ခွင့်ပြုချက် သို့မဟုတ် လိုင်စင်ဖြင့် ကျွဲ၊ နွားကို သတ်ဖြတ်ခြင်းဖြစ်ကြောင်း သို့မဟုတ် လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏ အသားသည် တရားဝင်ခွင့်ပြုချက်ဖြင့် သတ်ဖြတ်ထားသော သို့မဟုတ် အခြားအကြောင်းတစ်ခုခုဖြင့် သေဆုံးသော ကျွဲ၊ နွား၏ အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၁၀၀။ (က) ဤဥပဒေအရ စွဲဆိုသောအမှုများကို သက်ဆိုင်ရာ ကော်မတီ သို့မဟုတ် ကော်မတီက တာဝန် လွှဲအပ်သော ပုဂ္ဂိုလ်ကသာ တရားစွဲဆိုရမည်။

(ခ) ဤဥပဒေအရဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေအရ ဖြစ်စေ၊ စည်းကမ်း ဥပဒေအရဖြစ်စေ၊ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်သူကို ကော်မတီကသော်လည်းကောင်း ကော်မတီက ခွင့်ပြုထားသူကသော်လည်းကောင်း ပုဒ်မ ၁၀၀ (က) အရ တရားစွဲဆိုခြင်းမှအပ မည်သည့် တရားရုံးကမှ အရေးမယူရ။

၁၀၁။ ကော်မတီသည် ဤဥပဒေအရ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။ ထိုကဲ့သို့ တောင်းခံလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကူအညီပေးရမည်။

၁၀၂။ ဤဥပဒေပုဒ်မ ၉၉ (က)၊ ၉၉ (ခ) တို့အရ အရေးယူသော ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၀၃။ ဤဥပဒေပုဒ်မ ၉၉ (က) နှင့် ၉၉ (ခ) တို့မှအပ အခြားစွဲဆိုသောအမှုများကို တရားရုံးသို့ ဦးတိုက် လျှောက်ထားသည့်အခါ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ တရားလိုကို စစ်ဆေးခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။

၁၀၄။ ဤဥပဒေအရ တရားစွဲဆိုသော အမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဥပဒေရုံးများနှင့် ဆက်သွယ် ဆောင်ရွက်ရမည်။

## အခန်း (၂၄)
## အထွေထွေ

၁၀၅။ စည်ပင်သာယာရေးလုပ်ငန်းတစ်ခုခုသည် စည်ပင်သာယာရေးအဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထက် ပိုသော အဖွဲ့များနှင့်ဆက်စပ်သည့်လုပ်ငန်းများဖြစ်ပါက သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များသည် အောက်ပါအတိုင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည် -

(က) တိုင်းဒေသကြီးအတွင်းဖြစ်ပါက ဝန်ကြီး၏ခွင့်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(ခ) အခြားတိုင်းဒေသကြီးများနှင့်ဆက်စပ်နေပါက အစိုးရအဖွဲ့၏ခွင့်ပြုချက်ကို ရယူဆောင်ရွက်ခြင်း။

၁၀၆။ ဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သောလုပ်ငန်းများနှင့်ဆက်နွယ်သော အခြားအစိုးရဌာနတစ်ခုခု၏ လုပ်ငန်းဆောင်ရွက်မှုအရ ကောက်ခံရရှိသည့် အခွန်၊ အခများနှင့် တပ်ရိုက်သော ဒဏ်ငွေများမှ သင့်လျော်သော အခွန်အခနှင့် ဒဏ်ငွေအချိုးအစားကို စည်ပင်သာယာရေးအဖွဲ့သို့ ခွဲဝေပေးစေရေးအတွက် အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်နိုင်သည်။

၁၀၇။ ကော်မတီသည် ယခင်စည်ပင်သာယာရေးဥပဒေများအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေး အဖွဲ့ပိုင် ရန်ပုံငွေကိုသော်လည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းကိုသော် လည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုသော်လည်းကောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများကိုသော် လည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုသော်လည်းကောင်း ဆက်ခံရမည်။

၁၀၈။ ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ်ဆက်ခံ ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုပိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့်ရှိသည်။ သို့ရာတွင် တရားမကြောင်းအရ ကော်မတီအား တရားစွဲဆိုခြင်းမပြုမီ အနည်းဆုံး (၂) လကြိုတင်၍ ကော်မတီသို့ နို့တစ်စာပေးပို့ပြီး ဖြစ်စေရမည်။

၁၀၉။ နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက် အအုံများမှအပ နိုင်ငံပိုင်အခြားအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းသို့ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာကော်မတီသို့ ကြိုတင် အကြောင်းကြားရမည်။

၁၁၀။ ယခင်စည်ပင်သာယာရေးဆိုင်ရာ ဥပဒေများအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၁၁။ ကော်မတီဝင်များကိုသော်လည်းကောင်း၊ ကော်မတီ၏ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းအသီးသီးကို သော်လည်းကောင်း ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၁၂။ ကော်မတီဝင် သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးသည် မိမိရာထူးအလျောက် တာဝန်ထမ်းဆောင်စဉ် ပြုလုပ်သော သို့မဟုတ် ပြုလုပ်သည်ဟု သဘောသက်ရောက်သော ပြစ်မှုတစ်စုံတစ်ရာဖြင့် စွပ်စွဲခြင်းရသည့် အခါ အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆိုပါပြစ်မှုကို တရားစွဲဆိုခြင်း မပြုရ။

၁၁၃။ မည်သူမဆို ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်သည့်ကာလအတွင်း ပေါ့လျော့သည့် အကြောင်းကြောင့်ဖြစ်စေ၊ သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ဖောက်ဖျက်၍ဖြစ်စေ ဆောင်ရွက်မှုကြောင့် ကော်မတီပိုင်ဘဏ္ဍာငွေနှင့် ပစ္စည်းဆုံးရှုံးစေလျှင် ပေးလျော်ရန် တာဝန်ရှိစေရမည့်အပြင် ဆုံးရှုံးမှုအတွက် သတ်မှတ်သည့် ပေးလျော်မှုကို ဝန်ကြီးက ဆုံးဖြတ်ရမည်။

၁၁၄။ ဤဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိသည့် မည်သည့်အချက်တွင်မဆို ဤဥပဒေအရ ကော်မတီသို့ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များအနက် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို ဆောင်ရွက်သည့်အတွက် တစ်စုံတစ်ဦးသည် အကျိုးစီးပွားပျက်စီးခဲ့လျှင် ကော်မတီသည် ယင်းသို့ အကျိုးစီးပွားနစ်နာသူကို လျော်ကြေး ပေးခွင့်ရှိသည်။

၁၁၅။ ထိုသို့ပေးဆောင်ရမည့် လျော်ကြေးငွေနှင့်ပတ်သက်၍ မည်မျှပေးဆောင် သင့်၊ မသင့် နှစ်ဖက် အငြင်းပွားလျှင် နစ်နာသူသည် သက်ဆိုင်ရာ တရားမရုံးတွင် ဥပဒေနှင့်အညီ တရားစွဲခွင့်ရှိသည်။

၁၁၆။ (က) ဤဥပဒေအရ သတ်မှတ်ထားသည့်ပြစ်မှုများကို ကျူးလွန်ခဲ့ခြင်းအတွက် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသည့်အခါ ယင်းသို့ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ၏ ကျူးလွန်မှုကြောင့် ကော်မတီပိုင် ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုရှိခဲ့လျှင် ကျူးလွန်သူသည် ၎င်းကျူးလွန်သည့် ပြစ်မှုအတွက် ပြစ်ဒဏ် စီရင်ခြင်းခံရမည့်အပြင် ပျက်စီးဆုံးရှုံးမှုအတွက်လည်း လျော်ကြေးပေးဆောင်ရမည်။

(ခ) ပြစ်မှုထင်ရှားစီရင်သည့်တရားရုံးသည် ပြစ်မှုကျူးလွန်သူက ပေးဆောင်ရမည့် လျော်ကြေးငွေကိုပါ တစ်ပါတည်းသတ်မှတ်၍ ယင်းသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်ခွင့်ရှိသည်။

၁၁၇။ ဤဥပဒေအရ ပြစ်မှုကျူးလွန်သူကို စတင်ကျူးလွန်သည့်နေ့မှစ၍ (၆) လအတွင်း သို့တည်းမဟုတ် ယင်းနေ့ကိုမသိလျှင် ၎င်းပြစ်မှု ကျူးလွန်ကြောင်းသိရှိသည့်နေ့မှ (၆) လအတွင်း တရားစွဲဆိုရမည်။ ပြစ်မှုသည် ဆက်လက်ကျူးလွန်လျက်ရှိသည့် ပြစ်မှုဖြစ်လျှင် ပြစ်မှုကျူးလွန်နေစဉ်အတွင်း တရားစွဲဆိုရမည်။ ဆက်လက်ကျူးလွန်ပါက ထပ်မံတရားစွဲဆိုနိုင်သည်။ ထိုသို့ တရားစွဲဆိုမှုများမပြုပါက မည်သည့် တရားရုံးကမှ ထိုပြစ်မှုကို အရေးမယူရ။ ဤဥပဒေပုဒ်မ ၉၄၊ ၉၅၊ ၉၆ အရ ပြစ်ဒဏ်ချမှတ်ထားသော်လည်း ဆက်လက်ကျူးလွန်သူအဖြစ် ထပ်မံတရားစွဲဆိုနိုင်သည်။

၁၁၈။ ကော်မတီသည် ဤဥပဒေနှင့် အခြားတည်ဆဲဥပဒေများ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ပိုင်ခွင့်များကို ကျင့်သုံးရာတွင်ဖြစ်စေ၊ တာဝန်များကို ထမ်းဆောင်ရာ၌ဖြစ်စေ၊ သဘာဝပတ်ဝန်းကျင် မပျက်ယွင်းစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အစဉ်အမြဲဂရုပြု၍ ကျင့်သုံးဆောင်ရွက်ရမည်။

၁၁၉။ ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များ၏ ချီးမြှင့်ထောက်ပံ့ငွေနှင့်စပ်လျဉ်း၍ ဝန်ကြီးက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ရမည်။

၁၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) အစိုးရအဖွဲ့သည် ဤဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ဤဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ရဲမြင့်၊
ဝန်ကြီးချုပ်၊
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့။

**ပထမအကြိမ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**
**ပဥ္စမပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် (*) မေးခွန်း**
**မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏သာမန်အသုံးစရိတ်များ ခွဲဝေချထားရာတွင်**
**ခေတ်ကာလနှင့်လျော်ညီသောအသုံးစရိတ်များ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ**
**မေးခွန်း**

ဌာနဆိုင်ရာ ဝန်ထမ်းများကို စရိတ်ချီးမြှင့်ငွေအဖြစ် (၃၀,၀၀၀/-) ကျပ် တိုးမြှင့်ပေးခဲ့သော်လည်း ခရီးစရိတ်များ အပါအဝင် ရုံးအသုံးစရိတ်များသည် ခေတ်နှင့်လျော်ညီသောအသုံးစရိတ်များမဟုတ်သည်ကို သိရှိရပါသည်။

မြို့နယ်အဆင့် ရုံးအသုံးစရိတ်များ ခွဲဝေချထားရာတွင် ရန်ပုံငွေမလောက်သဖြင့် ဌာနတာဝန်ခံများက မဖြစ်မနေ အများဆုံးစိုက်ထုတ်သုံးစွဲနေရခြင်းနှင့် အခြားအဆင့်ဝန်ထမ်းများကလည်း မိမိတာဝန်ခံ လုပ်ကိုင်ရသော လုပ်ငန်းအပေါ် စိုက်ထုတ်သုံးစွဲနေရခြင်းများ ရှိနေကြောင်း သိရှိရပါသည်။

အများပြည်သူနှင့် ဆက်ဆံရပြီး ဝင်ငွေရလမ်းရှိသည့် ဌာနများ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရသည့် ဌာနများတွင် ခေါင်းစဉ်အမျိုးမျိုးဖြင့် ပြည်သူများထံမှ အပိုငွေကောက်၊ အလှူခံ၊ နည်းလမ်းများစွာဖြင့် သုံးစွဲနေကြောင်း သိရ၍ မိမိဌာနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲမရှိသော်လည်း မလိုလားအပ်သော လာဘ်ပေးလာဘ်ယူမှုများ၊ လုပ်ပိုင်ခွင့် အလွဲသုံးစားပြုခြင်းများ ပြည်သူပိုင်ပစ္စည်းနှင့် ထိန်းသိမ်းစောင့်ရှောက်ထားသည့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်းများ ဥပဒေ စည်းမျဉ်းစည်းကမ်းများကို မျက်ကွယ်ပြုလာခြင်းတို့အပြင် နိုင်ငံတော်အစိုးရ၊ ဌာနများနှင့် ဝန်ထမ်းများအပေါ် ယုံကြည်လေးစားမှုမရှိတော့ခြင်းကိစ္စရပ်များ ပေါ်ပေါက်နေရပါတယ်။

ဝင်ငွေရလမ်းမရှိသည့် ဌာနများအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် မိမိတို့ရရှိသော လစာစရိတ်များထဲမှ စိုက်ထုတ်ကျခံပြီး ဆောင်ရွက်ရသဖြင့် ဝန်ထမ်းများ၏ စိတ်ဓာတ်၊ စည်းလုံးအမှု လုပ်ငန်းအပေါ် စိတ်ဝင်စားမှု လုပ်ငန်းစွမ်းရည်ကျဆင်းမှုများ ဖြစ်ပေါ်နေကြောင်း သိရှိရပါတယ်။

အထက်ပါ အချက်အလက်များသည် မြို့နယ်တစ်မြို့အတွက် ဖြစ်ပေါ်နေသော အားနည်းချက်မဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက် ဖြစ်ပေါ်နေ၍ **သန့်ရှင်းသောအစိုးရ ကောင်းမွန်သောအုပ်ချုပ်မှု**ဆိုသော အစိုးရယန္တရားတစ်ရပ် ပေါ်ထွန်းလာရေးအတွက် ဌာနများ၏ အသုံးစရိတ်မလောက်ငမှုသည် အခက်အခဲ၊ အဟန့်အတားဖြစ်နေပါ၍ ခေတ်ကာလနှင့် လျော်ညီသော အသုံးစရိတ်များ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ မေးရခြင်းဖြစ်ပါသည်။

စိုးပိုင်၊
ကြံခင်းမြို့နယ်မဲဆန္ဒနယ် (၂)၊
ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်။

## ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးတွင် ဖြေကြားမည့် မေးခွန်းနှင့်အဖြေ

**မေးခွန်းမေးမြန်းသူ** ။ ။ ဦးစိုးပိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်
ကြံခင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)

**မေးမြန်းသည့်မေးခွန်း**

ဌာနဆိုင်ရာ ဝန်ထမ်းများကို စရိတ်ချီးမြှင့်ငွေအဖြစ် (၃၀,၀၀၀/-) ကျပ် တိုးမြှင့်ပေးခဲ့သော်လည်း ခရီးစရိတ်များ အပါအဝင် ရုံးအသုံးစရိတ်များသည် ခေတ်နှင့်လျော်ညီသော အသုံးစရိတ်များမဟုတ်သည်ကို သိရှိပါသည်။

မြို့နယ်အဆင့် ရုံးအသုံးစရိတ်များ ခွဲဝေချထားရာတွင် ရန်ပုံငွေမလောက်သဖြင့် ဌာနတာဝန်ခံများက မဖြစ်မနေ အများဆုံးစိုက်ထုတ်သုံးစွဲနေရခြင်းနှင့် အခြားအဆင့် ဝန်ထမ်းများကလည်း မိမိတာဝန်ခံ လုပ်ကိုင်ရသောလုပ်ငန်းအပေါ် စိုက်ထုတ်သုံးစွဲနေရခြင်းများ ရှိနေကြောင်း သိရှိရပါသည်။

အများပြည်သူနှင့် ဆက်ဆံရပြီး ဝင်ငွေရလမ်းရှိသည့် ဌာနများ၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရသည့် ဌာနများတွင် ခေါင်းစဉ်အမျိုးမျိုးဖြင့် ပြည်သူများထံမှ အပိုငွေကောက်၊ အလှူခံ၊ နည်းလမ်းများစွာဖြင့် သုံးစွဲနေကြောင်း သိရ၍ မိမိဌာနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲမရှိသော်လည်း မလိုလားအပ်သော လာဘ်ပေးလာဘ်ယူမှုများ၊ လုပ်ပိုင်ခွင့်အလွဲသုံးစားပြုခြင်းများ၊ ပြည်သူပိုင်ပစ္စည်းနှင့် ထိန်းသိမ်းစောင့်ရှောက်ထားသည့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်းများ ဥပဒေ စည်းမျဉ်းစည်းကမ်းများကို မျက်ကွယ်ပြုလာခြင်းတို့ အပြင် နိုင်ငံတော်အစိုးရ၊ ဌာနများနှင့် ဝန်ထမ်းများအပေါ် ယုံကြည်လေးစားမှုမရှိတော့ခြင်းကိစ္စရပ်များ ပေါ်ပေါက်နေရပါတယ်။

ဝင်ငွေရလမ်းမရှိသည့် ဌာနများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့ရရှိသော လစာ စရိတ်များထဲမှ စိုက်ထုတ်ကျခံပြီး ဆောင်ရွက်ရသဖြင့် ဝန်ထမ်းများ၏ စိတ်ဓာတ်၊ စည်းလုံးအမှု လုပ်ငန်းအပေါ် စိတ်ဝင်စားမှု လုပ်ငန်းစွမ်းရည်ကျဆင်းမှုများ ဖြစ်ပေါ်နေကြောင်း သိရှိရပါတယ်။

အထက်ပါ အချက်အလက်များသည် မြို့နယ်တစ်မြို့အတွက် ဖြစ်ပေါ်နေသော အားနည်းချက် မဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက် ဖြစ်ပေါ်နေ၍ **သန့်ရှင်းသောအစိုးရ ကောင်းမွန်သောအုပ်ချုပ်မှု**ဆိုသော အစိုးရယန္တရားတစ်ရပ် ပေါ်ထွန်းလာရေးအတွက် ဌာနများ၏ အသုံးစရိတ်မလောက်ငမှုသည် အခက်အခဲ၊ အဟန့်အတားဖြစ်နေပါ၍ ခေတ်ကာလနှင့်လျော်ညီသော အသုံးစရိတ်များ ခွဲဝေချထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ မေးရခြင်းဖြစ်ပါသည်။

**ပြန်လည်ဖြေကြားချက်**

ကြံခင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်၏ ဆွေးနွေးချက်များအား အောက်ပါအတိုင်း ရှင်းလင်းတင်ပြအပ်ပါသည်။

ဌာနဆိုင်ရာဝန်ထမ်းများ၏ ခရီးစရိတ်များနှင့် ရုံးအသုံးစရိတ်များကို ဌာနဆိုင်ရာဝန်ထမ်းများ၏ အမှန်ကုန်ကျစရိတ်များအတိုင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါသည်။

ရုံးအသုံးစရိတ်များအားလည်း ဌာနဆိုင်ရာမှ တင်ပြချက်များအတိုင်း Budget တွင် ထည့်သွင်းရေးဆွဲခဲ့ပြီး တိုင်းဒေသကြီးအစိုးရနှင့် တိုင်းဒေသကြီးလွှတ်တော်၊ ပြည်ထောင်စုဘဏ္ဍာရေးကော်မရှင်၊ ပြည်ထောင်စု

လွှတ်တော်တို့သို့ အဆင့်ဆင့်တင်ပြအတည်ပြုချက် ရယူ၍ ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ဌာနဆိုင်ရာများ၏အသုံးစရိတ်များ မလုံလောက်ပါက ခေါင်းစဉ်ပြောင်း သုံးစွဲစေခြင်း၊ ဖြည့်စွက်ခွင့်ပြုငွေများကို နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း ဥပဒေနှင့်အညီ ခွင့်ပြုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ယခုမေးခွန်းအား တိုင်းဒေသကြီးအစိုးရမှ ဆောင်ရွက်ပေးနိုင်မှု မရှိသဖြင့် ပြည်ထောင်စုအစိုးရသို့ ဆက်လက်တင်ပြပေးသွားမည် ဖြစ်ပါသည်။

ဝင်းကိုကို၊
ဝန်ကြီး၊
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့။

## ၂၀၁၃ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ (မူကြမ်း)
## ( ၂၀၁၃ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် /၂၀၁၃။ )

၁၃၇၄ ခုနှစ်၊ ရက်
( ၂၀၁၃ ခုနှစ်၊ လ ရက် )

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁
### အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂
### တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး

ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေနှင့် ချေးယူရငွေတို့အတွက် လျာထားရန် အကြောင်းပေါ်ပေါက်လာပါက ယင်းသို့ရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားခြင်းမရှိသေးသော သုံးငွေများကို သုံးစွဲရန်ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့် ငွေသည် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသတ်မှတ်ထားသည့် ငွေထက် မပိုစေရ။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစာချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြထားသောရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသောသုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ

၅။ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၆။ (က) တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၇။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၃) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၈။ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃
## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ
### အခန်း (၁)
### ရငွေများနှင့်သုံးငွေများ

၉။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၀။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၁။ (က) ဇယား (၅) နှင့် (၆) တို့တွင်ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်များ

၁၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း၊ လျော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်း စီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ငွေများ ပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံး ကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်လိုအပ်သည့် လုပ်ငန်းသုံး ရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

ဇယား (၁)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၆၈၁. ၃၅၃ | | | | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၇၁. ၃၀၄ | | | | | | |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၉၁၀ | | | | | | |
| ၅ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၁၄၅ | | | | | | |
| | ပေါင်း | | | | ၁၇၅၃. ၇၁၂ | | | | | | |

ဇယား (၂)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၃၁. ၇၈၀ | | ၁၆၈၁. ၃၅၃ | ၂၁၅. ၆၀၀ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၉၃. ၉၀၁ | | | | | | |
| ၃ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၆၈၃. ၄၅၄ | | | ၄၇. ၉၇၀ | | | |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၂၈၅. ၂၅၈ | | | | | | |
| ၅ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၇၀၃. ၆၄၅ | | | | | | |
| | ပေါင်း | | ၂၅၉၈. ၀၃၈ | | ၁၆၈၁. ၃၅၃ | ၂၆၃. ၅၇၀ | | | |

ဇယား (၃)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇၁၂. ၈၁၂ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၇၁၂. ၈၁၂ | | | | | | | | |
| ၂ | | **နိုင်ငံတော်ပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက်** | ၎င်း | **၇၁၇၀. ၉၃၅** | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၃၃. ၃၅၆ | | | | | | | | |
| | ၂ | တာတမံခွန် | | ၇. ၇၈၁ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၄၀၀. ၅၇၃ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၁၁. ၇၈၇ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၃၃၇၇. ၉၅၅ | | | | | | | | |
| | ၆ | မြေခွန်နှုန်းပြင်ဆင်ချက်အရစည်းကြပ်ငွေ | | ၃၃၃၉. ၄၈၃ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့် အခွန်** | ၎င်း | **၆၈၀. ၂၈၈** | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၅၁၁. ၃၉၇ | | | | | | | | |
| | ၂ | ဘီးခွန် | | ၁၆၈. ၈၉၁ | | | | | | | | |
| ၄ | | **တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ** | ၎င်း | | **၁၅၉. ၆၂၆** | | | | | | | |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | **ပြည်ထဲရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | **၁၂. ၂၇၃** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁၂. ၂၄၂ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၃၁ | | | | | | |
| ၆ | | **သမဝါယမ** | ၎င်း | | | **၄. ၉၂၀** | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၄. ၉၂၀ | | | | | | |
| ၇ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | | | **၆၃. ၁၄၁** | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၃၁. ၁၄၁ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၃၂. ၀၀၀ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | | | | | | | |
| ၈ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | | | **၂၂. ၆၈၂** | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁၉. ၈၁၀ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၂. ၈၇၂ | | | | | | |
| ၉ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ၎င်း | | | **၂၀. ၄၁၆** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၂၀. ၄၁၆ | | | | | | |
| ၁၀ | | **အားကစား** | ၎င်း | | | **၀. ၀၃၅** | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၀. ၀၃၅ | | | | | | |
| ၁၁ | | **ဘဏ္ဍာရေးနှင့်အခွန်** | ၎င်း | | | | | | **၄၈၁၇၅. ၂၅၈** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၄၈၁၇၅. ၂၅၈ | | | |
| ၁၂ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | | | **၀. ၀၃၈** | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၀၃၈ | | | | | | |
| ၁၃ | | **ဆောက်လုပ်ရေး** | ၎င်း | | | **၆၇. ၂၆၁** | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀. ၄၇၀ | | | | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၆၆. ၇၉၁ | | | | | | |
| ၁၄ | | **အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး** | ၎င်း | | | **၀. ၀၀၂** | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး | | | | ၀. ၀၀၂ | | | | | | |
| ၁၅ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | | **၆၅၇၁. ၂၆၇** | | | | | | |
| | | ပေါင်း | | ၈၅၆၄. ၀၃၅ | ၁၅၉. ၆၂၆ | ၆၇၆၂. ၀၃၅ | | | ၄၈၁၇၅. ၂၅၈ | | | |

ဇယား (၄)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် | **၇၅၀၆. ၇၆၀** | | | **၁၄၅၃. ၀၆၆** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၇၃၈၈. ၁၀၁ | | | ၁၃၁၄. ၅၇၅ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၁၈. ၆၅၉ | | | ၁၃၈. ၄၉၁ | | | |
| ၂ | | **သမဝါယမ** | ၎င်း | **၇၂၅. ၆၉၃** | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၇၂၅. ၆၉၃ | | | | | | |
| ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | **၂၀၄၉. ၅၇၇** | | | **၂၆. ၂၈၀** | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၅၀၇. ၁၂၇ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၅၁၄. ၈၃၃ | | | ၂၆. ၂၈၀ | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၂၇. ၆၁၇ | | | | | | |
| ၄ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | **၆၈၆. ၀၁၄** | | | **၈၀. ၁၆၈** | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၄၇၅. ၆၇၁ | | | ၈၀. ၁၆၈ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၂၁၀. ၃၄၃ | | | | | | |
| ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၎င်း | **၇၆၃. ၇၆၆** | | | **၄၇. ၆၂၀** | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၇၆၃. ၇၆၆ | | | ၄၇. ၆၂၀ | | | |
| ၆ | | **အားကစား** | ၎င်း | **၂၄၉. ၆၆၁** | | | **၁၈၃. ၂၈၈** | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၂၄၉. ၆၆၁ | | | ၁၈၃. ၂၈၈ | | | |
| ၇ | | **ဘဏ္ဍာရေးနှင့်အခွန်** | ၎င်း | **၄၉. ၁၅၅** | | | **၅. ၀၈၀** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၉. ၁၅၅ | | | ၅. ၀၈၀ | | | |
| ၈ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | **၃၅၃. ၀၄၇** | | | **၄၂. ၈၃၇** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃၅၃. ၀၄၇ | | | ၄၂. ၈၃၇ | | | |
| ၉ | | **ဆောက်လုပ်ရေး** | ၎င်း | **၄၀၃၀. ၄၄၉** | | | **၃၅၆၉၇. ၆၄၁** | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၂၀. ၉၅၇ | | | | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၃၉၀၉. ၄၉၂ | | | ၃၅၆၉၇. ၆၄၁ | | | |
| ၁၀ | | **အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး** | ၎င်း | **၄၅. ၉၇၄** | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၄၅. ၉၇၄ | | | | | | |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၃၀၇၉. ၆၆၆** | | | **၄၁၄၉. ၀၃၉** | | | |
| | | ပေါင်း | | ၁၉၅၃၉. ၇၆၂ | | | ၄၁၆၈၅. ၀၁၉ | | | |

ဇယား (၅)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **မြန်ကြားရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | **၄၃. ၈၈၇** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၄၃. ၈၈၇ | | | | | | |
| ၂ | | **သတ္တုတွင်း** | ၎င်း | | | **၈၆. ၉၃၅** | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | | | ၈၆. ၉၃၅ | | | | | | |
| ၃ | | **ဆောက်လုပ်ရေး** | ၎င်း | | | **၃၄၃၈၇. ၇၀၇** | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၃၄၃၈၇. ၇၀၇ | | | | | | |
| | | ပေါင်း | | | | ၃၄၅၁၈. ၅၂၉ | | | | | | |

ဇယား (၆)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **မြန်ကြားရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၃၈. ၆၄၀** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၃၈. ၆၄၀ | | | | | | |
| ၂ | | **သတ္တုတွင်း** | ၎င်း | **၈၁. ၈၁၇** | | | **၄၆. ၈၇၀** | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | ၈၁. ၈၁၇ | | | ၄၆. ၈၇၀ | | | |
| ၃ | | **ဆောက်လုပ်ရေး** | ၎င်း | **၃၃၉၉၈. ၁၂၆** | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၃၃၉၉၈. ၁၂၆ | | | | | | |
| | | ပေါင်း | | ၃၄၁၁၈. ၅၈၃ | | | ၄၆. ၈၇၀ | | | |

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ (မူကြမ်း)
## ( ၂၀၁၃- ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်   / )

၁၃၇၄ ခုနှစ်၊              လ        ရက်

( ၂၀၁၃ ခုနှစ်၊            လ        ရက် )

### နိဒါန်း

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဇယား (၂)တွင် ဖော်ပြထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းပါ ဒေသန္တရ စီမံကိန်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း၊ အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့် ရှိသည်ဟူသော ပြဋ္ဌာန်းချက်အရ ဤဥပဒေကို တင်သွင်းခြင်းဖြစ်သည်။

### အခန်း (၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်း၏ တတိယနှစ်အတွက် ဒေသန္တရစီမံကိန်းဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော တစ်ဖက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ တိုင်းဒေသကြီး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍ အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်၍မည်မျှ တိုးတက်ရမည်ဆိုသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ ယင်းစီမံ ကိန်းများ၌ အနှစ် ၃၀ နှစ်ရှည်စီမံကိန်း ငါးနှစ်ကာလတို စီမံကိန်းနှင့် ယင်းစီမံကိန်းများကို နှစ်စဉ် အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများပါရှိသည်။ ယင်းဒေသန္တရစီမံကိန်းများ၌ ကာလအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်း အမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လုပ်ငန်းစီမံကိန်းများ၊ စက်မှုဇုန်များ၊ မြို့ပြစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် စီမံကိန်းများ ဘက်စုံ ဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဃ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ဈေးနှုန်း ဖြစ်သည်။

(င) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ**ဆိုသည်မှာ ဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တိုင်းဒေသကြီး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ ၅.၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၀.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၃.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသဖြင့် သစ်တောကဏ္ဍတွင် ၀.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၀.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၀.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၄.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၅.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၈.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၇၂.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၄၀.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၂.၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၃.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၅.၀ ရာခိုင်နှုန်းတိုးတက်ရန်။

(ဂ) တိုင်းဒေသကြီး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၉.၀ ရာခိုင်နှုန်းမှ ၄၇.၁ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၁၄.၁ ရာခိုင်နှုန်းမှ ၁၄.၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆.၉ ရာခိုင်နှုန်းမှ ၃၈.၃ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီး ဖြစ်ပေါ်စေရန်၊

(ဃ) လူတစ်ဦးစီ၏ ပျမ်းမျှ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (Per Capita GDP) မှာ ကျပ် ၈၀၃၃၃၄ မှ ကျပ် ၉၃၈၆၈၇ သို့ ဖြစ်ပေါ်လာစေရန်။

## အခန်း (၃)
## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပုဒ်မခွဲ (၁) နှင့် (၂) တို့တွင် ဖော်ပြထားသော စီမံကိန်း ရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွား ဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများဆောင်ရွက်ရာတွင် လက်ငင်း ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာထည့်သွင်းစီမံဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ လက်ငင်းရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေသော နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ထာဝရရှင်သန်စေမည့် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှု ကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ် ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဒေသန္တရစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်း ပေးမည့်စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက် ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

ပူးတွဲ-၁

**ဧရာဝတီတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်**
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၂၆၂၅၉၈၃.၅** | **၄၉.၀** | **၂.၆** | **၂၆၆၂၈၉၈.၁** | **၄၇.၁** | **၁.၄** |
| | ၁ | လယ်ယာ | ၁၇၅၇၀၇၄.၉ | ၃၂.၈ | ၀.၈ | ၁၇၆၀၂၅၀.၃ | ၃၁.၁ | ၀.၂ |
| | ၂ | သားငါး | ၈၅၈၇၃၉.၇ | ၁၆.၀ | ၆.၆ | ၈၉၂၃၉၁.၅ | ၁၅.၈ | ၃.၉ |
| | ၃ | သစ်တော | ၁၀၁၆၈.၉ | ၀.၂ | ၀.၇ | ၁၀၂၅၆.၃ | ၀.၂ | ၀.၉ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၇၅၅၆၉၄.၈** | **၁၄.၁** | **၈.၃** | **၈၂၈၀၆၇.၆** | **၁၄.၆** | **၉.၆** |
| | ၄ | စွမ်းအင် | ၃၆၂၁၃.၆ | ၀.၇ | -၀.၅ | ၃၆၅၄၁.၇ | ၀.၆ | ၀.၉ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၉၅၉၀.၀ | ၀.၂ | ၀.၂ | ၉၅၉၉.၆ | ၀.၂ | ၀.၁ |
| | ၆ | စက်မှုလက်မှု | ၄၁၀၈၉၂.၀ | ၇.၆ | ၈.၈ | ၄၅၆၅၈၃.၈ | ၈.၁ | ၁၁.၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၀၇၅၄၇.၆ | ၂.၀ | ၆.၆ | ၁၂၂၆၀၆.၆ | ၂.၁ | ၁၄.၀ |
| | ၈ | ဆောက်လုပ်မှု | ၁၉၁၄၅၁.၆ | ၃.၆ | ၁၀.၃ | ၂၀၂၇၃၅.၉ | ၃၈.၃ | ၉.၇ |
| **၂** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၉၇၆၆၂၂.၃** | **၃၆.၉** | **၆.၉** | **၂၁၆၈၆၆၈.၂** | **၃၈.၃** | **၅.၉** |
| | ၁ | ပို့ဆောင်ရေး | ၈၅၅၇၃၂.၆ | ၁၅.၉ | ၂.၉ | ၉၂၅၉၉၇.၉ | ၁၆.၃ | ၈.၂ |
| | ၂ | ဆက်သွယ်ရေး | ၈၄၅၄၄.၃ | ၁.၆ | ၂၇၃.၄ | ၁၄၅၅၄၉.၄ | ၂.၆ | ၇၂.၂ |
| | ၃ | ငွေရေးကြေးရေး | ၃၃၇၁.၇ | ၀.၁ | ၉.၀ | ၄၇၂၄.၈ | ၀.၁ | ၄၀.၁ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၈၄၉၁၄.၇ | ၁.၆ | ၀.၁ | ၈၇၄၀၅.၀ | ၁.၅ | ၂.၉ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၁၈၄၆၇.၅ | ၂.၂ | ၁၄.၆ | ၁၃၄၃၂၀.၃ | ၂.၄ | ၁၃.၄ |
| | ၆ | ကုန်သွယ်မှု | ၈၂၉၅၉၁.၅ | ၁၅.၅ | ၃.၃ | ၈၇၀၆၇၀.၈ | ၁၅.၄ | ၅.၀ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး** | **၅၃၅၈၃၀၀.၆** | **၁၀၀.၀** | **၅.၀** | **၅၆၅၉၆၃၃.၉** | **၁၀၀.၀** | **၅.၆** |

ပူးတွဲ-၂

**ဧရာဝတီတိုင်းဒေသကြီး၏**
**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ**
**ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်**
(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (ဒေသန္တရစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၃၈၁၆၇၈.၃** | **၆၃.၁** | **၃.၈** | **၃၄၉၀၉၆၅.၇** | **၆၁.၇** | **၃.၂** |
| | ၁ | လယ်ယာ | ၁၇၅၇၀၇၄.၉ | ၃၂.၈ | ၀.၈ | ၁၇၆၀၂၅၀.၃ | ၃၁.၁ | ၀.၂ |
| | ၂ | သားငါး | ၈၅၈၇၃၉.၇ | ၁၆.၀ | ၆.၆ | ၈၉၂၃၉၁.၅ | ၁၅.၈ | ၃.၉ |
| | ၃ | သစ်တော | ၁၀၁၆၈.၉ | ၀.၂ | ၀.၇ | ၁၀၂၅၆.၃ | ၀.၂ | ၀.၉ |
| | ၄ | စွမ်းအင် | ၃၆၂၁၃.၆ | ၀.၇ | -၀.၅ | ၃၆၅၄၁.၇ | ၀.၆ | ၀.၉ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၉၅၉၀.၀ | ၀.၂ | ၀.၂ | ၉၅၉၉.၆ | ၀.၂ | ၀.၁ |
| | ၆ | စက်မှုလက်မှု | ၄၁၀၈၉၂.၀ | ၇.၆ | ၈.၈ | ၄၅၆၅၈၃.၈ | ၈.၁ | ၁၁.၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၀၇၅၄၇.၆ | ၂.၀ | ၆.၆ | ၁၂၂၆၀၆.၆ | ၂.၁ | ၁၄.၀ |
| | ၈ | ဆောက်လုပ်မှု | ၁၉၁၄၅၁.၆ | ၃.၆ | ၁၀.၃ | ၂၀၂၇၃၅.၉ | ၃.၆ | ၅.၉ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၁၄၇၀၃၀.၈** | **၂၁.၄** | **၉.၇** | **၁၂၉၇၉၉၇.၄** | **၂၂.၉** | **၁၃.၂** |
| | ၁ | ပို့ဆောင်ရေး | ၈၅၅၇၃၂.၆ | ၁၅.၉ | ၂.၉ | ၉၂၅၉၉၇.၉ | ၁၆.၃ | ၈.၂ |
| | ၂ | ဆက်သွယ်ရေး | ၈၄၅၄၄.၃ | ၁.၆ | ၂၇၃.၄ | ၁၄၅၅၄၉.၄ | ၂.၆ | ၇၂.၂ |
| | ၃ | ငွေရေးကြေးရေး | ၃၃၇၁.၇ | ၀.၁ | ၉.၀ | ၄၇၂၄.၈ | ၀.၁ | ၄၀.၁ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၄၉၁၄.၇ | ၁.၆ | ၀.၁ | ၈၇၄၀၅.၀ | ၁.၅ | ၂.၉ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁၁၈၄၆၇.၅ | ၂.၂ | ၁၄.၆ | ၁၃၄၃၂၀.၃ | ၂.၄ | ၁၃.၄ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၈၂၉၅၉၁.၅** | **၁၅.၅** | **၃.၃** | **၈၇၀၆၇၀.၈** | **၁၅.၄** | **၅.၀** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး** | **၅၃၅၈၃၀၀.၆** | **၁၀၀.၀** | **၅.၀** | **၅၆၅၉၆၃၃.၉** | **၁၀၀.၀** | **၅.၆** |

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေကြမ်း

၁၃၇၄ ခုနှစ်၊ လ ရက်

( ၂၀၁၂ ခုနှစ်၊ လ ရက် )

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကို ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနများကို ဆိုသည်။

(ဃ) **ဂုဏ်ထူးဆောင်လက်မှတ်**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်လက်မှတ်ကို ဆိုသည်။

(င) **ဂုဏ်ထူးဆောင်ဆုပစ္စည်း**ဆိုသည်မှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်က ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ဆိုသည်။

## အခန်း (၂)
## ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ဆပ်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်း

၃။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသော ရဟန်းသံဃာတော်များနှင့် သီလရှင်များကို ဆက်ကပ်လှူဒါန်းရမည် -

(က) ဘာသာ၊ သာသနာအကျိုးအတွက် ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ရဟန်းသံဃာတော်များနှင့် သီလရှင်များ၊

(ခ) အမျိုးသားပညာရေးအတွက် အခြေခံပညာကို ကျောင်းသားကျောင်းသူ (၂၀) ဦးတို့အား အနည်းဆုံး (၅) နှစ်သင်ကြားပေးနိုင်ရန် အားထုတ်ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့် ရဟန်းသံဃာတော်များနှင့် သီလရှင်များ။

၄။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းကို အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်များကို ချီးမြှင့်ရမည် -

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ၊

(ခ) ဧရာဝတီတိုင်းဒေသကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရ အဖွဲ့နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြသည့် နိုင်ငံခြားတိုင်းပြည်များမှ သံတမန်များ၊ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊

(ဂ) အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက် ရာ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ၊

(ဃ) ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ၊

(င) သိပ္ပံပညာ၊ ဝိဇ္ဇာပညာ သို့မဟုတ် အခြားပညာရပ်တစ်ခုခုတွင် ထူးချွန်အောင်မြင်စွာ တီထွင်ဖန်တီး စွမ်းဆောင်နိုင်သောပုဂ္ဂိုလ်များ၊

(စ) စာပေနှင့်အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာတတ်မြောက်သည့်ပုဂ္ဂိုလ်များ၊

(ဆ) ဘာသာ၊ သာသနာအကျိုးအတွက် ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ၊

(ဇ) ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထူးခြားစွာ ကာကွယ်စောင့်ရှောက်ကြသည့်ပုဂ္ဂိုလ်များ၊

(ဈ) ပညာရေး၊ အားကစားနှင့်ကာယပညာတွင် ထူးချွန်သူများနှင့် ထိုသို့ထူးချွန်သူများ ထွက်ပေါ်အောင် ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့်ပုဂ္ဂိုလ်များ။

## အခန်း (၃)
## ထောက်ခံတင်ပြမှုဆိုင်ရာနည်းလမ်းများ

၅။ ရဟန်းသံဃာတော်များနှင့် သီလရှင်များအတွက် ထောက်ခံတင်ပြရန် ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၁) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်ကျေးရွာသံဃနာယက ဥက္ကဋ္ဌမှတစ်ဆင့် မြို့နယ် သာသနာရေးမှူး၊ မြို့နယ်သံဃနာယက ဥက္ကဋ္ဌနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ ထောက်ခံတင်ပြရန်၊

(ခ) မြို့နယ်သာသနာရေးမှူးမှတစ်ဆင့် ခရိုင်သာသနာရေးမှူးနှင့် ခရိုင်အုပ်ချုပ်ရေးမှူးထံ ထောက်ခံ တင်ပြရန်၊

(ဂ) ခရိုင်သာသနာရေးမှူးမှတစ်ဆင့် တိုင်းဒေသကြီးသာသနာရေးမှူးနှင့် တိုင်းဒေသကြီးသံဃနာယက ဥက္ကဋ္ဌထံ ထောက်ခံတင်ပြရန်၊

(ဃ) တိုင်းဒေသကြီးသာသနာရေးမှူးမှတစ်ဆင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးထံ ထောက်ခံတင်ပြရန်၊

(င) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၆။ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲပုံစံ (၂) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးထံ ထောက်ခံတင်ပြရန်၊

(ခ) သက်ဆိုင်ရာဝန်ကြီးက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၃) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၈။ ပြည်ထောင်စုရှေ့နေချုပ်ရုံးလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၄) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည် -

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် တိုင်းဒေသကြီးဥပဒေချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးဥပဒေချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၉။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန် ကိစ္စပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၅) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည် -

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၁၀။ တပ်မတော်သားများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၆) တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) သက်ဆိုင်ရာ တပ်စုမှူး/တပ်ခွဲမှူးတို့က တပ်ရင်းမှူးမှတစ်ဆင့် တပ်မမှူး/တိုင်းမှူးထံ ထောက်ခံတင်ပြရန်၊

(ခ) တပ်မမှူး/တိုင်းမှူးက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၁၁။ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ တပ်မတော်ကွပ်ကဲမှုအောက်ရှိလက်နက်ကိုင်အဖွဲ့ဝင်များမှ အပ အခြားပုဂ္ဂိုလ်များအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၇) တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည် -

(က) သက်ဆိုင်ရာအဆင့်ရှိ အုပ်ချုပ်ရေးမှူးက ကျိုးကြောင်းပြည့်စုံစွာဖော်ပြလျက် အထက်အဆင့်ဆင့် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

## အခန်း (၄)

## ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပြန်လည်ရုပ်သိမ်းခြင်း

၁၂။ ဆက်ကပ်လှူဒါန်းခဲ့သော ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့် ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ပြန်လည် ရုပ်သိမ်းခွင့်ရှိသည် -

(က) သံဃာတော်အဖွဲ့အစည်းအဆင့်ဆင့်အား ဆန့်ကျင်ဘက်ပြုခြင်း၊

(ခ) ဘာသာ၊ သာသနာအား မှေးမှိန်ညှိုးနွမ်းအောင် ပြုကျင့်ခြင်း။

၁၃။ ချီးမြှင့်အပ်နှင်းခဲ့သော ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့်ပတ်သက်၍ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် ပြန်လည်ရုပ်သိမ်းခွင့်ရှိသည် -

(က) နိုင်ငံတော်သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ခြင်း၊

(ခ) အကျင့်စာရိတ္တနှင့်ပတ်သက်သော ပြစ်မှုကျူးလွန်၍ တရားရုံးတစ်ခုခု၏ အပြစ်ပေးခံရခြင်း၊

(ဂ) ဌာနဆိုင်ရာအရေးယူခြင်းခံရပြီး အပြစ်ရှိကြောင်းပေါ်ပေါက်သဖြင့် ရာထူးမှထုတ်ပယ်ခြင်း၊ နုတ်ပယ်ခြင်း၊ ရပ်စဲခြင်းစသော ပြစ်ဒဏ်တစ်ရပ်ရပ်ပေးခံရခြင်း၊

(ဃ) ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ပစ္စည်း ချီးမြှင့်အပ်နှင်းခြင်းခံထိုက်ကြောင်း အဆင့်ဆင့် ထောက်ခံတင်ပြသည်နှင့်အညီ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းပြီးနောက် မူလထောက်ခံချက်ပါ အချက်အလက် အကြောင်းအရာများနှင့် မမှန်မကန်တင်ပြမှုပြုခဲ့ကြောင်း တွေ့ရှိပေါ်ပေါက်ခြင်း၊

(င) နိုင်ငံတော်နှင့် ဧရာဝတီတိုင်းဒေသကြီး၏ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ပြုမူခြင်း၊ ပြောဆိုခြင်း တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းတွေ့ရှိပေါ်ပေါက်ခြင်း၊

(စ) ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းအား ပြန်လည်ရုပ်သိမ်းသင့်သည့် လုံလောက်သော အကြောင်းအချက် တစ်ရပ်ရပ် တွေ့ရှိပေါ်ပေါက်ခြင်း။

## အခန်း (၅)

## အထွေထွေ

၁၄။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ဆပ်ကပ်လှူဒါန်းခြင်းအား အဆင့်ဆင့်ထောက်ခံတင်ပြခြင်းမရှိစေကာမူ အထူးထိုက်သင့်သော ကိစ္စရပ်များ အတွက် ရဟန်းသံဃာတော်တစ်ပါးပါးကိုဖြစ်စေ၊ သီလရှင်တစ်ပါးပါးကိုဖြစ်စေ ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ဆက်ကပ်လှူဒါန်းသင့်ကြောင်း တွေ့ရှိပါက သင့်လျော်သည့် ဂုဏ်ထူးဆောင် လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ဆက်ကပ်လှူဒါန်းနိုင်သည်။

၁၅။ တိုင်းဒေသကြီးအစိုးအရဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းသင့်ကြောင့် အဆင့်ဆင့် ထောက်ခံတင်ပြခြင်းမရှိစေကာမူ အထူးထိုက်သင့်သော ကိစ္စရပ်များ အတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်း သင့်ကြောင်း တွေ့ရှိပါက သင့်လျော်သည့် ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ချီးမြှင့်အပ်နှင်းနိုင်သည်။

၁၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အလို့ငှာ အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများကို ထုတ်ပြန်နိုင်သည်။

နောက်ဆက်တွဲ ပုံစံ (၁)

**ရဟန်းသံဃာတော်များနှင့် သီလရှင်များအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင် ဆုပစ္စည်း ဆက်ကပ်လှူဒါန်းရန် ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ဆုပစ္စည်း ------------------------------------------------------------

၂။ (က) ဘွဲ့အမည် ------------------------------------------------------------

(ခ) အဘအမည် ------------------------------------------------------------

(ဂ) အသက်/သိက္ခာ ------------------------------------------------------------

(ဃ) သာသနာဝင်မှတ်တမ်း ------------------------------------------------------------

(င) ကျောင်းတိုက်တာဝန် ------------------------------------------------------------

(စ) ပညာအရည်အချင်း ------------------------------------------------------------

(ဆ) ကျောင်းအမည်နှင့် လိပ်စာ ------------------------------------------------------------

------------------------------------------------------------

၃။ ကျေးရွာ/ရပ်ကွက်အဆင့် ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ရပ်ကွက်/ကျေးရွာ
အုပ်ချုပ်ရေးမှူး

ရပ်ကွက်/ကျေးရွာ
သံဃနာယက
ဥက္ကဋ္ဌ

၄။ မြို့နယ်အဆင့် ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

မြို့နယ်သာသနာရေးမှူး မြို့နယ်သံဃနာယကအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး
ဥက္ကဋ္ဌ

၅။ ခရိုင်အဆင့် ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

ခရိုင်သာသနာရေးမှူး ခရိုင်အုပ်ချုပ်ရေးမှူး

၆။ တိုင်းဒေသကြီးအဆင့် ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

တိုင်းဒေသကြီးသာသနာရေးမှူး တိုင်းဒေသကြီးသံဃနာယကအဖွဲ့ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး
ဥက္ကဋ္ဌ

နောက်ဆက်တွဲ ပုံစံ (၂)

**ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား**

**ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် ---------------------------------------------
လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ---------------------------------------------
ဆုပစ္စည်း ---------------------------------------------

၂။ (က) အမည် ---------------------------------------------
(ခ) အဘအမည် ---------------------------------------------
(ဂ) အသက် ---------------------------------------------
(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---------------------------------------------
(င) အဆင့်/တာဝန် ---------------------------------------------
(စ) လုပ်ငန်းဌာန ---------------------------------------------
(ဆ) နေရပ်လိပ်စာ ---------------------------------------------
---------------------------------------------

၃။ သက်ဆိုင်ရာကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------------
ဌာန ---------------------------------------
ရပ်ကွက်/ကျေးရွာအုပ်စု ---------------------------------------

ရက်စွဲ ။-------------------------------

၄။　မြို့နယ်အဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး　--------------------------------------

ဌာန　--------------------------------------

ရက်စွဲ ၊---------------------------------

၅။　ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး　--------------------------------------

ဌာန　--------------------------------------

ရက်စွဲ ၊---------------------------------

၆။　တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး　--------------------------------------

ဌာန　--------------------------------------

ရက်စွဲ ၊---------------------------------

၇။　သက်ဆိုင်ရာဝန်ကြီး၏ ထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြား ပူးတွဲပေးပို့နိုင်သည်)

----------------------------ဝန်ကြီးဌာန

ရက်စွဲ ၊------------------------------------

နောက်ဆက်တွဲ ပုံစံ (၃)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် ---------------------------------------------
လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ---------------------------------------------
ဆုပစ္စည်း ---------------------------------------------

၂။ (က) အမည် ---------------------------------------------
(ခ) အဘအမည် ---------------------------------------------
(ဂ) အသက် ---------------------------------------------
(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---------------------------------------------
(င) အဆင့်/တာဝန် ---------------------------------------------
(စ) လုပ်ငန်းဌာန ---------------------------------------------
(ဆ) နေရပ်လိပ်စာ ---------------------------------------------
---------------------------------------------

၃။ မြို့နယ်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------------
ဌာန ---------------------------------------

ရက်စွဲ ၊---------------------------------

၄။ ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------------

ဌာန ---------------------------------------

ရက်စွဲ ၊---------------------------------

၅။ တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------------

ဌာန ---------------------------------------

ရက်စွဲ ၊---------------------------------

၆။ တိုင်းဒေသကြီးလွှတ်တော်တရားသူကြီးချုပ်က ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်

ရက်စွဲ ၊-------------------------------------

နောက်ဆက်တွဲ ပုံစံ (၄)

**ပြည်ထောင်စုတရားရှေ့နေချုပ်ရုံး လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား**
**ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် ---------------------------------------------
လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ---------------------------------------------
ဆုပစ္စည်း ---------------------------------------------

၂။ (က) အမည် ---------------------------------------------
(ခ) အဘအမည် ---------------------------------------------
(ဂ) အသက် ---------------------------------------------
(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---------------------------------------------
(င) အဆင့်/တာဝန် ---------------------------------------------
(စ) လုပ်ငန်းဌာန ---------------------------------------------
(ဆ) နေရပ်လိပ်စာ ---------------------------------------------
---------------------------------------------

၃။ မြို့နယ်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------------
ဌာန ---------------------------------------

ရက်စွဲ ၊---------------------------------

၄။　ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး　---------------------------------------

ဌာန　---------------------------------------

ရက်စွဲ ၊---------------------------------

၅။　တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး　---------------------------------------

ဌာန　---------------------------------------

ရက်စွဲ ၊---------------------------------

၆။　တိုင်းဒေသကြီးဉပဒေချုပ်က ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

တိုင်းဒေသကြီးဉပဒေချုပ်

ရက်စွဲ ၊-------------------------------------

နောက်ဆက်တွဲ ပုံစံ (၅)

**ပြည်ထောင်စုစာရင်းစစ်ချုပ် လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား**

**ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် ------------------------------------------
လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ------------------------------------------
ဆုပစ္စည်း ------------------------------------------

၂။ (က) အမည် ------------------------------------------
(ခ) အဘအမည် ------------------------------------------
(ဂ) အသက် ------------------------------------------
(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------------
(င) အဆင့်/တာဝန် ------------------------------------------
(စ) လုပ်ငန်းဌာန ------------------------------------------
(ဆ) နေရပ်လိပ်စာ ------------------------------------------
------------------------------------------

၃။ မြို့နယ်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------
ဌာန ------------------------------------

ရက်စွဲ ၊--------------------------------

၄။ ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------------

ဌာန ---------------------------------------

ရက်စွဲ ။----------------------------------

၅။ တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ---------------------------------------

ဌာန ---------------------------------------

ရက်စွဲ ။----------------------------------

၆။ တိုင်းဒေသကြီးစာရင်းစစ်ချုပ်က ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ရက်စွဲ ။--------------------------------------

နောက်ဆက်တွဲ ပုံစံ (၆)

**တပ်မတော်သားများအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန်**

**ထောက်ခံချက်ပုံစံ**

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် ---------------------------------------------
လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ---------------------------------------------
ဆုပစ္စည်း ---------------------------------------------

၂။ (က) ကိုယ်ပိုင်အမှတ် ---------------------------------------------
(ခ) အဆင့် ---------------------------------------------
(ဂ) အမည် ---------------------------------------------
(ဃ) အသက် ---------------------------------------------
(င) အမှုထမ်းအသက် ---------------------------------------------
(စ) တပ်ဖွဲ့ ---------------------------------------------

၃။ တပ်စုမှူး/တပ်ခွဲမှူးက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြား ပူးတွဲပေးပို့နိုင်သည်)

တပ်စုမှူး / တပ်ခွဲမှူး

ရက်စွဲ ၊--------------------------------

၄။ တပ်ရင်းမှူးက ကျိုးကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

တပ်ရင်းမှူး

ရက်စွဲ ။----------------------------------

၅။ တပ်မမှူး/တိုင်းမှူးက ကျိုးကြောင်းဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြား ပူးတွဲပေးပို့နိုင်သည်)

တပ်မမှူး/တိုင်းမှူး

ရက်စွဲ ။-------------------------------------

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၃)

ပဲခူးမြို့၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၈ ရက် )

## ၂၀၁၃ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ထုတ်ပြန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပဲခူးတိုင်းဒေသကြီးလွှတ်တော်သို့ ပေးပို့သော ၂၀၁၃ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေပုဒ်မ ၁၅၀ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

မောင်မောင်သန်း၊

လွှတ်တော်ရုံးအကြီးအမှူး၊

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ရုံး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၃ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက် )

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားရုံး၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

## အခန်း (၁)

## ရငွေများနှင့်သုံးငွေများ

၂။ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားရုံး၊ တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေး

အဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားရုံး၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားရုံး၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားရုံး၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၃
## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ
### အခန်း (၁)
### ရငွေများနှင့်သုံးငွေများ

၅။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၆။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၇။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

### အခန်း (၂)
### တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်များ

၈။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သုံးငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ဂ) သုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသောငွေများ ပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

## အခန်း (၃)
## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၉။ (က) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သုံးငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။

(ဂ) သုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဉာဏ်ဝင်း၊
ဝန်ကြီးချုပ်၊
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့။

ဇယား (၁)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | **တိုင်းဒေသကြီး အစိုးရအဖွဲ့** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၀၁၈. ၇၄၉ | | | ၁၀၀၀. ၀၀၀ | | | |
| ၂ | **တိုင်းဒေသကြီး တရားရုံး** | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၃၆. ၁၈၁ | | | | | | |
| ၃ | **တိုင်းဒေသကြီး ဥပဒေချုပ်ရုံး** | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၅၅၃ | | | | | | |
| ၄ | **တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး** | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၅၅၆ | | | | | | |
| | ပေါင်း | | | | ၁၀၅၆. ၀၃၉ | | | ၁၀၀၀. ၀၀၀ | | | |

ဇယား (၂)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | **တိုင်းဒေသကြီး အစိုးရအဖွဲ့** | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၅၁. ၉၈၈ | | ၂၀၀၇. ၇၄၉ | ၅၄၇. ၀၀၀ | | | |
| ၂ | **တိုင်းဒေသကြီး လွှတ်တော်** | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၉၉. ၂၈၇ | | | ၅. ၀၀၀ | | | |
| ၃ | **တိုင်းဒေသကြီး တရားရုံး** | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၇၅၄. ၉၇၆ | | | ၃၂၁. ၀၉၃ | | | |
| ၄ | **တိုင်းဒေသကြီး ဥပဒေချုပ်ရုံး** | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၃၀၇. ၀၉၆ | | | | | | |
| ၅ | **တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး** | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၇၉၈. ၄၅၁ | | | ၂၁. ၄၀၀ | | | |
| | ပေါင်း | | ၅၂၁၁. ၇၉၈ | | ၂၀၀၇. ၇၄၉ | ၈၉၄. ၄၉၃ | | | |

ဇယား (၃)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၆၂၄. ၃၇၈** | | | | | | | | |
| ၁ | ယစ်မျိုးခွန် | | ၆၂၄. ၃၇၈ | | | | | | | | |
| ၂ | **နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက်** | ၎င်း | **၃၅၁၅. ၄၂၉** | | | | | | | | |
| ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၂၃၅၄. ၆၂၉ | | | | | | | | |
| ၂ | တာတမံခွန် | | ၁. ၆၁၉ | | | | | | | | |
| ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၂၄၁. ၈၈၀ | | | | | | | | |
| ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၅. ၉၃၈ | | | | | | | | |
| ၅ | အင်းအိုင်ခွန် | | ၉၀၁. ၃၆၃ | | | | | | | | |
| ၃ | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | ၎င်း | **၆၈၈. ၅၇၄** | | | | | | | | |
| ၁ | ပစ္စည်းခွန် | | ၄၉၄. ၈၇၃ | | | | | | | | |
| ၂ | ဘီးခွန် | | ၁၉၃. ၇၉၁ | | | | | | | | |
| ၄ | **တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ** | ၎င်း | | ၉၈. ၂၈၉ | | | | | | | |
| | ပေါင်း | | ၄၈၂၈. ၃၈၁ | ၉၈. ၂၈၉ | | | | | | | |

ဇယား (၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | **၆. ၂၂၆** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၆. ၂၁၀ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၁၆ | | | | | | |
| ၆ | | **သမဝါယမ** | ၎င်း | | | **၄. ၄၁၁** | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၄. ၀၀၁ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၀. ၄၁၀ | | | | | | |
| ၇ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | | | **၁၁၀. ၉၈၄** | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၆၅. ၈၇၁ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၁၈. ၀၀၀ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၂၇. ၁၁၃ | | | | | | |
| ၈ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | | | **၄၀. ၅၅၅** | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၃၀. ၀၆၅ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၁၀. ၃၂၀ | | | | | | |
| | ၃ | ပျားလုပ်ငန်းဌာန | | | | ၀. ၁၇၀ | | | | | | |
| ၉ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၎င်း | | | **၂၇. ၃၄၀** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၂၇. ၃၄၀ | | | | | | |
| ၁၀ | | **အားကစား** | ၎င်း | | | **၀. ၀၁၀** | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၀. ၀၁၀ | | | | | | |
| ၁၁ | | **ဘဏ္ဍာရေးနှင့်အခွန်** | ၎င်း | | | **၀. ၂၄၀** | | | **၃၁၄၇၅. ၉၀၈** | | **၁၁. ၀၉၉** | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၀. ၂၄၀ | | | ၃၁၄၇၅. ၉၀၈ | | ၁၁. ၀၉၉ | |
| ၁၂ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | | | **၀. ၀၄၀** | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၀၄၀ | | | | | | |
| ၁၃ | | **ဆောက်လုပ်ရေး** | ၎င်း | | | **၁၄၄. ၁၉၂** | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀. ၄၀၆ | | | | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများပြင်ဆင် ထိန်းသိမ်းခြင်း | | | | ၁၄၃. ၇၈၆ | | | | | | |
| ၁၄ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | | **၈၁၂၆. ၅၉၀** | | | | | | |
| | | ပေါင်း | | | | ၈၄၆၀. ၅၈၈ | | | ၃၁၄၇၅. ၉၀၈ | | ၁၁. ၀၉၉ | |

ဇယား (၄)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ<br>သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ<br>ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) | **၅၈၅၉. ၅၄၃** | | **၁၅. ၀၀၀** | **၅၆၇. ၁၃၉** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၇၄၁. ၁၃၉ | | ၁၅. ၀၀၀ | ၅၀၇. ၁၃၉ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၁၈. ၄၀၄ | | | ၆၀. ၀၀၀ | | | |
| ၂ | | **သမဝါယမ** | ၎င်း | **၇၃၆. ၈၇၃** | | | **၂၅. ၆၆၀** | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၇၂၄. ၁၂၂ | | | ၂၅. ၄၈၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၂. ၇၅၁ | | | ၀. ၁၈၀ | | | |
| ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | **၃၃၀၇. ၃၂၈** | | | **၈၂. ၇၀၀** | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၇၆၇. ၄၅၇ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၇၉၇. ၃၂၄ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၇၄၂. ၅၄၇ | | | ၈၂. ၇၀၀ | | | |
| ၄ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | **၅၃၃. ၇၉၂** | | | **၁၁၄. ၉၉၄** | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၆၇. ၂၆၆ | | | ၁၁၄. ၉၉၄ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၂၂၉. ၉၄၅ | | | | | | |
| | ၃ | ပျားလုပ်ငန်းဌာန | | ၃၆. ၅၈၁ | | | | | | |
| ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၎င်း | **၁၅၂၈. ၆၃၇** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၁၅၂၈. ၆၃၇ | | | | | | |
| ၆ | | **အားကစား** | ၎င်း | **၂၃၀. ၄၁၄** | | | **၃. ၃၁၅** | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၂၃၀. ၄၁၄ | | | ၃. ၃၁၅ | | | |
| ၇ | | **ဘဏ္ဍာရေးနှင့်အခွန်** | ၎င်း | **၄၈. ၁၆၇** | | | **၅. ၃၆၇** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၈. ၁၆၇ | | | ၅. ၃၆၇ | | | |
| ၈ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | **၃၇၃. ၀၃၀** | | | **၁၀၀. ၀၅၄** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၃၇၃. ၀၃၀ | | | ၁၀၀. ၀၅၄ | | | |
| ၉ | | **ဆောက်လုပ်ရေး** | ၎င်း | **၈၅၆၉. ၁၅၈** | | | **၁၀၅၇၀. ၈၇၆** | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၆၉. ၁၅၈ | | | ၅၃. ၆၉၆ | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများပြင်ဆင်ထိန်းသိမ်းခြင်း | | ၈၅၀၀. ၀၀၀ | | | ၁၀၅၁၇. ၁၈၀ | | | |
| ၁၀ | | **အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး** | ၎င်း | **၆. ၉၅၄** | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၆. ၉၅၄ | | | | | | |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၃၈၁၆. ၄၇၄** | | | **၅၂၀၄. ၂၆၈** | | | |
| | | ပေါင်း | | ၂၅၀၁၁. ၃၇၀ | | ၁၅. ၀၀၀ | ၁၆၆၇၄. ၃၇၃ | | | |

ဇယား (၅)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **မြန်ကြားရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | **၅၀. ၀၀၀** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၅၀. ၀၀၀ | | | | | | |
| ၂ | | **ဆောက်လုပ်ရေး** | ၎င်း | | | **၁၉၀၂၆. ၁၁၇** | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၁၉၀၂၆. ၁၁၇ | | | | | | |
| | | ပေါင်း | | | | ၁၉၀၇၆. ၁၁၇ | | | | | | |

ဇယား (၆)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **မြန်ကြားရေး** | တိုင်းဒေသကြီးဝန်ကြီးချုပ် (သို့မဟုတ်) တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | **၃၇. ၉၄၀** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၃၇. ၉၄၀ | | | | | | |
| ၂ | | **ဆောက်လုပ်ရေး** | ၎င်း | **၁၈၈၄၃. ၆၉၈** | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၁၈၈၄၃. ၆၉၈ | | | | | | |
| | | ပေါင်း | | **၁၈၈၈၁. ၆၃၈** | | | | | | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက် )

**၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် လက်မှတ်ရေးထိုးပြီးသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

စိန်တင်ဝင်း၊

ဥက္ကဋ္ဌ၊

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ရုံး။

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ**

**( ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁ )**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက် )

**နိဒါန်း**

နိုင်ငံတော်တွင် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး၊ ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းအင်းကိန်းဂဏန်းများ တိကျမှန်ကန်ရေး စသည့် စီးပွားရေးမူဝါဒ (၄) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ဆင်းရဲချမ်းသာကွာဟမှုလျော့နည်းရေး၊ ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေးစသည့် လူမှု စီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးမျှော်မှန်းချက်များကို ဖော်ပြပါ စီးပွားရေးမူဝါဒများနှင့်အညီ အကောင် အထည်ဖော်နိုင်ရန်အလို့ငှာ တိုင်းဒေသကြီးလွှတ်တော်သည် ငါးနှစ်စီမံကိန်း၏ တတိယနှစ်ဖြစ်သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ဒေသန္တရစီမံကိန်းဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည် စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်း၏ တတိယနှစ်အတွက် ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်း ဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ ဒေသ၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း မည်၍မည်မျှတိုးတက်ရမည်ဆိုသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ ယင်းစီမံကိန်းများ၌ အနှစ် (၃၀) နှစ်ရှည်စီမံကိန်း၊ ကာလတို (၅) နှစ် စီမံကိန်းနှင့် ယင်းစီမံကိန်းများကို နှစ်စဉ် အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါရှိသည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း တိုင်းဒေသကြီးအတွက် ကဏ္ဍအလိုက်မည်၍မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုတို့၏ ဈေးနှုန်းဖြစ်သည်။

(ဃ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ဈေးနှုန်းဖြစ်သည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်း၏ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စီးပွားရေးတိုးတက်မှုနှုန်းကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ၈.၀ ရာခိုင်နှုန်း တိုးတက်စေရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၀.၈ ရာခိုင်နှုန်း လျော့နည်းထုတ်လုပ်ရန်၊

(၂) သားငါးကဏ္ဍတွင် ၇.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၅.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁၇.၃ ရာခိုင်နှုန်း လျော့နည်းထုတ်လုပ်ရန်၊

(၅) စက်မှုလက်မှုကဏ္ဍတွင် ၁၁.၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၂၂.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) ဆောက်လုပ်မှုကဏ္ဍတွင် ၁.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ပို့ဆောင်ရေးကဏ္ဍတွင် ၃.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ဆက်သွယ်ရေးကဏ္ဍတွင် ၂၄.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ငွေရေးကြေးရေးကဏ္ဍတွင် ၂၂၁.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၁.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ကုန်သွယ်မှုကဏ္ဍတွင် ၆.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဂ) လယ်ယာကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၇. ၂ ရာခိုင်နှုန်းမှ ၆. ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၅. ၀ ရာခိုင်နှုန်းမှ ၄၅. ၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၄၇. ၈ ရာခိုင်နှုန်းမှ ၄၇. ၂ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(ဃ) လူတစ်ဦးစီ၏ပျမ်းမျှ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (Per capita GDP) ၁,၇၁၂,၉၈၃ ကျပ်သို့ ဖြစ်ပေါ်လာစေရန်။

## အခန်း (၃)

## အထွေထွေ

၅။ တိုင်းဒေသကြီးအစိုးရနှင့် တိုင်းဒေသကြီးအတွင်းရှိ ဌာနအဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ရန် ဖြစ်သည်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအလိုက် ဒေသအတွက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ တိုင်းဒေသကြီးအစိုးရနှင့် တိုင်းဒေသကြီးအတွင်းရှိ ဌာနအဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်းရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသောစီမံကိန်းများကိုလည်း မျှတစွာထည့်သွင်းစီမံဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မြင့်ဆွေ၊
ဝန်ကြီးချုပ်၊
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့။

ပူးတွဲ-၁

**၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးဒေသန္တရစီမံကိန်း**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ)**

**(တန်ဖိုး - ကျပ်သန်း)**

| အမှတ်စဉ် | ကဏ္ဍကြီး | ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက် | | | ၂၀၁၃-၂၀၁၄ ခုနှစ် စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | လယ်ယာကဏ္ဍကြီး | ၇၃၇၇၄၇.၇ | ၇.၂ | ၇.၃ | ၇၆၁၀၀၈.၄ | ၆.၉ | ၃.၂ |
| ၂ | စက်မှုကဏ္ဍကြီး | ၄၆၁၃၄၄၇.၈ | ၄၅.၀ | ၉.၉ | ၅၀၈၄၉၃၀.၃ | ၄၅.၉ | ၁၀.၂ |
| ၃ | ဝန်ဆောင်မှုကဏ္ဍကြီး | ၄၉၀၄၃၄၉.၆ | ၄၇.၈ | ၆.၁ | ၅၂၃၃၅၁၁.၄ | ၄၇.၂ | ၆.၇ |
| ၄ | အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၁၀၂၅၅၅၄၅.၁ | ၁၀၀.၀ | ၇.၉ | ၁၁၀၇၉၄၅၀.၁ | ၁၀၀.၀ | ၈.၀ |

ပူးတွဲ-၂

## ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးဒေသန္တရစီမံကိန်း
## ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက် | | | ၂၀၁၃-၂၀၁၄ ခုနှစ် စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၇၃၇၇၄၇.၇** | **၇.၂** | **၇.၃** | **၇၆၁၀၀၈.၄** | **၆.၉** | **၃.၂** |
| | ၁ | လယ်ယာ | ၃၇၃၈၇၉.၂ | ၃.၇ | ၁.၆ | ၃၇၁၀၄၇.၄ | ၃.၄ | -၀.၈ |
| | ၂ | သားငါး | ၃၆၂၄၉၇.၀ | ၃.၅ | ၁၄.၀ | ၃၈၈၅၁၈.၇ | ၃.၅ | ၇.၂ |
| | ၃ | သစ်တော | ၁၃၇၁.၅ | ၀.၀၁ | ၁.၂ | ၁၄၄၂.၃ | ၀.၀၁ | ၅.၂ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၄၆၁၃၄၄၇.၈** | **၄၅.၀** | **၉.၉** | **၅၀၈၄၉၃၀.၃** | **၄၅.၉** | **၁၀.၂** |
| | ၁ | စွမ်းအင် | | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၀၉၅၄.၉ | ၀.၁ | -၄၄.၃ | ၉၀၆၂.၁ | ၀.၁ | -၁၇.၃ |
| | ၃ | စက်မှုလက်မှု | ၃၉၇၂၅၁၀.၇ | ၃၈.၇ | ၁၀.၆ | ၄၄၁၃၄၅၉.၄ | ၃၉.၈ | ၁၁.၁ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၁၁၂၆၃၃.၅ | ၁.၁ | ၉.၇ | ၁၃၈၁၈၀.၂ | ၁.၃ | ၂၂.၇ |
| | ၅ | ဆောက်လုပ်မှု | ၅၁၇၃၄၈.၇ | ၅.၁ | ၆.၅ | ၅၂၄၂၂၈.၆ | ၄.၇ | ၁.၃ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၄၉၀၄၃၄၉.၆** | **၄၇.၈** | **၆.၁** | **၅၂၃၃၅၁၁.၄** | **၄၇.၂** | **၆.၇** |
| | ၁ | ပို့ဆောင်ရေး | ၁၆၇၄၅၄၅.၃ | ၁၆.၃ | ၄.၂ | ၁၇၂၃၉၄၈.၄ | ၁၅.၅ | ၃.၀ |
| | ၂ | ဆက်သွယ်ရေး | ၂၇၆၃၁၅.၈ | ၂.၇ | ၉၇.၄ | ၃၄၂၅၇၅.၂ | ၃.၁ | ၂၄.၀ |
| | ၃ | ငွေရေးကြေးရေး | ၁၂၇၄၅.၆ | ၀.၁ | ၄.၈ | ၄၀၉၁၂.၇ | ၀.၄ | ၂၂၁.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၉၂၆၁၈.၂ | ၂.၉ | ၁.၁ | ၂၉၆၈၆၈.၈ | ၂.၇ | ၁.၅ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၄၆၃၃၁.၇ | ၁.၄ | ၁၅.၇ | ၁၆၄၉၇၄.၆ | ၁.၅ | ၁၂.၇ |
| | ၆ | ကုန်သွယ်မှု | ၂၅၀၁၇၉၃.၀ | ၂၄.၄ | ၂.၃ | ၂၆၆၄၂၃၁.၇ | ၂၄.၀ | ၆.၅ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၀၂၅၅၄၅.၁** | **၁၀၀.၀** | **၇.၉** | **၁၁၀၇၉၄၅၀.၁** | **၁၀၀.၀** | **၈.၀** |

ပူးတွဲ-၃

## ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာနှစ် ရန်ကုန်တိုင်းဒေသကြီးဒေသန္တရစီမံကိန်း ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး - ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက် | | | ၂၀၁၃-၂၀၁၄ ခုနှစ် စီမံကိန်းရည်မှန်းချက် | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၅၃၅၁၀၉၅. ၅** | **၅၂. ၂** | **၉. ၅** | **၅၈၄၅၉၃၈. ၇** | **၅၂. ၈** | **၉. ၂** |
| | ၁ | လယ်ယာ | ၃၇၃၈၇၉. ၂ | ၃. ၇ | ၁. ၆ | ၃၇၁၀၄၇. ၄ | ၃. ၄ | -၀. ၈ |
| | ၂ | သားငါး | ၃၆၂၄၉၇. ၀ | ၃. ၅ | ၁၄. ၀ | ၃၈၈၅၁၈. ၇ | ၃. ၅ | ၇. ၂ |
| | ၃ | သစ်တော | ၁၃၇၁. ၅ | ၀. ၀၁ | ၁. ၂၀ | ၁၄၄၂. ၃ | ၀. ၀၁ | ၅. ၂ |
| | ၄ | စွမ်းအင် | | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၀၉၅၄. ၉ | ၀. ၁ | -၄၄. ၃ | ၉၀၆၂. ၁ | ၀. ၁ | -၁၇. ၃ |
| | ၆ | စက်မှုလက်မှု | ၃၉၇၂၅၁၀. ၇ | ၃၈. ၇ | ၁၀. ၆ | ၄၄၁၃၄၅၉. ၄ | ၃၉. ၈ | ၁၁. ၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၁၁၂၆၃၃. ၅ | ၁. ၁ | ၉. ၇ | ၁၃၈၁၈၀. ၂ | ၁. ၃ | ၂၂. ၇ |
| | ၈ | ဆောက်လုပ်မှု | ၅၁၇၃၄၈. ၇ | ၅. ၁ | ၆. ၅ | ၅၂၄၂၂၈. ၆ | ၄. ၇ | ၁. ၃ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၂၄၀၂၅၅၆. ၆** | **၂၃. ၄** | **၁၀. ၅** | **၂၅၆၉၂၇၉. ၇** | **၂၃. ၂** | **၆. ၉** |
| | ၁ | ပို့ဆောင်ရေး | ၁၆၇၄၅၄၅. ၃ | ၁၆. ၃ | ၄. ၂ | ၁၇၂၃၉၄၈. ၄ | ၁၅. ၅ | ၃. ၀ |
| | ၂ | ဆက်သွယ်ရေး | ၂၇၆၃၁၅. ၈ | ၂. ၇ | ၉၇. ၄ | ၃၄၂၅၇၅. ၂ | ၃. ၁ | ၂၄. ၀ |
| | ၃ | ငွေရေးကြေးရေး | ၁၂၇၄၅. ၆ | ၀. ၁ | ၄. ၈ | ၄၀၉၁၂. ၇ | ၀. ၄ | ၂၂၁. ၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၉၂၆၁၈. ၂ | ၂. ၉ | ၁. ၁ | ၂၉၆၈၆၈. ၈ | ၂. ၇ | ၁. ၅ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁၄၆၃၃၁. ၇ | ၁. ၄ | ၁၅. ၇ | ၁၆၄၉၇၄. ၆ | ၁. ၅ | ၁၂. ၇ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၂၅၀၁၇၉၃. ၀** | **၂၄. ၄** | **၂. ၃** | **၂၆၆၄၂၃၁. ၇** | **၂၄. ၀** | **၆. ၅** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၀၂၅၅၄၅. ၁** | **၁၀၀. ၀** | **၇. ၉** | **၁၁၀၇၉၄၅၀. ၁** | **၁၀၀. ၀** | **၈. ၀** |

နောက်ဆက်တွဲ

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ**
**ကဏ္ဍအလိုက် ရည်မှန်းချက်များ**

## လယ်ယာကဏ္ဍ ရည်မှန်းချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လယ်ယာကဏ္ဍရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာဆိုင်ရာကိန်းဂဏန်းများ မှန်ကန်ရေး ဆောင်ရွက်မည်။

(၂) တောင်သူတစ်ဦးချင်း၏လုပ်ကိုင်ခွင့်ဧရိယာ မှန်ကန်ရေး ဆောင်ရွက်မည်။

(၃) ရာသီအလိုက် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်သည့်သီးနှံစိုက်ဧရိယာ မှန်ကန်ရေး ဆောင်ရွက်မည်။

(၄) မြေပြင်ပြုပြင်ပြောင်းလဲမှုအခြေအနေကို အချိန်နှင့်တစ်ပြေးညီမြေပုံနှင့် စာရင်းများတွင် မှတ်တမ်းတင်ခြင်း လုပ်ငန်းများကို နှစ်စဉ်ဆောင်ရွက်မည်။

(၅) စပ်မျိုးစပါး၊ စပ်မျိုးနေကြာများ ထုတ်လုပ်ဖြန့်ဖြူးသွားမည်။

(၆) ကျန်အဓိကသီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားမည်။

(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို အစဉ်မပြတ်ဆောင်ရွက်သွားမည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၏ လယ်ယာကဏ္ဍ ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၃၇၁,၀၄၇. ၄) ရရှိရန် ရည်မှန်းပါသည်။

## သားငါးကဏ္ဍ ရည်မှန်းချက်များ

၃။ ရန်ကုန်တိုင်းဒေသကြီး၊ သားငါးကဏ္ဍရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မွေးမြူရေးဆိုင်ရာအခြေခံကိန်းဂဏန်းအချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေး ဆောင်ရွက်မည်။

(၂) မွေးမြူထုတ်လုပ်မှု တိုးတက်မှုရှိစေရေးအတွက် ထိရောက်စွာကြီးကြပ်ဆောင်ရွက်မည်။

(၃) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ဈေးကွက်တွင် ဈေးကွက်ဝေစုပိုမိုရရှိရေးအတွက် ကြီးကြပ်ဆောင်ရွက်မည်။

(၄) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် မြို့နယ်များတွင် အစုအဖွဲ့များဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး နို့စားနွားမွေးမြူခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်မည်။

(၅) နိုင်ငံခြားငွေတိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါးပုစွန်တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်မည်။

(၆) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာသယံဇာတများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ငါးလုပ်ငန်းဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းများဆောင်ရွက်မည်။

(၇) ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရန် သားငါးဆိုင်ရာခေတ်မီနည်းပညာသစ်များ သင်တန်းပို့ချပေးခြင်းဖြင့် ပေါင်းစည်းလယ်ယာစနစ် (Integrated Farming System) ပေါ်ထွက်လာစေရေးကူညီဆောင်ရွက်မည်။

(၈) ပုဂ္ဂလိကငါးသားဖောက်စခန်းများ ပိုမိုဖြစ်ထွန်းစေပြီး ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်ငါးမွေးမြူရေး ပိုမိုဖြစ်ထွန်းစေရန် အတတ်နိုင်ဆုံးကူညီဆောင်ရွက်မည်။

(၉) ငါးပုစွန်ပြုပြင်ထုတ်လုပ်သည့် အအေးခန်းစက်ရုံများ ပိုမိုအဆင့်အတန်းမြင့်စေရေး ကြီးကြပ်ခြင်းနှင့်တန်ဖိုးမြှင့်ပစ္စည်း (Value Added) များ ထုတ်လုပ်နိုင်ရေး တိုးမြှင့်ဆောင်ရွက်မည်။

(၁၀) စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများရယူခြင်း၊ မွေးမြူရေးဈေးငွေရရှိနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်မည်။

(၁၁) ပြည်ပဈေးကွက်ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရေးအတွက် အရည်အသွေးပြည့်မီရေး ဖြည့်ဆည်းဆောင်ရွက်မည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၏ သားငါးကဏ္ဍ ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၃၈၈,၅၁၈. ၇) ဖြစ်ပြီး စီးပွားရေးတိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၇. ၂ ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်းပါသည်။

**သစ်တောကဏ္ဍ ရည်မှန်းချက်**

၅။ ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောကဏ္ဍရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

(၂) နှစ်စဉ်ကြိုးဝိုင်းတောများ ကာကွယ်ထိန်းသိမ်းခြင်းကို လှည့်လည်စစ်ဆေးဆောင်ရွက်နေသကဲ့သို့ အနီးကပ်စခန်းချနေထိုင်လျက် သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းကို ဆောင်ရွက်မည်။

(၃) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့်ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေးအတွက် တည်ထောင်ပြီး ရေဝေရေလဲစိုက်ခင်းများအား ပြုစုထိန်းသိမ်းမည်။

(၄) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွမ်းပေးနိုင်ရေးအတွက် စီးပွားရေး (ကျွန်း) စိုက်ခင်းကို မြောက်ပိုင်းခရိုင်တွင် တိုးချဲ့တည်ထောင်သွားမည်ဖြစ်သည်။

(၅) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြားလောင်စာသုံးစွဲရေး ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးသုံးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာစေရေးကို စည်းရုံးဆောင်ရွက်သွားမည်ဖြစ်ပြီး ငါးနှစ်စီမံကိန်းကာလအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်သည်။

(၆) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ သစ်တောစိုက်ခင်းများ တည်ထောင်သွားရန်ဖြစ်ပြီး အောက်ပါ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သည်။

| စဉ် | အကြောင်းအရာ | ခရိုင် | ရေတွက်ပုံ | ၂၀၁၃-၂၀၁၄ |
|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ |
| ၁ | တစ်ရွာ (၁) ဧစိုက်ခင်း | (က) မြောက်ပိုင်းခရိုင် | ဧက | ၂၅ |
| | | (ခ) အနောက်ပိုင်းခရိုင် | ဧက | ၅ |
| | **ရန်ကုန်တိုင်းဒေသကြီးပေါင်း** | | ဧက | ၃၀ |
| ၂ | တစ်အိမ်ထောင်ကျွန်း | (က) မြောက်ပိုင်းခရိုင် | ပင် | ၁၁၁၅၅၂ |
| | (၃) ပင် စိုက်ပျိုးခြင်း | (ခ) အနောက်ပိုင်းခရိုင် | ပင် | ၃၀၀၀ |
| | **ရန်ကုန်တိုင်းဒေသကြီးပေါင်း** | | ပင် | ၁၁၄၅၅၂ |
| ၃ | တစ်အိမ်ထောင်သစ်မာ | (က) မြောက်ပိုင်းခရိုင် | ပင် | ၇၄၃၆၈၀ |
| | (၂၀) ပင်စိုက်ပျိုးခြင်း | (ခ) အနောက်ပိုင်းခရိုင် | ပင် | - |
| | **ရန်ကုန်တိုင်းဒေသကြီးပေါင်း** | | ပင် | ၇၄၃၆၈၀ |
| ၄ | ဒေသခံပြည်သူအစုအဖွဲ့ပိုင် | (က) မြောက်ပိုင်းခရိုင် | ပင် | ၄၀ |
| | စိုက်ခင်း | (ခ) အနောက်ပိုင်းခရိုင် | ပင် | - |
| | **ရန်ကုန်တိုင်းဒေသကြီးပေါင်း** | | ပင် | ၄၀ |

၆။ ရန်ကုန်တိုင်းဒေသကြီး၏ သစ်တောကဏ္ဍရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၁,၄၄၂. ၃) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၅. ၂ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

## သတ္တုနှင့်တွင်းထွက်ပစ္စည်းများ ကဏ္ဍရည်မှန်းချက်များ

၇။ ရန်ကုန်တိုင်းဒေသကြီး၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကပိုင်ကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာပူးပေါင်း ဆောင်ရွက်မည်။

(၂) ပုဂ္ဂလိကပိုင်ဓာတ်သတ္တုမျိုးစုံထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီ နည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်။

(၃) ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှု မရှိစေရန် ဟန်ချက်ညီအလေးထားဆောင်ရွက်ရမည်။

၈။ ရန်ကုန်တိုင်းဒေသကြီး၏ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ကဏ္ဍရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၉,၀၆၂. ၁) လျော့နည်းထုတ်လုပ်ရန် ရည်မှန်းထားပါသည်။

## စက်မှုလက်မှုကဏ္ဍ

၉။ ရန်ကုန်တိုင်းဒေသကြီး၊ စက်မှုလက်မှုကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ခေတ်မီစိုက်ပျိုးရေးကို အခြေခံသော ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနှင့်စက်မှုလယ်ယာကဏ္ဍ ဖွံ့ဖြိုး တိုးတက်လာစေရေးကို အရှိန်အဟုန်ဖြင့် အမျိုးသားရေးရည်မှန်းချက်ဖြင့် ကြိုးပမ်းဆောင်ရွက်မည်။

(၂) နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့်ရှိစေရန် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို အလေးထားအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် လိုအပ်မည့် အကြီးစားစက်မှုလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်မည်။

၁၀။ ရန်ကုန်တိုင်းဒေသကြီး၏ စက်မှုလက်မှုကဏ္ဍ၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းချက် တန်ဖိုးမှာ ကျပ်သန်းပေါင်း (၄,၄၁၃,၄၅၉. ၄) ရရှိရန် ရည်မှန်းထားရှိပြီး တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ် အပေါ် ၁၁. ၁ ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်းပါသည်။

## လျှပ်စစ်ဓာတ်အားကဏ္ဍရည်မှန်းချက်များ

၁၁။ ရန်ကုန်တိုင်းဒေသကြီး၊ လျှပ်စစ်ဓာတ်အားကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ငါးနှစ်စီမံကိန်းကာလအတွင်း တိုးတက် ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်မှ တိုင်းဒေသကြီးများနှင့် ပြည်နယ်များသို့ သယ်ယူပို့လွှတ်နိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားခွဲရုံ များအား တည်ဆောက်ရန်နှင့် သုံးစွဲမည့် စက်မှုလုပ်ငန်းကြီးများနှင့် လုပ်သားပြည်သူများအား ဖြန့်ဖြူးနိုင်ရေးကိုလည်း စီမံချက်ဖြင့် ဆက်လက်ဆောင်ရွက်မည်။

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်း ပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး ဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာအကူအညီများ ပံ့ပိုးပေးမည်။

(၃) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားမရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစား ရေအားလျှပ်စစ်နှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်း ပေးမည်။

(၄) လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးသုံးစွဲနေသော မြန်မာနိုင်ငံဓာတ်အားစနစ်၏ အရည် အသွေးအား စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော ဗို့အားအဆင့်အတွင်း ဓာတ်အား

ပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရန် မိမိတို့၏ကျွမ်းကျင် ဝန်ထမ်းများနှင့် နိုင်ငံတကာမှ အတတ်ပညာအကူအညီရယူကာ ဆက်လက်ဆောင်ရွက်မည်။

(၅) မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကိုဖြည့်ဆည်းပေးရန် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများအပြင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ မောင်းနှင်ရေးဆောင်ရွက်ရန်နှင့် လေစွမ်းအင်နှင့် နေရောင်ခြည်သုံး ဓာတ်အားပေးစက်ရုံများကို ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ်တည်ဆောက်၍ ဓာတ်အားလိုအပ်ချက်ကို အားဖြည့်ကူညီပံ့ပိုးပေးမည်။

(၆) ရန်ကုန်တိုင်းဒေသကြီးနှင့် အသစ်တည်ဆောက်လျက်ရှိသော သီလဝါအထူးစီးပွားရေးဇုန်သို့ ဓာတ်အားပေးနိုင်ရေးအတွက် ရန်ကုန်မြို့အနီးတွင် သင့်လျော်မည့် တပ်ဆင်အင်အား ပမာဏ ရှိသော သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံများကိုလည်း အကောင် အထည်ဖော် ဆောင်ရွက်သွားမည်။

(၇) သုံးစွဲမည့်ယူနစ်ကို ယခင်နှစ်ထက် ၁၉ ရာခိုင်နှုန်းတိုးတက်ရန်နှင့် ယူနစ်သန်းပေါင်း (၄,၉၉၀) ထိ သုံးစွဲနိုင်ရန် ရည်မှန်းပါသည်။

(၈) 66 KV/ 33 KV/ 0.4 KV ခွဲရုံနှင့် ဆက်စပ်လုပ်ငန်းများ၊ မြေအောက်ကြိုးနှင့် ကောင်းကင်လိုင်းများ၊ အရေးပေါ်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်။

(၉) အိမ်နီးချင်းနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော ပုဂ္ဂလိကလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစနစ် Independent Power Producer (IPP) ကို စတင်ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၁၂။ ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၁၃၈,၁၈၀. ၂) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၂၂. ၇ ရာခိုင်နှုန်း တိုးတက် ရည်မှန်းထား ပါသည်။

**ဆောက်လုပ်ရေးကဏ္ဍရည်မှန်းချက်များ**

၁၃။ ရန်ကုန်တိုင်းဒေသကြီး၊ ဆောက်လုပ်မှုကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

**(က) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

(၁) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ် စီမံကိန်းကာလအတွင်း ပြည်ထောင်စုလမ်းမကြီးကို ကတ္တရာလမ်း ၂၃၈ မိုင် ၇ ဖာလုံ ဆောင်ရွက်ရန်နှင့် အခြားလမ်းမကြီး များကို ၃၈၆ မိုင် ၄ ဖာလုံ ဆောက်လုပ်ရန် ရည်မှန်းထားရှိပါသည်။

(၂) တံတားအမျိုးအစားလိုက် ဆောင်ရွက်မှုတွင် သံအားဖြည့် ကွန်ကရစ်တံတား (၁၅) စင်းနှင့် ဘေလီကြိုးတံတား (၁) စင်း တည်ဆောက်ရန် ရည်မှန်းထားရှိပါသည်။

(၃) ဒလ-လက်ခုတ်ကုန်း (ကော့မှူးကားလမ်း) ၃ မိုင်၊ ဒလ-လက်ခုတ်ကုန်း (ကွမ်းခြံကုန်း) ၃ မိုင်၊ ၂. ၈ ဖာလုံ၊ ကွမ်းခြံကုန်း-တော်ခရမ်း (အနောက်) ၄ မိုင် ၅. ၈ ဖာလုံ၊ မန်ကျဉ်းကန်-ငှက်အော်စန်း-ကျိုက်ထော်လမ်း ၁၆ မိုင် ၂. ၈ ဖာလုံ၊ ကော့မှူး-ငါးဘလောက်သောက်-သရက်တော် ၁၆ မိုင် ၃. ၈ ဖာလုံရှိလမ်းများကို ဂျပန်နိုင်ငံမှ ပေးအပ်မည့် တရားဝင်ဖွံ့ဖြိုးမှု အကူအညီချေးငွေ (ODA Loan) ဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းပါသည်။

(၄) ရွှေဂုံတိုင် ခုံးကျော်တံတားနှင့် ဘုရင့်နောင် ခုံးကျော်တံတား အပြီးသတ် တည်ဆောက်ရန် ရည်မှန်း ထားပါသည်။

**(ခ) လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

(၁) စီမံကိန်းကာလအတွင်း ဆည်မြောင်းတာတမံများ တည်ဆောက်ခြင်း၊ အဆောက်အအုံများ တည်ဆောက်ခြင်း၊ လမ်းတံတား စသည်တို့ မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများတွင် (၁၉၂၀၄. ၄) ကျပ်သန်းကျခံသုံးစွဲ ဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်။

(၂) ငမိုးရိပ်ချောင်းရေကာတာအား မြှင့်တင်တိုးချဲ့ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မည်။

**(ဂ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

(၁) ရန်ကုန်မြို့အား မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်အဖြစ်လည်းကောင်း၊ ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းမြင့်မားပြီး သဘာဝပတ်ဝန်းကျင်ကို ကောင်းမွန်စေသောမြို့အဖြစ်လည်းကောင်း တည်ဆောက်မည်။

(၂) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေးအတွက် စက်မှုဇုန်၊ စီးပွားရေးဇုန်မြေနေရာများ ဖော်ထုတ်ခြင်း၊ အဆိုပါနေရာများအတွက် ကုန်စည်စီးဆင်းမှုနှင့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ ကောင်းမွန်စေခြင်းဖြင့် စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေသည့်အပြင် ပြည်သူလူထုအား အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးမည်။

(၃) သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်ရေးအတွက် မြေထု၊ ရေထု၊ လေထု၊ ညစ်ညမ်းမှုအား ထိန်းသိမ်းခြင်း၊ စဉ်ဆက်မပြတ် စောင့်ကြည့်တိုင်းတာသည့်စနစ် ထားရှိခြင်း၊ စိမ်းလန်းနယ်မြေ ထားရှိခြင်းဖြင့် သဘာဝပတ်ဝန်းကျင်အား ကောင်းမွန်စေပြီး ပြည်သူလူထုအား ကျန်းမာရေး အဆင့်အတန်းများ တိုးတက်ကောင်းမွန်စေမည်။

(၄) ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ဝင်ငွေ၊ အဆင့်အတန်း၊ လူတန်းစားအလွှာအလိုက် သင့်လျော်သော အိမ်ရာများတွင် အခြေချနေထိုင်နိုင်ရေး ဆောင်ရွက်ပေးမည်။

(၅) လူနေသိပ်သည်းမှုနည်းပါးသည့် မြို့သစ်မြို့နယ်များတွင် တန်ဖိုးမျှတအိမ်ရာများ အမြောက်အမြား တည်ဆောက်ပေးခြင်းဖြင့် အိမ်ဈေးမြင့်တက်မှုများအား လျှော့ချနိုင်ရမည်။

(၆) လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် မူလတည်ရှိသည့်လမ်းများ တိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ ယာဉ်သွားလာမှုကျပ်တည်းသည့် လမ်းကြောင်းများအား တိုးချဲ့ခြင်း၊ လမ်းဆုံနေရာများအား ခုံးကျော်တံတား တည်ဆောက်ခြင်းတို့ ဆောင်ရွက်မည်။

(၇) ပြည်သူများသွားလာမှု လွယ်ကူစေရေးအတွက် အများပြည်သူ ပို့ဆောင်ရေးစနစ်များအား တိုးမြှင့်ဆောင်ရွက်မည်။

(၈) လမ်းများ တိုးတက်ကောင်းမွန်အောင်ပြုပြင်ခြင်း၊ ချောင်းကူးတံတား၊ မြစ်ကူးတံတားနှင့် ဥမင်လှိုင်ခေါင်းလမ်းများ တည်ဆောက်ပေးခြင်း ဆောင်ရွက်မည်။

(၉) မြို့တွင်း မြို့ပတ်ရထားလမ်းအား တိုးချဲ့ခြင်း ဆောင်ရွက်မည်။

(၁၀) ရန်ကုန်မြို့ပြင်မှပတ်၍ အမြန်မြို့ပတ်လမ်းနှင့်ရထားလမ်း (Circular Express Roads) တို့အား ဖောက်လုပ်ခြင်း ဆောင်ရွက်မည်။

(၁၁) အများပြည်သူ သယ်ယူပို့ဆောင်ရေး (Public Transportation) တိုးမြှင့်ရေးအတွက် ယာဉ်လိုင်းများ တိုးချဲ့ခြင်း ဘတ်စ်ကားအမြန် ပို့ဆောင်ရေးစနစ် (Bus Rapid Transist-BRT System) အား ဆောင်ရွက်မည်။

(၁၂) မြို့ပတ်ရထားစနစ်ကို တိုးချဲ့ခြင်းနှင့် ရန်ကုန်မြို့ ဗဟိုစီးပွားရေးဇုန် (Central Business District-CBD Area) အတွင်း ယာဉ်သိပ်သည်းမှုလျှော့ချနိုင်ရန် CBD အတွင်းပတ်၍ ပြေးဆွဲနိုင်သော မိုးပျံရထားစနစ်များ ဆောင်ရွက်မည်။

(၁၃) CBD Area ၏ သိပ်သည်းမှုလျှော့ချနိုင်ရန်နှင့် ဒေသအနှံ့အပြား စီးပွားရေးကောင်းမွန်စေရေး အတွက် ရန်ကုန်မြောက်ပိုင်းတွင် Secondary CBD တစ်ခု တည်ဆောက်ခြင်းနှင့် အဆိုပါနေရာ အတွင်း သီးခြားဘတ်စ်လမ်းကြောင်းများ ပြင်ဆင်ဆောင်ရွက်မည်။

၁၄။ စီမံကိန်းကာလအတွင်း လမ်းတံတားများ တည်ဆောက်ခြင်း၊ လျှပ်စစ်မီးတပ်ဆင်ခြင်း၊ ဆည်မြောင်းများ တည်ဆောက်ခြင်း၊ ပန်းဥယျာဉ်၊ ကစားကွင်းများ၊ အိမ်ရာအဆောက်အအဦများ တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းများနှင့် အခြားတည်ဆောက်မှုလုပ်ငန်းများ လုပ်ဆောင်ရန် ရည်မှန်းထားရှိပါသည်။

**(ဃ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (ပန်းဥယျာဉ်နှင့်အားကစားကွင်း)**

(၁) သန့်ရှင်းစိမ်းလန်းကြည်လင်သော မြို့တော်ရန်ကုန်ဟူသော ဆောင်ပုဒ်နှင့်အညီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနအနေဖြင့် ရန်ကုန်မြို့တော်ကြီးအား အရိပ်ရပင်၊ ပန်းအလှများဖြင့် စီမံဆောင်ရွက်အလှဆင်ပြီး ပြည်သူများ၏ မျက်စိပသာဒမြင်ကွင်းများတွင် စိတ်ကြည်လင်လန်းဆန်းစေအောင် ဆောင်ရွက်မည်။

(၂) ဌာန၏ လုပ်ငန်းသဘာဝအရ မြို့တော်တစ်ခွင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ ထိန်းသိမ်းရေးလုပ်ငန်းများနှင့် အားကစားကွင်းများ၊ ဥယျာဉ်အဆင့်မြှင့်တင်ရေးလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး ဖန်တီးဆောင်ရွက်ပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု ပပျောက်စေရေး စီမံချက်နှင့်အညီ အထောက်အကူပြုဆောင်ရွက်သွားမည်။

(၃) အများပြည်သူအပန်းဖြေအနားယူသည့် ဥယျာဉ်များ၊ ကျန်းမာကြံ့ခိုင်ပျော်ရွှင်စေရေးအတွက် လေ့ကျင့်ဆောင်ရွက်နိုင်သည့် အားကစားကွင်းများ၊ လေ့ကျင့်ကွင်းများ နိုင်ငံတကာအဆင့်မီဖြစ်အောင် တတ်စွမ်းသမျှ ဆောင်ရွက်သွားမည်။

(၄) ဌာန၏ အဓိကလုပ်ငန်းများဖြစ်သော အရိပ်ရပင်များ စိုက်ပျိုးခြင်းကို ရည်မှန်းချက်များ ပြည့်မီအောင် စိုက်ပျိုးခြင်း၊ ရှင်သန်အောင်ထိန်းသိမ်းခြင်းဖြင့် ကျန်းမာရေးအတွက် လေထုညစ်ညမ်းမှုဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ လျော့နည်းသွားစေရန် အထောက်အကူဖြစ်စေသည့် တောအုပ်စိုက်ခင်းများ စီမံ ဆောင်ရွက်သွားမည်။

**(င) ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

(၁) ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် အောက်ပါလုပ်ငန်းများအား စီမံကိန်းကာလအတွင်း ဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည် -

(က) တွံတေးတူးမြောင်း (၀) မိုင်အနီး ဆိပ်ကြီးကျွန်းငူ ကမ်းထိန်းလုပ်ငန်း၊

(ခ) တွံတေးတူးမြောင်း (၃) မိုင်ခွဲအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊

(ဂ) တွံတေးတူးမြောင်း (၂၁) မိုင်အနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၊

(ဃ) ထန်းတပင် ကျွန်းငူရပ်ကွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၊

(င) ဒဂုံတံတား ကမ်းထိန်းရေးလုပ်ငန်းများ၊

(စ) (ဘုရင့်နောင်၊ အောင်ဇေယျ၊ ရွှေပြည်သာ) တံတား တိုင်းတာရေးလုပ်ငန်းများ၊

(ဆ) တိုက်ကြီး အဖျောက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၊

(ဇ) ဆိပ်ကြီးခနောင်တို သောက်ရေကန် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၊

(ဈ) အဖျောက်မြို့ စိန်ကလေးချောင်းပေါက် မျောတိုင်ရေကာလုပ်ငန်း၊

(ည) တာမွေ မေတ္တာညွန့်ရပ်ကွက် ဝေဠုမာကျောင်းတိုက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊

(ဋ) မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် ဘုန်းတော်ကြီးကျောင်းများအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရည်မှန်းထားရှိပါသည်။

၁၅။ ရန်ကုန်တိုင်းဒေသကြီး၏ ဆောက်လုပ်မှုကဏ္ဍတွင် ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၅၂၄,၂၂၈. ၆) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၁၀. ၃ ရာခိုင်နှုန်း ရည်မှန်းထားပါသည်။

## ပို့ဆောင်ရေးကဏ္ဍရည်မှန်းချက်

၁၆။ ရန်ကုန်တိုင်းဒေသကြီး၊ ပို့ဆောင်ရေးကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်တွင်းရေကြောင်းပို့ဆောင်ရေးကုန်ပို့ဆောင်ရေးဌာနခွဲ၏ ကုန်စည်ပို့ဆောင်မှု ပမာဏကို တိုင်းဒေသကြီးမှ ချမှတ်သည့် GDP တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက်မည်။

(၂) နိုင်ငံတကာတွင် အသုံးပြုနေသည့် Container ရေယာဉ်/တွဲယာဉ်များဖြင့် ကုန်စည်သယ်ယူပို့ဆောင်နိုင်ရေးအတွက် ရေယာဉ်များ၊ တွဲယာဉ်များ၊ ဆိပ်ကမ်းများ တည်ဆောက်မည်။

(၃) လေယာဉ်မြေပြင် ဝန်ဆောင်မှုလုပ်ငန်းအား နိုင်ငံတကာအဆင့်မီ တိုးချဲ့လုပ်ကိုင် ဆောင်ရွက်သွားမည်။

(၄) F-28 လေယာဉ်အသုံးပြုမှု ရပ်ဆိုင်းမည့်ကာလကို ကြိုတင်မျှော်တွေးပြီး စီးပွားရေးတွက်ခြေကိုက်မှုကို အခြေခံ၍ မြန်မာနိုင်ငံနှင့် ကိုက်ညီသော စက်နှစ်လုံးတပ် Jet လေယာဉ် ARJ-21 လေယာဉ်များဖြင့် အစားထိုးခြင်း၊ MA-60 လေယာဉ်များ ထပ်မံ ဝယ်ယူခြင်း၊ ATR လေယာဉ်များအား ခေတ်နှင့်အညီ အစားထိုးပြောင်းလဲခြင်းလုပ်ငန်းများ ဆောင်ရွက်မည်။

(၅) မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စက်မှုအင်ဂျင်နီယာဌာနအောက်ရှိ သင်္ဘောကျင်း (၃) ခုက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ရေယာဉ် (၈) စီး တည်ဆောက်မည်။

(၆) ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အထောက်အကူပြုအဆောက်အအုံများ၊ ဆိပ်ခံတံတားနှင့် ဆိပ်ခံဖောတံတားများ၊ မီးပြတိုက်များ၊ ဖောယာများ အကြီးစားမွမ်းမံခြင်းနှင့် အစားထိုးတည်ဆောက်ခြင်း၊ ရေလမ်းကြောင်း သောင်တူးဖော်ခြင်းနှင့် ဆိပ်ကမ်းနယ်မြေ၏ လမ်း၊ မြောင်းနှင့် အခြားလုပ်ငန်းများကို နှစ်အလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မည်။

၁၇။ ရန်ကုန်တိုင်းဒေသကြီး၏ ပို့ဆောင်ရေးကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၁,၇၂၃,၉၄၈. ၄) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၃. ၀ ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်းပါသည်။

## ဆက်သွယ်ရေးကဏ္ဍရည်မှန်းချက်များ

၁၈။ ရန်ကုန်တိုင်းဒေသကြီး၊ ဆက်သွယ်ရေးကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်း တိုးချဲ့တပ်ဆင်ခြင်း ဆောင်ရွက်မည်။

(၂) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် လက်ရှိတယ်လီဖုန်းသိပ်သည်းဆ ၁၀ ရာခိုင်နှုန်းရှိရာမှ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၂၇ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၅၀ ရာခိုင်နှုန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၇၅ ရာခိုင်နှုန်း ရရှိရန်နှင့် တယ်လီဖုန်းဆက်သွယ်ရေးနှင့် အင်တာနက်ဝန်ဆောင်မှုကို ၅၀ ရာခိုင်နှုန်းအထိ တိုးတက်သုံးစွဲနိုင်ရေး ဆောင်ရွက်မည်။

(၃) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့ရေးစီမံကိန်းများ ဆောင်ရွက်၍ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပြီး မြို့ပြနေ ပြည်သူများသာမက ကျေးလက်နေပြည်သူများအထိ သုံးစွဲနိုင်ရေးအတွက် ဈေးနှုန်းလျှော့ချနိုင်ရေး စီစဉ်ဆောင်ရွက်မည်။

(၄) ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို နည်းပညာပြန့်ပွားရေး Center များ ဖွင့်လှစ်ဆောင်ရွက်မည်။

(၅) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်ပတယ်လီဖုန်းခေါ်ဆိုမှုတွင် လွယ်ကူချောမွေ့စေရန်၊ အပြည်ပြည်ဆိုင်ရာ (International Gateway) အိတ်ချိန်းများ တိုးချဲ့ခြင်းကိုလည်း ဆောင်ရွက်မည်။

(၆) Information and Communications Technology (ICT) Master Plan နှင့် ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ၍ အကောင်အထည်ဖော် ဆောင်ရွက်မည်။

(၇) Internet သုံးစွဲမှုတွင် လက်ရှိအသုံးပြုနေသော IPv4 စနစ်အား၊ IPv6 စနစ်သို့ ပြောင်းလဲသုံးစွဲနိုင်ရေး ရေးဆွဲဆောင်ရွက်မည်။

(၈) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်း အီလက်ထရောနစ် အမြန်ငွေပို့လွှာလုပ်ငန်း (Online Money Order) စနစ်အား စတင် ဆောင်ရွက်မည်။

(၉) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေးပေါ်ဆက်သွယ်မှုစနစ် Back-up System အဖြစ် ရေဒီယိုကြေးနန်းစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ ကြေးနန်းရုံးအသစ်များ ဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း၊ e-Telegram ကြေးနန်းများ တိုးချဲ့ခြင်းကို ဆောင်ရွက်မည်။

(၁၀) ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်နိုင်ရေးတွက် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားရေး အစီအစဉ်ရေးဆွဲဆောင်ရွက်မည်။

၁၉။ ရန်ကုန်တိုင်းဒေသကြီး၏ ဆက်သွယ်ရေးကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၃၄၂,၅၇၅. ၂) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၂၄. ၀ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါသည်။

**ငွေရေးကြေးရေးကဏ္ဍရည်မှန်းချက်**

၂၀။ ရန်ကုန်တိုင်းဒေသကြီး၊ ငွေရေးကြေးရေးကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍအသီးသီးတို့မှ လိုအပ်သော ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများကို ဖြည့်ဆည်းလျက် နိုင်ငံတကာဘဏ်လုပ်ငန်းများတွင် အဆင့်အတန်းမီရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

(၂) တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဈေးကွက်စီးပွားရေးနှင့်အညီ ဆောင်ရွက်လျက်ရှိသာ စီးပွားရေးလုပ်ငန်းများအားလုံးကို ငွေကြေးဝန်ဆောင်မှုများ၊ ခေတ်မီ ဘဏ်ဝန်ဆောင်မှုများ ဆောင်ရွက်မည်။

(၃) နိုင်ငံတော်အတွက် ထိရောက်သည့် ဘဏ္ဍာရေးမူဝါဒများ ချမှတ်၍ နိုင်ငံတော်အတွင်း စီးပွားရေး၊ ငွေရေးကြေးရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ခိုင်မာပီပြင်သော စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများ၊ ငွေရေးကြေးရေးဆိုင်ရာ အကြံပေး အထောက်အကူပြုရေး၊ ကြီးကြပ်ကွပ်ကဲမှုများ၊ ဝန်ဆောင်မှုများပေးရေးအတွက် စနစ်တကျ စီမံကိန်း မူဘောင်များ ချမှတ်သွားမည်။

(၄) နိုင်ငံတကာဘဏ်လုပ်ငန်းများတွင် ပြည်ပဘဏ်များနှင့် အဆင့်မီစွာ ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

(၅) နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ တိုးတက်ရေးတွင်း နိုင်ငံခြားငွေကြေးထိန်းသိမ်းမှုလုပ်ငန်းများ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့်ဆိုင်သော နိုင်ငံတကာ ငွေပေးငွေယူလုပ်ငန်းများ၊ နိုင်ငံတကာဘဏ်များနှင့် ရင်ပေါင်တန်း၍ ခေတ်နှင့်အညီ တိကျမြန်ဆန်သော ဝန်ဆောင်မှုပေးမည်။

(၆) ပြည်တွင်းဘဏ်လုပ်ငန်းများအား အရည်အသွေးပြည့်ဝစွာဖြင့် ဆောင်ရွက်နိုင်သော နိုင်ငံတော်ပိုင်ဦးဆောင်ရသောဘဏ်များဖြစ်လာစေမည်။

(၇) အခြေခံလူတန်းစားများ၏ စားဝတ်နေရေး ဖူလုံစေရေးအတွက် ငွေကြေးလိုအပ်ချက်အား အတိုးနှုန်းသက်သာစွာဖြင့် အထောက်အကူပြုစေမည်။

(၈) ပြည်တွင်းအသားတင် ထုတ်လုပ်မှု စုစုပေါင်း (GDP) တိုးတက်စေရန် ရည်မှန်းချက်နှင့် ငွေကြေးဖောင်းပွမှု သင့်တင့်သည့်ပမာဏအတွင်း ထိန်းကွပ်ထားရှိရေးနှင့် ခေတ်နှင့်လျော်ညီသော ဘဏ်ဝန်ဆောင်မှုများ ဆောင်ရွက်မည်။

(၉) ခေတ်မီ Information and Communications Technology (ICT) နည်းပညာများ အပြည့်အဝ အသုံးချသော ဘဏ်လုပ်ငန်း စနစ်ဖြင့် အရည်အသွေး ပြည့်ဝသော ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်မည်။

(၁၀) နှစ်စဉ်ဝင်ငွေကို နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုအပေါ် အခြေတည်၍ မှန်မှန်တိုးတက်သွားစေမည်။

(၁၁) နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍများတွင် အာမခံထားရှိမှုများ ပိုမိုကျယ်ပြန့်လာစေမည်။

(၁၂) နိုင်ငံပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍတို့တွင် ဆုံးရှုံးပျက်စီးမှုများကို အာမခံထားရှိမှု အတိုင်းအတာအလိုက် အစားထိုးပေးလျော်စေမည်။

(၁၃) နိုင်ငံ ဝန်ထမ်းများဖြစ်သော ပြည်သူ့ဝန်ထမ်းများနှင့် အများပြည်သူ၏ အကျိုးသက်ရောက်စေမည့် အခြားအာမခံအမျိုးအစားများကို ခေတ်နှင့်အညီ တိုးချဲ့လုပ်ကိုင်သွားမည်။

(၁၄) နိုင်ငံပိုင်ဘဏ်များတွင် အပ်ငွေများ တိုးတက်စေခြင်းဖြင့် ငွေကြေးဖောင်းပွမှုကို ထိန်းသိမ်းရန်နှင့် စီးပွားရေးကဏ္ဍအတွက် အရေးကြီးသောငွေကြေးများထိန်းသိမ်းမှု၊ လွှဲပို့မှု၊ စာရင်းရှင်းလင်းမှုများကို ချမှတ်ထားသော စည်းမျဉ်းများနှင့်အညီ နှစ်စဉ် တိုးတက်အောင် ဆောင်ရွက်သွားမည်။

(၁၅) နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍကို စည်းစနစ်တကျ ကြီးကြပ်ကွပ်ကဲမှု ပြုနိုင်ရေးအတွက် ရေးဆွဲထားသော ဥပဒေများ၊ နည်းဥပဒေများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ် ထပ်မံရေးဆွဲခြင်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းများအား နိုင်ငံတကာ အဆင့်အတန်းနှင့်အညီ ဖြစ်စေမည်။

၂၁။ ရန်ကုန်တိုင်းဒေသကြီး၏ ငွေရေးကြေးရေးကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၄၀,၉၁၂. ၇) ဖြစ်ပြီး၊ စီးပွားရေးတိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၂၂၁. ၀ ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်းပါသည်။

**လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍရည်မှန်းချက်များ**

၂၂။ ရန်ကုန်တိုင်းဒေသကြီး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ ရည်မှန်းချက်များမှာ တစ်ဖက်ပါအတိုင်း ဖြစ်သည် -

**(က) ကျန်းမာရေးဦးစီးဌာန**

(၁) ကျန်းမာရေးဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှု မြင့်မားလာစေရေးနှင့် လုပ်ငန်းခွင်ပြီးမြောက်အောင်မြင်ရေး အားဖြည့်ဆောင်ရွက်မည်။

(၂) ကျန်းမာရေးဌာနခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ရန်၊ ဆေးရုံများအဆင့်မြှင့်တင်ရေးနှင့် အရန်သားဖွားဆရာမများအတွက် သင်တန်းများဖွင့်လှစ်မည်။

(၃) ဒေသအလိုက် ဦးစားပေး ကျန်းမာရေးပြဿနာများ ဖော်ထုတ်ပြီး ဖြေရှင်းမည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်မည်။

(၄) ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုက်နယ်ဆေးရုံ (၈) ရုံ၊ မြို့နယ်ဆေးရုံ (၆) ရုံ၊ ဒေသန္တရ ကျန်းမာရေးဌာန (၂၈) ခု၊ ဒေသန္တရ ကျန်းမာရေးဌာနခွဲ (၁၅) ခု တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(ခ) ပညာရေး**

အမှတ် (၃) အခြေခံပညာဦးစီးဌာန

(၁) အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည်။

(၂) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရန် ဆောင်ရွက်မည်။

(၃) မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းမြင့်မားလာစေရန် ဆောင်ရွက်မည်။

(၄) အနှစ် (၃၀) နှစ်ရှည် စီမံကိန်းရည်မှန်းချက်ဘောင်အတွင်းမှ (၅) နှစ် စီမံကိန်း၏ တတိယနှစ် နှစ်စဉ်စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ရေး ဆောင်ရွက်မည်။

(၅) ထောင်စုနှစ် ရည်မှန်းချက်များ ပြည့်မီရေး ဆောင်ရွက်သွားမည်။

**(ဂ) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

(၁) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ ခရိုင်ရုံး၊ မြို့နယ်ရုံး၊ မြို့နယ်ရုံးခွဲများအနေဖြင့် **အစဉ်လေ့လာဆည်းပူး သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်း** (Life Long Learning Society) ဖြစ်လာရေးအတွက် ကျေးရွာစာကြည့်တိုက်များနှင့် ရပ်ကွက်စာကြည့်တိုက်များအား ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အဆောက်အဦ၊ ပရိဘောဂ၊ စာအုပ်များနှင့် ငွေပဒေသာပင်များ ပြည့်စုံရန်နှင့် ကျန်ရှိနေသော ကျေးရွာစာကြည့်တိုက်များနှင့် ရပ်ကွက်စာကြည့်တိုက်များအား ရှင်သန်ဖွံ့ဖြိုးအောင် ဆောင်ရွက်မည်။

(၂) ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များအား အခြေခံ၍ နယ်လှည့်ကွင်းဆင်းပြီး ခတ်ပုံပြိုင်ပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ဟောပြောပွဲများ ကျင်းပဆောင်ရွက်ရန်နှင့် မြို့နယ်အလိုက် စာကြည့်တိုက်ဆင့်ပွားပညာပေး ရက်တိုသင်တန်းများ ဖွင့်လှစ်မည်။

(၃) ရပ်ကွက်/ကျေးရွာနှင့် အခြေခံကျောင်းများတွင် မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်များ ကျင်းပပြုလုပ်သွားမည်။

(၄) ဒို့ကျေးရွာဂျာနယ်ကို ကျေးလက်ပြည်သူများအား နိုင်ငံရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာဗဟုသုတများအဖြစ် ဖြန့်ဝေပေးနိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိနိုင်အောင် ဆောင်ရွက်မည်။

(၅) တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရုံးမှ ဦးစီးမှူးများအနေဖြင့် အခြားဌာန/အသင်းအဖွဲ့များတွင် ဖွဲ့စည်းတည်ထောင်သော စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းတွင် ကူညီခြင်း၊ သင်တန်းများ ပို့ချဆွေးနွေးမှုများ ဆောင်ရွက်မည်။

၂၃။ ရန်ကုန်တိုင်းဒေသကြီး၏ လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၂၉၆,၈၆၈. ၈) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၁. ၅ ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်းပါသည်။

**ငွေရေးခနှင့်အခြားဝန်ဆောင်မှု**

၂၄။ ရန်ကုန်တိုင်းဒေသကြီး၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍ ရည်မှန်းချက်များမှာ တစ်ဖက်ပါအတိုင်း ဖြစ်သည် -

**(က) ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း**

(၁) မြန်မာနိုင်ငံသို့ (၂၀၁၁-၂၀၁၂-၂၀၁၅-၂၀၁၆) ဘဏ္ဍာနှစ် ငါးနှစ်စီမံကိန်းကာလ ကုန်ဆုံးချိန်တွင် ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း (၁. ၄) သန်း ဝင်ရောက်နိုင်ရေးအတွက် ဆောင်ရွက်မည်။

(၂) မြန်မာဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသည် ငါးနှစ်စီမံကိန်းကာလကုန်ဆုံးလျှင် ၂၀၁၀-၂၀၁၁ ခုနှစ် အခြေခံနှစ် ဝင်ငွေ၏ (၁. ၁၉) ဆ တိုးတက်ရရှိရေးအတွက် နှစ်စဉ် တိုးမြှင့်ဆောင်ရွက်သွားမည်။

**(ခ) မြန်မာ့ရုပ်ရှင်လုပ်ငန်း**

(၁) ဌာနဝင်ငွေတိုးတက်အောင်ရှာဖွေရန်၊ ဘက်ညီဘတ်ဂျက်ဖြစ်အောင်ဆောင်ရွက်ရန်၊

(၂) မြန်မာရုပ်ရှင်၊ ဗီဒီယိုကားများ ပြည်ပနှင့် ပူးတွဲထုတ်လုပ်၍ ပြည်တွင်းပြည်ပ ပြသပြီးဈေးကွက် တိုးချဲ့မည်။

**(ဂ) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

(၁) ပြည်သူတို့၏ နေထိုင်မှု အဆင့်အတန်း မြင့်မားတိုးတက်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် အိမ်ရာစီမံကိန်းများ၊ စက်မှုဇုန်စီမံကိန်းများ၊ အထူးဖွံ့ဖြိုးရေး စီမံကိန်းများနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများကို စနစ်တကျရေးဆွဲဆောင်ရွက်မည်။

(၂) နိုင်ငံသားတိုင်း၏လိုအပ်ချက်များနှင့် တတ်နိုင်စွမ်းအားအလိုက် နေရာဒေသအမျိုးမျိုးတွင် ကောင်းမွန်သင့်လျော်သော အိမ်ရာအမျိုးမျိုးကို စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ပြီး ဖြည့်ဆည်းဆောင်ရွက်မည်။

**သမဝါယမပိုင်အခန်း**

**ရည်မှန်းချက်များ**

(၁) စီမံကိန်းကာလအတွင်း သမဝါယမအသင်းများ၏ စီမံကိန်း အကောင်အထည်ဖော်မှုကို ရာခိုင်နှုန်း ပြည့်မီအောင် ဆောင်ရွက်မည်။

(၂) လူတန်းစားအလွှာပေါင်းစုံ ပါဝင်ဆောင်ရွက်နိုင်စေမည့် သမဝါယမအသင်း အမျိုးအစားများ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်မည်။

(၃) လိုအပ်သော ငွေကြေးအရင်းအနှီးရရှိစေရန်နှင့် ဘဏ္ဍာရေးခိုင်မာမှုရှိစေရန် အစုတန်ဖိုး တိုးမြှင့် ခြင်းများ၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းများ ဆောင်ရွက်မည်။

(၄) တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သော ငွေကြေး အရင်း အနှီးရရှိစေရန် အသေးစားချေးငွေများ ထုတ်ချေးပေးရန် စီစဉ်သည်။

၂၅။ ရန်ကုန်တိုင်းဒေသကြီး၏ ငွေ့ရမ်းခနှင့်အခြား ဝန်ဆောင်မှုကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၁၆၄,၉၇၄. ၆) ဖြစ်ပြီး၊ တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၁၂. ၇ ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်းပါသည်။

**ကုန်သွယ်မှုကဏ္ဍ**

၂၆။ ရန်ကုန်တိုင်းဒေသကြီး၊ ကုန်သွယ်မှုကဏ္ဍ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကုန်သွယ်မှုပမာဏတိုးတက်ရေး၊

(၂) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက် အောင် အားပေးမြှင့်တင်ဆောင်ရွက်ရေး၊

(၃) နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာဈေးကွက်တွင် မြန်မာ့ ထွက်ကုန်များ ဈေးကွက်ဝေစုပိုမိုရရှိရေး၊

(၄) ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် ပြည်တွင်းမှ ထုတ်လုပ်သောထုတ်ကုန်အမျိုးမျိုး တိုးမြှင့် တင်ပို့ ဆောင်ရွက်မည်။

(၅) ပင်လယ်ရေကြောင်း ကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်မည်။

(၆) ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်မည်။

(၇) အသားတင်ထုတ်လုပ်မှု တန်ဖိုး တွက်ချက်ရာတွင် ကုန်သွယ်မှုကဏ္ဍမှ ပါဝင်မှု အချိုးအစားမြှင့်တင်ရေး။

(၈) ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ရေး။

(၉) ပို့ကုန်တိုးမြှင့်ရေးဦးစားပေးဆောင်ရွက်ရေး။

(၁၀) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ်တင်ပို့ရောင်းချရန်။

(၁၁) ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပိုလျှံမှုတို့အပေါ် မူတည်၍ ပို့ကုန်၊ သွင်းကုန်များကို ထိန်းညှိခြင်းဖြင့် ကုန်စည်စီးဆင်းမှုနှင့်ကုန်ဈေးနှုန်း တည်ငြိမ်စေရေးအတွက် ထိန်းကျောင်းပေးရေး။

၂၇။ ရန်ကုန်တိုင်းဒေသကြီး၏ ကုန်သွယ်မှုကဏ္ဍ၏ ရည်မှန်းချက်တန်ဖိုးမှာ ကျပ်သန်းပေါင်း (၂,၆၆၄,၂၃၀. ၇) ဖြစ်ပြီး တိုးတက်မှုနှုန်းအနေဖြင့် ယခင်နှစ်အပေါ် ၆. ၅ ရာခိုင်နှုန်း တိုးတက်ရရှိရန် ရည်မှန်းပါသည်။

**နိုင်ငံပိုင်အခန်းရင်းနှီးမြှုပ်နှံမှုလျာထားချက်**

၂၈။ ရန်ကုန်တိုင်းဒေသကြီး၏ ဝန်ကြီးဌာနအလိုက် နိုင်ငံပိုင်အခန်းကဏ္ဍ ရင်းနှီးမြှုပ်နှံမှုလျာထားချက် (ငွေလုံးငွေရင်းအသုံးစရိတ်) မှာ ကျပ်သန်းပေါင်း (၉၆,၀၅၅. ၈၆၂) ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၈ ရက် )

**၂၀၁၃ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ထုတ်ပြန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် လက်မှတ်ရေးထိုးပြီးသော ၂၀၁၃ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

စိန်တင်ဝင်း၊

ဥက္ကဋ္ဌ၊

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်။

# ၂၀၁၃ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၈ ရက် )

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁
### အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂
### တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီးဘဏ္ဍာ ရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး ဘဏ္ဍာ ရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင် သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့် များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝ ရရှိစေရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည်တိုင်းဒေသကြီးအဆင့်ဌာနအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁)၊ (၂) (၃) နှင့် (၄) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြေင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုး အစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃
## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၆။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ နောက်ပိုင်းမှဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မြင့်ဆွေ၊
ဝန်ကြီးချုပ်၊
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့။

ဇယား (၁)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ဗဟိုအဖွဲ့အစည်းများ | | | | | | | | | | |
| | ၁ တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၄၁၁. ၁၃၆ | | | ၁၀၀၀. ၀၀၀ | | | |
| | ၂ တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၇၈. ၀၀၀ | | | | | | |
| | ၃ ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၂. ၀၂၀ | | | | | | |
| | ၄ စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၁. ၂၀၀ | | | | | | |
| | ပေါင်း | | | | ၄၉၂. ၃၅၇ | | | ၁၀၀၀. ၀၀၀ | | | |

ဇယား (၂)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | |
| | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၇၉. ၇၇၈ | | ၁၄၁၁. ၁၃၆ | ၁၀၄၂၀. ၁၁၉ | | | |
| | ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၉၀. ၁၃၆ | | | ၃. ၀၀၀ | | | |
| | ၃ | တရားရုံးများ | တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၃၃၁. ၄၇၅ | | | ၁၁၀၄. ၉၀၅ | | | |
| | ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၇၀၆. ၉၉၂ | | | ၉၇၇. ၈၇၁ | | | |
| | ၅ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၄၄၁. ၂၅၉ | | | | | | |
| | | **ပေါင်း** | | **၄၄၄၉. ၆၄၀** | | **၁၄၁၁. ၁၃၆** | **၁၂၅၀၆. ၉၀၅** | | | |

**တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား (၃)
(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူ ပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၃၃၈. ၈၈၈ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၂၃၃၈. ၈၈၈ | | | | | | | | |
| ၂ | | နိုင်ငံတော်ပိုင်ပစ္စည်းများ အသုံးပြုသည့် အပေါ် ကောက်ခံသည့် အခွန်အကောက် | ၎င်း | ၁၆၈၂. ၃၇၄ | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၁၀၆၂. ၃၁၂ | | | | | | | | |
| | ၂ | တာတမံခွန် | | ၁. ၅၈၉ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူ သည့်အတွက် ကောက်ခံသည့်အခွန် | | ၁၁၀. ၀၉၇ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | | ၂၇. ၇၁၈ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၄၈၀. ၆၅၈ | | | | | | | | |
| ၃ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနှင့် စည်ပင်သာယာရေး အဖွဲ့များမှ ကောက်ခံသည့် အခွန် | ၎င်း | ၁၃၆၀၁. ၂၉၆ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၄၇၇၀. ၆၀၄ | | | | | | | | |
| | ၂ | ဘီးခွန် | | ၈၈၃၀. ၆၉၂ | | | | | | | | |
| ၄ | | တိုင်းဒေသကြီး၏ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ၎င်း | | ၂. ၂၉၈ | | | | | | | |

ဇယား(၃)။ ။ အဆက်
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | ပြည်ထဲရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် | | | ၂၀. ၇၁၉ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | | | ၂၀. ၆၉၂ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၀. ၀၂၇ | | | | | | |
| ၆ | | သမဝါယမ | ရှင်း | | | ၂၆. ၅၇၅ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၂၁. ၃၉၅ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၅. ၁၈၀ | | | | | | |
| ၇ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ရှင်း | | | ၁၁၄. ၅၂၅ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၁၁၃. ၆၄၅ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၀. ၈၈၀ | | | | | | |
| ၈ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ရှင်း | | | ၉၄. ၁၃၇ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၇၀. ၅၈၇ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၂၃. ၃၁၀ | | | | | | |
| | ၃ | ပျားလုပ်ငန်းဌာန | | | | ၀. ၂၄၀ | | | | | | |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ရှင်း | | | ၅၂. ၀၀၀ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၅၂. ၀၀၀ | | | | | | |
| ၁၀ | | အားကစား | ရှင်း | | | ၀. ၀၃၅ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၀. ၀၃၅ | | | | | | |

ဇယား(၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၁ | | ဘဏ္ဍာရေးနှင့်အခွန် | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | ၂၆၁၂၀. ၄၉၇ | | ၇၈၁၀. ၁၈၁ | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၂၆၁၂၀. ၄၉၇ | | ၇၈၁၀. ၁၈၁ | |
| ၁၂ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၀. ၁၀၀ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၁၀၀ | | | | | | |
| ၁၃ | | ဆောက်လုပ်ရေး | ၎င်း | | | ၃၂. ၄၂၈ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၂၆. ၉၂၈ | | | | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၅. ၅၀၀ | | | | | | |
| ၁၄ | | အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | ၎င်း | | | ၀. ၀၀၂ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | | | ၀. ၀၀၂ | | | | | | |
| ၁၅ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၎င်း | | | ၄၅၀၇၄. ၄၄၃ | | ၆၄၂၅၃. ၉၈၄ | | | | |
| ၁၆ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၃၂၅၅. ၀၉၅ | | | | | | |
| | | ပေါင်း | | ၁၇၆၂၂. ၅၅၈ | ၂. ၂၉၈ | ၄၈၆၇၀. ၀၆၉ | | ၆၄၂၅၃. ၉၈၄ | ၂၆၁၂၀. ၄၉၇ | | ၇၈၁၀. ၁၈၁ | |

ဇယား (၄)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် | ၄၆၇၃. ၉၁၀ | | ၁၄. ၅၀၀ | ၁၂. ၃၃၀ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | ၄၃၉၄. ၉၉၉ | | ၁၄. ၅၀၀ | ၉. ၃၃၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၇၈. ၉၁၁ | | | ၃. ၀၀၀ | | | |
| ၂ | | သမဝါယမ | ရှင်း | ၉၅၉. ၂၄၇ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၉၂၂. ၇၀၁ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၃၆. ၅၄၆ | | | | | | |
| ၃ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ရှင်း | ၁၅၃၇. ၂၅၇ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၆၇၆. ၄၁၂ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၈၆၀. ၈၄၅ | | | | | | |
| ၄ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ရှင်း | ၅၁၀. ၁၁၁ | | | ၃၄. ၂၉၀ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၃၆၆. ၁၈၉ | | | ၃၄. ၂၉၀ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၂၇. ၁၅၁ | | | | | | |
| | ၃ | ပျားလုပ်ငန်းဌာန | | ၁၆. ၇၇၁ | | | | | | |
| ၅ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ရှင်း | ၆၉၃. ၃၉၉ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၆၉၃. ၃၉၉ | | | | | | |
| ၆ | | အားကစား | ရှင်း | ၂၀၁. ၇၈၆ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၂၀၁. ၇၈၆ | | | | | | |

ဇယား(၄)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၇ | | ဘဏ္ဍာရေးနှင့်အခွန် | တိုင်းဒေသကြီး ဝန်ကြီးချုပ် | ၄၉. ၉၄၃ | | | ၅. ၆၁၀ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၉. ၉၄၃ | | | ၅. ၆၁၀ | | | |
| ၈ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၅၆၃. ၈၄၅ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၅၆၃. ၈၄၅ | | | | | | |
| ၉ | | ဆောက်လုပ်ရေး | ၎င်း | ၂၈၇၄. ၅၁၄ | | | ၁၄၄၃. ၉၁၅ | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၉၈၆. ၆၉၆ | | | ၉၄၃. ၉၁၅ | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၁၈၈၇. ၈၁၈ | | | ၅၀၀. ၀၀၀ | | | |
| ၁၀ | | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၎င်း | ၃၄. ၆၀၆ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၃၄. ၆၀၆ | | | | | | |
| ၁၁ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၎င်း | ၄၇၉၀၂. ၈၀၈ | ၂၅. ၂၀၀ | | ၇၆၈၈၁. ၂၃၁ | | ၁၇၁. ၀၀၀ | ၅၀၀. ၀၀၀ |
| ၁၂ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၂၁၁၁. ၅၇၈ | | | ၅၁၇၁. ၅၈၀ | | | |
| | | ပေါင်း | | ၆၂၁၁၃. ၀၀၄ | ၂၅. ၂၀၀ | ၁၄. ၅၀၀ | ၈၃၅၄၈. ၉၅၇ | | ၁၇၁. ၀၀၀ | ၅၀၀. ၀၀၀ |

ဇယား (၅)
(ကျပ်သန်းပေါင်း)

**တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | မြန်ကြားရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၇၉.၄၆၄ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၂၇၉.၄၆၄ | | | | | | |
| ၂ | | သတ္တုတွင်း | ၎င်း | | | ၄၁.၉၁၄ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | | | ၄၁.၉၁၄ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၎င်း | | | ၂၃၈၉.၃၉၃ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၂၃၈၉.၃၉၃ | | | | | | |
| | | ပေါင်း | | | | ၂၇၁၀.၇၇၁ | | | | | | |

ဇယား (၆)
(ကျပ်သန်းပေါင်း)

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | မြန်ကြားရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် | ၂၇၃.၁၄၈ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၇၃.၁၄၈ | | | | | | |
| ၂ | | သတ္တုတွင်း | ၎င်း | ၁၀၆.၂၁၈ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | ၁၀၆.၂၁၈ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၎င်း | ၃၅၆၃.၀၀၇ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၃၅၆၃.၀၀၇ | | | | | | |
| | | ပေါင်း | | ၃၉၄၂.၃၇၃ | | | | | | |

# ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
# ( ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၇။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက် )

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁
## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မ ခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြထားသော ရငွေများကို စီမံကြီးကြပ်ကောက်ခံ

ရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသောသုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## အခန်း (၁)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ရငွေနှင့်သုံးငွေများ

၆။ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၈။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊

စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း (၂)**

**ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်များ**

၉။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

**အခန်း (၃)**

**ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ**

၁၀။ (က) ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက မိမိတို့ လုပ်ငန်းလိုအပ်ချက်အရ ပြောင်းလဲလိုပါက ယင်းသို့ ပြောင်းလဲပေးနိုင်ရေးအတွက် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) စဝ်အောင်မြတ်၊
ဝန်ကြီးချုပ်၊
ရှမ်းပြည်နယ်အစိုးရအဖွဲ့။

**ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်**

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၈၁၁. ၇၈၃ | | | ၁၀၀၀. ၀၀၀ | | | |
| ၂ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၂၆. ၈၈၇ | | | | | | |
| ၃ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၆၆၀ | | | | | | |
| ၄ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၅. ၉၈၉ | | | | | | |
| | ပေါင်း | | | | ၁၈၄၅. ၃၁၉ | | | ၁၀၀၀. ၀၀၀ | | | |

ဇယား (၂)
(ကျပ်သန်းပေါင်း)

**ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈၃၉.၁၈၇ | | ၂၅၆၀.၇၈၃ | ၉၉၇.၄၅၃ | | | |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၈၄.၅၉၂ | | | | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၈၀၃.၄၁၂ | | | ၂၅၂.၆၂၃ | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၄၆၀.၉၆၈ | | | | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၁၁၈.၄၁၈ | | | ၄၄.၉၁၉ | | | |
| | ပေါင်း | | ၃၆၀၆.၅၇၇ | | ၂၅၆၀.၇၈၃ | ၁၂၉၄.၉၉၅ | | | |

ဇယား (၃)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၄၁၅. ၆၈၁ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၎င်း | | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၁၁၃၉. ၅၀၇ | | | | | | | | |
| | ၂ | ရေခွန်နှင့် တာတမံခွန် | | ၂၈. ၁၈၀ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၅၇. ၀၁၈ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများ ထုတ်လုပ်သည့်အတွက် ကောက်ခံသည့်အခွန် | | ၁၁. ၇၉၈ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၆. ၅၅၀ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့် အခွန် | ၎င်း | | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၈၂၅. ၃၅၇ | | | | | | | | |
| | ၂ | ဘီးခွန် | | ၂၅၁. ၀၁၃ | | | | | | | | |
| ၄ | | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ၎င်း | | ၅၈၆. ၅၉၉ | | | | | | | |

**ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ**

ဇယား (၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ<br>အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ<br>ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ<br>ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၉. ၇၁၁ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁၉. ၅၉၆ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၁၁၅ | | | | | | |
| ၆ | | သမဝါယမ | ၎င်း | | | ၂. ၀၀၉ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၁. ၃၁၉ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၀. ၆၉၀ | | | | | | |
| ၇ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | | | | ၄၀. ၈၆၅ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၂. ၁၄၀ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၇. ၀၀၀ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၃၁. ၇၂၅ | | | | | | |
| ၈ | | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၎င်း | | | ၁၀. ၀၇၀ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁. ၇၂၀ | | | | | | |
| | ၂ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၈. ၁၁၀ | | | | | | |
| | ၃ | ပျားလုပ်ငန်းဦးစီးဌာန | | | | ၀. ၂၄၀ | | | | | | |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | | | ၁၈. ၈၈၆ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၈. ၈၈၆ | | | | | | |
| ၁၀ | | အားကစား | ၎င်း | | | ၀. ၀၀၂ | | | | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၀. ၀၀၂ | | | | | | |
| ၁၁ | | ဘဏ္ဍာရေးနှင့် အခွန် | ၎င်း | | | ၀. ၂၇၈ | | | ၈၆၈၂၂. ၁၆၄ | | ၄၄၃၉. ၈၈၃ | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၀. ၂၇၈ | | | ၈၆၈၂၂. ၁၆၄ | | ၄၄၃၉. ၈၈၃ | |
| ၁၂ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၀. ၀၇၅ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၀၇၅ | | | | | | |
| ၁၃ | | ဆောက်လုပ်ရေး | ၎င်း | | | ၂၆. ၁၉၃ | | | | | | |
| | ၁ | မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁. ၄၆၄ | | | | | | |
| | ၂ | အဆောက်အအုံနှင့် လမ်းတံတားများပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၂၄. ၇၂၉ | | | | | | |
| ၁၄ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၁၀၅၅၅. ၈၀၆ | | | | | | |
| | | ပေါင်း | | ၂၈၃၅. ၁၀၄ | ၅၈၆. ၅၉၉ | ၁၀၆၇၃. ၈၉၅ | | | ၈၆၈၂၂. ၁၆၄ | | ၄၄၃၉. ၈၈၃ | |

ဇယား (၄)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၉၃၂၀. ၉၅၀ | | ၁၅. ၀၀၀ | ၂၁၉၄. ၃၅၅ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၉၁၅၇. ၀၃၁ | | ၁၅. ၀၀၀ | ၂၁၉၁. ၈၄၇ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၆၃. ၉၁၉ | | | ၂. ၅၀၈ | | | |
| ၂ | | သမဝါယမ | ၎င်း | ၆၂၆. ၅၉၆ | | | ၃၇. ၃၆၀ | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၆၀၂. ၇၆၉ | | | ၃၅. ၀၀၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၂၃. ၈၂၇ | | | ၂. ၃၆၀ | | | |
| ၃ | | လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း | | ၂၉၅၇. ၄၂၂ | | | ၁၅၀. ၉၂၀ | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၁၃၂. ၆၅၄ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၂၄၀၈. ၅၆၈ | | | ၁. ၄၀၀ | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၄၁၆. ၂၀၀ | | | ၁၄၉. ၅၂၀ | | | |
| ၄ | | မွေးမြူရေးနှင့် ရေလုပ်ငန်း | ၎င်း | ၄၆၂. ၀၂၀ | | | ၇၄. ၆၀၀ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၆၉. ၄၂၆ | | | ၅၈. ၆၀၀ | | | |
| | ၂ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၃၂၆. ၄၃၀ | | | ၁၆. ၀၀၀ | | | |
| | ၃ | ပျားလုပ်ငန်းဦးစီးဌာန | | ၆၆. ၁၆၄ | | | | | | |
| ၅ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | ၁၄၂၉. ၁၇၁ | | | ၅၇. ၄၇၇ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၁၄၂၉. ၁၇၁ | | | ၅၇. ၄၇၇ | | | |
| ၆ | | အားကစား | ၎င်း | ၂၆၃. ၃၀၃ | | | ၂၇၁. ၈၈၀ | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၂၆၃. ၃၀၃ | | | ၂၇၁. ၈၈၀ | | | |
| ၇ | | ဘဏ္ဍာရေးနှင့် အခွန် | ၎င်း | ၁၈၆. ၄၅၀ | | | ၄၉. ၇၇၇ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၈၆. ၄၅၀ | | | ၄၉. ၇၇၇ | | | |
| ၈ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၇၀၄. ၈၄၀ | | | ၂၈၅. ၂၈၅ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၇၀၄. ၈၄၀ | | | ၂၈၅. ၂၈၅ | | | |
| ၉ | | ဆောက်လုပ်ရေး | ၎င်း | ၃၀၈၂၄. ၈၈၅ | | | ၃၄၃၄၂. ၉၂၅ | | | |
| | ၁ | မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၉၁. ၁၃၀ | | | ၁၃၇၀. ၁၀၀ | | | |
| | ၂ | အဆောက်အအုံနှင့် လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၃၀၆၃၃. ၇၅၅ | | | ၃၃၃၇၂. ၈၂၅ | | | |
| ၁၀ | | အလုပ်သမား | ၎င်း | ၁၂. ၃၃၄ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၁၂. ၃၃၄ | | | | | | |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၄၉၀၆. ၄၀၂ | | | ၆၅၀၆. ၀၉၈ | | | |
| | | ပေါင်း | | ၅၁၆၉၄. ၃၃၃ | | ၁၅. ၀၀၀ | ၄၄၃၇၀. ၆၇၇ | | | |

ဇယား (၅)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | မြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၄၄. ၀၉၅ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၄၄. ၀၉၅ | | | | | | |
| ၂ | | သတ္တုတွင်း | ၎င်း | | | ၂. ၇၅၀ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | | | ၂. ၇၅၀ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၎င်း | | | ၆၃၉၅၅. ၅၉၆ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၆၃၉၅၅. ၅၉၆ | | | | | | |
| | | ပေါင်း | | | | ၆၄၀၀၂. ၄၄၁ | | | | | | |

ဇယား (၆)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | မြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၃၉. ၃၄၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ် က တာဝန်ပေးသူ | ၃၉. ၃၄၀ | | | | | | |
| ၂ | | သတ္တုတွင်း | ၎င်း | ၁၆. ၈၁၆ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း | | ၁၆. ၈၁၆ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၎င်း | ၆၂၅၀၁. ၁၆၉ | | | ၆၁၀၄. ၆၇၅ | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၆၂၅၀၁. ၁၆၉ | | | ၆၁၀၄. ၆၇၅ | | | |
| | | ပေါင်း | | ၆၂၅၅၇. ၃၂၅ | | | ၆၁၀၄. ၆၇၅ | | | |

# ၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
# ( ၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
(၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက် )

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁
## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်

သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသော ရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။ ထိုသို့ ငွေများ လွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့် ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၆။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဟုန်းငိုင်း၊
ဝန်ကြီးချုပ်၊
ချင်းပြည်နယ်အစိုးရအဖွဲ့။

ဇယား (၁)
(ကျပ်သန်းပေါင်း)

**ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၆၃. ၃၆၄ | | | ၁၀၀၀. ၀၀၀ | | | |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁. ၉၀၆ | | | | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၁၀၀ | | | | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၅၇၃ | | | | | | |
| | ပေါင်း | | | | ၆၅. ၉၄၃ | | | ၁၀၀၀. ၀၀၀ | | | |

ဇယား (၂)

**ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်**

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၉၇.၆၉၅ | | ၁၀၀၀.၀၀၀ | ၇၉၁၇.၆၅၀ | | | |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၃.၁၉၈ | | | | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၃၇၃.၄၉၄ | | | ၆၀.၀၈၂ | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၂၃၆.၈၆၈ | | | ၃.၅၀၀ | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၅၄၁.၈၈၆ | | | ၂၆.၂၆၀ | | | |
| | ပေါင်း | | ၁၆၀၃.၁၄၁ | | ၁၀၀၀.၀၀၀ | ၈၀၀၇.၄၉၂ | | | |

ဇယား (၃)

(ကျပ်သန်းပေါင်း)

**ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၃၅. ၈၆၃** | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၃၅. ၈၆၃ | | | | | | | | |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက်** | ၎င်း | **၁၂၂. ၅၈၃** | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၁၀၉. ၂၂၁ | | | | | | | | |
| | ၂ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁၃. ၂၇၄ | | | | | | | | |
| | ၃ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၀. ၀၈၈ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | ၎င်း | **၇၃. ၁၀၀** | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၆၇. ၅၅၆ | | | | | | | | |
| | ၂ | ဘီးခွန် | | ၅. ၅၄၄ | | | | | | | | |
| ၄ | | **ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ** | ၎င်း | | ၁၃၉. ၆၃၅ | | | | | | | |

ဇယား (၃)။ ॥ အဆုံး

(ကျပ်သန်းပေါင်း)

**ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် | | | **၃.၄၃၈** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | | | ၃.၄၀၄ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၀.၀၃၄ | | | | | | |
| ၆ | | **သမဝါယမ** | ၎င်း | | | **၀.၅၉၉** | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၀.၀၁၆ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၀.၅၈၃ | | | | | | |
| ၇ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | | | **၀.၁၅၀** | | | | | | |
| | ၁ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၀.၁၅၀ | | | | | | |
| ၈ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ၎င်း | | | **၁.၂၆၀** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁.၂၆၀ | | | | | | |
| ၉ | | **အားကစား** | ၎င်း | | | **၁.၁၄၀** | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၁.၁၄၀ | | | | | | |
| ၁၀ | | **ဘဏ္ဍာရေးနှင့်အခွန်** | ၎င်း | | | | | | **၃၀၂၃၆.၉၂၄** | | **၁၈၅၆.၅၃၀** | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၃၀၂၃၆.၉၂၄ | | ၁၈၅၆.၅၃၀ | |
| ၁၁ | | **ဆောက်လုပ်ရေး** | ၎င်း | | | **၀.၆၁၅** | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀.၆၁၅ | | | | | | |
| ၁၂ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | | **၃၂၉.၇၉၈** | | | | | | |
| | | ပေါင်း | | ၂၃၁.၅၄၆ | ၁၃၉.၆၃၅ | ၃၃၇.၀၀၀ | | | ၃၀၂၃၆.၉၂၄ | | ၁၈၅၆.၅၃၀ | |

ဇယား (၄)

(ကျပ်သန်းပေါင်း)

**ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | **၃၃၈၄. ၅၀၅** | | **၂၀. ၀၀၀** | **၁၃၉၅. ၂၆၈** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၂၄၄. ၄၄၇ | | ၂၀. ၀၀၀ | ၁၃၂၉. ၀၀၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၁၄၀. ၀၅၈ | | | ၆၆. ၂၆၈ | | | |
| ၂ | | **သမဝါယမ** | ၎င်း | **၄၅၄. ၁၅၀** | | | **၁. ၁၅၀** | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၄၁၇. ၉၉၇ | | | ၀. ၇၉၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၃၆. ၁၅၃ | | | ၀. ၃၆၀ | | | |
| ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | **၉၀၄. ၄၉၈** | | | **၃၈. ၇၂၅** | | | |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၉၀၄. ၄၉၈ | | | ၃၈. ၇၂၅ | | | |
| ၄ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | **၁၈၃. ၂၃၆** | | | **၄၃. ၈၅၅** | | | |
| | ၁ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၈၃. ၂၃၆ | | | ၄၃. ၈၅၅ | | | |
| ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၎င်း | **၆၃၄. ၄၄၉** | | | **၈. ၁၀၀** | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၆၃၄. ၄၄၉ | | | ၈. ၁၀၀ | | | |
| ၆ | | **အားကစား** | ၎င်း | **၁၄၈. ၆၀၈** | | | **၃. ၂၅၀** | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၁၄၈. ၆၀၈ | | | ၃. ၂၅၀ | | | |
| ၇ | | **ဘဏ္ဍာရေးနှင့်အခွန်** | ၎င်း | **၇၀. ၇၂၄** | | | **၅၃. ၉၀၀** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၇၀. ၇၂၄ | | | ၅၃. ၉၀၀ | | | |
| ၈ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၎င်း | **၂၈၄. ၂၃၆** | | | **၁၅၉. ၃၇၄** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၂၈၄. ၂၃၆ | | | ၁၅၉. ၃၇၄ | | | |
| ၉ | | **ဆောက်လုပ်ရေး** | ၎င်း | **၄၃၄၃. ၈၉၉** | | | **၉၈၆၅. ၅၈၀** | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၀၅. ၆၅၀ | | | ၂. ၃၆၀ | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၄၂၃၈. ၂၄၉ | | | ၉၈၆၃. ၂၂၀ | | | |
| ၁၀ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၄၄၃. ၁၁၅** | | | **၁၅၂၀. ၁၀၀** | | | |
| | | **ပေါင်း** | | ၁၀၈၅၁. ၄၂၀ | | ၂၀. ၀၀၀ | ၁၃၀၈၉. ၃၁၂ | | | |

ဇယား (၅)

(ကျပ်သန်းပေါင်း)

**ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **မြန်ကြားရေး** | ပြည်နယ်ဝန်ကြီးချုပ် | | | **၀.၄၀၀** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၀.၄၀၀ | | | | | | |
| ၂ | | **ဆောက်လုပ်ရေး** | ၎င်း | | | **၁၄၁၀၁.၄၆၉** | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၁၄၁၀၁.၄၆၉ | | | | | | |
| | | ပေါင်း | | | | **၁၄၁၀၁.၈၆၉** | | | | | | |

ဇယား (၆)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **မြန်ကြားရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၅. ၈၄၀** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၅. ၈၄၀ | | | | | | |
| ၂ | | **ဆောက်လုပ်ရေး** | ၎င်း | **၁၃၈၄၉. ၆၅၂** | | | **၅၄၂. ၅၉၀** | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၁၃၈၄၉. ၆၅၂ | | | ၅၄၂. ၅၉၀ | | | |
| | | ပေါင်း | | ၁၃၈၅၅. ၄၉၂ | | | ၅၄၂. ၅၉၀ | | | |

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၂။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက် )

ချင်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**နိဒါန်း**

၁။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၅၁ အရ ချင်းပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဤဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်သည်။

**အခန်း (၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၂။ ဤဥပဒေကို **၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ**ဟု ခေါ်တွင်စေရမည်။ ဤဥပဒေသည် ပထမကာလတိုငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ထိ) ၏ တတိယနှစ်စီမံကိန်းဥပဒေလည်းဖြစ်သည်။

၃။ ဤဥပဒေပါ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ချင်းပြည်နယ်ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း တစ်ပြည်နယ်လုံး အတိုင်းအတာအရ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။ (ပထမကာလတိုငါးနှစ်စီမံကိန်းတွင် အခြေခံနှစ်သည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်ဖြစ်သည်။)

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။ ချင်းပြည်နယ်တွင် စီးပွားရေးကဏ္ဍ (၁၄)ကဏ္ဍ ဖွဲ့စည်းသတ်မှတ်ထားသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ (၁၄) ကဏ္ဍကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ လယ်ယာကဏ္ဍကြီးတွင် လယ်ယာ၊ သားငါး၊ သစ်တော

ကဏ္ဍများ၊ စက်မှုကဏ္ဍကြီးတွင် စွမ်းအင်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ ပါဝင်ဖွဲ့စည်းထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

၄။ ချင်းပြည်နယ်ဒေသန္တရစီမံကိန်းဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊

(ခ) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီး ကုန်ကြမ်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရေး၊

(ဂ) ပြည်ထောင်စုအစိုးရ၏ အစီအမံဖြင့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှု ရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(ဃ) ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဝန်ဆောင်မှုနှင့်ခရီးသွားလုပ်ငန်း အစရှိသည့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုများ တိုးမြှင့် ဆောင်ရွက်ရေး၊

(င) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရေး၊

(စ) ပြည်သူများ အလုပ်လက်မဲ့နည်းပါးစေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး။

## အခန်း (၃)
## စီမံကိန်းရည်မှန်းချက်

၅။ ချင်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ချင်းပြည်နယ်၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ **(၈. ၈)** ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် (၁. ၂) ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်မည်။

(ခ) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ချင်းပြည်နယ်တွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို (၅၄. ၄) ရာခိုင်နှုန်းမှ (၅၂. ၆) ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၁၂. ၇) ရာခိုင်နှုန်းမှ (၁၃. ၂) ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှု ကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၃၂. ၉) ရာခိုင်နှုန်းမှ (၃၄. ၂) ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်ရမည်။

(ဂ) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၅. ၂) ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၁၂. ၈) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၁၃. ၀) ရာခိုင်နှုန်း အသီးသီး တိုးတက်ရမည်။

(ဃ) ကုန်သွယ်မှုကဏ္ဍ၏ တိုးတက်မှုနှုန်းကို (၉. ၄) ရာခိုင်နှုန်း တိုးတက်ရမည်။

(င) ချင်းပြည်နယ်၏ လူတစ်ဦးချင်းပျမ်းမျှဝင်ငွေ (Per Capita GDP) သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တွင် (၃၃၂၁၀၈) ကျပ်သို့ ဖြစ်ပေါ်ရမည်။

(စ) လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် အရင်းအနှီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်မည်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒ၊ ရည်မှန်းချက်နှင့်လုပ်ငန်းစဉ်များ

၆။ ၂၀၁၃-၂၀၁၄ ခုနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်လှေကားထစ်တိုးချဲ့ဖော်ထုတ်ရေး၊

(၂) စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးရေး၊

(၃) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရေး (Seed Production)၊

(၄) လေ့ကျင့်ပညာပေးရေး (Training and Education)၊

(၅) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး (Research and Development)။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေး၊ ချင်းပြည်နယ်၏ သီးနှံစိုက်ဧရိယာများ မြေကြီး၊ မြေပုံမှန်ကန်ရေးကို ဆောင်ရွက်ရမည်။

(၂) စပ်မျိုးစပါး၊ စပ်မျိုးအစေ့ထုတ်ပြောင်းနှင့် စပ်မျိုးနေကြာမျိုးစေ့များ ထုတ်လုပ်သွားရမည်။

(၃) ကြံ၊ ဝါ၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ စသည့် သီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရမည်။

(၄) စံပြစက်မှုလယ်ယာကွက် (Mechanized Farm)များ ဖော်ထုတ်သွားရမည်။

(၅) စိုက်ပျိုးရေးဘွဲ့ရ (၁) ဦးသာ မွေးထုတ်နိုင်မည်ဖြစ်၍ စိုက်ပျိုးရေးဘွဲ့ရ၊ စိုက်ပျိုးရေးဒီပလိုမာများအား ပြည်ထောင်စုအစိုးရသို့ လိုအပ်ချက်များ တင်ပြတောင်းခံသွားရမည်။

(၆) ဖလမ်းမြို့နယ်၊ လုံပီးစိုက်ပျိုးရေးအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြည်ထောင်စုအစိုးရသို့ တင်ပြသွားရမည်။

(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ သိပ္ပံနည်းကျ ကောင်းမွန်သောစိုက်ပျိုးရေးနည်းစနစ်များကို လေ့ကျင့်သင်ကြားခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည်။

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အားလုံးသို့ ထုတ်ချေးပေးသွားရမည်။

(၉) လယ်ယာကဏ္ဍကို ပုံမှန်ဈေးနှုန်းအရ (၂၀၁၂-၂၀၁၃) ခုနှစ်ထက် (၃. ၇) ရာခိုင်နှုန်း တိုးတက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့်မြေစာရင်း မှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေး လုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်သွားမည်။

(၂) စပ်မျိုးစပါးများကို ဒေသနှင့်ကိုက်ညီမှုရှိ/မရှိ စမ်းသပ်စိုက်ပျိုးပြီး မျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းကို ဆန်စပါးအထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏ အင်အားကိုရယူ၍ ပြည်ထောင်စုဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များနှင့် ဆောင်ရွက်သွားမည်။

(၃) ရေမြေဒေသနှင့်ကိုက်ညီသော သီးနှံမျိုးများ၊ စပ်မျိုးစပါးများ၊ ရေငတ်ဒဏ်ခံ စပါးမျိုးများ၊ အအေးဒဏ်ခံစပါးမျိုးများ၊ တောင်ယာစပါးမျိုးများကို သုတေသနပြု စမ်းသပ်စိုက်ပျိုးသွားမည်။

(၄) ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကုန်းမြင့်လယ်ယာ လယ်လှေကားထစ်ဖော်ထုတ်မှု၊ စက်မှုလယ်ယာဦးစီးဌာနမှ (၁၅၀) ဧက၊ တောင်သူအစီအစဉ်ဖြင့် (၂၃၅၀) ဧကနှင့် INGO များ ထောက်ပံ့ ကူညီမှုများဖြင့် ဖော်ထုတ်သွားမည်။

(၅) ဆည်မြောင်းဦးစီးဌာနမှ ဆည်နှင့်ရေသွယ်မြောင်း ပြုပြင်ခြင်းလုပ်ငန်း (၂၆) ခု ဆောင်ရွက်သွားမည်။

(၆) နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ရေသွယ်မြောင်းဖောက်လုပ်ခြင်းလုပ်ငန်း (၄) ခု ဆောင်ရွက်သွားမည်။

(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ လေ့ကျင့်သင်ကြားခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်။

(၈) သတ်မှတ်အရည်အချင်း ကိုက်ညီသူများအား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်/စိုက်ပျိုးရေးသိပ္ပံကျောင်းများသို့ တက်ရောက်သင်ကြားနိုင်ရေး စည်းရုံးဆောင်ရွက်သွားမည်။

(၉) ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် လိုအပ်သော စိုက်ပျိုးရေးဘွဲ့ရနှင့် စိုက်ပျိုးရေးဒီပလိုမာ ရရှိသူများ ခန့်ထားရေးဆောင်ရွက်မည်။

(၁၀) စိုက်ပျိုးစရိတ် ငွေကြေးများ အလုံအလောက် ထုတ်ချေးပေးသွားမည်။

၇။ ၂၀၁၃-၂၀၁၄ ခုနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒ။ ပထမကာလတိုငါးနှစ်စီမံကိန်း ဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်း တတိယနှစ် (၂၀၁၃-၂၀၁၄) ခုနှစ် လျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်။ သားငါးကဏ္ဍကို ပုံမှန်ဈေးနှုန်းအရ ပထမကာလတို ငါးနှစ်စီမံကိန်း၏ ဒုတိယနှစ် ဖြစ်သော (၂၀၁၂-၂၀၁၃) ခုနှစ်ထက် (၇. ၉) ရာခိုင်နှုန်း တိုးတက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ထူထောင်နိုင်ရေးအတွက် အရင်းအနှီးနှင့် နည်းပညာများ ရယူခြင်း၊ မွေးမြူရေးချေးငွေ ရရှိရေး ကူညီဆောင်ရွက်သွားမည်။

(၂) မွေးမြူရေးနှင့်ရေလုပ်ငန်း ပြည်ထောင်စုဝန်ကြီးဌာနမှ နွား၊ နွားနောက် တိုးချဲ့မွေးမြူရေး အတွက် ကျပ်သန်း (၂၀၀၀) ထုတ်ချေးပေးသွားမည်။

(၃) ပြည်ပဈေးကွက် ပိုမိုရရှိရန်နှင့် သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက် ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ် လျှော့ချရေး၊ အရည်အသွေးပြည့်မီရေး ဖြည့်ဆည်း ဆောင်ရွက်သွားမည်။

(၄) နို့စားနွားကောင်ရေ တိုးပွားရေးအတွက် မေထုန်မဲ့သားစပ်နည်း (Artificial Insemination) စနစ်ကို ပြည်ထောင်စုအစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်မည်။

(၅) နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသည့် တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်း ထုတ်လုပ်နိုင်ရေး အတွက် တိရစ္ဆာန် ကူးစက်ရောဂါများကို ကာကွယ်ထိန်းချုပ်နိုင်ရန် နိုင်ငံတကာအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရ၏ စီမံမှုဖြင့် ဆောင်ရွက်သွားမည်။

(၆) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်းအချက်အလက်များ မှန်ကန်ပြည့်စုံစွာ ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ မွေးမြူထုတ်လုပ်မှု တိုးတက်မှုရှိစေရေးအတွက် ထိရောက်စွာ ကြီးကြပ်ဆောင်ရွက်သွားမည်။

(၇) ပျားရည်နှင့် ပျားထွက်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်သွားမည်။

(၈) မြစ်ချောင်းများ၊ ဆည်များတွင် ငါးမျိုးများချန်လုပ်၍ ဖမ်းဆီးရေး၊ ငါးကန်များ တိုးချဲ့ တူးဖော်၍ ငါးမွေးမြူရေး ဆောင်ရွက်သွားမည်။

(၉) ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် တစ်ပိုင်တစ်နိုင် ဟင်းစားမှ စီးပွားဖြစ် မွေးမြူရေးအစု အဖွဲ့များအဖြစ်သို့ တိုးချဲ့ဖွဲ့စည်းခြင်း၊ ပေါင်းစည်းလယ်ယာများကို တိုးတက်ဆောင်ရွက် ခြင်းဖြင့် ကျေးလက်နေ ပြည်သူများအတွက် မိသားစုအပိုဝင်ငွေ ရရှိစေရေး ဆောင်ရွက် သွားမည်။

၈။ ၂၀၁၃-၂၀၁၄ ခုနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝ တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေပြည်သူတို့၏ အခြေခံ သစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေး၊

(၂) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး၊

(၃) သစ်တော သယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း ပေါ်ပေါက်လာစေရေး၊

(၄) သစ်တောကဏ္ဍ စွမ်းဆောင်ရည်တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုး တိုးတက်မှုများ ရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားမည်။

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းသတ်မှတ် သွားမည်။

(၃) သဘာဝတောကျန်များကို ပြုစုထိန်းသိမ်းသွားမည်။

(၄) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေး အတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်သွားမည်။

(၅) စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ထိန်းသိမ်းသွားမည်။

(၆) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်သွားမည်။

(၇) သဘာဝတောများမှ သစ်နှင့်ထင်း ထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ကျေးလက်အိမ်ရာစီမံချက်အရ တစ်ရွာ (၁) ဧက၊ တစ်အိမ်ထောင် သစ်မာ (၂၀) ပင်၊ တစ်အိမ်ထောင်ကျွန်း (၃) ပင် စိုက်ပျိုးခြင်း၊ ကျေးရွာပိုင် ထင်းစိုက်ခင်းများ တည်ထောင်ပေးခြင်း၊ ထင်းအစား အခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားမည်။

(၈) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်သွားမည်။

(၉) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် စိမ်းလန်းစိုပြည် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးမည်။

(၁၀) သစ်တောထိန်းသိမ်းမှုလုပ်ငန်းများတွင် ပြည်သူအများ ပူးပေါင်းပါဝင်လာစေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၁၁) ကျွန်းနှင့်သစ်မာများကို နှစ်စဉ် တောထွက် (Annual Allowable Cut-AAC) အပေါ် အခြေခံ၍ စိစစ်ထုတ်လုပ်သွားမည်။

(၁၂) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင်အတွင်းမှ ထုတ်ယူသုံးစွဲစေမည်။

(၁၃) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်လုပ်ရေးအင်အား တိုးမြှင့်သွားရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့် သစ်ထုတ်နည်းစနစ်ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်။

(၁၄) သစ်ထုတ်လမ်းများ ဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်သွားမည်။

(၁၅) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်အား အကျိုးသက်ရောက်မှုအား လေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှု သက်သာစေသော သစ်ထုတ်နည်းလမ်းများကို လိုက်နာဆောင်ရွက်သွားမည်။

(၁၆) ရောင်းတန်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများကို တွဲဖက်ထုတ်လုပ်သွားမည်။

(၁၇) သစ်တစ်ပင်လုံး အသုံးချနိုင်ရေး (Full Tree Utilization) နှင့် သစ်မျိုးစုံအသုံးပြုနိုင်ရေး (All Tree Species Utilization) ကြိုးပမ်းဆောင်ရွက်သွားမည်။

(၁၈) နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်။

(၁၉) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သော သစ်လုံးကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်သွားမည်။

(၂၀) ဖက်စပ်၊ ပုဂ္ဂလိက သစ်အခြေခံစက်ရုံများအတွက် လိုအပ်သော သစ်လုံး၊ ခွဲသား ကုန်ကြမ်းများ ရောင်းချပေးသွားမည်။

(၂၁) သစ်အခြေခံစက်မှုလုပ်ငန်း ထွက်ကုန်အမည်သစ်များ ထုတ်လုပ်မည့် စက်ရုံ၊ အလုပ်ရုံသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်တွင်းအလုပ်သမားများအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေရန် ဆောင်ရွက်မည်။

(၂၂) လူသုံးနည်းသစ်များကို နည်းပညာသစ်များ အသုံးပြု၍ အဆင့်မီကုန်ချောများ ထုတ်လုပ်ပြီး ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

(၂၃) သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းများအပြင် ဘာသာရပ်ဆိုင်ရာ သင်တန်းများကို လိုအပ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရ၏ အစီအစဉ်ဖြင့် ဖွင့်လှစ်ခြင်း၊ ပြည်တွင်း/ပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအား စေလွှတ်သွားမည်။

၉။ ၂၀၁၃-၂၀၁၄ ခုနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရ၏ အစီအမံဖြင့် ဆောင်ရွက်ရေး၊

(၂) စွမ်းအင်အရင်းအမြစ်ဖြစ်သည့် ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့များအား ပြည်နယ်အတွင်း ရှာဖွေထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊

(ခ) ရည်မှန်းချက်။ ပြည်နယ်အတွင်း ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့ထွက်ရှိနိုင်သော နေရာများအား စူးစမ်းရှာဖွေဖော်ထုတ်သွားရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့ ထွက်ရှိနိုင်ခြင်းရှိ/မရှိ ပြည်ထောင်စုအစိုးရသို့ လေ့လာစူးစမ်းရှာဖွေပေးရန် တင်ပြဆောင်ရွက်မည်။

(၂) ပြည်နယ်အတွင်းတွင်လည်း ထွက်ရှိနိုင်သောနေရာများ သတင်းစုံစမ်းရယူခြင်း ဆောင်ရွက်မည်။

(၃) ပြည်တွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များ ဖိတ်ခေါ်၍ စူးစမ်းရှာဖွေမည်။

၁၀။ ၂၀၁၃-၂၀၁၄ ခုနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေးသို့ ရှေးရှုဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၃) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ရေမြေသဘာဝနှင့်ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှု မရှိစေရေး အလေးထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နှစ်စဉ် စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက် သယံဇာတ ဓာတ်သတ္တုသိုက်များ တိုးတက်ရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်၏ အမျိုးသားဝင်ငွေ တိုးတက်စေရေး အထောက်အကူပြုဆောင်ရွက်ရမည်။

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ ဓာတ်သတ္တုကဏ္ဍနှင့် ရေရှည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်ရမည်။

(၃) ပြည်ထောင်စုသတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင်ဓာတ်သတ္တုမျိုးစုံ ထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် ဓာတ်သတ္တုထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ

အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့်နည်းပညာများ ပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံး ခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရမည်။

(၄) တီးတိန်မြို့နယ်၊ မြွေတောင်နီကယ်နှင့် ခရိုမိုက်သတ္တု တူးဖော်မှုအား အမြန်ဆုံး စတင် ဆောင်ရွက်နိုင်အောင် ပြည်ထောင်စုဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(၅) ဝေဘူလတောင်၊ ဟားခါးလေး၊ နတ်တောင်၊ ဘိုပီဘွန်း၊ မူဝယ်လွတ်၊ မောင်တော်-နှမတော် ဒေသရှိ ခရိုမိုက်၊ ရင်ကွဲတောင်ရှိ ခနောက်စိမ်းများအား ပြည်တွင်း ပုဂ္ဂလိကလုပ်ငန်းရှင်များ စည်းရုံး၍ စမ်းသပ်တူးဖော်ခွင့်ရရှိရေး ဆောင်ရွက်ရမည်။

(၆) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှု မရှိစေရန် အလေးထား ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သတ္တုကဏ္ဍနှင့် နိုင်ငံတော်၏ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်မည်။

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်မည်။

(၃) မြေပေါ်မြေအောက် သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး အမျိုးသားဝင်ငွေ တိုးတက် စေရန် စီမံဆောင်ရွက်မည်။

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ များနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲ ဆောင်ရွက်မည်။

(၅) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်နှင့်ပြည်နယ်အစိုးရ အဖွဲ့သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေး ဆောင်ရွက်မည်။

(၆) အရည်အသွေးပြည့်ဝသော အိုင်အိုဒင်းဆား အပြည့်အဝစားသုံးစေရေး ဦးတည်ဆောင်ရွက် သွားမည်။

၁၁။ ၂၀၁၃-၂၀၁၄ ခုနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ချင်းပြည်နယ်၏ စက်မှုကဏ္ဍတွင် Green Industry များ ပိုမိုတိုးတက်လာရေး ဆောင်ရွက်ရန် နှင့် Energy Efficiency အကျိုးရှိ ထိရောက်စွာ သုံးစွဲသွားရန် တွန်းအားပေးဆောင်ရွက်ရေး၊

(၂) ခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံတော်အဆင့်သို့ တက်လှမ်းရေး၊ လယ်ယာ အခြေခံစက်မှုလုပ်ငန်းများ၊ လယ်ယာလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ တန်ဖိုးမြှင့် ထုတ်လုပ်သည့်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရေးနှင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ရေး၊

(၃) အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ပြီး အကြီးစား စက်မှုလုပ်ငန်းများအား ဆက်လက်ထူထောင်ခြင်းဖြင့် ပြည်ပသွင်းကုန်အစားထိုးထုတ်ကုန် နှင့်ပြည်ပပို့ထုတ်ကုန်များ တိုးမြှင့်ရန်အတွက် ဆောင်ရွက်ရေး၊

(၄) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုမြှင့်တင်ရေး၊

(၅) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊

(၆) ချင်းပြည်နယ်အတွင်းရှိ သယံဇာတ ကုန်ကြမ်းပစ္စည်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုရန်နှင့် ပြည်နယ်အတွင်းရှိ အခြေခံကုန်ကြမ်းများဖြင့် တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရေး၊

(၇) လျှပ်စစ်စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မြှင့်တင်ပေးရေး၊ နည်းပညာ အဆင့်မြှင့် လျှပ်စစ်စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ရေး၊

(၈) စွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးချရေး၊ ခြိုးခြံချွေတာရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးချရေး၊

(၉) နိုင်ငံတော်၏ စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စဉ်ဆက် မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေမည့် အစိမ်းရောင်စက်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေး၊

(၁၀) ပုဂ္ဂလိက စက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေး အတွက် ပံ့ပိုးဆောင်ရွက်ရေး၊

(၁၁) ပြည်သူလူထု၏ စီးပွားရေးနှင့်လူမှုရေးဘဝ တိုးတက်မြင့်မားရန်အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်ရေး။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရမည်။

(၂) ချင်းပြည်နယ်အတွင်း သယံဇာတများအခြေခံသည့် ကုန်ပစ္စည်းအမည်သစ်များ ထုတ်လုပ် နိုင်ရေးကို ဦးစားပေးဆောင်ရွက်ရမည်။

(၃) စီမံကိန်းဆိုင်ရာနှင့် ကုန်ထုတ်လုပ်မှုဆိုင်ရာများ ဆောင်ရွက်နိုင်ရန် လိုအပ်သော အသိ ပညာရှင်၊ အတတ်ပညာရှင်၊ အတွေ့အကြုံရှိသူများ စုဆောင်းရရှိရေး ဆောင်ရွက်ရမည်။

(၄) စက်မှုလက်မှုကဏ္ဍကို ပုံမှန်ဈေးနှုန်းအရ (၂၀၁၂-၂၀၁၃) ခုနှစ်ထက် (၁၃. ၁) ရာခိုင်နှုန်း တိုးတက်ရမည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဒေသအတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(၂) စက်မှုထုတ်ကုန်ပစ္စည်းများ အရည်အသွေး တိုးတက်လာရေးအတွက် စံချိန်စံညွှန်း ပြည့်မီအောင် နည်းလမ်းများ ချမှတ်ရမည်။

(၃) စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့်ပုဂ္ဂလိကစက်မှုလုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ရမည်။

(၄) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာစက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင် ရမည်။

(၅) လယ်ယာအထောက်အကူပြု စက်ကိရိယာများ တိုးချဲ့အသုံးပြုနိုင်ရေး ဆောင်ရွက်သွားမည်။

(၆) ထင်းရှူးဆီစက်ရုံများ ထူထောင်ရေးနှင့် ထင်းရှူးစိုက်ခင်းများ စနစ်တကျစိုက်ပျိုးရေး ဆောင်ရွက်သွားမည်။

(၇) အခြေခံစက်မှုလုပ်ငန်းများဖြစ်သော သံဂဟေတွင်ခုံ၊ ယာဥ်ပြင်အလုပ်ရုံများ စသည်တို့ကို ဆောင်ရွက်သွားမည်။

(၈) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေး သွားမည်။

(၉) မြို့အသီးသီးတွင် သံဂဟေဆက်လုပ်ငန်း၊ တွင်ခုံလုပ်ငန်း၊ မော်တော်ကားအလုပ်ရုံ လုပ်ငန်း များ ထူထောင်ရမည်။

၁၂။ ၂၀၁၃-၂၀၁၄ ခုနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဥ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပဉ္စမကာလတိုင်းနှစ်စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ် ဓာတ်အားကို ချင်းပြည်နယ်သို့ သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့ တည်ဆောက်ရာတွင် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာ၊ လေစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewsable Energy) သုံး ဓာတ်အားပေးစက်များ တပ်ဆင် သုံးစွဲလာစေရေး နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရေး၊

(၃) ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစား ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေး၊

(၄) မြန်မာနိုင်ငံ၏ ဓာတ်အားစနစ်အတွင်း ချင်းပြည်နယ်တွင် ထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူးသုံးစွဲ နေသော လျှပ်စစ်ဓာတ်အား၏ အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော Voltage Level နှင့် ကြိမ်နှုန်းပြည့် တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အား ပျောက်ဆုံးမှု အနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး၊

(၅) ချင်းပြည်နယ်တွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများအပြင် လေစွမ်းအင်ဓာတ်အား၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်များ မောင်းနှင်၍ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ စက်များ ကြံ့ခိုင်မှုကောင်းမွန်၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေး။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပထမကာလတို င်းနှစ်စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ တိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်သွားရမည်။

(၂) လျှပ်စစ်ကဏ္ဍကို ပုံမှန်ဈေးနှုန်းအရ (၂၀၁၂-၂၀၁၃) ခုနှစ်ထက် (၉. ၁) ရာခိုင်နှုန်း တိုးတက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၆၆ ကေဗွီ ဓာတ်အားလိုင်း ၄ လိုင်း၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း (၂၇) လိုင်း၊ ၀. ၄ ကေဗွီ လိုင်း (၂၇) လိုင်း တိုးချဲ့တည်ဆောက်သွားမည်။

(၂) ၆၆ ကေဗွီ ပင်မဓာတ်အားခွဲရုံ (၄) ရုံ၊ ၁၁ ကေဗွီ ဓာတ်အားခွဲရုံ (၂၇) ရုံ တိုးချဲ့တည်ဆောက်သွားမည်။

(၃) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ အသစ်တည်ဆောက်ခြင်း (၇၈) ရုံ ဆောင်ရွက်သွားမည်။

(၄) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ် (၄) မြို့နယ်၊ ကျေးရွာ (၇) ရွာတွင် အိမ်ခြေ (၆၄၆) အိမ်အား ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေး ဆောင်ရွက်သွားမည်။

၁၃။ ၂၀၁၃-၂၀၁၄ ခုနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ချင်းပြည်နယ်အတွင်း ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် မတူပီ-ဆမီး-ပလက်ဝ မော်တော်ကားလမ်းသစ်အား မတူပီမှ စတင်၍ (၃၅) မိုင် ဖောက်လုပ်ရေး၊

(၂) အခြား တိုင်းဒေသကြီး/ပြည်နယ်များနှင့်သော်လည်းကောင်း၊ ချင်းပြည်နယ်အတွင်း၌သော်လည်းကောင်း ဆက်သွယ်သွားလာမှု လွယ်ကူလျင်မြန်စေရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် လမ်း (၁၄) လမ်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့် လမ်း (၁၄) လမ်းနှင့် တံတားများ ကောင်းမွန်ချောမွေ့အောင် ဆောင်ရွက်ရေး၊

(၃) လက်ရှိ တည်ဆောက်ပြီးသည့် လမ်း၊ တံတားများအား အဆင့်မြင့်ဆောက်လုပ်ရန်နှင့် ရေရှည်ခိုင်ခံ့တည်တံ့အောင် ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော်မှ ချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများ (Urban Development Policy) နှင့် မြို့ပြမဟာဗျူဟာများ (Urban Development Strategies) များ ချမှတ်ဆောင်ရွက်ရေး၊

(၅) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စား ဝတ် နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့်မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးလာရေးအတွက် အဓိကထား ဆောင်ရွက်ရေး၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ချင်းပြည်နယ်အတွင်းရှိ ပြည်ထောင်စုလမ်းနှင့် ပြည်နယ်လမ်းများအား လမ်းကျဉ်းနေရာတာချဲ့ခြင်း၊ မြေလမ်းမှ ကျောက်လမ်း၊ ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ရမည်။

(၂) ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုလမ်းများအား ယာဉ်သွားလမ်းအကျယ် (၁၂) ပေ၊ ကတ္တရာလမ်း (၆) မိုင် (၃) ဖာလုံ၊ ကျောက်လမ်း (၇) မိုင်၊ လမ်းတာဘောင်ချဲ့ခြင်း (၁၂) မိုင် (၂) ဖာလုံ၊ သံကူကွန်ကရစ်တံတား (၁၀) စင်း၊ သံကူကွန်ကရစ်ရေပြွန် (၉၁) စင်း၊ မြေထိန်းနံရံ (၂၂) ခု၊ မြေကာနံရံ (၁) ခု တိုးချဲ့ဆောင်ရွက်ရမည်။

(၃) ချင်းပြည်နယ်အတွင်းရှိ ကျေးရွာချင်းဆက် ကားလမ်း (၃၆၇) မိုင် (၆) ဖာလုံ၊ ကျေးရွာချင်းဆက် ဆိုင်ကယ်လမ်း (၁၂၀) မိုင် ဆောင်ရွက်ရမည်။

(၄) ချင်းပြည်နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများပေါ်ရှိ ဘေလီတံတား (၁) စင်း၊ ကြိုးတံတား (၁၂) စင်း၊ သစ်သားတံတား (၆) စင်း တည်ဆောက်ရမည်။

(၅) ဂျပန်ချေးငွေ ကျပ်သန်း (၁၀၄၀) အား ပြည်ထောင်စုမှ စီမံခန့်ခွဲသော လမ်းမကြီးများတွင် ကတ္တရာခင်းခြင်း၊ ကျောက်ခင်းခြင်း၊ လမ်းတာချဲ့ခြင်းများ စီမံခန့်ခွဲ ဆောင်ရွက်သွားမည်။

(၆) ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်လမ်းများ ကတ္တရာခင်းခြင်း (၁၀) မိုင်၊ ကျောက်လမ်းခင်းခြင်း (၂၀) မိုင်၊ မြေလမ်း (၅၀) မိုင် ဆောင်ရွက်ရမည်။ ချောင်းကူးတံတား (၈) စင်း၊ လမ်းရေပြွန် (၁၄၀) စင်း ဆောက်လုပ်ရမည်။

(၇) ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ဆဲ၊ ဖြည့်စွက်နှင့်လုပ်ငန်းသစ်များတွင် အဆောက်အအုံ၊ လမ်းတံတားနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည်။

(၈) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချင်းပြည်နယ်အတွင်း ကျေးရွာ (၃၅) ရွာတွင် ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းဖြစ်သော မြေသားရေကန် (၅) ခု၊ စိမ့်စမ်းရေသွယ်လုပ်ငန်း (၃၀) ခု ဆောင်ရွက်ရမည်။

(၉) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်အိမ်ရာလုပ်ငန်းအတွက် မြို့နယ် (၂) မြို့နယ်တွင် အိမ်ခြေ (၆၈) လုံး ဆောက်လုပ်ရမည်။

(၁၀) နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လမ်းတံတားလုပ်ငန်း (၃၃) ခု ဆောင်ရွက်ရမည်။ တန်ဖိုးနည်းအိမ်ရာ (၁၀၀) လုံး၊ ၂ ခန်းတွဲဝန်ထမ်းအိမ်ရာ (၁၀) လုံး ဆောက်လုပ်ရမည်။

(၁၁) ချင်းပြည်နယ် ပြည်သူများ၏ နေထိုင်မှုအခွင့်အလမ်းများ အစဉ်တိုးတက်မြင့်မားလာရေးနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးမှု (Social Economic Development) ရရှိရေးအတွက် မြို့ပြများ စနစ်တကျဖွံ့ဖြိုးပြီး စီးပွားရေးတိုးတက်ကောင်းမွန်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် စက်မှုဇုန်များ စီမံကိန်းရေးဆွဲ တည်ဆောက်ရမည်။

(၁၂) မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်း မြင့်မားလာစေရေး ဆောင်ရွက်ရမည်။

(၁၃) ဆောက်လုပ်မှုကဏ္ဍကို ပုံမှန်ဈေးနှုန်းအရ (၂၀၁၂-၂၀၁၃) ခုနှစ်ထက် (၁၆. ၉) ရာခိုင်နှုန်း တိုးတက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ချင်းပြည်နယ်အတွင်းရှိ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်း (၁၄) လမ်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်း (၁၄) လမ်းတို့အား ယာဉ်သွားလမ်း အကျယ် (၁၂) ပေ၊ ကတ္တရာလမ်း (၆) မိုင် (၃) ဖာလုံ၊ ကျောက်လမ်း (၇) မိုင်၊ လမ်းတာဘောင်ချဲ့ခြင်း (၁၂) မိုင် (၂) ဖာလုံအထိ ဖြစ်ပေါ်လာအောင် ဆောင်ရွက်မည်။

(၂) သံကူကွန်ကရစ်တံတား (၁၀) စင်း၊ သံကူကွန်ကရစ်ရေပြွန် (၉၁) စင်း၊ မြေထိန်းနံရံ (၂၂) ခု၊ မြေကာနံရံ (၁) ခု တိုးချဲ့ဆောင်ရွက်မည်။

(၃) ချင်းပြည်နယ်အတွင်းရှိ ကျေးရွာချင်းဆက် ကားလမ်း (၃၆၇) မိုင် (၆) ဖာလုံ၊ ကျေးရွာချင်းဆက် ဆိုင်ကယ်လမ်း (၁၂၀) မိုင် ဆောင်ရွက်မည်။

(၄) ချင်းပြည်နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများပေါ်ရှိ ဘေလီတံတား (၁) စင်း၊ ကြိုးတံတား (၁၂) စင်း၊ သစ်သားတံတား (၆) စင်း တည်ဆောက်မည်။

(၅) ဂျပန်ချေးငွေ ကျပ်သန်း (၁၀၄၀) အား ပြည်ထောင်စုမှ စီမံခန့်ခွဲသော လမ်းမကြီးများတွင် ကတ္တရာခင်းခြင်း၊ ကျောက်ခင်းခြင်း၊ လမ်းတာချဲ့ခြင်းများ စီမံခန့်ခွဲဆောင်ရွက်သွားမည်။

(၆) ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်လမ်းများ ကတ္တရာခင်းခြင်း (၁၀) မိုင်၊ ကျောက်လမ်းခင်းခြင်း (၂၀) မိုင်၊ မြေလမ်း (၅၀) မိုင် ဆောင်ရွက်မည်။ ချောင်းကူးတံတား (၈) စင်း၊ လမ်းရေပြွန် (၁၄၀) စင်း ဆောက်လုပ်မည်။

(၇) ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ဆဲ၊ ဖြည့်စွက်နှင့်လုပ်ငန်းသစ်များတွင် အဆောက်အအုံ၊ လမ်းတံတားနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်။

(၈) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ချင်းပြည်နယ်အတွင်း ကျေးရွာ (၃၅) ရွာတွင် ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းဖြစ်သော မြေသားရေကန် (၅) ခု၊ စိမ့်စမ်းရေသွယ်လုပ်ငန်း (၃၀) ခု ဆောင်ရွက်မည်။

(၉) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်အိမ်ရာလုပ်ငန်းအတွက် မြို့နယ် (၂) မြို့နယ်တွင် အိမ်ခြေ (၆၈) လုံး ဆောက်လုပ်မည်။

(၁၀) တည်ဆောက်ပြီးသော လမ်းနှင့်တံတားများအား ပြုပြင်ထိန်းသိမ်းမည်။

(၁၁) နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် ချမှတ်ထားသော လမ်းညွှန်မှုများနှင့် မူဝါဒများအရ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်။

၁၄။ ၂၀၁၃-၂၀၁၄ ခုနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကုန်းလမ်းပို့ဆောင်ရေးတွင် ခရီးသည်နှင့် ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်ရေးအတွက် ပို့ဆောင်ရေးယာဉ်များ အစားထိုးခြင်း၊ အင်အားတိုးချဲ့ခြင်းနှင့် ခေတ်နှင့်အညီ လိုက်လျောညီထွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရေး၊

(၂) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး (Road Safety) နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်၍ စနစ်တကျကြီးကြပ်ကွပ်ကဲရေး၊

(၃) ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတွင် လက်ရှိအသုံးပြုနေသော လူ၊ မြင်းတို့ဖြင့် ပို့ဆောင်နေမှုအား ဆိုင်ကယ်လမ်း၊ ဂျစ်ကားလမ်းများ ဖောက်လုပ်ပြီးသည့် နေရာများတွင် ဆိုင်ကယ်၊ ဂျစ်ကားများဖြင့် ပို့ဆောင်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) ကုန်းလမ်းဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှုပမာဏအား နိုင်ငံတော်မှ ချမှတ်သည့် နှစ်စဉ် (GDP) တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက်ရမည်။

(၂) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့တို့အတွက် နှစ်စဉ် အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေပေးရမည်။

(၃) ကုန်းလမ်းပို့ဆောင်ရေးဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု တိုးတက်လာစေရေးအတွက် လမ်းနှင့်တံတားများ ကောင်းမွန်လာသည်နှင့်အညီ မော်တော်ယာဉ်လိုင်း၊ ခရီးသည်တင်ယာဉ်၊ ကုန်စည်ပို့ဆောင်ရေးယာဉ် တိုးချဲ့ဆောင်ရွက်ရမည်။

(၄) ပလက်ဝမြို့၊ ကုလားတန်မြစ် အရှေ့ဘက်ကမ်းတွင် အိန္ဒိယနိုင်ငံမှ ဆိပ်ခံတံတားနှင့် ဆိပ်ကမ်းအဆောက်အဦများ တည်ဆောက်ရာတွင် အကျိုးစီးပွားရရှိအောင် ဆောင်ရွက်ရမည်။

(၅) ရေကြောင်းလမ်းအသုံးပြုသည့် နေရာဒေသများတွင် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှု တိုးတက်အောင် ဆောင်ရွက်ရမည်။

(၆) ကုန်းလမ်းပို့ဆောင်ရေးဖြင့် ဒေသနေပြည်သူလူထု စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူနေမှုအဆင့်အတန်း မြင့်မားလာရမည်။

(၇) ပို့ဆောင်ရေးကဏ္ဍကို ပုံမှန်ဈေးနှုန်းအရ (၂၀၁၂-၂၀၁၃) ခုနှစ်ထက် (၇. ၉) ရာခိုင်နှုန်း တိုးတက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးတွင် စည်းကမ်းတကျနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစွာဖြင့် သယ်ယူပို့ဆောင်နိုင်ရေး ဆောင်ရွက်မည်။

(၂) ယာဉ်များ စနစ်တကျစစ်ဆေးနိုင်ရန် ခေတ်မီစက်ကိရိယာများ၊ တန်ပိုယာဉ်စစ်ဆေး ကိရိယာများ ထားရှိဆောင်ရွက်မည်။

၁၅။ ၂၀၁၃-၂၀၁၄ ခုနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍ အနေဖြင့် Public Private Partnership (PPP) ပုံစံဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းချက် ထားပြီး ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်ရေး၊

(၂) ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲထားရှိပြီးဖြစ်သော ဥပဒေများအပေါ် အတည်ပြု ဆောင်ရွက်ခြင်းနှင့် လိုက်နာကျင့်သုံးခြင်းများ ဆောင်ရွက်ရေး၊

(၃) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား ပါဝင်ဆောင်ရွက်ခွင့် ပြုမည်ဖြစ်ပြီး IT ကဏ္ဍတွင် နိုင်ငံသားနှင့်နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအား အချိုးအစား မျှတစွာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဆက်လက်ဖန်တီးပေးရေး၊

(၄) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(၅) High Speed Internet Service အသုံးချနိုင်ရေးအတွက် ISP များ ထပ်မံတည်ဆောက်ခြင်း နှင့် နိုင်ငံတကာနှင့် ချိတ်ဆက်ထားသည့် International Bandwidth များ တိုးချဲ့သုံးစွဲနိုင်ရေး ဆောင်ရွက်ရေး၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ ပုံမှန်ဈေးနှုန်းအရ ပထမကာလတိုငါးနှစ်စီမံကိန်း၏ ဒုတိယနှစ် (၂၀၁၂-၂၀၁၃) ခုနှစ်ထက် (၃. ၅) ရာခိုင်နှုန်း တိုးတက်ရမည်။

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းလုံးရေ (၇၅၀၀) တိုးချဲ့တပ်ဆင်သွားပြီး တယ်လီဖုန်းသိပ်သည်းဆ (၃. ၂) ရာခိုင်နှုန်းရှိရမည်။

(၃) Internet ဆက်သွယ်မှုစနစ်ကို မင်းတပ်မြို့နှင့် ဖလမ်းမြို့တွင် တိုးချဲ့ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) မိုဘိုင်းတိုးချဲ့ရေးစီမံကိန်း ပထမနှစ်လိုင်း (၇၅၀၀) လိုင်းစီမံကိန်းကို ပြီးစီးအောင် ဆောင်ရွက်ပြီး ဒုတိယနှစ်စီမံကိန်းကို တစ်ဆက်တစ်စပ်တည်း ဆက်လက်ဆောင်ရွက်မည်။

(၂) ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ပြည်ထောင်စုအစိုးရ၏ အစီအမံဖြင့် နည်းပညာပြန့်ပွားရေး Centre များ ဖွင့်လှစ်ဆောင်ရွက်မည်။

(၃) အော်တိုတယ်လီဖုန်းစနစ်ဖြင့် PSTN အိတ်ချိန်းများအား အဆင့်မြင့်အိတ်ချိန်းများဖြစ်သော Softswitch များဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်း၊ Online Charging System (OCS)

စနစ် တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး Multiplay Service အသုံးပြုနိုင်သော FTTH စနစ်အား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် ပူးပေါင်းဆောင်ရွက်မည်။

(၄) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်ပတယ်လီဖုန်း ခေါ်ဆိုမှုတွင် လွယ်ကူချောမွေ့စေရန် အပြည်ပြည်ဆိုင်ရာ (International Gateway) အိတ်ချိန်းများ တိုးချဲ့ခြင်းကိုလည်း ဆောင်ရွယ်မည်။

(၅) ICT Master Plan နှင့်ပတ်သက်၍ Forum များ၊ Workshop များ၊ ဆွေးနွေးပွဲများ ကျင်းပ၍ အကောင်အထည်ဖော်မည်။

(၆) Internet သုံးစွဲမှုတွင် လက်ရှိအသုံးပြုသော IPv4 စနစ်အား IPv6 စနစ်သို့ ပြောင်းလဲသုံးစွဲနိုင်ရေး ရေးဆွဲဆောင်ရွက်မည်။

(၇) ပြည်နယ်နှင့်မြို့နယ်များအရောက် Fiber Cable ဆက်ကြောင်းများ တည်ဆောက်၍ လုံလောက်သော Bandwidth Capacity ရရှိရေး ဆောင်ရွက်မည့်အပြင် အရန်ဆက်ကြောင်းအဖြစ် GbE Micro ဆက်ကြောင်းများ တည်ဆောက်သွားမည်။

(၈) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ် အမြန်ငွေပို့လွှာ (Online Money Order) စနစ်အား ပြည်နယ်စာတိုက်ရုံးတွင် စတင်ဆောင်ရွက်မည်။

(၉) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေးပေါ်ဆက်သွယ်မှုစနစ် Back-up System အဖြစ် ရေဒီယိုကြေးနန်းစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း e-Telegram ကြေးနန်းများ တိုးချဲ့ခြင်းကို ဆောင်ရွက်မည်။

(၁၀) ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် ကြေးနန်း၊ ဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် သင်တန်းအမျိုးအစားအလိုက် လေ့ကျင့်သင်ကြားရေး စေလွှတ်ဆောင်ရွက်မည်။

၁၆။ ၂၀၁၃-၂၀၁၄ ခုနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒ။ နိုင်ငံတော်နှင့် ချင်းပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့် ရင်ပေါင်တန်းဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်ရေး ဖြစ်သည်။

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စည်းစနစ်တကျ ကြီးကြပ်ကွပ်ကဲမှု ပြုနိုင်ရေးအတွက် ရေးဆွဲထားသော ဥပဒေများ၊ နည်းဥပဒေများအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ထပ်မံရေးဆွဲခြင်း၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းများအား နိုင်ငံတကာအဆင့်အတန်းနှင့်အညီ ဖြစ်စေရေး နိုင်ငံတော်မှ ဆောင်ရွက်မှုကို လိုက်နာဆောင်ရွက်ရမည်။

(၂) နိုင်ငံတော်အတွင်းရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်။

(၃) ငွေရေးကြေးရေးကဏ္ဍကို ပုံမှန်ဈေးနှုန်းအရ (၂၀၁၂-၂၀၁၃) ခုနှစ်ထက် (၂၃. ၆) ရာခိုင်နှုန်း တိုးတက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အီလက်ထရောနစ် ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။

(၂) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်မည်။

(၃) ပြည်တွင်းငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရန် နည်းလမ်းရှာဖွေ ဆောင်ရွက်မည်။

(၄) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့ အဆင်ပြေစေရန် ကြိုးပမ်းဆောင်ရွက်မည်။

(၅) ဖွဲ့စည်းပုံ ဝန်ထမ်းအင်အား၊ အဆောက်အဦ၊ ပရိဘောဂ၊ စက်ပစ္စည်း လိုအပ်ချက်များကို လိုအပ်သလို ပြင်ဆင်၊ ဖြည့်စွက်၊ ဖြည့်ဆည်း ဆောင်ရွက်မည်။

(၆) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်မည်။

(၇) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် အသေးစားငွေရေး ကြေးရေးဥပဒေ ထုတ်ပြန်ထားပြီးဖြစ်၍ အဆိုပါဥပဒေနှင့်စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်း များ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မည်။

(၈) အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ကြပ်မတ်မှုဖြင့် ပြည်နယ် အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ် တကျ ဖွဲ့စည်းကာ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်း ပေါ်ပေါက်ရေး ဆောင်ရွက်မည်။

၁၇။ ၂၀၁၃-၂၀၁၄ ခုနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) ချင်းပြည်နယ်၏ ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် မသင်မနေရ ပညာရေးစနစ်ကို အစပျိုး အကောင်အထည်ဖော်ရေး၊

(၄) ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရင့်သန်ခိုင်မာပြီး ရိုးရာယဉ်ကျေးမှုအစဉ်အလာ များကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိသည့် နိုင်ငံ့သားကောင်းများ ပေါ်ထွန်းလာစေရေး၊

(၅) အခြေခံပညာကျောင်းများသည် ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ပင်မဌာနများအဖြစ် ပေါ်ထွန်းလာစေရေး၊

(၆) သဘာဝအရင်းအမြစ်မှ ရရှိသော စွမ်းအင်များကို အသုံးချ၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး၊

(၇) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

(၈) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေး ဆောင်ရွက်ရေး၊

(၉) အလုပ်သမားများ ကျန်းမာမှု ကောင်းမွန်တိုးတက်စေ၍ အလုပ်လုပ်နိုင်သည့် စွမ်းအား မြင့်မားပြီး ကုန်ထုတ်လုပ်မှု တိုးတက်စေရေး၊

(၁၀) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့် မိသားစု စားဝတ်နေရေးအတွက် ထောက်ပံ့မှု ရရှိစေရေး၊

(၁၁) နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် အကောင်အထည်ဖော်ရန်ရှိသည့် ရေတို၊ ရေရှည်လုပ်ငန်း များကို ပြည်သူများအား ပြန်ကြားအသိပေးရေး၊

(၁၂) နိုင်ငံတော်မှ ချမှတ်ထားသည့် ၂၀၁၅ ခုနှစ်တွင် ဖော်ဆောင်မည့် အာဆီယံ အသိုင်းအဝိုင်း ထူထောင်ရေး လုပ်ငန်းစဉ်များကို ဖော်ဆောင်ရေး၊

(၁၃) အထက်ဖော်ပြပါ မူဝါဒများကို အကောင်အထည်ဖော်ရာတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာနများက မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်သွားရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အိုမင်း ဟောင်းနွမ်း အန္တရာယ်ရှိသော အခြေခံပညာကျောင်းများအား ဦးစားပေးအလိုက် အသစ်ဆောက်လုပ်ရမည်။

(၂) ဥပဓိရုပ်မကောင်းသည့် အခြေခံပညာကျောင်းများ ပြင်ဆင်မွမ်းမံရမည်။

(၃) မူလတန်းအဆင့် ကျောင်းသုံးပုံနှိပ်စာအုပ်များအား အခမဲ့ ဖြန့်ဝေနိုင်ရမည်။

(၄) အခြေခံပညာအဆင့်အလိုက် အနိမ့်ဆုံးသင်ယူတတ်မြောက်မှု ရှိရမည်။

(၅) အခြေခံပညာကျောင်းများ အဆင့်အလိုက် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် အမခ (တွဲ) မှ အမက (ခွဲ)၊ အမက (ခွဲ) မှ အမက၊ မူလွန်မှ အလက (ခွဲ)၊ အလက (ခွဲ) မှ အလက၊ အလကမှ အထက (ခွဲ)၊ အထက (ခွဲ) မှ အထကသို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ရမည်။

(၆) အခြေခံပညာကျောင်းများ သင်ကြားရေး၊ စီမံရေးရာကဏ္ဍများ အဆင်ပြေစေရေးအတွက် ပြင်ပပုဂ္ဂိုလ်များမှ ဆွဲခန့် (နေ့စားလပေး) ဝန်ထမ်း၊ ရုံးဝန်ထမ်းများ ဖြည့်စွက်ခန့်ထားပေးရေး ဆောင်ရွက်ရမည်။

(၇) ဆရာ/ဆရာမများ ရရှိသော ဘွဲ့၊ အထူးပြုဘာသာရပ်နှင့် သင်ကြားသည့်ဘာသာရပ် ကိုက်ညီရမည်။

(၈) ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ လိုအပ်ချက်နှင့်အညီ ခန့်ထားပေးပြီး ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

(၉) ကျန်းမာရေးဝန်ဆောင်စရိတ် သက်သာသောနည်းဖြင့် အရည်အသွေး ပြည့်မီပြီး လွှမ်းခြုံမှု ကျယ်ပြန့်သော ဆေးကုသမှုရရှိစေရမည်။

(၁၀) ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေး မြှင့်တင်ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့အစည်းများ၊ ဆေးပေးခန်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရမည်။

(၁၁) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍကို ပုံမှန်ဈေးနှုန်းအရ (၂၀၁၂-၂၀၁၃) ခုနှစ်ထက် (၄၁. ၇) ရာခိုင်နှုန်း တိုးတက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အိုးမင်းဟောင်းနွမ်း အန္တရာယ်ရှိသော အခြေခံပညာကျောင်းများအား ဦးစားပေးအလိုက် အသစ်ဆောက်လုပ်ရမည်။

(၂) ပထမကာလတိုငါးနှစ်စီမံကိန်းအတွင်း နှစ်အလိုက် လျာထားသည့် ဥပဓိရုပ်မကောင်းသည့် အခြေခံပညာကျောင်းများ ပြင်ဆင်မွမ်းမံမည်။

(၃) တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ကျောင်းတက်မှန်ကန်ရေး၊ သင်ရိုးကုန် သင်ကြားရေး၊ အချိန်ပိုသင်ကြားရေး၊ ဘာသာရပ်အလိုက် ဆရာ/ဆရာမများ ဖြည့်ဆည်းခန့်ထားရေး၊ အုပ်ထိန်းသူ (Guardian) များ ကြီးကြပ်ကွပ်ကဲ ပံ့ပိုးပေးရေးနှင့် အခြေခံပညာကျောင်းများအလိုက် မိဘဆရာ၊ ဒေသအာဏာပိုင်များ၊ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မည်။

(၄) အခြေခံပညာကျောင်းများ၊ ဆေးရုံနှင့်ကျန်းမာရေးဌာနများ တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ စိစစ်တင်ပြဆောင်ရွက်မည်။

(၅) အခြေခံပညာကျောင်းများ အဆင့်အလိုက် တိုးမြှင့်ဖွင့်လှစ်နိုင်ရေးအတွက် အမက (တွဲ) မှ အမက (ခွဲ)၊ အမက (ခွဲ) မှ အမက၊ မူလွန်မှ အလက (ခွဲ)၊ အလက (ခွဲ) မှ အလက၊ အလကမှ အထက (ခွဲ)၊ အထက (ခွဲ) မှ အထကသို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်မည်။

(၆) အခြေခံပညာကျောင်းများ သင်ကြားရေး၊ စီမံရေးရာကဏ္ဍများ အဆင်ပြေစေရေးအတွက် ပြင်ပပုဂ္ဂိုလ်များမှ ဆွဲခန့် (နေ့စားလပေး) ဝန်ထမ်း၊ ရုံးဝန်ထမ်းများ ဖြည့်စွက်ခန့်ထားပေးရေး ဆောင်ရွက်မည်။

(၇) ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လူ့စွမ်းအားအပြည့်အဝရရှိရေး၊ လူတိုင်း ကျန်းမာသန်စွမ်းအောင် ဆောင်ရွက်မည်။

(၈) တွန်းဇံမြို့နယ်၊ ဆဲနမ်ကျေးရွာ မူလတန်းကျောင်း ဆောက်လုပ်မည်။

(၉) ကန်ပက်လက်မြို့နယ်၊ ရဲချောင်းကျေးရွာ မူလတန်းကျောင်း ဆောက်လုပ်မည်။

(၁၀) မင်းတပ်မြို့နယ်၊ သိမ်းကျေးရွာ မူလတန်းကျောင်း ဆောက်လုပ်မည်။

(၁၁) ကျီခါးမြို့နယ်၊ ဆယ်ပီးကျေးရွာ မူလတန်းကျောင်း ဆောက်လုပ်မည်။

(၁၂) ဟားခါးမြို့နယ်၊ လုံဟောက်ကျေးရွာ မူလတန်းကျောင်း ဆောက်လုပ်မည်။

(၁၃) ဟားခါးမြို့နယ်၊ ဖိုင်ဖာ (က) ကျေးရွာ မူလတန်းကျောင်း ဆောက်လုပ်မည်။

(၁၄) မင်းတပ်မြို့နယ်၊ လိုမဆန်ကျေးရွာ ကျောင်းဆောင် ဆောက်လုပ်မည်။

(၁၅) တီးတိန်မြို့နယ်၊ ဂမ်လိုင်ကျေးရွာ ကျောင်းဆောင် ဆောက်လုပ်မည်။

(၁၆) ဟားခါးမြို့နယ်၊ လီချားကျေးရွာ ကျောင်းဆောင် ဆောက်လုပ်မည်။

(၁၇) တီးတိန်မြို့နယ်၊ တွီးဒီးလ်ကျေးရွာ မူလတန်းလွန်ကျောင်း ဆောက်လုပ်မည်။

(၁၈) ထန်တလန်မြို့နယ်၊ မွန်ဟာလ်ကျေးရွာ မူလတန်းလွန်ကျောင်း ဆောက်လုပ်မည်။

(၁၉) ထန်တလန်မြို့နယ်၊ ရှာလမ်ကျေးရွာ မူလတန်းလွန်ကျောင်း ဆောက်လုပ်မည်။

(၂၀) ထန်တလန်မြို့နယ်၊ ဆပ်မချုံကျေးရွာ မူလတန်းလွန်ကျောင်း ဆောက်လုပ်မည်။

(၂၁) ဖလမ်းမြို့နယ်၊ တျနိုင်ကျေးရွာ မူလတန်းကျောင်း ဆောက်လုပ်မည်။

(၂၂) ဖလမ်းမြို့နယ်၊ တလန်ကွေးကျေးရွာ မူလတန်းလွန်ကျောင်း ဆောက်လုပ်မည်။

(၂၃) ဖလမ်းမြို့နယ်၊ ဇယ်ဟိုင်မွာလ်ကျေးရွာ မူလတန်းလွန်ကျောင်း ဆောက်လုပ်မည်။

(၂၄) ကျေးလက်ကျန်းမာရေးဌာနမှ တိုက်နယ်ဆေးရုံအဆင့်သို့ (၁) ခု တိုးမြှင့်ဖွင့်လှစ်မည်။ (မကွီ-အိမ်နူး R.H.C မင်းတပ်မြို့နယ်။)

(၂၅) ကျေးလက်ကျန်းမာရေးဌာနခွဲ (၃) ခုအား ကျေးလက်ကျန်းမာရေးဌာနအဖြစ် တိုးမြှင့်ဖွင့်လှစ်မည်။ (ထန်တလန်မြို့နယ်-ထန်ဩ S/C နှင့် ပလက်ဝမြို့နယ်၊ တွီးကင်းဝနှင့်ဟားခါးမြို့နယ်၊ ချွန်ကျုံး S/C)

(၂၆) ကျေးလက်ကျန်းမာရေးဌာနခွဲအဖြစ် ကျေးရွာ (၁၂) ရွာတွင် တိုးမြှင့်ဖွင့်လှစ်မည်။

(၂၇) ကျောင်းကျန်းမာရေးဌာန (၂) ခု တိုးချဲ့ဖွင့်လှစ်မည်။ (မင်းတပ်၊ တီးတိန်။)

(၂၈) ဟားခါးဆေးရုံကြီး ခွဲစိတ်ခန်း၊ သားဖွားခန်း ဆက်လက်ဆောက်လုပ်မည်။

(၂၉) ဖလမ်းမြို့နယ်၊ ဆအက် R.H.C ဆက်လက်လုပ်ဆောင်မည်။

(၃၀) ဟားခါးမြို့နယ်၊ သီဖူးလ် S/C ဆက်လက်ဆောက်လုပ်မည်။

(၃၁) ဖလမ်းမြို့နယ်၊ ဆယ်ပီး R.H.C ဆက်လက်ဆောက်လုပ်မည်။

(၃၂) မင်းတပ်မြို့နယ်၊ ဝေလောင်း R.H.C ဆက်လက်ဆောက်လုပ်မည်။

(၃၃) မင်းတပ်မြို့နယ်၊ မနာတာ R.H.C ဆက်လက်ဆောက်လုပ်မည်။

(၃၄) မင်းတပ်မြို့နယ်၊ အောက်ချိုင် S/C ဆက်လက်ဆောက်လုပ်မည်။

(၃၅) ပလက်ဝမြို့နယ်၊ တိုင်ဝ S/C ဆက်လက်ဆောက်လုပ်မည်။

(၃၆) ပလက်ဝမြို့နယ်၊ ကြက်မအိုင် S/C ဆက်လက်ဆောက်လုပ်မည်။

(၃၇) မင်းတပ်ဆေးရုံ (၂) ထပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည်။

(၃၈) ဟားခါးမြို့နယ်၊ ချွန်ကျိုး S/C ဆောက်လုပ်မည်။

(၃၉) ကန်ပက်လက်မြို့နယ်၊ ခါရိုင်း S/C ဆောက်လုပ်မည်။

(၄၀) တွန်းဇံမြို့နယ်၊ ကန်ဆောက်ဇန် S/C ဆောက်လုပ်မည်။

(၄၁) မတူပီမြို့နယ်၊ စန်တပ် R.H.C ဆက်လက်ဆောက်လုပ်မည်။

(၄၂) ထန်တလန်မြို့နယ်၊ ဆလဲင်း R.H.C ဆောက်လုပ်မည်။

(၄၃) ဖလမ်းဆေးရုံ (၄) ခန်းတွဲ (၂) ထပ် ဆရာဝန်နေအိမ် ဆောက်လုပ်မည်။

(၄၄) နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ပညာရေးလုပ်ငန်းတွင် အမက၊ အလက၊ အထက ကျောင်းဆောက်လုပ်ခြင်း (၂၃) ကျောင်း ဆောက်လုပ်မည်။

(၄၅) နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျန်းမာရေးလုပ်ငန်းတွင် ဆေးရုံ၊ ဆေးပေးခန်း၊ ကျန်းမာရေးဌာန/ဌာနခွဲ (၁၁) ခု ဆောက်လုပ်မည်။

၁၈။ ၂၀၁၃-၂၀၁၄ ခုနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းတွင် ငွေးရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အာဆီယံစီးပွားရေး အသိုင်းအဝိုင်းရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန်အတွက် ပြည်ထောင်စုအစိုးရမှ ချမှတ်ပေးထားသော လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာအရည်အချင်းများကို အသိအမှတ်ပြုရေး၊ အခြေခံအဆောက်အဦ များ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရေး၊

(၂) ချင်းတိုင်းရင်းသားအားလုံး၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ ထုံးစံများ၊ ရေမြေတောတောင်သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး ရေရှည်တည်တံ့ ခိုင်မြဲစေမည့် ဝန်ဆောင်မှုလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(၃) အပြန်အလှန် ကူးလူးဆက်ဆံမှုများ တိုးမြှင့်ရေး၊ ဒေသတွင်းရှိ အရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပုဂ္ဂလိကကဏ္ဍ ပိုမိုပူးပေါင်းပါဝင်ရေးတို့ကို ခရီးသွားလုပ်ငန်းဖြင့် အထောက်အကူပြုစေရေး။

(ခ) ရည်မှန်းချက်။ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍကို ပုံမှန်ဈေးနှုန်းအရ (၂၀၁၂-၂၀၁၃) ခုနှစ်ထက် (၁၃.၀) ရာခိုင်နှုန်း တိုးတက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) ပြည်ထောင်စုအစိုးရအစီအမံဖြင့် ဝန်ဆောင်မှုကဏ္ဍကြီးရှိ ကဏ္ဍအသီးသီးတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာအရည်အချင်းများ အသိအမှတ်ပြုရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည်။

(၂) ဝန်ဆောင်မှုကဏ္ဍကြီးတွင် ပါဝင်သော ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုစသော ကဏ္ဍများ၏ စီမံကိန်းရည်မှန်းချက်များကို ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော် ဆောင်ရွက်မည်။

၁၉။ ၂၀၁၃-၂၀၁၄ ခုနှစ် ချင်းပြည်နယ် ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ကုန်တိုးမြှင့်ရေး ဦးစားပေးဆောင်ရွက်ရေး၊

(၂) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ ထုတ်လုပ် တင်ပို့ရောင်းချရေး၊

(၃) ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်တွင်းကုန်သွယ်ရေးတွင် လွတ်လပ်စွာ ယှဉ်ပြိုင်ရောင်းဝယ်နိုင်အောင် ဆောင်ရွက်ရေး၊

(၄) ပို့ကုန် သွင်းကုန်များ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းများ ချမှတ်ဆောင်ရွက်ရေး၊

(၅) ပို့ကုန်အမည်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးအတွက် ထုတ်လုပ်သူနှင့် ပို့ကုန်လုပ်ငန်းရှင်များ ဆက်စပ်ပေးရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကုန်သွယ်မှုကဏ္ဍတွင် သမဝါယမကဏ္ဍ တိုးတက်လာစေရေးအတွက် သမဝါယမအသင်းများ တိုးချဲ့ဖွဲ့စည်းရေး တွန်းအားပေး ဆောင်ရွက်ရမည်။

(၂) ပုဂ္ဂလိကလုပ်ငန်းရှင်များ ကုန်သွယ်မှုကဏ္ဍတွင် ပိုမိုပါဝင်လာရေး အားပေးကူညီ ဆောင်ရွက်ရမည်။

(၃) ကုန်သွယ်မှုကဏ္ဍကို (၂၀၁၂-၂၀၁၃) ခုနှစ်ထက် (၉. ၄) ရာခိုင်နှုန်း တိုးတက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ချင်းပြည်နယ်အတွင်း ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသော မွေးမြူရေးနှင့်စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ ပေါ်ပေါက်လာစေရေးအတွက် ပြည်သူလူထုအား ပညာပေးခြင်း၊ စည်းရုံးတွန်းအားပေးပြီး လိုအပ်ချက်များ ပံ့ပိုးကူညီဆောင်ရွက်ပေးမည်။

(၂) လက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးကုန်ထုတ်လုပ်ငန်းများနှင့် အခြား ကုန်ထုတ်လုပ်ငန်းများကိုလည်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် နည်းပညာနှင့်လိုအပ်ချက်များ စီစဉ်ဆောင်ရွက်ပေးမည်။

(၃) ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သည့် ဒေသများသို့ ဆက်သွယ်ရေး ပိုမို တိုးတက်ကောင်းမွန်အောင် ဦးစားပေးဆောင်ရွက်ပေးမည်။

(၄) ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် စုစည်းပြီး အသင်းအဖွဲ့များ ဖွဲ့စည်းရေးဆောင်ရွက်ပေးပြီး ဈေးနှုန်းမှန်ကန်တည်ငြိမ်အောင် ကူညီဆောင်ရွက်ပေးမည်။

(၅) ချင်းပြည်နယ်အတွင်း ထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပိုလျှံမှုတို့အပေါ် မူတည်၍ ပို့ကုန်၊ သွင်းကုန်များကို ထိန်းညှိခြင်းဖြင့် ကုန်စည်စီးဆင်းမှုနှင့် ကုန်ဈေးနှုန်း တည်ငြိမ်စေရေးအတွက် ထိန်းကျောင်းပေးမည်။

## အခန်း (၅)

## အထွေထွေ

၂၀။ ၂၀၁၃-၂၀၁၄ ခုနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၂၁။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ကဏ္ဍစီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံးဆောင်ရွက်ရန် ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ဟုန်းငိုင်း၊
ဝန်ကြီးချုပ်၊
ချင်းပြည်နယ်အစိုးရအဖွဲ့။

နောက်ဆက်တွဲ (၁)

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ချင်းပြည်နယ်၏**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၈၇၂၆၉.၀** | **၅၄.၄** | **၉၁၈၄၂.၀** | **၅၂.၆** | **၅.၂** |
| | ၁ | လယ်ယာ | ၄၆၁၉၂.၅ | ၂၈.၈ | ၄၇၉၁၆.၀ | ၂၇.၅ | ၃.၇ |
| | ၂ | သားငါး | ၃၈၇၃၀.၇ | ၂၄.၁ | ၄၁၇၇၁.၁ | ၂၃.၉ | ၇.၉ |
| | ၃ | သစ်တော | ၂၃၄၅.၈ | ၁.၅ | ၂၁၅၄.၉ | ၁.၂ | -၈.၁ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၂၀၃၅၂.၃** | **၁၂.၇** | **၂၂၉၆၄.၆** | **၁၃.၂** | **၁၂.၈** |
| | ၁ | စွမ်းအင် | ၀.၀ | ၀.၀ | ၀.၀ | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၂၆၃.၄ | ၀.၈ | ၁၁၂၇.၇ | ၀.၆ | -၁၀.၇ |
| | ၃ | စက်မှုလက်မှု | ၁၁၆၂၆.၀ | ၇.၂ | ၁၃၁၄၃.၂ | ၇.၅ | ၁၃.၁ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၃၄၇.၄ | ၀.၂ | ၃၇၉.၁ | ၀.၂ | ၉.၁ |
| | ၅ | ဆောက်လုပ်မှု | ၇၁၁၅.၅ | ၄.၄ | ၈၃၁၄.၆ | ၄.၈ | ၁၆.၉ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၅၂၈၃၄.၉** | **၃၂.၉** | **၅၉၆၉၁.၀** | **၃၄.၂** | **၁၃.၀** |
| | ၁ | ပို့ဆောင်ရေး | ၃၄၉၀.၅ | ၂.၂ | ၃၇၆၇.၀ | ၂.၂ | ၇.၉ |
| | ၂ | ဆက်သွယ်ရေး | ၄၇၁၃.၈ | ၂.၉ | ၄၈၈၀.၅ | ၂.၈ | ၃.၅ |
| | ၃ | ငွေရေးကြေးရေး | ၉၉.၈ | ၀.၁ | ၁၂၃.၄ | ၀.၁ | ၂၃.၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၆၄၅၅.၁ | ၄.၀ | ၉၁၄၃.၇ | ၅.၂ | ၄၁.၇ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၃၃၂၄.၂ | ၂.၁ | ၃၇၅၆.၈ | ၂.၂ | ၁၃.၀ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၃၄၇၅၁.၅ | ၂၁.၇ | ၃၈၀၁၉.၆ | ၂၁.၈ | ၉.၄ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၆၀၄၅၆.၂** | **၁၀၀** | **၁၇၄၄၉၇.၆** | **၁၀၀.၀** | **၈.၈** |

နောက်ဆက်တွဲ (၂)

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ချင်းပြည်နယ်၏
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၁၀၇၆၂၁. ၃** | **၆၇. ၁** | **၁၁၄၈၀၆. ၆** | **၆၅. ၈** | **၆. ၇** |
| | ၁ | လယ်ယာ | ၄၆၁၉၂. ၅ | ၂၈. ၈ | ၄၇၉၁၆. ၀ | ၂၇. ၅ | ၃. ၇ |
| | ၂ | သားငါး | ၃၈၇၃၀. ၇ | ၂၄. ၁ | ၄၁၇၇၁. ၁ | ၂၃. ၉ | ၇. ၉ |
| | ၃ | သစ်တော | ၂၃၄၅. ၈ | ၁. ၅ | ၂၁၅၄. ၉ | ၁. ၂ | -၈. ၁ |
| | ၄ | စွမ်းအင် | ၀. ၀ | ၀. ၀ | ၀. ၀ | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၂၆၃. ၄ | ၀. ၈ | ၁၁၂၇. ၇ | ၀. ၆ | -၁၀. ၇ |
| | ၆ | စက်မှုလက်မှု | ၁၁၆၂၆. ၀ | ၇. ၂ | ၁၃၁၄၃. ၂ | ၇. ၅ | ၁၃. ၁ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၃၄၇. ၄ | ၀. ၂ | ၃၇၉. ၁ | ၀. ၂ | ၉. ၁ |
| | ၈ | ဆောက်လုပ်မှု | ၇၁၁၅. ၅ | ၄. ၄ | ၈၃၁၄. ၆ | ၄. ၈ | ၁၆. ၉ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၈၀၈၃. ၄** | **၁၁. ၃** | **၂၁၆၇၁. ၄** | **၁၂. ၄** | **၁၉. ၈** |
| | ၁ | ပို့ဆောင်ရေး | ၃၄၉၀. ၅ | ၂. ၂ | ၃၇၆၇. ၀ | ၂. ၂ | ၇. ၉ |
| | ၂ | ဆက်သွယ်ရေး | ၄၇၁၃. ၈ | ၂. ၉ | ၄၈၈၀. ၅ | ၂. ၈ | ၃. ၅ |
| | ၃ | ငွေရေးကြေးရေး | ၉၉. ၈ | ၀. ၁ | ၁၂၃. ၄ | ၀. ၁ | ၂၃. ၆ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၆၄၅၅. ၁ | ၄. ၀ | ၉၁၄၃. ၇ | ၅. ၂ | ၄၁. ၇ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၃၃၂၄. ၂ | ၂. ၁ | ၃၇၅၆. ၈ | ၂. ၂ | ၁၃. ၀ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၃၄၇၅၁. ၅** | **၂၁. ၇** | **၃၈၀၁၉. ၆** | **၂၁. ၈** | **၉. ၄** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၆၀၄၅၆. ၂** | **၁၀၀** | **၁၇၄၄၉၇. ၆** | **၁၀၀. ၀** | **၈. ၈** |

နောက်ဆက်တွဲ (၃)

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ချင်းပြည်နယ်၏**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၉၃၇၃၆. ၃** | **၅၄. ၇** | **၁၀၂၂၆၀. ၂** | **၅၃. ၂** | **၉. ၁** |
| | ၁ | လယ်ယာ | ၅၀၁၄၈. ၇ | ၂၉. ၃ | ၅၄၀၁၃. ၃ | ၂၈. ၁ | ၇. ၇ |
| | ၂ | သားငါး | ၄၁၁၄၇. ၈ | ၂၄. ၀ | ၄၅၉၀၅. ၅ | ၂၃. ၉ | ၁၁. ၆ |
| | ၃ | သစ်တော | ၂၄၃၉. ၈ | ၁. ၄ | ၂၃၄၁. ၄ | ၁. ၂ | -၄. ၀ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၂၁၁၆၈. ၄** | **၁၂. ၄** | **၂၄၆၉၁. ၅** | **၁၂. ၈** | **၁၆. ၆** |
| | ၁ | စွမ်းအင် | ၀. ၀ | ၀. ၀ | ၀. ၀ | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၂၈၇. ၇ | ၀. ၈ | ၁၁၄၉. ၄ | ၀. ၆ | -၁၀. ၇ |
| | ၃ | စက်မှုလက်မှု | ၁၂၂၀၃. ၂ | ၇. ၁ | ၁၄၁၃၅. ၆ | ၇. ၄ | ၁၅. ၈ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၄၀၈. ၉ | ၀. ၂ | ၅၁၄. ၁ | ၀. ၃ | ၂၅. ၇ |
| | ၅ | ဆောက်လုပ်မှု | ၇၂၆၈. ၆ | ၄. ၂ | ၈၈၉၂. ၄ | ၄. ၆ | ၂၂. ၃ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၅၆၄၆၆. ၆** | **၃၂. ၉** | **၆၅၃၄၄. ၇** | **၃၄. ၀** | **၁၅. ၇** |
| | ၁ | ပို့ဆောင်ရေး | ၃၇၁၄. ၇ | ၂. ၂ | ၄၁၂၃. ၂ | ၂. ၁ | ၁၁. ၀ |
| | ၂ | ဆက်သွယ်ရေး | ၃၉၃၁. ၆ | ၂. ၃ | ၁၇၆၃. ၃ | ၀. ၉ | -၅၅. ၂ |
| | ၃ | ငွေရေးကြေးရေး | ၉၃. ၅ | ၀. ၁ | ၉၅. ၆ | ၀. ၀ | ၂. ၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၆၄၅၅. ၁ | ၃. ၈ | ၁၀၈၃၃. ၈ | ၅. ၆ | ၆၇. ၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၃၄၆၃. ၈ | ၂. ၀ | ၄၀၀၁. ၀ | ၂. ၁ | ၁၅. ၅ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၃၈၈၀၇. ၉ | ၂၂. ၆ | ၄၄၅၂၇. ၈ | ၂၃. ၂ | ၁၄. ၇ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၇၁၃၇၁. ၃** | **၁၀၀** | **၁၉၂၂၉၆. ၄** | **၁၀၀. ၀** | **၁၂. ၂** |

နောက်ဆက်တွဲ (၄)

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ချင်းပြည်နယ်၏**
**ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၁၁၄၉၀၄. ၇** | **၆၇. ၁** | **၁၂၆၉၅၁. ၇** | **၆၆. ၀** | **၁၀. ၅** |
| | ၁ | လယ်ယာ | ၅၀၁၄၈. ၇ | ၂၉. ၃ | ၅၄၀၁၃. ၃ | ၂၈. ၁ | ၇. ၇ |
| | ၂ | သားငါး | ၄၁၁၄၇. ၈ | ၂၄. ၀ | ၄၅၉၀၅. ၅ | ၂၃. ၉ | ၁၁. ၆ |
| | ၃ | သစ်တော | ၂၄၃၉. ၈ | ၁. ၄ | ၂၃၄၁. ၄ | ၁. ၂ | -၄. ၀ |
| | ၄ | စွမ်းအင် | ၀. ၀ | ၀. ၀ | ၀. ၀ | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၂၈၇. ၇ | ၀. ၈ | ၁၁၄၉. ၄ | ၀. ၆ | -၁၀. ၇ |
| | ၆ | စက်မှုလက်မှု | ၁၂၂၀၃. ၂ | ၇. ၁ | ၁၄၁၃၅. ၆ | ၇. ၄ | ၁၅. ၈ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၄၀၈. ၉ | ၀. ၂ | ၅၁၄. ၁ | ၀. ၃ | ၂၅. ၇ |
| | ၈ | ဆောက်လုပ်မှု | ၇၂၆၈. ၆ | ၄. ၂ | ၈၈၉၂. ၄ | ၄. ၆ | ၂၂. ၃ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၇၆၅၈. ၇** | **၁၀. ၃** | **၂၀၈၁၆. ၉** | **၁၀. ၈** | **၁၇. ၉** |
| | ၁ | ပို့ဆောင်ရေး | ၃၇၁၄. ၇ | ၂. ၂ | ၄၁၂၃. ၂ | ၂. ၁ | ၁၁. ၀ |
| | ၂ | ဆက်သွယ်ရေး | ၃၉၃၁. ၆ | ၂. ၃ | ၁၇၆၃. ၃ | ၀. ၉ | -၅၅. ၂ |
| | ၃ | ငွေရေးကြေးရေး | ၉၃. ၅ | ၀. ၁ | ၉၅. ၆ | ၀. ၀ | ၂. ၂ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၆၄၅၅. ၁ | ၃. ၈ | ၁၀၈၃၃. ၈ | ၅. ၆ | ၆၇. ၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၃၄၆၃. ၈ | ၂. ၀ | ၄၀၀၁. ၀ | ၂. ၁ | ၁၅. ၅ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၃၈၈၀၇. ၉** | **၂၂. ၆** | **၄၄၅၂၇. ၈** | **၂၃. ၂** | **၁၄. ၇** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၁၇၁၃၇၁. ၃** | **၁၀၀** | **၁၉၂၂၉၆. ၄** | **၁၀၀. ၀** | **၁၂. ၂** |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ချင်းပြည်နယ်အစိုးရ

# ချင်းပြည်နယ် စည်ပင်သာယာရေးဥပဒေ

# ( ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၃/၂၀၁၃ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၃၀ ရက် )

ချင်းပြည်နယ်လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ချင်းပြည်နယ်စည်ပင်သာယာရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **စည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းသော အဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကော်မတီနှင့် ဝန်ထမ်းအဖွဲ့တို့ ပါဝင်သည်။

(ခ) **ပြည်နယ်**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ဂ) **အစိုးရ သို့မဟုတ် အစိုးရအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ချင်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ဝန်ကြီး**ဆိုသည်မှာ ချင်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(စ) **ညွှန်ကြားရေးမှူး**ဆိုသည်မှာ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ရုံးဝန်ထမ်း အကြီးအကဲကို ဆိုသည်။

(ဆ) **ပြည်နယ်စည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ကို ဆိုသည်။

(ဇ) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော မြို့နယ်စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ဈ) **ဝန်ထမ်းအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းအဖွဲ့ကို ဆိုသည်။

(ည) **အမှုဆောင်အရာရှိ**ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်းအကြီးအကဲကို ဆိုသည်။

(ဋ) **စည်းကမ်းများ**ဆိုသည်မှာ ဤဥပဒေပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ အစိုးရ သို့မဟုတ် ဝန်ကြီးဌာနက ထုတ်ပြန်သော စည်းကမ်းများကို ဆိုသည်။

(ဌ) **အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း**ဆိုသည်မှာ လုပ်ငန်းသဘာဝအရလည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရလည်းကောင်း လူ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် ပစ္စည်းများကို ထိခိုက်ပျက်စီးစေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သော လုပ်ငန်းကို ဆိုသည်။

(ဍ) **အခွန်**ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့်အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အခွန်၊ အခ၊ အကောက်နှင့် ၎င်းတို့အပေါ် တပ်ရိုက်သော ဒဏ်ကြေးတို့လည်း ပါဝင်သည်။

(ပ) **အနေးယာဉ်**ဆိုသည်မှာ ခရီးသည်၊ ကုန်ပစ္စည်းသယ်ပို့ရန် အခကြေးငွေယူ၍ သယ်ယူပို့ဆောင်ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကို ဆိုသည်။

(ဖ) **အနေးယာဉ်မောင်းသူ**ဆိုသည်မှာ အနေးယာဉ်ကိုနင်းသူ၊ တွန်းသူ၊ ဆွဲသူ၊ မောင်းသူတို့ကို ဆိုသည်။

(ဗ) **ကူးတို့လုပ်ငန်း**ဆိုသည်မှာ မြစ်၊ ချောင်း၊ သို့မဟုတ် အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန်၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗန်၊ စက်တပ်ယာဉ်၊ သင်္ဘောစသည်တို့ဖြင့် သယ်ယူပို့ဆောင်သည့် အများပြည်သူဆိုင်ရာ ကူးတို့လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့၊ တံတား၊ ကူးတို့ဆိပ်ခံ၊ ကူးတို့ဆိပ်တို့လည်း ပါဝင်သည်။

## အခန်း (၂)
## စည်ပင်သာယာရေးအဖွဲ့ဖွဲ့စည်းခြင်း

၃။ အစိုးရသည် ချင်းပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည် -

(က) မြို့နယ်တစ်ခုကိုဖြစ်စေ၊ မြို့တစ်မြို့ကိုဖြစ်စေ၊ နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော မြို့နယ်များ၊ သို့မဟုတ် မြို့များကို စုစည်း၍ဖြစ်စေ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် စည်ပင်သာယာရေးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် နုတ်ပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်အတွင်းရှိ မြို့များ သို့မဟုတ် မြို့နှင့်တစ်ဆက်တစ်စပ်တည်းရှိသော ကျေးရွာများ သို့မဟုတ် မြို့အသွင်ဖွံ့ဖြိုးတိုးတက်နေသော ကျေးရွာများ၌ မြို့ပြစည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြို့စည်ပင်သာယာရေး နယ်နိမိတ်ကို သတ်မှတ်နိုင်သည်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်စေရေးအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်သူ့ဝန်ထမ်းမဟုတ်သော သတ်မှတ်ချက်နှင့်ကိုက်ညီသည့် နိုင်ငံသား ၄ ဦးနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပြည်သူ့ဝန်ထမ်း ၃ ဦးအပါအဝင် ကော်မတီဝင် ၇ ဦးပါဝင်သည့် စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းရမည်။

၅။ မြို့မိမြို့ဖမှ ရွေးချယ်ပေးသော ပုဂ္ဂိုလ်တစ်ဦးကို ကော်မတီ၏ဥက္ကဋ္ဌအဖြစ် တာဝန်ပေးရမည်။

၆။ ကော်မတီဝင်တစ်ဦးဦးသည် သက်တမ်းကာလမကုန်ဆုံးမီ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ ဆက်လက်တာဝန်ထမ်းဆောင်နိုင်စွမ်းမရှိခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကော်မတီဝင်နေရာလစ်လပ်လျှင် ပုဒ်မ (၄) ပါ နည်းလမ်းအတိုင်း ရွေးချယ်ရမည်။

၇။ အမှုဆောင်အရာရှိသည် ရာထူးအလျောက် ကော်မတီ၏ အတွင်းရေးမှူးဖြစ်သည်။ ထို့အပြင် ရုံးဝန်ထမ်းအဖွဲ့သည် သက်ဆိုင်ရာကော်မတီ၏ ရုံးအဖွဲ့လည်းဖြစ်သည်။

၈။ ဝန်ကြီးဌာနသည် ကော်မတီဝင်များ၏ ရပိုင်ခွင့်များကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးနိုင်သည်။

၉။　ကော်မတီ၏သက်တမ်းသည် ချင်းပြည်နယ်လွှတ်တော်၏ သက်တမ်းအတိုင်းဖြစ်သည်။ ပုဒ်မ ၆ ပါ ကော်မတီဝင်တစ်ဦးဦး လစ်လပ်၍ ယင်းနေရာတွင် ဖြည့်စွက်ရွေးချယ်ခံရသူ၏ သက်တမ်းသည် ချင်းပြည်နယ်လွှတ်တော်၏ ကျန်ရှိသည့် သက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်သည်။

၁၀။　ဖွဲ့စည်းထားသည့် ကော်မတီသည် အကြောင်းတစ်စုံတစ်ရာကြောင့် ယင်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်စွမ်းမရှိသည့်အခါတွင် ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်စေရန် အမှုဆောင်အရာရှိကို တာဝန်ပေးအပ်နိုင်သည်။

၁၁။　ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်၊ တရားစွဲခံနိုင်ခွင့်ရှိစေရမည်။

## အခန်း (၄)
## လုပ်ငန်းတာဝန်များ

၁၂။　ကော်မတီသည် သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ အောက်ပါလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း ပြုရမည် -

(က) မြို့ပြစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဃ) မိလ္လာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) လမ်းမီးပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(စ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဆ) ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဇ) ကျွဲ၊ နွား၊ နွားနောက် ပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊

(ဈ) လမ်းဘေးဈေးဆိုင်များ ကြီးကြပ်ခြင်း၊

(ည) မုန့်ဖိုများ၊ စားသောက်ဆိုင်များ ကြီးကြပ်ခြင်း၊

(ဋ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ ကြီးကြပ်ခြင်း၊

(ဌ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဍ) သားသတ်ရုံများတည်ထောင်ခြင်း၊ စားသုံးရန် ခြေလေးချောင်းတိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းကို ကြီးကြပ်ခြင်း၊

(ဎ) ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း၊

(ဏ) အပေါင်ဆိုင်လုပ်ငန်းများ ကြီးကြပ်ခြင်း၊

(တ) အနေ့းယာဉ်များ စီမံခန့်ခွဲခြင်း၊

(ထ) လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ဖြတ်သန်းခကောက်ခံခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဒ) လမ်းစည်းကမ်းနှင့် လမ်းအသုံးချမှု သတ်မှတ်ခြင်း၊ လမ်းအမည်သတ်မှတ်ခြင်း၊ အဆောက်အအုံ အမှတ် သတ်မှတ်ခြင်း၊

(ဓ) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(န) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင်အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ပ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြို့စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ ကျေးလက်ဒေသတို့တွင် နယ်နိမိတ် ပိုင်းခြားသတ်မှတ်ကြေညာ၍ ယင်းနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဖ) ကျူးကျော်အဆောက်အအုံများ ဖျက်သိမ်းခြင်း၊

(ဗ) တည်းခိုခန်းများ၊ အခန်းလိုက်ငှားရမ်းသော အဆောက်အအုံများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဘ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းကို ကြီးကြပ်ခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင်ရှင်းလင်းစေခြင်း၊

(မ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသူများကို ဖမ်းဆီး၍ သက်ဆိုင်ရာသို့အပ်နှံခြင်း၊

(ယ) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်းစီမံခန့်ခွဲခြင်း၊

(ရ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေနေရာများ၊ အပေးပြေး ယာဉ်ရပ်နားစခန်းများ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(လ) သုသာန်များ သတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သင်္ဂြိုဟ်စက်များ တည်ထောင်ခြင်း၊ ပြင်ဆင် ထိန်းသိမ်းခြင်း၊

(ဝ) အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုသာန်များကို ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းသည့် သုသာန်မြေကို အခြားနည်း အသုံးပြုခြင်း၊

(သ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဟ) အစိုးရက အခါအားလျော်စွာသတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၅)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၁၃။ ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ပြည်နယ်စည်ပင်သာယာရေး အဖွဲ့မှတစ်ဆင့် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်သည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အခွန်အမျိုးအစားနှင့် နှုန်းထားသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း၊

(ခ) ပြည်ထောင်စုအစိုးရထံမှဖြစ်စေ၊ ပြည်နယ်အစိုးရထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ထံမှဖြစ်စေ ကော်မတီသည် ငွေချေးယူခြင်း၊ အထောက်အပံ့များရယူခြင်း ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်နယ်အစိုးရမှတစ်ဆင့် ပြည်ထောင်စုအစိုးရထံ တင်ပြရယူဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် ပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်ပပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်၍ စည်ပင်သာယာရေးအထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) ပြည်တွင်းအဖွဲ့အစည်းများ သို့မဟုတ် ပြည်တွင်းပုဂ္ဂိုလ်များနှင့်ဆက်သွယ်၍ စည်ပင်သာယာရေး အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(င) အဆောက်အအုံများ ငှားရမ်း၍ဖြစ်စေ၊ မြေများငှားရမ်း၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရရှိသည့် နိုင်ငံခြားငွေကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းပြီး တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ နှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများအတွက် သုံးစွဲခြင်း၊

(စ) နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ နိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း တို့နှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို တင်ပြခြင်း။

၁၄။ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သည် အောက်ပါတို့ကို လုပ်ပိုင်ခွင့်ရှိသည် -

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများ ရေးဆွဲတင်ပြခြင်း၊

(ခ) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပုံငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများအလိုက် အဖွဲ့ငယ်များ ဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဃ) စည်ပင်သာယာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရန် ခေတ်မီတိုးတက်သည့် နည်းလမ်းများ၊ စနစ်များဖြင့် ဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်း များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) အစိုးရက အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း။

## အခန်း (၆)

## အခွန်စည်းကြပ်ကောက်ခံခြင်း

၁၅။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အစိုးရ၏ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်တွင်ဖြစ်စေ၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ အောက်ပါ အခွန်များကို စည်းကြပ် ကောက်ခံနိုင်သည် -

(က) အဆောက်အအုံနှင့်မြေခွန်၊ (ပစ္စည်းခွန်စည်းကြပ်ကောက်ခံရာတွင် အဆောက်အဦနှင့် မြေတန်ဖိုး သတ်မှတ်၍ တွက်ချက်ကောက်ခံသည့်အခွန်)

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့်အညစ်အကြေးခွန်၊ အထွေထွေခွန်၊

(ဂ) ယာဉ်များ၊ လူစီးနှင့်ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးနှင့် အခြားတိရစ္ဆာန်များအပေါ် ကောက်ခံသည့် အခွန်၊

(ဃ) ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်ရပ်နားသော ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(င) ဤဥပဒေကခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

၁၆။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အောက်ပါအချက်များအပေါ် အခြေခံ၍ အခွန် စည်းကြပ်ခြင်း၊ ကောက်ခံခြင်း ပြုရမည် -

(က) အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် တစ်နှစ်ငှားရမ်းခတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရန်၊

(ခ) ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင် ဝင်ငွေနှင့်အသုံးစရိတ် မျှတစေရန်၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်၊

(ဃ) အဆောက်အအုံနှင့်မြေခွန်ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိ နေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်၊

(င) အစိုးရက စီမံခန့်ခွဲသော ပုဂ္ဂလိကပိုင်အဆောက်အအုံနှင့် မြေခွန်တို့ကို စည်းကြပ်ရာတွင် ယင်းအဆောက်အအုံနှင့် မြေမှဝင်ငွေအားလုံး၏ ၅ ရာခိုင်နှုန်းထက်မပိုစေဘဲ စည်းကြပ်ရန်။

၁၇။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အဆောက်အအုံနှင့်မြေခွန်၊ ဝန်ဆောင်ခွန်များ စည်းကြပ် ကောက်ခံရန် အဆောက်အအုံနှင့်မြေ၏ တစ်နှစ်ငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

၁၈။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းလိုင်စင်ခများ၊ အဖွဲ့ပိုင်ဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်များနှင့် ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်ခတို့ကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်း ပြုနိုင်သည်။

၁၉။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော့ပစ်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည် -

(က) စည်းကြပ်သော အခွန်တစ်ရပ်ရပ်ကို အစိုးရ၏ခွင့်ပြုချက်ဖြင့် ဖျက်သိမ်းခြင်း၊ နှုန်းထား ပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်း၊

(ခ) ခိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦး ပေးဆောင်ရန်ရှိသော အခွန်ကို ကင်းလွတ်ခွင့် ပြုခြင်း၊ လျှော့ပစ်ခြင်း၊ ပယ်ဖျက်ခြင်း။

၂၀။ အမှုဆောင်အရာရှိသည် အခွန်ကြွေးကျန်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း၊

(ခ) ပုဒ်မခွဲ (က) ပါ ကိစ္စဆောင်ရွက်ရန်အလို့ငှာ တည်ဆဲဥပဒေများအရ ကော်လိတ်တော်အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၇)
## စည်ပင်သာယာရေးလုပ်ငန်းများစီမံခန့်ခွဲခြင်း

၂၁။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက် အအုံ၊ မြေတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့် အညီ လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင်၊ မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားခြင်း၊ ဆောင်ရွက်ခြင်း ပြုနိုင်သည် -

(က) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ အဆောက် အအုံဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆင်ဆောက်လုပ်သည်ကို ရပ်ဆိုင်းထားစေခြင်း၊ ပြန်လည် ပြုပြင်စေခြင်း သို့မဟုတ် ဖြိုဖျက်စေခြင်း၊ ဖြိုဖျက်ခြင်း၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် စသည်များနှင့် အစိုးရမှ စီမံခန့်ခွဲရန် သတ်မှတ်ထားသည့် မြေပေါ်တွင် အဆောက်အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်စေ ကျူးကျော်ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း၊

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတားတည်ဆောက်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်းပြုရာတွင် မလွတ်ကင်းသော အဆောက်အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းကို ဖယ်ရှားစေခြင်း၊

(ဃ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန်မသင့်လျော်သည့် မြို့အင်္ဂါရပ်နှင့် မညီညွတ်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏အစိတ်အပိုင်းကိုဖြစ်စေ၊ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ ဖြိုဖျက်ခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားစေခြင်း၊

(င) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊

(စ) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့် ဝင်းခြံကို ပြုပြင်စေခြင်း၊

(ဆ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ရပ်မှုမရှိသည့် သစ်ပင်၊ ချုံပင်များကို ခုတ်ထွင်ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း။

၂၂။ ပုဒ်မ ၂၁ ပုဒ်မခွဲ (စ)၊ (ဆ) နှင့် (ဇ) တို့အရ လိုက်နာဆောင်ရွက်ရန် လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ လက်ရှိနေထိုင်သူသည် တရားဝင်အိမ်ငှားဖြစ်လျှင် ထိုကုန်ကျစရိတ်ကို အိမ်ရှင်ထံမှ တောင်းခံခွင့် သို့မဟုတ် ငှားရမ်းခမှ ခုနှိမ်ခွင့်ရှိသည်။

၂၃။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာအညစ်အကြေးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင်၊ မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည် -

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင် စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း၊ ဖုံးအုပ်စေခြင်း၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှစီးဆင်းသည့် ရေကြောင့် အများပြည်သူနှင့် သက်ဆိုင်သော လမ်းနှင့်အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာကောင်းစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း စသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ဃ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းမွန်စွာထုတ်ပစ်နိုင်ရန် မြေကို ပြုပြင်စေခြင်း၊ ရေဆိုးများအား ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန် စနစ်တကျသန့်စင်ပြီး စွန့်ပစ်စေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့်မြေတို့တွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို စီမံထားရှိစေခြင်း၊

(စ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်စသည်တို့ကို ပိတ်ထားစေခြင်း သို့မဟုတ် ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဆ) မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့် ဆက်စပ်နေသော မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊

(ဇ) မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် ကော်မတီကသတ်မှတ်သည့် သင့်လျော်သော လျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်ဆက်သွယ်သူက နစ်နာသူအား ပေးစေခြင်း၊

(ဈ) ဘေးဖြစ်စေတတ်သော ဓာတုအရည်၊ ကူးစက်စေတတ်သော စွန့်ပစ်အရည်များကို အများပြည်သူ ဆိုင်ရာနေရာတွင် စွန့်ပစ်ခြင်းမပြုလုပ်ရန် တားမြစ်ခြင်း။

၂၄။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက် စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) အမှိုက်များနှင့်နံစော်နေသော အရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ ထည့်ထားရန် သင့်လျော်သော အမှိုက်ပုံး၊ အမှိုက်အိတ်များ စီမံထားရှိစေခြင်း၊

(ခ) ဘေးဖြစ်စေတတ်သော ဓာတုပစ္စည်း၊ ကူးစက်စေတတ်သော စွန့်ပစ်ပစ္စည်းများကို အများပြည်သူ ဆိုင်ရာနေရာတွင် စွန့်ပစ်ခြင်းမပြုလုပ်ရန် တားမြစ်ခြင်း၊

(ဂ) ကျန်းမာရေးနှင့်မညီညွတ်ကြောင်း တွေ့ရှိရသည့် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေး လုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့ကို အသုံးပြုခြင်းမှ ပိတ်ထားစေခြင်း၊

(ဃ) တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို ကျန်းမာသန့်ရှင်းရေးနှင့် ညီညွတ် စေရန် ဆောင်ရွက်စေခြင်း၊

(င) အများပြည်သူ ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုသည့် အဆောက်အအုံတို့ကို ကျန်းမာသန့်ရှင်းရေးတို့နှင့် ညီညွတ်စေရန်လည်းကောင်း၊ မီးဘေးလုံခြုံရေးရှိစေရန်လည်းကောင်း ဆောင်ရွက်စေခြင်း၊

(စ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွက်အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် လုပ်ငန်းနေရာကို အသုံးမပြုဘဲနေစေခြင်း သို့မဟုတ် ပြင်ဆင်စီမံဆောင်ရွက်စေခြင်း။

၂၅။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အသုံးပြုရန် မသင့်လျော်သည့် မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ သုသာန်မြေနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သည့် အဖွဲ့အစည်းအား ညွှန်ကြားနိုင်သည် -

(က) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊

(ခ) အစိုးရ၏ခွင့်ပြုချက်ဖြင့် သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းခြင်း။

## အခန်း (၈)
## အနေးယာဉ်များစီမံခန့်ခွဲခြင်း

၂၆။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် အနေးယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) အနေးယာဉ်အမျိုးအစားအလိုက် စည်းကမ်းများရေးဆွဲတင်ပြခြင်း၊

(ခ) အနေးယာဉ်လိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဂ) အနေးယာဉ်မောင်းလိုင်စင်ခ သတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊

(ဃ) အနေးယာဉ်လိုင်စင် ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(င) အငှားယာဉ်မောင်းလိုင်စင် ထုတ်ပေးခြင်း၊ ရုပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) အငှားယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊

(ဆ) အငှားယာဉ်မောင်းသူများအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း။

၂၇။ မြို့နယ်စည်ပင်သာယာရေးကော်မတီက ထုတ်ပေးသော လိုင်စင်ရရှိသူသာ အငှားယာဉ် တည်ထောင်လုပ်ပိုင်ခွင့်ရှိသည်။

၂၈။ မြို့နယ်စည်ပင်သာယာရေးကော်မတီက ထုတ်ပေးသော လိုင်စင်ရရှိသူသာ အငှားယာဉ်မောင်းခွင့်ရှိသည်။

၂၉။ အငှားယာဉ်ပိုင်ရှင်နှင့် အငှားယာဉ်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၉)
## ကူးတို့လုပ်ငန်းများစီမံခန့်ခွဲခြင်း

၃၀။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် မိမိစည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် ယင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်း တည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ် သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်း လမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေ သတ်မှတ်ခြင်း၊

(ဆ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ဇ) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဈ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၁။ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သည် ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကူးတို့လုပ်ငန်းကြီးကြပ်သူအဖြစ် ပြည်နယ်အတွင်းရှိ မြို့နယ်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုမိုသော မြို့နယ်များနှင့် ဆက်စပ်နေသော ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ကူးတို့လုပ်ငန်း တည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ် သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်း လမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်း နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိသည့် စည်ပင်သာယာရေးအဖွဲ့များသို့ ကူးတို့လုပ်ငန်းဝင်ငွေများကို အချိုးကျခွဲဝေသတ်မှတ်ပေးခြင်း၊

(စ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ဆ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သော အမှုဆောင်အရာရှိအား ခန့်ထားခြင်း၊

(ဇ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန် ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေ သတ်မှတ်ခြင်း၊

(ဈ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ည) တာဝန်ဖြင့်ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်းသယ်ယူပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဋ) ခိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၃၂။ အမှုဆောင်အရာရှိသည် ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။ ကူးတို့လုပ်ငန်းအုပ်ချုပ်သူသည် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် -

(က) ကူးတို့လုပ်ငန်းကို အုပ်ချုပ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်းလိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့် ရောင်းချခြင်း၊

(ဂ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် အစီအစဉ်များပြုလုပ်စေခြင်း၊

(ဃ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့လုပ်ငန်းလိုင်စင်များကို ပြန်လည်ရောင်းချခြင်း။

၃၃။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်တစ်ခုအတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၃၄။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ပြင်ဆင်ထိန်းသိမ်းရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၅။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့်စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၃၆။ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သည် ကူးတို့လုပ်ငန်း တည်ရှိရာဒေသနှင့်စပ်လျဉ်း၍ ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီးတစ်ခုနှင့်တစ်ခု အငြင်းပွားမှုကို ညှိနှိုင်းဆောင်ရွက်ရာတွင် ဝန်ကြီးဌာနမှတစ်ဆင့် အစိုးရအဖွဲ့၏ လမ်းညွှန်ချက်ကို ခံယူရမည်။ ပြေလည်မှုမရှိပါက အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရထံ တင်ပြအဆုံးအဖြတ် ခံယူရမည်။

၃၇။ ပုဒ်မ ၃၂၊ ပုဒ်မ ၃၄ သို့မဟုတ် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကူးတို့လုပ်ငန်းအုပ်ချုပ်သူက ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ကူးတို့လုပ်ငန်းကြီးကြပ်သူထံ အယူခံဝင်နိုင်သည်။

၃၈။ (က) ပုဒ်မ ၃၀ သို့မဟုတ် ပုဒ်မ ၃၁ အရ ကူးတို့လုပ်ငန်းကြီးကြပ်သူက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။ ဝန်ကြီးမှချမှတ်သည့် အမိန့်ဆုံးဖြတ်ချက်ကို

မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မ ၃၇ အရ ကူးတို့လုပ်ငန်းကြီးကြပ်သူက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံအယူခံဝင်နိုင်သည်။ ဝန်ကြီးမှချမှတ်သည့် အမိန့်ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်။

(ဂ) ပုဒ်မ ၃၆ ပါ ကူးတို့နယ်နိမိတ်ဆိုင်ရာ အငြင်းပွားမှုနှင့် ကူးတို့လုပ်ငန်းဝင်ငွေများ အချိုးကျ ခွဲဝေပေးရေးကိစ္စတို့မှအပ ကူးတို့လုပ်ငန်းများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၀)
## တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း

၃၉။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ကျွဲ၊ နွား၊ နွားနောက်၊ သိုး၊ ဆိတ်၊ ဝက်တို့ကို အများပြည်သူ စားသုံးရန်အလို့ငှာ စည်ပင်သာယာရေးအဖွဲ့ပိုင် သားသတ်ရုံများတွင် ဥပဒေစည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းများနှင့်အညီ အသားရောင်းချခြင်းကို ခွင့်ပြု နိုင်သည်။

၄၀။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မည်သည့်ဒေသတွင်မဆို အများပြည်သူစားသုံးရန်မှအပ ဘာသာရေးနှင့်အခြားကိစ္စရပ်များအတွက် နွားနောက်၊ ကျွဲ၊ နွား၊ ဝက် သတ်ဖြတ်ခွင့်အမိန့်ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ခွင့်ပြုနိုင်သည်။

၄၁။ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် အုပ်ချုပ်ရေးမှူးသည် ကျွဲ၊ နွား၊ တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွား တိရစ္ဆာန်များ ပြုန်းတီးမှုမရှိစေရန် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၄၂။ အစိုးရအဖွဲ့သည် ပုဒ်မ ၃၉ ပါ တိရစ္ဆာန်သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ လိုအပ်သော သတ်မှတ်ချက်များကို ထုတ်ပြန်နိုင်သည်။

၄၃။ ပုဒ်မ ၃၉ သို့မဟုတ် ပုဒ်မ ၄၀ အရ ခွင့်ပြုချက်ရရှိသူသာလျှင် -

(က) ကျွဲ၊ နွား၊ နွားနောက်ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ မိမိသတ်ဖြတ်သည့် ကျွဲ၊ နွား၊ နွားနောက်၏ အသားနှင့်သားရေကို လက်ဝယ်ထားခြင်းပြုနိုင်သည်။

(ခ) မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းပြုနိုင်သည်။

၄၄။ သားရေရောင်းဝယ်ခြင်း၊ မြို့နယ်ကျော်၍ သယ်ယူခြင်းကို သားရေကိုယ်စားလှယ်ရရှိသူသာ ပြုလုပ် နိုင်သည်။

## အခန်း (၁၁)
## ကြီးကြပ်ခြင်း

၄၅။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဝန်ကြီး သို့မဟုတ် ညွှန်ကြားရေးမှူး သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။

၄၆။ ဝန်ကြီးသည် ညွှန်ကြားရေးမှူး သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ လိုအပ်သလို စိစစ်ပြီး အစိုးရအဖွဲ့ထံ တင်ပြရမည်။

၄၇။ ဝန်ကြီးသည် စည်ပင်သာယာရေးလုပ်ငန်းများကို ကြီးကြပ်ရမည်။

၄၈။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) စည်ပင်သာယာရေးအဖွဲ့များက ရေးဆွဲတင်ပြလာသော နှစ်စဉ် အရ-အသုံး ခန့်မှန်းခြေငွေစာရင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို စိစစ်၍ အစိုးရထံ တင်ပြခြင်း၊

(ခ) အရအသုံး ခန့်မှန်းခြေငွေစာရင်း ကြီးကြပ်မှုကို ဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာ၌ ပိုမိုချောမွေ့အဆင်ပြေစေရန် အစိုးရက ခွဲဝေပေးသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း၊

(ဃ) စည်ပင်သာယာရေးအဖွဲ့နှင့်သက်ဆိုင်သော လုပ်ငန်းများ၊ အဆောက်အအုံများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို စစ်ဆေးခြင်းနှင့်စစ်ဆေးတွေ့ရှိချက်ကို အစိုးရထံတင်ပြခြင်း၊

(င) ဥပဒေနှင့်မညီညွတ်သော ကော်မတီ၏ ဆုံးဖြတ်ချက်၊ အမိန့်၊ ဆောင်ရွက်ချက် သို့မဟုတ် ညွှန်ကြားချက်ကို စစ်ဆေးတွေ့ရှိလျှင် ရပ်ဆိုင်းထားစေပြီး တွေ့ရှိချက်ကို အစိုးရထံ တင်ပြခြင်း။

## အခန်း (၁၂)
## အယူခံဝင်ခြင်း

၄၉။ ပုဒ်မ ၁၇၊ ပုဒ်မ ၂၁ ပုဒ်မခွဲ (ဂ)၊ (င)၊ (စ)၊ ပုဒ်မ ၂၃ ပုဒ်မခွဲ (ဂ)၊ (ဃ)၊ (ဆ)၊ (ဇ)၊ ပုဒ်မ ၂၄ ပုဒ်မခွဲ (ခ)၊ (င)၊ ပုဒ်မ ၂၅ ပုဒ်မခွဲ (က) တို့အရ မြို့နယ်စည်ပင်သာယာရေးကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ထံ အယူခံဝင်နိုင်သည်။

၅၀။ ပုဒ်မ (၄၉) အရ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၅၁။ အယူခံမှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ၊

(ခ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၃)
## ဘဏ္ဍာရေး

၅၂။ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သည် ပြည်နယ်လွှတ်တော်က အတည်ပြုထားသော အရ-အသုံး ခန့်မှန်းခြေငွေစာရင်းနှင့်အညီ ကောက်ခံ၍ ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းခြင်း ဥပဒေနှင့်အညီ သုံးစွဲခြင်း။

၅၃။ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့သည် -

(က) အမှုဆောင်အရာရှိက တင်ပြသော နှစ်စဉ် အရ-အသုံးခန့်မှန်းခြေငွေစာရင်းကို စိစစ်၍ ညွှန်ကြားရေးမှူးမှတစ်ဆင့် အစိုးရထံ တင်ပြရမည်။

(ခ) အတည်ပြုပြီးသော စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်စဉ် အရ-အသုံး ခန့်မှန်းခြေငွေစာရင်းနှင့် လစဉ်ငွေစာရင်းရှင်းတမ်းအား စိစစ်၍ ညွှန်ကြားရေးမှူးမှတစ်ဆင့် အစိုးရထံတင်ပြရမည်။ နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း ဘဏ္ဍာရေးနှစ် စာရင်းစစ်ဆေးရေးလုပ်ငန်း များ၏ အခြေအနေကို တင်ပြပြီးဖြစ်ရမည်။

၅၄။ ပြည်နယ်/မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မိမိရန်ပုံငွေကို သီးခြားဘဏ်စာရင်းထားရှိ၍ စည်ပင် သာယာရေးလုပ်ငန်းများအတွက် သုံးစွဲပိုင်ခွင့်ရှိသည်။ လတ်တလောအသုံးပြုရန် မလိုအပ်သည့် ရန်ပုံငွေကို တိုးပွားအောင် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်နိုင်သည်။

၅၅။ ပြည်နယ်/မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အစိုးရ၏ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။

## အခန်း (၁၄)
## ဝန်ထမ်းဖွဲ့စည်းပုံ

၅၆။ စည်ပင်သာယာရေးအဖွဲ့သည် အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် စည်ပင်သာယာရေးအဖွဲ့တစ်ဖွဲ့စီ၏ လုပ်ငန်းတာဝန်များနှင့် ဝင်ငွေပမာဏကို အခြေခံလျက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သော ဝန်ထမ်း ဖွဲ့စည်းပုံကို ရေးဆွဲအတည်ပြုထားရှိရမည်။ ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲရာတွင် လိုအပ်ပါက စည်းကမ်း ထိန်းသိမ်းရေးဝန်ထမ်းများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၅၇။ စည်ပင်သာယာရေးအဖွဲ့သည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဝန်ထမ်းများခန့်ထားရာတွင် တည်ဆဲစည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းပုံအတွင်း ခန့်ထားနိုင်ခွင့်ရှိသည်။ သင့်လျော်သည့် ဝန်ထမ်းအဆင့်များနှင့်စပ်လျဉ်း၍ ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးနှင့်အမှုဆောင် အရာရှိအား ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးနိုင်သည်။

၅၈။ ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် နှစ်စဉ်ရရှိသော ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်း မရှိစေရ။

၅၉။ စည်ပင်သာယာရေးအဖွဲ့သည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ဝန်ထမ်းများကို အခြားဦးစီးဌာနများနှင့် ညှိနှိုင်း၍ လွှဲပြောင်းရယူခန့်ထား နိုင်သည်။

## အခန်း (၁၅)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၆၀။ ပြည်နယ်/မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ညွှန်ကြားရေးမှူး/အမှုဆောင်အရာရှိက ငွေစာရင်း များကို စနစ်တကျ ထိန်းသိမ်းထားနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန် ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို ပြည်နယ် စာရင်းစစ်ချုပ်နှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။ သတ်မှတ်ထားရှိသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းများ ပြုစုထားရှိစေရမည်။

၆၁။ ညွှန်ကြားရေးမှူး/အမှုဆောင်အရာရှိက ထိန်းသိမ်းထားရှိသည့်စာရင်းကို ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးအပ်ခြင်းခံရသူ၏ စစ်ဆေးခြင်းကို ခံယူစေရမည်။

## အခန်း (၁၆)

## တားမြစ်ချက်များ

၆၂။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့် ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် တစ်ခုခုပေါ်တွင် ကျူးကျော်၍ အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆောက်လုပ်ခြင်းမပြုရ၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်တစ်ခုခုပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်းတစ်ခုခုကို ဖြန့်ထားခြင်း၊ ဆွဲထားခြင်း မပြုရ၊

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော ရေစီးရေလာ၊ ရေမြောင်းနှင့် လမ်းကို ဟန့်တားနှောင့်ယှက်သည့် ဆောင်ရွက်မှုများ ပြုလုပ်ထားရှိခြင်း မပြုရ။

၆၃။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အများပြည်သူသွားလာသည့် လမ်းပေါ်တွင် မည်သည့်ကစားနည်းမျိုးမျှ ကစားခြင်းမပြုရ၊

(ခ) လမ်းပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင်လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျပ်၊ ကုန်ပစ္စည်း သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း၊ ဈေးရောင်းခြင်း မပြုရ၊

(ဂ) အမှိုက်၊ မိလ္လာအညစ်အကြေး စသည်တို့ကို လမ်းပေါ် သို့မဟုတ် စွန့်ပစ်ရန် သတ်မှတ်မထားသော နေရာတွင် စွန့်ပစ်ခြင်းမပြုရ၊

(ဃ) ကိုယ်ပိုင်လမ်း ဖောက်လုပ်ခြင်းမပြုရ၊

(င) ဝင်ထွက်နိုင်သော လမ်းမရှိသည့်မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုရ။

၆၄။ မည်သူမျှ မြို့စည်ပင်သာယာနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက် မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း မပြုရ၊

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှ ရေကို ရယူသုံးစွဲခြင်းမပြုရ၊

(ဂ) ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

(ဃ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၆၅။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ သုသာန်မြေတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) လူသေအလောင်းကို သတ်မှတ်သည့်ကာလထက် ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်း မပြုရ၊

(ခ) ကူးစက်တတ်သောရောဂါကြောင့် သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း၊ မီးမသင်္ဂြိုဟ်ဘဲထားခြင်း မပြုရ၊

(ဂ) သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်း မပြုရ။

၆၆။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံများ တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ၊

(ခ) စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ နွားနို့အရောင်းဆိုင် ဖွင့်လှစ်ရောင်းချခြင်းမပြုရ၊

(ဂ) ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်၊ ယိုမျိုးစုံလုပ်ငန်း၊ စားကုန်သောက်ကုန်ပစ္စည်းများ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းများ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။

၆၇။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် ဥပစာတစ်ခုတွင် -

(က) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ၊

(ခ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများကို ရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရ။

၆၈။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်း မပြုရ၊

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ အခြားနည်းလမ်းဖြင့် သုတ်သင်ရှင်းလင်းခြင်း မပြုရ။

၆၉။ မည်သူမျှ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) ကိုယ်ပိုင်ဈေးကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ရွှေ့လျားသော ယာဉ်တစ်ခုခုကိုအသုံးပြု၍ စည်ပင်သာယာနယ်နိမိတ်အတွင်း လှည့်လည်ရောင်းချခြင်း၊ ဈေးကို တစ်နေရာမှအခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီးသောဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏ မူလတည်နေရာအကျယ်အဝန်းကို တိုးချဲ့ခြင်းမပြုရ၊

(ခ) မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အချိန်အတွယ်၊ အတိုင်းအတာတို့ဖြင့် ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ မပြုရ၊

(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းခြင်း မပြုရ၊

(ဃ) ကွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း၊ ရောင်းချခြင်း မပြုရ၊

(င) ရေခဲနှင့်အချိုရည်စက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ၊

(စ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ၊

(ဆ) အခြားပုဂ္ဂလိကစီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။

၇၀။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း -

(က) ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းကမ်းများအရ တာဝန်ဝတ္တရားဆောင်ရွက်ရန် မြေ သို့မဟုတ် အဆောက်အအုံအတွင်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ နေ့အချိန်ဝင်ရောက်မည့် မြို့နယ်စည်ပင်သာယာရေးကော်မတီကိုဖြစ်စေ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်ကိုဖြစ်စေ၊ နည်းလမ်းတကျ အခွင့်အာဏာလွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်း မပြုရ၊

(ခ) စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါ လုပ်ငန်းတစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်းနှင့် ဆက်နွှယ်နေသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေနှင့်အညီမဟုတ်ဘဲ ပိတ်ပင်ခြင်း၊ တားဆီးနှောင့်ယှက်ခြင်း မပြုရ။

## အခန်း (၁၇)
## စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်း

၇၁။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ပုဒ်မ ၇၆ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ် ချမှတ်နိုင်သည်။

၇၂။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ပုဒ်မ ၇၆ တွင် မည်သို့ပင် ပြဋ္ဌာန်းထားစေကာမူ ပထမ အကြိမ် ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေ အနည်းဆုံး ကျပ် ၅၀၀၀ မှ ကျပ် ၁၀၀၀၀ အထိ ချမှတ်နိုင်သည်။ ထို့အပြင် သက်ဆိုင်ရာပစ္စည်းများကိုလည်း အဖွဲ့ပိုင်အဖြစ် သိမ်းဆည်းနိုင်သည်။

၇၃။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များချမှတ်သည့် ပြစ်မှုအတွက် တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်း မပြုရ။

၇၄။ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်သည့် ဒဏ်ကြေးငွေ ဆောင်ရန်ပျက်ကွက်ပါက ထိုဒဏ်ကြေး ငွေကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၇၅။ အစိုးရအဖွဲ့သည် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ရမည့် နည်းလမ်းများကို သတ်မှတ်နိုင်သည်။

## အခန်း (၁၈)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၇၆။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ သို့မဟုတ် ပုဒ်မခွဲ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း

သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၁ (င) | အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊ |
| ၂၁ (စ) | ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့် ဝင်းခြံကို ပြုပြင်စေခြင်း၊ |
| ၂၁ (ဆ) | သစ်ပင်၊ ချုံပင်များကို ရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကို မြေဖို့စေခြင်း၊ |
| ၂၃ (က) | အန္တရာယ်ရှိသော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၃ (ခ) | ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်တို့ကို ဆေးကြောပြုပြင်စေခြင်း၊ ရေဖြည့် ဖုံးအုပ်စေခြင်း၊ |
| ၂၃ (ဂ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှစီးဆင်းသည့် ရေကြောင့် အများပြည်သူလမ်းနှင့် ပစ္စည်းများပျက်စီးခြင်းမရှိစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်းတို့ကို ပြုလုပ်စေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၃ (စ) | ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို ပိတ်ထားစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ ပြုပြင်စေခြင်း၊ |
| ၂၃ (ဆ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦးပိုင်ဆိုင်သည့်မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊ |
| ၂၄ (က) | အမှိုက်များစွန့်ပစ်ရန် အမှိုက်ပုံး၊ အမှိုက်အိတ်များထားရှိစေခြင်း၊ |
| ၂၄ (င) | ပျော်ပွဲရွှင်ပွဲအတွက် အသုံးပြုမည့် အဆောက်အအုံကို သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၂၇ | အနေ့းယာဉ်လိုင်စင်မရှိဘဲ အနေ့းယာဉ်ကို တည်ထောင်လုပ်ကိုင်ခြင်း၊ |
| ၂၈ | အနေ့းယာဉ်လိုင်စင်မရှိဘဲ အနေ့းယာဉ်ကို မောင်းနှင်ခြင်း၊ |
| ၂၉ | အနေ့းယာဉ်ပိုင်ရှင်နှင့် အနေ့းယာဉ်မောင်းသူတို့အား သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာစေခြင်း၊ |
| ၄၃ (ခ) | မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း၊ |
| ၆၂ (ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများ ဖြန့်ထားခြင်း၊ ဆွဲထားခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၃ (က) | လမ်းပေါ်တွင် ကစားခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၃ (ခ) | လမ်းနှင့်လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများခင်းကျင်း ဈေးရောင်းခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၃ (ဂ) | အမှိုက်၊ မိလ္လာအညစ်အကြေးတို့ကို လမ်းပေါ် သို့မဟုတ် သတ်မှတ်မထားသော နေရာတွင် စွန့်ပစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၄ (ခ) | စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းများမှ ရေကို စည်းကမ်းများနှင့်ညီညွတ်မှုမရှိဘဲ ရယူသုံးစွဲခြင်းမပြုရန် တားမြစ်ခြင်း၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၆၈ (က) | တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၉ (ခ) | မမှန်ကန်သည့် အလေးချိန်ခွင်၊ အချိန်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၉ (ဂ) | စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်း မပြုရန် တားမြစ်ခြင်း၊ |

**ရှင်းလင်းချက်**။ အထက်ဖော်ပြပါ ဇယားစာတိုင် (၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၇၇။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၂၀၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀၀ ထိ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၁ (က) | စည်းကမ်းနှင့်ညီညွတ်မှုမရှိဘဲ အဆောက်အအုံဆောက်လုပ်သည်ကို ရပ်ဆိုင်းစေခြင်း၊ ပြန်လည်ပြင်ဆင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ |
| ၂၁ (ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် အဆောက်အအုံ ကျူးကျော်ဆောက်လုပ်ခြင်းကို ဖယ်ရှားစေခြင်း၊ |
| ၂၁ (ဂ) | လမ်းတံတားတည်ဆောက် ပြင်ဆင်ရာတွင် မလွတ်ကင်းသော အဆောက်အအုံကို ဖယ်ရှားစေခြင်း၊ |
| ၂၁ (ဃ) | အန္တရာယ်ရှိစေသော အဆောက်အအုံကို ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဖယ်ရှားစေခြင်း၊ |
| ၂၃ (ဃ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းစွာထုတ်ပစ်ရန် မြေကို ပြုပြင်စေခြင်း၊ ရေဆိုးများအား စနစ်တကျသန့်စင်ပြီး စွန့်ပစ်စေခြင်း၊ |
| ၂၃ (င) | စက်ရုံ၊ အလုပ်ရုံတွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ကို စီမံထားရှိစေခြင်း၊ |
| ၂၃ (ဇ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ရခြင်းကြောင့် နစ်နာမှုလျော်ကြေးငွေပေးစေခြင်း၊ |
| ၂၃ (ဈ) | ဘေးဖြစ်စေတတ်သော ဓာတုအရည်၊ ကူးစက်စေတတ်သော စွန့်ပစ်အရည်များကို အများပြည်သူ ဆိုင်ရာနေရာတွင် စွန့်ပစ်ခြင်းမပြုလုပ်ရ၊ |

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၄ (ခ) | ဘေးဖြစ်စေတတ်သော ဓာတုပစ္စည်း၊ ကူးစက်စေတတ်သော စွန့်ပစ်ပစ္စည်းများကို အများပြည်သူဆိုင်ရာနေရာတွင် စွန့်ပစ်ခြင်း မပြုလုပ်ရ၊ |
| ၂၄ (ဂ) | ကျန်းမာရေးနှင့်မညီညွတ်သော ရေပေးရေးလုပ်ငန်းကို ပိတ်ထားစေခြင်း၊ |
| ၂၄ (ဃ) | တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်စေခြင်း၊ |
| ၂၅ (က) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ပိတ်ထားစေခြင်း၊ |
| ၆၂ (က) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် အဆောက်အအုံ ကျူးကျော်ဆောက်လုပ်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၄ (က) | အဆောက်အအုံဆောက်လုပ်ခြင်း၊ ပြင်ဆင်တိုးချဲ့ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၄ (ဂ) | ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၄ (ဃ) | အများပြည်သူအတွက် စခန်းချရာနေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၅ (က) | လူသေအလောင်းကို သတ်မှတ်သည့်ကာလထက် ကျော်လွန်၍မထားရန် တားမြစ်ခြင်း၊ |
| ၆၅ (ခ) | ကူးစက်ရောဂါဖြင့် သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက်ကျော်လွန်၍ ထားခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၅ (ဂ) | သုသာန်မြေအဖြစ် သတ်မှတ်ထားသည့်နေရာမှအပ လူသေအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းမပြုလုပ်ရန် တားမြစ်ခြင်း၊ |
| ၆၆ (က) | တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံများ တည်ထောင် ဖွင့်လှစ်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၆ (ခ) | စားသောက်ဆိုင် ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၆ (ဂ) | ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်နှင့် ယိုမျိုးစုံထုတ်လုပ်ငန်းများ လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၉ (က) | ကိုယ်ပိုင်ဈေးဖွင့်လှစ်ခြင်း၊ ဈေးနေရာပြောင်းရွှေ့ခြင်း၊ ပြန်လည်ဖွင့်လှစ်ခြင်း၊ ဈေးဧရိယာတိုးချဲ့ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၉ (ဃ) | ကွဲ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၉ (င) | ရေခဲနှင့်အချိုရည်စက်ရုံများ ဖွင့်လှစ်တည်ထောင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၉ (စ) | အပေါင်ဆိုင်လုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၉ (ဆ) | အခြားပုဂ္ဂလိကစီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်း မပြုရ။ |

**ရှင်းလင်းချက်**။ အထက်ဖော်ပြပါ ဇယားစာတိုင် (၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၇၈။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀၀ ထိဖြစ်စေ၊ ထောင်ဒဏ် ၁ နှစ်ထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် -

| ပုဒ်မ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၄ (စ) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် အန္တရာယ်ရှိလာလျှင် လုပ်ငန်းနေရာကို အသုံးမပြုစေခြင်း၊ ပြင်ဆင်စီမံဆောင်ရွက်စေခြင်း၊ |
| ၂၅ (ခ) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ဖျက်သိမ်းစေခြင်း၊ |
| ၆၇ (က) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း၊ |
| ၆၇ (ခ) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့်ပတ်သက်သော ပစ္စည်းများရောင်းချခြင်း၊ သိုလှောင်ခြင်း မပြုရန် တားမြစ်ခြင်း၊ |
| ၆၈ (ခ) | တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်နှင့်အညီ သုတ်သင်ရှင်းလင်းစေခြင်း။ |

**ရှင်းလင်းချက်**။ အထက်ဖော်ပြပါ ဇယားစာတိုင် (၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာ ဖြစ်သည်။

၇၉။ မည်သူမဆို ပုဒ်မ ၃၃၊ ပုဒ်မ ၃၄ နှင့် ပုဒ်မ ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀၀ ထိ ချမှတ်ခြင်းခံရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၈၀။ မည်သူမဆို ပုဒ်မ ၇၆ တွင် ဖော်ပြထားသောဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ် ကျပ် ၅၀၀၀ ချမှတ်ခြင်းခံရမည်။

၈၁။ မည်သူမဆို ပုဒ်မ ၇၇ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ် ကျပ် ၂၀၀၀၀ ချမှတ်ခြင်း ခံရမည်။

၈၂။ မည်သူမဆို ပုဒ်မ ၇၈ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန် ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် ငွေဒဏ် ကျပ် ၃၀၀၀၀ ချမှတ်ခြင်း ခံရမည်။

၈၃။ မည်သူမဆို ပုဒ်မ ၇၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်။

၈၄။ (က) မည်သူမဆို ခွင့်ပြုချက်မရှိဘဲ နွားနောက်၊ ကျွဲ၊ နွားကိုသတ်ဖြတ်ကြောင်း သို့မဟုတ် နွားနောက်၊ ကျွဲ၊ နွား၏ အသား သို့မဟုတ် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ်တစ်နှစ်အထိ ချမှတ်ခြင်းခံရမည်။ ထို့အပြင် ထိုသူအား ငွေဒဏ်လည်း ချမှတ်နိုင်သည်၊

(ခ) ဤပုဒ်မအရ တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွား၊ နွားနောက်ကို သတ်ဖြတ်ကြောင်း သို့မဟုတ် လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၊ နွားနောက်၏အသားသည် တရားဝင်ခွင့်ပြုချက်ဖြင့် သတ်ဖြတ်သော သို့မဟုတ် အခြားအကြောင်းတစ်ခုခုဖြင့် သေဆုံးသော ကျွဲ၊ နွား၊ နွားနောက်၏အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၈၅။ (က) ပုဒ်မ ၄၀ ကို ဆန့်ကျင်ဖောက်ဖျက်သည့်အတွက် စွဲဆိုသောအမှုများကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးက တရားစွဲဆိုရမည်၊

(ခ) ပုဒ်မခွဲ (က) အရ စွဲဆိုသောအမှုများမှအပ ဤဥပဒေအရစွဲဆိုသော အမှုများကို သက်ဆိုင်ရာ ကော်မတီ သို့မဟုတ် ကော်မတီက တာဝန်လွှဲအပ်သော ပုဂ္ဂိုလ်ကသာ တရားစွဲဆိုရမည်။

၈၆။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ဤဥပဒေအရ မိမိတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။ ထိုကဲ့သို့ တောင်းခံလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကူအညီပေးရမည်။

## အခန်း (၁၉)

## အထွေထွေ

၈၇။ စည်ပင်သာယာရေးလုပ်ငန်းတစ်ခုခုသည် စည်ပင်သာယာရေးအဖွဲ့ ၂ ဖွဲ့ သို့မဟုတ် ၂ ဖွဲ့ထက်ပိုသော အဖွဲ့များနှင့်ဆက်စပ်သည့် လုပ်ငန်းများဖြစ်ပါက ယင်းလုပ်ငန်းကိုဆောင်ရွက်ရာတွင် သက်ဆိုင်သည့် စည်ပင်သာယာရေးအဖွဲ့ ၂ ဖွဲ့ သို့မဟုတ် ၂ ဖွဲ့ထက်ပိုသော အဖွဲ့များသည် သက်ဆိုင်ရာပြည်နယ်အတွင်းဖြစ်ပါက ညွှန်ကြားရေးမှူး၏ ခွင့်ပြုချက်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုနှင့်တစ်ခုအကြား လုပ်ငန်းများဖြစ်ပါက အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နိုင်သည်။

၈၈။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အစိုးရသည် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော လုပ်ငန်းများနှင့်ဆက်နွှယ်သော အခြားအစိုးရဌာနတစ်ခုခု၏ လုပ်ငန်းဆောင်ရွက်မှုအရ ကောက်ခံရရှိသည့် အခွန်အခများနှင့် တပ်ရိုက်သောဒဏ်ငွေများမှ သင့်လျော်သော အခွန်အခအမျိုးအစားနှင့် ဒဏ်ငွေအချိုးအစားကို

စည်ပင်သာယာရေးအဖွဲ့မှ ရယူ၍ မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၈၉။ မြို့နယ်စည်ပင်သာယာရေးကော်မတီသည် ယခင်စည်ပင်သာယာရေးဥပဒေများအရ ဖွဲ့စည်းထားသော စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပုံငွေကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များကိုလည်းကောင်း ဆက်ခံရမည်။

၉၀။ နိုင်ငံတော်ကာကွယ်ရေးနှင့်သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်သည့် အဆောက်အအုံများမှအပ အခြားနိုင်ငံပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းသို့ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်ကို သက်ဆိုင်ရာစည်ပင်သာယာရေး ကော်မတီသို့ ကြိုတင်အကြောင်းကြားရမည်။

၉၁။ စည်ပင်သာယာရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တည်ဆဲစည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်။

၉၂။ ကော်မတီလူကြီး၊ ကော်မတီ၏အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းအသီးသီးကိုလည်းကောင်း၊ ကော်မတီက အခနှင့်ငှားရမ်းထားသူအသီးသီး၊ ကော်မတီက စည်းကြပ်ထားသည့် အခွန်၊ အခ၊ အကောက်တို့ကို အရတောင်းခံသည့် ကိုယ်စားလှယ်အသီးသီးကိုလည်းကောင်း ပြည်သူ့ဝန်ထမ်းဟု မှတ်ယူရမည်။

၉၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ချင်းပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော စည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဟုန်းငိုင်း၊
ဝန်ကြီးချုပ်၊
ချင်းပြည်နယ်အစိုးရအဖွဲ့။

# ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက် )

ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁
### အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂
### ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ် ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မ ခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသောရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသော ရငွေများနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်၊ ကရင်ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့် ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသောသုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ဂ) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ကရင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရငွေနှင့်သုံးငွေများ

၆။ ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၈။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့်သုံးငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်များ

၉။ (က) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဤဥပဒေ၏ ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ကရင်ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခြင်း ပြုနိုင်သည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရန် သတ်မှတ်ထားသည့်ငွေကို ထည့်ဝင်စေရမည်။

## အခန်း (၃)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၁၀။ (က) ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

( ခ ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက မိမိတို့ လုပ်ငန်းလိုအပ်ချက်အရ ပြောင်းလဲလိုပါက ယင်းသို့ ပြောင်းလဲပေးနိုင်ရေးအတွက် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဇော်မင်း၊
ဝန်ကြီးချုပ်၊
ကရင်ပြည်နယ်အစိုးရအဖွဲ့။

**ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်**

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၄၉၂. ၈၈၃ | | | | | | |
| ၂ | ပြည်နယ်လွှတ်တော် | ၎င်း | | | | | | | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၅. ၇၂၀ | | | | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၀၃၀ | | | | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၀၆၂ | | | | | | |
| | ပေါင်း | | | | ၁၄၉၈. ၆၉၅ | | | | | | |

ဇယား (၂)
(ကျပ်သန်းပေါင်း)

**ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်လွှတ်တော်၊ ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ကရင်ပြည်နယ်ဥပဒေချုပ်၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၈၈. ၃၆၄ | | ၁၄၉၂. ၈၈၃ | ၇၃၂. ၄၀၀ | | | |
| ၂ | ပြည်နယ်လွှတ်တော် | ၎င်း | ၁၈၉. ၆၆၂ | | | | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၂၃၇. ၁၀၁ | | | ၁၅၆. ၃၅၀ | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ် ဥပဒေချုပ် သို့မဟုတ် ပြည်နယ် ဥပဒေချုပ်က တာဝန်ပေးသူ | ၁၃၄. ၆၅၂ | | | ၁၁. ၃၃၅ | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ် စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၂၆၀. ၆၀၇ | | | ၂၂. ၀၀၀ | | | |
| | ပေါင်း | | ၁၃၁၀. ၃၉၆ | | ၁၄၉၂. ၈၈၃ | ၉၂၂. ၀၈၅ | | | |

ဇယား (၃) - အစ
(ကျပ်သန်းပေါင်း)

**ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက် ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈၃. ၁၃၃ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၈၃. ၁၃၃ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၇၃၄. ၂၄၇ | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၄၀၉. . ၀၄၃ | | | | | | | | |
| | ၂ | တာတမံခွန် | | ၀. ၀၄၅ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၂၉၇. ၃၇၂ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန် | | ၁. ၇၅၀ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၂၆. ၀၃၇ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | ၎င်း | ၁၀၀. ၄၈၅ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၉၂. ၉၇၉ | | | | | | | | |
| | ၂ | ဘီးခွန် | | ၇. ၅၀၆ | | | | | | | | |
| ၄ | | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | ၎င်း | | ၃၇. ၀၆၃ | | | | | | | |

**ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား (၃) - အဆက်
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ချေးယူ ရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၈. ၃၇၇ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၈. ၃၃၅ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၄၂ | | | | | | |
| ၆ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | | | ၁၆. ၁၈၀ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၁၀. ၈၅၀ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၅. ၃၃၀ | | | | | | |
| ၇ | | သမဝါယမ | ၎င်း | | | ၀. ၁၇၆ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၀. ၀၁၆ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၀. ၁၆၀ | | | | | | |
| ၈ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | | | ၄. ၄၂၄ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၃. ၉၃၇ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၀. ၄၈၇ | | | | | | |
| ၉ | | ဆောက်လုပ်ရေး | ၎င်း | | | ၁. ၁၁၆ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၀. ၂၆၆ | | | | | | |
| | ၂ | အဆောက်အအုံလမ်းနှင့် တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၀. ၈၅၀ | | | | | | |
| ၁၀ | | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | | | | | | ၁၆၃၈၉. ၉၂၁ | | ၂၄၅. ၇၁၁ | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၁၆၃၈၉. ၉၂၁ | | ၂၄၅. ၇၁၁ | |
| ၁၁ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၀. ၀၁၅ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၀၁၅ | | | | | | |

**ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား (၃) - အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက် ပြန်ရငွေ | ကြွေးမြီ - ချေးယူ ရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၂ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၈.၄၁၂ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၈.၄၁၂ | | | | | | |
| ၁၃ | | အားကစား | ၎င်း | | | ၀.၀၃၅ | | | | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၀.၀၃၅ | | | | | | |
| ၁၄ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၁၄၄၆.၁၆၅ | | | | | | |
| | | ပေါင်း | | ၉၁၇.၈၆၅ | ၃၇.၀၆၃ | ၁၄၈၄.၉၀၀ | | | ၁၆၃၈၉.၉၂၁ | | ၂၄၅.၇၁၁ | |

**ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား (၄) - အစ
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၂၁၂၁.၁၁၇ | | ၂၀.၀၀၀ | ၉၁၀.၆၁၉ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၀၄၇.၈၉၆ | | ၂၀.၀၀၀ | ၉၀၅.၆၄၇ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၇၃.၂၂၁ | | | ၄.၉၇၂ | | | |
| ၂ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၈၀၀.၇၈၉ | | | ၁၅၅.၉၄၂ | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၁၆၅.၉၂၆ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၅၆၅.၅၃၃ | | | ၁၅၅.၉၄၂ | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၆၉.၃၃၀ | | | | | | |
| ၃ | | သမဝါယမ | ၎င်း | ၁၇၅.၇၅၇ | | | ၃၀.၁၈၀ | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၁၆၅.၀၉၆ | | | ၃၀.၀၀၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၀.၆၆၁ | | | ၀.၁၈၀ | | | |
| ၄ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | ၁၄၈.၉၁၂ | | | ၈၅.၉၇၀ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၃၆.၁၃၈ | | | ၆၅.၉၇၀ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၁၁၂.၇၇၄ | | | ၂၀.၀၀၀ | | | |
| ၅ | | ဆောက်လုပ်ရေး | ၎င်း | ၇၃၀၁.၁၉၀ | | | ၂၃၈၇.၂၀၆ | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၅၆.၄၉၃ | | | ၁၉၉.၃၇၆ | | | |
| | ၂ | အဆောက်အအုံလမ်းနှင့် တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၇၂၄၄.၆၉၃ | | | ၂၁၈၇.၈၃၀ | | | |
| ၆ | | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | ၄၆.၆၄၃ | | | ၆.၃၅၇ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၆.၆၄၃ | | | ၆.၃၅၇ | | | |
| ၇ | | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၁၄၂.၅၇၂ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၄၂.၅၇၂ | | | | | | |
| ၈ | | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၎င်း | ၆.၀၀၀ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်/ကုန်ချကော်မတီရုံး | | ၆.၀၀၀ | | | | | | |

**ကရင်ပြည်နယ် ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

ဇယား (၄) - အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁၀ | ၁၁ | ၁၂ |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၄၅၃. ၅၆၀ | | | ၁၉. ၈၁၀ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၄၅၃. ၅၆၀ | | | ၁၉. ၈၁၀ | | | |
| ၁၀ | | အားကစား | ၎င်း | ၁၅၁. ၈၀၆ | | | ၉၀. ၀၀၀ | | | |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၁၅၁. ၈၀၆ | | | ၉၀. ၀၀၀ | | | |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၉၀၉. ၅၈၂ | | | ၈၁၂. ၁၇၂ | | | |
| | | ပေါင်း | | ၁၂၂၅၃. ၉၂၈ | | ၂၀. ၀၀၀ | ၄၄၉၉. ၂၅၆ | | | |

ဇယား (၅)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | မြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၆. ၀၀၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၁၆. ၀၀၀ | | | | | | |
| ၂ | | ဆောက်လုပ်ရေး | ၎င်း | | | ၉၄၇၇· ၅၂၃ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၉၄၇၇· ၅၂၃ | | | | | | |
| | | ပေါင်း | | | | ၉၄၅၃· ၅၂၃ | | | | | | |

ဇယား (၆)
(ကျပ်သန်းပေါင်း)

**ပြည်နယ်အဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | ၁၈.၂၃၂ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ် က တာဝန်ပေးသူ | ၁၈.၂၃၂ | | | | | | |
| ၂ | | ဆောက်လုပ်ရေး | ၎င်း | ၉၄၀၄.၁၉၃ | | | ၁၀၁.၇၀၅ | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၉၄၀၄.၁၉၃ | | | ၁၀၁.၇၀၅ | | | |
| | | ပေါင်း | | ၉၄၂၂.၄၂၅ | | | ၁၀၁.၇၀၅ | | | |

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ကရင်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် - ၂။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက် )

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ အရ ကရင်ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်းသည့် စီမံကိန်းများကို ကရင်ပြည်နယ်လွှတ်တော်၏သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၀၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်အရ ပြည်နယ်လွှတ်တော်သို့တင်သွင်းသော ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ကရင်ပြည်နယ် ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း တစ်ပြည်နယ်လုံးအတိုင်းအတာအရ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိကမျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းနှင့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ်တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍများကို ဆိုသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ ကရင်ပြည်နယ်အနေဖြင့် စွမ်းအင်ကဏ္ဍမှအပ စီးပွားရေးကဏ္ဍ (၁၃) ခုကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတို့တွင် လယ်ယာကဏ္ဍကြီး၌ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ၊ စက်မှုကဏ္ဍကြီး၌ သတ္တုနှင့်

တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ၊ ဝန်ဆောင်မှုကဏ္ဍကြီး၌ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍများ ပါဝင်ဖွဲ့စည်းထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့်တန်ဖိုး ရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီးကုန်ကြမ်းများကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ရေး၊

(ခ) အလုပ်အကိုင်အခွင့်အလမ်းများနှင့် နည်းပညာကျွမ်းကျင်မှုရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(ဂ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

၅။ ကရင်ပြည်နယ်အစိုးရမှ ချမှတ်သောမူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိ ဆောင်ရွက်ပါသည် -

(က) စီးပွားရေးတိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ ၈.၆ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁.၀၈ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၇.၉ ရာခိုင်နှုန်းမှ ၃၆.၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၂.၉ ရာခိုင်နှုန်းမှ ၂၃.၂ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉.၂ ရာခိုင်နှုန်းမှ ၄၀.၈ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးပြောင်းလဲဖြစ်ပေါ်စေရန်၊

(ဂ) လယ်ယာကဏ္ဍကြီး၏တိုးတက်မှုနှုန်းကို ၃.၂ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏တိုးတက်နှုန်းကို ၁၀.၀ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏တိုးတက်မှုနှုန်းကို ၁၃.၁ ရာခိုင်နှုန်း အသီးသီးတိုးတက်စေရန်၊

(ဃ) အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး တိုးတက်မှုနှုန်းကို ၈.၆ ရာခိုင်နှုန်း တိုးတက်စေရန်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒရည်မှန်းချက်နှင့်လုပ်ငန်းစဉ်

၆။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရေး၊

(၂) လေ့ကျင့်ပညာပေးရေး၊

(၃) သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး၊

(၄) လက်မှုလယ်ယာမှ စက်မှုလယ်ယာ ကူးပြောင်းရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍဆိုင်ရာကိန်းဂဏန်းများ မှန်ကန်ရေးကို အထူးအလေးထားဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါးနှင့် အခြားစပ်မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးသွားရန်၊

(၃) ကျန်အဓိကစိုက်ပျိုးသီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၄) စံပြစက်မှုလယ်ယာကွက်များကို ဆက်လက်တိုးချဲ့ဖော်ထုတ်သွားရန်၊

(၅) ဆည်မြောင်းတာတမံမှ အကျိုးပြုဧရိယာဧက တိုးချဲ့ဆောင်ရွက်သွားရန်၊

(၆) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးရေးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်း များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊

(၇) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးရန်၊

(၈) တစ်ဧကအထွက်နှုန်းများ သိသိသာသာတိုးတက်အောင် ဆောင်ရွက်ရန်၊

(၉) မြေယာပြုပြင်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ ရိတ်သိမ်းချိန်လွန်ကာလများအားလုံးတွင် စဉ်ဆက်မပြတ်ကြီးကြပ်၍ သီးနှံအရည်အသွေးတိုးတက်အောင် လေ့ကျင့်ပညာပေး စည်းရုံး ကြီးကြပ်ဆောင်ရွက်ရန်၊

(၁၀) ဒေသတွင်း စားသုံးဆီဖူလုံသည်အထိ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်သွားရန်၊

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့်မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြု နိုင်ရေး တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာစာရင်းများ မှန်ကန်ရေး၊ တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများအား လုပ်ကိုင်ခွင့်မှတ်ပုံတင်ပေးခြင်းနှင့် လုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများကို အထူး ဦးစားပေး ဆောင်ရွက်ရန်၊

(၂) စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားပါမည်။ ပြည်နယ်အတွင်း ဧက ၁၀၀ စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်သွားနိုင်ရေးအတွက် ဆန်စပါးအထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏အင်အားကို ရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင် များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(၃) ရေဘုတ်ရေလှောင်တမံမှ အကျိုးပြုဧရိယာဧက ၆၀၀၀ ရရှိအောင် ဆောင်ရွက်ရန်၊

(၄) လျှပ်စစ်မြစ်ရေတင်လုပ်ငန်းအနေဖြင့် စုစုပေါင်း ၅၂၀၀ ဧကကို ရေပေးဝေနိုင်ရန် ဆောင်ရွက်ရန်၊

(၅) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆက်လက်ဆောင်ရွက်ရန်၊

(၆) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးရန်၊

(၇) ဒေသအတွင်း ဖြစ်ထွန်းမှုအလားအလာရှိသော စက်မှုသီးနှံများဖြစ်သည့် ရော်ဘာ၊ အစေ့ ထုတ်ပြောင်း၊ ပီလောပီနံ၊ ကော်ဖီတို့အား တိုးချဲ့စိုက်ပျိုးရေး စည်းရုံးကြီးကြပ် ဆောင်ရွက် ပေးရန်၊

(၈) ဒေသအတွင်း ဖြစ်ထွန်းမှုအလားအလာရှိသော ဆေးဖက်ဝင် ဟင်းခတ်အမွှေးအကြိုင်၊ ဖာလာ၊ ငရုတ်ကောင်းနှင့် အခြားဆေးဖက်ဝင်အပင်များ တိုးချဲ့စိုက်ပျိုးရေး စည်းရုံး ကြီးကြပ် ဆောင်ရွက်ပေးရန်။

၇။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ ငါးနှစ်စီမံကိန်းဦးတည်ချက်များအရ သတ်မှတ်ထားသည့် စီမံကိန်းတတိယနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ လျာထားချက်များကို ပြည့်မီအောင်ဆောင်ရွက်ရေးနှင့် မြစ်ချောင်းအင်းအိုင် ပေါများသည့်ဒေသဖြစ်သဖြင့် ငါးပုစွန်ထုတ်လုပ်မှုကို ဒေသစားသုံးမှု ဖူလုံပိုလျှံသည်အထိ တိုးတက်ထုတ်လုပ်ရန်ဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ငါးထုတ်လုပ်မှုကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ထက် ၈. ၇ ရာခိုင်နှုန်း တိုးတက်ရရှိရန်၊

(၂) ပုစွန်ထုတ်လုပ်မှုကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ထက် ၈. ၁ ရာခိုင်နှုန်း တိုးတက်ရရှိရန်၊

(၃) အသား၊ နို့နှင့်ဥ တိုးတက်ထုတ်လုပ်ရန်နှင့် ဈေးကွက်ပိုမိုရရှိရန်အတွက် ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်အောင် စီမံဆောင်ရွက်ပေးရန်၊

(၄) ဒေသနေပြည်သူများ သားငါးပုစွန်၊ ကြက်ဥ၊ ဘဲဥနှင့် နို့စားသုံးမှု တိုးတက်စေရန်၊

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ထူထောင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများ ရယူခြင်း၊ မွေးမြူရေးချေးငွေရရှိနိုင်ရေးအတွက် ကူညီဆောင်ရွက်ရန်၊

(၂) ပြည်ပဈေးကွက် ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများ ရယူခြင်း၊ မွေးမြူရေးချေးငွေရရှိနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်ရန်၊

(၃) မွေးမြူရေးဆိုင်ရာအခြေခံကိန်းဂဏန်းအချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေးဆောင်ရွက်သွားမည်ဖြစ်ပြီး၊ မွေးမြူထုတ်လုပ်မှု တိုးတက်မှုရှိစေရေးအတွက် ထိရောက်စွာကြိုးကြပ်ဆောင်ရွက်ရန်၊

(၄) တိရစ္ဆာန်နှင့်တိရစ္ဆာန်ထွက်ပစ္စည်းများဈေးကွက်တွင် ဈေးကွက်ဝေစု ပိုမိုရရှိရေးအတွက် ထိုးဖောက်ဆောင်ရွက်ရန်၊

(၅) နိုင်ငံခြားငွေတိုးတက်ရရှိရေးအတွက် ပြည်ပသို့ ငါးပုစွန်တိုးချဲ့တင်ပို့နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းရှင်များအား ကူညီပံ့ပိုး၍ တွန်းအားပေးဆောင်ရွက်ရန်၊

(၆) သဘာဝရေပြင်ရှိ ငါးလုပ်ငန်းဆိုင်ရာသယံဇာတများ စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၇) ငါးလုပ်ငန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းဌာနအနေဖြင့် အနုစိတ်ဓာတ်ခွဲခန်းများကို နယ်စပ်ထွက်ပေါက်အလိုက် တိုးချဲ့တည်ထောင်ဆောင်ရွက်ရန်၊

(၈) ရေချိုပုစွန်မွေးမြူထုတ်လုပ်ရေး တိုးတက်စေရန် ငါးပုစွန်ရောနှောမွေးမြူရေးစနစ် Monoculture မှ Polyculture သို့ တိုးချဲ့မွေးမြူဆောင်ရွက်ရန်၊

(၉) စိုက်ပျိုးရေးထွက်ကုန်များထွက်ရှိရန် စောင့်ဆိုင်းနေဆဲကာလတွင် ကျေးလက်နေပြည်သူများ အပိုဝင်ငွေရရှိရန် ပေါင်းစည်းလယ်ယာစနစ်များ ပေါ်ထွက်လာစေရေး တွန်းအားပေးဆောင်ရွက်ရန်၊

(၁၀) သားငါးပုစွန်ထုတ်လုပ်မှုသည် မွေးမြူရေးလုပ်ငန်းဖြစ်ပြီး မွေးမြူရေးလုပ်ငန်းတွင် ဇီဝလုံခြုံရေး (Bio-security) အရေးကြီးသဖြင့် ဇီဝလုံခြုံရေးအတွက် ပညာပေးလေ့ကျင့်စည်းရုံးကြီးကြပ်ဆောင်ရွက်ရန်။

၈။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေ၊ မြေသဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊

(၂) သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့်သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေးကို အထောက်အကူပြုစုရေး၊

(၃) ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊

(၄) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများ အုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊

(၅) သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး၊

(၆) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊

(၇) သစ်တောကဏ္ဍ စွမ်းဆောင်ရည်တိုးတက်မြင့်မားရေး။

(ခ) ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်ရန်၊

(၂) ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းသတ်မှတ်ရန်၊

(၃) ဒေသအတွင်းရှိ သဘာဝတောကျန်များကို ပြုစုထိန်းသိမ်းရန်၊

(၄) ရေဝေရေလဲဒေသများထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲစိုက်ခင်းများ တည်ထောင်ရန်၊

(၅) ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ထိန်းသိမ်းရန်၊

(၆) ဒေသအတွင်းရှိ တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်စေရေးအတွက် စီမံချက်ဖြင့် ဆောင်ရွက်ရန်၊

(၇) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်ရန်၊

(၈) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များနှင့် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်ရန်၊

(၉) ဒေသတွင်း မြေဆီလွှာတိုက်စားခြင်း၊ မြေအဆင့်အတန်း နိမ့်ကျခြင်းမှကာကွယ်ရေးအတွက် နုန်းတားဆည်ငယ်များ တည်ဆောက်သွားရန်နှင့် ကျေးလက်ပြည်သူသောက်သုံးရေ ဖူလုံစေရေးအတွက် ရေကန်ငယ်များ တူးဖော်ရန်၊

(၁၀) ကျေးလက်ပြည်သူများ၏ အခြေခံသစ်တောပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သစ်တောစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရန်၊

(၁၁) နှစ်စဉ် လူထုလှုပ်ရှားမှုဖြင့် သစ်ပင်များ စိုက်ပျိုးနိုင်ရေးအတွက် ပျိုးပင်များ ဖြန့်ဝေပေးရန်၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၁၂) ကျွန်းနှင့်သစ်မာများကို နှစ်စဉ် သစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင်အတွင်းမှ ထုတ်ယူသုံးစွဲရန်၊

(၁၃) သစ်မဟုတ်သည့် အခြားသစ်တောထွက်ပစ္စည်းများကို စီမံကိန်းလျာထားချက်ဘောင်အတွင်းမှသာ ထုတ်ယူသုံးစွဲစေရန်၊

(၁၄) ခေတ်မီစက်ယန္တရားဖြင့် သစ်ထုတ်ရေးအား တိုးမြှင့်သွားရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေဖြစ်သည့် ဆင်ဖြင့် သစ်ထုတ်လုပ်နည်းစနစ်ကို ဆက်လက်ဆောင်ရွက်ရန်၊

(၁၅) သစ်ထုတ်လမ်းများဖောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးနည်းစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်ရန်၊

(၁၆) သစ်မထုတ်မီနှင့် သစ်ထုတ်ပြီးကာလ သဘာဝပတ်ဝန်းကျင်အကျိုးသက်ရောက်မှုအားလေ့လာဆန်းစစ်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုသက်သာစေသော သစ်ထုတ်နည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်၊

(၁၇) ရောင်းတန်းဝင်သစ်မျိုးနှင့်အတူ လူသုံးနည်းသစ်မျိုးများကို တွဲဖက်ထုတ်လုပ်ရန်၊

(၁၈) သစ်တစ်ပင်လုံး အသုံးချနိုင်ရေးနှင့် သစ်မျိုးစုံအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၁၉) နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်အခန်းတွင် သစ်အခြေခံစက်မှုလုပ်ငန်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်၊

(၂၀) သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လိုအပ်သော သစ်လုံးကုန်ကြမ်းရရှိရေး စီမံဆောင်ရွက်ရန်၊

(၂၁) ဖက်စပ်အပါအဝင် ပုဂ္ဂလိကသစ်အခြေခံစက်ရုံများအတွက် လိုအပ်သော သစ်လုံး၊ ခွဲသားကုန်ကြမ်းများ ရောင်းချပေးရန်၊

(၂၂) သစ်အခြေခံစက်မှုလုပ်ငန်းထွက်ကုန် အမည်သစ်များ ထုတ်လုပ်မည့်စက်ရုံ၊ အလုပ်ရုံသစ်များအတွက် ခေတ်မီနည်းပညာသစ်များ ရရှိလာစေရန်၊

(၂၃) လူသုံးနည်းသစ်များကို နည်းပညာသစ်များအသုံးပြု၍ အဆင့်မီကုန်ချောများ ထုတ်လုပ်ပြီးပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၂၄) သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုံမှန်လုပ်ငန်းခွင်သင်တန်းများအပြင် သစ်တောဘာသာရပ်ဆိုင်ရာသင်တန်းများကို လိုအပ်ချက်များနှင့်အညီ ဖွင့်လှစ်ပို့ချသွားရန်၊ ပြည်တွင်းပြည်ပသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများသို့ ဝန်ထမ်းများအားစေလွှတ်ရန်။

၉။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ပြည်နယ်အတွင်းရှိ သတ္တုသိုက်များအား ခေတ်မီနည်းပညာများဖြင့် အဆင့်မြှင့်တင်၍လေလွင့်ဆုံးရှုံးမှုအနည်းဆုံးနှင့် အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရေး ရှေးရှုဆောင်ရွက်ရေး၊

(၂) ပုဂ္ဂလိကပိုင်ကဏ္ဍမြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရန် အားပေးဆောင်ရွက်ရေး၊

(၃) ကျယ်ပြန့်ထွန်းကားလာသည့်ဈေးကွက်စီးပွားရေးနှင့်အညီ သတ္တုထုတ်လုပ်မှုနှင့်ကျောက်မျက်ရတနာဈေးနှုန်းများ ပြည်နယ်တွင်း၌ အခြေခိုင်မာပေါ်ပေါက်ပြီး ထိုက်သင့်သည့် ဈေးနှုန်းများရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊

(၄) သတ္တုသယံဇာတပစ္စည်းများ သုံးစွဲရာတွင် ပြည်ပမှတင်သွင်းရသည့်သတ္တုများကို ပြည်တွင်း၌ ပိုမိုထုတ်လုပ်အစားထိုးရေး၊

(၅) နိုင်ငံတော်၏လုံခြုံရေးနှင့်စစ်ရေး၌ အရေးပါသည့် မဟာဗျူဟာမြောက်သတ္တုများကို စနစ်တကျ ထုတ်လုပ်စုဆောင်းထားရှိရေး၊

(၆) သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းပျက်စီးမှု မရှိစေရန် အလေးထားဆောင်ရွက်ရေး၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်၏ နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ အောင်မြင်ရေးအတွက် မြေပေါ်မြေအောက် သယံဇာတသတ္တုသိုက်များ တိုးတက်ရှာဖွေထုတ်လုပ်ပြီး နိုင်ငံတော်နှင့်ပြည်နယ်တို့၏ ဝင်ငွေ တိုးတက်စေရေး အထောက်အကူပြုဆောင်ရွက်ရန်၊

(၂) နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ သတ္တုကဏ္ဍနှင့် ရေရှည်စီးပွားရေး ဖွံ့ဖြိုး တိုးတက်စေရန် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ မြှင့်တင်ကူးပြောင်း၍ အကျိုးရှိစွာပူးပေါင်းဆောင်ရွက်ရန်၊

(၃) ဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကပိုင်သတ္တုမျိုးစုံထုတ်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးစေရန် သတ္တု ထုတ်လုပ်ရာတွင် ခေတ်မီနည်းစနစ်များ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော အဆင့်မြင့် နည်းပညာများပံ့ပိုးခြင်းနှင့် လုပ်ငန်းသုံးခေတ်မီပစ္စည်းများ ပံ့ပိုးကူညီခြင်း စသည့် လုပ်ငန်း များကို တိုးမြှင့်ဆောင်ရွက်ရန်၊

(၄) ပြည်နယ်အတွင်း၌ပင် ကျောက်မျက်ရတနာဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်၍ ရေရှည် တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းပြီး နိုင်ငံတော်နှင့်ပြည်နယ်အတွက် နိုင်ငံခြားသုံးငွေနှင့် ပြည်တွင်းသုံးငွေများ တိုးတက်ရှာဖွေပေးနိုင်ရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်၊

(၅) အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီသည့် ကျောက်မျက်ရတနာများကို တစ်နှစ်ထက် တစ်နှစ် တိုးမြှင့်ထုတ်လုပ်ပြီး တိုးတက်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်၊

(၆) ပြည်နယ်တွင်းရှိ ပြည်သူအားလုံး၏ အမျိုးသားကျန်းမာရေးကို အထောက်အကူပြုသည့် အိုင်အိုဒင်းဆားကို လုံလောက်စွာစားသုံးနိုင်သည်အထိ တိုးမြှင့်ဆောင်ရွက်လာရေး ကြီးကြပ် ဖော်ဆောင်ရန်၊

(၇) သတ္တုထုတ်လုပ်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရေး ဟန်ချက်ညီညီ အလေးထား ဆောင်ရွက်ရန်၊

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သတ္တုကဏ္ဍဖြင့် နိုင်ငံတော်နှင့် ပြည်နယ်တို့၏ စီးပွားရေးရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင်အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူပူးပေါင်းဆောင်ရွက်ရန်၊

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်၊

(၃) မြေပေါ်မြေအောက်သယံဇာတများကို ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်နယ်၏ဝင်ငွေ တိုးတက် စေရေး စီမံဆောင်ရွက်ရန်၊

(၄) အကျိုးတူလုပ်ကိုင်သော သတ္တုတွင်း၊ စက်ရုံ၊ အလုပ်ရုံများအား သတ္တုတွင်းဥပဒေ၊ နည်းဥပဒေ များနှင့်အညီ ကြီးကြပ်စီမံကွပ်ကဲဆောင်ရွက်ရန်၊

(၅) ခွင့်ပြုမိန့်ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်နှင့်ပြည်နယ်တို့သို့ ပေးသွင်းရမည့်အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေးဆောင်ရွက်ရန်၊

(၆) နိုင်ငံတော်မှကြီးမှူးကျင်းပသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်နယ်မှလုပ်ငန်းရှင်များ ပါဝင်ရောင်းချနိုင်ရေး ဆောင်ရွက်ရန်၊

(၇) ကျောက်မျက်အရည်အသွေး တိုးတက်ကောင်းမွန်လာစေရန် လေ့ကျင့်ရေးနှင့်သုတေသန လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ဆောင်ရွက်ရန်၊

(၈) အရည်အသွေးပြည့်ဝသော အိုင်အိုဒင်းဆားသုံးစွဲမှု တိုးတက်လာစေရေး ဦးတည်ဆောင်ရွက်ရန်။

၁၀။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်၏စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ထိခိုက်မှုနည်းသော စက်ရုံများ ပိုမိုတိုးတက် လာရေး ဆောင်ရွက်ရန်နှင့် စွမ်းအင်ကို အကျိုးရှိထိရောက်စွာသုံးစွဲရန် တွန်းအားပေး ဆောင်ရွက်ရေး၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန် အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရန် ပံ့ပိုး ဆောင်ရွက်ရေး၊

(၅) စက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ် စက်မှုလုပ်ငန်းနယ်ပယ်များတွင် လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ်ဖြစ်ထွန်းရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) စက်မှုလက်မှုကဏ္ဍ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုးကို ပိုမိုမြှင့်တင်ရန်၊

(၂) ပြည်တွင်းသယံဇာတများ အခြေခံအသုံးပြုသည့် ကုန်ပစ္စည်းအမည်သစ်များ ထုတ်လုပ် နိုင်ရေးကို ဦးစားပေးဆောင်ရွက်ရန်၊

(၃) အကြီးစားစက်မှုလုပ်ငန်းနယ်ပယ်၊ အီလက်ထရောနစ်စက်မှုလုပ်ငန်းနယ်ပယ်များနှင့် သက်ဆိုင်သော စက်မှုလုပ်ငန်းများ ထူထောင်နိုင်ရေး ဆောင်ရွက်ရန်၊

(၄) စီမံကိန်းဆိုင်ရာနှင့် ထုတ်လုပ်မှုဆိုင်ရာများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အသိ ပညာရှင်၊ အတတ်ပညာရှင်များ စုဆောင်းရရှိရေး ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဒေသတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(၂) စက်မှုထုတ်ကုန်ပစ္စည်းအရည်အသွေး တိုးတက်လာရေးအတွက် စံချိန်စံညွှန်းပြည့်မီ လာအောင် နည်းလမ်းများ ချမှတ်ရန်၊

(၃) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့်ပုဂ္ဂလိကစက်မှုလုပ်ငန်း ရှင်များ အဆက်အစပ်မိရေး အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ရန်၊

(၄) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာစက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ရန်၊

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးရန်။

၁၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို ပြည်နယ်ရှိ မြို့များသို့ သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံး ဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရန် နည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာအကူအညီများ ပံ့ပိုးပေးရေး၊

(၃) လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသောအရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး၊

(၄) မြန်မာနိုင်ငံ၏ ဓာတ်အားစနစ်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးသုံးစွဲနေသော လျှပ်စစ်ဓာတ်အား၏အရည်အသွေးကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ထားသော Voltage Level နှင့် ကြိမ်နှုန်းပြည့်တည်ငြိမ်စွာရှိစေပြီး ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှုအနည်းဆုံးဖြင့် ပို့လွှတ်နိုင်ရေး၊

(၅) မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများအပြင် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်များ မောင်းနှင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ ဓာတ်ငွေ့တာဘိုင်စက်များ ကြံ့ခိုင်မှုကောင်းမွန်၍ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်ရေး။

(ခ) ရည်မှန်းချက်မှာ စီမံကိန်းကာလအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများတိုးချဲ့၍ အကောင်အထည်ဖော် တည်ဆောက်သွားရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၆၆ ကေဗွီဓာတ်အားလိုင်း (၂) လိုင်း၊ ၃၃ ကေဗွီဓာတ်အားလိုင်း (၁) လိုင်း စုစုပေါင်း ဓာတ်အားလိုင်း (၃) လိုင်း တည်ဆောက်ရန်၊

(၂) ၆၆ ကေဗွီဓာတ်အားခွဲရုံ (၂) ရုံ၊ ၃၃ ကေဗွီဓာတ်အားခွဲရုံ (၁) ရုံ စုစုပေါင်း ဓာတ်အားခွဲရုံ (၃) ရုံ တည်ဆောက်ရန်။

၁၂။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဆက်သွယ်သွားလာမှု လျင်မြန်စေရန်အတွက် ပြည်နယ်အတွင်း မြို့များ၊ အခြားဒေသများနှင့် ဆက်သွယ်သည့် လမ်းသစ်ဖောက်လုပ်ခြင်း ဆောင်ရွက်ရေး၊

(၂) အရေးကြီးသော ပေ ၁၈၀ အထက် တံတား (၂) စင်း ဆောက်လုပ်ရေး၊

(၃) နိုင်ငံတော်မှချမှတ်ထားသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးလုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် နိုင်ငံတစ်ဝန်း မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

(၄) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေး (၃) ပါးတွင် နေရေး အတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့်မြို့ပြများ စနစ်တကျဖွံ့ဖြိုးလာရေး အတွက် အဓိကထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) နိုင်ငံတကာနှင့်ဆက်သွယ်မည့်လမ်းများကို ယာဉ်သွားလမ်းအကျယ် (၂၄) ပေ၊ နှစ်လမ်းသွား ကတ္တရာ၊ ကွန်ကရစ်လမ်းအဆင့်နှင့် အဆိုပါလမ်းပေါ်ရှိ တံတားများအား ကွန်ကရစ်တံတား အဖြစ် ဆောင်ရွက်ရန်၊

(၂) ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းများအား ယာဉ်သွားလမ်းအကျယ် (၁၂) ပေ၊ ကတ္တရာ လမ်းနှင့် တံတားများကို ယာဉ်သွားလမ်းအကျယ် (၂၄) ပေ၊ ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ရန်၊

(၃) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏နေထိုင်မှုအခွင့်အလမ်းများ အစဉ်တိုးတက်မြင့်မား လာရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုရရှိရေး မြို့ပြများ စနစ်တကျဖွံ့ဖြိုးပြီး ပြည်သူများ၏စီးပွားရေး တိုးတက်ကောင်းမွန်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ စက်မှုဇုန်များ စီမံကိန်းရေးဆွဲတည်ဆောက်ခြင်း၊ အထူးစီးပွားရေးဇုန်များ ဖော်ထုတ်ရန် Master Plan များ ရေးဆွဲခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်ရန်၊

(၄) တစ်နိုင်ငံလုံးအတိုင်းအတာအရ မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတကာနှင့်ဆက်သွယ်သည့် လမ်းမကြီး၊ ဆောင်ရွက်ဆဲ ပြည်ထောင်စုလမ်းမကြီးများ၊ ဆောင်ရွက်ဆဲလမ်းသစ်များ ဆက်လက်ဆောင်ရွက်ရန်၊

(၂) အမြဲတမ်း တံတားကြီးငယ် စုစုပေါင်း ၂ စင်း ဆောင်ရွက်ရန်၊

(၃) ပြည်နယ်အတွင်း မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့် အကူအညီများကို ဆက်လက်ဆောင်ရွက်ရန်၊

(၄) ပြည်ထောင်စုအစိုးရ၏ သီးခြားတာဝန်ပေးချက်အရ ဘားအံစက်မှုဇုန် တည်ဆောက်ရေး စီမံကိန်းအား ဆက်လက်ဆောင်ရွက်ရန်။

၁၃။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ခရီးသည်နှင့်ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်စေရန် ဆောင်ရွက်ရေး၊

(၂) ပို့ဆောင်ရေးကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ်ကို အမြင့်ဆုံးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊

(၃) ရထားပို့ဆောင်ရေးစွမ်းရည် မြင့်တက်လာရန် ဆောင်ရွက်ရေး၊

(၄) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ကြီးကြပ်ကွပ်ကဲရေး၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) ပို့ဆောင်ရေးကဏ္ဍများတွင် ပုဂ္ဂလိကနှင့် ဖက်စပ်လုပ်ကိုင်မှုစနစ်အား နှစ်ဦးနှစ်ဖက် အကျိုး ခံစားခွင့်ရရှိရေး ဆောင်ရွက်ရန်၊

(၂) ခရီးသည်နှင့်ကုန်စည်ပို့ဆောင်မှုပမာဏအား နိုင်ငံတော်မှချမှတ်သည့် နှစ်စဉ် GDP တိုးတက်မှုနှုန်းထက် ပိုမိုရရှိအောင် ဆောင်ရွက်ရန်၊

(၃) ပြည်နယ်အတွက် နှစ်စဉ်အသားတင်ဘဏ္ဍာငွေများ တိုးတက်ရှာဖွေပေးရန်၊

(၄) ပို့ဆောင်ရေးကဏ္ဍတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားများအား လိုအပ်သည့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ လေ့ကျင့်သင်ကြားပို့ချပြီး အလုပ်အကိုင် တိုးမြှင့်ရရှိရေး ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြို ကမ်းထိန်းလုပ်ငန်းများ မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ရေလမ်းကြောင်းပိတ်ဆို့နေမှုအား ရှင်းလင်းခြင်းနှင့် မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်ရန်၊

(၂) ဆိပ်ကမ်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆိပ်ခံတံတားများ တည်ဆောက်ခြင်း၊ ဆိပ်ကမ်း နယ်မြေ သာယာလှပရေးတို့အတွက် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ရန်၊

(၃) ပြည်တွင်းရေကြောင်းတွင် ပို့ဆောင်လျက်ရှိသည့် စက်ရှိ၊ စက်မဲ့ရေယာဉ်များ၊ ဆိပ်ခံတွဲများ၊ တွဲရေယာဉ်များ ပို့ဆောင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန်၊

(၄) ရထားလမ်းဟောင်းများအား ဇလီဖားများ၊ ကျောက်များဖြည့်တင်း၍ အဆင့်မြှင့်တင်ခြင်း၊ သံလမ်းနှင့်ဆက်စပ်ပစ္စည်းများ လဲလှယ်ခြင်း၊ တိုးချဲ့လာသောရထားလမ်းပိုင်းများတွင် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဖြည့်တင်းဆောင်ရွက်ရန်။

၁၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခန်းကဏ္ဍအနေဖြင့် Public Private Partnership (PPP) ပုံစံဖြင့် ဆောင်ရွက်နိုင်ရန် ရည်မှန်းချက်ထားရှိရေး၊

(၂) ခေတ်စနစ်နှင့်လျော်ညီအောင် ပြင်ဆင်ပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေများနှင့်အညီ အကောင် အထည်ဖော် ဆောင်ရွက်ရေး၊

(၃) ပြည်တွင်းဆက်သွယ်ရေးကဏ္ဍ၏တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် နိုင်ငံသားနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖန်တီး ပေးရေး၊

(၄) ကွန်ပျူတာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(၅) High Speed Internet Service အသုံးချနိုင်ရေးအတွက် ISP များ ထပ်မံတည်ဆောက် ခြင်းနှင့် နိုင်ငံတကာနှင့်ချိတ်ဆက်ထားသည့် International Bandwidth များ တိုးချဲ့သုံးစွဲ နိုင်ရန် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(၁) ဆက်သွယ်ရေးကဏ္ဍ၏ စုစုပေါင်း ဝန်ဆောင်မှုတန်ဖိုးကို အခြေခံနှစ်၏ ၁. ၆၆ ဆ တိုးတက် ဖြစ်ပေါ်ရန်နှင့် တိုးတက်မှုနှုန်းအနေဖြင့် ၆၆. ၁ ရာခိုင်နှုန်း ဖြစ်ပေါ်စေရေးအတွက် ဆောင်ရွက်ရန်၊

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းလိုင်းများ တိုးချဲ့တပ်ဆင်ဆောင်ရွက် ရေးနှင့် အင်တာနက်အသုံးပြုသူများ ပိုမိုတိုးတက်လာစေရေးအတွက် ဆောင်ရွက်ရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) မိုဘိုင်းတိုးချဲ့စီမံကိန်း ပထမနှစ်စီမံချက်ကို ပြီးစီးအောင်ဆောင်ရွက်ရန်၊

(၂) အော်တိုတယ်လီဖုန်းစနစ်အနေဖြင့် PSTN အိတ်ချိန်းများအား အဆင့်မြင့်အိတ်ချိန်းများဖြစ်သော Softwitch များဖြင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်း၊ Online Charging System (OCS) စနစ် တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး Multiplay Service အသုံးပြုနိုင်သော FTTH စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၃) တိုးချဲ့ပြီးသော မိုဘိုင်းတယ်လီဖုန်းများမှာ High Speed Internet Service သုံးစွဲနိုင်ရေးအတွက် Internet Backbone များတိုးချဲ့ခြင်းနှင့် ISP အသစ်တစ်ခု တပ်ဆင်ဆောင်ရွက်ရန်၊

(၄) Internet သုံးစွဲမှုတွင် လက်ရှိအသုံးပြုနေသော IP v4 စနစ်အား IP v6 စနစ်သို့ ပြောင်းလဲသုံးစွဲနိုင်ရေးအတွက် ရေးဆွဲဆောင်ရွက်ရန်၊

(၅) Cross border Transmission Capacity တိုးချဲ့ခြင်းနှင့် ပြည်နယ်အတွင်း ဖိုင်ဘာဆက်ကြောင်းတည်ဆောက်ရန်၊

(၆) အပြည်ပြည်ဆိုင်ရာဆက်သွယ်မှု Capacity တိုးချဲ့ရေး ချိတ်ဆက်ဆောင်ရွက်ရန်၊

(၇) ပြည်နယ်အတွင်းရှိ မြို့နယ်များအရောက် Fiber Cable ဆက်ကြောင်းများ တည်ဆောက်၍ လိုလောက်သော Bandwidth Capacity ရရှိရေး ဆောင်ရွက်ရန်၊

(၈) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ် အမြန်ငွေပို့လွှာလုပ်ငန်း၊ Online Money Order စနစ်အား ပြည်နယ်ရှိ စာတိုက်ရုံးတွင် စတင်ဆောင်ရွက်ရန်၊

(၉) စာပို့တိုက်လုပ်ငန်း၏ ပြည်တွင်းပြည်ပချောပို့ဆောင်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို Public Private Partnership (PPP) ပုံစံဖြင့် ပြောင်းလဲဆောင်ရွက်ရန်၊

(၁၀) သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေးပေါ်ဆက်သွယ်မှုစနစ် Back-up System အဖြစ် ရေဒီယိုကြေးနန်းစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ ကြေးနန်းရုံးအသစ်များ ဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း၊ e- Telegram ကြေးနန်းများ တိုးချဲ့ခြင်းကို ဆောင်ရွက်ရန်၊

(၁၁) ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် သင်တန်းများ လေ့ကျင့်သင်ကြားရေးအစီအစဉ် ရေးဆွဲဆောင်ရွက်ရန်။

၁၅။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒမှာ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာအထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရေးဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေရေးကြေးရေးကဏ္ဍကို ပြုပြင်ပြောင်းလဲဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသော ငွေရေးကြေးရေးကဏ္ဍအား စနစ်တကျကြီးကြပ်ကွပ်ကဲရေးနှင့် နိုင်ငံတကာအဆင့်အတန်းနှင့်အညီဖြစ်စေရေး ဆောင်ရွက်ရန်၊

(၂) နိုင်ငံတကာရှိ ဘဏ်လုပ်ငန်းများနှင့် ယှဉ်ပြိုင်လုပ်ကိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၃) အီလက်ထရောနစ်ဘဏ်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၄) အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၅) နိုင်ငံခြားငွေလဲလှယ်နှုန်းပေါင်းစည်းရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၆) ပြည်တွင်း၊ ပြည်ပ ငွေပေးချေမှုများ၊ စာရင်းရှင်းလင်းမှုများ အဆင်ပြေစေရေးနည်းလမ်း ရှာဖွေဆောင်ရွက်ရန်၊

(၇) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(၈) လုံခြုံရေးသတင်းကွန်ရက် တိုးချဲ့ဆောင်ရွက်ရန်၊

(၉) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းပေါ်ပေါက်ရေးနှင့် ပြည်နယ် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီကို စနစ်တကျ ဖွဲ့စည်း၍ ကြပ်မတ်ဆောင်ရွက်ရန်။

၁၆။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) နိုင်ငံတော်၏ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) သဘာဝအရင်းအမြစ်မှရရှိသော စွမ်းအင်များကို အသုံးချ၍ သုတေသနလုပ်ငန်းများ တိုးချဲ့ရေး၊

(၄) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

(၅) ကျန်းမာရေးစနစ် အားဖြည့်ဆောင်ရွက်ခြင်းကို အထူးအလေးပေးဆောင်ရွက်ရေး၊

(၆) အလုပ်သမားများ ကျန်းမာမှုကောင်းမွန်တိုးတက်စေ၍ အလုပ်လုပ်နိုင်သည့် စွမ်းအား မြင့်မားပြီး ကုန်ထုတ်လုပ်မှုတိုးတက်စေရေး၊

(၇) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့် မိသားစုစားဝတ်နေရေးအတွက် ထောက်ပံ့မှု ရရှိစေရေး၊

(၈) နိုင်ငံတော်အစိုးရ၏မူဝါဒနှင့် အကောင်အထည်ဖော်ရန်ရှိသည့် ရေတို၊ ရေရှည်လုပ်ငန်း များကို ပြည်သူများအား ပြန်ကြားအသိပေးရေး၊

(၉) ၂၀၁၅ ခုနှစ်၊ ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရေး။

(ခ) လုပ်ငန်းစဉ်မှာ အထက်ဖော်ပြပါမူဝါဒများကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနများက မိမိတို့၏သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့်ဆီလျော်သည်များကို ဆောင်ရွက်ရန် ဖြစ်သည်။

၁၇။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွေးရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

မူဝါဒမှာ အာဆီယံစီးပွားရေးအသိုက်အဝန်း ရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန် အတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာပညာအရည်အချင်းများကို အသိအမှတ်ပြုရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။

၁၈။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့်စပ်လျဉ်း၍ -

မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ကုန်တိုးမြှင့်ရန် ဦးစားပေးဆောင်ရွက်ရေး၊

(၂) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချရေး၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုးကူညီဆောင်ရွက်ရေး၊

(၄) ပြည်တွင်းထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပိုလျှံမှုတို့အပေါ် မူတည်၍ ပို့ကုန်၊ သွင်းကုန်များကို ထိန်းညှိခြင်းဖြင့် ကုန်စည်စီးဆင်းမှုနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ထိန်းကျောင်းပေးရေး။

## အခန်း (၅)

## အထွေထွေ

၁၉။ ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံကိန်းများနှင့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘက်ပေါင်းစုံမှ အစီအမံများ ချမှတ်ကျင့်သုံးဆောင်ရွက်ရန်ဖြစ်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဇော်မင်း၊
ဝန်ကြီးချုပ်၊
ကရင်ပြည်နယ်အစိုးရအဖွဲ့။

# ကရင်ပြည်နယ် ယစ်မျိုးခွန်ဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၃ ။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက် )

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် ကရင်ပြည်နယ်အတွင်း ယစ်မျိုးခွန်များ စနစ်တကျကောက်ခံနိုင်ရေးအတွက် ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ကရင်ပြည်နယ် ယစ်မျိုးခွန်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ကရင်ပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်နယ်**ဆိုသည်မှာ ကရင်ပြည်နယ်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ဝန်ကြီးကို ဆိုသည်။

(ဃ) **ပြည်နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(င) **ခရိုင်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ပြည်နယ်ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(စ) **မြို့နယ်အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ ပြည်နယ်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးကို ဆိုသည်။

(ဆ) **ယစ်မျိုးခွန်** ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်ကောက်ခံရမည့် သတ်မှတ်သောအခွန်အခများကို ဆိုသည်။

(ဇ) **အရက် (Alcoholic Liquor)** ဆိုသည်မှာ အရက်ပြန်ပမာဏ ၂ ရာခိုင်နှုန်းထက် ပိုမိုပါဝင်သည့် အရည်များကိုလည်းကောင်း၊ တဆေးကစော်ဖြင့် ဖောက်ထားခြင်းမရှိသော ထန်းရည်ကိုလည်းကောင်း၊ အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် အရက်ဟု သတ်မှတ်သည့်အရာများကိုလည်းကောင်း ဆိုသည်။

(ဈ) **ဘီယာ (Beer)** ဆိုသည်မှာ **(Ale.Stout.Porter)** ခေါ် ဗျစ်ရည်၊ မုယောစပါးဖြင့် ကစော်ဖောက်ထားသော တည်ရည်နှင့် မုယောစပါးမှ ကစော်ဖြင့် ပြင်ဆင်ထုတ်လုပ်သည့်အရက်များအပြင် အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသည့်အရက်များကို ဆိုသည်။

(ည) **ပြည်တွင်းဖိုထွက်ချက်အရက် (Country Spirit)** ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူရရှိသည့် အရက်ပြန်ပါဝင်သော မည်သည့်အရက်မျိုးမဆို ပါဝင်သည်။

(ဋ) **ထန်းရည် (Tari)** ဆိုသည်မှာ ကစော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည်ဖြစ်စေ ထန်း၊ ဓနိ၊ အုန်း၊ ပေ စသည့် အပင်တစ်မျိုးမျိုးမှထွက်သောအရည်ကို ဆိုသည်။

(ဌ) **တည်အရက် (Fermented Liquor)** ဆိုသည်မှာ ချက်အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်ကို ဆိုလိုသည်။ ယင်းစကားရပ်တွင် လျှော်စာရည်၊ ခေါင်ရည်တို့လည်း ပါဝင်သည်။

(ဍ) **သောက်ပျော်သောအရက် (Potable Alcoholic Liquor)** ဆိုသည်မှာ ပြုပြင်ပြီး မူလသတ္တိပျက်အရက်မှတစ်ပါး အရက်ပြန်ပါဝင်သည့် အရက်တစ်မျိုးမျိုးကို ဆိုသည်။

(ဎ) **မူလသတ္တိပျက်အရက်** ဆိုသည်မှာ လူအများသောက်သုံးရန်မသင့်သော ပြုပြင်ထားသည့်အရက်ကို ဆိုသည်။

(ဏ) **ထုတ်လုပ်ခြင်း** ဆိုသည့်စကားရပ်တွင် အောက်ပါတို့ ပါဝင်သည် -

(၁) သဘာဝအားဖြင့်ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ယစ်မျိုးသက်ဝင်ပစ္စည်းတစ်စုံတစ်ရာကို ရရှိစေရန် သို့မဟုတ် ထွက်ရှိစေရန် စီမံပြုလုပ်ခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် ထန်းပင်မှ အရည်ခံခြင်း၊ ထုတ်ယူခြင်းလည်း ပါဝင်သည်။

(၂) ပြန်လည်ပေါင်းခံခြင်း **(Redistillation)**။

(၃) အရက်ပြန်ပါဝင်သည့်အရက်ကို ပြုပြင်ပေါင်းစပ်ခြင်း၊ အနံ့အရသာထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း။

(တ) **ယစ်မျိုးဝင်ကုန်ပစ္စည်းများ (Excisable Goods)** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၄ ပါ ယစ်မျိုးခွန်နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသောကုန်ပစ္စည်းများကို ဆိုသည်။

(ထ) **ယစ်မျိုးသက်ဝင်ပစ္စည်းဆိုသည်မှာ** **(Excisable Article)** ဆိုသည်မှာ ယစ်မျိုးဝင်ကုန်ပစ္စည်းများ **(Excisable Goods)** အပါအဝင် ဤဥပဒေအရ သတ်မှတ်သောအရက် **(Alcoholic Liquor)** သို့မဟုတ် မူးယစ်စေတတ်သောဆေးဝါးများ **(Intoxicating Drug)** ကို ဆိုသည်။

(ဒ) **လက်လီ သို့မဟုတ် လက်ကားရောင်းချမှု (Retail and Whole Sale)** ဆိုသည်မှာ ချက်အရက်ဖြစ်လျှင် ၁ ကွပ်၊ တည်အရက်ဖြစ်လျှင် ၄ ကွပ်၊ နိုင်ငံခြားအရက်ဖြစ်လျှင် ၁၂ ကွပ် အထိ ရောင်းချခြင်းကို လက်လီရောင်းချခြင်းဟုလည်းကောင်း၊ ယင်းအရေအတွက်များထက် ပိုမို ရောင်းချခြင်းကို လက်ကားရောင်းချခြင်းဟုလည်းကောင်း ဆိုသည်။

(ဓ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ချက်လုပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ သယ်ယူခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုမိန့်ကိုဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရက်သေစာသောက်စားသည့်အလေ့အကျင့် ပြန့်ပွားမှုနှင့် အားပေးမှုတို့ မရှိစေရန်။

(ခ) အရက်သေစာဖြန့်ဖြူးရောင်းချရာတွင် တရားမဝင်ချက်လုပ်မှု၊ ထုတ်လုပ်မှု၊ ရောင်းချမှု မရှိစေရန်။

(ဂ) အခွန်စည်းကြပ်ကောက်ခံခြင်းသည် အရက်သေစာသောက်စားမှု လျော့ပါးစေရန်နှင့် ပြည်နယ်၏ ရသင့်ရထိုက်သောအခွန်ငွေ ရရှိစေရန်။

## အခန်း (၃)
## ယစ်မျိုးခွန်နှုန်းထားများ သတ်မှတ်ခြင်း

၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ပြည်နယ်အတွင်း ယစ်မျိုးလုပ်ငန်းအမျိုးအစားအလိုက် စည်းကြပ်ကောက်ခံရမည့် ယစ်မျိုးခွန်နှုန်းထားကို အောက်ပါအတိုင်း သတ်မှတ်သည် -

| လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ ဖော်ပြချက် | | ကောက်ခံမည့်နှုန်းထား (ကျပ်) |
|---|---|---|---|
| D1 | အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်နှင့်ချက်လုပ်ခွင့် လိုင်စင်၊ ထုတ်လုပ်မှု ဂါလန်/ (၁) ရက် | | |
| | ၅၀-၅၀၀ | - | ၁၇၀၀၀၀၀ |
| | ၅၀၀-၁၀၀၀ | - | ၃၀၀၀၀၀၀ |
| | ၁၀၀၀ အထက် | - | ၅၀၀၀၀၀၀ |
| D2 | အရက်ချက်စက်ရုံ ပိုင်ဆိုင်ခွင့်သာရှိပြီး ချက်လုပ်ခွင့်မရှိသည့်လိုင်စင် | - | ၂၀၀၀၀၀ |
| W1 | ဝိုင်အရက်များ ထုတ်လုပ်ခွင့်လိုင်စင် | - | ၂၀၀၀၀ |
| FL4 | ပြည်ပမှ တင်သွင်းလာသော နိုင်ငံခြား အရက်ပြင်း (Foreign Spirit) ကို ပေါင်းစပ်ခွင့်၊ ရောနှောခွင့်၊ အနံ့ထည့်ခွင့်နှင့် | - | ၃၀၀၀၀၀ |

အရောင်ဆိုးခွင့်လိုင်စင်

| **လိုင်စင်အမှတ်** | **လိုင်စင်အကြောင်းအရာ ဖော်ပြချက်** | | **ကောက်ခံမည့်နှုန်းထား (ကျပ်)** |
|---|---|---|---|
| FL5 | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို ပုလင်းသွတ်ခွင့်လိုင်စင် | - | ၃၀၀၀၀၀ |
| FL6 | ပြည်တွင်းရှိ အရက်ချက်စက်ရုံမှထုတ်လုပ်သော နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ကို လက်ကားရောင်းချခွင့်လိုင်စင် | - | ၁၆၀၀၀၀၀ |
| B1 | ဗျစ်ရည်စက်ရုံ (Brewery) ပိုင်ဆိုင်ခွင့်နှင့် ချက်လုပ်ခွင့် လိုင်စင်၊ ထုတ်လုပ်မှု ဂါလန်/ (၁) ရက် | | |
| | ၅၀-၅၀၀ | - | ၁၀၀၀၀၀၀ |
| | ၅၀၀-၁၀၀၀ | - | ၁၅၀၀၀၀၀ |
| | ၁၀၀၀ အထက် | - | ၂၅၀၀၀၀၀ |
| B2 | ဗျစ်ရည်စက်ရုံ (Brewery) ပိုင်ဆိုင်ခွင့်သာရရှိပြီး ချက်လုပ်ခွင့်မရှိသည့်လိုင်စင် | - | ၃၀၀၀၀၀ |
| FL8 | မြန်မာပြည်တွင်းရှိ ဗျစ်ရည်စက်ရုံ (Brewery) မှ ထုတ်လုပ်သော ဗျစ်ရည်များကို လက်ကား ရောင်းချခွင့်လိုင်စင် | - | ၂၀၀၀၀၀၀ |
| FL9 | မြန်မာပြည်တွင်းရှိ ဗျစ်ရည်စက်ရုံ (Brewery) မှ ထုတ်လုပ်သော ဗျစ်ရည်များကို ဆိုင်ဖွင့်၍ ဥပစာ အတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီ ရောင်းချခွင့်လိုင်စင် | - | ၈၀၀၀၀၀ |
| FL11 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို လက်ကားရောင်းချခွင့်လိုင်စင် | - | ၁၀၀၀၀၀၀ |
| FL-12 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ကုန်စုံဆိုင်တွင် လက်လီလက်ကား ရောင်းချခွင့်ရှိပြီး ဆိုင်ဥပစာအတွင်း သောက်သုံးခွင့် မရှိသည့် လိုင်စင် | - | ၅၀၀၀၀၀ |
| FL15 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဥပစာအတွင်း တည်းခိုသူများနှင့် ခရီးသွားသူများသောက်သုံးရန် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်းပိုင်ရှင် သို့မဟုတ် မန်နေဂျာက ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | - | ၁၅၀၀၀၀၀ |
| FL16 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ကလပ်ဥပစာအတွင်း သောက်သုံးရန် ကလပ်ပိုင်ရှင်က ဆိုင်ဖွင့်၍ လက်လီရောင်းချခွင့် လိုင်စင် | - | ၈၀၀၀၀၀ |
| FL17 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို ဟိုတယ်နှင့် နားနေခန်းဥပစာအတွင်း သောက်သုံးရန် ဟိုတယ်ပိုင်ရှင် သို့မဟုတ် ဟိုတယ် မန်နေဂျာက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့် | - | ၁၂၀၀၀၀၀ |

လိုင်စင်

| လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာ ဖော်ပြချက် | | ကောက်ခံမည့်နှုန်းထား (ကျပ်) |
|---|---|---|---|
| FL21 | နိုင်ငံခြားအရက်များ (Foreign Alcoholic Liquor) ကို သင်္ဘောဝန်ထမ်းများနှင့်ခရီးသည်များ သင်္ဘောပေါ်တွင် သောက်သုံးရန် သင်္ဘောမာလိန်မှူး သို့မဟုတ် ဘဏ္ဍာစိုးက ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | - | ၆၀၀၀၀၀ |
| FL23 | မူးယစ်စေတတ်သော ဆေးဝါးမဟုတ်သော အရက်ပြန် ရာခိုင်နှုန်း ၂၀ မှ ၄၅ အထိ ပါဝင်သည့် ဆေးဖက်ဝင်သော ဝိုင်နှင့်အလားတူဖျော်ရည်များကို ဆေးဆရာ သို့မဟုတ် ကုန်စုံဆိုင်ပိုင်ရှင်က ရောင်းချခွင့်လိုင်စင် | - | ၁၀၀၀၀ |
| FL24 | သန့်စင်ပြီးသော နိုင်ငံခြားအရက်ပြင်း (Rectified Foreign Spirit) ကို ဆေးဆရာများက ရောင်းချခွင့် လိုင်စင် | - | ၁၀၀၀၀ |
| FL2C | သန့်စင်ပြီးသော အရက်ပြန်များကို သိုလှောင်သိမ်းဆည်းထားနိုင်ရန်နှင့် တင်ချာ၊ အရက်ပြင်းနှင့်အခြားအရက်ပြန် ပါဝင်သည့် ဆေးဝါးများ ထုတ်လုပ်နိုင်ရန် ကုန်ပစ္စည်း သိုလှောင်ရုံ ဆောက်လုပ်ခွင့်လိုင်စင် | - | ၅၀၀၀၀ |
| FL2D | အရက်ပြန်ပါဝင်သည့် ဆေးဝါးများကို မြန်မာ့ဆေးဆရာများက ထုတ်လုပ်ခွင့်၊ ပိုင်ဆိုင်ခွင့်နှင့်ရောင်းချခွင့်လိုင်စင် | - | ၁၀၀၀၀ |
| Y1 | တဆေးများထုတ်လုပ်ခွင့်နှင့်ရောင်းချခွင့်လိုင်စင် | - | ၂၀၀၀၀၀ |
| Y2 | တဆေးများ ရောင်းချခွင့်လိုင်စင် | - | ၂၀၀၀၀၀ |
| D1A | နိုင်ငံခြားအရက်ပြင်း (Foreign Spirit) ထုတ်လုပ်ရန်၊ ပေါင်းစပ်ရန်၊ ရောနှောရန်၊ အရောင်ဆိုးရန်၊ အနံ့ထည့်ရန်နှင့်ပုလင်းသွတ်ရန်၊ အရက်ချက်စက်ရုံပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့်လိုင်စင်ရ ရောင်းချသူများကိုသာ လက်ကားရောင်းချခွင့် လိုင်စင် | - | ၂၀၀၀၀၀၀ |
| CS2A | ဖိုထွက်ချက်အရက်ကို စားသောက်ဆိုင် သို့မဟုတ် နားနေခန်းဥပစာအတွင်း သောက်သုံးရန်ကောင်တာ ဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | - | ၁၅၀၀၀၀ |
| CFL2A | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များကို စားသောက်ဆိုင် သို့မဟုတ် နားနေခန်းဥပစာအတွင်း သောက်သုံးရန် ကောင်တာဖွင့်၍ လက်လီရောင်းချခွင့်လိုင်စင် | - | ၅၀၀၀၀ |

(ခ) ပုဒ်မခွဲ (က) ပါ ယစ်မျိုးခွန်နှုန်းထားများကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်နိုင်သည်။

၅။ ဝန်ကြီး၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းသည့် ပြည်နယ်အုပ်ချုပ်ရေးမှူးက ကြီးကြပ်ပြီး သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့က အောက်တွင်ဖော်ပြထားသော ယစ်မျိုးလိုင်စင်အမျိုးအစားများကို လေလံတင်ရောင်းချရမည် -

**လေလံတင်ရောင်းချမည့် ယစ်မျိုးလိုင်စင်အမျိုးအစား**

| လိုင်စင်အမှတ် | လိုင်စင်အကြောင်းအရာဖော်ပြချက် |
|---|---|
| CFL-1 | ထန်းရည်၊ ဓနိရည်ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်းသောက်သုံးရန် သို့မဟုတ် |

ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင်

| **လိုင်စင်အမှတ်** | **လိုင်စင်အကြောင်းအရာဖော်ပြချက်** |
|---|---|
| CFL-2 | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များ (Country Fermented Liquor) ကို ထုတ်လုပ်ခွင့်နှင့် ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်း သောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် |
| CS-1 | မြန်မာပြည်အတွင်းရှိ အရက်စက်ရုံများမှထုတ်လုပ်သော ဖိုထွက်ချက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်းသောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် |
| CS-2 | အရက်ဖိုပိုင်ဆိုင်ခွင့်၊ ချက်လုပ်ခွင့်နှင့် ဖိုထွက်ချက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်းသောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် |
| CS-3 | မြန်မာပြည်အတွင်းရှိ အရက်ဖိုများမှ ထုတ်လုပ်သော ဖိုထွက်အရက် (Country Spirit) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်းသောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် |
| FL-10 | ဗျစ်ရည်ခေါ် (Ale.Stout.porter) ကို ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်းသောက်သုံးရန် သို့မဟုတ် ဥပစာပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် |
| CFL-2A | ထန်းရည်၊ ဓနိရည်မှအပ အခြားလျှော်စာရည်များ (Country Fermented Liquor) နှင့် ဖိုထွက်အရက် (Country Spirit) ကို ထုတ်လုပ်ခွင့်နှင့် ဆိုင်ဖွင့်၍ ဆိုင်ဥပစာအတွင်းသောက်သုံးရန် သို့မဟုတ် ဆိုင်၏ပြင်ပသို့ ယူဆောင်ရန် လက်လီရောင်းချခွင့်လိုင်စင် |

၆။ လုပ်ငန်းလိုင်စင်ရရှိသူသည် ယစ်မျိုးလုပ်ငန်းအမျိုးအစားအလိုက် လိုင်စင်ခများနှင့် လေလံကြေးငွေများကို အောက်ပါအတိုင်း ပေးဆောင်ရမည် -

(က) စည်းကြပ်သည့်ယစ်မျိုးခွန်သည် ကျပ်တစ်ဆယ်သိန်းအထိဖြစ်လျှင် လိုင်စင် သို့မဟုတ် လေလံခွင့်ပြုသည့်နေ့တွင် အပြေအကျေပေးဆောင်ရမည်။

(ခ) စည်းကြပ်သည့်ယစ်မျိုးခွန်သည် ကျပ်တစ်ဆယ်သိန်းအထက်ဖြစ်ပြီး ကျပ်နှစ်ဆယ်သိန်းအထိဖြစ်လျှင် လိုင်စင် သို့မဟုတ် လေလံခွင့်ပြုသည့်နေ့တွင် ငွေကျပ် တစ်ဆယ်သိန်းကိုလည်းကောင်း၊ ကျန်အခွန်ငွေကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ ပထမခြောက်လကုန်ဆုံးမည့်နေ့မတိုင်မီတွင်လည်းကောင်း အပြေအကျေပေးဆောင်ရမည်။

(ဂ) စည်းကြပ်သည့်ယစ်မျိုးခွန်သည် ကျပ်နှစ်ဆယ်သိန်းအထက်ဖြစ်လျှင် လိုင်စင် သို့မဟုတ် လေလံခွင့်ပြုသည့်နေ့တွင် စည်းကြပ်ခွန်၏ထက်ဝက်ကိုလည်းကောင်း၊ ကျန်အခွန်ငွေကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ ပထမခြောက်လကုန်ဆုံးသည့်နေ့မတိုင်မီတွင်လည်းကောင်း အပြေအကျေပေးဆောင်ရမည်။

## အခန်း (၄)
## အထွေထွေ

၇။ ဝန်ကြီး၏ကြီးကြပ်မှုဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ယစ်မျိုးခွန်စည်းကြပ်ကောက်ခံခြင်းကို တာဝန်ယူဆောင်ရွက်ရမည်။

၈။ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် ယစ်မျိုးခွန် စည်းကြပ်ကောက်ခံခြင်းနှင့်စပ်လျဉ်း၍ မိမိလက်အောက်ရှိ ခရိုင် သို့မဟုတ် မြို့နယ်အုပ်ချုပ်ရေးမှူးများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၉။ ဤဥပဒေအရ ယစ်မျိုးခွန်များ စည်းကြပ်ကောက်ခံရာတွင် -

(က) လုပ်ငန်းလိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော ယစ်မျိုးခွန်ကို ပေးသွင်းရန် ပျက်ကွက်လျှင်

ကော်လိတ္တော်အရာရှိသည် မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

(ခ) သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးမှူးများအား ကော်လိတ္တော်အရာရှိများအဖြစ် သတ်မှတ်သည်။

၁၀။ မြန်မာနိုင်ငံယစ်မျိုးဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်၊ အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်ပါက နည်းဥပဒေများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်ပါက လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်များကိုလည်းကောင်း၊ ပြည်နယ်အုပ်ချုပ်ရေးမှူးသည် လိုအပ်ပါက အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)

ဇော်မင်း၊
ပြည်နယ်ဝန်ကြီးချုပ်၊
ကရင်ပြည်နယ်အစိုးရအဖွဲ့။

## ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## ( ၂၀၁၃ ခုနှစ်၊ ကရင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၄။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက် )

စည်ပင်သာယာရေးအဖွဲ့များ၌ ကော်မတီများဖွဲ့စည်းရာတွင် တစ်ပြေးညီဖြစ်စေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူနှင့် ညီညွတ်မှုရှိစေရန် ကရင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့များဥပဒေတွင် -

(က) ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ ဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန် ကော်မတီကို အောက်ဖော်ပြပါ မြို့မိ၊ မြို့ဖ၊ အဖွဲ့အစည်း၊ ဌာနမှ ပုဂ္ဂိုလ်များပါဝင်သော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | မြို့မိမြို့ဖများမှ ရွေးချယ်ထားသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) | လူမှုရေး (သို့မဟုတ်) စီးပွားရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဂ) | သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင် ပညာအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဃ) | မြို့မိမြို့ဖများမှ ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (င) | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ | အဖွဲ့ဝင် |

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(စ) ဒုတိယဦးစီးမှူး၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန အဖွဲ့ဝင်

(ဆ) အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အတွင်းရေးမှူး"

(ခ) ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅။ ပုဒ်မ ၄ (က) (ဃ) ပါ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်ကို ရွေးချယ်ရာတွင် ကော်မတီတာဝန်ကို ထမ်းဆောင်ရန်ဆန္ဒရှိပြီး သက်ဆိုင်ရာ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အများ ကြည်ညိုလေးစားသော ဩဇာတိက္ကမရှိသည့် မြို့မိမြို့ဖများမှ အများသဘောဆန္ဒအရ ဖြစ်စေ၊ ဆန္ဒမဲပေးခြင်းဖြင့်ဖြစ်စေ ရွေးချယ်စေရမည်။"

(ဂ) ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆။ ပုဒ်မ ၄ (ခ) (ဂ) ပါ သက်ဆိုင်ရာ အဖွဲ့အစည်းမှ ကိုယ်စားလှယ်များသည် ကော်မတီ တာဝန်ထမ်းဆောင်ရန် ဆန္ဒရှိပြီး သက်ဆိုင်ရာအဖွဲ့အစည်းမှ ကြည်ညိုလေးစားသူအား အဖွဲ့ဝင်အဖြစ် ရွေးချယ်ခြင်းပြုစေရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)

ဇော်မင်း၊

ပြည်နယ်ဝန်ကြီးချုပ်၊

ကရင်ပြည်နယ်အစိုးရအဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဗဟိုသန်းခေါင်စာရင်းကော်မရှင်**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၈ ရက် )

**သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီ ဖွဲ့စည်းခြင်း**

အမှတ် ၁ ။ ။ ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းနှင့်ပတ်သက်၍ ပြည်သူလူထုအား သိရှိနိုင်စေရန်အတွက် သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည် -

(က) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

ပြန်ကြားရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ဂ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရုပ်ရှင်လုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဂီတအစည်းအရုံး | အဖွဲ့ဝင် |
| (ဇ) | ဥက္ကဋ္ဌ<br>မြန်မာ့ရုပ်ရှင်အစည်းအရုံး | အဖွဲ့ဝင် |
| (ဈ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး | အဖွဲ့ဝင် |
| (ည) | အမှုဆောင်အရာရှိချုပ် (CEO)<br>Forever Group Co., Ltd | အဖွဲ့ဝင် |
| (ဋ) | ဥက္ကဋ္ဌ<br>ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက် | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး (အသံလွှင့်)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး (ရုပ်မြင်)<br>မြန်မာ့အသံနှင့်ရုပ်မြင်သံကြား<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူး<br>သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်သူ့အင်အားဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | လက်ထောက်ညွှန်ကြားရေးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန

(ဒ) ဒုတိယညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
ပြည်သူ့အင်အားဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

အမိန့်အရ

ဝင်းမြင့်၊
အတွင်းရေးမှူး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဗဟိုသန်းခေါင်စာရင်းကော်မရှင်။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက် ( ၂၀၁၃ ခုနှစ်၊ မေလ ၂၄ ရက် ) | **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

**[ ယခင်အပတ်မှအဆက် ]**

**စစ်ရာထူးခန့်ချုပ်ရုံး**
**(ကြည်းတပ်ဌာနခွဲ)**
၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက် )

အမှတ် ၃၅/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အမှတ်စဉ် (၁၁၆) ဗိုလ်လောင်းသင်တန်းတွင် တက်ရောက်သင်ကြား အောင်မြင်ခဲ့ကြသော ဗိုလ်လောင်းများအား တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၇၅) | ငွေးနိုင် | ကြည်း | ၆၅၆၇၈ |
| (၇၆) | စိန်နိုင်ဝင်း | ကြည်း | ၆၅၆၇၉ |
| (၇၇) | ဇင်မြတ်အောင် | ကြည်း | ၆၅၆၈၀ |
| (၇၈) | မင်းသူအောင် | ကြည်း | ၆၅၆၈၁ |
| (၇၉) | နေဇေယျာဦး | ကြည်း | ၆၅၆၈၂ |
| (၈၀) | ဇင်မင်းသိန်း | ကြည်း | ၆၅၆၈၃ |
| (၈၁) | ကျော်သူဝင်း | ကြည်း | ၆၅၆၈၄ |
| (၈၂) | အာကာဟိန်း | ကြည်း | ၆၅၆၈၅ |
| (၈၃) | အာကာကျော်ကျော် | ကြည်း | ၆၅၆၈၆ |
| (၈၄) | မြတ်လင်း | ကြည်း | ၆၅၆၈၇ |
| (၈၅) | ပြည့်စုံဝင်း | ကြည်း | ၆၅၆၈၈ |
| (၈၆) | ဖြိုးနိုင်ထွန်း | ကြည်း | ၆၅၆၈၉ |
| (၈၇) | နန်းဦး | ကြည်း | ၆၅၆၉၀ |
| (၈၈) | ဇော်မောင်မောင် | ကြည်း | ၆၅၆၉၁ |

| | | | |
|---|---|---|---|
| (၈၉) | ကျော်အောင် | ကြည်း | ၆၅၆၉၂ |
| (၉၀) | မင်းသွေးခန့် | ကြည်း | ၆၅၆၉၃ |
| (၉၁) | ဝေလင်းအောင် | ကြည်း | ၆၅၆၉၄ |
| (၉၂) | မျိုးမြင့်အောင် | ကြည်း | ၆၅၆၉၅ |
| (၉၃) | ကျော်ထက်အောင် | ကြည်း | ၆၅၆၉၆ |
| (၉၄) | သိန်းထိုက် | ကြည်း | ၆၅၆၉၇ |
| (၉၅) | ကိုကိုအောင် | ကြည်း | ၆၅၆၉၈ |
| (၉၆) | အောင်မျိုးလွင် | ကြည်း | ၆၅၆၉၉ |
| (၉၇) | ကိုကို | ကြည်း | ၆၅၇၀၀ |
| (၉၈) | ကျော်ကျော်ထွန်း | ကြည်း | ၆၅၇၀၁ |
| (၉၉) | ချစ်ဝင်း | ကြည်း | ၆၅၇၀၂ |
| (၁၀၀) | တင်မျိုးအောင် | ကြည်း | ၆၅၇၀၃ |
| (၁၀၁) | ဇော်မျိုးနိုင် | ကြည်း | ၆၅၇၀၄ |
| (၁၀၂) | ဝေမင်းသူ | ကြည်း | ၆၅၇၀၅ |
| (၁၀၃) | ထွန်းလွင်ဦး | ကြည်း | ၆၅၇၀၆ |
| (၁၀၄) | နေဝင်းကျော် | ကြည်း | ၆၅၇၀၇ |
| (၁၀၅) | နေလင်းအောင် | ကြည်း | ၆၅၇၀၈ |
| (၁၀၆) | တင်နိုင်လတ် | ကြည်း | ၆၅၇၀၉ |
| (၁၀၇) | ကျော်သူ | ကြည်း | ၆၅၇၁၀ |
| (၁၀၈) | ကောင်းမြတ်ထက် | ကြည်း | ၆၅၇၁၁ |
| (၁၀၉) | နိုင်လျှံဦး | ကြည်း | ၆၅၇၁၂ |
| (၁၁၀) | စိုးမင်းဦး | ကြည်း | ၆၅၇၁၃ |
| (၁၁၁) | ဉာဏ်ဇော်ထိုက် | ကြည်း | ၆၅၇၁၄ |
| (၁၁၂) | သန့်ဇင်ဦး | ကြည်း | ၆၅၇၁၅ |
| (၁၁၃) | ရဲရင့်အောင် | ကြည်း | ၆၅၇၁၆ |
| (၁၁၄) | ဇော်ဇော်အောင် | ကြည်း | ၆၅၇၁၇ |
| (၁၁၅) | သက်ပိုင်ဟန် | ကြည်း | ၆၅၇၁၈ |
| (၁၁၆) | ထိန်ဝင်းအောင် | ကြည်း | ၆၅၇၁၉ |
| (၁၁၇) | မျိုးဝင်း | ကြည်း | ၆၅၇၂၀ |
| (၁၁၈) | နိုင်နိုင်ဦး | ကြည်း | ၆၅၇၂၁ |
| (၁၁၉) | နိုင်လင်းထွန်း | ကြည်း | ၆၅၇၂၂ |
| (၁၂၀) | သိန်းထိုက်ဝင်း | ကြည်း | ၆၅၇၂၃ |
| (၁၂၁) | မောင်မောင်တာ | ကြည်း | ၆၅၇၂၄ |
| (၁၂၂) | သန်းစိုးအောင် | ကြည်း | ၆၅၇၂၅ |
| (၁၂၃) | ဝေဖြိုး | ကြည်း | ၆၅၇၂၆ |
| (၁၂၄) | အောင်ကျော်ထိုက် | ကြည်း | ၆၅၇၂၇ |
| (၁၂၅) | ရဲလွင်ဦး | ကြည်း | ၆၅၇၂၈ |
| (၁၂၆) | ဟိန်းကိုကို | ကြည်း | ၆၅၇၂၉ |
| (၁၂၇) | အောင်အောင် | ကြည်း | ၆၅၇၃၀ |
| (၁၂၈) | သက်ထွန်းနောင် | ကြည်း | ၆၅၇၃၁ |
| (၁၂၉) | ဝင်းဇော်ဦး | ကြည်း | ၆၅၇၃၂ |
| (၁၃၀) | မောင်မောင်လွင် | ကြည်း | ၆၅၇၃၃ |
| (၁၃၁) | ရန်အောင် | ကြည်း | ၆၅၇၃၄ |

| | | | |
|---|---|---|---|
| (၁၃၂) | ကျော်ရာဇာစိုး | ကြည်း | ၆၅၇၃၅ |
| (၁၃၃) | ကျော်စွာထက် | ကြည်း | ၆၅၇၃၆ |
| (၁၃၄) | စိုးဝေဖြိုး | ကြည်း | ၆၅၇၃၇ |
| (၁၃၅) | ဌေးဝင်းအောင် | ကြည်း | ၆၅၇၃၈ |
| (၁၃၆) | စောကျော်မိုး | ကြည်း | ၆၅၇၃၉ |
| (၁၃၇) | မျိုးသက်တင် | ကြည်း | ၆၅၇၄၀ |
| (၁၃၈) | ဝင်းလွင်ဦး | ကြည်း | ၆၅၇၄၁ |
| (၁၃၉) | ဇင်မင်းထက် | ကြည်း | ၆၅၇၄၂ |
| (၁၄၀) | အောင်ကျော်ခိုင် | ကြည်း | ၆၅၇၄၃ |
| (၁၄၁) | စောခိုင်လင်း | ကြည်း | ၆၅၇၄၄ |
| (၁၄၂) | ဇော်ရဲအောင် | ကြည်း | ၆၅၇၄၅ |
| (၁၄၃) | သက်ဝင်း | ကြည်း | ၆၅၇၄၆ |
| (၁၄၄) | မင်းမင်းထိုက် | ကြည်း | ၆၅၇၄၇ |
| (၁၄၅) | အာကာဖြိုး | ကြည်း | ၆၅၇၄၈ |
| (၁၄၆) | ဝေယံအောင် | ကြည်း | ၆၅၇၄၉ |
| (၁၄၇) | ကျော်ဦး | ကြည်း | ၆၅၇၅၀ |
| (၁၄၈) | ချမ်းသာလွင် | ကြည်း | ၆၅၇၅၁ |
| (၁၄၉) | မိုးဝင်းထွန်း | ကြည်း | ၆၅၇၅၂ |
| (၁၅၀) | စိုင်းနိုင်ထွဋ် | ကြည်း | ၆၅၇၅၃ |
| (၁၅၁) | အာကာကျော် | ကြည်း | ၆၅၇၅၄ |
| (၁၅၂) | စွမ်းထက် | ကြည်း | ၆၅၇၅၅ |
| (၁၅၃) | မျိုးသန့်ဇော် | ကြည်း | ၆၅၇၅၆ |
| (၁၅၄) | သက်ဇော်လင်း | ကြည်း | ၆၅၇၅၇ |
| (၁၅၅) | ဖြိုးမင်းအောင် | ကြည်း | ၆၅၇၅၈ |
| (၁၅၆) | မြတ်မင်း | ကြည်း | ၆၅၇၅၉ |
| (၁၅၇) | နေလင်းကျော် | ကြည်း | ၆၅၇၆၀ |
| (၁၅၈) | ငွေတိုး | ကြည်း | ၆၅၇၆၁ |
| (၁၅၉) | လင်းကိုကို | ကြည်း | ၆၅၇၆၂ |
| (၁၆၀) | သန့်ဇင်ထွန်း | ကြည်း | ၆၅၇၆၃ |
| (၁၆၁) | အောင်မြတ်ဦး | ကြည်း | ၆၅၇၆၄ |
| (၁၆၂) | ဇင်ငြိမ်းထွန်း | ကြည်း | ၆၅၇၆၅ |
| (၁၆၃) | ခိုင်မင်းထွန်း | ကြည်း | ၆၅၇၆၆ |
| (၁၆၄) | သန့်ဇင်ဝင်း | ကြည်း | ၆၅၇၆၇ |
| (၁၆၅) | ထင်အောင်ကျော် | ကြည်း | ၆၅၇၆၈ |
| (၁၆၆) | ဟိန်းမင်းထွေး | ကြည်း | ၆၅၇၆၉ |
| (၁၆၇) | စောဝေဇင်အောင် | ကြည်း | ၆၅၇၇၀ |
| (၁၆၈) | အောင်ကိုမင်း | ကြည်း | ၆၅၇၇၁ |
| (၁၆၉) | စိုးဝေဦး | ကြည်း | ၆၅၇၇၂ |
| (၁၇၀) | မောင်မောင် | ကြည်း | ၆၅၇၇၃ |
| (၁၇၁) | မောင်မောင်သန့် | ကြည်း | ၆၅၇၇၄ |
| (၁၇၂) | ဖြိုးဝေနိုင် | ကြည်း | ၆၅၇၇၅ |
| (၁၇၃) | အောင်မြင့်ဇော် | ကြည်း | ၆၅၇၇၆ |
| (၁၇၄) | သန်းထွဋ်ဦး | ကြည်း | ၆၅၇၇၇ |

| | | | |
|---|---|---|---|
| (၁၇၅) | ထွန်းကိုကို | ကြည်း | ၆၅၇၇၈ |
| (၁၇၆) | ဇော်ဝင်းထွန်း | ကြည်း | ၆၅၇၇၉ |
| (၁၇၇) | နေလင်းအောင် | ကြည်း | ၆၅၇၈၀ |
| (၁၇၈) | ဇော်မင်းဦး | ကြည်း | ၆၅၇၈၁ |
| (၁၇၉) | ဉာဏ်ဝင်း | ကြည်း | ၆၅၇၈၂ |
| (၁၈၀) | စန်းလင်းနိုင် | ကြည်း | ၆၅၇၈၃ |
| (၁၈၁) | ကျဖူး | ကြည်း | ၆၅၇၈၄ |
| (၁၈၂) | မြင့်ဇော် | ကြည်း | ၆၅၇၈၅ |
| (၁၈၃) | သန်းဝင်း | ကြည်း | ၆၅၇၈၆ |
| (၁၈၄) | ခင်မောင်ကောင်း | ကြည်း | ၆၅၇၈၇ |
| (၁၈၅) | အောင်မျိုးမြင့် | ကြည်း | ၆၅၇၈၈ |
| (၁၈၆) | အောင်ပြေစိုး | ကြည်း | ၆၅၇၈၉ |
| (၁၈၇) | ဖြိုးကျော်ဇံ | ကြည်း | ၆၅၇၉၀ |
| (၁၈၈) | ပြည့်ဖြိုးအောင် | ကြည်း | ၆၅၇၉၁ |
| (၁၈၉) | မျိုးမင်းသူ | ကြည်း | ၆၅၇၉၂ |
| (၁၉၀) | ဝင်းမင်းထွေး | ကြည်း | ၆၅၇၉၃ |
| (၁၉၁) | ထက်လင်းစိုး | ကြည်း | ၆၅၇၉၄ |
| (၁၉၂) | အောင်ထွန်းလင်း | ကြည်း | ၆၅၇၉၅ |
| (၁၉၃) | သစ်ထူး | ကြည်း | ၆၅၇၉၆ |
| (၁၉၄) | လှိုင်းထက်စိုး | ကြည်း | ၆၅၇၉၇ |
| (၁၉၅) | ဇင်မင်းထွန်း | ကြည်း | ၆၅၇၉၈ |
| (၁၉၆) | ရဲကိုကိုဦး | ကြည်း | ၆၅၇၉၉ |
| (၁၉၇) | ဟန်မင်းအောင် | ကြည်း | ၆၅၈၀၀ |
| (၁၉၈) | သန့်ဇင်ဦး | ကြည်း | ၆၅၈၀၁ |
| (၁၉၉) | မိုးဝင်း | ကြည်း | ၆၅၈၀၂ |
| (၂၀၀) | နေလင်းသိန်း | ကြည်း | ၆၅၈၀၃ |
| (၂၀၁) | နန္ဒထိုက် | ကြည်း | ၆၅၈၀၄ |
| (၂၀၂) | စအောင်ဇော်ဦး | ကြည်း | ၆၅၈၀၅ |
| (၂၀၃) | အောင်မင်းမြတ် | ကြည်း | ၆၅၈၀၆ |
| (၂၀၄) | ရဲကျော်ထွန်း | ကြည်း | ၆၅၈၀၇ |
| (၂၀၅) | နေဝင်းလှိုင် | ကြည်း | ၆၅၈၀၈ |
| (၂၀၆) | ဝေလင်းအောင် | ကြည်း | ၆၅၈၀၉ |
| (၂၀၇) | ဟိန်းမြတ်စိုး | ကြည်း | ၆၅၈၁၀ |
| (၂၀၈) | မျိုးမင်းမြတ် | ကြည်း | ၆၅၈၁၁ |
| (၂၀၉) | မိုးဇော်ထွန်း | ကြည်း | ၆၅၈၁၂ |
| (၂၁၀) | ရဲလွင်ထွန်း | ကြည်း | ၆၅၈၁၃ |
| (၂၁၁) | မျိုးဝင်းကျော် | ကြည်း | ၆၅၈၁၄ |
| (၂၁၂) | ရဲနိုင်ထွန်း | ကြည်း | ၆၅၈၁၅ |
| (၂၁၃) | မျိုးဟန်ဝင်း | ကြည်း | ၆၅၈၁၆ |
| (၂၁၄) | ဇေယျာစိုး | ကြည်း | ၆၅၈၁၇ |
| (၂၁၅) | ငြိမ်းချမ်း | ကြည်း | ၆၅၈၁၈ |
| (၂၁၆) | ဟိဏ်းထွဋ်အောင် | ကြည်း | ၆၅၈၁၉ |
| (၂၁၇) | ထက်နိုင်မြင့်စိုး | ကြည်း | ၆၅၈၂၀ |

| | | | |
|---|---|---|---|
| (၂၁၈) | ဇေယျာထွန်း | ကြည်း | ၆၅၈၂၁ |
| (၂၁၉) | ရဲဖြိုးအောင် | ကြည်း | ၆၅၈၂၂ |
| (၂၂၀) | လူအောင် | ကြည်း | ၆၅၈၂၃ |
| (၂၂၁) | ပြည့်ဖြိုးအောင် | ကြည်း | ၆၅၈၂၄ |
| (၂၂၂) | မြင့်မြတ်ကျော် | ကြည်း | ၆၅၈၂၅ |
| (၂၂၃) | ဇော်မျိုးလွင် | ကြည်း | ၆၅၈၂၆ |
| (၂၂၄) | စောထွန်းငြိမ်း | ကြည်း | ၆၅၈၂၇ |
| (၂၂၅) | စိုးဝင်းသန်း | ကြည်း | ၆၅၈၂၈ |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၈ ရက် )

အမှတ် ၃၆/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | သန့်ဇင် | ကြည်း | ၆၅၈၂၉ |
| (၂) | လှဝင်း | ကြည်း | ၆၅၈၃၀ |
| (၃) | နီငွေး | ကြည်း | ၆၅၈၃၁ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် )

အမှတ် ၂၉ ။ ။ အောက်ဖော်ပြပါ စာရင်းစစ်မှူးများအား မိမိတို့၏အမည်နှင့်ယှဉ်တွဲဖော်ပြထားသည့် စာရင်းစစ်ချုပ်ရုံး/မြို့နယ်စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်ရက်မှစ၍ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရရှိသည့် စာရင်းစစ်အရာရှိ/မြို့နယ်စာရင်းစစ်အရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်အပ်သည့်ရုံး |
|---|---|---|---|
| ၁။ | ဦးမြင့်ထွန်း (၄၂၅၆) | ရန်ကုန်တိုင်းဒေသကြီး | မံစီ |
| ၂။ | ဒေါ်ရီရီခိုင် (၄၂၇၉) | အောင်လံ | ဖရူဆို |

| စဉ် | အမည် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်အပ်သည့်ရုံး |
|---|---|---|---|
| ၃။ | ဦးသန်းထွန်း (၄၅၆၂) | ရွှေဘိုခရိုင် | မင်းကင်း |
| ၄။ | ဒေါ်ခင်စောဦး (၃၃၉၀) | ရန်ကုန်တိုင်းဒေသကြီး | ကျောက်တော် |
| ၅။ | ဒေါ်မေသန်းနွယ် (၃၃၁၈) | ချမ်းမြသာစည် | မိုင်းရယ် |
| ၆။ | ဒေါ်စိုးစိုးမြင့် (၅၆၉၂) | ကျောက်မဲ | နမ္မတူ |
| ၇။ | ဒေါ်တင်တင်အေး (၄၀၃၅) | ပဲခူးတိုင်းဒေသကြီး | မိုင်းဖြတ် |
| ၈။ | ဦးမင်းဝေ (၅၀၀၀) | ဝိုင်းမော် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၉။ | ဒေါ်သန်းသန်းဝေ (၅၁၃၃) | ပွင့်ဖြူ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၀။ | ဒေါ်ခင်စန်းလင်း (၅၆၁၃) | ရန်ကုန်တိုင်းဒေသကြီး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၁။ | ဒေါ်သန်းသန်းဝင်း (၅၁၄၇) | ကောလင်း | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၂။ | ဒေါ်မြတင် (၅၁၁၀) | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၃။ | ဒေါ်နီနီ (၃၁၄၃) | တောင်ငူခရိုင် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၄။ | ဦးအောင်မြင့် (၄၄၄၁) | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၅။ | ဦးသန်းဦး (၄၆၆၆) | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၆။ | ဒေါ်ခင်ပြုံးရီ (၅၅၄၀) | ရေကြည် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၇။ | ဒေါ်မော်မော်အောင် (၃၅၆၅) | ရန်ကုန်တိုင်းဒေသကြီး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၈။ | ဒေါ်စန်းရင်မြိုင် (၅၄၇၂) | ပဲခူးတိုင်းဒေသကြီး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၁၉။ | ဒေါ်သန်းသန်းရီ (၃၇၃၂) | ရေနံချောင်း | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၂၀။ | ဒေါ်ရီရီစန်း (၄၁၆၄) | မန္တလေးတိုင်းဒေသကြီး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၂၁။ | ဦးတင်လှိုင် (၄၅၃၅) | ခန္တီးခရိုင် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၂၂။ | ဒေါ်ဌေးဌေးဝင်း (၅၄၉၅) | ရန်ကုန်တိုင်းဒေသကြီး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၂၃။ | ဒေါ်တင်အေး (၄၀၂၉) | မော်လမြိုင်ကျွန်း | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၂၄။ | ဦးဝင်းနိုင် (၄၆၅၉) | အိမ်မဲ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၂၅။ | ဒေါ်ဖြူသန့်ဇင် (၅၀၀၈) | ရခိုင်ပြည်နယ် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၂၆။ | ဒေါ်မြင့်ဌေး (၅၁၈၉) | အင်္ဂပူ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၂၇။ | ဒေါ်စန်းစန်းမြင့် (၅၄၆၁) | ပျော်ဘွယ် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၂၈။ | ဒေါ်ဌေးရီ (၄၅၃၂) | နေပြည်တော်စာရင်းစစ်ရုံး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၂၉။ | ဒေါ်ခင်လှမူ (၄၂၁၃) | မန္တလေးတိုင်းဒေသကြီး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၃၀။ | ဦးမြင့်အောင် (၄၆၇၇) | ရွှေကူ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၃၁။ | ဒေါ်မြသန်းတင် (၅၄၃၉) | မန္တလေးတိုင်းဒေသကြီး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၃၂။ | ဒေါ်ခင်စန်းယု (၅၅၅၇) | မန္တလေးတိုင်းဒေသကြီး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၃၃။ | ဒေါ်ခင်အိမူ (၃၆၃၅) | မကွေးခရိုင် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၃၄။ | ဒေါ်မြင့်လေးမေ (၄၅၉၈) | အင်းစိန် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၃၅။ | ဒေါ်ခင်လေးမြင့် (၃၂၉၉) | ဘားအံခရိုင် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၃၆။ | ဒေါ်သက်သက်မာ (၈၃၄၉) | ရန်ကုန်တိုင်းဒေသကြီး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

ခင်စန်းဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၅ ရက် ( ၂၀၁၃ ခုနှစ်၊ မေလ ၂၄ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၄

**ASIA BUSINESS STAR COMPANY LIMITED**

ဖျက်သိမ်းရန် ကြေညာချက်

၁။ **ASIA BUSINESS STAR COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၁-၅-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၁၈၁/၁၈၃၊ အခန်းအမှတ်-၃၀၃၊ ၄-လွှာ၊ ၃၄-လမ်း (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ချိုချိုမြင့် B.Com (Q)., C.P.A., Dip in Business Law (စာရင်းစစ်)၊ ၈/ခမန (နိုင်) ၀၀၆၅၇၆ အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးထွန်းဝင်း
မန်နေးဂျင်းဒါရိုက်တာ
ASIA BUSINESS STAR COMPANY LIMITED

ဒေါ်ချိုချိုမြင့်
စာရင်းစစ်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## SIX ONE TWO MINING COMPANY LIMITED

ဖျက်သိမ်းရန် ကြေညာချက်

၁။ **SIX ONE TWO MINING COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၁-၅-၂၀၁၃) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ ပထမထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ ဦးချန္ဒရာ [B.Sc., H.G.P., M.A (Business Law)] (အထက်တန်းရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးသက်ဇင် | ဦးချန္ဒရာ |
| မန်နေးဂျင်းဒါရိုက်တာ | အထက်တန်းရှေ့နေ |
| SIX ONE TWO MINING COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## MYANMA HIGHLIGHTS TRAVELS & TOURS CO., LTD

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-င အရ ဖျက်သိမ်းဆဲ **MYANMA HIGHLIGHTS TRAVELS & TOURS CO., LTD** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | (၂၄-၆-၂၀၁၃) |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၁၁း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၂၄-၅-၂၀၁၃။